# ဝဋ္ဋမှထွက်လမ်း – ဓာတ်ကမ္မဋ္ဌာန်း

ငရဲ၊တိရိစ္ဆာန်၊ပြိတ္တာ၊အသုရကောယ်၊အပါယ်ဒုက္ခ၊
ဟူသမျှတို့၏။မူလအမြစ်ကြီးဖြစ်ပေသော
သက္ကာယဒိဋ္ဌိ
ဘေးရန်ကြီးကို။တားဆီးတွန်းလှန်နိုင်ကြစေခြင်းငှာ။
ရွာထောင်မြို့ဇာဘိ၊ပဝတ္တိအခါ

# ဖြဝတီဆရာတော်ဘုရား။

သည်။ထုတ်ဘော်ညွှန်ပြတော်မူအပ်သော

# ဝဋ္ဋမှထွက်လမ်း။ဇာတ်ကမ္မဋ္ဌာန်း။

ကျမ်း

ဒုတိယရိုက်နှိပ်ခြင်း။စာအုပ်ရေ — ၃၀၀၀။
စာအုပ်ရှင်-ကော-နာဂမိချာ-အင်ဆန်း၊
ရန်ကုန်မြို့။သိမ်ကြီးဈေးသစ်။ဒိုင်။
ဆိုင်နံပါတ်-၅၄-၅၅။

ရန်ကုန်မြို့
ကျုံးကြီးလမ်း။တိုက်နံပါတ်-၈၇၊
မြန်မာပြည်စာပုံနှိပ်အလုပ်သားများအသင်းပုံနှိပ်တိုက်။

ကမ္ဘာ့ဒုက္ခတက္ကသိုလ်
စာကြည့်တိုက်

အဘိုး-၂-ကျပ်။

# နိဒါန်း။

မဟာသုဂတ။ တုမရသဖြင့်။ လူ့ဘသင်းကျစ်။ ဝံ့ရာဇ်ခေါင်ဆုံ။ နေတနွန်းဖြင့်။ ဇွှာဘုန်းတော်ကြီးလှသည့်။ ဇိနထွဋ်ထား။ ဘုရားသုံးလူ။ သယမ္ဘူ။ ကိုယ်တော်မြတ်သည်။ တလျှပ်လျှပ်ရောင်စုံညီးပေသည့်။ ဇွှာတောင်ကြီးဥပမာဖြင့်။ ဝါလေးဆယ်ငါး။ ရှည့်လျားသမယ။ ကာလပတ်လုံး။ တွက်ကျုံး များစွာ။ သတ္တဝါဟူ။ ဟိန္ဒုဂူတို့ကို။ နိဗ္ဗုတ်ခတ်။ ဘေးမဲ့ရပ်သို့။ ကူးခပ်ပို့ဆောင်တော်မူမည့်ဟုရည်သန်ပိုက်ကျုံး။ နှုံးသုံးပြုတော်မူပြီးခါ။ သတ္တဝါအစုတ်တို့၏။ လောကုတ်လောကီ။ ၂ လီအကျိုး။ ပွားတိုးခိုင်ဖြိုး။ ကြီးမားရင့်သန်။ တိုးတက်ရန်ကို။ ရှာကြံဆည်းပူး။ အထူးအားထုတ်တော်မူပေလျှက်။ ဇိဝိန္ဒြေ။ ပြတ်ကြွေချုပ်ငြိမ်းလျက်။ ဇာတ်သိမ်းတော်မမူခင်။ ဝိညာဉ်တော်တရား။ ထင်ရှားတည်ရှိတော်မူစဉ်အခါက။ ဒိဏ္ဏာသဝ၊ ဝိနယဓရ။ ပေါက်ပြကျော်ထင်။ အရှင်ဥပါလိ။ အရှင်ဒါသကမထေရ်မြတ်တို့မှဆင်းသက်ပြန့်ပွားလာကြသည့်၊ သိဿာနုသိဿ။ အာစရိယပရမ္ပရ။ ဝံသန္တယ်လာဖြင့်။ သာသနာတော်မြတ်ကို။ မပြတ်ရွက်ဆောင်၍လာကြသောအာစရိယ၊ ဝံသန္တယ်ဝင်။ အရညဝါသီ။ လင်္ကာပေသလဂဏာဝိမုတ် အမိန့်တော်ရ "စန္ဒိမာ လင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ သလုံးတောရဆရာတော်။ ၎င်းဆရာတော်တပည့် "အရိယာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု""အရိယဝံသာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု"ဟူသောဘွဲ့တံဆိပ်တော် ၂ ထပ်ဖြင့်။ ဘုရင်မင်းမြတ်တို့၏ဆက်ကပ်လှူဒါန်းခြင်း ကိုခံရသော၊ အာလန်ရွာတောင်၊ ဆင်ပေါင်ဝဲမြို့များ၌အလှည့်အလည်အားဖြင့် သီတင်းသုံးတော်မူပြီးခါ၊ သာသနာတော်မြတ်၏ဝန်ကြီး ၂ ပါးကို။ အားထုတ် ရွက်ဆောင်တော်မူဘူးသောကုသိနာရုံဆရာတော်၊ ၎င်းဆရာတော်တပည့်"ဇမ္ဗူဒီပ"အမည်ရသောရွာထောင်မြို့ သိမ်းကုန်းဂိုဏ်းထောက်ဆရာတော်၊ ၎င်းဆရာတော်တပည့်ရွာထောင်မြို့လျှင်ဘွားရာဇာတိရှိသော"အဂ္ဂဝံသ" ဟူသောအမည်ဖြင့်။ ဘွဲ့ချီးသတ်မှတ်။ ဆရာ

# နိဒါန်း။

မြတ်တို့ပညတ်မှဉ့်ခေါ်အပ်သောအမည်ရှိသော အသျှင်သူမြတ်သည်လူတို့ဝေါဟာ၊ဂေါဇာသင်္ကြာရာဇ် ၁၂၈၆-ခုနှစ်တွင်။ အာလန်မြို့ကိုအမှီပြုလျက် "မြဝတီ" ဟုဘွဲ့ချီသတ်မှတ်။ ရှင်လူအများတို့ သမုတ်သပ်သော အသစ်ဖြစ်သော ကျောင်းတိုက်ကိုတည်ထောင်တော်မူလျက်။ခုရ ၂-ပါးကို။ ပွားများအားယုတ်နေထိုင်သည်ကိုအစွဲပြုလျက်၊ ဌာနဖြစ်သောကျောင်းတိုက်အမည်ကိုဌာနီဖြစ်သော ခန္ဓပဉ္စကခြုပ်၍တင်၍၊ ယခုအခါများစွာသောလူရှင်ရဟန်းတို့က "မြဝတီကိုယ်တော်" ဟုခေါ်ဝေါ်ပညတ်၊ သမုတ်ကြလေသတည်း။ ။ယင်းသို့ မြဝတီ ကိုယ်တော်ဟုခေါ်ဝေါ်ပညတ်သမုတ်အပ်သော "မောဟာတိမိရ နာသနီကျမ်း။" "မာတာ ပိတု ဂုဏာဝိကာ သိနီကျမ်း" "ဇရာ ဇရ ပိဏ္ဍော ဒနီကျမ်း။" "သံမုဋ္ဌတ္ထ ဝိနာသိနီကျမ်း။" "သာမုဒ္ဒိက မေဒိနီကျမ်း။" "ဓမ္မကထိကနယဒီပနီကျမ်း။" "ဒိဋ္ဌိသတ်ခဏ်း။ဓာတ်ကမ္မဋ္ဌာန်းကျမ်း။" "နိဗ္ဗာန်ပေါက်လမ်း။ ဓာတ်ကမ္မဋ္ဌာန်းကျမ်း"၊ "သံသရာဖြတ်ခဏ်း။ ဓာတ်ကမ္မဋ္ဌာန်းကျမ်း" "သက္ကာယဒိဋ္ဌိ ဝိနောဒနီ "အမည်ရှိသောမြဝတီဝတ်ရွက်စဉ်" စသောကျမ်းဂန်များကိုကြိုးပမ်းတည်တွင်။ စီရင်ရေးသားတော်မူသော ငါတို့ကျေးဇူးသခင်။အသျှင်သူမြတ်သည်။ များစွာသောမြို့ရွာခရိုင်တို့နှိုက်နေကြသူ။ ရှင်လူအပေါင်းတို့ တောင်းပန် လျှောက်ထားချက်အရ၊ကြွသွားဟောညွှန်တော်မူလျက်။ သက္ကာယဒိဋ္ဌိဘေးရန်ကြီးကို တားဆီးပယ်သတ်ရန် နည်းလမ်းအစဉ်များကိုဟောကြားဆုံးမတော်မူသောဓမ္မကထာ။ မြိုက်ရသာကို ကောင်းစွာကြားနာကြရကုန်သောသရက်မြို့၊အာလန်၊ရွာထောင်။ဟင်္သာတဓနုဖြူ။ညောင်တုံး။ပန်းတနော်။မအူပင်။ကျိုက်လပ်။ဖျာပုံ။ဒေးဒရဲရန်ကုန်။ မော်လမြိုင် စသောမြို့ရွာတို့နှိုက် သံသရာဝဋ်စက်မှ။ လွတ်ထွက်ရာအမှန်၊ နိဗ္ဗာန်ရောက်ကြောင်း တရား ကောင်းလမ်းမှန်ကို၊ရှာကြံကြိုးကုတ်။ အားထုတ်နေထိုင်ကြသည့် သပ္ပုရိသ၊ကလျာဏဂိုဏ်းဝင်၊ရှင်လူအပေါင်း။ သူတော်ကောင်းတို့

# နိဒါန်း။

ကာ၊ သက္ကာယဒိဋ္ဌိဘေးကြီးကို၊ တားဆီးပယ်သတ် နိုင်ကြစေခြင်းငှါ "ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကျမ်း" တချပြုစုစီရင်၍ ကယ်မပေးသနားပါမည့်အကြောင်းနှင့် တောင်းပန်လျှောက်ထားကြသည်ကိုအကြောင်းပြု၍၊သက္ကရာဇ် ၁၂၇၀-ခု၊နှစ်တွင်၊ ။ မအူပင်မြို့၊ ရုံးအရာရှိအပေါင်းတို့တောင်းပန်ပင့်လျှောက်ထားချက်အရ၊ခေတ္တသီတင်းဝါကပ်ဆိုနေထိုင်တော်မူစဉ် ငါတို့ကျေးဇူးသခင်မြဝတီအသျှင်သူမြတ်သည်သတ္တဝါခပင်းတို့အား၊ ညှဉ်းဆဲနှိပ်စက်တတ်စွာသည့်၊ အပါယဒုက္ခအိုးတို့၏၊မျိုးစေ့ (ပင်မ)ကြီးဖြစ်ပေသည့် သက္ကာယဒိဋ္ဌိ ဘေးရန်ကြီးကို၊ တားဆီးပယ်သတ်နိုင်ကြရန် ရည်သန်ရိုးရင်းနှလုံးသွင်းတော်မူလျက် "ဝဋ်မှထွက်ခဏ်းခတ်ကမ္မဋ္ဌာန်း"ကျမ်းကိုကြိုးပမ်းအားထုတ်၊ပြုလုပ်တည်တွင်၊ စီရင်ရေးသား၊ သနားကယ်မတော်မူလေသတည်း။

ယင်းသို့ကျေးဇူးသခင်၊ စီရင်ရေးသား သနားကယ်မတော်မူသော"ဝဋ်မှထွက်ခဏ်း၊ခတ်ကမ္မဋ္ဌာန်း"ကျမ်းကို၊ ဒါယကပါမြို့ရွာရှိဒါယကာ၊ဒါယိကာမအပေါင်းတို့က၊ကောင်းစွာတိုက်တွန်းချက်အရ၊ ရန်ကုန်မြို့၊စဉ့်အိုးတန်း၊အောက်လမ်း၊ ကျွန်ုပ်တို့၊ဇေယျာဝတီစာပုံနှိပ်တိုက်က၊ သိုက်မြိုက်သေချာကောင်းစွာပုံနှိပ်လုပ်ဆောင်ပါသည်၊ သက္ကာယ ဒိဋ္ဌိဘေးရန်ကြီးကို တားဆီးတွန်းလှန်လျက်၊ မဂ်ဉာဏ်ကို အလိုရှိကြသော၊ သပ္ပုရိသ၊ ကလျာဏအပေါင်း၊သူတော်ကောင်းတို့သည်၊ ကောင်းစွာဆောင်ရွက်၊ လေ့ကြက်သင်ကြားပွားများရွတ်ဘတ်လျက်၊ မပြတ်မလပ်အားထုတ်ကြိုးစားကြပါစေကုန်သတည်း။

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ။

(က) အားပေးတိုက်တွန်းချက်ဥယျာဉ်ခတ်း။

၁။ မြတ်သုံးရတနာ၊ ဝိနေ္တယျာ၊ ကောင်းစွာဦးညွှတ်ခါ၊

၂။ ဝဋ်မှထွက်လို၊ များလူဗိုလ်၊ ကြည်ညိုတောင်းပန်ထွာ၊

၃။ ဝဋ်မှထွက်လမ်း၊ ခတ်ကမ္ဘာန်း၊ ကြိုးပမ်းအားထုတ်
ဌါ။

၄၊ ဝဋ်လွှတ်လိုသူ၊ များရှင်လူ၊ ကြည်ဖြူအားသစ်ပါ။

၅။ သဒ္ဓါစစ်စစ်၊ လူ့အဖြစ်နှင့်၊ ရှင်ချစ်ဘုရား၊ တရား
သင်္ဃမ္မ၊ ပဗ္ဗဇ္ဇာ၊ အရခက်လှပါ၊

၆။ ဝေဘူတောင်မြတ်၊ ပမာကပ်၊ စောထွင့်သာသနာ။

၇။ သာသနာဟူ၊ တောင်ဝေဘူ၊ ယူပါစိန်ကျောက်သာ။

၈။ တောင်ကြီးဝေဘူ၊ ရောက်သည့်သူ၊ တူလှတို့သူငါ။

၉။ ဇောတိရသ၊ ပြည့်တန်မြ၊ အရကောက်ယူပါ၊

၁၀။ အသိုးမပြောက်၊ မီးခတ်ကျောက်၊ မကောက်မိစေရာ၊

၁၁။ ဇောတိရသ၊ ပြည့်တန်မြ၊ အရခက်လှပါ။

၁၂။ မီးခတ်ကျောက်ကား၊ ဘိုးမများ၊ အလကားရနိုင်ပါ၊

၁၃။ လူ့ပြည့်'နတ်ရပ်၊ ကျောက်မီးခတ်၊ မှတ်ကြဥပမာ၊

၁၄။ မဂ်'ဖိုလ်'နိဗ္ဗာန်၊ မြပြည့်တန်၊ မှတ်ရန်ဥပမာ။

၁၅။ ဃခရကြ၊ လူ့ဘဝ၊ ဘဝပဒေသာ၊

၁၆။ ပဒေသာဘဝ၊ ရခိုက်က၊ ယူကြမြရတနာ၊

၁၇။ ရင်မှာလှံစူး၊ မီးရှူးဦးသျှောင်၊ ဟူးဟူးလောင်၊ ဘုန်းခေါင်
မိန့်ခဲ့မှာ၊

# ဝင့်မှထွက်လမ်း၊ခေတ်ကမ္မဋ္ဌာန်း။

၁၈။ ဒိဋ္ဌိဘေးကြီး။အရေးကြီး။ဓေါထီးဥပမာ။
၁၉။ ဒိဋ္ဌိတရား။ဆိုသည့်ကား၊ကြီးမားအပြစ်မှာ။
၂၀။ ဘုရားပွင့်မှ။သက္ကာယ။သိကြတို့သူငါ။
၂၁။ ဘုရားသုံးလူ။မပွင့်မူ။မည်သူမသိရှာ။
၂၂။ ဘုရားကိုထား၊သူတပါး။ဗိတ်ကားမတတ်ရှာ။
၂၃။ မြေလျှိုးမိုးပျံ၊ ဈာန်အဘိညာဏ်ထက်၊ သူတို့လျှက်၊ သက်
သက်မသိရှာ။
၂၄။ ခန္ဓာ,အာယတန,ပဋိစ္စခေတ်, ပရမတ်၊ တတ်အောင်ခဲ
ကြိတ်ပါ။
၂၅။ ဒိဋ္ဌိရန်ကြီး၊ပယ်နည်းကိုမှ၊မတတ်က၊ အန္ဓခေါ်သည်သာ။
၂၆။ ကလျာဏအမည်ရ၊တတ်ကြသူတို့မှာ။
၂၇။ ငါငါထင်သမျှ၊သက္ကာယ။သို့မှခွာနိုင်ရာ။
၂၈။ ယင်းသက္ကာယ။ခွာနိုင်မှ၊ရကြထောက်တည်ရာ။
၂၉။ အန္ဓနယ်တွင်း။မလွတ်ကင်း၊ ရှုံးခြင်းကြီးလှပါ။
၃၀။ ဒိဋ္ဌိခွာရန်။မရည်သန်ကြ၊ အန္ဓအများ။မြတ်ဘုရား၊ တွေ့
ကားမဆိုရာ။
၃၁။ စေ့စေ့သေချာ၊ တွေးကြည့်ပါက၊သူငါကစ၊ ဆိုသမျှ၊
လုံ့လပြုထိုက်စွာ။
၃၂။ အမှန်တရား၊သိသူများ၊လွန်အားတက်ဘို့သာ။

---

## (ခ) သမထ,ဝိပဿနာ-၂-ပါးထူးခြားဟန်ကိုပြခန်း။

၁။ သမထ,ဝိပဿ်။ဤ၂ရပ်။မှတ်ကြဘာဝနာ။
၂။ သမထ,ဝိပဿနာ။ထို၂ဖြာ၊တူတာမဟုတ်ပါ။
၃။ သမထဘာဝနာ။ဆိုသည်မှာ။ငြိမ်ရာကပ်ရပါ။
၄။ ပလိဗောဓ။ဆယ်ကြောင်းကြ။ဖြတ်ရသေးသည်သာ။
၅။ နေရာအပြစ်၊တဆယ့်ရှစ်။စင်စစ်ကင်းစေရာ။
၆။ အင်္ဂါငါး၊ဝ၊ပြည့်စုံမှ။ဟန်ကြထိုနေရာ။

# ဝဋ်မှထွက်လမ်း။ဓာတ်ကမ္မဋ္ဌာန်း။

၇။ ငြိမ်ရာဋ္ဌာန။မကပ်ဘဲ။စိတ်ကစွဲ၊အမြဲမဖြစ်ပါ။
၈။ လေးဆယ်သမထ၊အကုန်ပြ။ကြည့်ကြသဖို့ဟ်မှာ။
၉။ သမထတရား။ဆိုသည်ကား။ရပြားဈာန်ကိုသာ။
၁၀။ ခြောက်,ရှစ်နီဝရဏ။ခွာနိုင်မှ။ရကြဈာန်ဆိုတာ။
၁၁။ ကာမဂုဏ်ငါး။တွေ့ကြုံငြား။ ပျက်ပြားတတ်သည့်သာ။
၁၂၊ မပျက်ပါမှ။နှစ်ဘာ။ရကြထောက်တည်ရာ။
၁၃။ အပါယဘေး။ မလွတ်သေး။ တွေးလေ့ ဉာဏ်နှင့်သာ။
၁၄။ ဝိပဿနာ။ဉာဏ်ဆိုတာ။လွန်စွာမခက်ပါ။
၁၅။ အိမ်ထောင်ကိစ္စ။မပယ်ချဘဲ။စိတ်ကစွဲ။ အမြဲလုပ်ရပါ။
၁၆။ ၂ပါးနီဝရဏ။ပယ်နိုင်က။ရကြမဂ်သောတာ။
၁၇။ အပါယဘေး။ရှင်းရှင်းဝေး။တွေးလေ့ဉာဏ်နှင့်သာ။
၁၈။ ကာမဂုဏ်ငါး။ခံစံစား။ပျက်ပြားမရှိပါ။
၁၉။ ဝိသာခါနှင့်၊ သက္ကာသိကြား။ ထိုသူများ၊ ဉာဏ်အား ထင်စေပါ။
၂၀။ ဝိပဿနာလောက်။ကျိုးမရောက်။ကျမ်းထောက်ပြနိုင်ပါ၊
၂၁။ ဒိဋ္ဌိကပ်ကွာ။နေသောခါ။သောတာပန္နသာ။
၂၂။ သောတာပန္န။ဖြစ်လေက။မကျအပါယ်ရွာ။

## (၈) မဂ် ၄ ပါးသတ္တိသိရုံမျှပြခဏ်း။

၁။ ကိလေသာပယ်သတ်၊တရားမြတ်၊ရအပ်မဂ်နာမံ။
၂။ ယင်းမဂ်တရား၊သရုပ်ကြား၊ ၄ ပါးရှိကဲ့ပြန်။
၃။ မဂ်ဆိုသည်ကား၊အစဉ်အား၊ရပြားသူ့ထုံးစံ။
၄။ ခုန်ကျော်၍ပ၊တက်မရ၊စိတ်ကစွဲမြဲသန်။
၅။ ဒိဋ္ဌိ,ဝိစိ၊ပယ်နိုင်ဘိ၊ဖြစ်၏သောတာပန်။
၆။ ကာမရာဂ၊ဗျာပါဒ၊ပါးက-သကဒါဂါမ်။
၇။ ကာမ,ဗျာပါ၊အကုန်ကွာ၊မှတ်ပါအနာဂါမ်။

## ဝဋ်မှထွက်လမ်း။ခေတ်ကမ္ဘာသနိ။

၈။ ခပ်သိမ်းကိလေသ၊အကုန်ကြွေ၊ဖြစ်လေအရဟန်။
၉။ သက်သတ်ခိုးမှု၊ ကာမေသုနှင့်၊ မုသား မိစ္ဆာကင်းပြတ်
ကွာ၊မှတ်ပါသောတာပန်။
၁၀။ သကဒါဂါမ်၊ပယ်သတ်ရန်၊ကျမ်းဂန်မပြညွှန်။
၁၁။ ဗိသုဖရသ၊ဗျာပါဒ ပြတ်ကအနာဂါမ်။
၁၂။ သမ္မပ်၊ဘိဇ္ဈာကုန်သောခါ၊မှတ်ပါအရဟန်။

---

## (ဃ) သံသရာချွဲသူ။ရန်သူကိုရှာ၍သတ်ပုံများကို ညွှန်ကြားပြဆိုခဏ်း။

၁။ တဏှာ,ဒိဋ္ဌိ၊မာနတြိ၊သိလေ့ပပဥ္စာ။
၂။ သံသရာရဟတ်၊ချွဲထွင်တတ်၊ရဇာပ်သူ့သညာ။
၃။ ဒိဋ္ဌိက ငါ၊ငါ့ဥစ္စာ၊တဏှာစွဲချက်မှာ။
၄။ ငါသာလျှင်တဘ်။ငါသာမြတ်။မှတ်လေ့မာနသာ။
၅။ သံသရာကိုးတို့စေလို သူ့ကိုသတ်ကြပါ။
၆။ သူ့ကိုမဖြတ်။ယမ်း၍သတ်။မပြတ်သံသရာ။
၇။ ဒိဋ္ဌိပြတ်လွှင့်၊မဂ်၂ဆင့်။အသင့်ရသည်သာ။
၈။ တဏှာကင်းကွာ။ထိုသူမှာ။မှတ်ပါရဟန္တာ။
၉။ မာနတရား၊ဆိုသည်ကား၊သီးခြားမသတ်ရာ။
၁၀။ တဏှာဟင်းကွာ။မာနဟာ။ပါကာသွားသည်သာ။
၁၁။ ဒိဋ္ဌိတဏှာ။သတ်သူမှာ၊မှတ်ပါဥပမာ။
၁၂။ သဘော်ပင်နှင့်။ပေပင်တသီး၊စိုက်သူနည်း။ အပြီးတူလှ
ပါ။
၁၃။ ထိုကြောင့်ပင်လျှင်၊ဤကျမ်းတွင်။အစဉ်တက်မည်သာ။
၁၄။ လွယ်လွယ်ကူကူ။မင်လိုသူ။ကြည့်ရှုအားသစ်ပါ။
၁၅။ ဒိဋ္ဌိပျောက်ကွာ၊ဝိစိဟာ။ပါခါသွားသည်သာ။
၁၆။ ဒိဋ္ဌိသတ်ချက်၊နည်းအမြွက်၊ဆက်ပြတော့မည်သာ။
၁၇။ နာနာကြပ်ကြပ်၊သတိချပ်၊မှတ်ကြသေအချာ။

## (င) ရှပ်,နာမ်၂ရပ်၊ခေတ်တို့၏သဘောကိုပြလျက် မင်္ဂရအောင်ဝိပဿနာရှုနည်းကိုပြခဏ်း။

၁။ ဖြစ်,တည်,ချုပ်ပြတ်၊၍သုံးရပ်၊ စိတ်ခေတ်အသက်မှာ။

၂။ ၁၇ချက်၊စိတ်ခေတ်သက်၊ရုပ်သက်တခုသာ။

၃။ လျှပ်တပြက်တွင်၊ချုပ်ပျက်ကုန်လေ စိတ်ခေတ်တွေ့ကု ဋေတသိန်းသာ။

၄။ ဖြစ်,ပျက်နှစ်ဝ၊မြင်နိုင်က၊အနိစ္စအစစ်သာ။

၅။ ဥဒယဗ္ဗယ၊ခေါ်ဆိုကြ ရအပ်သူ့သညာ။

၆။ ဒိဋ္ဌိသက္ကာ၊ရန်သူဟာ၊ကွာခါနီး၍လာ။

၇။ ထင်လာတုံက၊ အနိစ္စနှင့်၊ အနတ္တတိုင်၊ ကပ်ရှုနိုင်မှ သက္ကာယ၊မချကွာမည်သာ။

၈။ ခေတ်ကိုလှလှ၊ရှုနိုင်မှ၊အနတ္တအစစ်သာ။

၉။ အနတ္တစစ်၊ထင်တုံလစ်၊စင်စစ်ဒိဋ္ဌိကွာ၊

---

## (စ) ခေတ်တို့၏သဘောကိုပြခဏ်း၊

၁၊ တိမ်တိုက်၂ရပ်၊ စည် လက်ခတ်၊ မိုးခတ်ကျောက်သို့ သာ၊

၂။ စောင်းကြိုး,စောင်းတန်၊ မီးမှန်,နေပူ၊ မှန်နှင့်လူ၊ မှတ်ယူ ဥပမာ။

၃။ လျှပ်စစ်,စည်သံ။မိုး,စောင်းသံ၊မှန်၌အရိပ်ဟာ၊

၄။ အကြောင်း၂ဖြာ၊ပေါင်းမိခါ။ဘာသာဖြစ်၍လာ။

၅၊ ဝိညာဉ်အသက်၊မရှိလျက်၊သက်သက်ဖြစ်ပေါ်လာ။

၆။ မည်သူတို့မှ၊တားမရ၊မှတ်ကြခေတ်ဆိုတာ။

၇။ ခေတ်ဆိုသမျှ၊သူ့ဘာဝ၊ဖြစ်ကြလေသည်သာ၊

၈။ ဗဟိဒ္ဓ,အဇ္ဈတ်၊ခေတ်၂ရပ်။မှတ်ကြအတူသာ။

(ဆ) ခေတ်-၆-ပါးခေတ် ၄၈-ပါးနှင့်ဝိပဿနာ
နည်းကိုပြခြင်း။

၁။ ပြော့မှု,မာမှု၊ဤနှစ်ခု၊ရူလော့ပထဝီခေတ်။
၂။ ဖွဲ့ခြင်း၊ယိုခြင်း။ဤနှစ်သင်း၊လင်းလော့အာပေါခေတ်။
၃။ အအေး၊အပူ၊နှစ်ခုမူ၊မှတ်ယူတေဇောခေတ်။
၄။ ထောက်ကန်လှုပ်ရှား ဤနှစ်ပါး၊မှတ်သားဝါယော
ခေတ်။
၅။ ပေါက်ထွင်းရှိသမျှ၊အာကာသ၊မုချကိန်းသေမှတ်။
၆။ ကြံသိသမျှ ဝိညာဏ မှတ်ကြခေတ်ခြောက်ရပ်။

ပရမတ်ခေတ် ၆-ပါးခွဲခြင်းပြီး၏။

---

၇။ ပညတ်,ပရမတ်၊ရော၍စပ်၊မှတ်ကြအောက်တိုင်းသာ။
၈။ ဆံပင်ကစ၊ဦးနှောက်ကျ၊ပထဝီသာ။
၉။ ပိတ္တံအာဒိ၊မုတ္တံထိ။ဒွါဒိအာပေါသာ။

ယောကျ်ားများအတွက်။

၁၀။ ဖျားသောအပူ၊ဒုလာပူနှင့်၊ရင့်စေကျက်စေ၊ဤလေး
တွေ၊မှတ်လေတေဇောသာ။

မိန်းမများအတွက်။

၁၀။ ဖျားသောအပူ၊မီးယပ်ပူနှင့်၊ရင့်စေ,ကျက်စေ၊ဤလေး၂
တွေ၊မှတ်လေတေဇောသာ။
၁၁။ ဆန့်,စုန့်,အရုဝမ်း၊ကိုယ်လုံးဖျန်းနှင့်၊တခန်းထွက်ဝင်၊
ခြောက်ပါးလျှင်၊မှတ်ချင်ဝါယောသာ။
၁၂။ ၎င်းလေးရပ်၊ပေါင်းတုံလတ်၊ချုပ်ခေတ်လေးဆယ့်နှစ်၊
၁၃။ ဝိညာဉ်ခြောက်ပါး၊ရောတုံငြား၊ ခေတ်ကားလေးဆယ့်
ရှစ်။

၁၄။ ဒိဋ္ဌိသက္ကာ၊ရန်သူဟာ၊နာမ်မှာကပ်တုံလစ်၊
၁၅။ ရုပ်ခေါတ်ခွ်သာ၊တဏှာဟာ၊နာနာငြိတုံလစ်။
၁၆။ ဒိဋ္ဌိကိုသာ၊ခွါသူဘာ၊နာမ်မှာကြွီးအားသစ်၊
၁၇။ အဏှာ,ဒိဋ္ဌိ,ခွါလို ဘိ၊သိလေ့လေးဆဲ့ရှစ်၊
၁၈။ ငါဆိုဇိဝ၊မိတ်မရ၊ဘာဝတတ်တိုင်းဖြစ်။
၁၉။ ခေါတ်ကိုမိမိ၊မြင်အောင်ကြည့်၊ဒိဋ္ဌိကွာမည်ဖြစ်၊
၂၀။ သဘော်ခရီး၊ဘော့လုံးကြီး၊အပြီးကြည့်မြော်လစ်။
၂၁။ မီးသဘော်ကြီး၊ သွားသည့်နည်း၊မှီးလေ့နည်းအသစ်။
၂၂။ ဤနည်းကိုပ၊သဘောကျ၊ရှုဠ္ဌသောတာဖြစ်။
၂၃။ သမ္ဘသန၊ရင့်လာက၊မချပြတ်မည်ဖြစ်။
၂၄။ မဂ်ဖိုလ်တရား၊လိုသူများ၊ကြိုးစားလေတုံလစ်၊

## (ဓ) ခန္ဓာငါးပါးနှင့်ဝိပဿနာရှုနည်းကိုပြခဏ်း။

၁။ ရူပ,ဝေဒနာ,သညာ,သင်္ခါရ,ဝိညာဏ၊မှတ်ကြငါးခန္ဓာ၊
၂။ ဖေါက်ပြန်တတ်ငြား၊ရုပ်တရား၊များလှနှစ်,ရှစ်သာ၊
၃။ ဝေဒနာတရား၊ခံစံစား၊ငါးရသရုပ်မှာ။
၄၊ ဝိညာဉ်ခြောက်သွယ်၊မြှောက်ပွားချယ်၊သုံးဆယ်ဝေဒနာ။
၅။ မှတ်တတ်သည့်ကား၊သညာထား၊ခြောက်ပါးသရုပ်မှာ၊
၆။ ကောင်း,ဆိုးနှစ်ရပ်၊ပြုပြင်တတ်၊မှတ်ကြသင်္ခါရာ၊
၇။ သင်္ခါရကား၊သရုပ်ကြွား၊များလှငါးဆယ်သာ၊
၈။ ကြံသိသမျှ၊ဝိညာဏ၊မှတ်ကြငါးခန္ဓာ၊
၉။ ရုကိုမူကား၊ရုပ်တရား၊လေးပါးနာမ်ခန္ဓာ။
၁၀။ ရှုကိုရုပ်ခေါတ်၊ကျန်လေးရပ်၊မှတ်ကြနာမ်ခေါတ်သာ၊
၁၁၊ ရေမြှုပ်ပမာ၊ရုပ်ခန္ဓာ၊ဝေဒနာရေပွက်သာ၊
၁၂၊ တံလျှပ်သညာ၊သင်္ခါရာ၊မှတ်ပါငှက်ပျောသာ၊

၁၃။ စိတ်ဝိညာဏ၊မျက်လှည့်ပြ။ဗုဒ္ဓဥပမာ။
၁၄။ ကြောင်း,ကျိုးနှစ်ဝ၊ဖြစ်လာကြ။ပဋိစ္စခေတ်သာ။
၁၅။ သဘော်ခရီး၊ဘော့သုံးကြိုး။အပြိုးကြည့်မြော်ပါ။
၁၆။ နာရီ,သဘော်။နှစ်ခုရော၊သဘောကျစေကွာ။
၁၇။ ငါဆိုဇီဝ၊ဗိတ်မရ၊မချမှတ်လေပါ။
၁၈။ ခေတ်ကိုဒိဋ္ဌိ။မြင်အောင်ကြည့်။ဒိဋ္ဌိကွာမည်သာ။
၁၉။ ဤနည်းကိုပ၊သဘောကျ။ရုဋ္ဌသောတာသာ။
၂၀။ သမ္မာသန၊ရင့်လာက။မချပြတ်မည်သာ။
၂၁။ မဂ်ဖိုလ်တရား၊လိုသူများ။ကြိုးစားကြလေပါ။

(ဈ) သတိပဋ္ဌာန်နှင့်ခန္ဓာကိုရောစပ်ချက်။ဝိပဿနာ
ရှုနည်းကိုအကျဉ်းချုပ်၍ပြခန်း။

၁။ လေးသတိပဋ္ဌာန်၊ငါးရပ်ခန်း။စပ်ဟန်ဤသို့ပြ။
၂။ ကာယာနုပဿာ။ရုပ်ခန္ဓာ။ရုပါအသုဘ၊
၃။ ဝေနှစ်ခုမှာ၊အနိစ္စာ။ရုပါအနတ္တ။
၄။ သုံးတိုင်ဒုက္ခ ရှုနိုင်မှ။မှတ်ကြအရဟတ္တ။
၅။ သည်,သင်နှစ်ခု၊ဓမ္မာနု။ရှုလော့အနတ္တ။
၆။ စိတ်နှင့်ဝိညာ။နှစ်ခုမှာ။ရုပါအနိစ္စ။
၇။ တဏှာ,ဒိဋ္ဌိ၊ကွာလိုဘိ၊ကြည့်၍ရှုကုန်ကြ။
၈။ ကျမ်းကိုမချင့်၊ယမ်း၍ကျင့်၊အခွင့်မရောက်ငှာ။
၉။ ကျမ်းနှင့်တပြေး၊ထုတ်၍ပေး၊စိတ်တွေးမလုပ်ရ။
၁၀။ ဤနည်းကိုမူ၊သုံးသည့်သူ၊လွယ်ကူရမည်ပ။
၁၁။ သမ္မော၊ဝိသုဒ္ဓိ၊ကျမ်းကိုထုတ်၊အဟုတ်ကြည့်လေကြ။

(ည) အာယတန ၁၂-ပါးနှင့်ဝိပဿနာ
ရှုနည်းကိုပြခန်း။

၁။ သံသရာရဟာဘ်၊ညှပ်တွင်တဘ်။မှတ်ကြအာယတန။

၂။ စက်,သော,ဃာ,ဇိ,၊ကာ,မနိ,။ခြောက်လီအဇ္ဈတ္တ။
၃။ ရူ,သဒ်,ဂန်ရုံ,။ဖောဋ္ဌဗ္ဗ,ဓမ္မံ။ခြောက်တန်ဗာဟိရ။
၄။ ရွာပျက်ပုံထား၊တွင်းခြောက်ပါး။ပြင်ကားတပ်ဓားမြ။
၅။ ဒွန္ဒ,တဏှာဟု။ခွါနည်းမူ။ခေတ်တူမှတ်လေကြ။

## (၄) ခေတ် ၁၈-ပါးနှင့်ဝိပဿနာရှုနည်း ကိုပြခဏ်း။

၁။ စက်,သော,ကာ,ဇိ၊ကာ,မနိ။ခြောက်လီအခံခေတ်။
၂။ ရူ,သဒ်,ဂန်ရုံ။ဖောဋ္ဌဗ္ဗ,ဓမ္မံ။ခြောက်တန်အတိုက်ခေတ်။
၃။ မြင်,ကြား,နံ,လျက်၊တွေ့,သိ,ဖက်။ခြောက်ချက်အခုပေါ် ခေတ်။
၄။ အကြောင်း ၂-ဖြာ၊ပေါင်းမိခါ၊ဘာသာဖြစ်တုံလတ်။
၅။ ငါဆိုဇီဝ၊ဇိတ်မရ၊ခေတ်ကဆယ့်ရှစ်ရပ်။
၆။ စက်,ရူ, ၂-ခု၊ပေါင်းဆုံပြု၊စက္ခု၊အမြင်ပေါ်။
၇။ သောတ,သဒ္ဒ၊ပေါင်းမိက၊သောတအကြားပေါ်။
၈။ ဃာန,ဂန္ဓ၊ပေါင်းမိက၊ဃာနအနံ့ပေါ်။
၉။ ဇိဝှါ,ရသ၊ပေါင်းမိက၊လျှာကအလျက်ပေါ်။
၁၀။ ဖောဋ္ဌဗ်,ကာယ၊ပေါင်းမိက၊ကာယအတွေ့ပေါ်။
၁၁။ ဓမ္မ,မနော၊ပေါင်း၍ရော၊မနောအသိပေါ်။
၁၂။ ကြောင်းကျိုးနှစ်ဝ၊ဖြစ်လာကြ၊ပဋိစ္စခေါ်။
၁၃။ သဘောခရီး။ဘောလုံးကြီး၊အပြီးကြည့်၍မြော်။
၁၄။ နာရီသဘော၊ ၂-ခုရော၊သဘောကျစေနော်။
၁၅။ ငါဆိုဇီဝ၊ဇိတ်မရ၊မုချမှတ်လေနော်။
၁၆။ ခေတ်ကိုမိမိ၊မြင်အောင်ကြည့်။ဒိဋ္ဌိကွာမည်နော်။
၁၇။ ဤနည်းကိုပ၊သဘောကျ၊ရှု၍သောတာခေါ်။
၁၈။ သမ္မသန၊ရင့်လာက၊မုချပြတ်မည်နော်။
၁၉။ မဂ်ဖိုလ်တရား။လိုသူများ။ကြိုးစားကြလေနော်။

## (၅) ပဋိစ္စသမုပ္ပါဒ်ခေတ်နှင့်ဝိပဿနာ ရှုနည်းကိုပြခဏ်း။

၁။ အဝိဇ္ဇာခေတ်။ရိုက်ဝဲတတ်၊ရအပ်မောဟာသာ။
၂။ သင်္ခါရခေတ်၊ပြုပြင်တတ်၊ရအပ်ကု,ကုသာ။
၃။ ဘဝနှစ်ရပ်။ခေတ်နှင့်စပ်၊မှတ်ကြဝိညာဉ်သာ။
၄။ နာမ်ခေတ်,ရုပ်ခေတ်၊နှစ်ခုစပ်၊ရအပ်ကမ္ဘာ။
၅။ စက်,သော,ဃာ,ဇိ,၊ကာ,မနီ။ခြောက်လီအာယတနာ။
၆။ ဝိညာဉ်ခြောက်ဝ၊ယှဉ်တုံက၊ဖဿခေတ်ခြောက်ဖြာ။
၇။ ဝေဒနာခေတ်၊ခြောက်ပါးမှတ်၊ဖဿခေတ်ဆက်ခါ။
၈။ ဒု,သု,ဥပေက်၊မြှောက်ပွားလစ်၊ဆယ့်ရှစ်ဝေဒနာ။
၉။ ခြောက်ဖြာအာရုံ၊ကပ်ငြိတုံ၊ခြောက်ရုံခေတ်တဏှာ။
၁၀။ ဥပါဒါန်ခေတ်၊စွဲလမ်းတတ်၊လေးရပ်သူ့သချာ။
၁၁။ ကာမ,ဒိဋ္ဌိ,သီလဗ္ဗတ၊ အတ္တဒိဋ္ဌိ၊ စွဲလမ်းငြိ၊ သိလော့ လေးသချာ။
၁၂။ ဖြစ်တတ်,ဖြစ်အပ်၊သူ့သကတ်၊မှတ်ကြဘဝသာ။
၁၃။ ကမ္မ,ဥပ။နှစ်ခုပြ၊ဘဝခေတ်သချာ။
၁၄။ ကမ္မဘဝ၊ကု,ကုပြ၊ဥပရုပ်နာမ်သာ။
၁၅။ ဘဝခေတ်ကား၊အကျယ်အား ကိုးပါးကျမ်း၌လာ။
၁၆။ ဖြစ်,ရင့်,ပျက်တည့်၊အစဉ်သိ၊ဇာတိ,ဇရာ,မရဏာ။
၁၇။ စိုးရိမ်၊ ငြည်ငို၊ ကိုယ်,စိတ်ဆင်းရဲ၊ လွန်ပူကဲ ခွဲလော့ ခေတ်ငါးဖြာ။
၁၈။ ကြောင်း,ကျိုးနှစ်ဝ၊ဖြစ်လာကြ၊ပဋိစ္စခေတ်သာ။
၁၉။ သဘော်ခရီး၊ဘော့လုံးကြီး။အပြီးကြည့်မြော်ပါ။
၂၀။ နာရီ,သဘော်၊၂ခရော၊သဘောကျစေကွာ။
၂၁။ ငါးဆိုဇိဝ၊မိတ်မရ၊မုချမှတ်လေပါ။
၂၂။ ခေတ်ကိုမိမိ၊မြင်အောင်ကြည့်၊ဒိဋ္ဌိကွာမည်သာ။
၂၃။ ဤနည်းကိုပ၊သဘောကျ။ရှု၍သောတာသာ။

၂၄။ သမ္ဗာသနု၊ရင့်လာကာ၊မချုပြတ်မည်သာ၊
၂၅။ မဂ်ဖိုလ်တရား၊လိုသူများ၊ကြိုးစားကြလေပါ။

---

## (ခ) ပရမတ်တရားတို့ကိုအကျဉ်းချုပ်လျက်နာမ်ရုပ် ၂ ပါးနှင့်ဝိပဿနာရှုနည်းကိုပြခဏ်း။

၁၊ ရေးသားပြဆို၊တရားကို၊အတိုချုပ်မည်ဖြစ်။
၂။ နာမ်ရုပ် ၂ ရပ်၊အဆုံးသတ်၊မှတ်ကြလေတဲ့လစ်။
၃။ ခိုင်းတတ်,လုပ်တတ်၊၍ ၂ ရပ်၊မှတ်ကြနာမ်ရုပ်နှစ်။
၄။ မြင်တတ်,မမြင်တတ်၊၍ ၂ ရပ် မှတ်ကြနာမ်ရုပ်နှစ်။
၅။ ကြားတတ်,မကြားတတ်။၍ ၂ ရပ်၊ မှတ်ကြ နာမ်ရုပ်နှစ်။
၆။ နံတတ်, မနံတတ်။၍ ၂ ရပ်။မှတ်ကြနာမ်ရုပ်နှစ်၊
၇။ စားတတ်,မစားတတ်၊၍ ၂ ရပ်၊မှတ်ကြနာမ်ရုပ်နှစ်။
၈။ တွေ့တတ်,မတွေ့တတ်၊၍ ၂ ရပ်၊မှတ်ကြနာမ်အစစ်။
၉။ ကြံတတ်,သိတတ် ဥာဏ်ဖြင့်ဖြတ်၊မှတ်ကြနာမ်ရုပ်နှစ်။
၁၀။ င၊ဆိုဒိဝ၊မိတ်မရ၊ဘာဝတတ်တိုင်းဖြစ်။
၁၁။ အကြောင်းမချုပ်၊တလှုပ်လှုပ်၊နာမ်ရုပ်ထုံးစံဖြစ်။
၁၂။ မီးသဘော်ကြီး၊သွားသည်နည်း၊အပြီးမှတ်တဲ့လစ်။
၁၃။ ရုပ်နာမ်တဲ့တဲ့၊မြင်အောင်ကြည့်၊ဒိဋ္ဌိကွာမည်ဖြစ်။
၁၄။ ၍နည်းကိုပ၊သဘောကျ၊ရှုဋ္ဌသောတာဖြစ်။
၁၅။ သမ္ဗာသနု၊ရင့်လာကာ၊မချုပြတ်မည်ဖြစ်။
၁၆။ မဂ်,ဖိုလ်တရား၊လိုသူများ၊ကြိုးစားလေတဲ့လစ်။

---

## (ဂ) မဂ် ၄ ပါးသတ္တိနှင့်အရိယာပုဂ္ဂိုလ်တို့အလားကိုပြဆိုခဏ်း။

၁။ ဒိဋ္ဌိသက္ကာ။ကွာသူမှာ၊မဟာသောတာစစ်။

၂။ မဟာသောတာ။ဖြစ်သူမှာ။ပါယ်ရွာဗိတ်မဖြစ်။
၃။ လူ့ပြည်နတ်ရွာ၊စုန်,ဆန်ကာ။ချမ်းသာအသစ်သစ်။
၄။ အပါယ်ကင်းလို။တောင်းဆုဆို၊လူ့ဗိုလ်ကြီးအားသစ်။
၅။ ကာ,ဗျာ ၂ ပါး၊လွန်ခေါင်းပါး။မှတ်သားသကာဒါစစ်။
၆။ ကာမဘုံမှာ၊တကြိမ်သာ။လာရန်ရှိသည်ဖြစ်။
၇။ ကာ,ဗျာ ၂ ရပ်။အကျန်ပြတ်၊မှတ်ကြနာဂါမ်စစ်။
၈။ လူ့ပြည်·နတ်ရပ်။ကာမခေတ်။နောက်ထပ်လာမဖြစ်။
၉။ ငါးတန်သုဒ္ဓါ၊ဗြဟ္မာ့ရွာ။လားရန်တလမ်းဖြစ်။
၁၀။ လုံးဝုံကိလေ။အကျန်ကြွေ။ဖြစ်လေရဟန္တာ။
၁၁။ ဝဋ်မြစ် ၂ ရပ်။အကျန်ပြတ်၊နောက်ထပ်မဖြစ်လာ။
၁၂။ ဒုက္ခခမ်းသိမ်း။ကင်းလွတ်ငြိမ်း။ ဇာတ်သိမ်းတော့သည်
သာ။

---

## (ဏ) နိဂုံးကိုပြဆိုခဏ်း။

၁။ တစ်,နှစ်,သုံး,ရှစ်။သက္ကရာဇ်၊ဘွားလစ်ကျမ်းဆရာ။
၂။ မြတ်နွယ်အဆွ၊ပါဠိအရ၊မှတ်ကြဘွဲ့မည်သာ။
၃။ ရွာထောင်ဇာတိ၊ဘွားရာရှိ။ပက္ကိအာလန်မှာ။
၄။ ကျောင်းမြဝတီ၊ဘွဲ့ထူးချီ၊ရှင်ပညာတ်သာ။
၅။ အာလန်မြဝတီ။ကျောင်းကိုမှီ၊ရေးစီဤကဗျာ။
၆။ ဝဋ်မှထွက်လမ်း၊ခေတ်ကမ္ဘဋ္ဌာန်း၊ ထူးဆန်းမည်သညာ။
၇။ ဇ,ဗို့,သတ်,သုဉ်၊လနယုန်၊ပြီးတုံဤကျမ်းစာ။
၈။ မဟာ,ဗုဒ္ဓ,။သောတာ ၂ ထွေ။ဖြစ်ကြစေ၊ ကေန်အား
ထုတ်ပါ။
၉။ ကောင်း,ဆိုး ၂ တန်။သိလိုပြန်၊ဖန်ဖန်ကြည့်ရှုပါ။
၁၀။ ကောင်း,ဆိုး ၂ ပြာ။ဆိုသည်မှာ။သာမန်မသိပါ၊
၁၁။ ကြိမ်ဖန်မလပ်။အထပ်ထပ်။ကြည့်တတ်သူမှာသာ။
၁၂။ နားမလည်ဘိ၊ဖန်ဖန်ကြည့်၊သိလိမ့်အမှန်သာ။

## (တ) ကျမ်းဆရာ၏အာသီသကိုပြခြင်း။

၁၊ ဝိပဿနာ။ဤစာရေးရ၊ကုသလကြောင့်။မမနာမ်ရုပ်။ အာ
မြန်ချုပ်။ပြုတ်စေသံသရာ။
၂။ မယာကတာ။ ကုသလကို။ များလှဝေနေ။ရကြစေ။ပေး
ဝေအမျှသာ။
၃။ များသတ္တဝါ၊ ဝေနေယျာလည်း။ ရောဂါခပင်း။ လွတ်
လွတ်ရှင်း။ငြိမ်းခြင်းရောက်စေပါ။
၄။ စိုးရိမ်ကြောင့်ကြ။ ဗျာပါရလည်း၊ ကင်းကြစေလို၊ ဆု
ပန်လို။လူ့ဗိုလ်သတ္တဝါ။
၅။ ကောင်းကြီးဟူသမျှ၊ ပြည့်စုံကြလျက်။ သတ္တာယရန်။
ပယ်သတ်ဟန်၊ဉာဏ်မြင်လင်းစေပါ။
၆၊ ဒိဋ္ဌိသတ်နည်း။တရားကြီးလည်း။ညီးညီးထိန်ဝါ။ မှောင်
ကိုခွာ။မြန်စွာလင်းစေပါ။
၇။ မြန်စွာထွန်းပ။ သတ္တာယကို။ ပယ်ကြပြီးခါ။ရိယာဇာတ်
တွင်း။ရောက်တုံ လျှင်း။လင်းစေသာသနာ။

ဝန်မှထွက်လမ်း။ခေတ်ကမ္ဘာ့ဓာန်း-သံဝိပ်လက်ာပြီး၏။

ဤဓာတ်ကမ္မဋ္ဌာန်းလင်္ကာကဗျာတို့ကို အခန်း (၁၄) ခုတို့ဖြင့်ပိုင်းခြားလျက် ရေးသားစီရင်ရာ (က) (ခ) (ဂ) (ဃ) (င) (စ) (ဋ) (ဍ) အခန်းတို့ဖြင့်တန်းဆာဆင်ရင်လျက်ဓာတ် ၁၈-ပါး။နာမ်ရုပ်နှစ်ပါးတို့နှင့် ဒိဋ္ဌိတဏှာကွာအောင် ဝိပဿနာရှုနည်းများကို အကျယ်ရေးပြလျက် (ဒိဋ္ဌိသတ်ခန်း၊ ဓာတ်ကမ္မဋ္ဌာန်း)အမည်နှင့်တကျမ်း၊ (ဂ) (ဃ (င)(ဆ)(ဋ)(ဍ) အခန်းတို့ဖြင့်တန်းဆာဆင်လျက်ဓာတ် ၆ ပါး။ ဓာတ် ၄၈-ပါး နာမ်ရုပ်နှစ်ပါးတို့နှင့် ဒိဋ္ဌိတဏှာကွာအောင် ဝိပဿနာရှုနည်းများကို အကျယ်ရေးပြလျက် (နိဗ္ဗာန်ပေါက်လမ်း၊ ဓာတ်ကမ္မဋ္ဌာန်း)အမည်နှင့်တကျမ်း။ (က) ဃ)(င)(ဇ)(ဈ)(ည)(ဎ) အခန်းတို့ဖြင့် တန်းဆာဆင်လျက် ခန္ဓာငါးပါး အာယတန-၁၂ ပါး။ နာမ်ရုပ်နှစ်ပါးတို့နှင့် ဒိဋ္ဌိတဏှာကွာအောင် ဝိပဿနာရှုနည်းများကို အကျယ်ရေးပြလျက် ( ဝဋ်မှထွက်လမ်း၊ ဓာတ်ကမ္မဋ္ဌာန်း)အမည်နှင့်တကျမ်း။ (ခ) (ဃ)(င (ဈ) ဋ)(ဍ)(ဎ) အခန်းတို့ဖြင့် တန်းဆာဆင်လျက်။ ပဋိစ္စသမုပ္ပါဒ်ဓာတ်အမျိုးမျိုးနာမ်ရုပ်နှစ်ပါးတို့နှင့်ဒိဋ္ဌိတဏှာကွာအောင် ဝိပဿနာရှုနည်းများကို အကျယ်ရေးပြလျက် (သံသရာဖြတ်ခန်း၊ ဓာတ်ကမ္မဋ္ဌာန်း) အမည်နှင့်တကျမ်းစီထားလျက် ရေးသားစီရင်ခြင်းကို ပြုသည့်အတွက်သဏ္ဍာယဒိဋ္ဌိဟူသော ဘေးဆိုး ရန်ဆိုးကြီးကို ပယ်ချိုးတွန်းလှန်လျက် မဂ်ဉာဏ်ကို လိုလားကြသော အမျိုးကောင်းသမီးသားတို့သည်။ ဤကျမ်းစာလေးခုကိုကြည့်လျက် မိမိတို့နှစ်သက်သော ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများကြကုန်ရာသတည်း။ ။

☞ ဤ၌ညွှန်ပြသောဒိဋ္ဌိသတ်ခန်းဓာတ်ကမ္မဋ္ဌာန်းသည်။ ရှေးပုံနှိပ်ဘူးသည့် ဓာတ်ကမ္မဋ္ဌာန်း၌ ထူးဆန်းသစ်လွင်သော စကားများကို သွင်းထည့်လျက် ဒုတိယပြင်ချက် ကမ္မဋ္ဌာန်းဖြစ်သည်။

## (က) ။အားပေးတိုက်တွန်းချက်ဥယျောဇဉ်ခဏ်း။

၁။ မြတ်သုံးရတနာ။ဗိန္ဒေယျာ။ကောင်းစွာဦးညွှတ်ခါ။
၂။ ဝဋ်မှထွက်လို။များလူမိုက်၊ကြည့်ညှိုတောင်းပန်ထွာ။
၃။ဝဋ်မှထွက်လမ်း။ဓါတ်ကမ္မဋ္ဌာန်း။ကြိုးပမ်းအားထုတ်
ငါ၊
၄။ ဝဋ်လွတ်လိုသူ။များရှင်လူ။ကြည့်ဖြူအားသစ်ပါ။

ဤကဗျာ၄ပိုဒ်ဖြင့်။ ။နတ်လူဗြဟ္မာသတ္တဝါဟူသမျှတို့တွင်။ မည်သူတစုံတယောက်မျှကြံစည်၍မရနိုင်။ကြံစည်ကြည့်ညှို၍မကုန်နိုင်သော။သီလသမာဓိပညာဂုဏ်တော်တို့၏ ပေါင်းဆုံကွန့်မြူး အထူးတည်နေရာအစစ်ဖြစ်တော်မူသည့်။ မြတ်ထွဋ်လှစွာသောရတနာသုံးပါးတို့ကို။ညွှတ်တွားကော်ရော်၊ပူဇော်မြတ်နိုးရှိခိုးပြီး၍။ သူသူငါငါ၊ သံသရာခရီးသွားတို့ကို။ ၎င်းသံသရာဝဋ်ထဲ၌၊ တဝဲလည်လည်။ ကျင်လည်ပြေးသွား၍ နေစေတတ်သည့်။တဏှာ၊မာန၊ ဒိဋ္ဌိဟူသောတရားယုတ်တရားဆိုးတို့တွင် အလွန်အမင်း။ ပြင်းထန်ကြမ်းထမ်းလှစွာသော အပါယ ဒုက္ခ၊ သံသရာဝဋ်ဒုက္ခအိုးတို့၏ မျိုးစေ့ပင်မကြီးဖြစ်သော သက္ကာယဒိဋ္ဌိဟူသော ဘေးဆိုး ရန်ဆိုးအပါယ်မျိုးကြီးကို။ ပယ်ချိုးတွန်းလှန်ပြီးခါ။ သံသရာဝဋ်စက်မှ။ ဦးစွာမဆွ၊ ပဌမဆုံးလွတ်ထွက်ရာ။ သောတာပတ္တိမဂ်ဉာဏ်ကိုအရယူလျက်။ မဂ်အဆက်ဆက်ဖြင့်။အရဟတ္တမဂ်။အရဟတ္တဖိုလ်သို့ကျအောင်၊တစတစ။ ရလိုယူလို။ မျက်မှောက်ပြုလိုသော၊ သဘောသမ္ဘာဆန္ဒ၊ အာသီသရင်း နှလုံးသွင်းရှိကြသူ၊ ရှင်လူအပေါင်း သူတော်ကောင်းတို့သည်၊ကောင်းမွန်ရိုသေစွာ။အခါခါအဖန်ဖန်။ တောင်းပန်လျှော်ထားကြသောကြောင့်။ တောင်းပန်လျှောက်ထားကြသူ။ ရှင်လူရဟန်းတို့နှင့်တကွ။ ဝဋ်ဒုက္ခဟူသမျှ၏မူလဖြစ်ပေသော ဒိဋ္ဌိရန်ကိုတွန်းလှန်ပယ်ခွါလျက်။ သောတာပန်နယ်ဝင် ဖြစ်ကြလိုသူတို့အတွက်။ သံသရာဝဋ်ဒုက္ခမှ၊ ထွက်မြောက် ကင်းလွတ်နိုင်ရန်

လမ်းစခန်းအစကို ညွှန်ပြအပ်သည့် (ဝဋ်မှထွက်လမ်း၊ ခေတ်ကမ္မဋ္ဌာန်း) ကျမ်းကို၊ ကြိုးပမ်းတည်ထွင်။ စီရင်ရေးသားပေအံ့၊ သံသရာဝဋ်ဒုက္ခ၏၊ မူလဖြစ်သော ထွက်လမ်းအစကို၊ တွေ့မြင်ဘတ်ရှုကြရကုန်သော၊ပညာရှိသူတော်ကောင်းတို့သည်၊ ကြည်ဖြူရွှင်လန်းသောစိတ်ဖြင့်၊ခဲကြ၊ ကြိတ်ကြ၊ အားသစ်ကြလေဟု လိုသည်၊

---

## ၂။ ။ဒိဋ္ဌိတရား၏ဝဋ်မြစ်တခုဖြစ်သည်ကိုပြခြင်း။

ရှေးစကားရပ်၌၊ ဝဋ်ဒုက္ခဟူသမျှတို့၏ မူလဖြစ်ပေသောဒိဋ္ဌိကိုရန်ဟူ၍၊ ဒိဋ္ဌိကိုဝဋ်မြစ်ဟု ရေးသားလိုက်သည်မှာ၊ မဟာနိဒါနသုတ်အဋ္ဌကထာ၊ သီလက္ခန်အဋ္ဌကထာစသည့်တို့၌၊ ။ ဘဂဝါပဟိဝဋ္ဋကထံ ကထေန္တောကတ္ထစိ အဝိဇ္ဇာသီသေန ကထေသိ။ ကတ္ထစိတဏှာသီသေန၊ကတ္ထစိဒိဋ္ဌိသီသေန၊ပ။ ပုရိမာဘိက္ခဝေကောဋိ နပညာယတိဘဝတဏှာယ၊ ဣတော ပုဗ္ဗေဘဝတဏှာနာဟောသိ။ အထပစ္စာသမ္ဘဝတိ ဝေဒိဒံဘိက္ခဝေဝုစ္စတိ၊ အထစပနပညာယတိ၊ ဣဒပ္ပစ္စယာဘဝဒိဋ္ဌီတိ၊ ဝံဒိဋ္ဌိသီသေနကထိတာ။ ဣဓပနဒိဋ္ဌိသီသေနကထိတာ၊ ဒိဋ္ဌိဂတိကောဟိ သုခါဒိဝေဒနံအဿာဒေတိဂတော ဝုဋ္ဌာအဘိကာရပရာမာသဝသေ နဿဒ္ဓာဘဝယောနိ ဂတိဌိတိသတ္တာဝါသေသုတတော တတော စဝိတွာတတ္ထတတ္ထဥပပဇ္ဇန္တော မဟာသမုဒ္ဒေဝါတုက္ခိတ္တနာဝါဝိယ ဝံတံသမိတံ ပရိဗ္ဗမတိ။ ဝဋ္ဋတောသီသံဥက္ခိပိုံယေဝနသက္ကောတိ။ ။ဟူသော အဋ္ဌကထာတို့နှင့်အညီတည်း။ ။အနက်ကား(င)အမှတ်အခဏ်းအကျယ်မှာပြဆိုရေးသားလတ္တံ့ဖြစ်သည်လည်းတကြောင်း။ (အဝိဇ္ဇာတဏှာဝသေနဒွေမူလာနိဝေဒိတဗ္ဗာနိ) ဟူသော ဝဋ်မြစ်ကိုသာ သတိပြုမိ၍ ဒိဋ္ဌိဝဋ်မြစ်ကိုသတိမပြုမိကြသည်မှာပဋိပတ္တိအနုပညာဝါတို့သည်။

ကောင်းစွာသဘောကြနိုင်ကြစေရန်။ ရည်သန်ထုတ်ပြသောအရာသာဖြစ်သောကြောင့်။၎င်းအနက်ကိုမပြန်ဆိုလိုက်ပြီ။

---

၃။ ။သဗ္ဗဥ္ဇသဝနဒုဿဘကိုအရည်စစ်၍ပြခြင်း။

၅။ သဗ္ဗါစစ်စစ်။ လူ့အဖြစ်နှင့်၊ ရှင်ချစ်ဘုရား။ တရားသဥ္ဇမ္မပဋိဗ္ဗ။အရခက်လှပါ။

၆။ ဝေဘူတောင်မြတ်၊ပမာကပ်၊စောထွင့်သာသနာ။

၇။ တောင်ကြီးဝေဘူ၊ရောက်သည်သူ၊တူလှတို့သူငါ။

၈။ သာသနာဟူ၊တောင်ဝေဘူ၊ယူပါမိန့်ကျောက်သာ။

၉။ ဇောဘိရသ၊ပြည့်တန်မြ၊အရကောက်ယူပါ။

၁၀။ အဘိုးမဖြောက်၊မီးခဘ်ကျောက်။မကောက်မိစေရ။

၁၁။ ဇောဘိရသ၊ပြည့်တန်မြ၊အရခက်လှပါ။

၁၂။ မီးခဘ်ကျောက်ကား၊ဘိုးမများ၊အလကားရနိုင်ပါ။

၁၃။ လူ ပြည်နှဘ်ရပ်၊ကျောက်မီးခဘ်။မှဘ်ကြဥပမာ။

၁၄။ မဂ်ဗိုလ်နိဗ္ဗာန်၊မြပြည်တန်၊မှဘ်ရန်ဥပမာ။

၁၅။ ယခုရကြ၊လူ့ဘဝ။ဘဝ၊ပဒေသာ။

၁၆။ ပဒေသာဘာ၊ရခိုက်က၊ယူကြမြရတနာ။

ဤကဗျာ ၁၂ ပိုဒ်ဖြင့်။ ။သူရောင်ါပါ၊သိရှိကြပြီးဖြစ်သော ဒုဿဘ ငါးရပ်တွင် (သဗ္ဗဥ္ဇသဝန ဒုဿဘ) ဆိုတာကို အဋ္ဌကထာဋီကာရှိသမျှတို့က၊ ။အတ္တာနံဓာရေန္တော့ အပါယေသုစဝန္တဒုက္ခေသုစအပတမာနေဓာရေတိတိဓမ္မော။သတံသပ္ပုရိသါနံဗုဒ္ဓါဒိနံဓမ္မော။ သန္တော့ါသံဝိဇ္ဇမာနောဝါသုန္ဒရောပသတ္ထောဝါဓမ္မောသဒ္ဓါက္ခာတတာဒိဘာဝတောတိသဒ္ဓမ္မော၊သောစတုန္နံအရိယမဂ္ဂါနံစတုန္နဥ္စအရိယဖလာနံနိဗ္ဗာနဿစဝသေနနဝဝိဓော။ ပါဠိဓမ္မေနသဒ္ဓိံဒသဝိဓောဝါ။ ။စသောစကားရပ်ဖြင့်။အပါယ်လေးဖြာ။သံသရာသဝဋ်ဒုက္ခတို့၌၊မချမကျမရောက်ရအောင်။ရွက်ဆောင်တတ်သည့် (သဒ္ဓမ္မ) ဟူသောအချက်မှာ၊ မဂ်လေးကာန်

ဖိုလ်လေးတန်။နိဗ္ဗာန်ဟူသောတရားကိုးပါးကိုသာလျှင်၎င်း။ယင်းမဂ်ဖိုလ်နိဗ္ဗာန်တရားတို့ကိုဟောပြတော်မူရာ ပိဋကတ်သုံးပုံဟူသောပါဠိဓမ္မကို၎င်း။ထည့်သွင်းလျှက်ကိုးပါးသောတရား။ ဆယ်ပါးသောတရားတို့ကိုသာ ကောင်းစွာကောက်နုတ် ရေးထုတ်ဘွင့်ပြတော်မူကြသည့်လည်းတချက်။ ယင်းမဂ်ဖိုလ်နိဗ္ဗာန် ပရိယတ်ဟူသော သဒ္ဓမ္မ ဆယ်ပါးတို့ဘွင်။ ပရိယတ္တိ၊ ပါဠိ ဓမ္မကိုထည့်သွင်း၍ပြကြသည်မှာဝိပဿနာ သမ္မာဒိဋ္ဌိ။ မဂ္ဂသမ္မာဒိဋ္ဌိ။ ဖလသမ္မာဒိဋ္ဌိဟူသော ဉာဏ်မျက်စိကို ပေးစွမ်းနိုင်သည့် ပါဠိဓမ္မကိုသာ၊သဒ္ဓမ္မပုဂ်တွင်းသို့သွတ်သွင်းရေတွက်လိုသည့်လက္ခဏာရှိသည်။ အဘယ်ကြောင့်နည်းဟူမူ။ ကမ္မဿကတာသမ္မာဒိဋ္ဌိ၊ ဈာနသမ္မာဒိဋ္ဌိဟူသော ဒါနကထာ၊ သီလကထာ သမာဓိကထာ၊တရားသုံးပါးကို ဘုရားသခင်တို့ ဖြစ်ပွင့်တော်မူရာ မဟုတ်သောသာသနာပ၊ သုညကမ္ဘာတို့၌လည်း ဝိဝဋ္ဋပဋ္ဋနာ၊နိဗ္ဗာနပဋ္ဋာအစီအရင်သာမပါရှိကြသည်။ မိမိတို့ဇာတိဉာဏ်ဖြင့်ပင်။လူ့ပညာရှိ။ ရသေ့။ ပရိဗိုဇ်စသောပညာရှိတို့ပင် ဟောနိုင်၊ပြောနိုင်။သွန်သင်နည်းပေးနိုင်ကြကြောင်းကို။ သမောအဋ္ဌကထာ၊ ဝိနည်းအဋ္ဌကထာ၊ သံဂိတိသုတ် အဋ္ဌကထာတို့၌ပင်ဘွင့်ဆိုရေးပြလျှက်ရှိသောကြောင့်တည်း။

သို့အတွက်(ကမ္ဘာနှင့်နေစာ)ဆိုဘိသည့်အလား။ဝဋ်သုံးပါးကလည်းထင်ရှားကြောင်း၊ အမှန်စင်စစ်။ ထွက်မြောက်ရာပင် မဖြစ်၊ ထွက်မြောက် ရာပင် မဟုတ် လှသော၊ ဝဋ္ဋနိဿိတ။ သံသာရ ခါဇုက ဖြစ်သော။ ဤ တရား မျိုးသည်။ ကမ္ဘာတည်လာလျှင်ပင်။ ဟောင်းစွာ ဟောင်နိုင်၊ ပြောနိုင်၊သွန်သင်နည်းပေးနိုင်သည့်သူတွေဟာ။ ပေါ်လာပါလာကြသည့်အတွက်။ သာသနာပ ပညာရှိတို့ပင်မိမိတို့ဇာတိဉာဏ်ဖြင့် ပြဋ္ဌာန်းဟောကြားတတ်ကြ၊ဟောကြားနိုင်ကြသောဝဋ္ဋနိဿိတ၊ဒါနကထာ၊သီလကထာ၊သမာဓိကထာဟူသောဗာဟိရကသမ္မာဒိဋ္ဌိတရားမျိုးလောက်များကို၊ ဘုရားသခင်အလိုတော်ကြ၊ အဋ္ဌကထာ

ဆရာမြတ်တို့အကြိုက်ကြသော ဒုလ္လဘအစစ် မဆိုထိုက်သေး။ သို့ရာတွင်။နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ အကြိယဒိဋ္ဌိသမားတို့နှင့်နှိုင်းစာမူ၊ဤဒါန၊သီလ၊သမာဓိဟူသောကမ္မဿကတာဗါဟိရကသမ္မာဒိဋ္ဌိ ရှိသူအပေါင်းတို့သည်လည်း။ ၊ဧဝံဇာနနသမတ္တေနဇုမသိ ကမ္မဿကတာဉာဏေဿတွာဇဟံဒါနံဒတွာသီလံပူရေတွာဥပေါသထံသမာဒိယိတွာသုခေနသုခံ သမ္ပတ္တိံယာသာသမ္ပတ္တိံ အနုဘဝိတွာနိဗ္ဗာနံပတ္တာနံ ဂဏနပရိစ္ဆေဒေါနတ္ထိ။ ။ဟူသောဝိဘင်းအဋ္ဌကထာ၊စသည့်တို့နှင့်အညီ။ ကျွန်းသောင်ပေါ်များထူထပ်လှသော မြစ်ထဲ၊ ချောင်းထဲသို့ မျှောချလိုက်သောသစ်တုံးစသည်တို့နှင့်တူစွာ။ ကာလရှည်ကြာ၍ အကြောင်းအခွင့်အလွန်သင့်ပါမှ။ မဟာသမုဒ္ဒရာနှင့်တူသော နိဗ္ဗာန်သို့ရောက်ရ၏။ ။ကမ္မဿကတပညံဥပါဒါယဝိပဿနာပညာစမဂ္ဂပညာစဖလပညာစအဘိပညာနာမ။ ။ဟူသောဝိဘင်းအဋ္ဌကထာစသည်တို့နှင့်အညီ ဝိပဿနာအစစ်ဖြစ်သောအဘိပညာကိုမှ ဒုလ္လဘအစစ်ဆိုထိုက်သည်။အဘယ့်ကြောင့်နည်းဟုဆိုလျှင်။ ယခင်သာသနာပ။ ပညာရှိသာမညတွေကိုမဆိုထားဘိ။ ဘုရားငယ်ဖြစ်တော်မူသည့် ပစ္စေကဗုဒ္ဓါအသျှင်မြတ်တို့မှ မဟောပြနိုင်။ သဗ္ဗညုတဉာဏ်ရှင်ဖြစ်တော်မူကြသော ဘုရားသခင်တို့မှသာကောင်းစွာ ဟောကြားညွှန်ပြနိုင်သောကြောင့်၎င်း။ ဝဋ်သုံးပါးဝက်ရဟတ်မှ။ခဏခြင်းကင်းလွတ်ထွက်မြောက်။ ထောက်တည်ရာကိုကောင်းစွာ ရစေတတ်သောကြောင့်၎င်း။ ၎င်းဝိပဿနာအစစ်ဖြစ်သောအဘိပညာကိုမှဒုလ္လဘအစစ်ဖြစ်သည်ဟု မှတ်ရမည်။

သို့အကြောင်းများကိုမြော်ရှု၍ ယခုရှိ၊ တွေ့ကြုံ၍ နေကြသော လူဘဝနှင့်သာသနာသည်ရတနာဟူသမျှ၏ထိပ်တည်နေရာ၊ ဝေဘူလတောင်ကြီးသို့ရောက်နေကြရသည့် သူတွေနှင့်အလွန်တူနေသောသဘောကို၎င်း။ ဇာနိစ္စာသယ။ လိုတိုင်းရနိုင်သည့်ဘဝပဒေသာကြီးဖြစ်နေသောသဘောကို၎င်း။ နှစ်နှစ်နော်နော

ရူးရူးစိုက်စိုက်၊ နှလုံးပိုက်မိကြကုန်သည်ဖြစ်၍။ ဘုရားသခင်တို့ ဖြစ်ပွင့်ရာမဟုတ်သောသာသနာပသုညကပ္ပါတို့၌ပင်သွန်သင် ဟောပြနိုင်သူတွေများလှ၍။ သူကငါက၊ ယူလိုတိုင်း ရနိုင်သော ဝဋ္ဋနိဿိတ၊ သံသာရခါဏုကို၊ ဒါန၊ သီလ၊ သမထတို့နှင့်တကွ။ လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝဟူသောအဘိုးမများ အလကားလို ပင်ရနိုင်သည့်တရားမျိုး၊ ဘဝမျိုးဖြစ်သော မီးခတ်ကျောက်ကိုမ ကောက်မှားကြစေမူ၍။ မီးခပ်ကျောက်မှုနှင့်စိတ်ချလက်ချအားရ တင်းတိမ်၍မနေကြနှင့်ဒုံးဆိုလိုသည်။ မည်သူတစုံတယောက် မျှမဟောပြနိုင်။ ဘုရားသခင်တို့မှသာ ကောင်းစွာဟောပြတော် မူနိုင်ကြသည့်ဝိဝဋ္ဋနိဿိတ၊ ဒါန၊ သီလ၊ သမထနှင့်အဓိပညာ ဆိုသောဝိပဿနာလမ်း၊ အဖျင်းဆုံး။ ဘိတ်ဆုံးအားဖြင့် ဂတိအ လားမြဲသူ၊ ရှဋ္ဌသောတာပန် စခန်းသို့ တန်းတန်းမတ်မတ် တ ကယ်အလိုရှိ၍ လုပ်ပါလျှင်။ မြန်မြန်ကြီး ဆိုက်ကပ် စေတတ် သည့်။ ခန္ဓာ အာယတန၊ ဓါတ်၊ ပဋိစ္စသမုပ္ပါဒ် စသောပရမတ် တရားမျိုးများကိုလည်း ကြိုးစားသင်ကြား နှလုံးထားလျှက်မဂ် ဖိုလ်နိဗ္ဗာန်ဟူသောဇောတိရသ ပြည့်တန်မြရတနာကျောက်ကို သာ။ ကောင်းစွာ အရကောက်ယူ မိကြရအောင်။ အထူးသတိ ဆောင်သင့်လှပေ၏။ ဆိုလိုသည်။

---

၄။ သမ္မာဒိဋ္ဌိငါးပါးကိုခွဲခြား၍ပြခြင်း။

၅။ ကမ္မဿကတာသမ္မာဒိဋ္ဌိ၏အကျိုးကိုပြခြင်း။

အဘယ့်ကြောင့် နည်းဟု ဆိုလျှင်။ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို လိုချင်သူ။ အလိုရှိသူတို့၏ မူလ အကြောင်း ရင်းမှာ။ သမ္မာဒိဋ္ဌိဟူသော ပညာစေတသိက် ပင်လျှင်တည်း။ ကုသိုလ် တရားဟူသမျှတို့၏မူလအကြောင်းရင်းမှာလည်း။ ၎င်းသမ္မာဒိဋ္ဌိ ဟူသောပညာစေတသိက်ပင်လျှင်တည်း။ ထိုသမ္မာ ဒိဋ္ဌိဟူသော ဉာဏ်ပညာသည်။ အထက်ကောင်းကင်ပြင်မှာ။ နေဝန်းသည် တက်ထွန်းတောက်ပလိုသည်ရှိသော်၊ နေအရုဏ်သည် ရှေးဦး

စွာတက်၍ပေါ်၍လာရသကဲ့သို့၊နေအရုဏ်တက်၍ပေါ်၍လာက နေဝန်းသည် ထွန်းလင်းတောက်ပ၍ လာလေတော့သကဲ့သို့။ထို သမ္မာဒိဋ္ဌိဟူသော ဉာဏ်ပညာသည် ကောင်းစွာ ပေါ်ထွက်၍ လာ၏။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရနိုင်သည် ဟူ၍ သံယုတ်ပါဠိ တော်စသည်တို့မှာ ဟောတော်မူသည်။ ၎င်းသမ္မာ ဒိဋ္ဌိသည် လည်း။ ။ကမ္မဿကတာသမ္မာဒိဋ္ဌိ၊ ။ဈာနသမ္မာဒိဋ္ဌိ၊ ။ ဝိပဿနာ သမ္မာဒိဋ္ဌိ။ မဂ္ဂသမ္မာဒိဋ္ဌိ။ ဖလသမ္မာဒိဋ္ဌိ။ ။ဟူ၍ ငါးမျိုးရှိပြန်၏။ထိုသမ္မာဒိဋ္ဌိငါးမျိုးတို့တွင်။ ကမ္မဿကတာသမ္မာ ဒိဋ္ဌိဆိုသည်ကား။ ကုသိုလ်ကံအကုသိုလ်ကံ နှစ်ပါးတို့၏အကျိုး အပြစ်ကိုယုံကြည်၍၊ယုံကြည်ရင်းစွဲအတိုင်းအကုသိုလ်ကိုကြဉ် ၍ကုသိုလ်၌ ယှဉ်လျက် နေမှုကိုဆိုသည်။ ဒုစရိုက်ဆယ်ပါးကို ရှောင်ကြဉ်၍သုစရိုက်ဆယ်ပါးကိုအားထုတ်မှုကို ဆိုလိုသည်။ ထိုကမ္မဿကတာသမ္မာဒိဋ္ဌိအကျိုးသည် ဘဝသမ္ပတ္တိ၊ဘောဂ သမ္ပတ္တိဟူသော လူ့ဘဝ၊ နတ်ဘဝကိုသာရောက်အောင်ဆွဲငင် နိုင်၏၊သည့်ထက်ပိုလွန်၍ မဆွဲငင်နိုင်ဟုမှတ်။ ။ကမ္မဿကတာ သမ္မာဒိဋ္ဌိသမ္ပတ္တိဘဝံအာကဍ္ဎတိ။ အင်္ဂုတ္တရအဋ္ဌကထာ။ ။ကမ္မ ဿကတာသမ္မာဒိဋ္ဌိ။ကာယကုသိုလ်ကံ၊တခုကိုသာကောင်းစွာ ယုံကြည်လျက်ရှိသောသမ္မာဒိဋ္ဌိသည်။ သမ္ပတ္တိဘဝံ၊လူကောင်း နတ်ကောင်းဖြစ်ရခြင်းဟူသော ဘဝသမ္ပတ္တိစည်းစိမ်ဥစ္စာရတ နာရွှေငွေဆန်ရေစပါးစသည် တို့နှင့်။ ပြည့်စုံမှုဟူသောဘောဂ သမ္ပတ္တိ အကျိုးကို။အာကဍ္ဎတိ၊ ရောက်အောင်ရအောင်ဆွဲငင် နိုင်၏။

---

## ၄။ ။ဈာနသမ္မာဒိဋ္ဌိ၏အကျိုးကိုပြခြင်း။

ဤကာမာဝစရ ဟူသော ကုသိုလ် ဆယ်ပါးကိုအားထုတ်ရ ရုံမျှနှင့် အားမရတင်းမတိမ်သေး၍ သမထဟူသောမဟဂ္ဂုတ် ကံတိုင်အောင်၊ ဈာန်လမ်းတိုင်အောင် မြင်သိသော ဈာနသမ္မာ

ဒိဋ္ဌိအကျိုးသည်၊ ရူပါဝစရဈာန်ဖြစ်လျှင်၊ရူပတဆယ့်ခြောက် ဘုံတိုင်အောင် ပေးနိုင်၏။ အရူပါဝစရဈာန်ဖြစ်လျှင်၊အရူပလေး ဘုံတိုင်အောင်ပေးနိုင်၏။ သည့်ထက်ပိုလွန်၍မပေးနိုင်ဟုမှတ်။ ၊ ဈာနသမ္မာဒိဋ္ဌိ ရူပါရူပဘဝေ ပဋိသန္ဓိံ ဒေတိ။ ။၎င်းအဋ္ဌကထာ၊ ။ဈာနသမ္မာဒိဋ္ဌိ။ ကာမကုသိုလ်တွင်သာ မကဘဲ၊ဈာန် လမ်းကျအောင်အမြန်ကိုသိသော ဈာနသမ္မာဒိဋ္ဌိကုသိုလ်သည်။ ရူပါ ရူပဘဝေ။ ရူပတဆယ့်ခြောက်ဘုံ၊ အရူပလေးဘုံ၌။ ပဋိ သန္ဓိံ ။ပဋိသန္ဓေအကျိုးကို။ဒေတိ၊ပေးနိုင်၏။

---

## ၇။ ။မဂ္ဂသမ္မာဒိဋ္ဌိ၏အကျိုးကိုပြခြင်း။

ဤကမ္မဿကတာသမ္မာဒိဋ္ဌိ၊ဈာနသမ္မာဒိဋ္ဌိမျှဖြင့်တင်းမတိမ် အားမရနိုင်ဘဲ၊ မဂ်ဉာဏ်တိုင်အောင်မြင်သိနိုင်သောမဂ္ဂသမ္မာ ဒိဋ္ဌိအကျိုးသည်၊ သံသရာစက်ရဟတ်ကို ချိုးဖြတ်ဖျက်ဆီးနိုင် ၏။ ။မဂ္ဂသမ္မာဒိဋ္ဌိဝဋ္ဋံ ဝိဘိန္ဒသေတိ၊ ။အဋ္ဌကထာ။ ။မဂ္ဂသမ္မာ ဒိဋ္ဌိ၊မဂ်စိတ်လေးချက်ပါရှိသော ပညိန္ဒြေစေတသိက်ဟူသောမဂ် ဉာဏ်တိုင်အောင်မြင်သိသော မဂ္ဂသမ္မာဒိဋ္ဌိ အကျိုးသည်၊ဝဋ္ဋံ၊ ချားရဟတ်ပမာ၊ ချာချာရစ်ပတ်၊ သံသရာဟူသောဝဋ်ကို၊ဝိဘိန္ဒ သေတိ၊ချိုးဖြတ်ဖျက်ဆီးတတ်၏။

ဤကမ္မဿကတာသမ္မာဒိဋ္ဌိ၊ ဈာနသမ္မာဒိဋ္ဌိ၊မဂ္ဂသမ္မာဒိဋ္ဌိတို့ ထက်၊ ထူးချွန်လွန်ကဲလှသော ဖိုလ်လေးပါး ဟူသော ဉာဏ်သို့ ထိအောင်၊ မြင်သိနိုင်သော ဖလသမ္မာဒိဋ္ဌိသည်၊ တဖန်အသစ်၊ ဘဝနိုက် ဖြစ်ခြင်းများကို တားမြစ်နိုင်၏၊ ။ဖလသမ္မာဒိဋ္ဌိဘ ဝံ ပဋိဗာဟတိ။ ။၎င်းအဋ္ဌကထာ။ ။ဖလသမ္မာဒိဋ္ဌိ၊ ဖိုလ် လေးပါးတိုင်အောင် မြင်သိသော ဖလသမ္မာဒိဋ္ဌိအကျိုးသည်၊ ဘဝံ၊တဘန်အသစ်၊ဘဝနိုက်ဖြစ်ခြင်းများကို၊ပဋိဗာဟတိ၊တား မြစ်နိုင်၏။

ဤသို့ပြဆိုခဲ့ပြီးသော သမ္မာဒိဋ္ဌိလေးမျိုးတို့သည်။ တန်ခိုးနှင့် သတ္တိရှိကြသလောက်၊မိမိတို့အကျိုးကိုပေးကြပါပြီ။ ယထာဘူတ၊ နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့် ရုပ်နာမ်နှစ်ဖြာနိုက်။ငါဆိုတာ ကြားမညှပ်ရအောင်။ အထပ်ထပ်ရှုကြည့်သောဝိပဿနာသမ္မာဒိဋ္ဌိသည်။ မည်သည့်အကျိုးကို ပေးနိုင်ပါသနည်းဟု မေးလျှင်။ ထိုဝိပဿနာသမ္မာဒိဋ္ဌိသည်လည်း။ပဋိသန္ဓေအကျိုးကိုမဆွဲငင်တော့ပြီဟု ဘွင့်ဆိုပြီးမှ။ ပိဋကတ်သုံးပုံဆောင် စူဠာအဘယမထေရ်ကို၊တပည့်ရဟန်းများကမေးလျှောက်ကြရာတွင် ဖြေဆိုဟန်ကိုပြ၍။ ဖြေဆိုဟန်ကား၊ ငါ့ရှင်တို့-ရုပ်နာမ်နှစ်ဖြာတို့နိုက် ငါဆိုတာကြားမညှပ်ရအောင် အထပ်ထပ်ပွားများရှုကြည့်အပ်သောဝိပဿနာသမ္မာဒိဋ္ဌိ ဉာဏ်သည်။ဤဘဝနိုက်ပင်လျှင်။ဒိဋ္ဌိ တဏှာနှစ်ရပ်ပင်၊ ကင်းပြတ်၍အရဟတ္တဖိုလ်သို့ရောက်ခြင်းငှာ စွမ်းနိုင်အံ့၊ ကောင်းလှလေပြီ၊ အရဟတ္တဖိုလ်သို့ရောက်အောင် မစွမ်းနိုင်အံ့။ ခုနစ်ဘဝ ပဋိသန္ဓေအကျိုးကို ပေးနိုင်သေးသည် ငါ့ရှင်တို့ဟု မထေရ်ကဖြေဆိုတော်မူ၏။ ။ဝိပဿနာသမ္မာဒိဋ္ဌိ ကိံ ကရောတိ။ သာပိ ပဋိသန္ဓိံ နာကဍ္ဎတိ။ တိပိဋကစူဠာဘယတ္ထေရော ပနာဟ။သစေ ဝိပဿနာသမ္မာဒိဋ္ဌိ ဘာဝိတာ ဒိဋ္ဌေဝ ဓမ္မေ အရဟတ္တံ ပါပေတုံ သက္ကောတိ၊ ဣစ္စေတံ ကုသလံ။ သစေ န သက္ကောတိ။ သတ္တဘဝေ ဒေတိ အာဝုသောတိ။ ။ငင်းအဋ္ဌကထာ။ ။ဝိပဿနာသမ္မာဒိဋ္ဌိ။ ရုပ်နာမ်နှစ်ဖြာ၊ ခန္ဓာငါးရပ်မှာ၊ ငါဆိုတာ ကြားမညှပ်ရအောင်။ အထပ်ထပ် ရှုကြည့်သောဝိပဿနာသမ္မာဒိဋ္ဌိကုသိုလ်မျိုးသည်၊ ကိံ ကရောတိ။အဘယ်အကျိုးမျိုးကို ပြုသေးသနည်း၊ ဟူတိ၊ဤသို့မေးငြားအံ့။ သာပိ၊ထိုဝိပဿနာသမ္မာဒိဋ္ဌိကုသိုလ်သည်လည်း၊ ပဋိသန္ဓိံ၊ဘဝအသစ်၌တဖန်ဖြစ်ခြင်းဟူသော ပဋိသန္ဓေအကျိုးကို။ နာကဍ္ဎတိ၊ မဆွဲမငင်နိုင်တော့ပြီ။ ပန၊ကျမ်းဂန်တတ်သိ။ ပညာရှိမထေရ်မြတ်တို့အယူကိုပြဦးအံ့၊ တိပိဋကစူဠာဘယတ္ထေရော၊ပိဋကသုံးပုံကိုတတ်သူ၊စူဠာအဘယမထေရ်မြတ်သည်၊ အာဟ၊မေးလျှော်

သောတပည့်များအား။ဟောကြားဖြေဆိုတော်မူပြီ။အာဝုသော၊ငါ့ရှင်တို့။ဘာဝိတာ။ငါ၊ငါဥစ္စာဟူသောအယူကင်းပြတ်အောင်အထပ်ထပ်ပွားများအပ်သော၊ ဝိပဿနာသမ္မာဒိဋ္ဌိ ဝိပဿနာယောဂီပုဂ္ဂိုလ်တို့၏ သမ္မာဒိဋ္ဌိဉာဏ်ပညာအကျိုးသည်။ဒိဋ္ဌေဝဓမ္မေ၊ ယခုမျက်မှောက်ဘဝနိုက်ပင်လျှင်။ အရဟတ္တံ၊ အာသဝေါကုန်ခန်း။ ရဟန္တာအဖြစ်သို့။ ပါပေတုံ၊ရောက်စေခြင်းငှာ။ သစေသက္ကောတိ၊ ကယ်၍တတ်နိုင်အံ့။ဤဘဝတံ၊ဤသို့ရဟန္တာဖြစ်သွားအောင်၊ပွါးများအားထုတ်နိုင်ခြင်းသည်။ ဝါ၊အားထုတ်နိုင်သည်ရှိသော်။ ကုသလံ၊ ပဋိသန္ဓေအကျိုးကိုပေးဦးမည်လား။မပေးလားဟုလျှောက်ထား မေးမြန်းခွင့်ကိုမရအောင်၊ကောင်းလှလေတော့၏။ သစေနသက္ကောတိ၊အကယ်၍အာသဝေါကုန်ခန်းလျက်။ရဟန္တာဖြစ်သွားအောင်အားထုတ်ခြင်းငှါမတတ်နိုင်ငြားအံ့၊သတ္တာဘဝေ၊ ခုနစ်ဘဝတို့ကို။ ဝါ၊ ခုနစ်ဘဝတို့ပတ်လုံး။ဒေတိ၊ ပဋိသန္ဓေအကျိုးကို ပေးသေး၏၊ ငါ့ရှင်တို့။ ။ဤကားအနက်။ ။အဓိပ္ပါယ်ကား။ ။ဝိပဿနာကုသိုလ်သည်၊ အရဟတ္တမဂ်သို့တက်အောင်ရှုနိုင်က၊တစုံတခုသောအကျိုးကိုမျှမပေးပြီ။အနာဂါမိမဂ်တွင်သာ ရောက်အောင်ရှုနိုင်က၊လူ့ပြည်နတ်ရပ် ကာမခေတ်မှာမဖြစ်ပြီ။ သုဒ္ဓါဝါသဗြဟ္မာပြည်သို့သာသွားလေတော့သည်။ သကဒါဂါမိမဂ်တွင်သာရောက်အောင်ရှုနိုင်က ကာမဘုံမှာတကြိမ်တခါသာ လာရန်။ဖြစ်ရန်ရှိတော့သည်။သောတာပတ္တိမဂ်ဉာဏ်လောက်သာရောက်အောင်ရှုနိုင်က။ အပါယ်ပဋိသန္ဓေသည်အကုန်ချုပ်ငြိမ်းပြီ၊အပါယ်သို့မကျမရောက်ရပြီ၊ ကာမဘုံမှာလည်းရှစ်ကြိမ်ထက်ပိုမို၍ မဖြစ်ရပြီ။အဖျင်းဆုံး၊ဘိတ်ဆုံးကျသော သတ္တက္ခတ္တုပရမသောတာပန်သည်။ အလွန်အကြာဆုံးအားဖြင့်။ ခုနစ်ဘဝသာသုဂတိဘုံ၌ပဋိသန္ဓေအကျိုးကို ပေးတော့သည်ဟု ဆိုလိုသည်၊ ။ဤကားသမ္မာဒိဋ္ဌိငါးမျိုးတို့၏အကျိုးသတ္တိကိုပြခြင်းတည်း၊

## ၇။ ။လောကီသမ္မာဒိဋ္ဌိ၊လောကုတ္တရာသမ္မာဒိဋ္ဌိ နှစ်ပါးကိုခွဲ၍ပြခြင်း။

ပပဉ္စသူဒနီအဋ္ဌကထာ၊သမ္မာဒိဋ္ဌိသုတ်အဖွင့်၌ကား။ ။ သမ္မာဒိဋ္ဌိသည့်လောကီသမ္မာဒိဋ္ဌိ၊လောကုတ္တရာသမ္မာဒိဋ္ဌိဟုနှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတို့တွင်။ နောက်ကပြခဲ့သည့်ကမ္မဿကတာဉာဏ်ပညာနှင့်။ အရိယသစ္စာလေးပါးအားလျော်သောဉာဏ်ပညာမျိုးသည်လောကီသမ္မာဒိဋ္ဌိမည်၏။

တနည်းအကျဉ်းအားဖြင့်။ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊အဝိဇ္ဇာသဝဟူသော အာသဝေါတရားလေးပါးနှင့်တကွဖြစ်သော၊ အာသဝေါတရားလေးပါးနှင့် ယှဉ်သောပညာသည် လောကီသမ္မာဒိဋ္ဌိမည်၏၊

အရိယာမဂ် ၄ပါး၊အရိယာဖိုလ်လေးပါးနှင့်ယှဉ်သောပညာသည်။ လောကုတ္တရာသမ္မာဒိဋ္ဌိမည်၏ဟု ဖွင့်ဆိုတော်မူ၏။ ။ သာစာယံသမ္မာဒိဋ္ဌိ ဒုဝိဓာ ဟောတိ လောကိယာ လောကုတ္တရာတိ။ တတ္ထ ကမ္မဿ ကတာဉာဏံ သစ္စာ နုလောမိက ဉာဏံ စ လောကိယာသမ္မာဒိဋ္ဌိ။ သင်္ခေပတော ဝါ သဗ္ဗာပိ သာသဝါ ပညာ။ အရိယမဂ္ဂဖလသမ္ပယုတ္တာ ပညာ လောကုတ္တရာ သမ္မာဒိဋ္ဌိ။ ။ပပဉ္စသူဒနီအဋ္ဌကထာ။ ။အနက်ကား။ ။သာယစာယံ သမ္မာဒိဋ္ဌိ။ထိုသမ္မာဒိဋ္ဌိတရားသည်ကား။လောကိယာ၊လောကီသမ္မာဒိဋ္ဌိရင်း။လောကုတ္တရာ၊လောကုတ္တရာသမ္မာဒိဋ္ဌိရင်း။ဣတိ၊ဤသို့။ဒုဝိဓာ။နှစ်မျိုးပြားသည်၊ ဟောတိ။ဖြစ်၏။ တတ္ထ။ထိုနှစ်မျိုးတို့တွင်၊ကမ္မဿကတာဉာဏဉ္စ။ ကံသာမိမိဥစ္စာရှိ၏ဟု မြင်သိသောဉာဏ်မျိုးသည်လည်းကောင်း၊ သစ္စာနုလောမိကဉာဏဉ္စ။ သစ္စာလေးပါးနှင့် လျော်သောအချက်များကို မြင်သိသောဉာဏ်မျိုးသည်လည်းကောင်း။ လောကိယာ။ ဖြစ်ကပျက်ပြန်၊ခန္ဓာငါးပါးဟူသောလောကီနယ်ထဲကရှိသေးသော။ သမ္မာဒိဋ္ဌိ။ကောင်းသောအမြင်မျိုးပေတည်း။ ဝါ၊တနည်းကား၊ သင်္ခေပတော။ အ

ကျဉ်းချုပ်အားဖြင့်၊သဗ္ဗာပိ၊အလုံးစုံလည်းဖြစ်သော၊'သာသဝါ၊ အာသဝေါတရားလေးပါးနှင့်ယှဉ်သော၊ပညာ၊အသိဉာဏ်ပညါမျိုးသည်။ လောကီယာ၊ ခန္ဓာငါးပါးဟူသောလောကီနယ်ထဲက ရှိသေးသော၊သမ္မာဒိဋ္ဌိ၊ကောင်းသောအမြင်မျိုးပေတည်း။ အရိယမဂ္ဂဖလသမ္ပယုတ္တာ၊အရိယာမဂ်၊အရိယာဖိုလ်တို့နှင့်ယှဉ်သော ပညာ၊အသိဉာဏ်ပညာမျိုးသည်။ လောကုတ္တရာ၊ ဖြစ်ကပျက် ပြန်၊ ခန္ဓာငါးသွယ်ဟူသော လောကီနယ်ကို လွန်မြောက်တတ် သော၊သမ္မာဒိဋ္ဌိ၊ကောင်းသောအမြင်မျိုးပေတည်း။

## ၉။ ။လောကီလောကုတ္တရာသမ္မာဒိဋ္ဌိနှစ်မျိုးကို ပုဂ္ဂိုလ်သုံးမျိုးနှင့်ခွဲ၍ပြခြင်း။

ထိုသမ္မာဒိဋ္ဌိနှစ်မျိုးတို့ကိုမြင်သိသောပုဂ္ဂိုလ်မျိုးသည်လည်း ပုထုဇန်ပုဂ္ဂိုလ်၊သေက္ခပုဂ္ဂိုလ်၊ အသေက္ခပုဂ္ဂိုလ်ဟူ၍၊ သုံးမျိုးရှိ ၏၊ ထိုပုဂ္ဂိုလ်သုံးမျိုးတို့တွင်၊ပုထုဇန်သည်လည်း သာသနာပ ပုထုဇန်၊ သာသနာတွင်းပုထုဇန်ဟူနှစ်မျိုးရှိပြန်၏။ ထိုနှစ်မျိုးတို့ တွင်၊သာသနာပ-ကမ္မဝါဒီပုထုဇန်သည်၊ကမ္မဿကတာသမ္မာ ဒိဋ္ဌိတခုကိုသာရနိုင်၏။ သစ္စာလေးပါးနှင့်လျော်သည်ကိုမြင်သိ သော သစ္စာနုလောမိကသမ္မာဒိဋ္ဌိ ဉာဏ်ကို မရနိုင်။ အဘယ့် ကြောင့်နည်းဟူဆိုလျှင်၊ ငါငါဟူအထင်အမြင်မှားနေကြသည့် အတ္တဇီဝဟူသော အသက် ဝိညာဉ်ရှိ၏ ဟူသော အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ အတ္တဝါဒုပါဒါန်တရားကိုမှားသောအားဖြင့်သုံး သပ်ယူထားမှုရှိနေသောကြောင့်တည်း။

သာသနာတွင်း ပုထုဇန်သည် ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊ သစ္စာနုလောမိကသမ္မာဒိဋ္ဌိနှစ်ပါးကိုပင်ရနိုင်သည်။ ထိုကြောင့် ၎င်းအဋ္ဌကထာ၌။ ။တတ္ထ ပုထုဇ္ဇနော ဒုဝိဓော ဟောတိ ဗာ ဟိရကော သာသနိကော စ၊ တတ္ထ ဗာဟိရကော ကမ္မဝါဒီ ကမ္မဿကတဒိဋ္ဌိယာ သမ္မာဒိဋ္ဌိ ဟောတိ၊ နော စ သစ္စာနုလောမိ

ကာယ အတ္တဒိဋ္ဌိပရာမာသကတ္တာ သာသနိကော ဒွိဟိပိ။ ၊ဟုမိန့်၏။ ၊အနက်ကား။ ။တတ္ထ၊ ထိုပုဂ္ဂိုလ်သုံးမျိုးတို့တွင်။ ပုထုဇ္ဇနော။ပုထုဇနပုဂ္ဂိုလ်သည်။ ဗာဟိရကော၊ သာသနာပပုထုဇနရင်း။ သာသနိကော၊သာသနာတွင်းပုထုဇနရင်း။ ဒုဝိဓော။နှစ်မျိုးရှိပြန်သည်။ဟောတိ။ ဖြစ်၏။ တတ္ထ။ ထိုပုထုဇနနှစ်မျိုးတို့တွင်။ကမ္မဝါဒီ။ ကံကိုအယူရှိသော။ ဗာဟိရကော။ သာသနာပပုထုဇနသည်။ကမ္မဿကဒိဋ္ဌိယာ။ကံသာလျှင်မိမိဥစ္စာရှိ၏ဟုမြင်သိသောအယူကြောင့်။သမ္မာဒိဋ္ဌိ၊နတ္ထိက၊အဟေတုက၊အကြိယဒိဋ္ဌိသမားတို့နှင့်နှိုင်းစာမူ၊ သမ္မာဒိဋ္ဌိပုဂ္ဂိုလ်သည်။ဟောတိ။ဖြစ်ပါသေး၏။နောစသစ္စာနုလောမိကာယ။ သစ္စာလေးပါးနှင့်လျော်သောအကျင့်ရှိ၍ သမ္မာဒိဋ္ဌိပုဂ္ဂိုလ်ခေါ် ဆိုရသည်မဟုတ်၊ ကသ္မာ။အဘယ့်ကြောင့်နည်းဟူမူ။ အတ္တဒိဋ္ဌိပရာမာသကတ္တာ။ မဂ်လမ်းဖိုလ်လမ်းနိဗ္ဗာန်လမ်းကို ပိတ်ကာသည့်၊ ငါငါထင်ချက်သက္ကာယဒိဋ္ဌိအယူ၏ မူလအမြစ်ကြီးဖြစ်ပေသည့် အတ္တဇီဝဟူသောအသက်ဝိညာဉ်အယူများကိုသုံးသပ်လျက်ထားကြသောကြောင့်တည်း၊ သာသနိကော သာသနာတွင်းပုထုဇနသည်၊ ဒွိဟိပိ။ကမ္မဿ ကတာသမ္မာဒိဋ္ဌိ၊ သစ္စာနုလောမိကာသမ္မာဒိဋ္ဌိနှစ်မျိုးတို့ဖြင့်လည်း။ သမ္မာဒိဋ္ဌိ၊ ကောင်းသောဉာဏ် အမြင်သည်။ ဟောတိ။ဝိပဿနာကိုထိအောင်လုပ်ဘူးပါမူ၊ အဟုတ်အဟုတ်ဖြစ်နိုင်လေတော့၏။ ။ဤကားအနက်။

ဤအဋ္ဌကထာကြီးတို့၏၊ အဆိုအလာ နှစ်ရပ်ကို စပ်ဟပ်နှီးနှောလိုက်သည့်ရှိသော်၊ ကံတခုကိုသာ ငါ့ဥစ္စာရှိသည်ဟုသန်သန်ကြီးအယူရှိသောကမ္မဿ ကတာသမ္မာဒိဋ္ဌိ။ ဈာန်လမ်း၊သမထလမ်းတို့ကိုသာ မြင်သိသော ဈာနသမ္မာဒိဋ္ဌိ။ ဤသမ္မာဒိဋ္ဌိနှစ်မျိုးတို့သည်၊ သာသနာတော် နေဝန်းမတက်တွန်း၊မထောက်ပသောသုညကမ္ဘာတို့နှင့်လည်း အထင်အရှားရှိကြသောဗာဟိရကမဂ်ဖိုလ်နိဗ္ဗာန်ကို မရနိုင်သေးသောသမ္မာဒိဋ္ဌိမျှသာဖြစ်ကြကုန်သေး၍၊ သာသနာတော်တွင်းသားဖြစ်ကြသူရှင်လူပညာရှိ

တို့ယူကြသောသာသံနိကာသမ္မာဒိဋ္ဌိ။ သစ္စာနုလောမိက သမ္မာဒိဋ္ဌိမဟုတ်ကြကုန်သေး။အဘယ့်ကြောင့်နည်းဟူမူ၊ထိုသမ္မာဒိဋ္ဌိနှစ်မျိုးတို့ဖြင့်(အတ္တဒိဋ္ဌိ ပရ မာသကတ္တာ)ဟူသော နောက်ကပြခဲ့သည့်အဋ္ဌကထာနှင့်အညီ။ မဂ်လမ်းဖိုလ်လမ်းနိဗ္ဗာန်လမ်းတို့ကိုတန်းတန်းမတ်မတ်၊ပိတ်ကာလျက်ထားတတ်သည့်အတ္တဇီဝဟူသောငါငါထင်ချက်သက္ကာယဒိဋ္ဌိ၊အတ္တဒိဋ္ဌိအယူမှားကြီးကိုမပယ်ရှား။မထုတ်ပစ်နိုင်သောကြောင့်တည်း။

ဝိပဿနာသမ္မာဒိဋ္ဌိ၊သစ္စာနုလောမိကသမ္မာဒိဋ္ဌိ။မဂ္ဂသမ္မာဒိဋ္ဌိ။ဖလသမ္မာဒိဋ္ဌိ တို့သည်မူကား။ သာသနာတော်ကြီးဟူသောနေဝန်း၊လဝန်းထွန်းလင်းတောက်ပစဉ်ပင်၊ပြန့်ပွါးခြင်းသို့ရောက်နေသော ဗုဒ္ဓုပ္ပါဒနဝမခေတ်ကာလအတွင်း၌သာ။ ထင်လင်းသေချာစွာ၊ သိနိုင်မြင်နိုင်၊ နှလုံးထားနိုင်၊ ပွါးများအားထုတ်နိုင်ကြ၍ဗါဟိရကသာသနာပပညာရှိတို့နှင့်မထိုက်တန်။သါသနာတော်တွင်းကျသူ၊ ရှင်လူပညာရှိတို့နှင့်သာ ထိုက်တန်သည့် သာသနိကသမ္မာဒိဋ္ဌိဉာဏ်မည်၏။ထိုကြောင့်ယခုအခါသာသနာတော်ရောင်ဖြင့် တပြောင်ပြောင် တဝင်းဝင်း၊ ထွန်းလင်းတောက်ပနိုက်အခါမှာ။ကမ္မဿကတာသမ္မာဒိဋ္ဌိ။ ဗာဟိရကသမ္မာဒိဋ္ဌိမျိုးလောက်မျှနှင့်။အားရတင်းတိမ်နေကြ၍။ ဝိပဿနာသမ္မာဒိဋ္ဌိဟူသောသာသာသနိက၊သစ္စာနုလောမိက သမ္မာဒိဋ္ဌိမျိုးလောက်ကိုမျှ၊အရကုဘ်ကပ်၍ မယူနိုင်သူတို့သည် ဝေဘူလ တောင်ကြီးသို့ရောက်လျက်။ မိုးခပ်ကျောက်ကိုသာ ကောက်ယူမှားသူတို့နှင့်၊လွန်စွာတူလှလေသည်ဆိုလိုသည်။

## ၁၀။ ကမ္မဿကတဉာဏ်၏သတ္တိကိုပြခြင်း။

ယခုထုတ်ပြခဲ့သည့်သမ္မာဒိဋ္ဌိတို့တွင်ကမ္မဿကတာသမ္မာဒိဋ္ဌိဆိုသည်ကား။ ဒုစရိုက်ဆယ်ပါးသည်မိမိပြုသည်ဖြစ်စေ၊ သူတပါးပြုသည်ဖြစ်စေပြုသော ပုဂ္ဂိုလ်၏ပစ္စုပ္ပန်ဘမလွန်၊ ၂ တန်သော အကျိုးကိုချိုးပဲ့ဖျက်ဆီးတတ်သောကြောင့် မိမိသူတပါး

၂ ဦးသားတို့သည် အားကိုးအားထားမပြုထိုက်ကြ၍။ ငါ့ကံဟု
သိမ်းပိုက်ယူထားခြင်း၌ဖြစ်နိုင်ကြသောကံမဟုတ်ချေ။ သုစရိုက်
ဆယ်ပါးသည်မှုကား။ မိမိပြုသည်ဖြစ်စေ၊ သူတပါးပြုသည်ဖြစ်
စေ၊ ပြုသောပုဂ္ဂိုလ်၏ ပစ္စုပ္ပန်တမလွန်၊ နှစ်တန်သောအကျိုးတ
ရားတို့ကို။ တိုးပွားဖြစ်ထွန်းစေတတ်သောကြောင့်၊ မိမိသူတပါး
၂ ဦးသားတို့သည်အားကိုးအားထားပြုထိုက်ကြ၍ငါ့ကံဟုသိမ်း
ပိုက် ယူထားအပ်သော သုစရိုက်တရား ဆယ်ပါးဟူသောကု
သိုလ်ကံကိုမြင်သိသောပညာမျိုးကို။ ကမ္မဿကတာသမ္မာဒိဋ္ဌိ ဆို
သည်ဟုမှတ်၊ ထိုကြောင့်။ သံဂီတိသုတ်အဋ္ဌကထါစသည်တို့၌။ ။
တိဝိဓံ ဒုစ္စရိတံ အတ္တနာ ကတမ္ပိ ပရေန ကတမ္ပိ သကကမ္မံ နာမ န
ဟောတိ၊ အတ္တဘဉ္ဇနတော။ သုစရိတံ သကကမ္မံ နာမ၊ အတ္တဇနန
တော တိ၊ ဧဝံ ဇာနနံ ကမ္မဿကတဉာဏံ နာမ။ ။ဟုမိန့်ဆိုပြီ။ ။

တိဝိဓံ၊ ကာယကံ။ ဝစီကံ၊ မနောကံအားဖြင့် သုံးပါးအပြားရှိ
သော။ ဒုစ္စရိတံ၊ ဒုစရိုက်ဆယ်ပါးသည်။ အတ္တနာ၊ မိမိသည်။ က
တမ္ပိ၊ ပြုအပ်သော်၎င်း။ ပရေန၊ သူတပါးသည်။ ကတမ္ပိ၊ ပြုအပ်
သော်၎င်း။ သကကမ္မံနာမ၊ မိမိတို့၏ကံဟုဆိုရသည်၊ ဝါ၊ မိမိတို့
ကံမည်သည်၊ နဟောတိ၊ မဖြစ်။ ကသ္မာ။ အဘယ့်ကြောင့်မိမိတို့
ကံဟု မဆိုရ သနည်းဟူမူကား၊ အတ္တဘဉ္ဇနတော၊ ပစ္စုပ္ပန်တမ
လွန်၊ နှစ်တန်သော အကျိုးကိုချိုးဖဲ့ဖျက်ဆီး တတ်သောကြောင့်
တည်း။ သုစရိတံ၊ သုစရိုက်ဆယ်ပါးသည်။ သကကမ္မံနာမ၊ မိမိ
တို့ကံမည်၏။ ဝါ၊ မိမိတို့ကံဟုဆိုရ၏။ ကသ္မာ၊ အဘယ့်ကြောင့်
မိမိတို့ကံဟုဆိုရသနည်း။ အတ္တဇနနတော၊ ပစ္စုပ္ပန်တမလွန်၊ နှစ်တန်
သောအကျိုးတရားကို။ တိုးပွားဖြစ်ထွန်းစေတတ်သောကြောင့်
တည်း။ ဣတိ ဧဝံ၊ ဤသို့ ဆိုခဲ့တိုင်း။ ဇာနနံ၊ မြင်သိခြင်းသည်။
ကမ္မဿ ကတဉာဏံ နာမ၊ ကံသာငါ့ဥစ္စာမှန်သည်ဟုသန်သန်
ကြီးမြင်သိသော ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်မည်၏။ ။ဤ
ကမ္မဿကတာသမ္မာဒိဋ္ဌိကိုပင်လျှင်။ ဝိပဿနာသမ္မာဒိဋ္ဌိ၊ သစ္စာနု
လောမိကသမ္မာဒိဋ္ဌိဉာဏ်တိုင်အောင် လုံ့လမပြု။ ဂရုမစိုက်ပါ

မှု၊ သာသနာတော်နေဝန်းလဝန်းတို့၏ မထွန်းလင်းမတော်ပရာ သုညကမ္ဘာတို့မှာပင်ရှိကြသော ဗာဟိရက၊ သာသနာပသမ္မာဒိဋ္ဌိသာဖြစ်ကြောင်းကို၊ ပပဉ္စသူဒနီအဋ္ဌကထာတွင်ဆိုခဲ့ပြီ။

## ၁၁။ သစ္စာနုလောမိကသမ္မာဒိဋ္ဌိကိုပြခြင်း။

သစ္စာနုလောမိကံဝါတိဝိပဿနာဉာဏံတဉှိစတုန္နံသစ္စာနံ အနုလောမနတောသစ္စာနုလောမိကန္တိဝုစ္စတိ။ဣဒါနိဿ၊ ပဝတ္တ နာကာရံဒဿေတုံရူပံ အနိစ္စံဝါတိအာဒိဝုတ္တံ။ ။ဝိဘင်းအဋ္ဌကထာ။

သစ္စာနုလောမိကံဝါတိ၊ သစ္စာနုလောမိကသမ္မာဒိဋ္ဌိဆိုသည်ကား။ ဝိပဿနာဉာဏံ၊ ဝိပဿနာရှုသော ဉာဏ်တည်း။ ဟိသစ္စံ၊ ထိုစကားမှန်၏။ တံ၊ ထိုဝိပဿနာရှုသောဉာဏ်သည်။ စတုန္နံ သစ္စာနံ၊ သစ္စာလေးပါးတို့အား။ အနုလောမနတော၊ ရဟုတ်၊ သိဘို့အခြေခံသည်။ လျော်ကာလျောက်ပတ်လှသောကြောင့်။ သစ္စာနုလောမိကန္တိ၊ သစ္စာနုလောမိက သမ္မာဒိဋ္ဌိဉာဏ်ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏။ ဣဒါနိ၊ ယခုအခါ၌။ အဿ၊ ထိုသစ္စာလေးပါးကို မြင်အောင်ကြည့်ရသော ဝိပဿနာဉာဏ်၏။ ပဝတ္တနာကာရံ၊ ဖြစ်ပုံ အခြင်းအရာကို၊ ဒဿေတုံ၊ ပြခြင်းငှါ။ ရူပံအနိစ္စံဝါတိအာဒိ၊ ရုပ် သည်မခိုင်မြဲမှုစသည်ကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ။အဓိပ္ပါယ်အကျဉ်းချုပ်မှာ။ ။သစ္စာနုလောမိကသမ္မာဒိဋ္ဌိဉာဏ်ဆို သည်ကား။ သစ္စာ-၄-ပါးတရားတို့ကိုသိနိုင်၊ မြင်နိုင်ဘို့ရန်အခြေခံအနေခံကြီးစင်စစ်ဖြစ်ပေသည့် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ ဝိညာဏ်ဟူသော ခန္ဓာငါးပါးနာမ်ရုပ်တရားတို့၏မခိုင်မြဲမှုကိုရှုကြည့်ရသောအနိစ္စ၊ ဖြစ်ချုပ်ကြိမ်ဖန်အတန်တန်တို့ကြောင့်ဧကန် ဆင်းရဲမှုကိုရှုကြည့်ရသောဒုက္ခ၊ ဖြစ်ချုပ်ကြိမ်ဖန်အတန်တန်တို့ ကြောင့်ဧကန်ဆင်းရဲမခိုင်မြဲကြသည့်အတွက်၊ ခိုင်မြဲလှစွာငါဆို တာသည်ဘာတခုမျှဘိုင်မရမှုကိုရှုကြည့်ရသောအနတ္တလက္ခ ဏာတို့ကို၊ ကောင်းစွာမြင်သိအောင်ရှုကြည့်ရသောဝိပဿနာ၊

သမ္မာဒိဋ္ဌိဉာဏ်ကိုဆိုပေသတည်း။ ဤသစ္စာနုလောမိကဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်အမြင်မျိုးဆိုဘာကို။ မြတ်စွာဘုရားသခင်တို့ဖြစ် ပွင့်တော်မူရာ။ သာသနာတော်ဟူသော နေဝန်းလဝန်းတို့ထွန်း လင်းတောက်ပသောအခါမှာသာလျှင်။ ရနိုင်၊ သိနိုင်၊ ထင်မြင်နိုင် ကြသည့်။ သာသနိကသမ္မာဒိဋ္ဌိ မျိုးဖြစ်ကြောင်းကို။ နောက်ကပြခဲ့ သည့်။ ပပဉ္စသူဒနီအဋ္ဌကထာတွင်ဆိုသည်။

ဝိသုဒ္ဓိမဂ်မဟာဋီကာကြီး၌လည်း။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘလက္ခဏာတို့ကို ကောင်းစွာမြင်သိခြင်း၌ စွမ်းနိုင်၍၊ သောတာပတ္တိမဂ်ဉာဏ်အစ၊ အရဟတ္တမဂ်ဖိုလ်တိုင် ရောက်အောင် ထွင်းဖောက်၊ နှိပ်နင်းနိုင်သည့်ဂုဏ်နှင့်ပြည့်စုံသောသမ္မာဒိဋ္ဌိဟူ သောဉာဏ်ပညာ အပေါင်းတို့တွင်။ ဝိပဿနာရှုကြည့်စအာဒိ ကမ္မိကဆရာမှာ၊ လွန်စွာအလိုရှိအပ်သောမဟာကုသိုလ်ဉာဏ သမ္ပယုတ်စိတ်လေးခုတို့၌ ပါရှိသောပညာသည်။ ။ခန္ဓာဒိသင်္ခ တဓမ္မေအနိစ္စာဒိဝိဝိဓာကာရေန ပဿတီတိဝိပဿနာ။ ။ယာ ပညာ။ အကြင်ဉာဏ်ပညာသည်။ ခန္ဓာဒိသင်္ခတဓမ္မေ။ ခန္ဓာစသော ရုပ်နာမ်ဓမ္မ။ သင်္ခါရတရားတို့ကို။ အနိစ္စာဒိဝိဝိဓာကာရေန၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘဟူသော အထူးထူး အပြားပြားသောအာ ခြင်းအရာအားဖြင့်။ ပဿတိ၊ မခိုင်မြဲမှုစသည်တို့ကိုအတတ်သိ အောင်ရှုကြည့်တတ်၏။ ဣတိ၊ ထိုကြောင့်။ သာပညာ။ ထိုပညာ မျိုးသည်။ ဝိပဿနာ၊ ဝိပဿနာမည်၏။ ။ဟူသောဝစနတ္ထ ကြောင့်။ သမ္မာဒိဋ္ဌိဉာဏ်ကိုဝိပဿနာမည်၏ဟုဆိုသည်၊

## ၁၂။ ။ဝိပဿနာသမ္မာဒိဋ္ဌိရှိသူတို့မှမဂ်ဖိုလ်ရနိုင် သည်ကိုပြခြင်း။

ဤသို့ခန္ဓာငါးတန်။ ရုပ်နာမ်နှစ်ဖြာဟူသောသင်္ခါရတရားတို့ ၏သဘာဝလက္ခဏာ။ သာမညလက္ခဏာ နှစ်ပါးတို့ဖြင့် ငါးဆို တာကြားမညှပ်ရအောင် ပိုင်းဖြတ်ရှုမြင်တတ်စွာသည့်နာမရူပ ပရိစ္ဆေဒဉာဏ်အစရှိသည်တို့ဖြင့်။ ရုပ်နာမ်တည့်တည့်မြင်အောင်

ကြည့်နိုင်သည့်ဝိပဿနာသမ္မာဒိဋ္ဌိ၊ ဉာဏ်မျိုးမှသာလျှင်။အနမတဂ္ဂသံသရာကတခါတည်း စွဲကပ်၍ပါလာသောသက္ကာယဒိဋ္ဌိတရားယုတ်ကို ပစ်ထုတ်ရှင်းလင်းနိုင်သည့် အတွက်။ မဂ်ဖိုလ်နိဗ္ဗာန်ဟူသော လမ်းခရီးသို့တဖြောင့်တည်း ရော်စေရစေတော်သည့်မဂ္ဂသမ္မာဒိဋ္ဌိဉာဏ်ကိုရ၍၊မဂ်ဖိုလ်ကိုရနိုင်မည်ဟူမှတ်။

ထိုကြောင့်သံယုတ် အဋ္ဌကထာ၌။ ၊ဝိပဿနာသမ္မာဒိဋ္ဌိယာ အနိစ္စာဒိဝသေနခန္ဓာဒီသု သောဓိတေသု ပစ္ဆာဘုမ္မိလဒ္ဓံ ဝဋ္ဋံပရိစ္ဆိန္ဒမာနာမဂ္ဂသမ္မာဒိဋ္ဌိဥပ္ပဇ္ဇတိ။ ။ဟူဘွင့်ဆိုအပ်ပြီ။

ဝိပဿနာသမ္မာဒိဋ္ဌိယာ၊ ဝိပဿနာ ရှုကြည့်သောသမ္မာဒိဋ္ဌိဉာဏ်သည်။အနိစ္စာဒိဝသေန၊အနိစ္စစသည်တို့၏အစွမ်းအားဖြင့် ခန္ဓာဒီသု။ခန္ဓာစသောတရားတို့ကို။ ဝါ။ခန္ဓာစသောတရားတို့၌။ သောဓိတေသု။ ငါငါထင်ချက်။ သက္ကာယဒိဋ္ဌိတရားကိုပယ်ရှားသုတ်သင်အပ်ကုန်သည်ရှိသော်။ ပစ္ဆာ။နောင်ကာလ၌။ ဘုမ္မိလဒ္ဓံ။ အသိဉာဏ်၏တည်ရာကိုရသော။ ဝဋ္ဋံ။ချားရဟတ်ပမာ။ချာချာ ချစ်ပတ်။ သံသရာဝဋ်ကို။ ပရိစ္ဆိန္ဒမာနာ။ခိမိတို့သတ္တိရှိသည်နှင့် လျော်စွာ ပယ်ခွါစွန့်ပစ် နိုင်သော။ မဂ္ဂသမ္မာဒိဋ္ဌိ။ မဂ်ဉာဏ်ကို မြင်သိသော မဂ္ဂသမ္မာဒိဋ္ဌိဉာဏ်ပညာသည်။ ဥပ္ပဇ္ဇတိ။မှန်စွာစင်စစ်။ဖြစ်ပေါ်လာတတ်၏။ ။၍ကားအနက်။

၍အဋ္ဌကထာမိန့်ဆိုချက်ကိုလည်း။ ဉာဏ်ဖြင့်သက်ဝင်ဆင်ခြင်နှစ်နှော့မိပါမူ။ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်မှ။ မဂ်ဖိုလ်ရောက်နိုင်။ ရနိုင်ကြောင်းကိုလည်း။ ကောင်းကောင်းကြီးသိသင့်။ သိထိုက်လှပေသတည်း။

ဣတိဝုတ်ပါဠိတော်စသည်တို့နှိုက်လည်း။ ရုပ်နာမ်ဓမ္မသင်္ခါရတို့နှိုက်။ အနိစ္စ-စသောလက္ခဏာဖြင့်။ကောင်းစွာရှုကြည့်မှုဟူသော၊ဝိပဿနာဉာဏ်ပညာမရှိကြသဖြင့်။အနမတဂ္ဂသံသရာကတခါတည်းစွဲကပ်လျက် ပါလာသော၊သက္ကာယဒိဋ္ဌိတရားဆိုး၏ သွမ်းမိုးနှိပ်စက်မှုကို။သခုတိုင်ခံနေရကြသည့်သူကာ။ ငါကာ။သတ္တဝါတွေကို။ သေသေချာချာကြည့်စမ်းကြကုန်လော့။ချစ်သားတို့

ဟုသသိပြုကြရန်။ နှိုးဆော်တိုက်တွန်း ပြီး၍။ ငါငါ ထင်ချက်သက္ကာယဒိဋ္ဌိတရားဆိုးတို့၏ ပုံးလျှိုးဝင်အောင်း၍နေရာ။ ခန္ဓာငါးတန်၊ ရုပ်နာမ်ဓမ္မသင်္ခါရအစိုင်အခဲတို့ကို၊ ဖေါက်ခွဲရှုကြည့်နိုင်ပါမှ။ ငါဆိုတာဝင်မရှုပ်နိုင်ဘဲ။ နာမ်ရုပ်နှစ်ခုကိုသာအမှန်သိမြင်လိမ့်မည်။ နာမ်ရုပ်နှစ်ခုကိုသာ အမှန်သိမြင်က။ မဂ္ဂသမ္မာဒိဋ္ဌိဉာဏ်ပညာသည်။ကောင်းစွာဖြစ်လာ၊ ပေါ်လာ၍။ သစ္စာလေးပါးတရားကိုသိမြင်နိုင်လေ၏ဟု။ဟောတော်မူသည်။

ပညာယပရိဟီနေန။ ပဿ လောကံ သဒေဝကံ။
နိဝိဋ္ဌံနာမရူပသ္မိံ ဣဒံသစ္စန္တိ မညတိ။ ။
ပညာ ဟိ သေဋ္ဌာလောကသ္မိံ၊ယာယံနိဗ္ဗေဓဂါမိနီ။
သာ စ ယသ္မာ ပဇာနာတိ၊ဇာတိဘဝပရိက္ခယံ။ ။
ဣတိဝုတ်ပါဠိတော်။ ။

ဘိက္ခဝေ၊ရဟန်းတို့။ပညာယ။ ဝိပဿနာသမ္မာဒိဋ္ဌိဟူသောဉာဏ်ပညာမှ၊ပရိဟီနေန။ အားအန်မထုတ်သည့်အတွက်ဆုတ်ယုတ်လျက်နေကြခြင်းကြောင့်။ နာမရူပသ္မိံ။အကြောင်းသင်္ခါရတွေမချုပ်သမျှ၊ တလှုပ်လှုပ်နေကြသည့် သင်္ခါရဟူသောနာမ်ရုပ်နှစ်ပါးထဲ၌။နိဝိဋ္ဌံ။ ငါငါထင်ချက်သက္ကာယဒိဋ္ဌိတရားယုတ်၌နှစ်မြုပ်စွဲဝင်၍ နေကြသော၊ သဒေဝကံ။ နတ်ဗြဟ္မာနှင့်တကွသော၊ လောကံ။ရုပ်နာမ်နှစ်ဖြာ၊ ခန္ဓာငါးခုတို့၏အပေါင်းအစုမျှသာဖြစ်သောလောကကြီးကို။ ပဿ။ ဉာဏ်ပညာဖြင့်ကောင်းစွာရှုကြည့်စမ်းပါလော့။လောကသ္မိံ။ လောကသုံးပါး၌။ ပညာဟိပညာဧဝ။ဝိပဿနာဉာဏ်ပညာသည်သာလျှင်။-သေဋ္ဌာ။အမြတ်ဆုံးပေတည်း။ ယာယံပညာ။အကြင်ဝိပဿနာဉာဏ်ပညာသည်။ယသ္မာ။အကြင်ကြောင့်။ နိဗ္ဗေဓဂါမိနီ။ငါဆိုတာဝင်မရှုပ်ရအောင်၊နာမ်ရုပ် ၂ ခုကိုဖေါက်ခွဲ၍သွားနိုင်၏။သာစ။ထိုဝိပဿနာဉာဏ်ပညာသည်သာလျှင်။တသ္မာ။ ထိုသို့ငါဆိုတာဝင်မရှုပ်ရအောင်နာမ်ရုပ်နှစ်ခုကိုဖေါက်ခွဲ၍သွားနိုင်သောကြောင့်။ ဇာတိ

ဘာဝပရိက္ခယံ။ အဖြစ်ဟူသမျှ ငြိမ်း၍ ဇာသိမ်းရာ ဖြစ်သော နိဗ္ဗာန်တရားမြတ်ကို။ ပဇာနာတိ၊ ပေါက်ရောက်အောင်သိမြင်နိုင်လေ၏။ ။

သစ္စာလေးပါးကိုမြင်နိုင်၊သိနိုင်သောတရားသည်၊ဝိပဿနာပညာမှတပါး၊တချားပညာမရှိ၊ ဝိပဿနာနှင့်ယှဉ်သောပညာသည်သာလျှင်၊ နိဗ္ဗာန်မဂ်ဖိုလ်တရားများကို။ မြန်မြန်ကြီးရောက်စေတတ်၏။ မြန်မြန်ကြီးရစေတတ်၏၊ မြန်မြန်ကြီးရောက်အောင်ပို့နိုင်၏။ရုပ်နာမ်ဓမ္မသင်္ခါရတို့၌အနိစ္စ၊ဒုက္ခ၊အနတ္တ၊အသုဘလက္ခဏာတို့ဖြင့်ကောင်းစွာ ထင်မြင်အောင် ရှုကြည့်မှုဟူသောဝိပဿနာအလုပ်ကိုအားထုတ်မှုသည် မချေကန်အမြန်ရောက်စေတတ်သောနိဗ္ဗာန်လမ်းခရီးလည်းဖြစ်၏။ ထို့ကြောင့်ဝိပဿနာအလုပ်ကိုအားထုတ်၍နေကြသူတို့သည်။ နိဗ္ဗာန်လမ်းသို့နေ့စဉ်မပြတ်လျှောက်၍သွား၍နေကြကုန်သောသူတို့မည်ကုန်၏။ ။

ထို့ကြောင့်၊ ။ကတမော စ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ။ ဝိပဿနာ အယံ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ။ ။ဟု သံယုတ်ပါဠိတော်၌ဟောတော်မူပြီ။ ။

ဘိက္ခဝေ။ ရဟန်းတို့။ အသင်္ခတဂါမိမဂ္ဂေါ။ နိဗ္ဗာန်လမ်းသို့ဖြောင့်တန်းစွာရောက်ကြောင်းဖြစ်သော လမ်းခရီးသည်။ ကတမော စ။ အဘယ်နည်း။ ဝိပဿနာ။ ရုပ်နာမ်ဓမ္မ၊သင်္ခါရတို့၌အနိစ္စ၊ဒုက္ခ၊ အနတ္တလက္ခဏာဖြင့် ကောင်းစွာထင်မြင်အောင်ရှုကြည့်မှုဟူသောဝိပဿနာပေတည်း။ ဘိက္ခဝေ။ ရဟန်းတို့။ အယံ။ ဤဝိပဿနာ ဉာဏ်ပညာကို။ အသင်္ခတဂါမိမဂ္ဂေါ။ နိဗ္ဗာန်လမ်းသို့ဖြောင့်တန်းစွာရောက်ကြောင်းဖြစ်သောလမ်းခရီးဟူ၍။ ဝုစ္စတိ။ ဟောတော်မူအပ်၏။ ။ဤကားအနက်။ ။

ဤပါဠိတော်အဋ္ဌကထာသာဓကတို့ကို ထောက်စာ၍ကြည့်လိုက်ပါမူ။ဝိပဿနာအစစ်ဖြစ်သောအဓိပညာမှသာလျှင်။နိဗ္ဗာန်တရားမြတ်ကိုမြန်မြန်ကြီးရစေတတ်၊ ရောက်စေတတ်ကြောင်းကို။ ကောင်းကောင်းကြီးသိသင့်၊သိထိုက်လှပေသတည်း။ထို့ကြောင့်

မဂ်ဖိုလ်နိဗ္ဗာန်တရားမြတ်တို့ကို။ လျှင်လျှင်မြန်မြန်၊ဘဝတိုတိုနှင့် ရလို၊ ရောက်လို၊မျက်မှောက်ပြုလိုသူတို့သည်။ ဒါန၊သီလ၊သမထ ကုသိုလ်လောက်မျှနှင့်။ တင်းတိမ်အားရ၊စိတ်လက်ချ၍မနေသော သေးဘဲ။မိတ်ဆုံးအဖျင်းဆုံးအားဖြင့်ဂတိအလားမြဲသူ ရှဥ္စသော တာပန်စခန်း၊ သည်အထက်သို့လှမ်းလျှင်မဂ်ဖိုလ်နိဗ္ဗာန်ဟုသော ရည်သန်တောင့်တရင်းစခန်းသို့။ တန်းတန်းမတ်မတ် ဆိုက်ကပ် ပေါက်ရောက် စေတတ်သည့်။ ဝိပဿနာ ဉာဏ်ပညာများကို လည်း။ကြိုးစားကျပ်ကပ်၍။အရယူအပ်လှပေသတည်း။

## ၁၃။ ။ဒါန၊သီလ၊သမထ၊ဝိပဿနာလေးခုကို၊ ယှဉ်တွဲ၍ပြခြင်း။

ယခုရေးသားပြဆိုခဲ့သည့် ဝိပဿနာပညာအစစ်မှ၊ နိဗ္ဗာန်ရောက်ကြောင်းတရားအစစ် ဖြစ်ခဲ့ပါမူ၊ဒါန၊ သီလ၊ သမထဟူသော ကမ္မဿကတာသမ္မာဒိဋ္ဌိ၊ ဈာနသမ္မာဒိဋ္ဌိ ဟူသောအသိဉာဏ်ပညာတို့သည်။ နိဗ္ဗာန်ရောက်ကြောင်းတရားများပင်။ မဟုတ်ပါဘူးလား၊ နိဗ္ဗာန်ကိုမရောက်နိုင်။ မရနိုင်ပါဘူးလားဟုဆိုငြားအံ့။ ၎င်းတရားတို့သည်လည်း။ နိဗ္ဗာန်ရောက်ကြောင်းတရားပင်ဖြစ်ကြကုန်၏။ နိဗ္ဗာန်ကိုရောက်စေတတ်ကုန်၏။ နိဗ္ဗာန်ကိုရစေတတ်ကုန်၏၊ ရောက်ပုံ၊ ရပုံများကိုထင်ရှားသိသာအောင်ဥပမာတခုဖြင့်ပြအံ့။

လှေတစင်းကိုစီးနင်းလျက် ကမ်းတဘက်သို့ ကူးသွားကြကုန်သောသူတို့သည်။ အလိုရှိရာကမ်းတဘက်သို့ရောက်ကြလေကုန်ရာ၏။ ၎င်းသို့ကမ်းတဘက်သို့ရောက်ကြရာ၌၊ လှေသည်ရေမလုံဘဲ၊ ပျက်ပွဲစိမ့်ယိုပါလျှင်လည်း ၊ကမ်းတဘက်သို့မရောက်နိုင်ကြလေကုန်ရာ။ ။လှေကပင်ရေလုံပါသော်လည်း။ ပဲ့သူမပါခဲ့လျှင်၊ လိုရာကမ်းသို့တန်းတန်းမတ်မတ် မရောက်နိုင်ကြလေကုန်ရာ။ ။ပဲ့သူပင်ပါပြန်ပါသော်လည်း။ ခပ်တက်မပါခဲ့လျှင် လို

ရာကမ်းသို့တန်းတန်းမတ်မတ် မရောက်နိုင်ကြလေကုန်ရာ။ ခပ်တက်ပင်ပါပြန်သော်လည်း။ တက်ခပ်သူမရှိခဲ့လျှင်။လိုရာကမ်းသို့တန်းတန်းမတ်မတ်မရောက်နိုင်ကြလေကုန်ရာ၊လှေလုံခြင်း၊ပဲ့သူပါခြင်း၊ ခပ်တက်ပါခြင်း၊ ခပ်သူပါ၍ခပ်ခြင်း၊ ဟူသောအင်္ဂါလေးပါးရုံလင်မှသာ၊ လိုရာကမ်းသို့ တန်းတန်းမတ်မတ်ရောက်နိုင်ကြသည့်အတွက်၊ လှေကြောင့်ရောက်သည်ဟူ၍လည်းဆိုရ၏၊ ပဲ့သူကြောင့်။ ရောက်သည် ဟူ၍လည်းဆိုရ၏၊ ခပ်တက်ကြောင့် ရောက်သည် ဟူ၍လည်း ဆိုရ၏။ ခပ်သူ ကြောင့်ရောက်သည်ဟူ၍လည်း ဆိုရ၏။ သို့ရာတွင်၊ ခပ်သူသည်သာလျှင်၊ လိုရာကမ်းသို့ရောက်ခြင်းမှာ အနီးကပ်ဆုံးသောအာသန္နအကြောင်းစင်စစ်ဖြစ်၏။ ထွင်းသောအကြောင်းသုံးခုတို့သည်ကား။အတန်ငယ်ဝေးလှသောဒူရအကြောင်းတို့သာဖြစ်ကြလေကုန်၏။အဘယ့်ကြောင့်နည်းဟူမူ၊ဤလူတွေနှင့်လှေသည်၊ တက်ကိုမြန်မြန်ခပ်နိုင်လျှင် မြန်မြန်ရောက်၏၊ နှေးနှေးခပ်လျှင်၊ ဖြေးဖြေးမှရောက်သောကြောင့်တည်း။ဤကားဥပမာ။

ဤဥပမာ၌ဒါနသည်လှေနှင့်တူ၏။ သီလသည်၊ ပဲ့သူနှင့်တူ၏၊ သမထသည် ခပ်တက်နှင့်တူ၏။ ဝိပဿနာသည် ခပ်သူနှင့်တူ၏၊ထိုဥပမာနှင့်ညီစွာဝိပဿနာအလုပ်များကို၊တွင်တွင်ကြိုးစား၍အားထုတ်လျှင် မဂ်ဖိုလ်နိဗ္ဗာန်ကိုမြန်မြန်ရစေ၊ရောက်စေဘိ၏။ ဝိပဿနာကိုတွင်တွင်အားမထုတ်ကြလျှင်။ ဖြေးဖြေးသာသာကာလအလွန်ရှည်ကြာမှ၊ ကျွန်းသောင်ပေါ်များထူထပ်လှသောချောင်းထဲမြစ်ထဲသို့ဖြောချလိုက်သော သစ်တုံးနှင့်တူစွာ၊အခါအခွင့်၊အလွန်သင့်ပါမှ၊မဟာသမုဒြာနှင့် တူသောနိဗ္ဗာန်သို့ရောက်ရာ၏၊ ဝိပဿနာပညာ အလုပ်ကိုလုံးလုံးပစ်ထား၊ မိတ်မိတ်သားအားမထုတ်ကြမူ၍၊ အားမထုတ်ကြဘူးသူတို့မှာ အလကားသက်သက်။ဘာသာလဝါစားသောက်ခါနှင့်။ နိဗ္ဗာန်ကိုရသူဟူ၍မရှိချေ။ထိုကြောင့်ပညာရှိသူခမိန်တို့က။ ။

သံသာရတရဏာဏ္ဍာဟာယ၊မဟောဋ္ဌမ္ဘါနိဗ္ဗန္တထ။
ဘာဝနာဒါနသီလေဟိ၊တိပိဋကတ္တိဋ္ဌောဘာဝဏ္ဏဝေါ။ ၊
ဟုနိမ္မာန်ရောက်ကြောင်းတရားတို့ကိုညွှန်ပြတော်မူလေပြီ။ ။
အနက်ကား။

ဘဝဏ္ဏဝေါ၊ဘဝသုံးပါးဟူသောသမုဒ္ဒရာသည်။ အတိဝိတ္တိဋ္ဌော၊ အလွန်ကျယ်လှစွာသည်။ ဟောတိ ဖြစ်၏။ သံသာရတရဏာဏ္ဍာဟာယ၊ အလွန်အမင်း ကျယ်လှစွာသော သံသရာ ဟူသော သမုဒ္ဒရာကြီးကိုကူးခြင်းအကျိုးငှါ။ ဘာဝနာဒါန သီလေဟိ။ဒါန၊ သီလ၊သမထ၊ ဝိပဿနာတရားတို့ဖြင့်။ မဟောဋ္ဌမ္ဘါနိ၊ ကြီးစွာသောလှေဘောင်သင်္ဘောတို့ကို၊ ဗန္ဓထ၊ပြည့်ဝဥဿုံ၊အကုန်စုံအောင်၊ ဖွဲ့နှောင်အားထုတ်ကြလေကုန်လော့။ ။ဟူ၍တိုက်တွန်းအားပေးချက်ကို သက်ဝင်ယုံကြည်ကြသူတို့သည်၊ဘုရားမြတ်စွာသာသနာဟူသောရောင်ဝါနေဝန်း၊ ထွန်းလင်းတောက်ပခိုက်အခါနှင့် ကောင်းစွာကြုံတွေ့ကြပါလျက်၊ ဒါန၊ သီလ၊သမထဟူသောဗာဟိရကသမ္ဘာဒိဋ္ဌိ လောက်ကိုရကြရုံမျှနှင့်။စိတ်ချလက်ချ အားရတင်းတိမ်မနေသာသေးဘဲ၊ ဝိပဿနာပညာအစစ်များကို အားသစ်ကြိုးစား။ သင်ကြားဆောင်ရွက်၊ လေ့ကျက်စဉ်းစားနှလုံးထားခြင်းအမှုကိုပြုထိုက်လှပေသတည်း။

၁၄။ မိစ္ဆာဒိဋ္ဌိအယူတို့၏အပြစ်ကြီးမားပုံကိုပြခြင်း။

ဤသို့ အားဖြင့် ယခု အထပ်ထပ်အခါခါ ကောင်းစွာထုတ်ပြအပ်တည့် ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့်ကောင်းစွာမသတ်ဖြတ်မနှိပ်နင်း မဖျက်ဆီးရသည့် ခြောက်ဆဲ့နှစ်ဖြာမိစ္ဆာဒိဋ္ဌိအယူ ရှိကြသူတို့သည်။ ၎င်းဒိဋ္ဌိ အယူနှင့်သေကြရသည်ရှိသော်၊ လူ့ပြည်နတ်ရွာချမ်းသာ သုဂတိများကိုပင် တားမြစ်တင်လျက်။ မဂ်ဖိုလ် နိမ္မာန် တရားများကို အားကြီး ပိတ်ပင်တတ်သည်ဖြစ်၍။ သူသူငါငါ။သံသရာခရီးသွားတို့မှာ။သံသရာ

ဝဋ်ထဲ၌၊ အမြဲနှစ်မြုပ်ကြလျက် ဘဝမှ မထမြောက်နိုင်ဘဲ။ အပါယ်ငရဲစသည်တို့မှာသာ ကျင်လည် ပျော်ပါး၍ နစ်မြုပ်၍သွားစေတတ်သည့်၊ မိစ္ဆာဒိဋ္ဌိအယူဆိုတာသည်၊ များစွာသောအပြစ်ဟူသမျှတို့ထက်၊ ထူးခြားကဲလွန်သောအပြစ်ရှိကြောင်းများကို ဘုရားသခင်ကအင်္ဂုတ္တရပါဠိတော်တွင်။

နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မံပိ သမနုပဿာမိ၊ ယံဧဝံ မဟာသာဝဇ္ဇံ။ ယထယိဒံ ဘိက္ခဝေ မိစ္ဆာဒိဋ္ဌိ။ မိစ္ဆာဒိဋ္ဌိ ပရမာနိ ဘိက္ခဝေ ဝဇ္ဇာနိ။ ။ဟူ၍ဟောတော်မူသည်၊ ။အနက်ကား။ ။ ဘိက္ခဝေ၊ရဟန်းတို့။ ဧဝံ၊ ဤတရားအတူ။ ယံမဟာသာဝဇ္ဇံ၊အပြစ်ကြီးမားသောအပြစ်ရှိသော။ ဧကဓမ္မံပိ၊ တခုသောတရားကိုမျှလည်း၊အဟံ၊ငါဘုရားသည်၊ န သမနုပဿာမိ၊မမြင်တော်မမူ။ဘိက္ခဝေ၊ရဟန်းတို့၊ ဣဒံ၊ဤအပြစ်ကြီးမားလှသောတရားဟူသည်၊ ယထာ၊အဘယ်တရားနည်း၊မိစ္ဆာဒိဋ္ဌိ၊ခြောက်ဆယ့်နှစ်ပြား၊မိစ္ဆာဒိဋ္ဌိတရားတည်း၊ ဘိက္ခဝေ၊ရဟန်းတို့။ ဝဇ္ဇာနိ၊အပြစ်ဟူသမျှတို့သည်။ မိစ္ဆာဒိဋ္ဌိပရမာနိ၊ မိစ္ဆာဒိဋ္ဌိ အယူသည်သာလျှင်၊များစွာလွန်ကဲသောသဘောရှိကုန်၏။ ။ဤကားအနက်။

---

## ၁၂။ သက္ကာယဒိဋ္ဌိမှန်ကဧကန်အပါယ် ကျပုံကိုပြခြင်း။

ဤပါဠိတော်ကိုဖွင့်ပြရာမနောရထပူရဏီအဋ္ဌကထာ၌။နတ္ထိကဒိဋ္ဌိ၊အဟေတုကဒိဋ္ဌိ၊အကြိယဒိဋ္ဌိသုံးပါးသည်နတ် ပြည်ကိုလည်းတားမြစ်တတ်၏။မဂ်ကိုလည်းတားမြစ်တတ်၏။နတ္ထိဒိန္နံ၊နတ္ထိယိဋ္ဌံစသည်ဖြင့်ပေးလှူ ပူဇော်ခြင်းစသည်ကိုအကျိုးမရှိဟုယူသောဒသဝတ္ထုကအန္တဂ္ဂါဟိကမိစ္ဆာဒိဋ္ဌိ အယူသည်။မဂ်ဖိုလ် ကိုသာတားမြစ်နိုင်၏။နတ်ပြည်လားခြင်းကိုမတားမြစ်နိုင်။သက္ကာယဒိဋ္ဌိနှစ်ဆယ်သည်။ နတ်ပြည်ကိုလည်းမတားမြစ်နိုင်။ မဂ်ကိုလည်းမတားမြစ်နိုင်ဟုယူကြသောအယူများတို့ကို ပယ်ရှားတုတ်ပစ်

ပြီး၍။ ကျောက်ခဲမှန်ကရေမှာကျခဲ့သော်။ မချစင်စစ်အောက်သို့
သာနစ်မြုပ်လေသကဲ့သို့။ ထို့အတူမိစ္ဆာဒိဋ္ဌိ အယူဆိုကား။ ငါငါ
ထင်ချက် သက္ကာယဒိဋ္ဌိ အယူမျှဖြင့်လည်း စွဲလမ်းကပ်ငြိလျက်
သေလွန်၍သွားမူ၊ ထင်ရှားကြောင်း အမှန်မုချ အပါယ်သို့သာလျှင်
ကျရောက်ရမည်ဟု-အဘည်ကြကြ။ ဝိနိစ္ဆယ စကားဖြ[illegible] ရေး
သားဆုံးဖြတ်တော်မူလို၍။ ။မိစ္ဆာဒိဋ္ဌိယာ ဘိက္ခဝေ သမန္နာ
ဂတာတိ ဝေနတော၊လ။ အန္တမသော ဝိသတိဝတ္ထုကံ သက္ကာ
ယဒိဋ္ဌိံ ဥပါဒါယ ဒိဋ္ဌိနာမ သဂ္ဂံ ဥပနေတုံ သမတ္ထာနာမ နတ္ထိ။
ကေန္တံ နိရယသ္မိံ ယေဝ နိမုဇ္ဇာ ပေတိတိ ဝုတ္တံ၊ ယထာဟိ မဂ္ဂ
မာသပ္ပမာဏာပိ ပါသာဏာ သက္ခရာ ဥဒကေ ပတိတာ ဥပရိ
ပလဝ မာနာနာမ နတ္ထိ၊ ကေန္တံ ဟေဋ္ဌာဝ ပဝိသတိ၊ ဝေမေဝံ
အန္တမသော သက္ကာယဒိဋ္ဌိပိ သဂ္ဂံ ဥပနေတုံ သမတ္ထာနာမ နတ္ထိ၊
ကေန္တံ အပါယေသုယေဝ နိမုဇ္ဇာပေတိဘိ၊ ။ဟုမိန့်ပြီ။ ။အ
နက်ကား။ ။မိစ္ဆာဒိဋ္ဌိယာဘိ ဘိက္ခဝေ သမန္နာ ဂတာတိ၊လ။ သမန္နာ
ဂတာ ဟူ၍၊ ဝေနတော၊ ဟောကြားတော်မူသောကြောင့်၊လ။
အန္တမသော၊ ဗိဘ်ဆုံးအားဖြင့်။ ဝိသတိဝတ္ထုကံ၊ စွဲ၍ရာဝတ္ထုနှစ်
ဆယ်ရှိသော၊ သက္ကာယဒိဋ္ဌိံ၊ ။ငါငါထင်ချက်သက္ကာယဒိဋ္ဌိအယူ
ပျက်ကို။ ဥပါဒါယ၊ အစပြု၍၊ ဒိဋ္ဌိနာမ၊ အယူမှားမည်သည်ကား၊
သဂ္ဂံ၊ နတ်ရွာသုဂတိသို့။ ဥပနေတုံ၊ ဆောင်ခြင်းငှါ။ သမတ္ထာနာမ၊
စွမ်းနိုင်သောအယူမှားမည်သည်။ နတ္ထိ၊ မရှိချေ။ ကေန္တံ၊ စင်စစ်
ကြောင်း။ နိရယသ္မိံယေဝ၊ ငရဲ၌သာလျှင်။ နိမုဇ္ဇာပေတိတိ၊ နစ်
မြုပ်စေတော်၏ဟူ၍။ ဝုတ္တံ၊ ဆိုအပ်ပြီ။ ဟိ၊ ထိုစကားကို ထင်
ရှားသိသာအောင်ဥပမာဖြင့်ပြအံ့။ မဂ္ဂမာသပ္ပမာဏာပိ၊ ပဲနေ့ခံ
လုံး။ ပဲကြီးစေ့ခန့်ပမာဏရှိကြသော်လည်း။ ပါသာဏာသက္ခရာ၊
ကျောက်ခဲ-ကျောက်စရစ်သည်။ ဥဒကေ၊ ရေ၌။ ပတိတာ၊ ကျ
သည်ရှိသော်။ ဥပရိ၊ ရေပေါ်၌။ ပလဝမာနာနာမ၊ ပေါလောပေါ်၍
နေသောကျောက်ခဲကျောက်စရစ်တို့မည်သည်၊ နတ္ထိ။ မရှိကုန်။
ကေန္တံ၊ စင်စစ်။ ဟေဋ္ဌာဝ၊ အောက်သို့သာလျှင်။ ပဝိသတိ ယထာ။

မြုပ်နှစ်သက်ဝင်လေတော့သကဲ့သို့။ ဝေမေဝ။ ဤအတူသာလျှင်။ အန္တမသော။ ဗိတ်ဆုံးအားဖြင့်။ သက္ကာယဒိဋ္ဌိပိ။ ငါငါထင်ချက် သက္ကာယဒိဋ္ဌိအယူပျက်သည်လည်း။ သဂ္ဂံ။ နတ်ရွာသုဂတိသို့။ ဥပနေတုံ။ ရောက်အောင်ဆောင်ခြင်းငှါ။ သမတ္ထာ နာမ။ စွမ်းနိုင်သောဒိဋ္ဌိအယူမည်သည်။ နတ္ထိ။ မရှိချေ။ ဧကန္တံ။ အမှန်စင်စစ်။ အပါယေသုယေဝ။ အပါယ်လေးဘုံတို့၌ သာလျှင်။ နိမ္မုဇ္ဇာပေတိ။ မြုပ်နှစ်စေတတ်၏။ ဣတိ။ ဤသို့မှတ်ရမည်။ ။ဤကားအနက်။ ။ ဤအဋ္ဌကထာ အလိုအားဖြင့် ဒိဋ္ဌိအယူမှန်က။ ဧကန်အပါယ်ကျကြောင်းကိုပြသည်။

---

## ၁၆။ ။နတ္ထိက။အဟေတုက။အကြိယဒိဋ္ဌိကြီးတို့မှကမ္မပထ မြောက်သည်ကိုပြခြင်း။

နတ္ထိကာဟေတုက အကြိယဒိဋ္ဌိဟိဝေ ကမ္မ ပထ ဘေဒေါ ဟောတိ။နအညဒိဋ္ဌိဟိ။ ။ဓမ္မသင်္ဂဏီအဋ္ဌကထာ။

အကြိယာဟေတုကနတ္ထိက ဒိဋ္ဌိယောဝေဟိ ကမ္မပထပတ္တ ဒိဋ္ဌိယော။ ။သံယုတ်ဋီကာ။

နတ္ထိကာဟေတုကအကြိယဒိဋ္ဌိဟိဝေ။ နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ။အကြိယဒိဋ္ဌိတို့သည်သာလျှင်။ ကမ္မပထဘေဒေါ။ အပါယ်လားကြောင်း မကောင်းမှုကံမြောက်သည်။ ဟောတိ။ဖြစ်၏။အညဒိဋ္ဌိဟိ။ တပါးသောအန္တဂ္ဂါဟိကဒိဋ္ဌိ။ သက္ကာယဒိဋ္ဌိတို့သည်။ကမ္မပထဘေဒေါ။ အပါယ်လားကြောင်း မကောင်းမှုကံမြောက်သည်။န။မဟုတ်။ ။ဓမ္မသင်္ဂဏီအဋ္ဌကထာနက်။ ။

ဟိသစ္စံ၊ ထိုစကားမှန်၏။ အကြိယာဟေတုက နတ္ထိက ဒိဋ္ဌိယောဝေ။အကြိယဒိဋ္ဌိ။အဟေတုကဒိဋ္ဌိ။နတ္ထိကဒိဋ္ဌိတို့သည်သာလျှင်။ကမ္မပထပတ္တဒိဋ္ဌိယော။ အပါယ်လားကြောင်း မကောင်းမှုကံမြောက်သောဒိဋ္ဌိမည်သည်ကုန်၏။ ။သံယုတ်ဋီကာနက်။

## ၁၇၊ ။နတ္ထိကဒိဋ္ဌိယူပုံကိုပြခြင်း။

၁၊ နတ္ထိဒိန္နံ၊ ပေးအပ်သော အလှူဆယ်မျိုးတို့၏အကျိုးမ ရှိဟုယူခြင်း။
၂။ နတ္ထိယိဋ္ဌံ၊အလုံးစုံသောသူတို့နှင့်ဆက်ဆံသောအလှူ ကြီးပေးခြင်း၌အကျိုးမရှိဟုယူခြင်း။
၃၊ နတ္ထိဟုတံ၊ဧည့်သည်အာဂန္တုတို့အား။ပြုအပ်သောပူ ဇော်သက္ကာရသည့်အကျိုးမရှိဟုယူခြင်း။
၄၊ နတ္ထိ သုကတ ဒုက္ကဋာနံဖလံ ဝိပါကော၊ ကုသိုလ်ကံ အကုသိုလ်ကံနှစ်မျိုးတို့၏ အကျိုးရင်းအကျိုးပွားမရှိ ဟုယူခြင်း။
၅။ နတ္ထိအယံလောကော၊ဘဝတပါး၌တည်သောသူ၏ကံ ကြောင့်ရအပ်သော ဤပစ္စုပ္ပန်လောကမရှိဟုယူခြင်း။ (တည်ရာဘဝ၌သာ။သေပြီးသည့်နောက်။ပျော်ပျက် ချုပ်ဆုံး။လက်စတုံးတော့သည်ဆိုလိုသည်။)
၆။ နတ္ထိပရောလောကော၊ တပါးသောသံသရာ၊တမလွန် လောကမည်သည်မရှိဟုယူခြင်း။(မိမိတည်နေသော ဤဘဝ၌သာ ပျောက်ပျက်သေဆုံး လက်စတုံးတော့ သည်ဆိုလိုသည်။
၇၊ နတ္ထိမာတာ၊ အမိ၌ကောင်းစွာ ကျင့်ခြင်း၊ မကောင်း ကျင့်ခြင်းတို့သည်။အကျိုးလည်းမဖြစ်၊အပြစ်ထည်းမ ရှိဟုယူခြင်း။
၈၊ နတ္ထိပိတာ၊ အဘ၌ ကောင်းစွာကျင့်ခြင်း။ မကောင်း ကျင့်ခြင်းတို့သည်။အကျိုးလည်းမဖြစ်အပြစ်လည်းမရှိ ဟုယူခြင်း။
၉၊ နတ္ထိသတ္တာဩပပါတိကာ၊ဘဝတပါး၌သေလွန်စုတေ ပြီးနောက်။တဖန်ဘဝအသစ်၌ဖြစ်သောသူဟူ၍မရှိဟု ယူခြင်း။

၁၀။ နတ္ထိလောကေ သမဏာ ဗြဟ္မဏာသမဂ္ဂတာ သမ္မာ ပဋိပန္နာ၊ လောက၌ ကိလေသာငြိမ်းခြင်းသို့ရောက်ကြောင်း။ ကောင်းသောအကျင့်ကို ကျင့်တတ်ကုန်သော ရဟန်း။ပုဏ္ဏား။ဘုရား။ပစ္စေကဗုဒ္ဓါ။ အရိယာတို့မည်သည်မရှိကြကုန်ဟုယူခြင်း။

ဩဒသဝဏ္ဏုကာမိဥာဏ်ဂွါဒိ ဠ္ဌအရှုတို့သည်၊ လောက၌ ဘယ်လိုပင်ပြုကျင့်သော်လည်း။ ကုသိုလ် အကုသိုလ်ကံနှစ်ပါးတို့၏ အကျိုးမရှိဟု၊အကျိုးကို ပယ်ပစ်တတ်သောကြောင့်။ နတ္ထိကဒိဋ္ဌိမည်၏ဟုအဋ္ဌသာလိနီ။ ပဍ္ဍိသဒ္ဓိဒါမဂ်၊ သီလက္ခန်စသောအဋ္ဌကထာတို့မှာဘွင့်ဆိုသည်။

---

၁၈။ ။အဟေတုကဒိဋ္ဌိယူပုံကိုပြခြင်း။

နတ္ထိ ဟေတု နတ္ထိ ပစ္စယော သတ္တာနံ သံကိလေသာယ၊စသောသီလက္ခန်ပါဠိတော်စသည်တို့နှင့်အညီ။ သတ္တဝါတို့၏ငြစ်ငြူးခြင်း။ ဆင်းရဲခြင်းအကျိုးဌါ။ အကုသိုလ်ကံ ဟူသော အကြောင်းအထောက်အပန့်ဟူ၍မရှိ။ အကြောင်းအထောက် အပန့်မရှိဘဲ၊ သတ္တဝါတို့သည်ငြစ်ငြူးရကုန်၊ ဆင်းရဲရကုန်၏ဟု ယူမှားခြင်း။

နတ္ထိဟေတု နတ္ထိပဿဃော သတ္တာနံ ဝိသုဒ္ဓိယာ၊စသောဝင်းပါဠိတော်စသည်တို့နှင့်အညီ သတ္တဝါတို့၏ ဖြူစင်သန့်ရှင်းချမ်းသာခြင်းအကျိုးဌါ ကုသိုလ်ကံဟူသော အကြောင်းအထောက်အပန့်ဟူ၍မရှိ။အကြောင်းအထောက်အပန့်ဟူ၍မရှိဘဲ၊သတ္တဝါတို့သည်ဖြူစင်သန့်ရှင်းချမ်းသာခြင်းရှိကြကုန်၏ဟု ယူမှားခြင်းစသည်တို့သည်။ အကြောင်းကံကိုပယ်ခြင်းကြောင့် အဟေတုကဒိဋ္ဌိမည်၏ဟု သီလက္ခန် အဋ္ဌကထာ၊ မဇ္ဈိမနိကာယ် အဋ္ဌကထာ၊စသည်တို့မှာဘွင့်ဆိုသည်၊

## ၁၉။ ။အကြိယဒိဋ္ဌိယူပုံကိုပြခြင်း။

ကရောတော နကရိယတိ ပါပံ၊ ဟူသော သီလက္ခန်ပါဠိတော်စသည့်တို့နှင့်အညီ။သူ့အသက်ကိုသတ်ခြင်း။ သူ့ဥစ္စာကိုခိုးခြင်း၊ သူ့သားမယားကိုပြစ်မှားခြင်း။ မုသားပြောဆိုခြင်း။ စသော မကောင်းမှု ဒုစရိုက်ကံတို့ကိုပြုသော်လည်း။ မကောင်းကျိုးပေးတတ်သော အကုသိုလ်ကံကို။ ကျူးလွန်ပြုကျင့်သည်မမည်၊ ပြုကျင့်ရာမရောက်ဟုယူမှားခြင်း။

နတ္ထိပုညဿအာဂမော၊စသောရင်းပါဠိတော်စသည်တို့နှင့် အညီ။ လှူဒါန်းပေးကမ်းခြင်း။ သီလသီတင်းဆောက်တည်ခြင်း။ ကိုယ်နှုတ်နှလုံးကို စောင့်ရှောက်ချုပ်တည်းခြင်းစသော ကောင်းမှု ကုသိုလ်ကံကိုပြုသော်လည်း။ကောင်းကျိုးမပေးတတ်။ကောင်းကျိုးပေးတတ်သော ကောင်းမှုကုသိုလ်ကံကို ပြုသည်မမည်။ ကုသိုလ်ကံကို ပြုရာမရောက်၊ ကုသိုလ်ကံဟူ၍မရှိ။ မဟုတ်ဟု ယူမှားခြင်းဟူသော ဤဒိဋ္ဌိအယူသည်။ ပြုအပ်သောအကုသိုလ် ကံ။ ကုသိုလ်ကံနှစ်ပါးကိုပင်။ ပယ်ပယ်သောကြောင့်။ အကြိယ ဒိဋ္ဌိမည်၏ဟုယခင်အဋ္ဌကထာတို့တွင်ဘွင့်ဆိုသည်၊

ဤမိစ္ဆာဒိဋ္ဌိအယူသုံးမျိုးတို့တွင်။ တတိယဖြစ်သောအကြိယ ဒိဋ္ဌိအယူသည်။ ပုရာဏကဿပ အယူမျိုးတည်း၊ ပဌမဖြစ်သော နတ္ထိက ဒိဋ္ဌိအယူသည်။အဇိတအယူမျိုးတည်း။ ဒုတိယဖြစ်သော အဟေတုကဒိဋ္ဌိအယူသည်။ မက္ခလိဂေါသာလ အယူမျိုးတည်း ဟုသီလက္ခန်အဋ္ဌကထာစသည်တို့၌ဘွင့်ပြသည်၊ရင်းနတ္ထိက။အ ဟေတုက။အကြိယဒိဋ္ဌိကြီးသုံးမျိုးတို့မှသာ ကမ္ဘာပထမြောက်၍။ အပါယ်ကျစေတော်သည့်ဟု အဋ္ဌသာလိနီစသော အဋ္ဌကထာ တို့မှာဆိုသည်။

---

## ၂၀။ ။သက္ကာယဒိဋ္ဌိအယူသည်နတ်ပြည်မတား နိုင်သည်ကိုပြခြင်း။

တာသဗ္ဗာပိမဂ္ဂါဝရဏာ၊ နသဂ္ဂါဝရဏာ၊ ပဌမမဂ္ဂဝဇ္ဈာတိ

ဝေဒိတဗ္ဗာ။ ။ဓမ္မသင်္ဂဏီအဋ္ဌကထာ၊ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၊သံယုတ်အဋ္ဌကထာစသည်၌ ။အနက်ကား။ ။သဗ္ဗာပိ၊အလုံးစုံလည်းဖြစ်ကုန်သော၊ တာ၊ သဿတ-ဥစ္ဆေဒနှစ်ခုယော်စပ်လျက်ရှိသည့်သက္ကာယဒိဋ္ဌိနှစ်ဆယ်တို့သည်၊ မဂ္ဂါဝရဏာ၊ မဂ်တရားကိုသာတားမြစ်နိုင်ကုန်၏။နသဂ္ဂါဝရဏာ၊နတ်ပြည်ကိုမူကားမတားမြစ်နိုင်ကြလေကုန်၊ ပဌမမဂ္ဂဝဇ္ဈာတိ၊ သောတာပတ္တိမဂ်ဉာဏ်ဖြင့် ထွန်းလှန်ပယ်သတ် အပ်ကုန်၏ဟူ၍။ ဝေဒိတဗ္ဗာ၊သိအပ်ကုန်၏။ ။

ဤအဋ္ဌကထာကြီးတို့မိန့်ဆိုချက်အရ။ သက္ကာယဒိဋ္ဌိနှစ်ဆယ်သည် နတ်ပြည်မတားပုံကား။ ဤသက္ကာယဒိဋ္ဌိနှစ်ဆယ်တို့တွင်။ ဥစ္ဆေဒဒိဋ္ဌိ၊ ငါးမျိုး။ သဿတဒိဋ္ဌိတဆဲ့ငါးမျိုးပါရှိသည့်အနက်။ ဥစ္ဆေဒဒိဋ္ဌိအယူရှိသူတို့သည်။ခန္ဓာငါးတန်ရုပ်နာမ်ဓမ္မသင်္ခါရတရားအစုတို့သည်။မျက်တောင်တခတ်။လျှပ်တပြက်လေမှာ။အခါအကြိမ်ပေါင်းများစွာချုပ်ပျောက်သေဆုံး၍နေကြမှုဟူသောဥဒယဗ္ဗယအနိစ္စလက္ခဏာတို့ကို။ကောင်းစွာနားမလည်၊မသိမမြင်သည့်အတွက်။ငါငါ၊သူသူဟုထင်မှတ်ကြသည့်အတ္တဇီဝဟူသောအသက်ဝိညာဉ်နှင့်။ ရုပ်တရားကိုတသားတည်း၊ တထပ်တည်း၊တခုတည်းသာဟု မီးရောင်နှင့်မီးတောက်ကိုတခုတည်းယူသကဲ့သို့။ရုပ်တရားနှင့်အတ္တဇီဝဟူသော အသက်ဝိညာဉ်ကိုလည်းတခုတည်းသာဟုယူ၍။ ငါငါထင်မှတ်ကြသည့်အတ္တဇီဝဟူသောဝိညာဉ်အသက်သည်တဘဝလုံးမှာ။တသက်လုံးမှာအခိုင်အမြဲတခုတည်းသာလျှင်တည်နေသကဲ့သို့။ ရုပ်တရားသည်လည်း။တဘဝလုံးမှာ၊တသက်လုံးမှာ အခိုင်အမြဲတခုထဲအဖြစ်နှင့်သာတည်နေသည်။တဘဝဆုံး၍ ဓတိကမ္မဇရုပ်ချုပ်ပျောက်သေဆုံးရာတွင်မှ၊ ၎င်းအတ္တဇီဝဟူသောအသက်ဝိညာဉ်သည်လည်း။တခါသာချုပ်ပျက်သေဆုံးသည်ဟုယူသည်ကားဥစ္ဆေဒဒိဋ္ဌိအယူတည်း။

ရုပ်တရားသည် ငါငါထင်မှတ်သည့်၊ အတ္တဇီဝဟူသောအ

သက်ဝိညာဉ်မဟုတ်၊ နာမ်တရားသည်သာငါငါထင်မှတ်သည့် အတ္တဇီဝဟုသောအသက် ဝိညာဉ်ဖြစ်သည်ဟူ၍၎င်း။ ရုပ်နာမ် ခန္ဓာတရားတို့မှအလွတ်အသီးအခြား ငါငါထင်မှတ်သည့် အတ္တ ဇီဝဟုသောအသက်ဝိညာဉ်ဆိုတာသည်ရှိသေးသည်ဟူ၍၎င်း အယူရှိသူတို့သည်။ စုတိကမ္မဇရုပ်ချုပ်ပျောက် သေဆုံးသော အခါ။ ရုပ်ခန္ဓာသာလျှင်ချုပ်ပျက်သေဆုံးသည်။ သို့မဟုတ်ရုပ် ခန္ဓာ၊နာမ်ခန္ဓာနှစ်ပါးပင်သေဆုံးကြပြီ၊ငါငါထင်မှတ်သည့်အတ္တ ဇီဝဟုသောအသက်ဝိညာဉ်သည်မူကားချုပ်ပျက်သေဆုံးသည် ဟူ၍မရှိ။သစ်တပင်သေလျှင်သစ်တပင်သို့ပြောင်းသောငှက်ကဲ့ သို့၎င်း။အိမ်တခုပျက်လျှင် အိမ်တခုသို့ပြောင်းရွှေ့ပြန်သောလူ ကဲ့သို့၎င်း။ ရုပ်ခန္ဓာ တခုချုပ်ပျက် သေဆုံးလျှင်၊ ဘဝတပါးသို့ ပြောင်းသွားပြန်၍။ ရုပ်ခန္ဓာအသစ်တခုကို ပြုလုပ်ထူထောင်၍ နေပြန်သည်ဟုယူသည်ကားသဿတဒိဋ္ဌိတည်း။

ဤဥစ္ဆေဒဒိဋ္ဌိ၊သဿတဒိဋ္ဌိအယူနှစ်မျိုးတို့သည်ရုပ်နာမ်ခန္ဓာ တရားတို့၏ မျက်တောင်တယှက် လျှပ်တပြက်လောက်မျှ၊ခိုင်မြဲ စွာမတည်နေနိုင်မှုကို မသိမမြင်၍ ရုပ်နာမ်ခန္ဓာနှစ်ပါးကိုပင်ငါ ငါဟုမှတ်ထင်စရာ အချက်အတ္တဇီဝဟုသော အသက်ဝိညာဉ် ဖြစ်သည်ဟု ယုံကြည်မှတ်မှားလျက် ဖြစ်ခြင်းချုပ်ပျောက်ခြင်းမျှ ကို စွဲလမ်းရုံ မျှသာ ဖြစ်၍ အမြင်ဖောက် ပြန်ရုံ။ အမြင်မစင် ကြယ်ရုံမျှသာ ရှိသည်။ ထိုသဿတဒိဋ္ဌိ၊ဥစ္ဆေဒဒိဋ္ဌိအမြင်ဖြင့် ငါသည်ကုသိုလ်ကောင်းမှုကို ပြုကျင့်က။နောက်နောင်ဘဝတို့၌ သုခချမ်းသာကို ဧကန်စံစားခံစားရမည်၊ ငါသည်အကုသိုလ်မ ကောင်းမှုကိုပြုက။ နောက်နောင်ဘဝတို့၌ ဒုက္ခဆင်းရဲကိုအမြဲဧ ကန်အမှန်ကြုံတွေ့ ခံစားရလိမ့်မည်ဟု (ကမ္မဿကတာသမ္မာဒိ ဋ္ဌိ)ဉာဏ်ဖြင့်ဝေဘန် ထောက်ထားစဉ်းစားဆင်ခြင်သိမြင်သည် ဖြစ်၍ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုးအပြစ်တို့ကို။ ပစ် ပယ် ဟန့်တားခြင်းကို မပြုသည့်အတွက် ကမ္မပထ မမြောက်။ ယင်းသို့ကမ္မပထမမြောက်သည့်အတွက် ကုသိုလ်ကောင်းမှုကံ

ဟူသော တရားကို ပွားများအားထုတ်ပါမှ နတ်ရွာသုဂတိကိုမူ ကားမတားမြစ်နိုင်လေ။ သို့ရာတွင်၎င်း သက္ကာယဒိဋ္ဌိအယူထင် လင်းရှိ နေပါမူ။ ငါငါဟုထင်မှတ်သည့် အတ္တဇီဝဟူသော အသက်ဝိညာဉ်ရှိ၏ဟူသောအယူသည်။ အလွန်ခိုင်မြဲလှသည်ဖြစ် ၍ဝိပဿနာ ဉာဏ်ဖြင့် ရုပ်နာမ်ခန္ဓာသင်္ခါရတရားတို့ကို သိမ်း ဆည်းရှုကြည့်သောအခါ။ ငါမဟုတ်ငါမရှိကြောင်းကို အတတ် သိမြင်အောင်အားထုတ်ရှုကြည့်အပ်သော (အနတ္တာနုပဿနာ ဉာဏ်)နှင့်ရန်ဘက်ကြီးဖြစ်နေကြသည့်အတွက်။ မဂ်ဖိုလ်တရား ကိုမူကားတားမြစ်နှောင့်ယှက်တတ်၏ဟုဆိုလိုသည်။

ထိုကြောင့်ပဋိသမ္ဘိဒါမဂ်ဂကျမ်းပုဒ်၌။ ။ဒိဋ္ဌိဂါဟောသတိသင်္ခါ ရပရိဂ္ဂဟာဒိ ကြိယာယ အနတ္တာနုပဿနာယအသဟနတော၊ တသ္မိံ သတိပိစဘဝဂါမိကကမ္မဿ သဟနတော မဂ္ဂါဝရဏာ၊ န သဂ္ဂါဝရဏာတိ ဝုတ္တံ၊ ။ဟုမိန့်ပြီ။ ။အနက်ကား။ ။ဒိဋ္ဌိဂါဟော၊ ငါငါဟုအထင်ရှိနေသည့် သက္ကာယဒိဋ္ဌိအယူသည်။သတိ၊ထင် ရှားရှိခဲ့သော်။သင်္ခါရပရိဂ္ဂဟာဒိကြိယာယ။ဝိပဿနာဉာဏ်ဖြင့် ရုပ်နာမ်ခန္ဓာသင်္ခါရတရားတို့ကိုသိမ်းဆည်းခြင်းကိုပြုတတ်သော။ အနတ္တာနုပဿနာယ။ ငါမဟုတ်။ငါမရှိကြောင်းကိုသိအောင် ကြည့်ရှုအပ်သောအနတ္တာနုပဿနာဉာဏ်၏။ အသဟနတော၊ မပြီးစီးနိုင်သောကြောင့်၊မဂ္ဂါဝရဏာ၊မဂ်တရားကိုတားမြစ်ပိတ် ပင်နိုင်၏။စ၊ ထိုသို့ငါဆိုတာပိတ်ပင်ချက်ကြောင့် မဂ်တရားကို တားမြစ်နိုင်သော်လည်း။တသ္မိံ၊ငါငါထင်ချက်။သက္ကာယဒိဋ္ဌိအ ယူပျက်သည်။သတိပိ၊ရှိလေငြားသော်လည်း။ဘဝဂါမိကကမ္မဿ၊ ကောင်းမြတ်သော ဘဝသို့ လားစေတတ်သော ကုသိုလ်ကံတို့ ၏၊ သဟနတော၊ ပြီးနိုင်သေးသောကြောင့်။ နသဂ္ဂါဝရဏာတိ၊ ကုသိုလ်ကံဆောင်ယူသွားပါမူ။ နတ်ရွာကိုဖြင့်မတားနိုင်ဟူ၍။ ဝုတ္တံ၊အဋ္ဌကထာဆရာတို့ဆိုပေသတည်း၊ ။ဤကားအနက်။

သံယုတ်ဋီကာ၌ကား။ဤသက္ကာယ ဒိဋ္ဌိအယူသည်၊အဘယ် ကြောင့် မဂ်တရားကို တားမြစ် နိုင်သနည်း။ ဖောက်ပြန်မှား

ယွင်းသောအရှုဖြစ်သောကြောင့်တည်း။ အဘယ့်ကြောင့်နတ်ပြည်ကို မတားနိုင်သနည်း။ နတ္ထိက၊အဟေတုက၊အကြိယဒိဋ္ဌိကြီးတို့ကဲ့သို့။ ကမ္မပထမြောက်သော ဒိဋ္ဌိမဟုတ်သောကြောင့်တည်းဟူ။ တိုတိုကျဉ်းကျဉ်းလိုရင်းအချုပ်ကိုသာဖွင့်ပြတော့၏။ထိုကြောင့်။၎င်းဋီကာ၌။ ။မဂ္ဂါဝရဏာဝိပရိတဒဿနတော။ နသဂ္ဂါဝရဏာအကမ္မပထပတ္တဘာဝယ။ ။ဟူမိန့်၏။ ။အနက်ကား။ ။ဝိပရိတဒဿနတော၊မဂ်မရောက်နိုင်အောင်ဖောက်ပြန်မှားယွင်းသော အရှုဖြစ်သောကြောင့်၊ မဂ္ဂါဝရဏာ၊မဂ်တရားကိုတားမြစ်ပိတ်ပင်နိုင်၏။ အကမ္မပထပ္ပတ္တဘာဝယ၊ ကံမြောက်သောဒိဋ္ဌိမဟုတ်သောကြောင့်။ နသဂ္ဂါဝရဏာ၊ နတ်ပြည်ကိုမူကားမတားမြစ်နိုင်။ ။ဤကားအနက်။

---

## ၂၁။ ။အဋ္ဌကထာဋီကာစကားရပ်တို့ကို ပေါင်းစပ်၍ပြခြင်း။

ယခုထုတ်ပြခဲ့သည့်အဋ္ဌကထာဋီကာတို့အနက်။မနောရထပူရဏီမည်သောဧကင်္ဂုတ္တရ အဋ္ဌကထာက-သက္ကာယဒိဋ္ဌိသည်နတ်ပြည်သို့မဆောင်နိုင်ဘဲ။ အမြဲအားဖြင့်အပါယ်၌ချတတ်ကြောင်းကိုဆိုသည်တရပ်။ အဋ္ဌသာလိနီစသော အဋ္ဌကထာဋီကာများစွာတို့က။နတ္ထိကဒိဋ္ဌိ။အဟေတုကဒိဋ္ဌိ။အကြိယဒိဋ္ဌိကြီးတို့မှာကမ္မပထမြောက်ကြောင်း။ ၎င်းဒိဋ္ဌိကြီးသုံးပါးမှတပါးသောဒိဋ္ဌိတို့သည်။ ကမ္မပထမမြောက်ဟုဆိုသည်တရပ်၊သံယုတ်အဋ္ဌကထာ။ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာစသည့်တို့က။သက္ကာယဒိဋ္ဌိအယူသည်မဂ်တရားကိုသာတားမြစ်နိုင်သည်။နတ်ပြည်လားခြင်းကိုမူကားမတားမြစ်နိုင်ဟုဆိုသည်တရပ်။ ဤအဋ္ဌကထာဋီကာစကားရပ်တို့ကို စပ်ဟပ်နှီးနှောသဘောယုတ္တိကို။ ကြည့်ရှုနှိုင်းချိန်သာအောင်။သက်သေဝတ္ထုကိုထုတ်ပြလိုက်ဦးအံ့။

## ၂၂။ ။သင်္ကန်း၌သန်းဖြစ်သောရဟန်းဝတ္ထုကိုပြခြင်း။

သော စိဝရံဩလောကေတွာ တသ္မိံ ဥပ္ပန္နသိနေဟော သွေ ဒါနိနံ ပါရုပိဿာမိတိ သံဟရိတွာ စီဝရဝံသေ ဌပေတွာ-တံ ရတ္တိံ ဘုတ္တာဟာရံ ဇိရာပေတုံ အသက္ကောန္တော ကာလံကတွာ တသ္မိံ စီဝရေ ဦကာ ဟုတွာ နိဗ္ဗတ္တိ။ ။ဓမ္မပဒအဋ္ဌကထာ။

ပုတ္တဒါရဓနဒါသသင်္ခါတေသု ဝတ္ထုကာမေသု ကိလေသ ကာမသင်္ခါတေန တဏှာသ္နေဟေန တိဋ္ဌာဟုတွာသာပေက္ခ မရဏံနာမ အတ္တနောယေဝဂေဟေ ဦကာမင်္ဂုလဃရ ဂေါဠိက ကုက္ကုရသုကရဂေါဏာသွာနဘာဝေနဥပ္ပန္နဿ ပစ္စယောဟော တိ၊ တသ္မာအတ္တနော စီဝရေဥပ္ပန္နသိနေဟော ဟုတွာ ကာလံ ကတွာ သော တသ္မိံ စီဝရေ ဦကာ ဟုတွာ နိဗ္ဗတ္တိတိဒဋ္ဌဗ္ဗံ။ ။ ဓမ္မပဒဋီကာ။

သော၊ထိုတိဿမထေရ်သည်။ စိဝရံ။နှမကလှူသောသင်္ကန်း ကို။ဩလောကေတွာ။ကြည့်၍။ တသ္မိံ။ထိုသင်္ကန်း၌။ဥပ္ပန္နသိနေ ဟော၊ငါ့ငါ့ငါ့ငါ့။ငါ့၊ဥစ္စာ၊ဟူ၍ဥဒ္ဒိဿတဏှာနှစ်ပါးတို့ဖြင့်ဖြစ်ပွါးသော ချစ်ခင်တပ်မက်ခြင်းရှိသည်ဖြစ်၍။ သွေ၊နက်ဖြန်။ဒါနိ၊ ယခုအခါ ၌။နံ၊ ထိုနှမက လှူသော သင်္ကန်းကို။ ပါရုပိဿာမိတိ၊ ဝတ်ရုံ တော့အံ့ဟု။ သံဟရိတွာ၊ခေါက်၍။ စိဝရဝံသေ၊သင်္ကန်းတန်း၌။ ဌပေတွာ၊တင်ထား၍။တံရတ္တိံ၊ ထိုညဉ့်၌။ ဘုတ္တာဟာရံ၊စား သော အစာကို။ ဇိရာပေတုံ၊ ကြေစေ ကျက်စေ ခြင်းငှာ။ အ သက္ကောန္တော၊မတတ်နိုင်သည်ဖြစ်၍။ ကာလံကတွာ၊သေလွန် သည်ရှိသော်၊တသ္မိံ စိဝရေ၊ ထိုသင်္ကန်း၌။ဦကာ၊သန်းတိရစ္ဆာန် သည်။ဟုတွာ၊ဖြစ်၍။နိဗ္ဗတ္တိ၊ဖြစ်ရလေ၏။ ။အဋ္ဌကထာအနက်။

ပုတ္တဒါရဓနဒါသသင်္ခါတေသု၊ သားမယားဥစ္စာကျေးကျွန် ဟုဆိုအပ်ကုန်သော။ ဝတ္ထုကာမေသု။ဝတ္ထုကာမဂုဏ်တို့၌။ကိ လေသကာမသင်္ခါတေန။ကိလေသာကာမဟုဆိုအပ်သော။တ ဏှာသ္နေဟေန၊ တဏှာဟူသောအစေးဖြင့်။ တိဋ္ဌာဟုတွာ၊

စွတ်စိုသည်ဖြစ်၍။သာပေက္ခမရဏာံနာမ။ငါဟူ၍ငါ့ဥစ္စာဟူ၍ကပ်
ငြိတတ်သောဒိဋ္ဌိတဏှာနှစ်ပါးတို့ဖြင့်ကပ်ငြိငဲ့ကွက်၍သေရခြင်း
မည်သည်ကား။ အတ္တနော ယေဝ၊ မိမိ၏သာလျှင်၊ ဂေဟေ၊အိမ်
၌။ ဦကာ၊ ပ၊ သွာနဘာဝေန၊ သန်းကျမ်းပိုး။ အိမ်မြောင်။ကြွက်။
ဝက်။နွား။ခွေးတို့၏အဖြစ်ဖြင့်။ဥပ္ပန္နသာ၊ ဖြစ်ရခြင်း၏။ ပစ္စယော၊
အကြောင်းသည်။ဟောတိ၊ဖြစ်၏။တသ္မာ၊ထိုကြောင့်။အတ္တနော
စီဝရေ၊မိမိ၏သင်္ကန်း၌။ ဥပ္ပန္နသိနေဟော၊ ဒိဋ္ဌိတဏှာနှစ်ပါးတို့
ဖြင့်ဖြစ်ပွါးသောချစ်ခင်တပ်မက်ခြင်းရှိသည်။ ဟုတွာ၊ ဖြစ်၍။
ကာလံကတွာ၊ သေလွန်သည်ရှိသော်။ သော၊ထိုတိဿမထေရ်
သည်။တသ္မိံ စီဝရေ၊ထိုသင်္ကန်း၌။ ဦကာဟုတွာ၊ သန်းတိရစ္ဆာန်
ဖြစ်၍။ နိဗ္ဗတ္တိ၊ ဖြစ်လေ၏။ ဣတိ၊ဤသို့။ဒဋ္ဌဗ္ဗံ၊မှတ်အပ်၏။ ၊ ငို
ကာအနက်။ ။ဤအဋ္ဌကထာငိုကာတို့မှာလာရှိသောတိဿမ
ထေရ်၏မိမိသင်္ကန်းမှာ သန်းတိရစ္ဆာန် ဖြစ်ရသောအရာသည်
ကမ္ဘပထမြောက်လောက်သော အရာမှထင်ချေ။ ဒိဋ္ဌိတဏှာနှစ်
ပါးဖြင့်စွဲလမ်းကပ်ငြိဟန်သာထင်မြင်သည်။

---

## ၂၃ သားနှဲ့ချစ်ခြင်းတဏှာကြောင့် မြွေခွေးမဖြစ်သော ဝတ္ထုကိုပြခြင်း။

အထသာ မာတာ ကာလံ ကိရိယံ ကတွာ ပုတ္တသိနေဟေန
တဿ အာဂမနမဂ္ဂေ ဩပပါတိကာ သိဂ်ါလီဟုတွာ နိဗ္ဗတ္တိ၊ ။
တိကနိပါတ်ဇာတ်အဋ္ဌကထာ။ ။အထ။ ထိုသားသူငယ်သည်
ငွေတောင်းရန်သွား၍မပြန်လာခင်အခါ၌။ အသာ၊ ထိုသူငယ်၏။
မာတာ၊အမိသည်။ကာလံကိရိယံ၊သေခြင်းကို။ကတွာ၊ပြု၍။ပုတ္တ
သိနေဟေန၊ငါ့သားငါ့သားဟူသောဒိဋ္ဌိတဏှာကြောင့်။တဿ
ထိုသားသူငယ်၏။ အာဂမနမဂ္ဂေ၊ အသပြာ ထောင်ထုပ်ကို
ထမ်းလျက် ပြန်လာရာလမ်းခရီး၌။ ဩပပါတိကာသိဂ်ါလီ၊ ဥပ
ပါတ်မြွေခွေးမသည်။ဟုတွာ၊ဖြစ်၍။နိဗ္ဗတ္တိ၊ဖြစ်ရလေ၏။ ။ဇာတ်

အဋ္ဌကထာနက်။ ၊ဤမိန်းမသည် သားသူငယ်ပြန်လာရာလမ်း ခရီး၌မြေခွေးတိရစ္ဆာန်မ။ ဖြစ်ရသောအရာမှာလည်း။ ကမ္မပထ မြောက်သောကံဟူ၍မထင်။ ငါသားငါသားဟူ၍ ကပ်ငြိသော ဒိဋ္ဌိတဏှာနှစ်ပါးတို့သာထင်ရှားသည်။

---

## ၂၄။ ။မယား၌ချစ်ခြင်းတဏှာကြောင့်သုံးဘဝတိုင်တိုင်၊ တိရစ္ဆာန်ဖြစ်ရသောဝတ္ထုကိုပြခြင်း။

အစ်ကို၏မယားကိုကြိုက်သော ညီလင်ငယ်က၊ အစ်ကိုလင်ကြီးကိုသတ်ရာတွင်ပထမတကြိမ်၌ထိုအိမ်၌ပင်လျှင်မြွေကြိုင်းကောင်ဖြစ်သည်။မြွေကိုဒုတိယတကြိမ်သတ်ပြန်ရာတွင်။ထိုအိမ်၌ပင်လျှင်ခွေးဖြစ်ပြန်သည်။ထိုခွေးကိုပင်လျှင် တတိယတကြိမ်သတ်ပြန်ရာတွင်ထိုအိမ်၌ပင်လျှင် နွားဖြစ်ပြန်သည်ဟုတိကင်္ဂုတ္တရအဋ္ဌကထာ၌ ။ဘာတရော ဘရိယာယ သိနေဟံ ပရိစ္စဇိတုံ အသက္ကောန္တော တသ္မိံ ယေဝ ဂေဟေ မဟာဓမ္မနီ ဟုတွာ နိဗ္ဗတ္တိ။ ပ။ သော ပုန တသ္မာ ယေဝ သိနေဟေန တသ္မိံ ယေဝ ဂေဟေ ကုက္ကုရော ဟုတွာ နိဗ္ဗတ္တိ။ ပ။ သော ပုန တသ္မိံ ယေဝ ဂေဟေ ဝစ္ဆကော ဟုတွာ နိဗ္ဗတ္တိ။ ။ဟုမိန့်၏။ ။ဘာတရော၊ အစ်ကိုဖြစ်သောလင်ကြီးသည်။ ဘရိယာယ။ မယား၌၊ သိနေဟံ၊ ငါ့မယားဟု တပ်မက်သောတဏှာကို။ ပရိစ္စဇိတုံ၊ စွန့်ခြင်းငှါ။ အသက္ကောန္တော၊မတတ်နိုင်သည်ဖြစ်၍။တသ္မိံ ယေဝဂေဟေ။ ထိုအိမ်၌သာလျှင်။မဟာဓမ္မနီ ဟုတွာ၊မြွေကြိုင်းကောင်ဖြစ်၍။ နိဗ္ဗတ္တိ၊ဖြစ်လေ၏။ပ၊သော၊ထိုမြွေသည်။ပုန၊ဒုတိယတဖန်။ တသ္မာ ယေဝ၊ထိုမယားအားသာလျှင်။ဝါ၊မယား၌သာလျှင်။သိနေဟေန၊ ငါ့မယားဟုတပ်မက်သော တဏှာကြောင့်။ တသ္မိံ ယေဝဂေဟေ၊ထိုအိမ်၌သာလျှင်။ကုက္ကုရောဟုတွာ၊ခွေးဖြစ်ပြန်၍။နိဗ္ဗတ္တိ၊ ဖြစ်လေ၏။ပ၊သော၊ ထိုခွေးသည်။ ပုန၊ တတိယတဖန်။ တသ္မိံ ယေဝဂေဟေ၊ထိုအိမ်၌သာလျှင်။ဝစ္ဆကောဟုတွာ၊နွားငယ်ဖြစ်

ပြန်၍။ နိဗ္ဗုတ္တိ၊ ဖြစ်လေ၏။ ။အနက်။ ။ဤယောက်ျားသည် ထိုအိမ်၌ပင်လျှင်မြွေဖြစ်ရခြင်း။ ခွေးဖြစ်ရခြင်း။ နွားဖြစ်ရခြင်းတို့မှာလည်းကမ္ဘာပထမြောက်သောအရာမထင်၊ ငါ့မယားဟူ၍ကပ်ငြိသောဒိဋ္ဌိတဏှာနှစ်ပါးတို့သာမြင်သည်။

---

## ၂၅။ ဥစ္စာ၌မက်မောသောတဏှာကြောင့်တိရစ္ဆာန် ဖြစ်ရသောဝတ္ထုတို့ကိုပြခြင်း။

တောဒေယျဗြာဟ္မဏော ဓနလောဘေန အတ္တနော ဃရေ သုနခေါ ဟုတွာ နိဗ္ဗုတ္တိ။ ။ဟူသောပဉ္စသူဒနီအဋ္ဌကထာနှင့်အညီ။ ငါ့ဥစ္စာ ငါ့ဥစ္စာဟုမက်မောသောဒိဋ္ဌိတဏှာကြောင့်မိမိအိမ်၌ပင်ခွေး တိရစ္ဆာန်ဖြစ်ရသောတောဒေယျပုဏ္ဏားဝတ္ထု။ ။စတ္တာလီသ ကောဋိဓနံနိဒဟိတွာ ဝမရဏေ ဋ္ဌာ ဓနတဏှာယ နပိဋ္ဌေသပ္ပေါဟုတွာ နိဗ္ဗုတ္တိ။ ။ဟူသောဧကနိပါတ်ဇာတ်အဋ္ဌကထာနှင့်အညီ။ ကုဋေလေးဆယ်သောဥစ္စာကိုမြှုပ်ထား၍ သေရာတွင်ငါ့ဥစ္စာ ငါ့ဥစ္စာဟုကပ်ငြိမက်မောသောဒိဋ္ဌိတဏှာကြောင့်ဥစ္စာထက်၌ မြွေဖြစ်ရသောဝတ္ထု။

အပရော တဿံ ယေဝပဒေသေ တိံသကော ဋိုယော နိဒဟိတွာ ဓနတဏှာယ တစ္ဆေဝဥန္ဒုရော ဟုတွာ နိဗ္ဗုတ္တိ။ ။ဟူသောဧကနိပါတ်ဇာတ်အဋ္ဌကထာနှင့်အညီ တယောက်သောသူသည်လည်းထိုအရပ်၌ပင်လျှင်ကုဋေသုံးဆယ်သောပစ္စည်းတို့ကိုမြှုပ်ထားပြီးမှ ငါ့ဥစ္စါဟုမက်မောကပ်ငြိသောဒိဋ္ဌိတဏှာတို့ကြောင့် ဥစ္စာထက်၌ပင် ကြွက်ဖြစ်ရသော ဝတ္ထုစသည် တို့မှာလည်း ကမ္ဘာပထမြောက်လောက်သော အရာမလာမရှိ။ ဒိဋ္ဌိတဏှာနှစ်ပါးတို့ဖြင့်သာ ကပ်ငြိစွဲလမ်း ပုံများကိုသာ ထင်ရှားစွာလာရှိသည်။

## ၂၆။ ဒိဋ္ဌိတဏှာနှစ်ရပ်တို့ပေါင်းစပ်၍နေပုံကိုပြခြင်း။

ယခုထုတ်ပြခဲ့သည့်ဝတ္ထုသက်သေဘို့မှာ တဏှာကိုသာပြဆိုရေးသားဟောကြားဘွင့်ဆိုတော်မူကြပါလျက်ဒိဋ္ဌိနှင့်ပူးတွဲ၍အနက်အဓိပ္ပါယ်ပြန်ဆိုရေးသားခဲ့သည်ကား။ မူလပဏ္ဏာသ ပါဠိတော်စသည်တို့၌။ ။အတ္တနိ ဘိက္ခဝေ သတိ အတ္တနိယန္တိ အဿာတိ၊ ဧဝံဘန္တေ၊ အတ္တနိယေ ဝါ ဘိက္ခဝေ သတိ အတ္တာ မေတိ အဿာတိ၊ ဧဝံဘန္တေ။ ။ဟူသောပါဠိတော်။ ။အတ္တနိဝါ သတိဇာဒိ နာမ ပရိက္ခာရဇာတံ အတ္တနိယန္တိ အဿ အတ္တနိယေဝါ ပရိက္ခာရေ သတိ အယံ မေ အတ္တာ၊ ဇုမ ဘာသ ပရိက္ခာရသာ သာမိတိ၊ ဧဝံ အဟန္တိ သတိ မမာတိ၊ သတိ အဟန္တိ ယုတ္တံ ဘဝေယျ။ ။ဟူသောရင်းအဋ္ဌကထာ၊ ။မမံ ကာရေန အတ္တနိယန္တိ သညိတဿ ဝတ္ထုနော သာမိဘူတော အတ္တာ ပဌမံ ပရာမသီယတိ၊ တတော အတ္တနိယန္တိ။ ။ဟူသောမဟာဋီကာစသည်တို့နှင့်အညီတည်း။ ။အနက်ကား။ ။ဘိက္ခဝေ၊ ရဟန်းတို့။အတ္တနိ၊ငါဆိုတာသည် သတိ၊ဒိဋ္ဌိအမြင်အားဖြင့် ထင်ရှားရှိခဲ့သော်၊ အတ္တနိယန္တိ၊ ငါ့ဥစ္စာဟူ၍။ အဿ၊ ဖြစ်ရာသလော။ ဣတိဝုတ္တေ၊ ဤသို့မိန့်တော်မူသည်ရှိသော်၊ဘန္တေ၊ အရှင်ဘုရား။ ဧဝံ၊ ဤသို့မိန့်တော်မူတိုင်း ငါ ရှိက ငါ့ဥစ္စာရှိရပါသည် ဘုရား။ ဘိက္ခဝေ၊ ရဟန်းတို့။ အတ္တနိယေဝါ၊ ငါ့ဥစ္စာဆိုသော တဏှာသည်မူသည်း။သတိ၊ မကင်းမပြတ်သေးသောအားဖြင့်ထင်ရှားရှိခဲ့သည်ရှိသော်။မေ၊နာမ်ရုပ်အစုဖြစ်သောကိုယ်ကြီး၏။အတ္တာတိ၊ ဒိဋ္ဌိအလိုအားဖြင့် စွဲစရာငါဟူ၍။ အဿ၊ ရှိရာသလော။ ဣတိဝုတ္တေ၊ ဤသို့တဏှာရှိက ဒိဋ္ဌိရှိရာသလောဟု မိန့်တော်မူသည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရား။ဧဝံ၊ ဤသို့မိန့်တော်မူတိုင်း တဏှာရှိကဒိဋ္ဌိရှိရပါသည်ဘုရား။ ။ပါဠိတော်နက်။ ။အတ္တနိဝါ၊ ငါဆိုတာသည်လည်း။ သတိ၊ထင်ရှားရှိခဲ့သော်။ ဇာဒိနာမပရိက္ခာရဇာတံ၊ ဤအတွင်းအပအသုံး အဆောင်ဟူသမျှသည်။ အတ္တနိယန္တိ၊ ငါ့ဥစ္စာဟူ၍။ အဿ၊ဖြစ်ရာသလော၊အတ္တနိယေ၊

ငါ့ဥစ္စာဖြစ်သော၊ပရိက္ခာရေဝါ၊ ပရိက္ခာရာဥစ္စာအသုံးအဆောင် သည့်မူလည်း။ သတိ၊ ထင်ရှားရှိခဲ့သော်။မေ။ ရုပ်အစုနာမ်အစု ဖြစ်သောကိုယ်ကြီး၏၊ အယံအတွာ၊ ဤငါဟူသော။ဇူမသာပရိ က္ခာရသာ၊ ဤအသုံးအဆောင်ဟူသမျှ၏။သာမိတိ၊အရှင်သခင် ဟူ၍။ အသာ၊ဖြစ်ရာသလော။ဝေံ၊ ဤသို့ဟောတော်မူတိုင်း။ အ ဟန္တိ သတိ၊ငါဆိုတာရှိခဲ့သော်။ မမာတိ၊ ငါ့ဥစ္စာဟူ၍။ ယုတ္တံ၊ ယှဉ်တွဲခြင်းသည်။ဘဝေယျ၊ ဖြစ်ရာအံ့လော။ မမာတိသတိ၊ငါ့ ဥစ္စာဆိုတာရှိခဲ့သော်။ အဟန္တိ၊' ငါဟူ၍၊ ယုတ္တံ၊ ယှဉ်တွဲခြင်း သည်။ဘဝေယျ၊ ဖြစ်ရာအံ့လော။ ။အဓိပ္ပာယ်ကထာနက်။ ။မမံကာ ရေန၊ငါ့ဥစ္စာဟူသောအနေနှင့်၊အတ္တနိယသညိတသာ၊အတ္တနိယ ဟူ၍ဆိုအပ်သော၊ ဝတ္ထုနော၊ဝတ္ထု၏၊သာမိဘူတော၊ အရှင်သ ခင်ဖြစ်သော၊အတ္တာ၊ငါကို၊ပရာမသိယတိ၊ သုံးသပ်အပ်၏။ တ တော၊ ထိုငါဆိုတာကိုသုံးသပ်ပြီးမှ။ အတ္တနိယန္တိ၊ ငါ့ဥစ္စာဟူ၍။ ပရာမသိယတိ၊ သုံးသပ်အပ်၏။ ။ငိုကာနက်။ ။ဤပါဠိတော်အ ဋ္ဌကထာငိုကာတို့၏ သုံးစွဲပုံသည်၊ လွန်စွာ ယဉ်ကျေးသိမ်မွေ့ သော စကားလုံး တရားလုံးတွေ ဖြစ်၍၊ ရုတ်တရက် ရှောင်တ ခင်။သိမြင်နားလည်နိုင်မည်မဟုတ်။ အချုပ်စကားမှာ။ငါရှိကငါ့ ဥစ္စာရှိရာသလော။ ငါ့ဥစ္စာရှိက ငါရှိရာ သလော။ မေးတော်မူ သည်ကို။ ရဟန်းတို့ ကလည်း။ ငါဆိုတာ ရှိက။ ငါ့ဥစ္စာ ရှိရပါ သည်။ ငါ့ဥစ္စာရှိက။ ငါရှိရပါသည်ဟုလျှောက်ထားကြ၏။ငါဆို တာရှိက။ ငါ့သား။ ငါ့မယား။ ငါ့လှည်း။ငါ့ငွေ။ငါ့ရွှေ။ငါ့နွား၊ဟူ သောထင်မြင်ချက်သည်။ ကြွန်ရှိရမည်။ ။ငါ့သား။ငါ့မယား။ ငါ့လှည်း။ငါ့ငွေ။ငါ့ရွှေ၊ငါ့နွားဟူသောထင်မြင်ချက်ရှိပါမူ။ငါဟူ သောထင်မြင်ချက်သည် ကြွန်ရှိရမည် ဆိုလိုသည်။ ။ဤသာ ဓကတို့ကိုထောက်ထား၍။ နောက်နားကပြခဲ့သည့်ဝတ္ထုတို့မှာ။ တဏှာနှင့် ဒိဋ္ဌိကိုယှဉ်တွဲလျက်။ ထိုပုဂ္ဂိုလ် တို့၏အခြေအနေနှင့် လည်း ကိုက်ညီအောင်။ အနက် အဓိပ္ပါယ် ပြန်ဆိုလိုက်ပေ သ တည်း။

## ၂၇။ ။သက္ကာယဒိဋ္ဌိကြောင့်အပါယ်ကျမကျကို နှိုင်းချိန်၍ပြခြင်း။

ယခုထုတ် ပြခဲ့သည့် ဝတ္ထုသက်သေ အတိုင်း အပါယ်ကို လားကြရသော ပုဂ္ဂိုလ်တွေမှာ၊ အဋ္ဌသာလိနီ စသော အဋ္ဌကထာဋီကာတို့ ဆိုတိုင်း။ အပါယ်ကျလောက်အောင် ကမ္မပထမြောက်သော ဒုစရိုက်မကောင်းမှု ကံကိုမမြင်။ ငါဟူ၍၊ ငါ့ဥစ္စာဟူ၍၊ ငြိကပ်စွဲလမ်းသောဒိဋ္ဌိတဏှာနှစ်ပါးတို့ကိုသာ ထင်ရှားစွာသိမြင်ရပေသည်ဖြစ်၍။ ငါတို့ကား၊ အင်္ဂုတ္တရ အဋ္ဌ ကထာ မိန့်မှာဖွင့်ပြချက်အရ။ သက္ကာယ ဒိဋ္ဌိကြောင့်အပါယ်သို့ကျ၍ ကုန်သည်ဟုဆိုရန်ရှိသည်။ ဆိုလည်းဆိုချင်သည်။

သို့ဆိုခဲ့သော်။ သက္ကာယဒိဋ္ဌိအယူတို့သည်ကား။ မဂ်တရားကိုသာ တားတတ်သည်၊ နတ်ပြည်ကိုကား မတားမြစ်နိုင်ဆိုလိုသော အဋ္ဌကထာ ဋီကာတို့နှင့် မဆန့်ကျင်ပြီလောဟု မေးရန်ရှိ၏၊ မဆန့်ကျင်။ မဆန့်ကျင်ပုံကား။ (တာသဗ္ဗာပိမဂ္ဂါဝရဏာ။ နသဂ္ဂါဝရဏာ)။ ဟူသောစကားရပ်ဖြင့်။ သံယုတ်အဋ္ဌကထာ။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ။ ဓမ္မသင်္ဂဏီအဋ္ဌကထာစသည်တို့က။ သက္ကာယဒိဋ္ဌိအယူရှိသောသူသည်၊ အကုသိုလ်ကံတွေ ဆင့်ချင်တိုင်း ဆင့်သော်လည်း။ အပါယ်သို့မကျစေနိုင်ဟု မဆိုလို။ ၎င်းသက္ကာယဒိဋ္ဌိအယူပင်ရှိသော်လည်း။ များစွာသောကုသိုလ်တရားတို့ကိုပွားများအားထုတ်၍။ ၎င်းကုသိုလ်ကံတွေကလည်းရှေ့ဆောင်သွားပါမူ။ နတ်ရွာသုဂတိမူကားရောက်နိုင်ပါသေး၏၊ နတ်ရွာကိုဖြင့် မရောက်နိုင်ဘူးလို့ မတားမြစ်နိုင်သည်ကိုသာပြသည်၊ ။အချုပ်မှတ်ရန်ကား။ ကုသိုလ်ကံ တွေကိုလုပ်ချင်တိုင်းလုပ် ပြုချင်တိုင်းပြုသော်လည်း။ သက္ကာယဒိဋ္ဌိရှိက ဧကန်ပင်အပါယ်ကျရ၍။ နတ်ရွာသုဂတိကိုဖြင့်မရောက်နိုင်ဘူးလားဆိုသောစကားမျိုးကိုဖြေလို၍သာ ပြသည်ဟုယူပါမူ။ ဆန့်ကျင်စရာဟူ၍မရှိပြီ။ ။ဤအဋ္ဌကထာ။ ဋီကာစကားရပ်တို့ကို

စပ်ဟပ်နှီးနှော၍လိုက်သည်ရှိသော်။ ဤသို့သော အနက်အဓိပ္ပါယ်များကိုမှတ်သားရာ၏။

(၁) သက္ကာယဒိဋ္ဌိအရှုပ်ရှိသော်လည်း၊ မိမိတို့ပြုကျင့်သော ကံကား၊ ကုသိုလ်ကံ၊ ထိုကုသိုလ်ကံကလည်းရှေ့ဆောင်ပါမူ။ ကံအားလျော်စွာ နတ်ရွာသုဂတိသို့ လားတတ်သည်။ သက်သေကား။ သက္ကာယဒိဋ္ဌိကိုမျှမသိကြသော သာသနာပလူတို့နှင့်၊ သာသနာတွင်းအန္ဓပုထုဇန်ဟူသော ကမ္ဘာ့သကတာသမ္မာဒိဋ္ဌိသာရှိကြသူတို့သည်၊ နတ်ပြည်သုဂတိသို့လားကြသောဝတ္ထုတို့ပင်တည်း။

(၂) သက္ကာယဒိဋ္ဌိအရှုကိုလည်းယူ။ အမှုအကျင့်ကံကလည်း မကောင်းမှုအကုသိုလ်ကံ။ ထိုကံကလည်း ရှေ့ဆောင်ပါမူ။ အပါယ်သို့လားတတ်သည်။ သက်သေကား။ ထုတ်ပြခဲ့သောမြွေခွေးမ။ စသောဝတ္ထုတို့ပင်တည်း။

(၃) အယူကသမ္မာဒိဋ္ဌိအယူ။ အမှုအကျင့်ကံကလည်းကောင်းမှုကုသိုလ်ကံ။ ထိုကံကလည်းရှေ့ဆောင်ပါမူ။ နတ်ရွာ သုဂတိသို့ လားတတ်သည်။ သက်သေကား၊ ကလျာဏ ပုထုဇန် ဟူသော ရှင်ဥသောတာပန် အနေနှင့်စုတေကြသော ဓမ္မိကဥပါသကာစသောသူတို့၊ ဝတ္ထုများပင်တည်း။

(၄) အရှုကသမ္မာဒိဋ္ဌိအရှု။ အမှုအကျင့်ကံကမကောင်းမှု အကုသိုလ်ကံ။ ထိုကံကလည်း ရှေ့ဆောင်ပါမူ။ အပါယ်သို့လားတတ်သည်။ ။သက်သေကား၊ ဧရကပတ္တနဂါးဖြစ်သောရဟန်းဝတ္ထုချီးတည်း။ ထိုစကားမှန်၏။ ထိုရဟန်းသည် မိမိပယောဂကြောင့် ပိန်းရွက်ပြတ်ဘူးသော အပြစ်အာပတ်ကိုအနည်းငယ်သာဟုနှလုံးပြု၍၊ မကုစားဘဲနေရာ၊ အနှစ်နှစ်သောင်းတိုင်တိုင်။ တောခိုနေလျက်၊ ရဟန်းတရားကိုအားထုတ်ပါသော်လည်း၊ သေခါနီးအခါ၊ လည်မှာပိန်းရွက်ဖြင့်စွပ်နေသကဲ့သို့ထင်မှတ်၍၊ အာပတ်ကိုကုစားရန်အခွင့်ခဏကိုမရရှာဘဲ။ ငါ၏သီလသည်မစင်ကြယ်လေစွ တကားဟု ဒိဋ္ဌိဖြင့် ကပ်ငြိသော၊ ဒိဋ္ဌိနှင့်သဘောလကျဏာ မထူးခြားလှသော ကုက္ကုစ္စတရားနှင့် စုတေလေရာ၊

ဂင်္ဂါမြစ်တွင်းနှိုက်လှေငယ်လုံးထွင်း ပမာဏရှိသောနဂါးဖြစ်ရလေသည်ဟု။ဓမ္မပဒအဋ္ဌကထာမှာဆိုသည်။

(၅) အယုကသမ္မာဒိဋ္ဌိအယူ။ တသက်လုံးအမှုအကျင့်ကံကောင်းမှု ကုသိုလ်ကံ။ သေခါနီးအာသန္နကံကအကုသိုလ်ကံဖြစ်၍။ထိုကံကလည်းဆောင်ယူသွားပါမူ။ အပါယ်သို့လားတတ်သည့် သက်သေကား။ နောက်ကပြခဲ့သည့်။သင်္ကန်းမှာသန်းဖြစ်ရသောတိဿရဟန်းဝတ္ထုမျိုးတည်း။

သဘောဉာဏ် ထင်မြင်သလောက်ကိုသာ နှိုင်းထော်စာနာဉာဏ်မှာချိန်ချလျက်၊ပြဆိုရေးသားလိုက်ပါသည်။ပညာရှိပုဂ္ဂိုလ်မြတ်တို့သည်၊ဉာဏ်ရဟတ်စကြာဖြင့်။အခါခါမွှေနှောက်လျက်။နောက်မဆုတ်ကြိစိတော်မူကြပါကုန်။

ယုတ္တာယုတ္တံဝိစိန္တေတွာ၊တုလယန္တုဝိစက္ခဏာ။
ယုတ္တံစေဥပဓာရေန္တု။နောစေဝါစံခမန္တုမေတိ။

---

၂၈။ (ဃ) သံသရာချဲ့သူ။ရန်သူကိုရှာ၍သတ်ပုံ
များကိုညွှန်ကြားပြဆိုခဏ်း။

၁။ တဏှာ၊ဒိဋ္ဌိ။မာန်ကြီး။သိလော့ပပဉ္စာ။
၂။ သံသရာရဟတ်။ချဲ့ထွင်တတ်။ရအပ်သူ့သညာ။
၃။ ဒိဋ္ဌိကငါ။ငါ့ဥစ္စာ။တဏှာစွဲချက်မှာ။
၄။ ငါသာလျှင်တတ်၊ငါသာမြတ်။မှတ်လော့မာနသာ။
၅။ သံသရာကို၊တိုစေလို။သူ့ကိုသတ်ကြပါ။
၆။ သူ့ကိုမဖြတ်။ယမ်း၍သော်၊မပြတ်သံသရာ။
၇။ ဒိဋ္ဌိပြတ်လွင့်။မဂ်နှစ်ဆင့်။အသင့်ရသည့်သာ။
၈။ တဏှာကင်းကွာ။ထိုသူမှာ။မှတ်ပါရဟန္တာ။
၉။ မာနတရား။ဆိုသည့်ကား။သီးချားမသတ်ရာ။
၁၀။ တဏှာကင်းကွာ။မာနဟာ။ပါကာသွားသည့်သာ။

၁၁။ ဒိဋ္ဌိတဏှာ။သတ်သူမှား။မှတ်ပါဥပမာ။
၁၂။ သဘော်ပင်နှင့်။ ပေပင်တသီး၊ စိုက်သူနည်း။အပြီးတူလှပါ။
၁၃။ ထိုကြောင့်ပင်လျှင်။ ဤကျမ်းတွင်။ အစဉ်တက်မည့်သာ။
၁၄။ လွယ်လွယ်ကူကူ။မင်လိုသူ။ကြည်ဖြူအားသစ်ပါ။
၁၅။ ဒိဋ္ဌိပျောက်ကွာ။ဝိဝဟာ။ပါကာသွားသည့်သာ။
၁၆။ ဒိဋ္ဌိသတ်ချက်။နည်းအမွက်။ဆက်ပြတော့မည်သာ။
၁၇။ နာနာကြပ်ကြပ်။သတိချပ်၊မှတ်ကြသေအချာ။

၂၉။ ။ပပဉ္စတရားတို့၏သတ္တိကိုပြခြင်း။

ဤကဗျာ(၁၇)ပုဒ်၏အကျဉ်းချုပ်အဓိပ္ပါယ်ကား။ ။သံသာရေ သတ္တေ ပပဉ္စယန္တိ ဝိတ္ထာရေန္တိ ပုနပ္ပုနံ့ဒိဗ္ဗတ္တေန္တိတိပပဉ္စာ၊ တဏှာမာန ဒိဋ္ဌိယော။ ။မဏိဒီပဋီကာ။ ။သတ္တာနံ သံသာရေ ပပဉ္စေန္တိ ဝိရာယန္တိတိပပဉ္စာ၊တဏှာမာနဒိဋ္ဌိယော၊ ယထာဝါ ဥပ္ပန္နာ၊တံ့ရသ္သောတိဝါ မဇ္ဇော့တိဝါ မိစ္ဆာဒိဋ္ဌိနိဝိဋ္ဌောတိဝါ ပပဉ္စန္တိ ဗျဉ္ဇန္တိတိပပဉ္စာ၊ ။ဝိနယတ္ထမဉ္စူသာဋီကာ။ ။

ပပဉ္စာတိ တဏှာမာန ဒိဋ္ဌိယော၊ တော ဟိ အတ္တသန္တာနီသီတာနံ သတ္တာနံ သံသာရံ ပပဉ္စေန္တိ ဝိတ္ထိဏ္ဏံကရောန္တိတိ ပပဉ္စာတိ ဝုစ္စန္တိ၊ အထဝါ ပပဉ္စေန္တိ ယတ္ထာသယံ ဥပ္ပန္နာ တံ သန္တာနံ ဝိတ္ထာရေန္တိ ဝိရဠ္ဍပေန္တိတိပပဉ္စာ။ ။သဒ္ဒနီတိ။ ။အနက်ကား။ ။
ပပဉ္စာတိ၊ပပဉ္စဆိုသည်ကား။တဏှာမာန ဒိဋ္ဌိယော၊တဏှာမာန-ဒိဋ္ဌိသုံးပါးတို့တည်း။ ဟိသစ္စံ၊ ထိုစကားမှန်၏။ တော ထိုတဏှာမာန ဒိဋ္ဌိတရားသုံးပါးတို့သည်။အတ္တသန္တာနီသီတာနံ၊မိမိတို့၏ထွယ်ကာပ်မှိနေခြင်းကိုခံနေကြရကုန်သော။သတ္တာနံ၊ သတ္တဝါတို့အား။သံသာရံ၊ သံသရာကို။ ပပဉ္စေန္တိ ဝိတ္ထိဏ္ဏံ ကရောန္တိ၊ ကျယ်အောင် လုပ်တတ်ကြကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ပပဉ္စာတိ၊ပပဉ္စတို့ဟူ၍။ဝုစ္စန္တိ၊ ပညတ်ခေါ်ဆိုကြကုန်၏။ အထ

ဝါ၊တနည်းကား။ယတ္ထ၊အကြွင်းသဗ္ဗဝါ၌။ သယံ၊ မိမိတို့သည်။ ဥပ္ပန္နာ၊ ဖြစ်ကြကုန်၏။ တံသန္တာနံ၊ ထိုခန္ဓာအစဉ်ကို။ပပဉ္စေန္တိ ဝိတ္ထာရေန္တိ၊ကျယ်အောင်ချဲ့တတ်ကုန်၏။ ဝိရုဠှပေန္တိ၊ သံသရာ မှာကြာကြာထားကြကုန်၏။ဣတိတသ္မာ၊ ထို့ကြောင့်။ ပပဉ္စာ၊ ပပဉ္စတရားမည်ကုန်၏။ ။ဤကားအနက်။ ။အကြွင်းအနက် လွယ်ပြီ။ ။

## ၃၀။ ။ဒိဋ္ဌိတဏှာမာနတို့၏ခွဲပုံကိုခွဲခြား၍ပြခြင်း။

ဤငိုကာကြီးတို့၌ ပြဆိုအပ်သည့်ကိုထောက်ရှုလိုက်သော်။ သတ္တဝါအများတို့ကို သံသရာစက်ရဟတ်မှ၊ မကင်းလွတ်နိုင် မထွက် မြောက်နိုင်အောင် ချိနှောင် ရစ်ပတ်လျက် ထားတတ် သောတရားတို့သည်၊ဘုံသုံးပါး၌တဏှာမာနဒိဋ္ဌိဟူ၍သုံးပါးသာ ရှိ၏။ ထိုသုံးပါးအပြင်သံသရာကိုကျယ်အောင် သတ္တဝါတို့ကို ဝဋ်ဆင်းရဲမှမလွတ်ထွက်နိုင်အောင်ပြုတတ်သော တရားဟူ၍ မရှိ။ထိုသုံးပါးတို့တွင်ဒိဋ္ဌိကငါမြင်သည်ငါကြားသည်။ ငါသွား သည်။ငါလာသည်။စသည်ဖြင့်ခွဲ၏။တဏှာက၊ အဇ္ဈတ္တသန္တာန် ကို။ ငါ့ကိုယ်။ငါ့မျက်စိ။ ငါ့နားစသည်ဖြင့်ခွဲ၏။ ဗဟိဒ္ဓသန္တာန်ကို ငါ့လင်။ ငါ့သား။ ငါ့မယား။ ငါ့လှည်း။ ငါ့လှေ။ ငါ့ရွှေ။ငါ့ငွေ။ငါ့ ကျောင်း။ ငါ့သင်္ကန်းစသည်ဖြင့်ခွဲ၏၊ မာနက။ ငါသာမြင်သည်၊ ငါသာကြားသည်။ငါသာတတ်သည်။ငါသာလိမ္မာသည်စသည် ဖြင့်ခွဲ၏။ ထို့ကြောင့်။ မူလပဏ္ဏာသအဋ္ဌကထာ၌။ ။ဧတံမမာတိ တဏှာဂါဟော၊ တဉ္စ ဂါဟန္တော အဋ္ဌသတ တဏှာဝိစရိတပ္ပ ဘေဒံတဏှာပပဉ္စံဂဏှာတိ၊ ဧသောဟမသ္မိတိ မာနဂါဟော။ တဉ္စ ဂါဟန္တော နဝဝိဓဘေဒံမာနပပဉ္စံ ဂဏှာတိ။ ဧသောမေအ တ္တာတိဒိဋ္ဌိဂါဟော။တဉ္စဂါဟန္တော ဒွါသဋ္ဌိဒိဋ္ဌိပပဉ္စံဂဏှာတိ။ ။ ဟုမိန့်တော်ပြီ၊ ။အနက်ကား။ ။ဧတံ။ ဤအတွင်းအပဖြစ်သော ခန္ဓာငါးပါးနာမ်ရုပ်တရားသည်။မမ၊ငါဥစ္စာတည်း။ဣတိ။ဤသို့

ကား။ တဏှာဂါဟော၊ တဏှာ၏စွဲလမ်းပုံတည်း။ တဥ္စ။ ထိုတဏှာဖြင့်စွဲလမ်းခြင်းကိုမူကား။ ဂဏှန္တော။ စွဲယူသောသူသည်။ အဇ္ဈတ္တတဏှာဝိစရိတပ္ပဘေဒံ။ တရာ့ရှစ်ဖြာတဏှာစရိုက်အားဖြင့်ပြားသော၊ တဏှာပပဉ္စံ။ တဏှာဟူသောပပဉ္စတရားကို။ ဂဏှာတိ။ ပြကပ်စွဲလမ်း၍ယူမိတတ်၏။ ဧသော။ ဤခန္ဓာငါးပါးနာမ်ရုပ်တရားသည်။ အဟံ။ မာနတရားဖြင့်ထောင်လွှားစရာငါသည်။ အသ္မိ။ ဖြစ်၏။ ဣတိ။ ဤသည်ကား။ မာနဂါဟော၊ မာန၏စွဲလမ်းပုံတည်း။ တဥ္စ။ ထိုမာနဖြင့်စွဲလမ်းခြင်းကိုမူကား၊ ဂဏှန္တော။ စွဲယူသောသူသည်။ နဝပ္ပဘေဒံ။ မှန်ခြောက်ချမှန်သုံးချအားဖြင့်ကိုးပါးအပြားရှိသော၊ မာနပပဉ္စံ။ မာနဟူသောပပဉ္စတရားကို။ ဂဏှာတိ၊ ပြကပ်စွဲလမ်း၍ယူမိတတ်၏။ ဧသော။ ဤခန္ဓာငါးပါး။ နာမ်ရုပ်နှစ်ပါးသည်။ မေ။ ဤကိုယ်ကြီးဟူသော ခန္ဓာငါးပါးနာမ်ရုပ်နှစ်ပါး၏။ အတ္တာ။ ငါတည်း။ ဣတိ။ ဤသည်ကား။ ဒိဋ္ဌိဂါဟော။ ဒိဋ္ဌိ၏ စွဲလမ်းပုံတည်း။ တဥ္စ။ ထိုဒိဋ္ဌိဖြင့် စွဲလမ်းခြင်းကိုမူကား။ ဂဏှန္တော။ စွဲယူသောသူသည်။ ဒွါသဋ္ဌိဒိဋ္ဌိပပဉ္စံ။ ခြောက်ဆဲ့နှစ်ဖြာ။ မိစ္ဆာဒိဋ္ဌိဟူသောပပဉ္စတရားကို။ ဂဏှာတိ။ ပြကပ်စွဲလမ်း၍ယူမိတတ်၏။ ။ဤကားအနက်။

## ၃၁။ ။ဧသောမေအတ္တာဟူသောပါဠိ၏အနက်ပြန်မှားတတ်သည်ကိုပြခြင်း။

ဤအဋ္ဌကထာနှင့်တကွ။ များစွာသောပါဠိတော်အဋ္ဌကထာတို့၌။ ။ဧတံမမ။ ။ဧသောဟမသ္မိ။ ။ဧသောမေအတ္တာ။ ။ဟူ၍တဏှာမာနဒိဋ္ဌိတို့၏စွဲလမ်းကပ်ငြိပုံကိုပြသောအရာတို့တွင်။ ဧတံမမ။ ဧသောဟမသ္မိ။ ဟူသောတဏှာမာနနှစ်ပါးတို့၏ စွဲလမ်းပုံများကို ရေးသားပြဆိုရန် လွန်စွာလွယ်ကူထင်ရှား၏၊ ဒိဋ္ဌိ၏စွဲလမ်းပုံကိုပြရာ(ဧသောမေအတ္တာ) ဟူသော ပါဠိကိုဒိဋ္ဌိစွဲပုံနှင့်လည်းကိုက်၍။ တဏှာမာန စွဲပုံများနှင့်လည်း ကွဲပြားအောင် ရေးသားပြဆိုရန်အလွန်ခက်သည်။ ခက်ပုံကား။ ဧသော။ ဤခန္ဓာ

ငါးပါးနာမ်ရုပ်နှစ်ပါးသည်၊ မေ။ ငါ၏။ အတ္တာ။ ကိုယ်တည်းဟု အနက်ပြန်ဆိုကြရာတွင်။ ဧသောဟူသောပုဒ်အရ။ ခန္ဓာငါးပါး နာမ်ရုပ်နှစ်ပါးကိုအရကောက်ယူရမည်။ ။မေ။ငါ၏ဟုအနက် ပြန်ဆိုရာမှာလည်း။ ငါဆိုတာ၊ဘာလဲဟုမေးလျှင်။ ဤခန္ဓာငါးပါး နာမ်ရုပ် နှစ်ပါးကောင်ကြီးကိုသာ ပြလိမ့်မည်။ ပြလည်းပြကြ သည်ဖြစ်၍။မေ။ ငါ၏ဆိုသည်မှာလည်း။ ခန္ဓာငါးပါးနာမ်ရုပ်နှစ် ပါးကိုပင်အရကောက်ယူရပြန်သည်။

အတ္တာ။ ကိုယ်တည်းဟုအနက်ပြန်ဆိုရာမှာလည်း။ ကာယ သဒ္ဒါကခန္ဓာငါးပါး။ နာမ်ရုပ်နှစ်ပါးတို့၏ အပေါင်းအစုကိုပင်ဆို ပြန်သည်ဖြစ်၍' ကာယဟူသောအပေါင်းအစုဟောသဒ္ဒါကိုပင်။ ကိုယ်ဟုကျမ်းဂန်မှာပြဆိုရိုး။ အနက်ပြန်ရိုးထုံးစံ ရှိနေပြန်သည့် အတွက်။ ကိုယ်ဆိုတာဘာလဲမေးလျှင်။ ခန္ဓာငါးပါးနာမ်ရုပ်နှစ် ပါးကောင်ကြီးကိုသာပြရလိမ့်မည်။ ပြလည်း ပြကြသည်ဖြစ်၍ (ဧသောမေအတ္တာ)ဟူသော သုံးပုဒ်လုံးအရပင်။ ခန္ဓာငါးပါး။ နာမ်ရုပ်နှစ်ပါးချည်းဖြစ်နေကြသည့်အတွက်။ ဘယ်အယူကို။သ တ္တာယဒိဋ္ဌိ အရကောက်ယူရမည်ဟူ၍လည်း၊ စဉ်းစားဘွယ်ရာ လွန်စွာများပြားလှလေသည်။ ။

သည့်မှုမကသေး။ ၎င်းတဏှာ။မာန၊ ဒိဋ္ဌိသုံးပါးတို့၏ခွဲလမ်း ချက်ကို။ပယ်ဖျက်ထုတ်နှုတ်တော်မူရာဖြစ်သော။နေတံမမ၊ နေသောဟမသ္မိ။ ။နမေသောအတ္တာ။ ၊ဟူသောပါဠိတော် များမှာလည်း။ဧတံ။ဤခန္ဓာငါးပါးနာမ်ရုပ်နှစ်ပါးသည်။ နမမ။ငါ ပိုင်။ငါ့ဟာ ငါ့ဥစ္စာမဟုတ်။ ဧသော။ ဤခန္ဓာငါးပါးနာမ်ရုပ်နှစ် ပါးသည်။အဟံ။ငါသည်။ နအသ္မိ။ မဟုတ်ဟူ၍အနက်ပြန်ဆိုရ ခြင်းသည်လွယ်လည်း လွယ်ကူသည်။ အသိဉာဏ်လည်းရှင်း သည်။သဘာဝယုတ္တိ၊ကာရဏယုတ္တိသည်းရှိသည်။ ဧသော။ဤ ခန္ဓာငါးပါး၊နာမ်ရုပ်နှစ်ပါးသည်။ မေ။ ငါ၏။ နအတ္တာ။ ကိုယ်မ ဟုတ်ဟုအနက်ပြန်ခြင်း၊ဝိပဿနာရှုခြင်းတို့မှာဘယ်မျှလောက် စဉ်းစားစရာ။ ဉာဏ်အမြင်ရှုပ်ထွေး စရာကောင်းသည် ဟုမ

ပြောပြနိုင်အောင်ပင် များပြားလှလေသည်။ များပုံကား။နောက်ကပြခဲ့သည့်အတိုင်း။ သုံးပုဒ်လုံးအရ။ ပရမတ်အားဖြင့်ထင်ရှားရှိသောခန္ဓာငါးပါး။ နာမ်ရုပ် နှစ်ပါးကိုချည်း မိနေသော၊အနက်များကိုကြွပ်ကြွပ်နှလုံးပြုနိုင်မှ။ ယခုအချက်ကို။ကွက်ကွက်ကွင်းကွင်းထင်လင်းစွာနားလည် နိုင်မည်။ ငါငါဟု အထင်ရှိနေကြသည့်ဒိဋ္ဌိကိုပယ်ပစ်မည်ဟု ရည်မှန်းလျက်။ ။ဧသော၊ဤခန္ဓာငါးပါး။နာမ်ရုပ်နှစ်ပါးသည်။ မေ၊ငါ၏။နဧတ္တာ၊ကိုယ်မဟုတ်။ ။ဟုအနက်ပေး၍ ဝိပဿနာရှုပါမှု။ ကိုယ်ဆိုတာသည်။ ခန္ဓာငါးပါးနာမ်ရုပ်နှစ်ပါးတို့၏ အစုကိုပင်ခေါ်သည်။ ခန္ဓာငါးပါး၊ နာမ်ရုပ်နှစ်ပါးဆိုတာလည်း။ ပရမတ်အားဖြင့်ထင်ရှားရှိနေသောတရားပင်ဖြစ်ခဲ့သည်ဖြစ်၍၊ ကာယသဒ္ဒါနှင့်သဘောအားဖြင့်မထူးခြားလှသောရုပ်အစု။နာမ်အစုဖြစ်သောဤခန္ဓာကောင်သည်။ကာယအစစ်။ အမှန်ဖြစ်သည် မဟုတ်လား။ ။ရုပ်အစု နာမ်အစုဖြစ်သောဤခန္ဓာကောင်သည်။ကာယသရုပ်ဧကန်မဟုတ်ပါလား။ ။ကာယသရုပ်။ ကာယ အစစ်ဧကန်ဖြစ်ပါမှု။ ကာယသဒ္ဒါ၏နာမသတ်ဖြစ်သောယသတ်နှင့်ရေးသော ကိုယ်ဆိုတာသည်လည်း။ဧကန်စင်စစ်အမှန်ဖြစ်သည်မဟုတ်ပါလား။ ။ခန္ဓာငါးပါး။နာမ်ရုပ်နှစ်ပါး တို့၏။ အပေါင်း အစုကိုပင် ကိုယ်ဟုခေါ်ဆိုရေးသားသောအရာသည်။ကာရဏယုတ္တိ၊သဘာဝယုတ္တိ၊အာဂမယုတ္တိစသောယုတ္တိ အများတို့နှင့်ပင်။ သင့်တင့်ညီညွတ် ဖြောင့်မှန် ပေသည့်အတွက်။ ဧသော၊ ဤခန္ဓာ ငါးပါး၊ နာမ်ရုပ်နှစ်ပါးသည်။နအတ္တာ၊ ကိုယ် မဟုတ်ဟု အနက် ပေးမှု။ ဝိပဿနာရှုမှုများသည်။ စဉ်းစားစရာ။ ဘယ်မျှလောက်များသည်ကိုငါတို့ကားမပြဆိုနိုင်။မရေးသားနိုင်တော့ပြီ။ အဘယ့် ကြောင့် နည်းဟုဆိုလျှင်။ယခင်အနက်သည်။ ခန္ဓာငါးပါး၊ပရမတ်တရားတို့ကိုပင်မဟုတ်။ မရှိဟုဆိုရာရောက်သောကြောင့်တည်း။(လယ်တီဆရာတော်ကား။လက္ခဏာဒီပနီ။ ပုဏ္ဏောဝါဒ ကမ္မဋ္ဌာန်းကျမ်းများ၌။အနတ္တာ၊ ကိုယ်မဟုတ် ဟူသော အနက် များကို မိန္တာ သက်

ကြောင်းနှင့် ပြဆိုဆုံးဖြတ်တော်မူလျက်ရှိ၏၊ အလိုရှိမူ၊ထိုကျမ်းတို့မှာရှု။)

---

## ၃၂။ သက္ကာယဒိဋ္ဌိ၏သဘောကိုပြခြင်း။

ယခုပြခဲ့သောအတ္တယောဇနာသည်မူကား။ဒေသော။ ၍ခန္ဓာငါးပါးနာမ်ရုပ်နှစ်ပါးသည်၊ ဟုအနက်ပြန်ခဲ့ပေသည့်အတွက်။ ဒေသော-အရ၊ခန္ဓာငါးပါး၊ပရမတ်တရားတို့ကိုယူရမည်။

မေ၊ ၍ကိုယ်ကြီးဟူသော ခန္ဓာငါးပါး နာမ်ရုပ်နှစ်ပါး၏၊ဟုအနက်ပြန်ခဲ့ပေသည့်အတွက်။ မေ-အရ ခန္ဓာငါးပါး၊ပရမတ်တရားတို့ကိုပင်ယူရမည်။

အတ္တာ၊ငါတည်းဟု အနက်ပြန်ခဲ့ပေသည့် အတွက်။ အတ္တာ အရ၊ခန္ဓာငါးပါး။ နာမ်ရုပ်နှစ်ပါးထဲမှာ။ ငါပါသည်။ ငါရှိသည်သို့မဟုတ်။ခန္ဓာငါးပါး။ နာမ်ရုပ်နှစ်ပါးကိုပင်ငါဖြစ်သည်၊ ငါဟုတ်သည်ဟုမှတ်ထင်စွဲလမ်းကပ်ငြိရာ ရောက်သောကြောင့်၊ ။ပရမတ္ထတောဝိဇ္ဇမာနတ္တာသန္တော၊သံဝိဇ္ဇမာနေ၊ကာယောသက္ကာယော။ တေဘူမိကခန္ဓပဥ္စကဿေတံနာမံ၊ သက္ကာယေဒိဋ္ဌိသက္ကာယဒိဋ္ဌိ၊ ။ပရမတ္ထတော၊ပရမတ်သဘော အားဖြင့်၊ဝိဇ္ဇမာနတ္တာ၊ ထင်ရှားရှိသည်၏ အဖြစ်ကြောင့်၊ သန္တော၊သံဝိဇ္ဇမာနော၊ပရမတ်အားဖြင့်ထင်ရှားရှိသော။ ကာယော၊ရုပ်နာမ်နှစ်ခုတို့၏အပေါင်းအစုသည်။ သက္ကာယော၊သက္ကာယမည်၏။ဧတံ၊ထိုသက္ကာယဟူသောအမည်သည်။တေဘူမိကခန္ဓပဥ္စကဿ၊ ဘုံသုံးပါး၌ဖြစ်သော ခန္ဓာငါးပါး အပေါင်း၏။ နာမံ၊ အမည်တည်း။ (သက္ကာယ ဆိုသည်ကား ခန္ဓာငါးပါး နာမ်ရုပ်နှစ်ပါးတို့၏ အပေါင်းအစုဖြစ်သော ၍ကိုယ်ကြီးကို။ ပရမတ်အားဖြင့်သက္ကာယ ဆိုသည် ဟုမှတ်။ ၍ကား အမှန်တည်း)။သက္ကာယေ၊ ပရမတ်အားဖြင့် ထင်ရှားဧကန်အရှိမှန်သည့် ရုပ်နာမ်နှစ်ဖြာ။ ခန္ဓာငါးရ တို့၏ အပေါင်းအစုဖြစ်သော ကိုယ်ကြီး၌။ ဝါ၊

ကိုယ်ကြီးထဲ၌။ မိန္တ္ထာဝသေန၊ ချွတ်ယွင်းဖေါက်ပြန်၊ အဓိပ္ပါယ်ယူပုံမမှန်သည့် အစွမ်းအားဖြင့်။ ဒိဋ္ဌိ၊ ငါဆိုတာ။ မပါမရှိပါဘဲလျက်။ငါရှိ၏ဟု မှားသောမြင်ခြင်းသည်၊ သက္ကာယဒိဋ္ဌိ၊သက္ကာယဒိဋ္ဌိမည်၏။

သက္ကာယဒိဋ္ဌိအယူဆိုသည်ကား။ ကုလားကိုသာမြင်ဘူးသူကုလားကိုသာသိသူ ဘောတွင်းသားတယောက်အား။ တရုပ်ကိုပြ၍။ ဤသူသည်။ အဘယ်လူမျိုးနည်းဟုမေးလေရာ။ဖောင်းဘီကိုဝတ်သောကုလားကိုသာတွေ့မြင်ဘူး၍။ ဖောင်းဘီဝတ်ချင်းတူသည်ကိုမှတ်ထား၍။ ကုလားဖြစ်သည်ဟု-ဇွတ်အတင်းငြင်းလျက်မှားသူကဲ့သို့။ ထိုအတူသက္ကာယဟူသော ထင်ရှားကေန်တကယ်ရှိတကယ်ဟုတ်မှန်သည့်၊ရုပ်နာမ်နှစ်ဖြာခန္ဓာငါးခုတို့၏။ အပေါင်း အစုသာ ဖြစ်သော။ ဤကိုယ်ကြီးသည်လည်း။ ရုပ်နာမ်နှစ်ပါးသာရှိသည်။ ငါမရှိ၊ ရုပ်နာမ်နှစ်ပါးသာဟုတ်သည်။ငါမဟုတ်။ ခန္ဓာငါးပါးသာရှိသည်။ ငါမရှိ။ ခန္ဓာငါးပါးသာဟုတ်သည်။ငါမဟုတ်။ သူဘပါးမဟုတ်၊ မိန်းမမဟုတ်။ယောကျ်ားမဟုတ်။ ပုဂ္ဂိုလ်မဟုတ်။သတ္တဝါမဟုတ်။လူမဟုတ်။နတ်မဟုတ်။ ဗြဟ္မာမဟုတ်။ ရုပ်နာမ်နှစ်ပါးသာဟုတ်သည်။ ရုပ်နာမ်နှစ်ပါးသာရှိသည်။ခန္ဓာငါးပါးသာဟုတ်သည်။ခန္ဓာငါးပါးသာရှိသည်ဟု-မြတ်စွာ ဘုရားကစ၍။ ကလျာဏ စစ်ဖြစ်သော သူတော်ကောင်းတို့က ဟောပြောဆုံးမပါလျက်။ ခန္ဓာငါးပါးကိုပင်၊ ငါ။ နာမ်ရုပ်နှစ်ပါးကိုပင်၊ ငါဖြစ်သည်ဟု၍၎င်း။ ခန္ဓာငါးပါးထဲနိုက် ငါရှိ၏၊ နာမ်ရုပ်နှစ်ပါးထဲနိုက် ငါရှိ၏ ဟု၍၎င်း။ ဇွတ်အတင်း၊ ကပ်ငြိစွဲလမ်းယူမှားသော အယူမျိုးကိုသာ။တရုပ်နိုက်။ကုလားဟုမှတ်ထင်ငြင်းမှားသောသူ၏ အမှားမျိုးကဲ့သို့။မှားသောအယူဖြစ်၍။သက္ကာယနိုက်။ မှားသောအယူကို။သက္ကာယဒိဋ္ဌိအယူဆိုသည်ဟု၊ တိုတို့ကျဉ်းကျဉ်းလိုရင်းအချုပ်ကိုမှတ်။ ။ငါသောအရ၊ခန္ဓာငါးပါး၊ မေအရလည်း ခန္ဓာငါးပါး။အတ္တာအရလည်း။ **ခန္ဓာငါးပါး။နာမ်ရုပ်နှစ်ပါးကိုချည်း၊ ဖြစ်အောင်ပြန်ဆိုထားကြ**

သော။ ။ဧသော၊ဤခန္ဓာငါးပါး၊နာမ်ရုပ်နှစ်ပါးသည်။ မေ၊ ငါ၏။အတ္တာ၊ ကိုယ်တည်း။ ။ဟူသောအနက်ကား။ ကုလားကို ကုလား၊ တရုပ်ကိုတရုပ်၊ဆိုမိပြောမိ။မှတ်ထင်မိမှု၊ မှား၏ဟုမဆိုရသကဲ့သို့။ထိုအနက်၊ထိုအဓိပ္ပါယ်ဟာ။ အဘယ်မှာသက္ကာယဒိဋ္ဌိဆိုနိုင်စရာအချက်ရှိပါတော့အံ့နည်း။။(ပညာရှိပုဂ္ဂိုလ်မြတ်တို့သည်။ကြပ်ကြပ်သတိမူကုန်ရာသတည်း)။ ဆိုလိုရင်းအချက်ကား။သက္ကာယဒိဋ္ဌိအရကအတ္တသဒ္ဒါ။နမေသောအတ္တာဟူသောပုဒ်ကအတ္တသဒ္ဒါ၊အနတ္တာပုဒ်ကအတ္တသဒ္ဒါ၊သုညတကမ္မဋ္ဌာန်းတို့မှာ။ပါသောအတ္တသဒ္ဒါတို့သည်။ ကိုယ်ဟောမဟုတ်။ ငါငါထင်မှတ်သည့် (ပရမတ္ထ နိအတ္တ) ခေါ်အသက်ဝိညာဉ်ဟော ဖြစ်ကြောင်းနှင့်။ ၎င်းအတ္တ သဒ္ဒါတို့ကို၊ ငါဟုအနက်ပြန်မှအမှန်ကြမည်ကိုသာ။ အတည်ကြကြ သိစေလိုရင်းတည်း။ ဤကားအကျဉ်းတည်း။

———

## ၃၃။ အနတ္တာ၊ကိုယ်မဟုတ်ဟူသောအနက်ကိုစိစစ်၍ပြခြင်း။

သက္ကာယ ဟူသော စကား၌။ သ-တပုဒ်။ ကာယ- တပုဒ်ဖြစ်သည်။ထိုသသဒ္ဒါသည်၊ သန္တအနက်။ သံဝိဇ္ဇမာနအနက်ရှိသည်ဖြစ်၍။ ပရမတ်အားဖြင့် ထင်ရှားရှိခြင်း အနက်ကို ဟောသည်။ ကာယသဒ္ဒါသည်လည်း။ အပေါင်းအစုဟူသောအနက်ကိုဟောသည်ဖြစ်၍။သ၊သဒ္ဒါနှင့် ကာယသဒ္ဒါနှစ်ခုကိုစပ်လိုက်လျှင်။ ပရမတ်အားဖြင့် ထင်ရှားရှိသော အပေါင်း အစုဟူ၍အနက်ရသည်။ ထိုကာယသဒ္ဒါကိုပင်လျှင်။ ပါဠိဘာသာလည်းမကျ မြန်မာစကားလည်း မကျသောဝေါဟာရအားဖြင့် (ကိုယ်) ဟူ၍အနက်ပြန်ထားကြသည့်(သက္ကာယ)ဟူသောပုဒ်ကိုမြန်မာစကားကျအောင် ပြန်လျှင်။ ပရမတ်အားဖြင့်ထင်ရှားရှိသောအပေါင်း အစုဟူ၍ အနက်ရသည်။ ထိုသို့ ကာယသဒ္ဒါကထွက်သောအပေါင်းအစုဆိုတာသည်။ ပရမတ်အားဖြင့်ဧကန်စင်စစ်။

ထင်ရှားရှိသည်ဖြစ်၍။ ကာယသဒ္ဒါက ထွက်သော အပေါင်းအစု ဟု မြန်မာစကားပြန်ရသော။ ကိုယ်ဆိုတာသည်လည်း။ ဧကန် စင်စစ်။ ပရမတ်အားဖြင့် ထင်ရှားရှိသည်သာ ဖြစ်လေတော့ သည်။ ထိုကြောင့်။

က။ သတိရူပါဒိဘေဒေကာယေဒိဋ္ဌိ၊ဝိဇ္ဇမာနာဝါကာယေ ဒိဋ္ဌီတိသက္ကာယဒိဋ္ဌိ။ ။သုတ်ပါထေယျအဋ္ဌကထာ။

ခ။ သတိ ဝိဇ္ဇမာနေ ခန္ဓပဉ္စကေ သင်္ခါတေ ကာယေ ဒိဋ္ဌိ သက္ကာဒိဋ္ဌိ။ ။အဘိဓမ္မာဝတာရဋီကာ။ ။

ဂ။ သံဝိဇ္ဇမာန ဋ္ဌေန သတိခန္ဓပဉ္စကသင်္ခါတေကာယေ သယံဝါသတိတသ္မိံကာယေဒိဋ္ဌီတိသက္ကာယဒိဋ္ဌိ။ ။ အဋ္ဌသာလိနီ။ ။

ဃ။ သတိ ဝိဇ္ဇမာနေ ခန္ဓပဉ္စကေသင်္ခါတေ ကာယေသယံ ဝါတတ္ထသတိဒိဋ္ဌိသက္ကာယဒိဋ္ဌိ။ ။နေတ္တိအဋ္ဌကထာ မဟာဋီကာ။

င။ သတိ ဝိဇ္ဇမာနေ ခန္ဓပဉ္စကသင်္ခါတေကာယေ။သယံ ဝါ သတိ တသ္မိံ ကာယေ ဒိဋ္ဌီတိသက္ကာဟဒိဋ္ဌိ။ ။ သံယုတ်ဋီကာ။ ။

စ။ ပရမတ္ထတော ဝိဇ္ဇမာနတ္တာ သန္တော သံဝိဇ္ဇမာနော ကာယော သက္ကာယော။တေဘူမိကာခန္ဓပဉ္စကာသော တံနာမံ။ကာယေဝါ ဒိဋ္ဌိ ကာယဒိဋ္ဌိ။သတိ ဝိဇ္ဇမာနာ ကာယဒိဋ္ဌိသက္ကာယဒိဋ္ဌိ။ ။မဏိမဉ္ဇူ။ ။

ဆ။ သန္တောသံဝိဇ္ဇမာနော ကာယော သကာယော။သ ကာယောဧဝသက္ကာယော၊ခန္ဓပဉ္စကသင်္ခါတေ ကာ ယေမိစ္ဆာဝသေနဒိဋ္ဌိသက္ကာယဒိဋ္ဌိ။ ။အဘိဓမ္မတ္ထ သင်္ဂဟဒီပနီ။ ။

၇။ သန္တော ကာယော သက္ကာယော၊ တသ္မိံ ဒိဋ္ဌိသက္ကာ ယဒိဋ္ဌိ၊ဝိဇ္ဇမာနေ ပဉ္စုပါဒါနက္ခန္ဓေ ကာယေ ဝီသတိဝတ္ထုကာ ဒိဋ္ဌီတိ အတ္ထော၊သတိ ဝါ ကာယေဒိဋ္ဌိယထာဝုတ္တကာယေဝိဇ္ဇ

မာနာ ဒိဋ္ဌိတိ အဇ္ဈတ္တ။ ။ပရိတ်ဋီကာစသည်တို့၌မိန့်ကြပြီ။ ၊ ၍အဠကထာ။ ဋီကာကျမ်းများစွာတို့၌ (သတိပဋ္ဌာနေခန္ဓပဥ္စကသင်္ခါတေကာယေ)။ ဟူ၍အပေါင်းအစုဟူသော အနက်ကို ဟောသော။ ကာယသဒ္ဒါကို။ မချဆတ်ဆတ်။ 'ပရမတ်အားဖြင့် ထင်ရှားကြောင်းတကယ်ရှိတကယ်ဟုတ်မှန်သည့် ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး တို့ကိုသာ ဆိုသည်ဟု ဘွင့်ပြတော် မူကြသော ကြောင့်။ထိုရုပ်နာမ်နှစ်ဖြာ။ ခန္ဓာငါးခုတို့၏ အပေါင်းအစုကိုပြ သောကာယဆိုတာသည်။ကြေနစင်စစ်ရှိသည်။ထိုရုပ်နာမ်နှစ်ခု တို့၏အပေါင်းအစုဖြစ်သော (ကာယ) ဆိုတာသည်။ ကြေနစင် စစ်ရှိသည်သာဖြစ်သောကြောင့်၊ ထိုကာယသဒ္ဒါ၏ နာမသတ် အားဖြင့်ဖြစ်သော (ကိုယ်) ဆိုတာသည်လည်း။ကြေနစင်စစ်ရှိ သည်သာဖြစ်လေတော့သတည်း။ထိုကြောင့်၊အနတ္တာ၊ ကိုယ်မ ဟုတ်။ကိုယ်မရှိဟုမဆိုကောင်းသည်သာတည်း။ ။ဆက်၍ဆို ဦးအံ့။ယင်းသက္ကာယဒိဋ္ဌိ တရားယုတ်ကိုပစ်ထုတ်ပယ်ခွါနိုင်စေ ခြင်းငှါပစ်ထုတ်ပယ်ခွါရန်အလို့ငှါမြတ်စွာဘုရားနှင့်တကွ။ အဋ္ဌ ကထာ။ဋီကာဆရာတို့ဘွင့်ပြဟော်ကြားတော်မူအပ်သေါအနတ္တ တရားတော်၊အနတ္တဒေသနာတော်တွင်ပါရှိသည့်၊အတ္တသဒ္ဒါကို ကိုယ်ဟုအနက်ပြန်၍။ အနတ္တာဟူသောပါဌ်ကို၊ ကိုယ်မရှိ။ကိုယ် မဟုတ်ဟုအနက်ပြန်၍ဝိပဿနာရှုမိချေမူ။နေ့ံကပြခဲ့သည့်။ ၊ သင်္ကေ့ာ သံပိဋ္ဌမာနေ့ာကာယေ့ာသက္ကာယော။ ။သတိပဋ္ဌမာ နေခန္ဓပဥ္စကသင်္ခါတေကာယေ။ ။ဟူသောစကားရပ်ဖြင့်ရုပ်နာမ် နှစ်ဖြာခန္ဓာငါးခုတို့၏အပေါင်းအစုဖြစ်သော ကိုယ်ဆိုတာသည် မချဆဘ်ဆတ်။ ပရမတ်အားဖြင့်ထင်ရှားရှိပါသည် ဆိုသောစ ကားနှင့်မျှားမျှားကြီးဆန့်ကျင်၍ကုန်လိမ့်မည်၊ အဘယ့်ကြောင့် နည်းဟုဆိုသော်။ ရှေ့စကားတို့က။ကာယသဒ္ဒါကထွက်သော ရုပ်နာမ်နှစ်ခုတို့၏ အပေါင်းအစုဟော ကိုယ်ဆိုတာသည်။ ကြေ နစစ်စစ်၊ ပရမတ်အားဖြင့်ထင်ရှားရှိကြောင်းကိုဆိုပြီးမှ။ ထို သက္ကာယဒိဋ္ဌိတရားကို ပယ်ရှားထုဘ်ပစ်ရန် ဟောတော်မူအပ်

သည့်။ အနတ္တပုဒ်၊ အနတ္တပါဠိကကိုယ်မရှိ။ ကိုယ်မဟုတ်ဟု။ နောက်စကားက။ ရှေ့စကားကို ဖျက်ပစ်ရာကျနေသောကြောင့်တည်း။ ထိုသို့ရှေ့နောက်စကားရပ်တို့သည်။ မစပ်မိကြအောင်။ ဆန့်ကျင်၍နေကြသည်ကား။အဋ္ဌကထာဆရာ။ ဋီကာဆရာတို့ဘွင့်ပြပုံနေရာမကျသောကြောင့်မဟုတ်။အဋ္ဌကထါဆရာ။ဋီကါဆရာတို့ဘွင့်ပြပုံများသည်။ အလွန်ထင်ရှား ခြားနားသိသာပါလျက်။ အနက်ပြန်သူနေရာမကျ၍သာ။ ဤမျှလောက်ထွေးရှုပ်၍နေခြင်းသာတည်း။အဋ္ဌကထာဆရာ၊ဋီကာဆရာတို့ကားသက္ကာယပုဒ်က။ ကာယကိုပစ်ထုတ်လို၍။အနတ္တပုဒ်၊အနတ္တတရားကိုဘုရားဟောသည်ဟု။ မည်သည့်အဋ္ဌကထာဋီကာတို့မှ မပြမဆို။ အတ္တအယူ။ အတ္တဒိဋ္ဌိကိုသာ ပယ်ရှားလို၍ အနတ္တတရားတော်ကိုဟောတော်မူကြောင်းနှင့်သာ။ရေးသားဘွင့်ဆိုတော်မူကြသည်။ကာယသဒ္ဒါနှင့်။အတ္တသဒ္ဒါတို့သည်။ဤနေရာ၌အချက်မှာအနက်မတူဘူးဟု၍ဆိုလိုသည်။ ထိုကြောင့်သက္ကာယဒိဋ္ဌိအဘွင့်သုတ်ပါထေယျဋီကာ၌။ ။ကာယေတိခန္ဓသမူဟေ၊ဝိဇ္ဇမာနာတိ သတိ ပရမတ္ထ တော ဥပလဗ္ဘမာနာ၊ဒိဋ္ဌိယာပရိကပ္ပိတော ဟိ အတ္တာဒိ ပရမတ္ထတော နတ္ထိ၊ ဒိဋ္ဌိပနာယံ အတ္တေ ဝါတိ၊ ။ဟုမိန့်၏၊ ။အနက်ကား၊ ။ကာယေတိ၊ကာယေဆိုသည်ကား၊ ဝါ၊ ကိုယ်ဆိုသည်ကား။ခန္ဓသမူဟေ၊ခန္ဓာငါးပါးတို့၏အပေါင်းအစု၌။ဝိဇ္ဇမာနာတိ၊ ဝိဇ္ဇမာနာဟုသည်ကား။ သတိ၊ထင်ရှားရှိသော၊ပရမတ္ထတော၊မုချသဘော်ဆော်ပရမတ်အားဖြင့်။ဥပလဗ္ဘမာနာ၊ရအပ်သော။ ဟိသစ္စံ၊ ရုပ်နာမ်နှစ်ခုတို့၏အပေါင်းအစုကိုဆိုသောကိုယ်နှင့်။ ထိုကိုယ်မှာ အမြင်မှားတတ်သည့်ဒိဋ္ဌိစေတသိက် ဆိုတာသာရှိ၍။ ငါငါဟုထင်မှာ်ရန်"အတ္တ"ဖြင့်မရှိဘူးဟု၍ဆိုသောစကားမှန်၏။ ဒိဋ္ဌိယာ၊ မဟုတ်မမှန်သည်ကို၊ ဟုတ်မှန်၏ဟုအထင်ရှိသည့်ဒိဋ္ဌိတရားဖြင့်။ ပရိကပ္ပိတော၊ယမ်းဆ၍ကြံစီအပ်သော။အတ္တာဒိ၊ ငါငါဟုထင်မှတ်ကြသည့်၊အတ္တ၊ဇီဝ၊သတ္တ၊ ပုဂ္ဂလစသည်သည်။ ပရမတ္ထတော၊မုချ

ဆတ်ဆတ်။ပရမတ်အားဖြင့်။နတ္ထိ၊ သက်သက်မရှိချေ။ အယံဣန္ဒြိယ
ပန၊မဟာဘုတ်မှန်သည့်ကို။ ဟုတ်မှန်၏ဟုအထင်ရှိသည့်၊ ဤဣန္ဒြိယ
စေတသိက်သည့်ကား။ အတ္ထေဝ၊ ပရမတ်အားဖြင့် ထင်ရှားကြေ
ကာန်း။အမှန်စင်စစ်ရှိသည်သာတည်း။ ဣတိ၊ဤသို့မှတ်ရမည်။ ။
သဏ္ဍာယဣန္ဒြိအဘွင့် ဓမ္မသင်္ဂဟိ်မူလဋီကာ၌လည်း။ ။သဏ္ဍာ
ယေဣန္ဒြိ သတိဝါ ကာယေဣန္ဒြိသဏ္ဍာယဣန္ဒြိ။အတ္ထနာ ဂဟိတာ
ကာရသာ အပိဇ္ဇမာနတာယသယ မေဝသတိ။နတာယ ဂဟိ
တော အတ္တာဝါ အတ္တနိယံဝါတိ အတ္ထော။ ။ဟုယခင်ဋီကာ
စကားရပ်နှင့်တထပ်တည်း ကျသောအဓိပ္ပါယ်ကိုပင် ဘွင့်ပြ
တော်မူအပ်ပြီ။ ။အနက်ကား။ ။သဏ္ဍာယေ၊ မုချဆတ်
ဆတ်။ပရမတ်အားဖြင့်ထင်ရှားကြေကန်တကယ်ရှိ၊ တကယ်ဟုတ်
မှန်သည့်၊ ရုပ်နာမ်နှစ်ဖြာ၊ ခန္ဓာငါးခုတို့၏ အပေါင်းအစုသာဖြစ်
သောကိုယ်၌။ဣန္ဒြိ။ငါဆိုတာ။ မပါမရှိပါဘဲလျက်။ ရှိ၏ဟုအထင်
အမြင်မှားနေခြင်းသည်။သဏ္ဍာယဣန္ဒြိ။သဏ္ဍာယဣန္ဒြိမည်၏။ ဝါ၊
တနည်းကား။ ကာယေ၊ ရုပ်နာမ်နှစ်ဖြာ။ခန္ဓာငါးခုတို့၏အပေါင်း
အစုသာဖြစ်သောကိုယ်၌။ သတိ၊ ငါဆိုတာသာ တကယ်မရှိ
သည်။သူကဖြင့်တကယ်ရှိနေသော။ဣန္ဒြိ၊ အကုသိုလ်စေတသိက်
တဆဲ့လေးခုတွင်ပါရှိသောဣန္ဒြိစေတသိက်သည်။ သဏ္ဍာယဣန္ဒြိ။
သဏ္ဍာယဣန္ဒြိမည်၏။အတ္ထနာ၊ဒိဋိဟုသောဣန္ဒြိစေတသိက်သည်။
ဝါ၊ဣန္ဒြိစေတသိက်ဖြင့်။ဂဟိတာကာရသာ၊အများအလွဲအားဖြင့်။
စွဲလမ်းယူမှတ်စရာ။အတ္တ၊ ဇီဝ၊ သတ္တ၊ ပုဂ္ဂလစသောအခြင်းအ
ရာ၏။အဝိဇ္ဇမာနတာယ၊ မုချဆတ်ဆတ်။ ပရမတ်အားဖြင့်ထင်
ရှားမရှိသည့်အဖြစ်ကြောင့်။ သယမေဝ၊မိမိဟုသော ဣန္ဒြိစေတ
သိက်သည်သာလျှင်။ သတိ၊ ပရမတ်အားဖြင့်ထင်ရှားရှိလေ၏။
တာယ၊ ထိုအများအလွဲကိုစွဲလမ်းထင်မြင်တတ်သည့်'ဣန္ဒြိစေတ
သိက်ဖြင့်။ဂဟိတော၊ကပ်ငြိစွဲလမ်း၍ ယူစရာဖြစ်သော၊ အတ္တာ
ဝါ၊ ငါဆိုတာသည်လည်း။ နတ္ထိ၊မရှိပြီ။အတ္တနိယံဝါ၊' ငါ့ဥစ္စာဆို
တာသည်လည်း။နတ္ထိ၊ငါဆိုတာမရှိသည့်အတွက်။ သက်သက်မ

ရှိပြီ။ ဇာတိအယံ၊ဤသည်ကား။ အစ္ဆေြာ၊ သယံဝါသတိစသော
နောက်ဝစနတ္ထ၏အနက်တည်း။ ။ဤကားအနက်။

ဤငိုကာကြီးတို့၌လည်း။ ကာယကို သက္ကသဒ္ဒါ၊သံပိဋ္ဌမာန
သဒ္ဒါနှင့်ထင်ရှားရှိကြောင်းကိုဘွင့်ဆိုပြီးမှ“အတ္တ”မရှိကြောင်း
ကိုဘွင့်ပြတော်မူကြလေရကား ကာယနှင့်အတ္တသည်။တချား
စီဖြစ်ကြောင်းကိုကောင်းကောင်းကြီးသိသာလှပေသတည်း။

ပငိုသဏ္ဍိဒါမဂ်ပါဠိတော်။ သံယုတ်ပါဠိတော်၊ ဝိသုဒ္ဓိမဂ်အ
ဋ္ဌကထာ စသည်တို့မှာ ပရမတ်ဖြစ်သော ရုပ်နာမ်ခန္ဓာစသော
တရားတို့ကို လက္ခဏာယာဥ်တင်၍ ရှုပုံကိုပြရာတွင်၊ ။စက္ခု
အနတ္တာ။ သောတံအနတ္တာ၊ဃာနံအနတ္တာ။ ဇိဝှါအနတ္တာ၊ ကာ
ယောအနတ္တာ။ မနောအနတ္တာ။ ။ဟူသောအရာဘို့၌ငင်း၊ ။
စက္ခုသည်အတ္တေနဝါ အတ္တနိယေနဝါ၊ ပ။ ကာယောသုညော
အတ္တေနဝါ အတ္တနိယေနဝါ။ ။ဟူသောအရာတို့၌ငင်းပါရှိကြ
သော။ ။ကာယော အနတ္တာ။ ။ဟူသောပါဠိကိုငင်း။ ။
ကာယော သုညော အတ္တေနဝါအတ္တနိယေနဝါ။ ။ဟူသောပါ
ဠိကိုငင်း။အနက်ပေး၍ကြည့်ပါလျှင်လည်း။ အနတ္တပုဒ်က။အတ္တ
သဒ္ဒါ၏ကိုယ်ဟောမဟုတ်ကြောင်းများကိုဘွါးကနဲသိလိမ့်မည်။
သိပုံကား။ ။ကာယော၊ကိုယ်သည်၊ အနတ္တာ၊ကိုယ်မဟုတ်။ ။
ဟူ၍ပေးခဲ့လျှင်ငင်း။ ။ကာယော၊ ကိုယ်သည်၊ အတ္တေနဝါ၊
ကိုယ်မှငင်း။ အတ္တနိယေနဝါ၊ကိုယ့်ဥစ္စာမှငင်း။သုညော၊ သက်
သက်မရှိသုံး၏၊ ။ဟူ၍ ပေးခဲ့လျှင်ငင်း။ ။ကိုယ်သည်ကိုယ်
မဟုတ်၊ကိုယ်သည်ကိုယ်မှသက်သက်မရှိသုံး၏ဟုဆိုရာရောက်
သောကြောင့်။ ကတောက်ကတက်အနက်ဖြစ်၍နေလေတော့ရ
ကား။သည်နေရာဌာနတွင်။ကါယသဒ္ဒါနှင့်အတ္တသဒ္ဒါအနက်မတူ
ကြောင်းများကို။ ဘွားခနဲသိရပြန်သာတည်း။ ။အနက်မှန်ကား။
ကာယော။ ကိုယ်သည်။ အနတ္တာ- ငါမဟုတ်။ ။စသည်ဖြင့်
အတ္တသဒ္ဒါကို။ငါဟုပြန်မှအမှန်ကျမည်။

သတိပဋ္ဌာန်။ သမ္မာဒိဋ္ဌိပဗ္ဗ အဋ္ဌကထာတို့တွင်၊ ဒိဋ္ဌိကိုခွါ၍၊

န္တရေ၊ ရုပ်နာမ်နှစ်ဖြာ။ ခန္ဓာငါးစုတို့၏ အပေါင်း အစုသာဖြစ်သောကိုယ်ကြီးထဲ၌၊အတ္တာနာမ၊ငါငါဟုခေါ်ဆိုကြသည့်ပုဂ္ဂိုလ်သတ္တဝါ မည်သည်၊ အဏုမြူ့တိ၊ ရှိ၏ဟူ၍။ ဒိဋ္ဌိ၊အထင်အမြင်များနေခြင်းသည်။ အဖွဲ့ပြုလိုင်၊ အတ္တအယူ၊အတ္တဒိဋ္ဌိမည်၏။ ဟုအနက်ပေး။ အတ္တာနာမ၊ကိုယ်မည်သည်။ ဟုကိုယ်ထဲမှာကိုယ်ရှိသေးသည့်ဟုဆိုရာရောက်သော။ မကြောက်မရှက်၍ပေးကြသည့်။ ကတောက်ကတက် အနက်ကိုမပေးမိအောင်။ သတိအထူးပြုရာသည်၊

---

## ၃၄။ ။အတ္တသဒ္ဒါ၏ပုဂ္ဂိုလ်၊သတ္တဝါ၊အသက်။ ဝိညာဉ်ဖြစ်သည်ကိုပြခြင်း။

နောက်ကထုတ် ပြခဲ့သည့် အဋ္ဌကထာ၊ ဋီကာတို့မှာပါရှိကြသည့်။"အတ္တ" သဒ္ဒါများကို၊ငါငါဟု ခေါ် ဆိုကြသည့်ပုဂ္ဂိုလ်၊ သတ္တဝါမည်သည်။နတ္ထိ။မရှိချေ။ ။ဟူ၍၊အတ္တသဒ္ဒါကို၊ပုဂ္ဂိုလ်၊ သတ္တဝါဟုအနက်ပြန်ခဲ့သည်ကား။

(၁) ပုဂ္ဂလောတိ အတ္တာသတ္တောဇီဝေါ။ ။ပုဂ္ဂလောတိ။ပုဂ္ဂိုလ်ဆိုသည်ကား။ အတ္တာ၊အတ္တတည်း။ သတ္တော၊ သတ္တဝါတည်း၊ ဇီဝေါ၊ အသက်ဝိညာဉ်တည်း။ ။ဟူသော၊ ကထာဝတ္ထုအဋ္ဌကထာနှင့်မူလဋီကာ။

(၂) သတ္တောတိ ဗာဟိရပရိကပ္ပိတံ အတ္တာနံသန္ဓာယဝဒန္တိ။ ။သတ္တောတိ၊သတ္တဝါဟူသည်ကား။ဗာဟိရ ပရိကပ္ပိတံ၊ သာသနာပ၊ရှေးနောက်ကမ္ဘာလေးဆယ်တိုင်တိုင် သိမြင်နိုင်ကြသော ကမ္ဘာကြီးယဝါဒီ၊ တိတ္ထိရသေ့ကြီးတို့သည်။ယမ်းဆကြံစီအပ်သော၊ အတ္တာနံ၊ သံသရာတလျှောက်၌၊မဖေါက်ပြန်ဘဲ။ အမြဲကြွင်လည်သွား လာ၍နေတတ်သော အတ္တကို။ သန္ဓာယ၊ရည်၍။ ဝဒန္တိ၊ ခေါ်ဝေါ်ပြောဆိုကြကုန်၏။ ။ဟူသော သီလက္ခန်ဋီကာဟောင်း။ဋီကာသစ်။

(၃) သဗ္ဗောတိ ပုဂ္ဂလသာ ဝေဝစနဝသေန ဝုတ္တံ။ ။
သဗ္ဗောတိ၊ သဗ္ဗဝါဟူ၍။ ပုဂ္ဂလသာ၊ပုဂ္ဂိုလ်၏။ ဝေဝစနဝသေ
န၊အနက်တူ ပရိယာယ်၏ အစွမ်းအားဖြင့်၊ဝုတ္တံ၊ ဟောတော်မူ
အပ်၏။ ။ဟူသောကထာဝတ္ထုအဋ္ဌကထာ။ ။

၄။ ဒိဝလောကောတိ သတ္တလောကော၊ ဒိဝဂ္ဂဟာဏေန
ဟိ သင်္ခါရဘာဇနလောကံ နိဝတ္တေတိ၊ တဿာဘာဝါ ဘဝဂမ
နာသမ္ဘဝတော၊ ။ဒိဝလောကောတိ၊ ဒိဝလောကဆိုသည်
ကား။သတ္တလောကော၊သတ္တလောကတည်း။ဟိသစ္စံ၊ ထိုစကား
မှန်၏။ဒိဝဂ္ဂဟာဏေန၊ ဒိဝသဒ္ဒါဖြင့်၊ သင်္ခါရဘာဇန လောကံ၊
သင်္ခါရလောက၊ဩကာသလောကနှစ်ပါးကို၊ နိဝတ္တေတိ၊ နှစ်
စေ၏။ကသ္မာ၊ အဘယ့်ကြောင့်ဟူမူကား။ တဿာ၊ ထိုသင်္ခါရ
လောက၊ ဩကာသလောကနှစ်ပါး၏။ ဘာဝါဘဝဂမနာသမ္ဘဝ
တော၊ဘဝကြီးငယ်သို့ ပြောင်းရွှေ့ သွားလာခြင်း၏ မဖြစ်သင့်
သောကြောင့်တည်း။ ။ဟူသောသာရတ္ထဒီပနီဋီကာ။ ။

၅။ ဒိဝလောကောတိ သတ္တလောကော၊ သင်္ခါရလော
ကဩကာသလောကာနံ ဘာဝါဘဝဂမနာ သမ္ဘဝတော၊သတ္တ
လောကံ ဒိဝလောကောတိ ဝိသေသေတွာ။ ။ဒိဝလောကော
တိ၊ဒိဝလောကဆိုသည်ကား။သတ္တလောကော၊ သတ္တလောက
တည်း။သင်္ခါရလောကဩကာသလောကာနံ၊သင်္ခါရလောက၊
ဩကာသလောကနှစ်ပါးတို့၏၊ ဘာဝါဘဝဂမနာသမ္ဘဝတော၊
ဘဝကြီးငယ်။အသွယ်သွယ်တို့၌။ ပြောင်းရွှေ့ သွားလာခြင်း၏
မဖြစ်သင့်။မဖြစ်ထိုက်သောကြောင့်။သတ္တလောကံ၊ သတ္တလော
ကကို။ဒိဝလောကောတိ၊ ဒိဝလောကဟူ၍။ ဝိသေသေတွာ၊ အ
ထူးပြုပေသတည်း။ ဝဇိရဗုဒ္ဓိဋီကာ။ ။

၆။ သတ္တရဟိတဿာတိပရပရိကပ္ပိတဒိဝရဟိတဿာ။ ။
သတ္တရဟိတဿာတိ၊သတ္တဝါမှကင်း၏ဆိုသည်ကား။ ပရပရိ
ကပ္ပိတဒိဝရဟိတဿာ၊ ရှေ့နောက်ကမ္ဘာလေးဆယ်တိုင်တိုင်။
မြင်သိနိုင်ကြသော။သာသနာပ၊ ဗာဟိရက၊ကမ္ဘာဦးယဝါဒီ၊တိ

ထိုရသေ့ကြီးတို့သည်။ ယမ်းဆကြံစီအပ်သော အသက်ဝိညာဉ်
မှကင်းသော။ ။တေရသကဏ္ဍိကာ။ ။
၇။ အယံ သင်္ဂါတိ အယမင်္ဂါ၊ ယောသာမိ၊ နိဝါသီ၊
ကာရကောဝေဒကောစာတိဗုဒ္ဓေါ၊သင်္ဂါမရတိသင်္ဂေါ
ဥပပဇ္ဇတိဌတ္တာပိဧသေဝနယော။ ။အယံသင်္ဂါတိ၊ဤသင်္ဂါဝါ
ဆိုသည့်ကား။အယမင်္ဂါ၊ ဤသံသရာတလျှောက်၌မဖေါက်ပြန်
ဘဲ။အမြဲကြင်လည့်ပြေးသွား၍နေတတ်သောအင်္ဂါကိုဆိုသတည်း
ယော၊ အကြင်အင်္ဂါကို။ သာမိ၊ခန္ဓာကိုယ်ကြီးတွင် အရှင်သခင်
ဖြစ်၍၊နိဝါသီ၊ ဤကိုယ်ထဲမှာအမြဲမှီနေ၍။ ကာရကော၊ မြင်
ခြင်း။ကြားခြင်း၊စားခြင်း။ သောက်ခြင်း။ သွားခြင်း၊ လာခြင်းစ
သောအမှုကိစ္စတို့ကိုလည်း။ပြုတတ်၏၊ ဝေဒကော၊ တွေ့ကြုံ
သောအာရုံများကို။ သိလည်းသိတတ်၊ ခံစားလည်းခံစားတတ်
၏။ ဣတိ၊ ဤသို့သောသဘောရှိ၏ဟူ၍၊ ကုဒိဋ္ဌိတော၊ ဒိဋ္ဌိရှိသူတို့
သည်အလိုရှိအပ်၏။ သင်္ဂေါ၊ သင်္ဂါဝါသည်။မရတိ၊ သေ၏။
သင်္ဂေါ၊သင်္ဂါဝါသည်၊ဥပပဇ္ဇတိ၊တခါအသစ်ဖြစ်ပြန်၏။ ဋ္ဌာတိ
ဌတ္တာပိ၊ ဤစကားရပ်တို့၌လည်း။ ဧသေဝနယော၊ ဤနည်းသာ
လျှင်တည်း။ ဝါ၊ ဤအင်္ဂါကိုပင်ဆိုသတည်း။ ။ပဋိစ္စသမုပ္ပါဒ်
ဘွင့်မဟာဋီကာ။
၈။ ဗါဟိရကပရိကပ္ပိတောပနအတ္တာသင်္ဂါတိအဓိပ္ပေ
တော။ ။ပန၊ဆက်၍ဆိုအံ့။ဗါဟိရကပရိကပ္ပိတော၊ရှေ့နေ့ဒံကမ္ဘာ
လေးဆယ်တိုင်တိုင်မြင်သိနိုင်ကြသော။ဗာဟိရက၊သာသနာပ။
ဗုဒ္ဓမန္တ၊ ကမ္ဘူကြီယဝါဒီ၊ရသေ့ကြီးတို့သည်။ ယမ်းဆကြံစီအပ်
သော။အတ္တာ၊သံသရာတလျှောက်၌၊မဖေါက်ပြန်ဘဲ။ခိုင်မြဲလှစွာ
ကူးပြောင်း၍လာတတ်သောအင်္ဂါကို။ သင်္ဂါတိ၊ သင်္ဂါဝါဟူ
၍။အဓိပ္ပေတော၊အလိုရှိအပ်၏။ ။သုညတအဘွင့်မဟာဋီကာ။ ။
၉။ အနတ္တာနုပဿနာယ အတ္တသတ္တပုဂ္ဂလသညံ ပဟာ
ယ သင်္ခါရာနံ သုညတော ဒိဋ္ဌတ္တာသုညတောတိ ဗုဒ္ဓံ ပဏ္ဍိက
တောနာ့မံနာမ။ ။အနတ္တာနုပဿနာယအနတ္တာနုပဿနာ

ဉာဏ်ပညာဖြင့်။အတ္တ၊သတ္တ ပုဂ္ဂလသည်၊ အတ္တဟူသောအမှတ် သဥ္စဝါဟူသော အမှတ်။ ပုဂ္ဂိုလ်ဟူသော အမှတ်သညာကို၊ ပဟာယ၊ပယ်စွန့်၍။ သင်္ခါရာနံ၊ သင်္ခါရဟူသောအကြောင်းမ ချုပ်သမျှ တလှုပ်လှုပ် နေကြသည့် သင်္ခါရဟူသော နာမ်ရုပ် ကောင်တို့၏။သုညတော၊ပုဂ္ဂိုလ်။သတ္တဝါ။ငါဆိုတာသည်။ ဘာ တခုမျှ။မိတ်မရသော။သုညသဘောအားဖြင့်၊ဝါ၊ မိတ်မရသော သုံညသဘောသာဟူ၍။ ဒိဋ္ဌတ္တာ၊ သိမြင်သည့်အဖြစ်ကြောင့်။ သုညတောတိဏ္ဍဗ်၊ သုညတဟူသော ဤအမည်သည်။ ပစ္စနိက တော၊ပြောင်းပြန်ကန့်လန့်။ဆန့်ကျင်ဘက်အားဖြင့်၊ လဒ္ဓံ၊ရအပ် သော။ နာမံနာမ။ အမည်သညာပေတည်း။ ။သာရတ္ထဒီပနီ ဋီကာ။ ။

၁၀။ အနတ္တာတိ အတ္တနာဇီဝေန ပုဂ္ဂလေန ရဟိတော၊ဧက ဝမ္မေပိ ပုဂ္ဂလော နတ္ထိတိ အတ္ထော။ ။အနတ္တာတိ။အနတ္တဆို သည်ကား။အတ္တနာ။သံသရာတလျှောက်၌၊မဖေါက်ပြန်ဘဲ။ နိုင် မြဲလှစွာ။ကူးပြောင်း၍လာတတ်သောအတ္တမှ။ ဇီဝေန၊ယင်းနည်း တူစွာ။ကူပြောင်း၍လာသည်ဟူ၊ သတ္တဝါအများတို့၊ ထင်မှား စရာအချက်အသက်ဝိညာဉ်မှ။ပုဂ္ဂလေန။ငရဲသို့သွားတတ်သည် ဟုခေါ်ဆိုကြသည့်ပုဂ္ဂိုလ်မှ၊ရဟိတော။မရှိအလျင်း။ ကင်းလေ ၏၊ဧကဓမ္မေပိ။မျက်စိတလှစ်။ လျှပ်စစ်တပြက်၊ လက်တဖြစ်ထဲ။ သေးဖွဲ့သိမ်နုပ်။ခါခါချုပ်ကြသည်။နာမ်ရုပ်အများတို့တွင်။ဘယ် တရားတခု၌မျှလည်း။ပုဂ္ဂလော။ ဘဝအထူးထူးတို့၌ကူးပြောင်း ၍နေတတ်သည့်သတ္တဝါဆိုတာသည်၊နတ္ထိ။ သက်သက်မရှိချေ၊ ဣတိ။ ဤသည်ကား။အတ္ထော။အနတ္တသဒ္ဒါ၏အနက်အစစ်။အနက် မှန်တည်း။ ။ဟူသောကထာ၁တ္ထ၊အဋ္ဌကထာစသည်တို့နှင့် အညီ။အတ္တ၊ ဇီဝ။ သတ္တ။ပုဂ္ဂလသဒ္ဒါတို့၏ အနက်တူကြောင်းကို ပြဆိုခဲ့ပေသတည်း၊ ။

## ၃၅။ ။အတ္တသဒ္ဒါဟောသောအနက်လေးမျိုးတို့ကို သက်သေနှင့်တကွပြခြင်း။

စိတ္တေကာယေသဘာဝေစ၊သောအတ္တာပရမတ္တနိ။ ။မာဂဓ အဘိဓာန်။ ။အနက်ကား။ ။သော၊ ပုလ္လိင်ဖြစ်သော၊ အတ္တာ၊ အတ္တသဒ္ဒါသည်။ စိတ္တေ၊ စိတ်ဟူသောအနက်၌၎င်း၊ ကာယေစ၊ ကိုယ်ဟူသောအနက်၌၎င်း။ သဘာဝေစ၊ ကုသိုလ်ဟူသောသ ဘာဝဓမ္မ အစစ်၌၎င်း။ ပရမတ္တနိစ၊ ပရမ အတ္တ ဟုခေါ်ကြ သောဇီဝအသက်၌၎င်း။ ဣတိ။ ဤသို့။ စတူသုအတ္ထေသု၊ ၄ ပါးသော အနက်တို့၌။ ဘဝေ၊ ဖြစ်၏။ ။ဤကားအနက်။ ။အဓိပ္ပါယ်ကား၊ ပုလ္လိင်အတ္တသဒ္ဒါသည်။ အချို့ပါဠိတော်၌စိတ်ကိုဟောသည်၊ အချို့ ပါဠိတော်၌၊ ကိုယ်ကိုဟောသည်။ အချို့ပါဠိတော်၌သဘာဝဓမ္မ စစ်ဟူသောကုသိုလ်တရားကိုဟောသည်။ အချို့သောပါဠိတော် ၌။ ပရမ အတ္တခေါ်သော ဇီဝအသက်ကို ဟောသည်ဟု ဆိုလို သည်။ ။

---

## ၃၆။ ။အတ္တသဒ္ဒါသည်စိတ်ကိုဟောသောပါဠိတော် များကိုပြခြင်း။

"အသလ္လီနတ္တ" ဟူသောပဋိသမ္ဘိဒါမဂ် ပါဠိတော်စသည် တို့၌၎င်း။

ဥဒကဉ္စိ နယန္တိ နေတ္တိကာ၊ ဥသုကာရာ ဒမယန္တိ တေဇနံ။ ။
ဒါရုံ ဒမယန္တိ တစ္ဆကာ၊ အတ္တာနံ ဒမယန္တိ ပဏ္ဍိတာ။ ။

ဟူသောဓမ္မပဒပါဠိတော်။ ထေရဂါထာ ပါဠိတော်စသည် တို့၌၎င်း။

အတ္တသမ္မာပဏိဓိစ။ ။ဟူသော၊ အင်္ဂုတ္တရ၊ ပါထေယျ၊ ပဋိ သမ္ဘိဒါမဂ်၊ မင်္ဂလသုတ်ပါဠိတော်စသည်တို့၌၎င်း။ ။

သဗ္ဗသတ္တာဘဝန္တု သုခိတတ္တာ။ ။ဟူသောမေတ္တာသုတ်

ပါဠိတော်စသည်တို့၌ ၎င်း၊ ပါရှိကြသောအတ္တသဒ္ဒါများသည်။
စိတ်ဟူသောအနက်ကိုဟောသည်။ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်
အဋ္ဌကထာ၌။

၁။ ကောသဇ္ဇ ဝသေန အသလ္လီနော အသံကုစိတော
အတ္တာ အသလ္လာတိ အသလ္လီနတ္တော။ အတ္တာတိ စိတ္တံ။ ယထာဟ၊

ဥဒကဉ္စ နယန္တိ နေတ္တိကာ၊
ဥသုကာရာ ဒမယန္တိ တေဇနံ။
ဒါရုံ ဒမယန္တိ တစ္ဆကာ၊
အတ္တာနံ ဒမယန္တိ ပဏ္ဍိတာတိ အာဒိ။ ။
ဟူမိန့်၏။

၂။ အတ္တသမ္မာပဏိဓိတိ အတ္တနော သမ္မာဌပနံ။ ။ဟူ
အင်္ဂုတ္တရ၊ ပါဠိ ထေယျ၊ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ။

အတ္တနော သမ္မာဌပနန္တိ အတ္တနော စိတ္တ သဏ္ဌာနသဿယောနိ
သော ဌပနံ။ ။ဟူအင်္ဂုတ္တရ၊ ပါဠိ ထေယျ ဋီကာ။

အတ္တာတိ စိတ္တံ၊ သမ္မာ ဝါ အတ္တဘာဝေ ဝါ၊ ဝုတ္တံ ဥ°။ ။စိတ္တေ
ကာယေ သဘာဝေ စ။ သော အတ္တာ ပရမတ္တနိ တိ၊ အတ္တနော သမ္မာ
သုဋ္ဌုပဏိဓိ ပဏိဓာနံ အတ္တသမ္မာပဏိဓိ။ ။ပရိတ်ဋီကာ။

၃။ သုခိတ အတ္တာတိ သုခိ ဘာ မနော ဘာဝ နိ သမ္ဘုသတ္တာ။ ။ဟူ
မေတ္တသုတ် အဋ္ဌကထာ ဋီကာ စသည်တို့၌မိန့်၏။ ။အနက်ကို
နံပါတ်စဉ်အတိုင်းအောက်မှာကြည့်။

၁။ အသလ္လီနောပုဂ္ဂိုလ်အား။ ကောသဇ္ဇဝသေန၊ ပျင်းရိသည့်
အစွမ်း အားဖြင့်။ အသလ္လီနော အသံကုစိတော၊ မတွန့်တို၊ မ
ဆုတ်နစ်သော။ အတ္တာ၊ စိတ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။
အသလ္လီနတ္တော၊ အသလ္လီနတ္တမည်၏၊ အတ္တာတိ၊ အတ္တဟူသည်
ကား။ စိတ္တံ၊ စိတ်တည်း။ ယထာဟ၊ အတ္တသဒ္ဒါသည်စိတ်ဟော
ဖြစ်ကြောင်းများကို ဘုရားသခင် အဘယ်သို့ ဟောတော်မူသ
နည်းဟူမူကား။ ဥဒကဉ္စ နယန္တိ နေတ္တိကာ။ ပ။ ပဏ္ဍိတာတိ အာဒိ။
ပဏ္ဍိတာ၊ ဤသို့အစရှိသောပါဠိကို။ အာဟ၊ ဟောတော်မူပြီ။ နေတ္တိ

ကာ၊ တောင်သူယောက်ျား။ လယ်သမားတို့သည်။ ဥဒကံ၊ ရေကို။ နယန္တိ၊ အလိုရှိရာသို့ ရောက်အောင်။ ယူဆောင်ကြကုန်၏။ ဥသုကာရာ၊ လေးသမားတို့သည်။ တေဇနံ၊ မြားကို။ ဒမယန္တိ၊ မကွေ့ မထောင့်ဘဲ။ ဖြောင့်အောင်ပြုကြကုန်၏။ တစ္ဆကာ၊ တစဦးသမားတို့သည်။ ဒါရုံ၊ သစ်ကို။ ဒမယန္တိ၊ မကွေ့ မထောင့်ဘဲ၊ ဖြောင့်အောင် ပြုကြကုန်၏။ ပဏ္ဍိတာ၊ ကြောင်းကျိုး နှစ်ဖြာ လိမ္မာဖြင်သိ၊ ပညာရှိသူ၊ လူရှင်ရဟန်းတို့သည်။ အတ္တာနံ၊ စိတ်ကို။ ဒမယန္တိ၊ မကောင်းသော အာရုံသို့ မသွားရအောင်။ တားမြစ်ဆုံးမကြကုန်၏။ ။ဤအဋ္ဌကထာက "အတ္တာနံ ဒမယန္တိ ပဏ္ဍိတာ" ဟူသော ပါဠိမှာပါရှိသော "အတ္တ" သဒ္ဒါသည်။ စိတ်ကို ဟောပါသည်ဟု သေသေချာချာ ဘွင့်ပြထားပါလျက်၊ သင်္ဂဇာဆရာတော်ကြီး အနက်ပြန်ဆို တော်မူသော ဓမ္မပဒပါဠိတော်နိဿယမျက်နှာနံပါတ် ၉၇။ ၉-ကြောင်း၌။ အတ္တာနံ မိမိစိတ်ကို။ ဝါ၊ မိမိကိုယ်ကို ဒမယန္တိ၊ ဆုံးမကုန်၏။ ။ဟုအတ္တသဒ္ဒါ၏ကိုယ်ဟူသောအနက်ကို ပြန်မိအောင်ပြန်သေး၏။ ပညာရှိသူတို့သတိမူကုန်ရာသတည်း။

၂။ အတ္တသမ္မာ ပဏိဓီတိ၊ အတ္တသမ္မာပဏိဓိ ဟူသည်ကား။ အတ္တနော၊ စိတ်ကို။ သမ္မာ၊ ကောင်းစွာ။ ဌပနံ၊ ထားခြင်းတည်း။ ။အဋ္ဌကထာနက်။ ။အတ္တနောသမ္မာဌပနန္တိ၊ အတ္တနောသမ္မာဌပနံဟူသည်ကား။ အတ္တနော၊ မိမိ၏။ စိတ္တသန္တာနဿ၊ စိတ်အစဉ်ကို။ ယောနိသော၊ အသင့်အားဖြင့်။ ဌပနံ၊ ထားခြင်းတည်း။ ။ဋီကာ နှစ်ကျမ်း အနက်။ ။အတ္တာတိ၊ အတ္တသမ္မာပဏိဓိပုဒ်မှာ ပါသော အတ္တဟူသည်ကား။ စိတ္တံ၊ စိတ်တည်း။ ဝါ။ တနည်းကား၊ သဗ္ဗော၊ အလုံးစုံသော။ အတ္တဘာဝေါ ။ခန္ဓာငါးခုတို့၏အပေါင်းအစု ဖြစ်သော ကိုယ်တည်း။ ဟိသစ္စံ ထိုစကားမှန်၏။ စိတ္တေကာယေသဘာဝေစ၊ သောအတ္တာပရမတ္တနီတိ၊ ပရမတ္တနိဟု၍၊ ဝုတ္တံ၊ အဘိဓာန်ဆရာဆိုပြီ။ အတ္တနော၊ စိတ်ကို။ သမ္မာသုဋ္ဌု၊ ကောင်းစွာ။ ပဏိဓိ ပဏီဓာနံ၊ ထားခြင်းသည်။ ဝါ၊ ဆောက်

တည့်ခြင်းသည်။ အတ္တသမ္မာပဏိဓိ၊ အတ္တသမ္မာပဏိဓိမည်၏။ ။ ပရိဘ်ဂိုကာနက်။ ။ အဋ္ဌကထာကြီး၊ ဋီကာကြီးများကအတ္တသန္တါ၏ဘ်ဟောဖြစ်ကြောင်းကိုသာ ဘွင့်ပြကြပါလျက်။ မြန်မာနိုင်ငံဖြစ်။ ပရိတ်ဋီကာနှင့် မင်္ဂလသုတ်ကိုအနက်ပြန်ကြသောရှေးဆရာတို့ကား။ ။ အတ္တသမ္မာပဏိဓိစ၊ မိမိကိုယ်ကို ဆောက်တည်ရခြင်းသည် လည်းကောင်း။ ။ ဟု အတ္တသဒ္ဒါ၏ ကိုယ်ဟူသောအနက်ကိုပြန်မိအောင်ပြန်ဆိုကြသေး၏။

၃။ သုံခိတတ္တာ၀တိ၊ သုခိတတ္တာဟူသည်ကား။ သဗ္ဗသတ္တာ၊ အလုံးစုံသော သတ္တဝါတို့သည်။ သုခိတမနာ၊ ချမ်းသာသောစိတ်ရှိကြကုန်သည်၊ ဘဝန္တု၊ ဖြစ်ကြစေကုန်သတည်း။ ။ မေတ္တသုတ်နက်။ ။ အဋ္ဌကထာ။ ဋီကါတို့ကသုခိတတ္တကို။ သုခိတအတ္တဟုပုဒ်ဖြတ်၍ အတ္တသဒ္ဒါကိုစိတ်ဟော ဖြစ်ကြောင်းနှင့်သေသေချာချာဘွင့်ပြကြပါလျက်။ ။ သုခိတတ္တာ၊ ချမ်းသာသောကိုယ်ရှိကြကုန်သည်။ ဘဝန္တု။ ဖြစ်စေကုန်သတည်း။ ။ ဟုအတ္တသဒ္ဒါ၏ကိုယ်ဟူသောအနက်ကို ပြန်မိအောင်ပြန်ဆိုကြသေး၏။ အတ္တသဒ္ဒါတွေ့တိုင်း၊ ကိုယ်ဟု အနက်ပြန်ဘို့ရာကို။ ရှေး ဆရာတို့ဘယ်လောက်ဝါသနာကြီးသည်ကိုသာ။ ပညာရှိသူဘို့။ သတိမူကြပါကုန်၊

ယခုထုတ်ပြအပ်သည့် ပါဠိမျိုးကိုတွေ့ပါလျှင်။ စိတ်ဟူ၍သာအနက်ပြန်သင့်ပါသည်မဟုတ်လား။

---

## ၃၇။ အတ္တသဒ္ဒါသည်ကိုယ်ကိုဟောသောပါဠိတော်များကိုပြခြင်း။

စတ္တာရောပဥ္စအာလောပေ၊ အဘုတွာဥဒကံပိဝေ။
အလံဖါသုဝိဟာရာယ။ ပဟိတတ္တဿဘိက္ခုနော။ ။
ဟူသောသာရိပုတ္တထေရဂါထာပါဠိတော်၊
"ပဟိတတ္တ"ဟူသောပဒိုသန္တိဒါမင်္ဂပါဠိတော်။ ။ ယာသန

ဘိက္ခုနီအတ္တာနံဝဓိတွာဝဓိတွာရောဒေယျ ။ဟူသောပါဠိ
ဠိတော်။ ။အတ္တနောအာသနေယောဝ အတ္တာနံဒသောတိ။ ။
ပဋိသန္တိဒါမင်စသောများစွာသောပါဠိတော်တို့၌။အတ္တသဒ္ဒါတို့
သည် ကိုယ်ဟူသော အနက်ကို ဟောသည်။ ထိုကြောင့် ပဋိ
သန္တိဒါမင်အဋ္ဌကထာ၌။

၁။ ကာယေဇီဝိတေစ အနပေက္ခတာယပဟိတောပေသိ
တော ဝိသဇ္ဇော အတ္တာဧတေနာတိ ပဟိတတ္တော၊ အတ္တာတိ
အတ္တဘာဝေါ။ ယထာဟ။ ယာပနဘိက္ခုနီအတ္တာနံဝဓိတွာဝဓိ
တွာရောဒေယျာတိအာဒိ။ ။ဟူ၍ငြင်း။ ။အဘိဓာနပ္ပဒီပိကာ
သူစိကျမ်း၌လည်း။

၂။ အတ္တနောအာသနေယောဝ အတ္တာနံဒသော တိတျာဒိ
သူကာယေ။ ။ဟူ၍ငြင်း။ ။မိန့်ကြလေပြီ။ ။အနက်ကား။ ။

၁။ တေန၊ ထိုပုဂ္ဂိုလ်သည်။ ကာယေစ။ ကိုယ်၌ငြင်း။ဇီ
ဝိတေစ၊အသက်ဇီဝိန်၌ငြင်း။ အနပေက္ခတာယ။ငဲ့ကွက်ညှာတာ
ခြင်း မရှိသဖြင့်။ ပဟိတော ပေသိတော ဝိသဇ္ဇော။အားကုန်
လွှတ်အပ်သော။ အတ္တာ။ ကိုယ်သည်။အတ္တိ။ရှိ၏။ ဣတိတသ္မာ။
ထိုကြောင့်။ ပဟိတတ္တော။ပဟိတတ္တမည်၏။အတ္တာတိ။အတ္တဆို
သည်ကား။အတ္တဘာဝေါ။ကိုယ်တည်း။ ယထာဟ။အတ္တသဒ္ဒါ။
ကိုယ်ဟောသောအရာမှာ။သာဓကစကားကိုဘုရားအဘယ်သို့
ဟောတော်မူသနည်း။ယာပနဘိက္ခုနီ။ပ။ ရောဒေယျာတိအာဒိ။
ရောဒေယျအစရှိသောစကားကို။အာဟ။ဟောတော်မူပြီ။ယာပ
နဘိက္ခုနီ။အကြင်ရဟန်းမိန်းမသည်။အတ္တာနံ။ကိုယ်ကို။ဝဓိတွာ
ဝဓိတွာ။ ထု၍ထု၍။ ရောဒေယျ၊ငိုကြွေးအံ့၊ပါစိတ္တိယံ။ပါစိတ်အာ
ပတ်သင့်၏။ ။အဋ္ဌကထာအနက်။

၂။ အတ္တနော။မိမိ၏။ အာသနေယောဝ။ နေရာ၌သာလျှင်။
အတ္တာနံ။ ကိုယ်ကို။ ဒသောတိ၊ပြ၏။ ဣတိအာဒိသု။ ဤသို့အစရှိ
သောပါဠိတော်တို့၌။ကာယေ။ ကိုယ်ဟူသော အနက်၌။ ဟော
တိ။ဖြစ်၏။ ။သူစိအနက်။ ။ဤကဲ့သို့သောနေရာများမှာ အတ္တ

သဒ္ဒါကိုတွေ့လျှင်။ ကိုယ်ဟူ၍အနက်ပြန်ရမည်။ထုံးစံရှိ၍သာမှာ
လိုက်ရသည်။ အတ္တသဒ္ဒါတွေ့လျှင်ကိုယ်ဟု အနက်ပြန်နေကြ၊
နိုင်ငံသားမှန်းဖြင့်အသိသားဘဲဖြစ်သည်။ ။

---

### ၃၈။ အတ္တဘာဝသဒ္ဒါသည်ကိုယ်ဟောဖြစ် သည်ကိုပြခြင်း။

၁။ အတ္တပဋိလာဘောတိအတ္တဘာဝပဋိလာဘော။ ။
သီလက္ခန်အဋ္ဌကထာ။ ။

၂။ အာဟိတောအဟံမာနောဧတ္ထာတိအတ္တာ၊အတ္တဘာ
ဝေါတိအာဟ။ အတ္တပဋိလာဘောတိ အတ္တဘာဝပဋိ
လာဘောတိ။ ၊၎င်းဋီကာဟောင်း။ဋီကာသစ်။ ။

၃။ အာဟိတောအဟံမာနောဧတ္ထာတိအတ္တာ၊ အတ္တာတိ
ဘဝတိဧတ္ထဗုဒ္ဓိဝေါဟာရောစာတိအတ္တဘာဝေါ။ ။
နေတ္တိအဋ္ဌကထာ။ ။

၄။ အတ္တာတိအဘိဓါနံဗုဒ္ဓိစဘဝန္တိဧတသ္မာတိအတ္တဘာ
ဝေါ။ ။အဘိဓာန်ဋီကာ။ ။

၅။ အတ္တာတိဘဝတိအဘိဓာနံ ဗုဒ္ဓိစာတိအတ္တဘာဝေါ။
ခန္ဓပဉ္စကသောတမဓိဝစနံ။ ။မဏိမဉ္ဇူ။ ။

၆။ အတ္တာတိဘဝတိဧတ္ထအဘိမာနောတိအတ္တဘာဝေါ။
ဥပါဒိန္နက္ခန္ဓပဉ္စကံ။ သရီရန္တိကေစိ။ ။မဟာ
ဋီကာ။ ။

၇။ အပရိညာတဝတ္ထုကာနံအတ္တာတိဘဝတိဧတ္ထအဘိ
ဓာနံစိတ္တဉ္စာတိအတ္တဘာဝေါ။ သရီရံ၊ခန္ဓပဉ္စကမေဝ
ဝါ။ ။၎င်းမဟာဋီကာ။ ။

အနက်ကိုဂဏန်းစဉ်အတိုင်းကြည့်။

၁။ အတ္တပဋိလာဘောတိ၊ အတ္တကိုရခြင်းဆိုသည်ကား။

အတ္တဘာဝပဋိလာဘော၊ ခန္ဓာငါးခုတို့၏အပေါင်းအစုဖြစ်သော ကိုယ်ကိုရခြင်းတည်း။

၂။ ဣဓ၊ ဤကိုယ်ထဲ၌အဟံမာနေ၊ ဒိဋ္ဌိငါ။မာနငါနှစ်ခု သည်။အာဟိတော၊သက်ဝင်၍တည်တတ်၏။ ဇာတိတသ္မာ၊ ထို ကြောင့်။အတ္တာ၊အတ္တမည်၏။အတ္တဘာဝေါ၊ ကိုယ်ကိုအရကော ရမည်၊ဇာတိ၊ထိုကြောင့်။ အတ္တပဋိလာဘောတိ၊အတ္တဘာဝပဋိ လာဘောတိ၊ဟူ၍။အာဟ၊အဋ္ဌကထာဆိုပြီ။ ။

၃။ ဣဓ၊ဤကိုယ်ထဲ၌။အဟံမာနေ၊ ဒိဋ္ဌိငါ။ မာနငါနှစ်ခု သည်။အာဟိတော၊သက်ဝင်၍တည်တတ်၏။ဇာတိ။ထိုကြောင့်။ အတ္တာ၊အတ္တမည်၏၊ ဣဓ၊ဤကိုယ်၌။အတ္တာတိ၊ ငါဟူ၍။ ဇုန္ဓိစ၊ သညာ ဝိပလ္လာသဖြင့် သိခြင်းသည်လည်းကောင်း။ ဝေါဟာ ရောစ၊ ခေါ်ဝေါ် ပြောဆိုခြင်း သည်လည်းကောင်း။ ဘဝတိ၊ ဖြစ်၏။ဇာတိ၊ထိုကြောင့်။အတ္တဘာဝေါ၊ အတ္တဘာဝမည်၏။ ။

၃အမှာအဋ္ဌကထာနှင့်။၄အမှတ်ဋီကာ။ ၅အမှတ်ဋီကာတို့ သည်မထူးလှပြီ။ ၅အမှတ်ဋီကာက။အတ္တဘာဝအရခန္ဓာငါးပါး ကိုအရကောက်သည်။

(၆) ဣဓ၊ ဤခန္ဓာငါးခုတို့၏အပေါင်းအစုသာ ဖြစ်သော ကိုယ်၌။အတ္တာတိ၊ ငါဟူ၍။အဘိမာနေ၊ ဒိဋ္ဌိမာနနှစ်ပါးတို့ဖြင့် ကြိမ်းဝါး မာန်မူခြင်းသည်။ ဘဝတိ၊ ဖြစ်တတ်၏။ ဇာတိ၊ထို ကြောင့်။အတ္တဘာဝေါ၊ အတ္တဘာဝမည်၏။ ဥပါဒါနက္ခန္ဓပဉ္စကံ၊ ဥပါဒါန် လေးပါးတို့၏ စွဲလမ်း ယူမှားစရာ။ ခန္ဓာ ငါးပါးကို ကောက်ယူရမည်။ သရီရန္တိ၊ ကောဋ္ဌာသအစုကိုယ်ကိုကောက် ရမည်ဟု၊ကေစိ၊အချို့ ဆရာတို့ကဆိုကြကုန်၏။

(၇) ဣဓ၊ ဤခန္ဓာငါးခုတို့၏ အပေါင်းအစုသာဖြစ်သော ကိုယ်နှိုက်။ အပရိညာတဝတ္ထုကာနံ၊ ခန္ဓာငါးပါး ဟူသောဝိ တ္ထုယ်ရာကို။ပရိညာသုံးပါးဖြင့်မပိုင်းခြားနိုင်ကြသော အန္ဓပုထု ဇန်တို့အား။ အတ္တာတိ အဘိဓာနဥ္စ၊ငါဟူသောအမည်သညာ သည်လည်းကောင်း။ အတ္တာတိစိတ္တဥ္စ၊ ငါဟူသောစိတ်သည်

လည်းကောင်း။ ဘဝတိ။ဖြစ်တတ်၏ ဣတိ။သို့ကြောင့်။အဇ္ဈတ္တ ဝေါ။အဇ္ဈတ္တ ဝမည်၏၊ သရီရံ။ ကောဋ္ဌာသအရကိုယ်ကိုအရ ကောက်ရမည်။ ဝါ။ တနည်းကား သို့မဟုတ်။ခန္ဓပဉ္စကမေဝ ဝါ။ ခန္ဓာငါးပါးအစုကိုမူလည်း။ အရကောက်ရမည်။ ။ဤကား အနက်။ ။

အထူးသတ်ပြုရန်မှာ။ ၆ အမှတ်။ ၇ အမှတ်စကားနှစ်ရပ် သည်။ မဟာဋီကာဆရာတော်ဦးတည်း၏ စကားချဉ်းဖြစ်လျက်။ အဇ္ဈတ္တ ဝဟူသောပုဒ်အရ၊ ကိုယ်ကိုအရကောက်လျှင် ကေစိ ဝါဒဟုဆိုပြီးမှ။ နောက်ပြသောဝစနတ္ထမှာ။ ခန္ဓာငါးပါးနှင့်ကိုယ် ကိုပင် အရကောက်ယူပြန်သည်။ မည်သို့သဘောထား၍ ရေး သားမိမှန်းမသိ။ ငါတို့ကား။ ခန္ဓာငါးရပ်တို့၏ အပေါင်းအစုကိုယ် ကိုပင်အရကောက်ယူလိုသည်။ အဘယ့်ကြောင့်ဆိုသော်။ အ ဘိဓာန်ကျမ်း များမှာ ပြသော။ ကိုယ်ဟော သဒ္ဒါ ဆယ်ပုဒ် တို့တွင်။အဇ္ဈတ္တ ဝဟူသော။ ကိုယ်ဟောသဒ္ဒါတိုက်ရိုက်ပင်ပါ သောကြောင့်၎င်း။ ထိုအဇ္ဈတ္တ ဝသဒ္ဒါနှင့်။ ကာယသဒ္ဒါလည်း အနက်တူပင်ဖြစ်သောကြောင့်၎င်း။ ထိုကာယဟူသည်။ ခန္ဓာ ငါးရပ်တို့၏အပေါင်းအစုကိုပင်ဆိုသည်ဟု။ ။ခန္ဓပဉ္စကသ်ါ တောကာယော။ ။ဟူ၍၎င်း။ ။ကာယောတိခန္ဓသမူဟော။ ။ ဟူ၍၎င်း များစွာသောအဋ္ဌကထာ။ ဋီကာပ်ါနိုက် ဘွင့်ဆိုကြ သောအရာကိုကောင်းစွာတွေ့မြင်ရသောကြောင့်၎င်း။အဇ္ဈတ္တ ဝသဒ္ဒါ၏အရကိုခန္ဓာငါးရပ်တို့၏ အပေါင်းအစုဖြစ်သော ကိုယ် ကိုပင် အရကောက်ယူလိုသည်။ အတ္တသဒ္ဒါ၏ အနက်လေးမျိုး တို့တွင်။ဤအဇ္ဈတ္တ ဝသဒ္ဒါနှင့်အနက်တူသော အတ္တသဒ္ဒါကိုမှ။ ကိုယ်ဟူ၍ပြန်ရသည်။ ထို့ကြောင့်၊ ။ဓာတိစရာမရဏာဒိဟိ အဒိယတေဘက္ခိယတေတိအတ္တာ၊ ခန္ဓပဉ္စကသင်္ခါနသောတ်နာ မံ။သုခဒုက္ခံအဒတိဘက္ခတိတိအတ္တာ။အာဟိတောအဟံမာနော ဧတ္ထာတိအတ္တာ။ ။ဟူသော ပါဌ်မောက္ခပဒတ္ထအနုဋီကာ။ ။

သုခဒုက္ခံအဒတိဘက္ခတိတိ အတ္တာ၊ ဓာတိစရာ မရဏာဒိ

ဟိအဒိဿတေ ဘက္ခိယတေတိဝါ အတ္တာ။ အာတုမာ။ ။ဟူသောသဒ္ဒါကြီး။ ။

အတ္တနိ ရဝသောနပနအာဟိတောအဟံမာနော ဇတ္တာတိအတ္တာ။ အတ္တဘာဝေါတိစ။ သုခဒုက္ခံအဒတိအနုဘဝတီတိ အတ္တာတိစ။ ။ဟူသောသဒ္ဒနီတိ။ အာဘိဓာနသူဋီစသော ကျမ်းတို့၌လာသော အတ္တသဒ္ဒါ မျိုးကိုဆိုသည်ဟုမှတ်။ ဤအတ္တသဒ္ဒါမျိုးသည်၊ ကိုယ်ဟူသောအနက်နှင့်သာဆိုင်သည်။ စိတ်။ သဘာဝဓမ္မတရား၊ ပရမအတ္တဟူသောအတ္တသုံးမျိုးတို့နှင့်မဆိုင်၊ ။

---

## ၃၆။ ။အတ္တသဒ္ဒါသည်သဘာဝဓမ္မကိုဟောသော။ ပါဠိတော်ကိုပြခြင်း။

အတ္တဒီပါဘိက္ခဝေ ဝိဟရထ။ အတ္တသရဏာ။ အနညသရဏာ။ ။ဟူသောခန္ဓဝဂ္ဂသံယုတ်ပါဠိတော် သုတ်ပါထေယျပါဠိတော်စသည်တို့နှိုက်။ပါရှိသောအတ္တသဒ္ဒါသည်။သဘာဝေစဟူသောအဘိဓာန်နှင့်အညီ။ သဘာဝဓမ္မဟူသော ကုသိုလ်တရားကိုဟောသည်။ ။အနက်ကား၊ ။ဘိက္ခဝေ။ ရဟန်းတို့။ အတ္တဒီပါ။ ကုသိုလ် တရားတည်းဟူသော မှီခိုရာ ကျွန်းကြီးရှိသည်ဖြစ်၍။ ဝါ။ ကျွန်းကြီးနှင့်တူသောမှီခိုရာ ကုသိုလ်တရားရှိသည်ဖြစ်။ အတ္တသရဏာ။ ကျွန်းကြီးသဖွယ်။ ကိုးကွယ်ရာ ကုသိုလ်တရားရှိသည်ဖြစ်၍။အနညသရဏာ။ ကုသိုလ်မှတပါးတချားသူ။ တချားတရား ကိုမကိုးကွယ်ကြသည် ဖြစ်၍။ ဝိဟရထ။နေကြကုန်လော။ ။ဤကားအနက်။ ။

အတ္တဒီပါတိ အတ္တာနံ။ဒီပံ တာဏံ လေဏံ ဂတိံ ပရာယနံ ပတိဋ္ဌံကတွာ ဝိဟရထာတိ အတ္ထော၊ အတ္တသရဏာတိ ဣဒံ တဿေဝဝစနံ။အနညသရဏာတိဣဒံ အညသရဏပဋိက္ခေပဝစနံ။နဟိအညော အညဿ သရဏံ ဟောတိ အညဿဝါယာမေန အညဿ အသုဒ္ဓိဿနတော။ ဝုတ္တမ္ပိစေတံ။ ။အတ္တာဟိအတ္တနော

နာထော။ကောဟိနာထောပရောသိယာတိ။ ။တေနာဟအနည
သရဏာတိ၊ကောပနေတ္ထအတ္တာနာမ။လောကိယလောကုတ္တရ
ဓမ္မော။တေနာဟဓမ္မဒီပါ၊ဓမ္မသရဏာ။ အနညသရဏာတိ။ ။
ခန္ဓဝဂ္ဂအဋ္ဌကထာ။ သုတ်ပါထေယျ အဋ္ဌကထာ။ ။အနက်
ကား။ ။အတ္တဒီပါတိ၊အတ္တဒီပါဟူသည်ကား။ အတ္တာနံ။ကုသိုလ်
တရားကို။ ဒီပံ၊ ကျွန်းကို။ တာဏံ၊ကိုးကွယ်ရာကို။ လေဏံ၊ ပုံး
အောင်းရာကို။ဂတိံ၊လားရာကို။ပရာယနံ၊ လည်းလျောင်းရာကို၊
ပတိဋ္ဌံ၊မှီရာတည်ရာကို။ကတွာ၊ပြု၍။ဝိဟရထ၊နေကြကုန်လော။
ဣတိ၊ဤသို့ကားအတ္တော၊အတ္တဒီပါဟူသောပုဒ်၏အနက်တည်း။
အတ္တသရဏာတိအာဒိ၊ အတ္တသရဏာ ဟူသော၍ပုဒ်သည်၊တ
သော၀၊ထိုအတ္တဒီပါဟူသောပုဒ်၏သာလျှင်။ဝေဝစနံ၊ပရိယာယ်
တည်း၊ အနညသရဏာတိအာဒိ၊ အနညသရဏာဟူသော၍ပုဒ်
သည်။ အညသရဏပဋိက္ခေပဝစနံ၊ တပါးသောကိုးကွယ်ရာကို
ပယ်သောပုဒ်တည်း။ ဟိသစ္စံ၊ ထိုစကားမှန်၏။ အညော၊ တပါး
သောသူသည်၊ အညဿ၊ တပါးသောသူ၏။သရဏံ၊ကိုးကွယ်
ရာသည်။ န ဟောတိ၊မဖြစ်နိုင်။ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူ
မူကား။ အညဿ၊ တပါးသူ၏။ ဝါယာ မေန၊ လုံ့လကြောင့်။
အညဿ၊တပါးသူ၏။အသုဒ္ဓိနတော၊ မစင်ကြယ်ခြင်းကြောင့်။
တည်း။ စသစ္စံ၊ ထိုစကားမှန်၏။ ဧတံ၊ထိုအကြောင်းကို။အတ္တာ
ဟိအတ္တနောနာထော၊ ကောဟိ နာထော ပရောသိယာတိ။သိ
ယာဟူ၍၊ဝုတ္တံဣတိ၊ဟောတော်မူအပ်သည်သာလျှင်တည်း။အတ္တ
နော၊ မိမိဟုခေါ်  သမုတ်အပ်သည်။ နာမ်ရုပ်အစုခန္ဓာကိုယ်၏။
နာထော၊ မှီခိုကိုးကွယ်ရာသည်ကား၊ အတ္တာဟိအတ္တာဧဝ၊ ကု
သိုလ်တရားသည်သာလျှင်တည်း။ ပရော၊ ကုသိုလ်တရားမှတ
ပါးသော။ နာထော။ ကိုးကွယ်ရာသည်။ ကောသိယာ၊အဘယ်
မှာရှိနိုင်ပါတော့အံ့နည်း။ တေန၊ ထိုကြောင့်။ အနညသရဏာ
တိ၊ အနညသရဏာဟူ၍။ အာဟ၊ဟောတော်မူပြီ။ပန။ဆက်၍
ဆိုအံ့။ ဧတ္ထ၊ ဤအတ္တဒီပါ။ အတ္တသရဏာဟူသော ပါဠိတော်၌။

အတ္တာနုသာမ၊ အတ္တဟူသည်ကား။ ကော၊အဘယ်နည်း၊ဝါ၊အတ္တ သဒ္ဒါလေးမျိုးတို့တွင် အဘယ်"အတ္တ"ဖြစ်သနည်း။လောကိယ လောကုတ္တရော၊ လောကီ လောကုတ္တရာဖြစ်သော။ ဓမ္မော၊ ကုသိုလ်တရားတည်း၊ဝါ။ကုသိုလ်တရားသည်။ အတ္တာနုသာမ၊အတ္တ မည်၏။တေန၊ထိုကြောင့်။ ဓမ္မဒီပါဓမ္မသရဏာအနညသရဏာ တိ၊သရဏာဟူ၍။ အာဟ၊ဟောတော်မူပြီ။ ၊ဤကားအနက်၊ ။

ယင်းအဘွင့်ဋီကာတို့၌လည်း။ အတ္တဒီပါဟူသောပါဠိတော် ၌။အကြင်သူသည်သူတပါးမဟုတ်။ထိုသူတပါးမဟုတ်သူသည် အတ္တဖြစ်သောကြောင့်။ မိမိ၏ခန္ဓာအစဉ်ကို "အတ္တ"ဟူ၍ အကယ်၍ကား ဆိုသင့် ဆိုထိုက်ပါ၏။ သို့ရာတွင် စီးပွါးချမ်းသာ ခြင်းကိုရှာမှီးသော အရာဖြစ်သဖြင့်။ မိမိခန္ဓာ အစဉ်ဟူသော "အတ္တ"သည်အထူးမပြုတတ်သောကြောင့်။ စီးပွါးချမ်းသာကို ကောင်းစွာ ရွက်ဆောင် တတ်သော ကုသိုလ် တရားကိုသာ "အတ္တ"ဆိုလိုသည်ဟုဘွင့်ပြအပ်သတည်း ထိုကြောင့်၊သံယုတ် ဋီကာ။ သုတ်ပါထေယျ ဋီကာတို့၌။ ၊အတ္တဒီပါတိ၊ဧတ္ထကာမံ ယောပရောနဟောတိ။ သောအတ္တာတိသသန္တာနောအတ္တာတိ ဝုတ္တော၊ဟိတသုခေသိဘာဝေနပနအတ္တနိဗ္ဗိသေသတ္တာဓမ္မောဣဓ အတ္တာတိအဓိပ္ပေတော၊တေနာဟ၊အတ္တာနုသာမလောကိယလော ကုတ္တရောဓမ္မောတိ။ ။ဟုမိန့်ပြီ။ ။အနက်ကား။ ၊အတ္တဒီပါတိ ဧတ္ထ၊ အတ္တဒီပါဟူသောပါဠိတော်၌။ ယော၊ အကြင်တရား။ အကြင်သူသည်။ပရော၊တပါးသောတရား။တပါးသောသူသည်။ နဟောတိ၊မဟုတ်။သော၊ ထိုတပါးမဟုတ်သောသူသည်၊အတ္တာ၊ အတ္တာမည်၏။ဣတိ၊ထိုတပါးမဟုတ်က"အတ္တ"မည်လေသော ကြောင့်။သသန္တာနော၊ မိမိဟူသော ခန္ဓာအစဉ်ကို။အတ္တာတိ၊ အတ္တဟူ၍။ ကာမံဝုတ္တော၊ အကယ်၍ကား ဆိုသင့်ဆိုထိုက်ပါ၏။ ပန။သို့သော်လည်း။ ဟိတသုခေ သိဘာဝေန။ စီးပွါးချမ်းသာ ကိုရှာမှီးသောအဖြစ်အားဖြင့်။ အတ္တနိဗ္ဗိသေသတ္တာ။ သူတပါးမ ဟုတ်သောမိမိ"အတ္တ"က အထူးမပြု တတ်သောကြောင့်။ဣဓ။

၍“အတ္တ”ကိုမှီရမည့်၏ဟူသောပါဠိတော်၌။ဓမ္မာ၊ကုသိုလ်တရားကို။အတ္တာတိ၊ အယုဇ္ဇာဟူ၍။အမိန့်ပေ့တော။ မြတ်စွာဘုရား အလိုတော်ရှိအပ်၏၊ တေန၊ ထိုကြောင့်။အတ္တာနာမ။အတ္တမည်သည်ကား။ လောကိယလောကုတ္တရာ၊ လောကီလောကုတ္တရာ ဖြစ်သော။ ဓမ္မာ၊ ကုသိုလ်တရားတည်း။ ဣတိ။ ဤသို့။ အာဟ။ အဋ္ဌကထာဆရာမိန့်ဆိုပြီ။ ။ဤကားအနက်။

ဤ၌ကိုကာဘ်၌နိုက်ပင်လျှင်။ အတ္တဒီပါဟူသောပါဠိတော်နိုက်။ ပကတိဖြစ်သောခန္ဓာအစဉ်ကို။‘အတ္တ’ ဟူ၍အကယ်၍အလိုရှိ အပ်သည်ဖြစ်အံ့၊သို့ပကာဘ်ဖြစ်သောခန္ဓာအစဉ်၏ကျွန်းသောင် ပမာ။ မှီခိုရာသည်။ အဘယ်မှာ ဖြစ်နိုင်ပါအံ့နည်း။ ထိုကြောင့်၊ ကျွန်းသောင်ပမာ။ မှီခိုရာအဖြစ်ဖြင့်အလိုရှိအပ်သော“အတ္တ” ဆိုတာသည်။ကေန်ရှိရာသေး၏ ထို“အတ္တ”ဆိုတာသည်။ဘယ် ဟာဘာလဲဟုမေးလို၍ “ကောပနေတ္ထ အတ္တာနာမ”ဟုသိမှတ် ကျင့်ကြံလိုသူတို့က။စောဒကတက်၏။သို့အတွက်။အဖြေပြသော အဋ္ဌကထာဆရာက၊ လောကီလောကုတ္တရာ ကုသိုလ်တရားကို “အတ္တ” ဆိုသည်ဟုပြကြောင်းနှင့် ဘွင့်ဆိုသေး၏။ ထိုကြောင့် ယောင်ရိုကာဘ်၌နိုက်ပင်လျှင်။ ။ယဒိဧတ္ထပါကတိကောအတ္တာ ဇုန္တိတော။ ကထံတဿ ဒီပသရဏဘာဝေါ။တဿာအမိပ္ပါယိ ကောဧတ္ထအတ္တာဘာဝေယျာတိပုစ္ဆတိ။ ကောပနေတ္ထအတ္တာနာ မာတိ။ဇုတရောသထါမိပ္ပေတံအတ္တာနံဒဿေန္တောလောကိယ လောကုတ္တရောဓမ္မောတိ၊ ။ဟုမိန့်ပြီ၊ ။အနက်ကား။ ။ဧတ္ထ။ဤ အတ္တဒီပါဟူသောပါဠိတော်၌။ ပါကတိကော။သူမြင်ငါသိ။ပက တိဖြစ်သော၊ အတ္တာ၊ခန္ဓာ ါးခုတို့၏အပေါင်းအစုကို။ယဒိဇုန္တ တော၊အကယ်၍ အလိုရှိအပ်သည်ဖြစ်အံ့။ တဿ။ ထိုသူမြင်ငါ သိ။ပကတိဖြစ်သောကိုယ်၏ ဒီပသရဏဘာဝေါ၊ကျွန်းသောင် ပမါမှီခိုရာကိုးကွယ်ရာသည်၊ ကထံ။အဘယ်မှာဖြစ်နိုင်ပါမည်နည်း။ တဿာ။ ထို သူမြင်ငါသိ၊ ပကတိ ၏ကိုယ်ဟာသည်။မှီခိုရာမ ဖြစ်နိုင်သောကြောင့်။ဧတ္ထ။ဤ“အတ္တ”ကိုမှီခိုကြဟုဟောပြတော်

မှုသောပါဠိတော်၌၊ အဓိပ္ပါယ်ကော။ မှိုရိုသူတို့၏အလိုကိုရွက်ဆောင်တတ်သော။ (သရဏဂမတာနံအဓိပ္ပါယ်အာဝဟာတီတိ အဓိပ္ပါယ်ကော။ဟုဝဏ္ဏနာပြု)အတ္တာ၊အတ္တတခုသည်၊ဘဝေယျ ရှိသေးသည်သာဖြစ်ခဲ့ရာ၏။ ဣတိ၊ဤသို့နှလုံးပြု၍၊ကောပနေတ္ထ အတ္တာနာမာတိ။မှိုရိုရာ "အတ္တ„ဆိုတာသည်၊ဘယ်ဟာဘာလဲ ဟု၊ပုစ္ဆတိ၊မေး၏။ဣတရော။အဖြေကိုပြုသောအဋ္ဌကထာဆရာသည်၊ယထာဝိပ္ပတံ၊ မှိုရိုသူတို့သည်၊အလိုရှိအပ်သော၊အတ္တာနံ၊အတ္တကို၊ ဒဿေန္တော။ ပြလိုသည်ဖြစ်၍၊ လောကိယလောကုတ္တရော၊ လောကီလောကုတ္တရာ ဖြစ်သော၊ ဓမ္မော၊ကုသိုလ်တရားသည်၊ အတ္တာနာမ၊ မှိုရိုလို သူတို့သည်၊ မှိုရိုအပ်သော အတ္တမည်၏ဟူ၍၊ ဝိသဇ္ဇေတိ၊ဖြေဆိုပေ၏။ ။ဤကားအနက်။

ဤအဋ္ဌကထာဋီကာ ဆရာမြတ်တို့က၊"အတ္တဒီပါဘိက္ခဝေ ဝိဟာရထ" ဟူသော ပါဠိတော်တို့မှာရှိသောအတ္တသဒ္ဒါသည်၊ ကုသိုလ်တရားကို ဟောသည်၊ ကုသိုလ်တရားကိုအနက်ပေးရမည်ဟု၊ လည်လည်ပတ်ပတ်၊ အထပ်ထပ်ဘွင့် ဆိုကြပါလျက်၊ ပေါရာဏာစရိယတို့က၊ ။ဘိက္ခဝေ၊ ရဟန်းတို့၊ အတ္တဒီပါ၊ မိမိကိုယ်ကိုမှီခိုရာပြုသည်ဖြစ်၍၊ဝိဟရထ၊နေကြကုန်လောဟု၊ အတ္တသဒ္ဒါကို၊ ကိုယ်ဟူ၍ အနက် ပြန်မိအောင် ပြန်ကြသေး၏၊ သတိပြုကြပါကုန်။

---

၄၀။ အတ္တသဒ္ဒါသည်ပရမအတ္တခေါ်သောအသက်ဝိညာဉ် ဟောသောပါဠိတော်များကိုပြခြင်း၊

သုညတော လောကံအဝေက္ခဿု၊ မောဃရာဇာသဒါသ တော။

အတ္တာနုဒိဋ္ဌိ ဦဟစ္စ၊ ဧဝံမစ္စုတရောသိယာ။

ဟူသော သုတ္တနိပါတ် ပါဠိတော်၊ နေတ္တိပါဠိတော်၊ ကထာဝတ္ထုပါဠိတော်စသည်တို့နှိက်ရင်း။

ရူပံအတ္တတောသမနုပဿတိ၊ရူပဝန္တံဝါအတ္တာနံ၊အတ္တနိဝါ ရူပံ၊ ရူပသ္မိံ ဝါအတ္တာနံသမနုပဿတိ။ ။စသောနိကာယ်ငါး ရပ်ပါဠိတော်တို့နှိုက်ရင်း။ ။

ရူပံအနတ္တာအသာရကဋ္ဌေန ဝေဒနာအနတ္တာအသာရကဋ္ဌေန၊သညာအနတ္တာအသာရကဋ္ဌေန။ ။စသောပဋိသမ္ဘိဒါမဂ်ပါဠိတော်စသည်တို့နှိုက်ရင်း။"ပရမအတ္တ"ခေါ်သော အသက်ဝိညာဉ်ကိုဟောသည်၊စိတ်ကိုရင်း။ကိုယ်ကိုရင်း။ သဘာဝဓမ္မဟူသောကုသိုလ် တရားကိုရင်း မဟော။ ဤပါဠိတော်တို့နှိုက်ပါသော "အတ္တ" သဒ္ဒါများကို၊ စိတ်ဟူ၍ရင်း၊ ကိုယ်ဟူ၍ရင်း။ ကုသိုလ်တရားဟူ၍ အနက်မပြန်ရ။ ထို့ကြောင့်၊ သုတ္တနိပါတ်၊ နေတ္တိအဋ္ဌကထာစသည်တို့နှိုက်။ ။အတ္တာနုဒိဋ္ဌိံ ဦဟစ္စာတိ ဝီသတိဝတ္ထုကံသက္ကာယဒဿနံဥဒ္ဓရိတွာသမုစ္ဆိန္ဒိတွာ။ ။ ဟူ၍ရင်း။ ။

ဆက္ကင်္ဂုတ္တရအဋ္ဌကထာနှိုက်လည်း။ ။အတ္တာနုဒိဋ္ဌီတိ အတ္တာနံအနုဂတာဝီသတိဝတ္ထုကာသက္ကာယဒိဋ္ဌိ ။ဟူ၍ရင်း ဖွင့်ကြပြီ။ ။အနက်ကား။ ။အတ္တာနုဒိဋ္ဌိံ ဦဟစ္စာတိ၊အတ္တအာ ယူကိုနှုတ်ပစ်၍ဆိုသည်ကား။ဝီသတိဝတ္ထုကံ၊ မှီတွယ်ရာဝတ္ထု နှစ်ဆယ်ရှိသော။ သက္ကာယဒဿနံ၊ သက္ကာယဒိဋ္ဌိအယူမှားကြီး ကို။ဥဒ္ဓရိတွာ၊နှုတ်ပစ်၍။သမုစ္ဆိန္ဒိတွာ၊ အကြွင်းမဲ့ပယ်ဖြတ်၍။ ။ နေတ္တိအဋ္ဌကထာအနက်။ ။

အတ္တာနုဒိဋ္ဌီတိ၊ အတ္တာနုဒိဋ္ဌိဟူသည်ကား။အတ္တာနံ၊အတ္တအာ ယူသို့၊ အနုဂတာ၊အစဉ်လိုက်၍သွားသော။ ဝီသတိဝတ္ထုကာ၊မှီ တွယ်ရာဝတ္ထု နှစ်ဆယ်ရှိသော။ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ တည်း။ ။အင်္ဂုတ္တရအဋ္ဌကထာနက်။ ။

ဤအတ္တာနုဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိကိုပင်လျှင် များစွာသော ပါဠိ တော်၊အဋ္ဌကထာ၊ ဋီကာတို့၌၊အတ္တဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊အတ္တဂါ ဟ၊အတ္တဝါဒုပါဒါန်စသောများစွာသော အမည်သညာတို့ဖြင့်၊ အရာဌာနကိုလိုက်၍ဟောကြားဖွင့်ဆိုတော်မူကြသည်။

## ၄၁။ ။သက္ကာယဒိဋ္ဌိနှိုက်ပြသောအတ္တသည်ဇီဝနှင့် တူသည်ကိုပြခြင်း။

ယခုထုတ်ပြခဲ့သည့်ပါဠိတော်တို့၌ပါရှိသောအတ္တသဒ္ဒါသည်။ အဘိဓာန်ကျမ်းတို့၌ပြသော။ ။

သရီရံဝပုဂတ္တဉ္စ၊အတ္တဘာဝေါဗုန္ဒိဝိဂ္ဂဟော။
ဒေဟော်ဝါပုရိသေကာယော၊ထိယံတနုကဠေဝရံ။ ။

ဟူသည်နှင့်အညီ။သရီရ၊ဝပု။ဂတ္တ။အတ္တဘာဝ။ဗုန္ဒိ။ဝိဂ္ဂဟ၊ ဒေဟ။ ကာယ။ တနု၊ ကဠေဝရဟူသော သဒ္ဒါတို့နှင့်အနက်တူ သော''ကိုယ်''ဟူ၍အနက်ပြန်ရသော''အတ္တ''သဒ္ဒါမျိုးမဟုတ်။ ၎င်းအဘိဓာန်၌ပင်လျှင်။ ။ဇီဝေါတုပုရိသောတ္တာထ။ ။ဟူ သည်နှင့်အညီ၊ဇီဝ။ပုရိသ၊အတ္တဟူသောသဒ္ဒါသုံးမျိုးတို့တွင်၊ဇီ ဝသဒ္ဒါ။ ပုရိသသဒ္ဒါတို့နှင့် အနက်တူသော အသက်ဝိညာဉ်ကို ဟောသောအတ္တသဒ္ဒါမျိုးဖြစ်သည်။ထို့ကြောင့်ယင်းအဘိဓာန်ဋီ ကာ၌။ ။ဇီဝန္တိသတ္တာယေနာတိဇီဝေါ၊ပုရေတိနိဿယသော ဘိလာသန္တိပုရိသေါ အတန္တိသတတံဂစ္ဆန္တိ သက္ကာယေနာတိ အတ္တာ။ ၊ဟူ၍ဖွင့်ဆိုပြီ။ ။အနက်ကား။ ။ယေန၊အကြင် အသက်ဝိညာဉ်ကြောင့်။ သတ္တာ၊ ရုပ်နာမ်နှစ်ရပ်။ သတ္တဝါတို့ သည်၊ဇီဝန္တိ၊ ရှင်နေတတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်၊ဇီ ဝေါ၊ဇီဝမည်၏။ ။ယော၊အကြင်အသက်ဝိညာဉ်သည်၊ နိဿ ယဿ၊ မိမိမှီရာဖြစ်သောခန္ဓာကိုယ်၏။ အဘိလာသံ၊အလိုဆန္ဒ ကို။ပုရေတိ၊ပြည့်စေတတ်၏။ ဣတိတသ္မာ၊ ထိုသို့ခန္ဓာကိုယ်၏ အလိုဆန္ဒကို။ ပြည့်စေတတ်သော သဘောကြောင့်။ သော။ ထိုဝိ ညာဉ်အသက်သည်။ပုရိသော၊ပုရိသမည်၏။ ။သက္ကာယဒိဋ္ဌိ ယူသူတို့က၊ အသက်ကလေးကြောင့်။ သွားနိုင်။လာနိုင်။စားနိုင်။ သောက်နိုင်။ပြောနိုင်။ ဆိုနိုင်၊လုပ်နိုင်၊ ကိုင်နိုင်သည်ဟူထင်မှတ်မှု ကိုဆိုသည်။ ။

ယေန၊ အကြင်ဝိညာဉ်အသက်ကြောင့်၊ သတ္တာ၊ ရုပ်နာမ်နှစ်ရပ်သတ္တဝါတို့သည်။ သတတံ၊ မပြတ်မလပ်။ ဝါ၊ အမြဲ။ အတန္တိ ဂစ္ဆန္တိ၊ သံသရာရဟတ်ချားမှာ၊ သွားလာ၍နေကြကုန်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ အတ္တာ။ အတ္တမည်၏။ ။သံသရာချားရဟတ်မှာ။ မပြတ်အောင်ကြင်လည်နေတတ်သောကြောင့်။ အတ္တ မည်၏ဟုဘွင့်ဆိုသောကြောင့်။ ငါဘယ်ဘဝကလာသည်။ ငါဘယ်ဘဝကိုသွားရမည်မသိ အသက်ထွက်ပြီ။ အသက်ပျောက်ပြီစသည်ဖြင့်အမြဲသုံးစွဲပြောဆို၍ နေကြသောစကားနှင့်။ တသားတည်း၊ တထပ်တည်းကျနေသော။ ဤဝိဉာဉသဒ္ဒါ အတ္တသဒ္ဒါတို့ကို "ကိုယ်" ဟူ၍အနက်ပြန်ခြင်းကို၊ လွန်မင်းစွာ အံ့ဩဘို့ကောင်းသည်။ အကြောင်းကိုဆိုသော်ကိုယ်ဆိုတာသည်။ သေသည့်နောက်။ ဘယ်ဘဝကိုမှ မပြောင်းမရွှေ့။ မသွားလာနိုင်ဘဲ၊ သင်းချိုင်းမြေမှာ၊ နေရစ်ကြသောအရာကို။ ငါမြင်သူသိဖြစ်နေခြင်းကြောင့်တည်း။ ။

ဤသို့ဘဝအထူးထူးတို့နိုက် ကူးပြောင်းသွားလာ၍နေတတ်သောအသက်ဝိညာဉ်ဟောအတ္တသဒ္ဒါဖြုံးကိုရည်၍။ သဒ္ဒနီတိစသောကျမ်းတို့၌လည်း၊ ။ဘဝါဘဝံဓာဝန္တော ဇာတိဇရာမရဏာဒိဘေဒံအနေကဝိဓံ တံသံသာရဒုက္ခံ အတတိ သတတံ ဂစ္ဆတိပါပုဏာတိ အဓိဂစ္ဆတီတိ အတ္တာ တိပိ နိဗ္ဗစနမ္ပိ ဒိဿတိ။ ။ ဟုကိုယ်ဟောအတ္တနှင့်ထူး၍၊ အသက် ဝိညာဉ် ဟောအတ္တနှင့် ကိုက်ညီအောင်ဘွင့်ဆို၏။ ။ယော၊ အကြင်၊ ပရမအတ္တ။ ဟုခေါ်ဆိုကြသောဝိညာဉ်အသက်သည်။ ဘဝါဘဝံ၊ ဘဝကြီးငယ်၊ အသွယ်သွယ်သို့။ ဓာဝန္တော၊ ကူးပြောင်းပြေးသွားလျက်၊ ဇာတိဇရာမရဏာဒိဘေဒံ၊ ပဋိသန္ဓေနေခြင်း၊ အိုခြင်း။ သေခြင်းစသည် အပြားရှိသော။ အနေကဝိဓံ၊ တပါးမက။ များလှစွာသော။ သံသာရဒုက္ခံ၊ သံသရာဆင်းရဲသို့။ ဝါ၊ သံသရာဆင်းရဲကို။ သတတံ၊ အမြဲမပြတ်။ အတတိ ဂစ္ဆတိ ပါပုဏာတိ၊ ရောက်တတ်၏။ အဓိဂစ္ဆတိ၊ ရတတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ သော၊ ထို "ပရမအတ္တ" ဟုခေါ်ဆိုကြသောဝိညာဉ်အသက်သည်။ အတ္တာ၊ အတ္တ

မည်၏၊ဇာတိဒိ၊ ဤသို့လည်း၊ နိဗ္ဗစနံ၊ ဝိဂ္ဂဟ်ကို၊ဇာန္တိ တဗ္ဗံ၊အလို ရှိအပ်၏။ ။ဤကားအနက်။

ဤသဒ္ဒနီတိဆရာမြတ်က၊ အတ္တသဒ္ဒါ အမျိုးမျိုးတို့တွင်၊ကိုယ် ဟောအတ္တသဒ္ဒါကို၊ကိုယ်နှင့်ကိုက်ညီသောဝစနတ္ထ၊ အသက်ဝိ ညာဉ်ဟောအတ္တသဒ္ဒါကို၊အသက်ဝိညာဉ်နှင့်ကိုက်ညီသောဝစ နတ္ထဖြင့်ပြဆိုပြီးမှ၊ သူ့နေရာနှင့် သူ့အတ္ထကို၊ ဉာဏ်ရှိသမျှချိန် ပြီးလျှင်၊ကျင်တွယ်ကိုက်အောင်သာ ယူကြလေတော့ဟု၊ အတ္တ သဒ္ဒါတွေတိုင်း၊ကိုယ်ဟူ၍သာအနက်ပြန်ကြသော ဆရာတို့ကို၊ ဩဝါဒပေးလို၍၊ ယတ္ထယတ္ထယထာယထာအတ္ထောလဗ္ဘ တိ၊တတ္ထတတ္ထတထာတထာအတ္ထောဂဟေတဗ္ဗော၊ ။ဟုမိန့် ၏။ ။ယတ္ထယတ္ထ၊အကြင်အကြင်ပါဠိ၌၊ယထာယထာ၊အကြင်အ ကြင်သဘောဖြင့်၊ အတ္ထော၊အနက်အဓိပ္ပါယ်ကို၊ လဗ္ဘတိ၊ရအပ် ၏၊တတ္ထတတ္ထ၊ထိုထိုပါဠိ၌၊ တထာတထာ၊ထိုထိုသဘောဖြင့်၊ အတ္ထော၊အနက်အဓိပ္ပါယ်ကို၊ဂဟေတဗ္ဗော၊ယူအပ်၏။ ။ဘဝ အဆက်ဆက်၊ ကမ္ဘာအဆက်ဆက်ကူးပြောင်းသွားလာနေနိုင် အောင်ဖြစ်၏ဟုယူကြသော "သဿတဒိဋ္ဌိ၊အတ္တဒိဋ္ဌိ၊အတ္တာနုဒိဋ္ဌိ" အရာများမှာပြအပ်သော "အတ္တ" သဒ္ဒါများကို၊သေ၍သင်းချိုင်း ထဲမှာနေရစ်ကြသော၊ကာယသဒ္ဒါနှင့်အတူမှတ်၍၊အနတ္တ၊ကိုယ် မဟုတ်ဟု၊ ယုတ်တရက်အနက် မပေးလိုက်ကြပါနှင့်ဟု ဆိုလို သည့်လက္ခဏာရှိသည်။ ။

---

## ၄၂။ ပရမအတ္တ၏သဘောလက္ခဏာကိုပြခြင်း။

နောက်ကပြခဲ့သည့်အတ္တလေးမျိုးတို့တွင်၊ ပရမအတ္တဟုခေါ် ကြသည့်ဇီဝနှင့်အနက်တူသောအသက်ဝိညာဉ်၏ သဘောလ က္ခဏာကိုလည်း၊အဘိဓမ္မာပိဋကပါဠိတော်၊ မူလပဏ္ဏာသပါဠိ တော်၊ပဋိသမ္ဘိဒါမဂ်ပါဠိတော်စသည်တို့၌၊ဤပရမအတ္တဟုခေါ် ကြသောအသက်ဝိညာဉ်သည်မြဲ၏၊ အနှစ်ပမာ၊ခိုင်မာ၏၊ အခါ

ခပ်သိမ်းတည်း၏။ ဖေါက်ပြန်ခြင်း ပျက်စီးခြင်းမရှိ၊ လ၊နေ၊ သမုဒြာ၊မြေကြီးစသည်တို့ကဲ့သို့ အမြဲတည်၏ဟု သက္ကာယဒိဋ္ဌိမကင်းသေးသူတို့၊ အယူရှိကြကြောင်းကိုဟောတော်မူသည်။ထိုကြောင့်ယခင်ပါဠိတော် တို့၌၊ အယံအတ္တာနိစ္စောဓုဝေါသဿတော အဝိပရိဏာမ ဓမ္မော သဿတိသမံ တထေဝ ဌဿတိတိ။ ၊ဟုဟောတော်မူပြီ။ ။အနက်ကား။ အယံအတ္တာ၊ ပရမအတ္တဟုကျမ်းဆရာတို့အသုံးပြုကြသော အသက်ဝိညာဉ်သည်၊ နိစ္စော၊မြဲ၏။ဓုဝေါ၊အနှစ်ပမာ၊ခိုင်လှစွာ၏။ သဿတော၊အခါခပ်သိမ်းတည်း၏၊ ဝါ။ အခါ ခပ်သိမ်းရှိ၏။ အဝိပရိ ဏာမဓမ္မော၊ ဖေါက်ပြန်ပျက်စီးခြင်းသဘောမရှိ၊သဿတိသမံ မြဲသောလနေစသည်တို့နှင့်အတူ၊ တထေဝ၊ ထိုမဖေါက်ပြန်ဘဲ၊အမြဲသာလျှင်၊ ဌဿတိ၊တည်ရှိ၏။ ဣတိ၊ဤသည်ကား၊နိစ္စ၊ဓုဝ၊ သဿတဖြစ်သောအတ္တဒိဋ္ဌိ၊သက္ကာယဒိဋ္ဌိအယူတည်း။ ။ဤကားအနက်။

ယင်းအဘွင့် အဋ္ဌကထာကြီး ၌လည်း။ ၊နိစ္စောတိဥပ္ပါဒဝယရဟိတော။ ဓုဝေါတိထိရောသာရဘူတော။သဿတောတိသဗ္ဗကာလိကော။ ။စသည်ဖြင့် ဘွင့်ဆိုပြီ။ ။နိစ္စောတိ၊ နိစ္စောဟူသည်ကား။ ဥပ္ပါဒဝယရဟိတော၊ဖြစ်ပျက်ခြင်းမှကင်း၏ ဓုဝေါတိ၊ဓုဝေါဟူသည်ကား။ ထိရော၊ခိုင်၏၊ သာရဘူတော၊ အနှစ်ကဲ့သို့ဖြစ်၍ဖြစ်၏၊ သဿတောတိ။သဿတောဟူသည်ကား။သဗ္ဗကာလိကော၊အခါခပ်သိမ်းတည်း၏၊ဝါ၊အခါခပ်သိမ်းရှိ၏၊ ။ဤကားသာသနာတွင်းရှိ၊ သက္ကာယဒိဋ္ဌိမကင်းကြသူ၊ အန္ဓပုထုဇန်တို့ယူပုံကိုပြခြင်းတည်း။

ကဿပမြတ်စွာဘုရားသခင်သည်၊ပရိနိဗ္ဗာန်စံတော်မူသည့်နောက် ကာလ သာသနာပအခါ၊ မိထိလာပြည်ကြီးကို အစိုးရသော“ဇနက” မင်းကြီးအားကမ္ဘာဦးအခါကပင်လျှင်၊ ယခင်အတ္တအယူ၊ သဿတအယူကိုယူလာသူ၊လောကီပညာရှိတို့က၊ ဆင်းသက်ပြန့်ပွါး၍လာသော၊ ဈာနလာဘီ၊အဘိညာဉ်ရ၊ ဇဋိမဏ္ဍ ဖြစ်၍။ ရှေးနောက်ကမ္ဘာ လေးဆယ် တိုင်တိုင်။ သိမြင်နိုင်

သောသဏ္ဌိရှိသည့်‘‘အဇ္ဈဝကြ’’ရသေ့ကြီးကား။ ၎င်း‘‘အတ္တ’’၏သ
ဘောလက္ခဏာကို ကောင်းစွာဟောပြရာဖြစ်သော‘‘အဇ္ဈဝကြ
ဂိတာ’’ခေါ်သောသိသင်္ကရိုင်ကျမ်း၌လည်း။ ။အတ္တာအသင်္ဂေါ။
နိဗ္ဗိကာရော၊ ဗျာပကော။ ဥာဏ ဃနော။ အခေဇ္ဇော။ အဆေ့
ဒေါ၊ အဘေဒေါ။ နိစ္စော။ သုဒ္ဓေါ။ ဗုဒ္ဓေါ။ ။စသည်ဖြင့်ဆို
၏။ ။အတ္တာ၊ ပရမအတ္တဟုကျမ်းဂန်တို့၌အသုံးပြုကြသောအ
သက်ဝိညာဉ်သည်။ အသင်္ဂေါ၊ ယောနှောထွေးယှက်ခြင်းကင်း၏
ဝါ။ ကိုယ်ဖြစ်နှင့်စပ်ယှက်ကပ်ငြိခြင်းမရှိ။ နိဗ္ဗိကာရော၊ ဖောက်ပြန်
ပျက်စီးခြင်းသည်းမရှိ၊ ဗျာပကော၊ တကိုယ်လုံးမှာ။ ပျံ့နှံ့၍နေ
တတ်၏၊ ဥာဏဃနော၊ သိတတ်သောဥာဏ်ပညာ၏စုခဲနေရာ
လည်းဖြစ်၏။ အခေဇ္ဇော၊ ဘာနှင့်ပင်ရိုက်သော်လည်းမကျိုးနိုင်။
အဆေ့ဒေါ၊ ဘာနှင့်ပင် ဖြတ်သော်လည်းမပြတ်နိုင်။ အဘေဒေါ၊
ဘာနှင့်ပင်ထုသော်လည်း မကွဲနိုင်။ နိစ္စော၊ ဘဝတခုသို့။ ကူး
ပြောင်းသွားလာနိုင်အောင်မြဲ၏။ သုဒ္ဓေါ၊ သန့်ရှင်းစင်ကြယ်၏။
ဗုဒ္ဓေါ၊ သိခွင့်ရှိသမျှကိုလည်း သိတတ်၏၊ ။ဤကားအနက်။ ။
ဤအယူကိုသင်္ကရိုင်ကျမ်းတို့၌ များစွာပြဆို၏၊ ထိုအယူနှင့်ယ
ခင်ပါဠိတော်ကြီးများမှာမြတ်စွာဘုရား ဟောပြတော်မူသော
အယူစကားသည်။ တသားတည်းတထပ်တည်းကျ၏။

---

## ၄၃။ အတ္တ၏ကူးပြောင်းသွားလာပုံကိုပြခြင်း။

ဤအတ္တအယူ။ သဿတ အယူရှိကြသူ။ ပုထုဇန်ဟူသမျှတို့
သည်အယူရှိကြစွဲလမ်းမှတ်များ၍ နေကြသော ‘‘အတ္တ’’၏ကူး
ပြောင်းသွားလာပုံကား။ လောက၌ သတ္တဝါတို့သည်။ ဟောင်း
နွမ်းသောအဝတ်ကိုစွန့်ပစ်၍အသစ်ဖြစ်သောအဝတ်တို့ကိုသာ
ရှာ၍ဝတ်ပြန်သကဲ့သို့။ ထိုအတူ‘‘အတ္တ’’ဟူသောဝိညာဉ်အသက်
သည်လည်းဆွေးမြေ့သော ဟောင်းနွမ်းသောခန္ဓာကိုယ်ကို စွန့်
ပစ်လျက်။ အသစ်ဖြစ်သောချမ်းသာကို ရှာမှီးသောအားဖြင့်။ တ

ပါးသောခန္ဓာကိုယ် အသစ်ဘခုထဲသို့ကူးပြောင်း၍။ ခန္ဓာသစ်တခုကိုယူပြန်လေ၏ဟု အယူရှိကြသည်။ ထိုကြောင့်ဝိသုဒ္ဓိမဂ်မဟာဋီကာ။ သင်္ခါရပစ္စယာဝိညာဏံအဖွင့်၌၊

ဝတ္ထာနိဇိဏ္ဏာနိယထာပဟာယ။ နဝါနိဂဏှာတိ နရောပရာနိ။ နိက္ခိပ္ပဒေဟံဣဓဇိဏ္ဏမေဝံ။ ဂဏှာတိ အတ္တာဘိနဝံသုခေသီ။ ဟုဖွင့်ပြ၏။ ။အနက်ကား။ ။နရော၊ သတ္တဝါသည်။ ဇိဏ္ဏာနိ၊ ဟောင်းနွမ်းကုန်သော။ ဝတ္ထာနိ၊ အဝတ် တို့ကို၊ ပဟာယ၊ စွန့်ပစ်၍။ ပရာနိ၊ တပါးကုန်သော။ နဝါနိ၊ အသစ်ဖြစ်ကုန်သော အဝတ်တို့ကို၊ ဂဏှာတိ ယထာ၊ ယူပြန်သကဲ့သို့။ ဧဝံ၊ ဤအတူ။ သုခေသီ၊ မိမိ၏ချမ်းသာကိုသာကောင်းစွာရှာမှီးလေ့ရှိသော၊ အတ္တာ၊ အသက် ဝိညာဉ်သည်။ ဣဓ၊ ဤဖြစ်ဆဲဖြစ်သောပစ္စုပ္ပန်ဘဝ၌။ ဇိဏ္ဏံ၊ ဟောင်းနွမ်းပျက်စီးသော။ ဒေဟံ၊ ယသတ်ကိုယ်ကြီးကို။ နိက္ခိပ္ပ၊ စွန့်ပစ်ထားခဲ့၍။ အဘိနဝံ၊ အသစ်ဖြစ်သော။ ဒေဟံ၊ ကိုယ် တခုကို။ ဂဏှာတိ၊ ကူးပြောင်းသွားလာ၍ယူပြန်၏။ ။ဤကား အနက်။ ။ဝိပဿနာ၊ ဉာဏ်ပညာ အစစ်ကို။ လက်လွှတ်ပစ် ထားကြသောအချို့မြန်မာလူမျိုးတို့အယူမျိုးတည်း။

## ၄၄။ ဇီဝ၏ကူးပြောင်းသွားလာပုံကိုပြခြင်း။

ထုတ်ပြခဲ့သည့်အတ္တသဒ္ဒါနှင့် သဘောအားဖြင့်ရင်း၊ အနက်အားဖြင့်ရင်း ထပ်တူထပ်မျှရှိသော၊ ဇီဝဟူသောအသက်ဝိညာဉ်၏ကူးပြောင်းသွားလာပုံကား။ လူတယောက်သည် ရွာတခုမှထွက်ခွါသွား၍၊ တပါးသော ရွာသို့ ဝင်ပြန်သကဲ့သို့ရင်း။ အိမ်ဘခုမှ ထွက်ခွါသွား၍။ တပါးသောအိမ်သို့ဝင်ပြန်သကဲ့သို့ရင်း။ ထိုအတူ။ ထိုအသက် ဝိညာဉ်သည်လည်း၊ ခန္ဓာကိုယ် တခုသည်၊ ဟောင်းနွမ်းပျက်စီးသေလွန်သောအခါ၌။ ခန္ဓာကိုယ်အဟောင်း ထဲမှထွက်ခွါ သွား၍။ တပါးသော ခန္ဓာကိုယ် အသစ်ထဲသို့ကူး ပြောင်းပြေးဝင် တတ်၏ဟု အယူရှိကြသည်။ ထိုကြောင့်နန္ဒက ပေတဝတ္ထုပါဠိတော်၌၊

ယထာဂါမတောနိက္ခမ္မ၊အညံ့ဂါမံပဝိသတိ။
ဧဝမေဝစသောဇီဝေါ၊အညံဗောန္ဒိံပဝိသတိ။
ယထာဂေဟာတောနိက္ခမ္မ၊အညံ့ဂေဟံပဝိသတိ။
ဧဝမေဝစသောဇီဝေါ၊အညံ့ဗောန္ဒိံပဝိသတိ။ ။

ဟုဟောတော်မူပြီ။ ။အနက်ကား။ ။ပုရိသော၊လူသာယောက်သည်။ ဂါမတော၊ရွာတရွာမှ။နိက္ခမ္မ။ထွက်သွား၍၊ အညံ့ဂါမံ၊တပါးသောတရွာသို့။ပဝိသတိယထာ၊ဝင်ပြန်သကဲ့သို့။ ဧဝမေဝ၊ ဤအတူသာ လျှင်တည်း။ သောဇီဝေါ။ ထိုအသက်ဝိညာဉ်သည်။ မရဏကာလေ၊သေသောအခါ၌။ အညံ့ဗောန္ဒိံ၊ ကိုယ်တခုထဲသို့။ပဝိသတိ၊ဝင်ပြန်လေ၏၊

ပုရိသော၊ လူတယောက်သည်။ ဂေဟာတော၊ အိမ်တခုမှ။ နိက္ခမ္မ၊ထွက်သွား၍။ အညံ့ဂေဟံ၊ တပါးသောအိမ်သို့။ပဝိသတိ ယထာ၊ ဝင်ပြန် လေ သကဲ့သို့၊ ဧဝမေဝ။ ဤအတူ သာလျှင် လည်း။ သောဇီဝေါ၊ ထိုအသက်ဝိညာဉ်သည်။ မရဏကာလေ။ သေသော အခါနိုက်။ ဇူတော။ ဤခန္ဓာကိုယ်ထဲမှ။နိက္ခမ္မ။ ထွက်သွား၍။ အညံ့ဗောန္ဒိံ။ ကိုယ်တခုထဲသို့။ ပဝိသတိ။ ဝင်ပြန်လေ၏၊ ။ဤကားအနက်။

ဤအယူလည်း။ ဝိပဿနာ။ ပညာ မျက်စိကာဘ်း ကြွသော။ ငါတို့မြန်မာလူမျိုးအန္ဓပုထုဇန်တို့အယူမျိုးပင်တည်း။

သီလက္ခန္ဓ အဋ္ဌကထာ။ သံယုတ်အဋ္ဌကထာ တို့နိုက်မူကား။ ၎င်း "အတ္တဇီဝ" ဟူသော အသက်ဝိညာဉ်သည်။ ခန္ဓာကိုယ်ကြီး။ ပျက်စီးသည့်နောက် သစ်တပင်မှ သစ်တပင်သို့ ပြောင်းရွှေ့၍။ နားသော ငှက်ကဲ့သို့၎င်း။ မိမိ ကိုလှောင်ထားသော ချိုင့်အပျက်တွင်။ တချက်တည်း ပျံ၍ ထွက်သွားသော ငှက် ကဲ့သို့၎င်း။ ဘဝတပါးသို့ကူးသန်း ပြောင်းရွှေ့၍သွား၏ဟု သဿတဒိဋ္ဌိအယူရှိသူတို့ ယူကြကြောင်းကိုပြဆိုသည်၊ ထိုအယူလည်း။ ဝိပဿနာ။ ပညာမျက်စိ ကာဘ်းကြွ၍။ အန္ဓနယ်ကပင် မလွန်

ခြောက်ကြသေးသော ငါတို့မြန်မာလူမျိုးများ အယူဝါဒမျိုးပင် ဘည်း။ ။

---

## ၄၅။ ဤအယူမျိုးကိုပင်သဿတဒိဋ္ဌိ ခေါ်သည်ကိုပြခြင်း။

ထိုအတ္တဇီဝ,ဟူသော အသက်ဝိညာဉ်သည်။ ခန္ဓာငါးခုတို့၏အပေါင်းအစုဖြစ်သော ကိုယ်သည်သာလျှင်။ သေကြေပျက်စီးသည်။ ထိုခန္ဓာငါးခုတို့၏။ အပေါင်းအစုဖြစ်သော ကိုယ်ကြီး၏အတွင်းနိုက်ရှိနေသော။ အတ္တ,ဇီဝဟူသော အသက်ဝိညာဉ်သည်။ ပေါက်ပြန် ပျက်စီးခြင်းမရှိဘဲ။ နောက်က ပြခဲ့သည့်။ အတ္တ,ဇီဝတို့၏ဘန်ရို သတ္တိအတိုင်း။ ကူးပြောင်းသွားလာ၍ နေတတ်သော။နိစ္စ၊ဓုဝ၊ သဿတသတ္တိရှိ၏ဟု ထင်မြင်မှု၊ အမှတ်များမှုကိုပင်လျှင်၊သဿတဒိဋ္ဌိဟုဟောတော်မူသည်။ထိုကြောင့် ပုဂ္ဂလပညတ်ပါဠိတော်စသည်တို့နိုက်။ ။ဣဓေကစ္စောသဿာ ဒိဋ္ဌေစေဝဓမ္မေအတ္တာနံသစ္စတောထေတတောပညပေတိ၊အဘိသမ္ပရာယဉ္စ အတ္တာနံ သစ္စတော ထေတတော ပညပေတိ၊ ပ၊ သဿတဝါဒေါတေနဒဿွော။ ။ဟုဟောတော်မူပြီ။ ။အနက်ကား။ ။ဣဓ၊ဤလောကနိုက်။ ဧကစ္စော၊ အချို့သောဆရာသည်။ ဒိဋ္ဌေစေဝဓမ္မေ၊ ယခုပစ္စုပ္ပန်ဘဝနိုက်လည်း။ အတ္တာနံ၊ဝိညာဉ်အသက်ကို။သစ္စတော၊အမှန်အဟုတ်အားဖြင့်။ ဝါ၊အမှန်အဟုတ်လုပ်၍။ထေတတော၊ အခိုင်အမြဲအားဖြင့်။ ဝါ၊ အခိုင်အမြဲလုပ်၍။ပညပေတိ၊ပညတ်ပြောဟော၏။ အဘိသမ္ပရာယဉ္စ၊နောင်သံသရာဘဝနိုက်လည်း။ အတ္တာနံ၊ ဝိညာဉ်အသက်ကို။သစ္စတော၊အမှန်အဟုတ်အားဖြင့်။ ဝါ၊အမှန်အဟုတ်လုပ်၍။ ထေတတော၊အခိုင်အမြဲအားဖြင့်။ဝါ၊ အခိုင်အမြဲလုပ်၍။ပညပေတိ၊ပညတ်ပြောဟော၏။ ပ၊တေန၊ ထိုအယူကြောင့်။ သတ္တွာ၊ဆ

ရာကို၊သဿတဝါဒေါ၊ သဿတဒိဋ္ဌိအယူရှိသော ဆရာဟူ၍။ ဒဋ္ဌဗ္ဗော၊မှတ်အပ်၏။ ။ဤကားအနက်။ ။

ယင်းအဖွင့်အဋ္ဌကထာ၌လည်း။ ။အတ္တာနံသစ္စတော ထေတတောပညပေတီတိအတ္တာနာမကောအတ္ထိနိစ္စော၊ဓုဝေါ သဿတောတိဘူတတောထိရတောပညပေတီ။ ။ဟုဒိန့် ပြီ။ ။အနက်ကား။ ။အတ္တာနံသစ္စတောထေတတောပည ပေတီတိ၊ပညပေတိဟူသည်ကား၊ နိစ္စော၊ သံသရာတလျှောက် ၌။မဖေါက်ပြန်ဘဲ မြဲသော။ဓုဝေါ၊သံသရာတလျှောက်၌။မဖေါက် ပြန်သည်ဖြစ်၍။အနှစ်ပမါ၊ခိုင်မြဲသောသဿတော၊သံသရာတ လျှောက်၌။မဖေါက်ပြန်သောအရာကြောင့်။ အခါခပ်သိမ်းတည် သော၊ ဧကောတခုသော။ အတ္တာနာမ၊ အသက်ဝိညာဉ်မည် သည်။ဝါ၊အသက်ဝိညာဉ်ဆိုတာသည်။ အတ္ထီတိ၊ ဤကိုယ်ထဲ မှာရှိ၏ဟူ၍။ဘူတတော၊အဟုတ်အမှန်အားဖြင့်၊ ဝါ၊အဟုတ်အ မှန်လုပ်၍။ထိရတော။ အခိုင်အမြဲအားဖြင့်။ ဝါ၊အခိုင်အမြဲလုပ်၍။ ပညပေတိ။ပညတ်ပြောဟော၏။ ။ဤကားအနက်။ ။ဤအ ယူမျိုးကိုပင်လျှင်။သက္ကာယဒိဋ္ဌိနှစ်ဆယ်တို့တွင်။ ။ရူပသ္မိံ ဝါ အတ္တာနံသမနုပဿတိ၊ ။ဟူ၍ဟောတော်မူသည်။ ။ရူပသ္မိံ ဝါ၊ ရုပ်ဆိုသောကိုယ်ကြီးထဲ၌မူလည်း။ အတ္တာနံ။ ဝိညာဉ်အ သက်ရှိ၏ဟူ၍။ သမနုပဿတိ။ မဟုတ်ဘဲနှင့်။ အလွဲကိုရှုမြင် တတ်၏။ ။ကြုပ်ထဲ၌ ငှက်ဖြားရှိသကဲ့သို့ ရုပ်အစုဟူသော ကိုယ်ထဲ၌အသက်ဝိညာဉ်ရှိ၏ဟုယူနေကြသည်ဆိုလိုသည်။ ဤ ကဲ့သို့သောအတ္တဒိဋ္ဌိမျိုးကို။ကိုယ်ဟူ၍အနက်မပြန်ရ။ ။ဇီ ဝေါတုပုရိသော်တ္တာထ။ ။ဟူသောအဘိဓာန်။ ။ဇီဝေါတိ စအတ္တာဧဝ။ ။ဟူသောသဒ္ဒပကာသနီအဋ္ဌကထာ။ ။ဇီ ဝေါတိအတ္တာ။ ။ဟူသောမဟာဋီကာ။ ။အတ္တတိသတတံ ဂစ္ဆတိသဏ္ဍာယေနာတိအတ္တာ။ ။ဟူသောအဘိဓာန်ဋီကာ၊ ။ ဘဝါဘဝံဓာဝန္တော ဇာတိဇရာဗျာဓိမရဏာဒိဘေဒံ အနေက ဝိဟိတံသံသာရဒုက္ခံအတတိသတတံ ဂစ္ဆတိ ပါပုဏာတီတိ

အညွှာ။ ။ဟူသော သဒ္ဒနိတိစသည်တို့နှင့်အညီ။ သံသရာတာ လျှောက်၍မပေါက်ပြန်ဘဲ။ ခိုင်မြဲလှစွာ။ သွားလာကူးပြောင်း၍ နေတတ်သောအသက်ဝိညာဉ်ဟူ၍ သာဇာနုက်ပြန်ရမည်။ အာကာယ်၍။ ဤအညွှာသဒ္ဒါချိုးကို။ကိုယ်ဟုအနက်ပြန်ခဲ့ပါမူ။ မသာမဖို့ဘုရားသားသာနံတရကိုမျှ။အသုဘာရှုမလိုက်ဘုရားရာရောက်လိမ့်မည်။အကြောင်းကိုဆိုသော်။ရုပ်အနာကိုယ်ကြီးသည်။ သုသာန်မြေမှာနေရ၍၊ ဘယ်ဘဝကိုမှ မကူးနိုင်။ မပြောင်းနိုင်သောအရာများကို နားမလည်ရာ၊မသိရာရောက်နေသောကြောင့်။ သတိပြုကြပါကုန်။ ။

---

## ၄၆။ ။ရင်းအတ္တကိုအမည့်အမျိုးမျိုးဖြင့်စွဲလမ်းကြပုံကိုပြခြင်း။

ထုတ်ပြခဲ့သောပါဠိတော်အဋ္ဌကထာ၊ ဋီကာသာခကေတို့နှင့်အညီ။ အနမတဂ္ဂ။ဘဝသံသရာမှာ။ ခန္ဓာကိုယ်တွေဟော။ မရေသာအောင်။ သေခါလာကြသော်လည်း၊ ဘယ်ခါမှမပေါက်ပြန်ဘဲ၊ခိုင်မြဲလှစွာ။ သွားလာကူးပြောင်း၍ နေတတ်သောအတ္တဟူသောအသက်ဝိညာဉ်ကိုပင်လျှင်။ အချို့သော ပါဠိတော် အဋ္ဌကထာ။ဋီကာတို့၌ "သတ္တ" ဟူသောအမည်ဖြင့် အသုံးပြုကြသည်။ ။

အချို့ကျမ်းဂန်တို့မှာ "ပုဂ္ဂလ" ဟူသောအမည်ဖြင့်အသုံးပြုကြသည်။ ။

အချို့ကျမ်းဂန်တို့မှာ "ဇီဝ" ဟူသောအမည်ဖြင့်အသုံးပြုကြသည်။ ။

အချို့ကျမ်းဂန်တို့မှာ။ "တထာဂတ" ဟူသောအမည်ဖြင့်အသုံးပြုကြသည်။ ။

အချို့ကျမ်းဂန်တို့မှာ "လောက" ဟူသောအမည်ဖြင့်အသုံးပြုကြသည်။ ။

အချို့ကျမ်းဂန်တို့မှာ "ပုရိသ" ဟူသောအမည်ဖြင့် အသုံးပြုကြသည်။ ။

အတ္တ၊ သတ္တ၊ ပုဂ္ဂလ၊ ဇီဝသဒ္ဒါတို့၏ သဘောအနက်တူကြောင်းကို နောက်က ပြခဲ့ပြီ၊ ။

ဟောတိတထာဂတောတိအာဒိ သုံးသတ္တောတထာဂတော တိအဓိပ္ပေတော။ ။ဟူသောသီလက္ခန် အဋ္ဌကထာစသည်တို့မှာ တထာဂတသဒ္ဒါနှင့်သုံးသည်၊ ။

သသတော လောကောတိ ဩတ္တခန္ဓပဉ္စကံ လောကောတိ ဂဟေတွာ။ ။စသောအဋ္ဌသာလိနီ၊ ။လောကောတိအတ္တာ၊ ။ ဟူသောပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၊ ။လောကောတိအတ္တာ နံ့သန္တာယဝဒတိ။ ။ဟူသောသုမင်္ဂလဝိလာသိနီအဋ္ဌကထာ၊ ဋီကာစသည်တို့မှာ လောကသဒ္ဒါနှင့်သုံးသည်။

ပုရိသောတိပိပုဂ္ဂလောတိပိဇီဝေ့ာသတ္တောယေဝဝဒတ္တော။ ။ ဟူသောပိဋကအဋ္ဌကထာ၊ အင်္ဂုတ္တရအဋ္ဌကထာတို့မှာ ပုရိသ သဒ္ဒါနှင့်သုံးသည်။ သည်ကိုရည်၍၊ ပရမတ္ထဒီပနီဋီကာ၌။ ။ အတ္တဝါဒုပါဒါနန္တိ ဩတ္တအတ္တာဝဒန္တိပရိကပ္ပဗုဒ္ဓိယာဂဟိတော ကောကသ္မိံ သန္တာနေ ပခေါနသဘော။ တံလောကိယ မဟာဇနေ သတ္တောတိဝါ ပုဂ္ဂလောတိဝါ ဇီဝေါတိဝါ တထာဂတော တိဝါလောကောတိဝါ သဉ္ဇာနန္တိ၊ ။ဟုမိန့်အပ်ပြီ၊ ။အတ္တဝါဒုပါဒါနန္တိဩတ္တ၊ အတ္တဝါဒုပါဒါနံ့ဟူသော စကားရပ်၌၊ ပရိကပ္ပဗုဒ္ဓိယာ။ ရှေ့နောက်ကန္တာလေးဆယ်တိုင်တိုင်။ သိမြင်နိုင်ကြသည့် အဘိညာဉ်ရ။ ဗျာနလာဘီရသေ့ကြီးတို့၏။ ဝိဘင်ကူးဉာဏ်မျှနှင့်။ ယာမ်းဆသောအသိဉာဏ်အားဖြင့်။ ဂဟိတော၊ စွဲလမ်း၍ လာကြသော။ ကောကသ္မိံသန္တာနေ၊ တခုတခုသော ခန္ဓာအစဉ်၌၊ ပခေါနိသဘော၊ ပြခေါန်းလွှမ်းမိုး၊ အစိုးရသောတရားဘမျိုးကို။ အတ္တာ၊ အတ္တဟူ၍။ ဝဒ္ဒတိ၊ ဆိုအပ်၏။ တံ၊ ထိုအတ္တကို။ လောကိယမဟာဇနေ။ လောကီလူများ အပေါင်းသည်၊ သတ္တောတိဝါ၊ သတ္တဟူ၍၎င်း၊ ပုဂ္ဂလောတိဝါ၊ ပုဂ္ဂိုလ်ဟူ၍၎င်း။

ဗိဝေါတိဝါ၊ဗိဝ ဟူ၍ရှင်း။ဘထာဂတောတိဝါ၊ တထာဂတဟူ၍ရှင်း။ လောကောတိဝါ။ လောကဟူ၍ရှင်း။သဗ္ဗညုနှင့်၊ ရှေးကျသောလူတို့ပညတ်ဖြင့် အမှတ်ပြု၍သိကြကုန်၏၊ ။ဤကားအနက်။

---

## ၄၇။ သသနတဒိဋ္ဌိရှိကြသူတို့ယူပုံကိုပြခြင်း။

နောက်ကပြခဲ့သည့်။သသနတဒိဋ္ဌိ၊အတ္တဒိဋ္ဌိ၊အဘူပါဒုပါဒါန်သက္ကာယဒိဋ္ဌိ အယူရှိကြသူတို့သည်။ ရုပ်နာမ်နှစ်ပါးတို့တွင်။ရုပ်တရားနှမမြဲသောသဘော။ မခိုင်သောသဘော။အခါခပ်သိမ်းမနေရဘဲ။သေ၍သင်းချိုင်းသုသာန်မြေ၌ နေရသောသဘောတို့ကို။ မျက်မှောက်ထင်ထင်။ သိမြင်ကြရသည့် အတွက်။ သသနတဒိဋ္ဌိဖြင့်ကပ်ငြိစွဲလမ်းမှုဟူ၍ မရှိကြပြီ။နာမ်တရား၌သာလျှင်။ခဏမစဲ။ပြောင်းလဲချုပ်ပျောက်မှုဟူသော ဥပါဒ်စွန်း။ ဘင်စွန်းတို့ကိုမသိရ။ မထင်ရ၊ဥာဏ်၌မမြင်ကြသောကြောင့်၊မြဲ၏၊ခိုင်၏။ ဘဝနှစ်ခုတို့ပေါ်ကြားမှာ။ သွားလာ၍နေတတ်၏၊ အခါခပ်သိမ်းတည်မြဲ၏၊ရှိ၏။ရုပ်ခန္ဓာသေပျောက်သော်လည်း။ နောက်ဘဝတပါးသို့။ကူး၍ပြောင်းသွားလာနိုင်သော သတ္တိရှိသည့်အတွက်။နာမ်တရားသည်။ မပျက်စီးနိုင်။ မဖေါက်ပြန်နိုင်ဘူးဟူသော သသနတဒိဋ္ဌိ။နှင့်ဒိဋ္ဌိ၊အယူသည်ဖြစ်နေကြရလေသတည်း။ ထိုကြောင့်သသနတဒိဋ္ဌိသဘောကိုဟောပြတော်မူရာသီလက္ခန်ပါဠိတော်စသည်တို့၌။ ။ယံခေါ ဣဒံ ဝုစ္စတိစက္ခုံ ဣတိပိ။ သောတံ ဣတိပိ။ ဃာနံ ဣတိပိ ဇိဝှါ ဣတိပိ။ ကာယော ဣတိပိ။ အယံအတ္တာ၊အနိစ္စော၊အဓုဝေါ၊အသဿတော၊ဝိပရိဏာမဓမ္မော။ယဉ္စခေါ ဣဒံဝုစ္စတိ စိတ္တန္တိဝါ၊မနောတိဝါ၊ဝိညာဏန္တိဝါ၊အယံအတ္တာ၊နိစ္စော၊ဓုဝေါ၊သဿတောအဝိပရိဏာမဓမ္မော။ ။စသည်ဖြင့် ဟောတော်မူပြီ။ ။အနက်ကား။ ။ယံခေါ ဣဒံ၊ အကြင်တရားသဘောကို၊ စက္ခုံ ဣတိပိ၊ မျက်စိဟူ၍ရှင်း။ သောတံ ဣတိပိ၊ နားဟူ၍ရှင်း။ ဃာနံ

ဃာတိပိ၊နှာခေါင်းဟူ၍ရှင်း။ ဇိဝှါဃာတိပိ၊လျှာဟူ၍ရှင်း၊ကာယေ ဍုတိပိ၊ ကိုယ်ဟူ၍ရှင်း။ ဝတ္ထုတိ၊သမုတ်ပညတ်ခေါ်ဆိုအပ်၏။အာ ယံအဍ္ဍာ၊ ၎င်းချုပ်အစုဟူသောကိုယ်သည်။ အနိစ္စော၊မမြဲပြီ။အရ ဝေါ၊မခိုင်ပြီ။ အသာသတော၊ ကာလမြင့်ကြာ။ အခါခပ်သိမ်းမ တည်ပြီ၊ ဝိပရိဏာမဓမ္မော၊ ဆွေးမြေ့ဖေါက်ပြန်ခြင်းသဘောရှိ ၏။ ယဥ္စခေါ်ဍုနံ၊ အကြင်တရားသဘောကို။ဣတ္တန္တိ ဝါ၊ဝိဝင်ဟူ၍ ရှင်း။မနောတိဝါ၊မနဟူ၍ရှင်း၊ဝိညာဏန္တိ ဝါ၊ဝိညာဏ်ဟူ၍ရှင်း။ ဝတ္ထုတိ၊သမုတ်ပညတ်ခေါ်ဆိုအပ်၏။အယံအဍ္ဍာ၊ ၎င်းဝိညာဉ်ဟူ သောအသက်သည်ကား။နိစ္စော၊မြဲ၏ ဓုဝေါ၊ ခိုင်၏။သဿတော၊ ဘဝနှစ်ခုတို့စပ်ကြားမှာ အခါခပ်သိမ်း တည်၏။ ဝါ၊ အခါခပ် သိမ်းရှိ၏။ အဝိပရိဏာမဓမ္မော၊ ဘဝနှစ်ခုတို့စပ်ကြားမှာ၊သွား လာကူးပြောင်း၍ နေနိုင်သည့် အတွက်၊ ပျက်စီးဖေါက်ပြန်ခြင်း မရှိပြီ၊ ။၎င်းကားအနက်။ ။ဝိတ်ဝိညာဉ်၌သာနိဗ္ဗာန်ဗ္ဗိ။သဿတ ဒိဋ္ဌိတရားသည်။အခါးကြီးဘူးစိုက်၍နေပုံများကိုနောက်၌ထင်ရှား လတ္တံ့။ ၎င်းဝိတ်ဝိညာဉ်ကို ပင်လျှင်၊ အသက် ဝိညာဉ်ထင် နေမှုများကို၊ ဒိဋ္ဌိသတ်ခဏ်း ဓာတ်ကမ္မဋ္ဌာန်း ကျမ်းမှာ များစွာပြ ဆိုခဲ့ပြီ၊ သံသရာဖြတ်ခဏ်း ဓာတ်ကမ္မဋ္ဌာန်း ကျမ်းကြီး။သဉ်ါခ ပဋ္ဌယာဝိညာဏ်၊ အကျယ်မှာလည်း များစွာလာလိမ့်မည်၊ အ လိုရှိမူ။ထိုကျမ်းတို့မှာရှုကြလေကုန်။

---

## ၄၈။ အတ္တ၊အနတ္တအရာတွင်မြန်မာနိုင်ငံဖြစ်ကျမ်း ဆရာတို့၏ဘွင့်ဆိုပုံများကိုပြခြင်း။

ယခုထုတ်ပြခဲ့သည့်အတ္တသဒ္ဒါအနက်လေးမျိုးတို့တွင်သက္ကာ ယဒိဋ္ဌိ။သဿတဒိဋ္ဌိ၊ နိစ္စဒိဋ္ဌိ၊အတ္တဒိဋ္ဌိ၊ အတ္တဝါဒုပါဒါန်တရားတို့ တွင် အတွင်းဝင်လျက်ပါသော အတ္တသဒ္ဒါကိုရှင်း။ ထိုအယူ ထို အမှားတို့ကို ပယ်ရှား တွန်းလှန်နိုင် ကြစေခြင်းငှါ ဟောကြား တော်မူအပ်သော "အနတ္တ" ပုဒ်တွင်ပါဝင်သောအတ္တသဒ္ဒါကို

၎င်း။ အသက်ဒိဋ္ဌာဥ္စ ဟော အတ္တသဒ္ဒါ၏ အဖြစ်ကို သတိမပြုမိ၍၊ အဘိဓမ္မတ္ထသင်္ဂဟဒီပနီ ဆရာမြတ် သည်လည်း။ ။အသာရကဋ္ဌေနာတိ အတ္တသာရပိဒိရဟိတသဘာဝေတာ အနတ္တာ။ အတ္တသဒ္ဒေါ ဘော္တသဘာဝတ္တဝါစကော၊ ။ဟု အတ္တသဒ္ဒါကို သဘောဟောဟုဖွင့်ဆိုမိ၏။ နောက်ကပြခဲ့သည့် သဘာဝဓမ္မဟောပါဠိသာဓကများကိုကြည့်၍ အတ္တသဒ္ဒါကို သဘောဟောဟုအနက်ပြန်၍ အနတ္တသဒ္ဒါကို သဘောမဟုတ်ဟု အနက်ပြန်ငြားလျှင်။ ။ပဋ္ဌကဗ္ဗူ အနတ္တာ။ ။ဟုသောပါဠိတော်ကိုလက္ခဏာယဉ်တင်၍စမ်းလေ။ ၎င်းအဖွင့်။ သင့်မသင့်ကိုထောက်ချင့်နှိုင်းချိန်၍ကြည့်နိုင်သောပညာရှိမှန်ကကောင်းသိလိမ့်မည်။

၎င်းနောက် ပြုစီရင် အပ်သည့်။ ပရမတ္ထဒီပနီ ဋီကာဥ္စကား။ အတ္တဝါဒုပါဒါနံဟူသောသမြှုပ်ပါဠိကိုဖွင့်ပြရာ၌လည်း။ ။အတ္တဝါဒုပါဒါနန္တိဧတ္ထ အတ္တာဝုစ္စတိ ပရိကပ္ပိတော ဂဟိတော ကောကသို့ သန္တာနေ ပဓာနော သာရော၊ ယံလောကီယမဟာဇနာ သဉ္ဇာတိဝါ ပုဂ္ဂလောတိဝါ ဇီဝေါတိဝါ တထာ ဂတောတိ ဝါလောကောတိဝါသဉ္ဇာနန္တိ။ ။ဟုဖွင့်ပြအပ်သဖြင့်။ အတ္တ သတ္တ၊ ပုဂ္ဂလ၊ ဇီဝသဒ္ဒါတို့၏ အနက်တူ။ သဘောလက္ခဏာတူမှုကြောင်းကို ဖွင့်ပြကြသော အဋ္ဌကထာ။ ဋီကာတို့နှင့်လည်း ကိုက်ညီ၏။ အတ္တ၏ သဘောလက္ခဏာနှင့်လည်းညီညွတ်ဖြောင့်မှန်၏။ ။နောက်က အနက်ပြန်ခဲ့ပြီ။ ။၍အတ္တ၊ သတ္တ၊ ပုဂ္ဂလ။ ဇီဝ အယူများတို့ကို ပယ်ရှားပစ်ထုတ် နိုင်ရန်။ ဝိသုဒ္ဓိခုနစ်ပါးကို ပွါးများရမည့်အချက်တွင်။ ဒိဋ္ဌိဝိသုဒ္ဓိစခန်းကို ပြရာ၌လည်း။ ။နာမ ရူပံ ပရိဂ္ဂဏှန္တဿ ပန နာမရူပ မတ္တာတော ဥဒ္ဓံ အညဿ ကဿစိ အဘာဝဒဿနတော စသရီရဗ္ဘန္တရေ ဇီဝသညိတော အတ္တာအတ္ထိ။ သောကရောတိ။ ပဋိသံဝေဒေတိ။ သံသရတိ၊ သန္ဓာဝတိ ဧဝံပဝတ္တာ ဒိဋ္ဌိ ပဟီယတိ။ ။ဖွင့်ဆိုအပ်ပြီ၊ ။အနက်ကား။ နာမရူပံ၊ နာမ်ရုပ်နှစ်ပါးကို။ ပရိဂ္ဂဏှန္တဿ ပန။ ပိုင်းခြားဉာဏ်ပညာဖြင့်။ ကောင်းစွာ သိမ်းဆည်း တတ်သော ယောဂီသူမြတ်

အားကား။ နာမရူပမတ္တတော။ အကြောင်းသင်္ခါရတွေ၊ မချုပ်
သမျှ။ တလှုပ်လှုပ်နေရသည်။ ခိုင်းတတ်သောနာမ်တရားနှင့်။ နာမ်
တရားခိုင်းရာကိုလုပ်တတ်သော ရုပ်တရားမှ။ ဥဒ္ဒံ။ အထက်၌။ ဝါ။
အပိုအလွန်ဖြစ်သော။ အညသော။ တပါးသော။ ကာသာဝိ။ တစုံတ
ခုသောတရား၏။ အဘာဝဒဿနတော။ ဧ။ သက်သက်မရှိသည်ကို
သိမြင်ခြင်းကြောင့်လည်း။ သရီရဗ္ဘန္တရေ။ သူသူငါငါ။ သတ္တဝါ
တို့၏ကိုယ်တွင်း၌။ ဇီဝသညီတော။ အသက်ဝိညာဉ်ဟုမှတ်ထင်
၍နေကြသော။ အတ္တာ။ အတ္တဆိုသော တရားတမျိုးသည်၊ အတ္တိ၊
ဝိပဿနာဉာဏ်မကပ် သူ့ဘို့မှာ။ မပြတ်ရှိ၍နေ၏။ သော။ သို့အ
သက်ဝိညာဉ်ဟုမှတ်ထင်၍နေကြသော အတ္တဆိုသောတရားတ
မျိုးသည်။ ကရောတိ။ မြင်ခြင်းကြားခြင်း။ သွားခြင်း လာခြင်း။
စားခြင်း။ သောက်ခြင်း စသော အမှုကိစ္စကိုလည်း ပြုတတ်၏။
သော။ ထိုအသက်ဝိညာဉ်ဟု မှတ်ထင်၍ နေကြသောအတ္တဆို
သောတရားတမျိုးသည်။ ပဋိသံဝေဒေတိ။ ၎င်းကိုယ်ထဲမှာ။ အမြဲမှီ
ကပ်လျက်။ အရပ်ရပ်သော အာရုံကို။ တွေ့ကြုံတိုင်းသိလည်းသိ
တတ်ခံစားလည်းခံစားတတ်၏။ သံသရတိ။ ခန္ဓာကိုယ်တွေဟာ။
မရသောအောင်။ သေခါလာကြသော်လည်း။ ဘယ်ခါမှမပျောံမ
သွားမှုကြောင့်၊ နှစ်ခုသောဘဝတို့၏စပ်ကြားမှာ။ သွားလာကြွင်
လည်၍နေတတ်၏။ သန္ဓာဝတိ။ ဘဝနှစ်ခုတို့၏စပ်ကြားမှာ။ ပြေး
သွား၍နေတတ်၏၊ ဇုတ်ဝေဝံ။ ၎င်းသို့ပြဆိုခဲ့တိုင်း။ ပဝတ္တာ။ ပုထုဇ္ဇန်
တို့သန္တာန်ဒြပ်တွင်စွဲကပ်ဖြစ်ပေါ်၍နေသော။ ဒိဋ္ဌိ။ သက္ကာယဒိဋ္ဌိ။
သဿတဒိဋ္ဌိ၊ အတ္တဒိဋ္ဌိအယူမှားကြီးကို။ ပဟိယတိ။ ပယ်ရှားစွန့်
ပစ်နိုင်လေ၏။ ။ဟုဘွင့်ပြအပ်သဖြင့်လည်း။ ။ဇီဝေါတိ။ အတ္တာ
ဇဝ။ ။ဇီဝေါတိအတ္တာ။ ။ပုဂ္ဂလောတိ အတ္တာသတ္တောဇီဝေါ။ ။
ဟူသော နောက်ကပြခဲ့သည့် အဋ္ဌကထာ။ ဋီကာတို့နှင့်လွန်စွာနီး
နှော၊ သဘော ကိုက်ညီဖြောင့်မှန် လှပေရကား။ ။အတ္တ ဣ
ပဏ္ဏတ္တာအနတ္တာ။ ။စသော စကားရပ်တို့မှာလည်း။ အတ္တ
သဒ္ဒါ၏ ဇီဝနှင့် အနက်တူကြောင်းကိုလည်း ကောင်းစွာထင်ရှား

သိသာလှပေသည်။ ။၎င်းဋီကာနောက်ပြုစီရင် အပ်သည့် အင်္ဂုတ္တရဋီကာသစ်ကား။ ။အတ္တဝါဒုပါဒါနန္တိ ဧတ္ထ အတ္တာနာမ တိတ္ထိယေဟိပရိကပ္ပိတော သတ္တောတိဝါပုဂ္ဂလောတိဝါတထာ ဂတောတိဝါလောကောတိဝါအဘူတာကာရေန ပညတ္တော ဇာနာသာ ရသညိတောကာယော။ ။ဟုအဋ္ဌကထာသဒ္ဒါကို။ ခန္ဓာငါးပါးအစု ကိုယ်ဟောသဒ္ဒါမျိုးမှတ်၍ဘွင့်ဆိုရေးသားပံ့ရာတွင်။ ။တိတ္ထိ ယေဟိပရိကပ္ပိတော ဟူသော ပါဌ်ဖြင့်။ ၎င်းဋီကာဆရာပြုစီ ရင်သည့်အဘိညာခဏ်းတွင်။ ။အဘိညာလာဘဗဟိသာ သနိကာယသိပါဒဝေါ တိတ္ထိယာ တိရုဠှံ လင်္ကသန္တသန္တာနေတာဒ နုသာရန္တီ ဧတ္ထာလိသကပ္ပါနိယောဝ၊ ကာသ္ထာဒုဗ္ဗလပညတ္တာ။ ။ ဟူသောသဒ္ဒါရှိသည့် ထိုဋီကာကြီး၏ကြီးဆဲသော "အတ္တ"ဟူ၍ ၎င်း။ ။သတ္တောတိဝါ ပုဂ္ဂလောတိဝါ တထာ ဂတော တိဝါ လောကောတိဝါ။ ဟူသောပါဌ်ဖြင့်။ ပုဂ္ဂိုလ်သတ္တဝါဟူသည် လည်း။ဤရုပ်အရနာမ်အရဖြစ်သောခန္ဓာကောင်ကြီးဟု အထင် ရှိသည်ဖြစ်၍။ ။တေသတ္တာအသ္မာလောကာပရံလောကံ သံသရန္တိသံသာဝန္တိ။ ။စသောသီလက္ခန်ပါဠိတော်။ ။

အယံသတ္တောအသ္မာလောကာပရံလောကံဂစ္ဆတိပရသ္မာ လောကာဣမံလောကံအာဂစ္ဆတီတိအာဒိနာဝိကပ္ပေတိ။ ။စ သောသမ္မောဝိသုဒ္ဓိမဂ်။ ။

အယံသတ္တောတိဿောယပုဿောယောသာမိ နင်္ဂလီကာရကော၊ ဝေဒကောဝါတိဗုဒ္ဓေါတော၊သတ္တောမရတိ၊သတ္တောဥပပဇ္ဇတိ တိဇေတ္တောပိဇောဝနယော။ ။ဟူသောမဟာဋီကာစသည်တို့ နှင့်အညီ။ သတ္တဝါဆိုသည်ကား။ ဘဝနှစ်ခုတို့၏ စပ်ကြားမှာ ပြေးသွားပြောင်းရွှေ့၍ နေတတ်သော"အတ္တ" ကိုဆိုပါလျက်။ သေသည့်နောက်သင်းချိုင်းမြေမှာအိပ်နေရ၍။ ဘယ်ဘဝတခုကို မျှမပြောင်းတတ်သောကာယသဒ္ဒါနှင့်အနက်တူသော"အတ္တ" ဟုထင်မှတ်၍၎င်း။ ။

အဘူတာကာရေန ပညတ္တော။ဟူသော ပါဌ်ဖြင့်။အနတ္တာ။

ကိုယ်မဟုတ်ဟူသော်အနက်သည်မူခါရှင့်၊အရနုတ်တက်ဖြစ်နေ
၍။ ။သံဝိဇ္ဇမာနဝ္ဘေနသတိခန္ဓပဉ္စကာသင်္ခါတေကာယော။ ။စ
သောအဋ္ဌသာလိနီ။ ။သတိဝိဇ္ဇမာနေခန္ဓပဉ္စကာသင်္ခါတေကာ
ယေ၊ ။စသောမဟာဋီကာ၊အဘိဓမ္မာဝတာရဋီကာ၊သံယုတ်ဋီ
ကာ။ ။ကာယေတိခန္ဓသမူဟေ။ ။စသောသုတ်ပါထေယျဋီကာ။ ။
ပရမတ္ထတော ဝိဇ္ဇမာနတ္တာ သန္တော သံဝိဇ္ဇမာနော ကာယော
သက္ကာယောတေဘုမိကာခန္ဓပဉ္စကသောတ်နာမံ။ ၊ဟူသောမဏိ
မဉ္ဇူစသည့်တို့မှာ၊ကိုယ်ဆိုတာသည့်မှုချဆတ်ဆတ်၊ပရမတ်အခါး
ဖြင့်၊ထင်ရှားရှိကြောင်းကိုပြဆိုပါလျက်၊ အနတ္တပုဒ်က၊အဘာနှင့်၊
သက္ကာယပုဒ်က၊ကာယကိုအနက်တူထင်မှတ်၍ရင်း။ ။"ဗုဒ္ဓသရ
သည်တော"ဟူသောဝါကျဖြင့်၊ချပ်တရားအစုသာဖြစ်သော်ရှုပ
ကာယ၏၊အဗျာကတ၊အစေတနတရားသာဖြစ်သော အရာကို
လည်းသတိမပြုမိ၍၊ ၊အသာရကဋ္ဌေနာတိအတ္တာနိဝါသီကာရ
ကောဝေဒကောသယံဝသီတိဝံပရိကပ္ပိတသာအတ္တသါခသာ
အဘာဝေန။ ။ဟူးသာဝိသုဒ္ဓိမဂ်၊ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာစ
သည်တို့မှာပါရှိသော်၊ကာရက၊ဝေဒက၊သယံဝသီဟူသော "ပရ
မအတ္တ"ခေါ်အသက်ပိညာဉ်၏သတ္တိကိုကာယဟူသော်ကိုယ်၏
သတ္တိဟုထင်မှတ်သည်ဖြစ်၍ရင်း။ ပြခဲ့သော အဋ္ဌကထာ၊ဋီကာ
တို့တွင်၊မည်သည့်အဋ္ဌကထာ၊မည်သည့်ဋီကာတို့၌မှ၊ ဤကဲ့သို့
သောနေရာမှာကာယသဒ္ဒါနှင့် ရေးလေ့မပြုကြပါလျက်၊ ပယာဒ
လေခ၊သတိသမ္မောသလက္ခဏာဖြင့် ရေးမိသည့်လက္ခဏာရှိ၏
ဟုထင်သည်၊အဘယ့်ကြောင့်ဆိုသော်၊ ရင်းဋီကာဆရာပြုစီရင်
သည့်ဝိသမက္ခရအခန်းတွင်-သုညတဝိမောက္ခကိုဘွင့်ပြရာ။ ၊
အဖ္ပဇ္ဇိဝသုညတ္တာသုညတော၊အတ္တဇိဝတောသုညဘာဝဒသာ
နဗလေနခန္ဓေသုကိလေသဗန္ဓနတောဝိမုစ္စတိတိဝိမောက္ခော၊ ၊
ဟုအနတ္တနှင့်ပရိယာယ်တူသောသုညတအရာတွင်၊အတ္တနှင့်ဇိဝ
ကိုသဘောတူအနက်တူအဖြစ်ဖြင့်ထပ်ဆင့်ဘွင့်ဆိုသော အရာ
ကိုရင်း။ ၊

ဒိဋ္ဌိဝိသုဒ္ဓိအခန်းတွင်။ ။အဇ္ဈတ္တဉ္စဗဟိဒ္ဓါစကတွာရူပံနာမန လက္ခဏံနာမံ၊ နရူပံ၊ ဇာဒမ္ဗနရူပဉ္စလက္ခဏံရူပံ၊ နနာမံ၊တဒုဘာယ တောအညော အတ္တာဝါဇီဝေါဝါ သတ္တောဝါ ပုဂ္ဂလောဝါ မနုဿောဝါ ဒေဝေါဝါ ဗြဟ္မာဝါ နတ္ထိတိဧဝံပဿကဿတောသုဒိဋ္ဌိ ကင်္ခါပရိဂ္ဂဟာဏံ သင်္ခေပပရိဂ္ဂဟောနာမ၊ ဇွေကနုပိဟိဉာ ဏုတ္တရိကောသက္ကာယဒိဋ္ဌိဝိစိကိစ္ဆာယောပဇဟိတုံသက္ကော တိတိ၊ ။ဟုနာမ်ရုပ်နှစ်ပါးကိုသိ၍။ဒိဋ္ဌိကိုပယ်သင်လျက်။ အနတ္တလက္ခဏာ ကောင်းစွာပေါက်ရောက်လျှင်။ အတ္တ။ ဇီဝ။ သတ္တ၊ ပုဂ္ဂလတို့မရှိကြောင်းကိုသိ၍ ဒိဋ္ဌိဝိသုဒ္ဓိ နေရာကျပြီး။ အတ္တ။ဇီဝ။သတ္တ။ပုဂ္ဂလသဒ္ဒါတို့ကိုအနက်တူ ပရိယာယ်ထား၍။ ရေးသားထပ်ဆင့်။ဘွင့်ဆိုသောအရာဒင်းကိုကောင်းစွာတွေ့မြင် ရသောကြောင့်တည်း။ ။ဆိုကဲ့သောအတ္တ ဇီဝ။သတ္တတို့၏မရှိ ကြောင်း။မဟုတ်ကြောင်းကိုသိစေခြင်းငှါ။ ။အနတ္တတရား။ ဓမ္မာနိသတ္တာ၊ နိဇ္ဇီဝသဘာဝါ။ ဟူသောတရားဒေသနာတို့ကို။ မြတ်စွာဘုရားနှင့်တကွ။ အဋ္ဌကထာဆရာ။ ဋီကာဆရာမြတ်တို့ သည်။ဟောကြားမိန့်ဆိုတော်မူကြသောအရာဖြစ်သည့်အတွက် သက္ကာယဒိဋ္ဌိအယူကအတ္တသဒ္ဒါ နမေသောအတ္တာ ဟူသောပုဒ် ကအတ္တသဒ္ဒါ၊ အနတ္တပုဒ်ကအတ္တသဒ္ဒါ။ သုညတ ကမ္မဋ္ဌာန်းတို့ မှာပါရှိကြသောအတ္တသဒ္ဒါတို့သည်။ ကိုယ်ဟောအတ္တသဒ္ဒါမျိုး မဟုတ်။ ငါငါဟုထင်မှတ်ကြသည့် -ပရမအတ္တ ခေါ်အသက် ဝိညာဉ်ဟောဖြစ်ကြောင်းနှင့်။ ၎င်းအတ္တသဒ္ဒါမျိုးတို့ကို။ ငါဟုအ နက်ပြန်၍။ ။အနတ္တ၊ငါမဟုတ်၊ငါမရှိ။ ။ဟုအနက်ပြန်မှ အမှန်ကျမည်ကိုသာ၊အတည်ကျကျ၊ သိစေလိုခြင်းတည်း။ ။ အနတ္တ၊ငါမဟုတ်။ငါမရှိ။ဟူသောအနက်၌ယုတ္တိကို၊ ဒိဋ္ဌိသတ် ခဏ်း၊ ရှောင်ကမ္မဋ္ဌာန်းကျမ်း။ နိဗ္ဗာန်ပေါက်လမ်းခေတ်ကမ္မဋ္ဌာန်း ကျမ်းကြီးတို့မှာကြည့်။ ။

ဤဒိဋ္ဌိ၊တဏှာ၊မာန၊ ပပဉ္စတရားသုံးပါးတို့၏။ စွဲလမ်းကပ်ငြိ ဟန်၊ထူးခြားပုံများကို၊ထင်ရှားသိစေလို၍။ ။

ဒိဋ္ဌိကငါ၊ငါ့ဥစ္စာ၊တဏှာစွဲချက်မှာ။
ငါသာလျှင်တတ်၊ငါသာမြတ်၊မှတ်လေ့မာနသာ။ ။
ဟုဆိုခဲ့ပေသည်။ ။

---

## ၄၉။ ။ကိုယ်ဆိုတာဧကန်ရှိ၍ငါမရှိကြောင်းကိုပြခြင်း။

ငါတို့အလို ငါတို့အကြိုက်၊ ငါတို့သဘောကျကား။ ပြဆိုခဲ့သောအဋ္ဌကထာ။ ဋီကာတို့နှင့်မျှာစွာသောအဋ္ဌကထာ။ ဋီကာတို့မှာ။ (သက္ကာယ) ပုဒ်ကိုဘွင့်ပြကြသောဟောလ။ ကိုယ်ဟုအနက်ပြန်ကြသော(ကာယ)သဒ္ဒါကို မချဆတ်ဆဘ်။ပရမတ်အားဖြင့်။ထင်ရှားရှိခြင်းအနက်ကိုဟောပြသော (သန္တ) သဒ္ဒါ(သံဝိဇ္ဇမာန) သဒ္ဒါတို့နှင့်ပြ၍။ ဘွင့်ဆိုကြသော အရောကိုးကောင်းစွာထောက်ထားယုံကြည်သောအားဖြင့်။ ဘုရားမြတ်စွာနှင့်။ အဋ္ဌကသာဆရာ ဋီကာဆရာမြတ်တို့ကာ မချဆဘ်ဆဘ်။ ရှိပါသည်ဟုဟောကြားဖွင့်ဆိုကြသော(ကာယ)သဒ္ဒါကထွက်၍ အနက်ပြန်ဆိုကြသော(ကိုယ်)ဆိုတာကို အနတ္တာကိုယ်မဟုဘ်။ ကိုယ်မရှိဟု။အနက်လည်းမပြန်ဝန့်ချေအဘဲ့ကြောင့်ဆိုသော်။ရုပ်နာမ်တို့၏အပေါင်းအစုဖြစ်သောကိုယ်ဆိုတာသည်။ ဧကန်စင်စစ်ရှိ၏ဟုဟောကြားဖွင့်ပြကြသော။ ရုပ်နာမ်နှစ်ဖြာ။ခန္ဓာငါးခုတို့ကိုပင်။မဟုတ်ဘူး။ မရှိဘူးဆိုရာရောက်သွားခြင်းကြောင့်။ ဘုရားနှင့်တကွ။အဋ္ဌကထာဆရာ။ဋီကာဆရာ မြတ်တို့စကားကို။ တားဆီးပုတ်ခပ်ရာ ကျမည့်ကြောင့်တည်း။ ဆိုလိုရင်း အချုပ်မှာ။ နာမ်ရုပ်နှစ်ခုတို့၏ အပေါင်းအစုကိုဆိုသောကိုယ်သည်ဧကန်ရှိသည်၊ငါငါထင်မှတ်ကြသည့်သတ္တဝါဆိုတာမရှိ၊ နာမ်ရုပ်အစုကိုယ်သာလျှင်ရှိသည်။ ငါငါခေါ်ဆိုကြသည့်ပုဂ္ဂိုလ်ဆိုဘာမရှိ။ မိန်းမဆိုတာမရှိ၊ယောကျ်ားဆိုတာမရှိ။ ငါငါထင်မှတ်ကြသည့် အတ္တ၊ဇီဝဟုသော အသက်ဝိညာဉ်ဆိုတာမရှိ ငါဆိုတာမရှိ ငါဆိုတာမရှိ၍။ ငါ၏ဥစ္စာလည်းမရှိ၊ သူတပါး ဆိုတာလည်းမရှိ၊

သူတပါးမရှိသဖြင့်။ သူတပါး၏ ဥစ္စာလည်း မရှိဟုယူလိုသည်၊ ဤစကား၌ယောကျ်ားမိန်းမဟူ၍ မရှိဆိုလျှင်။ယခုရှိနေတာတွေဟာ။ ဘာတွေလဲဟုမေးရန်ရှိ၏၊ မိန်းမမဟုတ်။ခန္ဓာငါးပါး။နာမ်ရုပ်နှစ်ပါး ကောင်တွေ သာတည်း။ ခန္ဓာ ငါးပါး ထဲမှာ မိန်းမကောင်မပါ၊ ခန္ဓာငါးပါးထဲမှာ ယောကျ်ားကောင် မပါ၊ မိန်းမယောကျ်ားဆိုတာသည်၊နှုတ်ဖျားမှာသာရှိသည့်သမ္မုတိပညတ်မျှသာတည်း။ ပရမတ် တရားထဲမှာ ယောက်ျား မိန်းမဟူ၍မရှိချေ။ ထိုကြောင့် ငါဘို့ဆိုလိုရင်းမှာ။ ခန္ဓာ ငါးပါး အပေါင်းအစုကိုယ်ဆိုတာသည် ဧကန်စင်စစ်ရှိသည်။ငါသူတပါး၊ယောကျ်ားမိန်းမဆိုတာသည် သာလျှင် မရှိဟု ဆိုလိုသည်။ ငါဘို့အလိုကိုဥာဏ်မမီကြလျှင်နောက်ကပါဠိကိုကြည့်စမ်း။

အတ္ထိကာယောဝါပနဿာဘိ ကာယောဝအတ္ထိ နသတ္တော၊နပုဂ္ဂလော၊နဣတ္ထိ၊နပုရိသော၊ နအတ္တာ၊ နာဟံ၊ နအတ္တနိယံ၊နမမ။ နကောစိ၊ နကဿစိတိ ဝေမ ဿသဘိ ပစ္စုပဋ္ဌိတာဟောတိ။ ။သတိပဋ္ဌာနသုတ်အဋ္ဌကထာများ။

အတ္ထိကာယောဝါပနဿာတိ၊ ဟူသည်ကား။ကာယောဝ၊ နာမ်ရုပ်နှစ်ပါးတို့၏ အပေါင်း အစုကိုယ်သည် သာလျှင်။အတ္ထိ၊ ဧကန်စင်စစ်ရှိ၏၊ နသတ္တော၊ ငါငါသင်မှတ်သည့် သတ္တဝါမရှိ၊ နပုဂ္ဂလော၊ ငါငါခေါ်ဆိုသည့်ပုဂ္ဂိုလ်မရှိ၊ နဣတ္ထိ၊ခန္ဓာငါးပါးအပြင် မိန်းမ မရှိ၊ နပုရိသော၊ ခန္ဓာ ငါးပါး ကို လွှတ် ထား၍ ယောကျ်ား မရှိ။ နအတ္တာ၊ ငါငါ ထင်စရာ အချက်။ အသက်ဝိညာဉ်ဟူ၍မရှိ။ နာဟံ၊ငါမရှိ။ နအတ္တနိယံ၊ ငါမရှိ၍ ငါ၏ ဥစ္စာလည်းမရှိ၊ နမမ၊မိမိမရှိ၍။ မိမိ၏ဥစ္စာလည်းမရှိ။ နကောစိ၊ ခန္ဓာငါးပါးအပြင် ဘယ်သူမှမရှိ။ နကဿစိ။ ဘယ်သူမှ မရှိ၍။ ဘယ်သူ့ဥစ္စာမျှလည်းမရှိချေ။ ဣတိဧဝံ၊ ဤသို့။ အဿ၊ ထိုဝိပဿနာယောဂီပုဂ္ဂိုလ်၏။ သတိ၊သတိသည်။ ပစ္စုပဋ္ဌိတာ၊ဥာဏ်မှာကပ်၍။ မပြတ်တည်လေတော့သည်။ ဟောတိ၊ဖြစ်၏၊ ။ဤကားအနက်။

ဤအဋ္ဌကထာ၌ ပြသည့်ဆယ်ပုန်တို့ဖြင့်၊ ဒိဋ္ဌိတဏှာခွါပုံကို ချည်းပြသည် ဟုမှတ်။ ။သတ္တ၊ပုဂ္ဂလ၊ဇီဝ၊ပုရိသ၊အတ္တ။အဟံ စသောပုဒ်တို့၏အနက်တူ။သဒ္ဒါကွဲမျှသာဖြစ်သည်ကိုခန္ဓာငါးပါး တို့၏ငါမဟုတ်။ ငါ့ဟာမဟုတ်ကြောင်းကို ရှုရန်ပြသောဒွါဒသ ကောင်ုကသုညတအခန်းမှာအကျယ်လာလိမ့်မည်။

---

## ၂၀။ သံသရာဖြတ်ပုံများကိုဥပမာနှင့်ပြခြင်း။

ဤတဏှာ၊ မာန၊ ဒိဋ္ဌိ သုံးပါးသည် သံသရာ၌ချုပ်ရန်သူဇာကန် မှန်ကြောင်းကို ကောင်းကောင်းကြီး သိအောင်အားထုတ်ရခြင်း သည် သံသရာတို့၌ မဟာမိုလ်ကို လိုလားသဖြင့်၊ တရားကိုအား ထုတ်လိုသူတို့မှာအရေးအကြီးဆုံးသောအချက်ဖြစ်၏။

ဥပမာကား။ တယောက်သော သူမှာ။ မိမိကို ညှဉ်းဆဲနှိပ် စက်မည့်သူ။ ရန်သူ ရှိကြောင်းကို ယုံကြည် အားထားလောက် သော သူတို့က အပြောအဆိုရှိသဖြင့်၊ မိမိကိုထိုရန်သူမနှိပ်စက် နိုင်အောင် သဘော ထားလျက်၊ လက်နက်ကို ကိုင်၍သွားလာ လှည့်ပတ်နေရခြင်းဟူသော ဒုက္ခကို မပြတ် တွေ့ကြုံခံစား၍နေရ လေသကဲ့သို့။ ထို့အတူ။ အပါယ်ဘေး။ သံသရာ ဘေးကြီးတွေ ဟာလွန်စွာ ကြောက်ဘို့ ကောင်းသည်ဟု ဘုရား စသော သူ တော်ကောင်းတို့က ပြောဟောဆုံးမကြသဖြင့်၊ထိုဘေး။ထိုဒုက္ခ တို့မှကင်းလွတ်လိုကြ၍။ နေ့ညဉ့်မပြတ်။ တတ်အားသမျှ။ဒါနသီ လစသော ကုသိုလ်တရားတို့ကို အားထုတ်လျက်နေကြရသူတို့ ကိုမှတ်။

ရန်သူရှိသည်ဟု ယုံကြည်လောက်သောသူတို့ကအပြောအ ဆိုရှိသောထိုသူသည်ရန်သူနှင့် တွေ့က။ နှိပ်စက် ညှဉ်းပန်းခြင်း ကိုမခံလိုသည့်အတွက်။ တုတ်လက်နက် တယမ်းယမ်းနှင့်လမ်း လျှောက်သွားလာလျက် နေရုံမျှနှင့်။ "ဒေကန္တ အားဖြင့် ထိုရန်မငြိမ်း နိုင်ကြောင်းကိုကြံမိ၍။ ရန်သူ၏အသွင်အပြင်။ အရုပ်အဝါနာ

မည်။ နေရပ်စသည် တို့ကို အတပ်သိအောင်အားထုတ်ပြီးလျှင် ထိုရန်သူကိုအသေသတ်ပစ်သဖြင့်။ ရန်ငြိမ်း၍ အေးအေးကြည်ကြည် ချမ်းချမ်းသာသာ နေထိုင်ရသူကဲ့သို့။ ထိုအတူ၊သံသရာဘေး။ အပါယ် ဘေးကြီး တို့ကို။ ကြောက်တွေး ကြသူ၊ လူရှင် ရဟန်းတို့ သည်လည်း သံသရာဘေးတို့ကို ဘယ်တရားကပေးသည်။ အပါယ်ဘေးတို့ကို ဘယ်တရားကြောင့် ရောက်ကြရသည်ဟု သံသရာချဲ့သူ။ အပါယ်ချသူ၊ ရန်သူစင်စစ်ဖြစ်သော တဏှာ မာန၊ ဒိဋ္ဌိတရားသုံးပါးကို သူတို့၏ လက္ခဏာ။ သူတို့၏သဘောကိုသိအောင်အားထုတ်၍။ ယင်းတရားသုံးပါးကို သတ်နိုင်ဖြတ်နိုင်သဖြင့်အရိယာဇာတ်သို့ ရောက်ကြ၍ အပါယ်ကျကင်းကွာလျက်။ ချမ်းချမ်းသာသာနေရသော ဝိသာခါ အနာထပိဏ်စသောအရိယာပုဂ္ဂိုလ်တွေကိုမှတ်။ ။ရန်သူရှိသည်ဟု အပြော အဆိုရှိသော ထိုသူသည်ရန်သူကို တကယ် သိအောင်အားမထုတ်ဘဲ။ ဝဲမဲမြင်ရာ ရန်သူထင်၍ ရိုက်သတ် မိပြန်သဖြင့်။ ထိုရန်မငြိမ်းသည့်အပြင်။ ယခင်ထက်တိုး၍ ရန်ငြိုးရှိသူတွေများလာသဖြင့်။ ချမ်းချမ်းသာသာ မနေရဘဲ။ အမြဲရန်သူတွေနှင့်သာနေရသကဲ့သို့။ ထိုအတူ။ အပါယ်ဘေး။ သံသရာဘေးကြီးတွေကိုကြောက်ပါငြား သော်လည်း အပါယ်ဘေး၊ သံသရာ ဘေးကြီးတွေကို ပေးသူ။ချဲ့သူ။ ရန်သူအစစ်ဖြစ်ပေသော တဏှာ၊မာန၊ဒိဋ္ဌိတရားတို့ကို သေလောက် ကြေလောက်၊ ကင်းပြတ် လောက်အောင် အားထုတ်၍မပစ်ကြဘဲနှင့်။ မဲမဲမြင်ရာရန်သူထင်၍ ရိုက်မှားသဖြင့်။ရန်ပွါး၍သာနေသူကဲ့သို့။ သူကငါက စိတ်ကူးရတိုင်းပြောပြောကြ၍။ အပါယ်ဘေး၊ သံသရာဘေး တို့မှ မကင်းမလွတ်သေးသည့် စိတ်တွေးရတိုင်းပြောသော တရားတွေကိုသာ။ သံရာ တလျှောက်လုံး။ တဘာဝလုံး အားထုတ်၍ နေကြသဖြင့် အပါယ်ဘေး တွေကို။ တွေးမိတိုင်း ကြောက် နေကြ ရသူ၊ လူရှင်ရဟန်းတို့ကိုမှတ်။ ။ထိုကြောင့် အပါယ်ကိုတကယ်ကြောက်သူများကို အပါယ်ကို တကယ် ချတတ်သည့်တရားကိုသတ်နိုင်

ပါမှ၊ တကယ် အပါယ်ကျ ကင်းမည့်ကို အတည်ကျကျသိမှတ် စေလို၍။

သံသရာကို၊တိုစေလို၊သူ့ကိုသတ်ကြပါ။
သူ့ကိုမဖြတ်၊ယမ်း၍သတ်၊မပြတ်သံသရာ။
ဟုဆိုခဲ့ပေသည်။

---

၁၅။ ဒိဋ္ဌိသတ်သူ၊တဏှာသတ်သူတို့ ဥပမာကိုပြခြင်း။

သံသရာဘေး၊ အပါယ် ဘေးတို့ကို တကယ်ပေးတတ်သော သက္ကာယဒိဋ္ဌိရှိသူ၊ ရန်သူသုံးဦးတို့ အနက်ဇ ဒိဋ္ဌိကိုသတ်နိုင်က သောတာပန်သကာဒါဂါမ် ဟူသော အောက်မဂ်နှစ်ပါးကို ရပြီဟုမှတ်၊တဏှာကိုသတ်နိုင်ပါမူ၊အနာဂါမ်ရဟန္တာဟူသော၊အထက်မဂ်ဖိုလ် နှစ်ခုကိုရ၍ သံသရာစက်ပြတ်ပြီဟုမှတ်။ မာနတရားကိုသီးခြား ပယ်သတ်ရန် ဝိပဿနာကမ္မဋ္ဌာန်းဟူ၍မရှိ။ တဏှာကင်းပြတ်ပါမူ၊ ယင်းမာနတရားအလိုလိုပါလျက် သွားတော့သည်၊တဏှာမကင်းပြတ်သေး ပါမူ၊ အောက်မဂ် အောက်ဖိုလ် ပုဂ္ဂိုလ်တို့ သန္တာန်မှာပင် ဥဒ္ဓံဘာဂိယသံယောဇဉ် အဖြစ်ဖြင့် ရှုဝင်ကိန်းအောင်းလျက် ရှိသေး၏။ သံသရာ တိုမည့်အဆိုရှိသော်လည်း ဒိဋ္ဌိကိုပဌမ သတ်၍၊ အောက်မဂ်နှစ်ဆင့်ကိုရပါမှ၊ တဏှာကို သတ်ရမည်၊ ဒိဋ္ဌိကို ပဌမ မသတ်ပါဘဲ၊တဏှာကိုပဌမတက်၍သတ်မိမည်ကိုစိုးသဖြင့်၊ ဒိဋ္ဌိသတ်သူ၊ တဏှာသတ်သူနှစ်ဦးတို့ကိုသဘော်ပင်စိုက်သူ၊ ပေပင်စိုက်သူနှစ်ဦးတို့နှင့်တူကြောင်းကိုပြဆိုခဲ့ပေသည်။

တူကြောင်းကား၊ တယောက်သော သူသည် အသက် ၅၀ လောက်ရှိမှ ပေပင်ကို စိုက်၏။ မိမိသည်လည်း ကြာန် စားရသောက်ရလိမ့် ဦးမည်ဟူ၍ စိတ်မချရ၊ မြင်ရသူအပေါင်းတို့က လည်း၊ ၎င်းသူ၎င်းပေပင်ကို အကျိုးခံရလိမ့်ဦးမည်ဟုမထိုသာ။

သို့ရာတွင်ကံကောင်းထောက်မ၊ နောက်ကအကြောင်း အလွန်သန့်လှသည်အတွက်၊ အသက်ရာကျော်အောင် နေရချေလျှင်။ (ပေတာပင်၊ရှင်တပါး) ဆိုသကဲ့သို့ဖြစ်၍၊ ရှင်တပါးဖြင့် ပြုနိုင်အောင်ငွေ-၁၀၀၊ ၁၅၀ ခန့်ရတော်၏။ အများသူတို့ထင်မြင်ချက်အတိုင်းမနေရ၍ သေရလျှင်လည်း၊ ပလာအရှင်း ဖြစ်လေတော့သကဲ့သို့၊ဝိပဿနာနှင့် တဖျော့ကိုတက်၍ခွါသူ၊တဖျော့ခွါကမ္ဘာဒွန်းတွေ့ကိုအားထုတ်သူတို့သည်လည်း၊တဖျော့ကိုခွါနိုင်ပါလျှင်လည်းသံသရာစက်ပြတ်၍၊ အရဟတ္တမဂ် အရဟတ္တဖိုလ်ဟူသောရဟန္တာဖြစ်ရာ၏။ မကွာဘဲနေပါမူ၊ ပုထုဇန်အဖြစ်နှင့်သာသေရမည်ကိုမှတ်။ ။သဘော်ပင်စိုက်သော သူသည်မူကား၊ မရှည်မကြာသောအခါကာလနှင့်စားရသောက်ရသော သစ်ပင်မျိုး ဖြစ်သည်အတိုင်း၊ ငါမိသည်လည်း စားရလိမ့်မည်ဟုယုံကြည် စိတ်ချရ၏၊ မြင်ရသူ အပေါင်းကလည်း ၎င်းသူသည်၊ ၎င်းသဘော်ပင်ကို စားရလိမ့်မည်ဟု ဆိုထိုက်သည့်အတိုင်း၊ စားရလျှင်လည်းပေပင်လောက်ဖြင့်အသိုးမရ၊ ချောက်ကျပ်၊ခုနစ်ကျပ်သာရပေရာ၏။ ကံကောင်းမထောက်၊ နောက်ကြောင်းမပါ၊မနေသာဘဲ၊သဘော်ပင်ကြီး၍သီးရုံမျှ၊ မကြာခင်သေရပါလျှင်လည်း၊ ပိတ်ဆုံးအားဖြင့် အရွက်လောက်မျှကိုစားရသေးသကဲ့သို့၊ထိုအတူ၊ ဝိပဿနာနှင့်ဒိဋ္ဌိကိုခွါနေသူ၊ ဒိဋ္ဌိခွါကမ္ဘာဒွန်းကိုကြိုးပမ်း အားထုတ်နေသူတို့မှာ၊ ၎င်းဒိဋ္ဌိ ကွာပါလျှင်လည်းရဟန္တာကြီးဖြင့် မဖြစ်ရသေး၊ အပါယ်ဘေး ကင်းကွာ၍၊ချမ်းသာစွာနေရသော သောတာပန်သာဖြစ်နိုင်သေး၏၊ ဒိဋ္ဌိကိုခွါ၍လုံးလုံးကြီး မကာင်းပြတ်ပါဘဲ၊ ‘ငါ’ဟူသောထင်မြင်ချက်သည်ကပ်လိုက်၊ ကွာလိုက်နေလျှင်ပင်၊ ပေါက်လွှတ် ဒလကြမ်း၊ ပယာမ်းပတာ၊ ဖရိုဖရဲကြဲ၍၊ မမြဲသောဂတိရှိကြသည့်ပုထုဇန်လောကကိုလွန်မြောက်၍ ထောက်တည် အားထားရာရသူ၊ ဂတိအလားမြဲသူစူဠသောတာပန်ဖြင့်၊ဧကန်ဖြစ်နိုင်ရကား၊ အလကားသက်သက်မဖြစ်ရာဘဲ၊ မြဲသောဂတိကိုဖြင့် ဧကန်ရ

နိုင်ရာသည်ဟုဆိုကြသောအဋ္ဌကထာ၊ ဋီကာကြီးတို့ကိုထောက်ရှု၍။

ဒိဋ္ဌိ၊ တဏှာ၊ သတ်သူမှာ၊ မှတ်ပါဥပမာ။
သဘော်ပင်နှင့်၊ ပေပင်တသီး၊ စိုက်သူနည်း၊ အပြီးတူလှပါ။
ဟုဆိုခဲ့ပေသည်။

အကျဉ်းချုပ်အဓိပ္ပါယ်ကား၊ တဏှာ၊ မာန၊ ဒိဋ္ဌိသုံးပါးတို့တွင်ဒိဋ္ဌိကိုပဌမခွါ၍၊ သောတာပန်ဖြစ်အောင် လုပ်ရမည်၊ ဒိဋ္ဌိကွာ၍၊ ဤကိုယ်ခန္ဓာကို၊ နိဗ္ဗ၀၊ အနတ္တကောင်ကြီးထင်လာမှ၊ တဏှာကိုခွါရန်မခဲယဉ်းလှပြီ၊ အသက်ဝိညာဏ်အရှင် ထင်သူနှင့်သေသူကိုအသုဘရှုစမ်းမှ သိလိမ့်မည်၊ အလွန်ချစ်လှစွာသောသားမယားကိုအသက်ဝိညာဏ် အရှင်ထင်စဉ်က အသုဘရှု၍ မရနိုင်၊ နာမ်ရုပ်နှစ်ရပ်၊ ချုပ်ပြတ်သေဆုံးပြီဟုဆိုရသောသမ္မုတိအနိစ္စသို့ကျရောက်သော အလောင်းကောင်ကြီးကို အသုဘဟုရှု၍မရှုဘဲနှင့်ပင်၊ အလိုလိုစက်ဆုပ် ရွံရှာပြီးဖြစ်နေသည် ကိုအတပ်ဒိဋ္ဌ၊ တွေ့ကြုံလျက်နေကြသည်ကိုထောက်၊ ဒိဋ္ဌိကိုပဌမမခွါဘဲ၊ တဏှာကိုတက်ခွါ၍၊ ထိုတဏှာ မကွာပါမူ၊ သာသနာပတိတ္ထိတို့လောက်မှခရီးမရောက်ဘဲ၊ ပုထုဇန်အဖြစ်နှင့် သေလိမ့်မည်ကိုသိစေလို၍၊ ထိုသူနှစ်ဦးတို့ကိုသဘော်ပင်နှင့်ပေပင်စိုက်သူနှစ်ဦးတို့နှင့်တူ၏ဟု ဆိုလိုက်ပေသည်၊ ထို့ကြောင့် အပါယ်မြစ်၊ အပါယ်ကြောကိုသာ၊ ကောင်းစွာကင်းစေ၊ ကွာစေ၊ ပြတ်တောက်စေတော်သည့်လွယ်ကူလှစွာသော ဒိဋ္ဌိကိုပဌမခွါပြီးမှ၊ တဏှာကိုခွါရမည်၊ သို့မဟုတ်၊ သဘော်ပင်နှင့်ပေပင်ကိုတခါတည်းစိုက်သကဲ့သို့၊ ဒိဋ္ဌိတဏှာနှစ်ပါးလုံးကို တခါတည်းရောလျက်ခွါရမည်ဟုမှတ်၊ ။သဘောမကျတင်ကြလျှင်၊ နောက်ကပြခဲ့သည့်မဂ်စဉ်ကိုကြည့်။

## ၅၂။ ဒိဋ္ဌိပြုတ်က ဝိစိကိစ္ဆာအလိုလိုပါသည်ကိုပြခြင်း။

ဤကားတဏှာ၊ မာန၊ ဒိဋ္ဌိသုံးပါးတို့ကို အရင်းထား၍ရေးသားပြဆိုလိုက်သောစကားတည်း။ သံယောဇဉ် ဆယ်ပါးကိုမူတည်၍။ မဂ်စဉ်အတိုင်းသတ်ပုံကိုပြသောပါဠိတော်။ အဋ္ဌကထာတို့မှာသောတာပန်ဖြစ်လိုသူတို့သည်ဒိဋ္ဌိဝိစိကိစ္ဆာကိုပယ်သတ်ရမည်ဆိုသော်လည်းဒိဋ္ဌိကင်းကွာမှု။ ဝိစိကိစ္ဆာသည်အလိုလိုပါလျက်သွားကြောင်းကို။ ။ဒိဋ္ဌေကဋ္ဌတ္တာဝိစိကိစ္ဆာ ယထာဒိဋ္ဌိသမုစ္ဆိန္ဒမာနာ ဝိစိကိစ္ဆာယသမ္ဗိုဟေဝ သမုစ္ဆိန္ဒတိ။ ၊ဝိစိကိစ္ဆာယ။သို့လော၊သို့လော။တွေးတောမကင်း၊ ယုံမှားခြင်းရှိသောဝိစိကိစ္ဆာတရား၏။ ဒိဋ္ဌေကဋ္ဌတ္တာ၊ ငါငါဟုအထင်မှားအမြင်မှားချက်။သက္ကာယဒိဋ္ဌိတရားနှင့်၊ တသားတည်းကပ်လျက်တည်နေခြင်းကြောင့်။ ယထာ၊ အကြင်အခြင်းအရာအားဖြင့်။ ဒိဋ္ဌိ၊သက္ကာယဒိဋ္ဌိတရားသည်၊သမုစ္ဆိန္ဒမာနာ၊အနတ္တလက္ခဏာအပေါက်တွင်။ ကင်းပျောက်ပြုတ်သွားသည်ရှိသော်၊ဝိစိကိစ္ဆာယ၊ဝိစိကိစ္ဆာတရားနှင့်၊သမ္ဗိုဟေဝ၊ တကွသာလျှင်။သမုစ္ဆိန္ဒတိ၊ကင်းပျောက်ပြုတ်သွားလေတော့၏။ ။ဟုဝိသုဒ္ဓိမဂ်မဟာဋီကာ။မိန့်မှာလာရှိသောကြောင့်၊ဝိစိကိစ္ဆာကိုတမင်ပယ်သတ်ရန်မလို။ ဒိဋ္ဌိကိုသာနာနာကြင်ကြင်။ အသေသတ်ရမည်ဟုဆိုလိုသည်။

## ၅၂။ သံသရာချဲ့သူရန်သူကိုရှာ၍သတ်ပုံများကိုညွှန်ကြား ပြဆိုခဲ့ပြီး၏။

---

## ရုပ်နာမ်နှစ်ပါးတို့၏ လက္ခဏာကိုမသိက၊ဒိဋ္ဌိတဏှာ ဖြင့်ငြိတတ်သည်ကိုပြခြင်း။

သင်္ခါရာနံလက္ခဏေ ဝိမုဠှေ သင်္ခါရာနံ သဘာဝလက္ခဏံ

သာမညလက္ခဏာဋ္ဌအဂဏ္ဍန္တော့သင်္ခါရေ အတ္တတောအတ္တနိယတောရုတောသုခတောသုဘတောတိဝိပလ္လာသတိ။ ။သမ္မောဝိသုဒ္ဓိမဂ်။ ။အနက်ကား၊

သင်္ခါရာနံ၊ရုပ်နာမ်နှစ်ရပ်။ ပရမတ်ခေါ်တရားတို့၏။ လက္ခဏာ၊လက္ခဏာဋ္ဌ၊ ဝိမုဋ္ဌော၊ အန္တုပုထုဇန်အနေနှင့်သာ။ စိတ်ချလက်ချ။အားရတင်းတိမ်နေ၍၊တွေဝေသောသူများသည်။သင်္ခါရာနံ၊ရုပ်နာမ်နှစ်ရပ်၊ပရမတ်ခေါ်တရားတို့၏၊ သဘာဝလက္ခဏာဋ္ဌ၊ဖေါက်ပြန်ခြင်း သဘော၊ ခံစားခြင်း သဘော။ မှတ်သားခြင်းသဘော။စိမံပြုပြင်ခြင်းသဘော။ ကြံသိခြင်းသဘောဟူသောမိမိတို့၏အသီးသီးသောသဘောလက္ခဏာကိုရင်း။သာမညလက္ခဏာဋ္ဌ၊ ရုပ်နာမ်နှစ်ရပ်။ ခေါ်တရားတို့၏မခိုင်မြဲမှုဟူသော အာနိစ္စလက္ခဏာ၊ ဖြစ်ချုပ်ကြိမ်ဖန်။ အတန်တန်တို့ကြောင့်။ ဧကန်ဆင်းရဲမှုဟူသောဒုက္ခလက္ခဏာ၊မခိုင်မြဲသည်အတွက်။ ခိုင်မြဲ၏ထင်စရာ။ငါဆိုဘာသည်။ဘာတခုမျှ။ဗိုဟ်မရသောအနတ္တလက္ခဏာကိုရင်း။ အဂဏ္ဍန္တော၊ ပရမတ်ကျမ်းဂန်တို့ သဘောကိုမတတ်သည့်အတွက်။ မမှတ်မသူနိုင်သည်ဖြစ်၍။ သင်္ခါရေ၊ရုပ်နာမ်နှစ်ရပ်၊ခေါ်တရားတို့ကို။ အတ္တတော၊ ငါဟူ၍။အတ္တနိယတော၊ငါ့ဥစ္စာဟူ၍ ရုတော၊ဖြစ်ပြီးသည်နောက်။မချုပ်ပျောက်နိုင်ဘဲ၊ခိုင်မြဲ၏ဟူ၍။သုခတော၊ချမ်းသာ၏ဟူ၍။သုဘတော၊ချစ်မြတ်နိုး လောက်ဘွယ်၊ တင့်တယ်လှပ၏ဟူ၍။ ဝိကပ္ပေတိ၊ မံဟုဘ်ဘဲနှင့်။အလွဲကိုကြံဆမိတတ်၏။ ။ဤကားအဋ္ဌကထာနက်။

သဘာဝေါကာ ကွဋ္ဌုဖုသနာဒိကောအသာခေါရဏော၊ သာမညံသာခေါရဏောအနိစ္စာဒိ သဘာဝေါ။ ။ဟူသောမူလာဋီကာ။ ။သဘာဝလ ဣဏာ န္တိ ရုပ္ပနာနုဘာဝနာဒိ၊ကက္ခဋ္ဌဖုသနာဒိ သဘာဝမေဝဝါ၊သာမညလက္ခဏာ န္တိ အနိစ္စတာဒိ။ ။ဟူသောမဟာဋီကာတို့နှင့်အညီတည်း။ ။အနက်ကား။

ကက္ခဋ္ဌဖုသနာဒိကော၊ ပထဝီခေါတ်၏ ကြမ်းထမ်းခက်မာ

ခြင်း။ ဖဿ၏ အာရုံကိုတွေ့ထိခြင်းစသော။ အသာဓာရဏော။ တပါးသော ရုပ်။ တပါးသော နာမ်တို့နှင့် မဆက် ဆံသော သဘောသည်။ သဘာဝေါ၊ မိမိတို့၏ သဘောမည်၏။ သာဓာရဏော၊ရုပ်နာမ်ဓမ္မ။သင်္ခါရအလုံးစုံတို့နှင့် အကုန်ဆက်ဆံသော။ အနိစ္စာဒိသဘာဝေါ၊မခိုင်မြဲမှုဟူသောအနိစ္စ၊ ဆင်းရဲမှုဟူသော ဒုက္ခ။ ငါမဟုတ်မှုဟူသောအနတ္တ။ မတင့်တယ်မှုဟူသောအသုဘသဘောသည်။(အာဒိသဒ္ဒါကိုအကုန်ဘော်၍ အနက်ပြန်လိုက်သည်)။ သာမညံ။ ရုပ်နာမ်ဓမ္မ။သင်္ခါရတို့၏တူမျှသောသဘောမည်၏။ ။မူလဋီကာနက်။

သဘာဝ လက္ခဏာနှိ၊ ဟူသည်ကား။ ရုပ္ပနာနုဘဝနာဒိသဘာဝမေဝ၊ ရုပ်၏ ဖောက်ပြန်မှု။ ဝေဒနာ၏ ခံစားမှု စသော သဘောကို။ ဝါ၊တနည်းကား။ သို့မဟုတ်။ကက္ခဠတ္တဒိသနာဒိ သဘာဝမေဝ၊ပထဝီ၏ကြမ်းထမ်းခက်မာမှုသဘော။ဖဿစေတသိက်၏အာရုံကိုတွေ့ထိမှုစသောသဘောကို။ သာမည လက္ခဏာနှိ၊ သာမညလက္ခဏာဆိုသည်ကား။အနိစ္စာဒိ၊ ရုပ်နာမ်ဓမ္မ၊သင်္ခါရတရားတို့၏ မခိုင်မြဲမှုဟူသော အနိစ္စလက္ခဏာ။ ဆင်းရဲမှုဟူသောဒုက္ခလက္ခဏာ။ ငါထင်စရာ။ ဘာတခုမျှမရမရှိအပ်သည့် အနတ္တလက္ခဏာ၊ မြတ်နိုးလောက်ဘွယ်။မတင့်တယ်မလှပမှုဟူသောအသုဘလက္ခဏာကို။ ။မဟာဋီကာနက်။

ဤသို့ပြခဲ့သည့်အရာစုကိုကောင်းစွာ မမှတ်ယူနိုင်။နှုတ်လုံးမပြုနိုင်သူများသည်။ ငါငါထင်ချက် သက္ကာယဒိဋ္ဌိနှင့်ငါ၏ ဥစ္စာဟူသောတဏှာဂါဟ တရားကြမ်းတို့၏ အတင်းဘမ်းယူခြင်းမှမကင်းလွတ် နိုင်ဘဲ။ မြင့်မြဲ ရှည်ကြာ သံသရာ ရေကြောနှိုက်။ တမျောတည်းမျောနေတတ်၏ဟူလိုသည်။

## ၅၃။ ဒိဋ္ဌိတဏှာလွတ်လိုက၊ ရုပ်နာမ်တို့လက္ခဏာကို သိအောင်ရှာရမည့်ကိုပြခြင်း၊

သလက္ခဏမ္ပိ သာမည။လက္ခဏမ္ပိစ ဝိညုနာ။
ဂဝေသိတဗ္ဗံ အတ္တတ္တ။နိယဂါဟာဝိမောစိတုံ။
ပဋိဋ္ဌိဒါမဂ်ဒီကာ၊

ဝိညုနာ၊ သံသရာဘေး ဘယတို့ကို၊ တွေးဆမြင်သိသော ပညာရှိပုဂ္ဂိုလ်သည်။ အတ္တတ္တနိယ ဂါဟာ ဝိမောစိတုံ၊ ငါဟူသော ဒိဋ္ဌိအယူ။ ငါ့ဟာဟူသော တဏှာအယူစသည့်တို့မှကင်း လွတ်စေခြင်းငှာ။ သလက္ခဏမ္ပိ ရုပ်နာမ်ဓမ္မ၊သင်္ခါရတရားတို့၏ အသီးသီးသော မိမိတို့လက္ခဏာကိုငှင်း။ သာမညလက္ခဏမ္ပိစ။ ခန္ဓာငါးတန်ရုပ်နာမ်ဓမ္မ၊သင်္ခါရတို့၏။ အနိစ္စ၊ဒုက္ခ၊ အနတ္တ၊အသုဘလက္ခဏာကိုငှင်း။ ဂဝေသိတဗ္ဗံ၊ကလျာဏအင်္ဂါ၊လုံးလောက်စွာသည့်။ဆရာတို့ထံ။နည်းကိုခံ၍။ ဖန်ဖန်ထပ်ထပ်၊ရှာကြံအပ်လှပေသတည်း။

ဤအဋ္ဌကထာ ဋီကာစကားရပ်တို့ဖြင့်။ အတ္တ၊ အတ္တနိယဟူသော ဒိဋ္ဌိတဏှာနှစ်ပါးတို့မှ ကင်းကွာ၍။ သံသရာဝဋ်တွင်းမှ လွတ်ကင်းလိုသူ။ ရှင်လူ အပေါင်း။ သူတော်ကောင်းတို့သည်။ ရုပ်နာမ် ခန္ဓာတရား၏ လက္ခဏာ နှစ်ပါးကို သိရအောင်။ ကြံဆောင်အားထုတ်။နောက်မဆုတ်ဘဲ၊ ပြုလုပ်သင်ကြားခြင်းနိုက်၊ လွန်မင်းစွာ အရေးတခုံ၊ အလေးပြုလျက်၊ ဂရုစိုက် သင့်လှပေသတည်း။ဂရုစိုက်ကြလေကုန်။

သံသရာချုံသူရန်သူကိုရှာ၍
သတ်ခန်းပြီး၏။

## ၅၄။ ခန္ဓာငါးပါးတို့၏သရုပ်။ဆောင်ပုဒ်လက်ာကို ပြခြင်း။

၁။ ရုပ်။ ဝေဒနာ။ သညာ။ သင်္ခါရ။ ဝိညာဏ။ မှတ်ကြငါး ခန္ဓာ။

၂။ ဘောက်ပြန်တတ်ပြား၊ ရုပ်တရား။များလှနှစ်ဆယ့်ရှစ်သာ။

၃။ ဝေဒနာတရား။ခံစံစား၊ငါးခုသရုပ်မှာ။

၄။ ဝိညာဏ် ခြောက်သွယ်၊ ခြောက်ပွားချယ်။ သုံးဆယ် ဝေဒနာ။

၅။ မှတ်တတ်သည့်ကား။ သညာထား။ ခြောက်ပါးသရုပ် မှာ။

၆။ ကောင်းဆိုးနှစ်ရပ်၊ပြုပြင်တတ်။မှတ်ကြသင်္ခါရာ။

၇။ သင်္ခါရကား၊သရုပ်ကြား။များလှငါးဆယ်သာ။

၈။ ကြံသိသမျှ၊ဝိညာဏ။မှတ်ကြငါးခန္ဓာ။

နောက်က ပြခဲ့သည့် ကလျာဏ အင်္ဂါမှာခန္ဓာကို ဒိဋ္ဌိ၌ခွါနိုင်လောက်အောင်။ ဒိဋ္ဌိ ရန်ကြီးကို တားဆီးတွန်းလှန် နိုင်လောက်အောင်တတ်သိစေရမည်ဟု အဋ္ဌကထာဋီကာတို့ အဆိုရှိတိုင်း။ ခန္ဓာကိုတတ်သိလိမ္မာစေရန်ရည်သန်လျက် ၍ကဗျာ(၈)ပိုဒ်ကို ဆိုပေသတည်း။

---

## ၅၅။ ။ခန္ဓာငါးပါးကိုအကျဉ်းချုပ်အားဖြင့် ခွဲခြား၍ပြခြင်း။

အချမ်းအပူစသော ဆန့်ကျင်ဘက် အကြောင်းတို့ကြောင့် ခဏချင်း ဘောက်ပြန် တတ်သော တရားနှစ်ဆယ့်ရှစ်ပါးကို (ရုပ္ပတီတိရူပံ) ဟူသော ဝစနတ္ထနှင့်အညီ ရူပခေါ်သည်။ခန္ဓာဟူသည်။ အပေါင်း အစုကိုဆိုသည်။ ရူပနှင့်ခန္ဓာ နှစ်ပုဒ်ကို ယောစလ်လိုက်သော် ဘောက်ပြန် တတ်သော တရားအစု ဖြစ်သည်။

ထိုဖောက်ပြန် တတ်သော တရား အစုကိုပင် ရူပက္ခန္ဓာခေါ်သည်။

တွေ့ကြုံလာသော အာရုံများကိုခံစားတတ်။ခံစားတတ်သော တရားကို (ဝေဒယတီတိဝေဒနာ) ဟူသောဝစနတ္ထနှင့် အညီဝေဒနာခေါ်သည်။ခန္ဓာဟူသည် အပေါင်းအစုကိုဆိုသည်။ ဝေဒနာနှင့်ခန္ဓာနှစ်ပုဒ်ကိုယောစပ်လိုက်သော်။ ခံစားခံစားတတ်သောတရားအစုဖြစ်သည်။ ထိုခံစား ခံစားတတ်သော တရားအစုကိုပင် ဝေဒနက္ခန္ဓာခေါ် သည်။

တွေ့ကြုံလာသော အာရုံများကို မှတ်သားတတ်သောတရားကို (သဉ္ဇာနာတီတိသညာ) ဟူသော ဝစနတ္ထနှင့်အညီ သညာခေါ်သည်။ ခန္ဓသဒ္ဒါသည် အပေါင်းအစုကိုဆိုသည်။ သညာနှင့်နှစ်ခုစပ်မှု။ မှတ်သားတတ်သော တရားအစုဖြစ်သည်။ ထိုမှတ်သားတတ်သောတရားအစုကိုသညက္ခန္ဓာခေါ်သည်။

ကောင်းကျိုး မကောင်းကျိုး ဖြစ်ရန် စီမံ ပြုပြင်တတ်သော တရားတို့ကို (သင်္ခရောန္တီတိသင်္ခါရာ) ဟူသောဝစနတ္ထနှင့်အညီ။သင်္ခါရခေါ်သည်။ ခန္ဓသဒ္ဒါသည် အပေါင်း အစုကိုဆိုသည်၊ သင်္ခါရနှင့်ခန္ဓာနှစ်ခု ယောစပ်မှု။ စီမံပြုပြင်တတ်သောတရားအစုဖြစ်သည်။ ထိုစီမံပြုပြင် တတ်သော တရားအစုကိုပင် သင်္ခါရက္ခန္ဓာခေါ်သည်။

တွေ့ကြုံလာသောအာရုံများကိုကြံတတ်သိတတ်သောတရားကို(ဝိဇာနာတီတိဝိညာဏံ)ဟူသောဝစနတ္ထနှင့်အညီ ဝိညာဏခေါ်သည်။ ခန္ဓသဒ္ဒါသည် အပေါင်းအစုကိုဆိုသည်၊ဝိညာဏနှင့်ခန္ဓာနှစ်ခုယောစပ်မှု။ကြံတတ်သိတတ်သောတရားအစုဖြစ်သည်. ထိုကြံတတ်သိတတ်သော တရားအစုကိုပင်ဝိညာဏက္ခန္ဓာခေါ်သည်ဆိုလိုသည်။

## ၅၆။ ။ခန္ဓာငါးပါးကိုအကျဉ်းချုပ်သော်၊ရုပ်နာမ် နှစ်ပါးသာရှိသည်ကိုပြခြင်း။

(၉) ရုပ်ကိုမူကား၊ရုပ်တရား၊လေးပါးနာမ်ခန္ဓာ။ ။
(၁၀) ရုပ်ကိုရုပ်ဓာတ်၊ ကျန်လေးရပ်၊ မှတ်ကြ နာမ်ဓာတ် သာ။ ။

ဤကဗျာနှစ်ပုဒ်ဖြင့်၊ယခုပြခဲ့သော ခန္ဓာငါးပါးတရားအစုတို့တွင်၊ရှေ့ဆုံးဖြစ်သောဖောက်ပြန်တတ်သောတရားအစုကိုရုပ်တရား၊ကြွင်းသောခံစားတတ်မှတ်သားတတ်၊စီရင်ပြုပြင်တတ်၊ကြိုတင်သိတတ်သောတရားလေးပါးကို နာမ်တရားဟုမှတ်သားပြီးလျှင်၊ဤခန္ဓာငါးပါးကိုအကျဉ်းချုပ်လိုက်သည့်ရှိသော်၊ ရုပ်တရားနာမ်တရားနှစ်ခုသာရှိ၏၊ရုပ်တရားကိုရုပ်ဓာတ်၊ နာမ်တရားလေးပါးကို နာမ်ဓာတ်ဟု မှတ်သားပြီးလျှင်၊ ဤ ရုပ်တရား၊နာမ်တရားနှစ်ပါးကိုပင် ခန္ဓာငါးပါးဟုဆိုသည်၊ ဤခန္ဓာငါးပါးကိုပင်ရုပ်တရားနာမ်တရားနှစ်ပါးဆိုသည်ဟုမှတ်ရမည်။ ။

ထိုကြောင့်သတိပဋ္ဌာနသုတ်အဋ္ဌကထာတို့၌၊ ။ရူပက္ခန္ဓော ရူပက္ခန္ဓော နာမံ စတ္တာရော အရူပိနော ခန္ဓာတိ ပဉ္စက္ခန္ဓာ မတ္တံ ဟောတိ နာမရူပဝိနိမုတ္တာဟိ ပဉ္စက္ခန္ဓာ၊ ပဉ္စက္ခန္ဓ ဝိနိမုတ္တံ ဝါ၊ နာမရူပံ နတ္ထိ။ ။ဟုမိန့်ပြီ။ ။စ၊ သိမှတ်ဘွယ်အချက်ကိုဆက်၍ဆိုအံ့။ဧတ္ထ၊ဤကိုယ်ကောင်ကြီးတခုလုံး၌၊ရူပံ၊ဖောက်ပြန်တတ်သောတရားရှိသမျှသည်၊ ရူပက္ခန္ဓော၊ ရုပ်အစုအပေါင်းမည်၏၊ စတ္တာရော၊လေးပါးကုန်သော၊အရူပိနောခန္ဓာ၊ခံစားတတ်၊ မှတ်သားတတ်၊စီရင်ပြုပြင်တတ်၊ကြိုတင်၊သိတတ်သောတရားအစုတို့သည်၊နာမံ၊နာမ်တရားမည်၏၊ ဣတိ၊ ဤသို့၊ ပဉ္စက္ခန္ဓမတ္တံ၊အပေါင်းအစုငါးခုမျှသည်သာလျှင်၊ ဟောတိ၊ ဖြစ်၏၊ ဟိသစ္စံ၊ထိုစကားမှန်၏၊ နာမရူပဝိနိမုတ္တာ၊ နာမ်ရုပ်နှစ်ပါးမှ အလွတ်ဖြစ်ကုန်သော၊ပဉ္စက္ခန္ဓာဝါ၊ခန္ဓာငါးပါးတို့သည်လည်း၊ နတ္ထိ၊မရှိကုန်၊ ပဉ္စက္ခန္ဓဝိနိမုတ္တံ၊ ခန္ဓာငါးပါးမှ အလွတ်ဖြစ်သော၊ နာမရူပံဝါ၊

နာမ်တရား ရုပ်တရားသည်လည်း၊ နတ္ထိ၊မရှိပြီ၊ ။ဤကား
အနက်။ ။ခန္ဓာငါးပါးတို့၏ဥပမာကိုနောက်မှပြမည်၊ ။

---

၅၇။ နာမ်ရုပ်နှစ်ပါးကိုသိ၍၊ ယထာဘူတဉာဏ်
ရပုံကိုပြခြင်း။

(၁၄) ကြောင်းကျိုးနှစ်ဝ။ဖြစ်လာကြ။ပဋိစ္စခေတ်သာ၊
(၁၅) သင်္ဘောခရီး။ဘောလုံးကြီး။အပြီးကြည့်မြော်ပါ။
(၁၆) နာရီသင်္ဘော။နှစ်ခုယော။သဘောကြစေကွာ။
(၁၇) ငါဆိုဇီဝ။မိတ်မရ။မှချမှတ်လေပါ။

ဤကဗျာလေးပုဒ်ဖြင့်။ ထုတ်ပြခဲ့သောခန္ဓာငါးပါးနာမ်ရုပ်နှစ်ပါးတို့သည်။ငါငါဟုထင်စရာ။မြင်စရာအချက်အတ္တဇီဝဟူသောဝိညာဉ်အသက်ဆိုတာသည်။ ဘာတခုမျှ မိဘ်မရအပ်သည့်အနတ္တတရား။နိဇ္ဇီဝတရားတို့သာဖြစ်ကြောင်းများကိုပြသတည်း၊ ငါသူတပါး။ ပုဂ္ဂိုလ် သတ္တဝါဟူ၍ ထင်စရာအချက်၊ အသက်ဝိညာဉ်အရှင်မဟုတ်ပါဘဲလျက်။တလှုပ်လှုပ်တရွရွ။ထကြွစီဉ္စုံအသံထင်ရှား သွားလာပြောဆိုခြင်းတို့ဟာ။ ဘာလဲဟုစိတ်ထဲမှာအမြင်မှားချက်သည်။သက်ဝင်ငြိကပ်၍လာခဲ့မှု။ ငါသူတပါး။ ပုဂ္ဂိုလ်သတ္တဝါဟူ၍ ထင်စရာအချက် အသက်ဝိညာဉ် ဆိုတာသည်။ဘာတခုမျှမိတ်မရဘာဘဲလျက်၊ တလှုပ်ထဲလှုပ်ရှားသွားလာအောင်မြည်တတ်သည့် သင်္ဘောလမ်းဘော့တိုင်။ ဘောလုံးကြီးများ။ နာရီကြီး။ သင်္ဘောကြီးများ၏လှုပ်ရှားသွားလာ၍နေပုံ၊ စက်ကြိုး။စက်ယန္တရားတို့အဟုန်ကြောင့်၊ကခုံ။လှုပ်ရှါးသွားလာ၍နေကြသောစက်ရုပ်တို့၏ပုံပမာကို။ကောင်းစွာသက်ဝင်၊ ဆင်ခြင်စဉ်းစား။ နှလုံးထားနိုင်ပါလျှင်။ ယခင်ထင်မြင်ချက် အမှားကိုပယ်ရှား စွန့်ခွါနိုင်စေတတ်ခြင်းကြောင့်၊ သင်္ဘောကြီး ပမာတခုကိုသာ ပြလိုက်တော့အံ့။ မီးသင်္ဘောကြီးသည်၊ ငါငါထင်

စရာအချက်အသက်ဝိညာဉ်မှကင်းပါလျက်။ လေခေတ်မီးခေတ်
တို့၏အဟုန်သည်။ ပေါင်းဆုံညီညွတ်ကြမှ။ ရွရွရုန်ဆန်၊ အသံ
ထန်ပြင်းစွာ။ သွားလာခြင်းဟူ၍ ဖြစ်နိုင်ကြကုန်၏။ ထိုသို့ ရုန်
ဆန်၊ အသံထန်ပြင်းစွာသွားလာလှုပ်ရှားရနိုက်။ သင်္ဘောကြီး
သက်သက်လည်း အလိုရှိတိုင်း မသွားလာနိုင်။ လေခေတ်။ မီး
ခေတ်။သက်သက်လည်းအလိုရှိတိုင်း မသွားမလာနိုင်။ သင်္ဘော
ကြီးနှင့်၊မီးခေတ် လေခေတ်တို့ ယောစပ်ပေါင်းဆုံ မိကြမှသာ။
သွားလာအောင်မြင်တတ်ပါသော်လည်း။ ငါထင်စရာအချက်အ
သက်ဝိညာဉ်ဟူ၍။ မြူလောက်မျှမရှိသကဲ့သို့။ ထိုအတူ၊ ရုပ်ရု
ရုပ်ခဲကြီး သက်သက်ဖြစ်သော ခန္ဓာကိုယ်ကြီး သည်လည်း။
စိတ်ဟူသော ဝိညာဏဓာတ်သည်။ ဥပါဒ် ဋ္ဌီ ဘင်တို့ဖြင့်။အစဉ်
မပြတ်လှည့်ပတ်ကြိုင်စီမှုကိုစွဲ၍၊ဝေဒနာ၊သညာ၊သင်္ခါရဟူသော
နာမ်တရားတို့နှင့် ပေါင်းဆုံညီညွတ်ကြမှသာ၊သွားလာ အောင်
မြင်စီစီညှံ့ညံ့။ အသံစသည်တို့ဖြင့်ဖြစ်ခြင်းသလို။ သူတို့ဘာဝ
ဖြစ်ခြင်းတိုင်းဖြစ်နေကြသည်၊သင်္ခါရဟူ၍ခေါ်သမုတ်ကြသည့်
နာမ်ရုပ်နှစ်ဖြာခန္ဓာငါးပါးတို့၏သဘောသာတည်း၊ငါသူဘပါး။
ပုဂ္ဂိုလ်သတ္တဝါဟူ၍မှတ်ထင်စရာ။အတ္တ၊ဇီဝ၊ သတ္တ၊ ပုဂ္ဂလ ဟူ
သောအသက် ဝိညာဉ်ဆိုတာသည်။ ဘာတခုမျှမိတ်မရသည့်
အနတ္တ၊နိဇ္ဇီဝ၊ နိသတ္တတရားတို့သာဖြစ်ကြောင်းများကို။ မှတ်
သား ပိုင်းခြားနိုင်ပါမူ။နာမရူပ ပရိစ္ဆေဒဉာဏ်။ ယထာဘူတ
ဉာဏ်၊ဒိဋ္ဌိဝိသုဒ္ဓိဟူသောလမ်းစခန်းသို့တန်းတန်းမတ်မတ်ဆိုက်
ကပ်လေပြီဟုမှတ်ယူရမည်။ ။
ထိုကြောင့်ဝိသုဒ္ဓိမဂ်၌။ ။ပဋ္ဌသုဥပါဒါနက္ခန္ဓေသုသတ္တ
သဏ္ဌော ပုဂ္ဂလောတိ ဝေါဟာရမတ္တံ ဟောတိ၊ ပရမတ္ထတော
ဧကေကသ္မိံ ခန္ဓေ ဥပပရိက္ခိယ မာနေ အသ္မိံတိဝါ အဟန္တိဝါ
ဂါဟောသာ ဝတ္ထုဘူတော သဏ္ဌောနာမ နတ္ထိ၊ ပရမတ္ထတောပန
နာမရူပမတ္တမေဝ အတ္ထိတိ၊ဧဝံ ပဿတော ဟိ ဒဿ နံယထာ
ဘူတဉာဏဒဿနံနာမဟောတိ။ ။ဟုမိန့်ပြီ၊ ။အနက်ကား။ ။

ပဉ္စသုဥပါဒါနက္ခန္ဓေသု၊ ဥပါဒါန်လေးပါးတို့၏ အားကြီးစွဲလမ်းစရာခန္ဓာငါးပါးတို့သည်။သတိ၊ ထင်ရှားရှိနေခဲ့သော်၊ သတ္တောတိ၊သူသူငါငါထင်မှတ်စရာသတ္တဝါဟူ၍။ ပုဂ္ဂလောတိ၊ ငါငါသူသူခေါ်ဆိုစရာပုဂ္ဂိုလ်ဟူ၍။ ဝေါဟာရမတ္တံ၊ ပညတ်သဘောဖြင့်ပြောဆိုခေါ်ဝေါ်ရုံမျှသည်။ ဟောတိ၊ ဖြစ်၏။ ပရမတ္ထတော၊ အမှန်အဟုတ်အားဖြင့်။ ဧကေကသ္မိံ ဓမ္မေ၊ တခုတခုသောခန္ဓာ တရားကို။ဥပပရိက္ခိယမာနေ၊ဥာဏ်ဖြင့်ကပ်၍။ အထပ်ထပ်ကြည့်ရှုလိုက်သည်ရှိသော်။ အသ္မီတိ၊ဂါဟဿဝါ၊ ငါသာလျှင်တတ်။ ငါသာလျှင်မြတ်သည်ဟုထောင်လွှားကြသည့်မာနဟူသော အယူ၏၎င်း။ အဟန္တိ ဂါဟဿဝါ၊ ငါဟုအထင်ရှိသည့် ဒိဋ္ဌိအယူ၏၎င်း။ဝတ္ထုဘူတော၊တွယ်ရာမှီရာကပ်ရာ။ တည်ရာဖြစ်သော။ သတ္တောနာမ၊ အာရုံကိုတတ်တတ်သည့် အတ္တဇီဝဟူသောအသက်ပိညာဉ်ဆိုတာသည်။ နတ္ထိ၊မရှိချေ။ ပန၊စင်စစ်ဧကန်အမှန်မုချအားဖြင့်မူကား။ နာမရူပမတ္တမေဝ၊ ခန္ဓာငါးပါးကိုအကျဉ်းချုပ်သည့်နာမ်ရုပ်နှစ်ပါးသည်သာလျှင်၊အတ္ထိ၊ရှိချေ၏။ဣတိ၊ ဤသို့မှတ်ရမည်။ဟိ၊ရုပ်နာမ်နှစ်ရပ်သာရှိ၏ဟုသိမြင်သူတို့အကျိုးကိုပြအံ့။ ။ဧဝံ၊ဤသို့နာမ်ရုပ်နှစ်တန်သာအမှန်ရှိ၏ဟူ၍။ ပဿတော၊မြင်သိသော ဝိပဿနာယောဂီပုဂ္ဂိုလ်၏။ ဒဿနံ၊ မြင်သိခြင်းသည်။ယထာဘူတဥာဏ ဒဿနံနာမ၊ယထာဘူတဥာဏ်အမြင်ဆိုရသည်။ဟောတိ၊ ဖြစ်၏၊ ။ဤကားအနက်။ ။ယင်းအဘွင့်မဟာဋီကာ နိဿယ်လည်း။ ။သတ္တောဇီဝေါတိဝေါဟာရမတ္တံ၊ ပရမတ္ထတော သတ္တောဝါ ဇီဝေါဝါ နတ္ထိ။ ။ဟူမိန့်၏။ ။သတ္တောတိ၊ငါငါထင်မှတ်စရာသတ္တဝါဟူ၍။ ဇီဝေါတိ၊ငါငါ ထင်စရာအချက် အသက်ပိညာဉ်ဟူ၍။ ဝေါဟာရမတ္တံ၊ သက္ကာယဒိဋ္ဌိ တရားအလိုကြောင့်။ ပြောဆိုခေါ်ဝေါ် ကြရုံမျှသာတည်း။ ပရမတ္ထတော၊ မုချဆတ်ဆတ်။ ပရမတ်အားဖြင့်။ သတ္တောဝါ၊ နာမ်ရုပ်နှစ်ပါးကိုချန်လှပ်၍။ သတ္တဝါဆိုတာသည်လည်း။နတ္ထိ၊မရှိချေ၊ဇီဝေါဝါ၊ဥပါဒ် ဌီ ဘင်တို့ဖြင့် အစဉ်မပြတ်

ချုပ်ပျောက်တတ်သည့် ပရမတ်ဇီဝိတိန္ဒြေကို ထား၍။ တပါးဘဝသို့။ခိုင်မြဲလျှစွာ။သွားလာဘူးပြောင်း၍၊ နေတတ်သည့်အတ္တဇီဝဟူသောဝိညာဉ်အသက်ဆိုတာသည်လည်း။နတ္ထိ၊မရှိချေ။ ။
ဤကားအနက်။ ။

ဤအဋ္ဌကထာ ဋီကာသာဓကတို့ကို ထောက်ဆ မြော်ရှု၍ ယခုထုတ်ပြခဲ့သည့်။ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး တို့သည်သာလျှင်အကြောင်းမချုပ်သမျှကာလှုပ်လှုပ်တရွရွ။ တစိုစိုတညံ့ညံ့ ရှိနေကြရသည်ဟုသိမြင်မှုပိုင်နိုင်က ယထာဘူတဉာဏ်ကိုရပြီ ဟူ၍မှတ်ယူရမည်။ ။

---

၅၈။ ။ရုပ်နှစ်ဆယ်ရှစ်ပါးတို့၏။သရုပ်ကိုထုတ်ပြခြင်း။

ဘောက်ပြန်တတ်ကြောင်း။ရုပ်တရား။များလှနှစ်ရှစ်သာ။ ။

ဟူသောကဗျာနှင့်အညီ ရုပ်နှစ်ဆယ်ရှစ်ပါးတို့၏ သရုပ်ကို သိသာရုံမျှထုတ်ပြအံ့။ ။

(၁) ပထဝီ။နူးညံ့မှု။ခက်မာမှု။
(၂) အာပေါ။ဖွဲ့စေးမှု။ယိုစီးမှု။
(၃) တေဇော။အေးမှု။ပူမှု။
(၄) ဝါယော။ထောက်ကန်မှု။လှုပ်ရှားမှု။
(၅) စက္ခုပသာဒ။မြင်မှု။
(၆) သောတပသာဒ။ကြားမှု။
(၇) ဃာနပသာဒ။နံမှု။
(၈) ဇိဝှါပသာဒ။လျက်မှု။စားမှု။
(၉) ကာယပသာဒ။တွေ့ထိမှု။
(၁၀) ရူပါရုံ။အဆင်းဓာတ်။
(၁၁) သဒ္ဒါရုံ။အသံဓာတ်၊
(၁၂) ဂန္ဓာရုံ။အနံ့ဓာတ်၊

(၁၃) ရသာရုံ။အရသာခေတ်။
ဖောဋ္ဌဗ္ဗာရုံ။အတွေ့ခေတ်။
(၁၄) ဣတ္ထိဘာဝ။မိန်းမဟူ၍သိမှု။
(၁၅) ပုရိသဘာဝ။ယောကျ်ားဟူ၍သိမှု။
(၁၆) ဟဒယဝတ္ထု။စိတ်တို့တည်ရာအမှု။
(၁၇) ဇီဝိတ။ရုပ်တရားတို့ကိုစောင့်ရှောက်မှု။
(၁၈) အာဟာရ။ရုပ်တရားတို့ကိုဆောင်ထားမှု။

အထူးသတိပြုရန်။ဖော်ပြခဲ့သောရုပ်ဟူသည်။ပထဝီ၊တေဇော၊ ဝါယော သုံးခုကိုပင်ဆိုသည်ဖြစ်၍။ ၎င်းသုံးခုကိုချန်၍ ရေတွက်လိုက်သော်တဆဲ့ရှစ်ပါးဖြစ်၏၊ ဤတဆဲ့ရှစ်ခုသော ရုပ်တို့သည် ကံ၊စိတ်၊ဥတု၊ အာဟာရဟူသော အကြောင်းတရားလေးခုတို့ကြောင့်ဖြစ်ပေါ်တတ်မှုဟူသောဇာတိသဘောသည် ထင်ရှားရှိကြသည့်ဖြစ်၍သဘောလက္ခဏာ အသီးအသီးနှင့်ပြီးစီးကြသော ကြောင့်နိပ္ဖန္နရုပ်ဟူ၍ခေါ်သည်ကိုလည်းမှတ်ရမည်။ ။

(၁၉) အာကာသ။ရုပ်ကလာပ်တို့ကိုပိုင်းခြားမှု။
(၂၀) ကာယဝိညတ်။ကိုယ်အမူအရာလှုပ်ရှားမှု၊
(၂၁) ဝစီဝိညတ်။နှုတ်အမူအရာလှုပ်ရှားမှု။
(၂၂) ရူပဿလဟုတာ။ရုပ်၏ပေါ့ပါးမှု။
(၂၃) ရူပဿမုဒုတာ။ရုပ်၏နူးညံ့မှု။
(၂၄) ရူပဿကမ္မညတာ။ရုပ်၏အမှု၌ခန့်မှု၊
(၂၅) ဥပစယ။ရုပ်တို့၏ကြီးပွားမှု။
(၂၆) သန္တတိ။ရုပ်တို့၏အစဉ်တည်မှု၊
(၂၇) ဇရတာ။ရုပ်တို့၏အိုမင်းရင့်ရော်မှု၊
(၂၈) အနိစ္စတာ။ရုပ်တို့၏ချုပ်ပျောက်သေဆုံးမှု။

ဤရုပ်ဆယ်ခုကိုအနိပ္ဖန္နရုပ်ဟုခေါ်သည်။ နိပ္ဖန္နရုပ် တဆဲ့ရှစ် အနိပ္ဖန္နရုပ်တဆယ်။ နှစ်ခုပေါင်းသော် ရုပ်နှစ်ဆဲ့ရှစ်ပါးဖြစ်၏။ ။ အဓိပ္ပာယ်အချုပ်အားဖြင့် မှတ်သားလိုမှု။ မဟာဘုတ်ဆိုသည်

ကား။ မဟာဘူတာယဒ္ဒါကထွက်သည်။ အလွန်ကြီးမားအောင် ပွားစီးစီကား၍လာတတ်သောရုပ်ဆိုလိုသည်။

ဤမဟာဘုတ်ကြီးလေးခုကိုချန်၍၊ ကျန်သောရုပ်နှစ်ဆဲ့လေး ခုတို့သည်။ မဟာဘုတ်ကြီးလေးခုကို မှီတွယ်၍ ဖြစ်ရသော ကြောင့် ဥပါဒါရုပ်ခေါ်သည်။ ။စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယဟုသောရုပ်သည်။ ဖန်မှန်စသောအကြည် အလင်းတို့ ကဲ့သို့ အာရုံခြံပါးတို့၏ စွဲမှီရာအကြည်အလင်းရုပ်ဖြစ်၍ ပ သာဒရုပ်ခေါ်သည်။ ။

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ငါးခုတို့သည်။ စက္ခုဝိညာဏ် သောတဝိညာဏ်၊ဃာနဝိညာဏ် ဇိဝှါဝိညာဏ် ကာယဝိညာဏ်ဟုသောဝိညာဏ်ငါးခုတို့၏၊ လှည့်လည်ကျက် စားရာဖြစ်၍၊ ဂေါစရရုပ်ခေါ်သည်။ ဝိသယရုပ်ဟူ၍လည်းခေါ် သည်။ဖောဋ္ဌဗ္ဗာရုံကပထဝီ၊တေဇော၊ ဝါယောသုံးခုကိုယူခြင်း ကြောင့်ယင်းဝိသယရုပ်ကိုခုနစ်ခုထား၍အသုံးပြုကြသည်၊ ။

ရုပ်ကလာပ်တို့၏ အခြားမျှကိုအာကာသဓာတ်ခေါ်သည်။ ပရိ စ္ဆေဒရုပ်ဟူ၍လည်းခေါ်သည်။ ။

ကာယဝိညတ်ဝစီဝိညတ် နှစ်ခုသည်။ ကိုယ်အမူအရာလှုပ် ရှားမှု။ နှုတ်အမူအရာလှုပ်ရှားပြောဆိုမှုကို သူတပါးတို့အားသိ စေတတ်သည်ဖြစ်၍ဝိညတ်ရုပ်ခေါ်သည်။ ။

ရူပဿလဟုတာ၊ရူပဿမုဒုတာ၊ ရူပဿကမ္မညတာသုံးခု သည်ရုပ်၏ပေါ့ပါးမှု၊ ရုပ်နူးညံ့မှု၊ ရုပ်၏တွေ့ရာအမှုကိစ္စခန့်ငြား ကောင်းမွန်မှု ဟူသောအမူ အရာထူးရှိသည်ဖြစ်၍ ဝိကာရရုပ် ခေါ်သည်။ ။

ဥပစယ၊သန္တတိ၊ဇရတာ၊အနိစ္စတာလေးခုသည်ရုပ်ကလာပ် တို့၏အသစ်အသစ်ဖြစ်ပေါ်တိုးပွားမှု တိုးပွားမှုရပ်တန့်၍ အစဉ် အားဖြင့်တည်မှု။ တိုးပွားလာသော ရုပ်တို့၏ ဆုတ်ယုတ်ရင့် ရော်မှု။ဆုတ်ယုတ်ရင့်ရော်သောရုပ်တို့၏ ချုပ်ပျက်ကွယ်ဆုံး မှုကိုမှတ်ကြောင်းသိကြောင်းဖြစ်၍ လက္ခဏာရုပ်ခေါ်သည်။ ။

ဤကား ရုပ်နှစ်ဆဲ့ရှစ်ခုကို သိရှိမှုအကျဉ်းချုပ် အားဖြင့်ပြခြင်းတည်း။ ။

ရုပ်နှစ်ဆဲ့ရှစ်ပါးသရုပ်ထုတ်ပြချက်ပြီး၏။

---

၂၉၊ ။ဝေဒနာသရုပ်ကိုအကျဉ်းထုတ်၍ပြခြင်း။

ဝေဒနာတရား။ခံစံစား။ငါးခုသရုပ်မှာ။ ။
ဝိညာဏ်ခြောက်သွယ်၊မြွှံပွားချယ်၊သုံးဆယ်ဝေဒနာ၊

ဟူသောကဗျာနှစ်ပုဒ်အရ။ဝေဒနာသည်။သုခဝေဒနာ။ ဒုက္ခဝေဒနာ သောမနဿဝေဒနာ။ဒေါမနဿဝေဒနာ။ ဥပေက္ခာဝေဒနာဟူ၍ငါးမျိုးရှိ၏၊ ထိုငါးမျိုးတို့တွင်။ ၊ကိုယ်ခန္ဓာကြီး၏ချမ်းသာမှုသည်သုခဝေဒနာမည်၏။ ။ကိုယ်ခန္ဓာကြီး၏မချမ်းသာမှု၊ဆင်းရဲမှုသည်ဒုက္ခဝေဒနာမည်၏။ ။စိတ်၏ချမ်းသာမှုသည် သောမနဿ ဝေဒနာမည်၏၊ ။စိတ်၏ မချမ်းသာမှု၊ဆင်းရဲမှုသည်ဒေါမနဿ ဝေဒနာမည်၏။ ။ကိုယ်စိတ်နှစ်ပါးတို့၏ အလယ်စားကျသောချမ်းသာမှု။ ဆင်းရဲမှုသည် ဥပေက္ခာဝေဒနာမည်၏၊ ။

ထိုဝေဒနာငါးပါးကို ဝိညာဏ်ခြောက်ပါးဖြင့် မြွှံပွားရေတွက်မှုဝေဒနာသုံးဆယ်ဖြစ်၏။ဖြစ်ပုံကား၊ ။

စက္ခုဝိညာဏ်စိတ်ဖြင့် အဆင်းကိုမြင်၍။ မျက်စိ၏ချမ်းသာမှုကိုစက္ခုသမ္ဖဿဇာသုခဝေဒနာဆိုသည်။

သောတဝိညာဏ်စိတ်ဖြင့်အသံကိုကြား၍။နား၏ချမ်းသာမှုကိုသောတသမ္ဖဿဇာသုခဝေဒနာဆိုသည်။

ဃာနဝိညာဏ်စိတ်ဖြင့်အနံ့ကိုနမ်း၍။ နှာခေါင်း၏ချမ်းသာမှုကိုဃာနသမ္ဖဿဇာသုခဝေဒနာဆိုသည်။

ဇိဝှါဝိညာဏ်စိတ်ဖြင့်အရသာကိုစား၍၊ လျှာ၏ချမ်းသာမှုကိုဇိဝှါသမ္ဖဿဇာသုခဝေဒနာဆိုသည်။

ကာယဝိညာဏ်စိတ်ဖြင့်အတွေ့ကိုထိ၍။ ကိုယ်၏ချမ်းသာမှုကိုကာယသမ္ဖဿဇာသုခဝေဒနာဆိုသည်။

မနောဝိညာဏ်စိတ်ဖြင့်ဓမ္မာရုံကိုကြံ၍။စိတ်၏ချမ်းသာမှုကိုမနောသမ္ဖဿဇာသုခဝေဒနာဆိုသည်။

ကျန်သောဝေဒနါလေးပါးတို့၌လည်း၊ဤနည်းအတိုင်းမြောက်ပွားရေတွက်လေ။မခက်ပြီ။ ။

ဤ၌ဒိဋ္ဌိတဏှာတို့၏ အစွဲသန်ရာကိုသာအမြန်သိဘို့ရန် အရေးကြီးလှလေ၍ဝေဒနာကိုသုံးဆယ်ဟုပြလိုက်ပေသည်။

အဋ္ဌကထာကြီးတို့၌ကား။

ဒွါရတောဝေဒနာဝုတ္တာ၊စက္ခုသမ္ဖဿဇာဒိကာ။

သာဋ္ဌဝတာပဘေဒေန။ကေူနနဝုတိမတာ။ ။

ဟူ၍။ ဝေဒနာသည်အကျဉ်းအားဖြင့်ခြောက်ပါး။ အကျယ်အားဖြင့်ရှစ်ဆယ့်ကိုးပါးရှိကြောင်းကိုပြဆိုပြီးမှ။ ။

ဝေဒနာသုပနေဘာသု၊အုဓဗာတ္တံ သဝေဒနာ။

ဝိပါကသမ္ပယုတ္တာဝ၊အဓိပ္ပေတာတိဘာသိတာ။ ။

ဟူ၍ဖဿဓာတ်ကြောင့်ဖြစ်ပေါ်လာတတ်သောဝိပါက်စိတ်နှင့်ယှဉ်သောဝေဒနာ။ သုံးဆယ့်နှစ်ပါးရှိကြောင်းကိုပြဆိုတော်မူကြသော်လည်း။ဝါစာသိလိဋ္ဌ၊သုခုစ္စာရဏာအကျိုးငှာရင်း။အရေအတွက်။အမှတ်အသားလွယ်စေခြင်းအကျိုးငှါရင်း။ ဒိဋ္ဌိတဏှာတို့၏အစွဲသန်ရာကိုသာ ကောင်းစွာ သိစေခြင်း အကျိုးငှါရင်း။များစွာစိစစ်ရေတွက်ခြင်းကိုမပြုမူ၍။ ။

ဝေဒနာတရား။ခံစံစား။ငါးခုသရုပ်မှား။

ဝိညာဏ်ခြောက်သွယ်။မြောက်ပွါးချယ်။သုံးဆယ်ဝေဒနာ။

ဟုသာမန်အားဖြင့် ရေးသားလိုက်ပေသတည်း။ ထိုစကားမှန်၏။ပဋိစ္စသမုပ္ပါဒ်ဓာတ်ကို ပြသောအခန်းတွင်လည်း။ ။

ဝေဒနာဓာတ်။ခြောက်ပါးမှတ်။ဖဿဓာတ်ဆက်ခါ။ ။

ဒု၊သု၊ဥပေက်။မြောက်ပွါးလစ်။ဆယ့်ရှစ်ဝေဒနာ။ ။

ဟုသာမာန်အားဖြင့်သာလာလတံ့။

ဤဝေဒနါသုံးဆယ်တို့ကိုနားလည်အောင်လုပ်ပြီးမှ။သူ့ဝေဒနာနှင့်သူ့ဒိဋ္ဌိတဏှာကိုခွဲနိုင်လျှင်သာ၍ကောင်း၏။ ခွါပုံအမြွက်ကား၊ မျက်စိဖြင့်အဆင်းရုပ်ရုံကိုရ၍ ငါအရသာရှိသည်။ ငါကောင်းသည်ဟုထင်သောအခါ။ ။စက္ခုသမ္ဖဿဇာသုခဝေဒနာသုညာအတ္တေနဝါအတ္တနိယေနဝါ။ ,။စက္ခုသမ္ဖဿဇာသုခဝေဒနာ။မျက်စိဖြင့်မြင်ရမှ။ အရသာရှိဘတ်သော၊မျက်စိအရသာကို။သာယာခံစားတတ်သော၊ စက္ခုသမ္ဖဿဇာသုခဝေဒနာတရားသည်။ အတ္တေနဝါ။ငါမှဂုင်း။ အတ္တနိယေဝါ။ ငါ့ဥစ္စာမှဂုင်း။ သုညာ။သက်သက်မရှိသုံး၏။ ။မျက်စိအရသာကို ခံစားတတ်သောဝေဒနာ၌ငါမရှိ။မျက်စိအရသါကိုငါမခံစား။စက္ခုသမ္ဖဿဇာသုခဝေဒနာတရားကသာခံစားသည်။ခံစားတတ်သော ငါဟူမ၍ရှိ၊ငါမရှိခြင်းကြောင့်စက္ခုသမ္ဖဿဇာသုခဝေဒနာတရားသည်ငါ့ဟာမဟုတ်။ ။စသည်ဖြင့်ခွါလေ။ ။

ဝေဒနာသရုပ်ထုတ်ပြချက်ပြီး၏။

---

## ၆၀။ ။သညာသရုပ်ကိုထုတ်ပြခြင်း။

မှတ်တတ်သည်ကား၊သညာထား။ခြောက်ပါးသရုပ်မှာ။ ။

ဟူသော ကဗျာနှင့် အညီ၊ သညာသည် အကျဉ်းအားဖြင့် ခြောက်ပါးရှိ၏။အညို။အရွှေ။အနီ။အဖြူ။ စသောအဆင်းကို မှတ်သားမှုကိုရူပသညာခေါ်သည်။

ကောင်းသောအသံ။ မကောင်းသောအသံ။ မည်သူ့အသံ၊ မည်ဝါအသံစသည်ဖြင့်အသံကိုမှတ်သားမှုကို သဒ္ဒသညာခေါ်သည်၊

ကောင်းသောအနံ့။မကောင်းသေါအနံ့။စသည်ဖြင့်အနံ့ကိုမှတ်သားမှုကိုဂန္ဓသညာခေါ်သည်။

အချို၊ အချဉ်၊ အစပ်၊ အငံ၊ အဖန်၊ အခါးစသောအရသာကိုမှတ်သားမှုကိုရသသညာခေါ်သည်။

ကောင်းသောအတွေး။မကောင်းသောသတွေး၊ နူးညံ့သောအတွေး၊ကြမ်းတမ်းသောအတွေးစသည်ဖြင့်အတွေးကို မှတ်သားမှုကိုဖော်ပြသည့်ဉာဏ်ပါသည်။

ဤကားလောဘတည်း။ ဤကားဒေါသတည်း။ ဤကားမောဟတည်းစသည်ဖြင့် မွှာရုံထိုက်သောစိတ်။ စေတသိက်၊ရုပ်၊ ပညတ်၊ နိဗ္ဗာန်ဟူသောတရားကို မှတ်သားမှုကို မွေ့သညာခေါ်သည်။

ဤကားအကျဉ်းတည်း။ အကျယ်အားဖြင့်သော်ကား။ မိန်းမကိုမှတ်မှုဟူသောဣတ္ထိသညာ၊ယောကျ်ားကို မှတ်မှုဟူသောပုရိသသညာ၊ရွာကိုမှတ်မှုဟူသောဂါမသညာ၊နိဂုမ်းကိုမှတ်မှုဟူသောနိဂမသညာ၊ မြို့ကိုမှတ်မှုဟူသောနဂရသညာ၊ မြို့ခြင်းကိုမှတ်ထင်မှုဟူသောနိစ္စသညာ၊မမြဲကြောင်းကို မှတ်သားမှုဟူသောအနိစ္စသညာ စသည်ဖြင့် မရေတွက်နိုင်အောင် များသော်လည်းအာရုံခြောက်ပါး၌သါသက်ဝင်ကျရောက်တော့သည်ဖြစ်၍။အာရုံခြောက်ပါး၌ကပ်ငြိသော ဒိဋ္ဌိတဏှာကိုခွါနိုင်ပေမူ။ အသင်္ချေအနန္တများလှသောသညာတို့မှာပါရှိသည့်။ ဒိဋ္ဌိတဏှာတို့ပါ။ကင်းကွာပြတ်တောက်ရတော့သည်ဖြစ်ရကား။ သညာခြောက်ပါးလုံး၌ဒိဋ္ဌိတဏှာကိုခွါနိုင်လျှင် သာ၍နေရ.ကျလှလေ၏။ခွါပုံအမြွက်ကား။ ။

မြင်ဘူးသောရူပါရုံများကိုငါမှတ်သားမိသည်ထင်သောအခါ။ ။ရူပသညာသုညာ အတ္တေနဝါအတ္တနိယေနဝါ။ ။ရူပသညာ။အဆင်းရူပါရုံများကို၊မှတ်သားတတ်သေါရူပသညာသည်။ အတ္တေနဝါ။ငါမှုဉ်း။အတ္တနိယေဝါ။ငါ့ဥစ္စာမှုဉ်း။ သုညာ။သက်သက်မရှိသုံး၏။ ။အဆင်းကိုမှတ်သားတတ်သောရူပသညာတရားဌငါမရှိ၊ငါမမှတ်သား။ ရူပသညာတရားကသာမှတ်သားသည်၊မှတ်သားတတ်သောငါဟူ၍မရှိ။ ငါမရှိခြင်းကြောင့် ရူပသညာတရားသည်ငါ့ဟာမဟုတ်စသည်ဖြင့်ခွါလေ၊မခဲပြီ။ ။

သညာသရုပ်ထုတ်ပြချက်ပြီး၏။

၆၁။ ။သင်္ခါရက္ခန္ဓာသရုပ်ကိုထုတ်ပြခြင်း။

ကောင်းဆိုးနှစ်ရင်းပြုပြင်တတ်။မှတ်ကြသင်္ခါရာ။ ။
သင်္ခါရကား။သရုပ်ကြွား။များလှငါးဆယ်သာ။ ။

၁။ ဖဿ။အာရုံကိုတွေ့ခြင်း။
၂။ ဝေဒနာ။အာရုံအရသာကိုခံစားခြင်း။
၃။ သညာ။အာရုံကိုမှတ်သားခြင်း။
၄။ စေတနာ။ အာရုံ၌ယှဉ်ဘက် တရားတို့ကို စေ့ဆော်တိုက်တွန်းခြင်း၊
၅။ ဧကဂ္ဂတာ။အာရုံ၌ငြိမ်သက်တည်ကြည်ခြင်း။
၆။ ဇီဝိတိန္ဒြိယ။ယှဉ်ဘက်တရားတို့ကိုစောင့်ခြင်း။
၇။ မနသိကာရ။အာရုံကိုနှလုံး၌သွင်းခြင်း။

ဤခုနစ်ပါးသောစေတသိက်တို့သည်စိတ်အကျဉ်းရှစ်ဆဲ့ကိုးခု။အကျယ်တရာ့နှစ်ဆဲ့တပါတို့မှာအကုန်ယှဉ်ကြသောကြောင့် (သဗ္ဗစိတ္တသာဓာရဏ)စေတသိက်ခေါ်သည်။

၁။ ဝိတက်။အာရုံကိုထူးထူးထွေထွေကြံခြင်း။
၂။ ဝိစာရ။အာရုထဲ၌တဝဲဝဲနေခြင်း။
၃။ အဓိမောက္ခ။အာရုံ၌ဆုံးဖြတ်ခြင်း။
၄။ ဝီရိယ။အာရုံ၌အားထုတ်ခြင်း။
၅။ ပီတိ။အာရုံ၌နှစ်သက်ခြင်း။
၆။ ဆန္ဒ။အာရုံကိုအလိုရှိခြင်း။

ဤခြောက်ပါးသော စေတသိက်တို့သည်။ သဗ္ဗစိတ္တသာဓာရဏစေတသိက်ခုနစ်ပါးကဲ့သို့ အားလုံးစိတ်တို့မှာပါသည်ယှဉ်သည်မဟုတ်။အချို့အချို့သောစိတ်တို့မှာသာပါသည်ယှဉ်သည်ဖြစ်၍။ပြိုးပြွမ်းယောနှောသောအားဖြင့်သာ။ ပါတတ်ယှဉ်တတ်သောကြောင့်။ ပကိဏ္ဏကပုဒ်ကိုယူ၍ ပကိဏ်းစေတသိက်ခေါ်သည်။ ။အထူးသတိပြုရန်။ ။ဤစေတသိက်တဆဲ့သုံးခုတို့သည်။

ကောင်းမှုကုသိုလ် အရာမှာလည်းသူတို့ပါရှိကြ၍ပြီးစီးနိုင်သည်။ မကောင်းမှု အကုသိုလ်အရာမှာလည်း သူတို့ပါမှပင် ပြီးစီးနိုင်သည်ဖြစ်၍ အရာဌာနတွင်ကျယ်လှသောကြောင့်အညသမာနပုဒ်ကိုယူ၍ (အညသမာန်) စေတသိက်ခေါ်သည်ကိုလည်း မှတ်ရမည်၊

အညသမာန်စေတသိက်ဆဲ့သုံးခုပြီး၏။

---

၁။ မောဟ။အာရုံ၌တွေဝေမိုက်မဲခြင်း။
၂။ အဟိရိက။မကောင်းမှုကိုမရှက်ခြင်း။
၃။ အနောတ္တပ္ပ။မကောင်းမှုကိုမထိတ်လန့်ခြင်း။
၄။ ဥဒ္ဓစ္စ။စိတ်၏ပျံ့လွင့်ခြင်း။
၅။ လောဘ၊အာရုံ၌ကပ်ငြိမက်မောခြင်း။
၆။ ဒိဋ္ဌိ။အမြင်မှားခြင်း။
၇။ မာန။တက်ကြွထောင်လွှားခြင်း။
၈။ ဒေါသ။အမျက်ထွက်ခြင်း။
၉။ ဣဿာ။သူ့စည်းစိမ်ကိုမနာလိုခြင်း။
၁၀။ မစ္ဆရိယ။မိမိစည်းစိမ်ကိုနှမြောခြင်း။
၁၁။ ကုက္ကုစ္စ။နှောင်တတတဖန်ပူပန်ခြင်း၊
၁၂။ ထိန။စိတ်၏ထိုင်းမှိုင်းခြင်း။
၁၃။ မိဒ္ဓ။စေတသိက်၏ထိုင်းမှိုင်းခြင်း။
၁၄။ ဝိစိကိစ္ဆာ။သို့လောသို့လော။တွေးတောယုံမှားခြင်း။

၎င်းစေတသိက် တဆဲ့လေးခုသည် အကုသိုလ်စိတ်တို့၌သာ။ ပါကြ။ယှဉ်ကြသည်ဖြစ်၍အကုသိုလ်စေတသိက်ခေါ်သည်။

အကုသိုလ်စေတသိက်တဆဲ့လေးခုပြီး၏။

၁။ သဒ္ဓါ။ ကောင်းသောအာရုံ၌ကြည်လင်ခြင်း။
၂။ သတိ။ ကောင်းသောအာရုံ၌မမေ့လျော့ခြင်း။
၃။ ဟိရီ။ မကောင်းမှုကိုယှက်ခြင်း။
၄။ ဩတ္တပ္ပ။ မကောင်းမှုကိုကြောက်လန့်ခြင်း။
၅။ အလောဘ။ အာရုံ၌မငြိတွယ်ခြင်း။
၆။ အဒေါသ။ အာရုံ၌မကြမ်းတမ်းခြင်း။
၇။ တတြမဇ္ဈတ္တတာ။ အာရုံ၌လျစ်လျူရှုခြင်း။
၈။ ကာယပဿဒ္ဓိ။ ကိုယ်၏ငြိမ်းချမ်းခြင်း။
၉။ စိတ္တပဿဒ္ဓိ။ စိတ်၏ငြိမ်းချမ်းခြင်း။
၁၀။ ကာယလဟုတာ။ ကိုယ်၏ပေါ့ပါးခြင်း။
၁၁။ စိတ္တလဟုတာ။ စိတ်၏ပေါ့ပါးခြင်း။
၁၂။ ကာယမုဒုတာ။ ကုသိုလ်မှု၌ကိုယ်နူးညံ့ခြင်း။
၁၃။ စိတ္တမုဒုတာ။ ကုသိုလ်မှု၌စိတ်နူးညံ့ခြင်း။
၁၄။ ကာယကမ္မညတာ။ ကုသိုလ်မှု၌ ကိုယ်၏ကောင်းမွန်ခန့်ကျမ်းခြင်း။
၁၅။ စိတ္တကမ္မညတာ။ ကုသိုလ်မှု၌ စိတ်၏ ကောင်းမွန်ခန့်ကျမ်းခြင်း။
၁၆။ ကာယပါဂုညတာ။ ကုသိုလ်မှု၌ ကိုယ်၏ပါးခြင်းနပ်ခြင်း။
၁၇။ စိတ္တပါဂုညတာ။ ကုသိုလ်မှု၌စိတ်၏ပါးခြင်းနပ်ခြင်း။
၁၈။ ကာယုဇုကတာ။ ကုသိုလ်မှု၌ ကိုယ်၏ ဖြောင့်စင်းခြင်း။
၁၉။ စိတ္တုဇုကတာ။ ကုသိုလ်မှု၌စိတ်၏ဖြောင့်စင်းခြင်း။

ဤစေတသိက်တဆဲ့ကိုးခုတို့သည်။ သောဘဏစိတ်အကျဉ်း ငါးဆဲ့ကိုးခု။ အကျယ် ကိုးဆဲ့တပါးတို့၌သာ၊ ပါကြ။ ယှဉ်ကြသည်ဖြစ်၍။ သောဘဏသာဓာရဏစေတသိက်ခေါ်သည်။

သောဘဏသာဓာရဏစေတသိက် ၁၉ ပြီး၏။

၁။ သမ္မာဝါစာ။ဝစီဒုစရိုက်လေးခုကိုကြဉ်ရှောင်ခြင်း။
၂။ သမ္မာကမ္မန္တ။ ကာယ ဒုစရိုက် သုံးခုကို ကြဉ်ရှောင်ခြင်း။
၃။ သမ္မာအာဇီဝ။ငင်းဒုစရိုက်ခုနစ်ခုမှ ကြဉ်ရှောင်ခြင်း။

ဤစေတသိက်သုံးခုသည်ကာယဒုစရိုက်။ဝစီဒုစရိုက်ဟူသော ကျူးလွန် ကျော်နင်း အပ်သည့် အမှုများကို၊ ကြဉ်ရှောင်တတ်သည်ဖြစ်၍။ဝိရတိစေတသိက်ခေါ်သည်။

ဝိရတိစေတသိက်သုံးပါးပြီး၏။

---

၁။ ကရုဏာ။ဆင်းရဲသောသတ္တဝါတို့၌သနားခြင်း။
၂။ မုဒိတာ။ချမ်းသာသောသတ္တဝါတို့၌ဝမ်းသာခြင်း။

ဤစေတသိက်နှစ်ခုသည်။ အတိုင်းအရှည်မရှိအောင်၊များလှသော။သတ္တဝါအနန္တဟူသော။ပညတ်တရားလျှင်။အာရုံရှိသောကြောင့်။အပ္ပမညာစေတသိက်ခေါ်သည်။

၁။ ပညိန္ဒြေ။ယထာဘူတဥါဏ်ဖြင့်ဟုတ်မှန်တိုင်းသိခြင်း။

ဤစေတသိက်တခုကို တရားကျမ်းဂန်တို့၌။ ဉာဏ်ဟူ၍၎င်း။ ဝိဇ္ဇာဟူ၍၎င်း။ ပညာဟူ၍၎င်း။အမောဟဟူ၍၎င်း။ခေါ်သည်ကိုလည်းမှတ်ရမည်။

ဝိရတိသုံး။အပ္ပမညာနှစ်။ ပညိန္ဒြေတစ်ဟူသော သောဘဏပကိဏ်းစေတသိက်ခြောက်ခုနှင့်။ယခင်သောဘဏသာဓာရဏစေတသိက်တဆဲ့ကိုးခုကို ပေါင်းသော် သောဘဏစေတသိက်နှစ်ဆဲ့ငါးခုဖြစ်၍။ ပေါင်းစေတသိက် ငါးဆဲ့နှစ်ဖြစ်၏။ ဤစေတသိက်ငါးဆဲ့နှစ်ခုတို့တွင်၊ ဝေဒနာစေတသိက်ကိုဝေဒနက္ခန္ဓာဟုခေါ်သည်။ သညာစေတသိက်ကိုသညက္ခန္ဓာဟုခေါ်သည်၊ငင်းနှစ်ခုမှကြွင်းသောစေတသိက်ငါးဆယ်တို့ကိုသင်္ခါရက္ခန္ဓာခေါ်သည်။

သင်္ခါရက္ခန္ဓာသရုပ်ကိုထုတ်ပြချက်ပြီး၏။

## ၆၂။ ဝိညာဏက္ခန္ဓာသရုပ်ကိုထုတ်ပြခြင်း

ဝိညာဏက္ခန္ဓာ ဟူသော စိတ်ကိုအကျယ် မထုတ်ပြပြီ။ ဝိညာဏ်ခြောက်ပါးကိုသိရုံမျှနှင့်ကိစ္စပြီးလောက်သောကြောင့်ရင်း ဝိညာဏ်ခြောက်ပါးကိုသာပြအံ့။

၁။ စက္ခုဝိညာဏ်။မြင်တတ်သောစိတ်။
၂။ သောတဝိညာဏ်။ကြားတတ်သောစိတ်။
၃။ ဃာနဝိညာဏ်။နံတတ်သောစိတ်။
၄။ ဇိဝှါဝိညာဏ်။စားတတ်သောစိတ်။
၅။ ကာယဝိညာဏ်။တွေ့ထိတတ်သောစိတ်။
၆။ မနောဝိညာဏ်။ကြံတတ်သိတတ်သောစိတ်။

ဝိညာဏက္ခန္ဓာသရုပ်ကိုအကျဉ်းထုတ်ပြချက်ပြီး၏။

---

## ၆၃။ ။ခန္ဓာငါးပါးဥပမာ၊ကဗျာဆောင်ပုဒ်နှင့်။ ရူပက္ခန္ဓာ၏ရေမြှုပ်နှင့်တူသည်ကိုပြခြင်း။

၁၁။ ရေမြှုပ်ပမာ။ရုပ်ခန္ဓာ။ဝေဒနာရေပွက်သာ။
၁၂။ တံလျှပ်သညာ။သင်္ခါရာ။ငှက်ပျောသာ၊
၁၃။ စိတ်ဝိညာဏ။မျက်လှည့်။ဖုဒ္ဓဥပမာ။

ဤကဗျာသုံးပိုဒ်ဖြင့် ခန္ဓာငါးပါး တို့၏ ရေမြှုပ်ရေပွက်၊ တံလျှပ်၊ ငှက်ပျောတုံး မျက်လှည့် သမားနှင့် တူသည်ဟုမြတ်စွာဘုရားဟောတော်မူသော ဥပမာကိုပြသတည်း။ ရူပက္ခန္ဓာ၏ရေမြှုပ်နှင့် တူဟန်ကား။ ။ရေမြှုပ်ခဲသည်ခိုင်မြဲခြင်းမရှိသကဲ့သို့ ထိုအတူရုပ် နှစ်ဆဲ့ရှစ်ပါးတရား အစုသည်လည်းမြဲသော နိစ္စသာရ၊ခိုင်သောဓုဝသာရ၊ အဆိုင်အမြဲပင်ထင်ကြသည့်။ဝိညာဉ် အသက်ဟူသော အတ္တသာရမှ၊ မချွင်းရှင်း။ကင်းသဖြင့်။ခိုင်မြဲခြင်းမရှိသည်သာလျှင်တည်း။ ထိုရေမြှုပ်ခဲကို သပိတ်လုပ်မည်

ခွက်လုပ်မည်ဟု၊မည်သူတစုံတယောက်မျှ၊ မယူထားနိုင်။ ယူ
ထားပြန်သော်လည်း။ခွက်သပိတ်လုပ်ရန်၊ ကြံစီရင်အကျိုးကိုမ
ပြီးစေဘဲ။ပြိုကွဲပျက်စီး၍သာသွားသကဲ့သို့။ ထိုအတူ။ ရုပ်နှစ်ဆဲ့
ရှစ်ပါးတရားအစုကိုလည်း။မြဲ၏ဟူ၍၎င်း။ ခိုင်၏ဟူ၍၎င်း။ ခိုင်
မြဲသောငါတည်းဟူ၍၎င်း။ငါ့ဥစ္စာတည်းဟူ၍၎င်း။ ယူထား၍မ
ရကောင်း။ယူထား၍မရနိုင်။ ယူပြန်သော်လည်း။ ယူထားတိုင်း။
အခိုင်အမြဲအားဖြင့်မတည်။မြဲသောအနိစ္စ။ ဆင်းရဲသောဒုက္ခ။
ငါမဟုတ်သောအနတ္တ။မတင့်တယ်သော အသုဘသာလျှင်ဖြစ်
ချေ၍။ ယင်းရုပ်နှစ်ဆဲ့ရှစ်ပါးတရားအစုတွေသည် ရေမြှုပ်ခဲနှင့်
သာတူလေသတည်း။ ယင်းရေမြှုပ်ခဲသည်။ ငယ်ငယ်ကြီးကြီး
သောအပေါက်ရှိ၏ များသောအဘွဲ့အစပ်ရှိ၏။ အမျိုးအားဖြင့်ပိုး
မျိုးရှစ်ဆယ်တို့၏နေရာ၊ သွားဘွားရာ၊ကျင်ကြီး ကျင်ငယ်စွန့်
ရာ။သူနာစရပ်ပြုလုပ်ရာ။သုသာန်သင်းချိုင်းပြုလုပ်၍ နေရာဖြစ်
သကဲ့သို့ဖြစ်ခြင်းကြောင့်လည်း။ ဤရုပ်နှစ်ဆဲ့ရှစ်ပါး တရားအစု
သည်ရေမြှုပ်ခဲနှင့် တူလေသတည်း။ ယင်းရေမြှုပ်ခဲသည်။ ဆီး
သီးမျှငှက်လောက်ကစ၍၊ တရွေ့တရွေ့ ကြီးပွါးသဖြင့်၊ တောင်
ထွဋ်မျှပမာဏရှိသကဲ့သို့။ ထိုအတူ။ ရုပ်နှစ်ဆဲ့ရှစ်ပါးတရားအစု
သည်လည်း။ အလွန်သေးငယ်လှသော (ကလလ) ရေကြည်ကို
အစပြု၍။လူသတ္တဝါဖြစ်လျှင်။ တလံမျှလောက်။ နွား။ ကျွဲ။ ဆင်။
မြင်းစသည်ဖြစ်လျှင်တောင်ထွဋ်မျှလောက်။ ငါး။ လိပ်စသည်
ဖြစ်လျှင်ယူဇနာ(တရာ) (နှစ်ရာ)စသည်ရောက်အောင်။ကြီးပွါး
ခြင်းသို့ရောက်ခြင်းကြောင့်လည်းရေမြှုပ်ခဲနှင့်တူလေသတည်း။

ယင်းရေမြှုပ်ခဲသည်။ ရေမြှုပ်ဖြစ်မည်ဟု၊ထကြွ၍ ပေါ်လာ
စဉ်လည်း။ ကွဲ့ပြိုပျက်စီးတတ်၏။ ဂဠုန်ငယ်ကြီးပွါးပြီးမှလည်း
ပျက်စီးတတ်၏။သမုဒ္ဒရာသို့ရောက်မှကား။ စင်စစ်ကွဲ့ပြိုပျက်စီး
တော့သည်သာလျှင်ဖြစ်သကဲ့သို့၊ ထိုအတူရုပ်နှစ်ဆဲ့ရှစ်ပါးတ
ရားအစုသည်လည်း၊ အလွန်သေးငယ်လှသော (ကလလ) ရေ
ကြည်အခါ၊ အမြှုပ်ခဲအခါစသည်တို့၌လည်း။ ပျက်စီးတတ်၏။

ဤအခါ၌သင်္ခါရအစွမ်းထက်လှ၍မပျက်မစီးသော်လည်း။အနှစ်(တရာ)တန်းမှာဖြစ်သူတို့အား။အနှစ် (တရာ) သို့ရောက်မှုကား။ ဧကန်စင်စစ်ပျက်ငြိးတော့သည်သာဖြစ်လေသောကြောင့်။ ထိုရုပ်နှစ်ဆဲ့ရှစ်ပါး တရားအစုတွေသည်။ ရေမြှုပ်ခဲနှင့် တူလေသတည်း။ ။ဟူ၍ဝိဘင်းအဋ္ဌကထာ၊သံယုတ်အဋ္ဌကထာ ပရမတ္ထမဉ္ဇူသာဋီကာကြီးတို့၌ဘွင့်ဆိုတော်မူကြလေသည်။

---

၆၄။ ။ဝေဒနက္ခန္ဓာ၏ရေပွက်နှင့်တူပုံကိုပြခြင်း။

ဝေဒနက္ခန္ဓာ၏ရေပွက်နှင့်တူဟန်ကား။ ရေပွက်သည်။ ချက်ချင်းဖြစ်ပေါ်လာ၍၊ ချက်ချင်းချုပ်ပျောက်ပျက်စီးသည်အတွက်။ ခိုင်မြဲခြင်း မရှိသကဲ့သို့။ ဝေဒနာဆိုသော။ ခံစားစံစားမှုသည်လည်း။ အကြောင်းတိုက်ဆိုက်က။ ခဏချင်းဖြစ်ပေါ်လာပြီးနောင်ချက်ချင်းပင်ချုပ်ပျောက်တတ်သောကြောင့်၊ခိုင်မြဲခြင်းမရှိ။ ထိုရေပွက်သည်အကျိုးသည်းမရှိ။ မည်သူတစုံတယောက်မှ သိမ်းယူ၍လည်းမရ။ ထိုရေပွက်ကိုယူ၍၊ ကုလားထိုင်။ အင်းပျဉ်။ ခရင်။ ညောင်စောင်း ပြုခြင်းငှါလည်း မတတ်ကောင်း။ မရကောင်းသကဲ့သို့၊ ထိုအတူ။ ဝေဒနာဆိုသောခံစားစံစားမှုကိုလည်းမြဲ၏ ဟူ၍ငင်း။ ခိုင်၏ဟူ၍ငင်း။ သိမ်းယူခြင်းငှါ မတတ်ကောင်း။ သိမ်းယူထားပြန်သော်လည်းကြံစီရင်းအတိုင်း ခိုင်မြဲစွာမတည်ခြင်းကြောင့်လည်း။ရေပွက်နှင့်တူလေသတည်း။

ထိုထိုရေပေါက်ရေစက်၌ရေပွက်သည်ဖြုတ်ခနဲဖြစ်ပေါ်လာပြီးနောက်။ချက်ချင်းချုပ်ပျောက်လေသဖြင့်။ မြင့်ရှည်စွာမတည်သကဲ့သို့။ထိုအတူ ဝေဒနာသည်လည်း။ အကြောင်းတိုက်ဆိုက်က။ခဏခြင်းဖြစ်ပေါ်လာပြီးနောက် ချက်ချင်းပင် ချုပ်ပျောက်သဖြင့်။မြင့်ရှည်စွာမတည်။ ထိုဝေဒနာသည်။ လျှပ်စစ်တပျက်။ မျက်ဗိ တမှိတ်ခန့်ကာလတွင်။ အခါအကြိမ်ပေါင်း။ ကုဋေတသိန်းမကဖြစ်၍ချုပ်ပျောက်လေကုန်၏၊ ရေပွက်သည်၊ရေအပြင်

ကိုငင်း။ ရေစက်ရေပေါက်ကိုငင်း။ ရေ၏အစေးကိုငင်း။ရုံးစု၍အ ထုပ်ပြုလျက်ယူတတ်သောလေကိုငင်း။ဤအကြောင်း ၄ ပါးကို စွဲ၍ဖြစ်သကဲ့သို့။ ထိုအတူဝေဒနာသည်လည်း။ မှီရာဝတ္ထုရုပ်၊ အာရုံ။ကိလေသာဟူသောအစေး။ ဖဿ၏ထိခိုက်ခြင်းဟူသော အကြောင်းလေးပါးကိုစွဲ၍ဖြစ်တတ်သောကြောင့် ရေပွက်နှင့်တူ လေသတည်း။ဟုငင်းအဋ္ဌကထာဋီကာတို့၌ပင်ဘွင့်ဆိုသည်။

---

## ၆ ၅။ ။သညာက္ခန္ဓာ၏တံလျှပ်နှင့်တူပုံကိုပြခြင်း။

သညာက္ခန္ဓာ၏တံလျှပ်နှင့်တူဟန်ကား။ တံလျှပ်သည်မခိုင်မြဲ သကဲ့သို့ငင်း၊ လက်စသည်ဖြင့် တွေ့ထိကိုင်ယူ၍ မရသကဲ့သို့ ငင်း။ထိုအတူသညာသည်လည်း။ ခိုင်မြဲခြင်းလည်းမရှိ။ လက်စ သည်ဖြင့် တွေ့ထိကိုင်ယူ၍လည်းမရ။ တံလျှပ်သည် ပျံ့လွင့်တုံ လှုပ်သည့်အတွက် လှိုင်းတံပိုးအဟုန်ကဲ့သို့ထင်ရသည့်အတူ။အ ညိုကိုမှတ်သောသညာစသည်တို့သည်လည်း။အညိုကိုခံစားခြင်း ၄ါတုံလှုပ်၏။အထူးသဖြင့်ပျံ့လွင့်တုံလှုပ်၏။ တံလျှပ်သည်လူများ အပေါင်းကို၊ရေပြည့်သော ရေအိုင်လိုလို မြစ်လိုလိုထင်ရ၏ဟု ယောင်ယမ်းပြောဆိုစေသကဲ့သို့။ထိုအတူ။ သညာသည်လည်း၊ ဤဝတ္ထုသည်ညို၏။ လှပတင့်တယ်၏ချမ်းသာ၏။မြဲ၏၊ ဤဝတ္ထု သည်ရွှေ၏လှပတင့်တယ်၏။ ချမ်းသာ၏။ မြဲ၏စသည်ဖြင့်ဆိုစေ။ ပြောစေ။ ထင်မှတ်စေတတ်သောကြောင့် တံလျှပ်နှင့် တူလေ သတည်းဟု။ငင်းအဋ္ဌကထာဋီကာတို့၌ပင်ဘွင့်ဆိုသည်။

တံလျှပ်ဆိုသည်ကား။ မိုးဦးနွေလအခါ၌ ရေမရှိဘဲခြောက် သွေ့၍နေသော အင်းအပြင်အိုင်အပြင် သဲသောင်ပြင်ကြီးများ မှာမွန်းတည့်မွန်းတိမ်းနေပူနေရှိန်အားကြီးတုံးအခါတွင်မနီးမဝေး အရပ်ကနေ၍။ ထိုအင်းအိုင်သဲသောင်ပြင် ကြီးများကို ကြည့် မြော်သောအခါ။ အင်းအိုင်သဲသောင်ပြင်တို့မှာ။တလျှပ်လျှပ်တ ဖွေးဖွေး။လှိုင်းတွေဂယက်တွေထ၍ နေသကဲ့သို့ထင်ရသော အ

ရောင်ကိုတံချုပ်ဟုခေါ်သည်၊ ထိုတံချုပ်ကိုအလွန်နီးကပ်သော နေရာကကြည့်လျှင်မမြင်ရ။ တရွေ့ရွေ့ပျောက်ကွယ်၍ ကုန်သကဲ့သို့ထင်ရ၏။နေရောင်နှင့် အဆင်သင့်သောနေရာကကြည့်မှမြင်ရသည်ဟုသက္ကရအဘိဓာန်ပိုကာတို့တွင်အမျိုးမျိုးဘွင့်ဆိုသည်။ ။

---

## ၄၄။ ။သင်္ခါရက္ခန္ဓာ၏ငှက်ပျောတုံးနှင့်တူပုံကိုပြခြင်း။

သင်္ခါရက္ခန္ဓာဟူသောစေတသိက်ငါးဆယ်တို့သည် မခိုင်မြဲခြင်းကြောင့်၎င်း၊ အခိုင်အမြဲအားဖြင့် မယူထိုက်မယူကောင်း၊ မယူနိုင်သောကြောင့်၎င်း၊ ငှက်ပျောတုံးနှင့်တူကုန်၏။တူပုံကား၊ ငှက်ပျောတုံးမှ၊တစုံတခုသောအပတ်အလွှာကိုယူ၍၊ အိမ်၏အချင်၊ ထုဘ်၊ လျှောက်စသည်တို့၏အကျိုးငှါ ယူဆောင်သုံးစွဲ၍မဖြစ်။ယူဆောင်သုံးစွဲပြန်သော်လည်း၊ ခိုင်မြဲသောအချင်၊ ထုဘ်၊ လျှောက်ပင်မဖြစ်နိုင်သကဲ့သို့၊ ထိုအတူ၊သင်္ခါရက္ခန္ဓာ စေတသိက်ငါးဆယ်ကိုလည်းမြဲ၏၊ ခိုင်၏ဟူ၍၎င်း၊ ခိုင်သောမြဲသော ငါဖြစ်သည်ဟူသောအတ္တ အနေနှင့်၎င်း၊ ငါ့ဟာဟူသော အတ္တနိယအနေနှင့်၎င်း၊ လက်ခံသိမ်းယူခြင်းငှါမထိုက်၊ ခိုင်မြဲသောငါ ဟူ၍၎င်း၊ငါ့ဟာဟူ၍၎င်း၊ လက်ခံသိမ်းယူထားပြန်သော်လည်း၊ ခိုင်မြဲသောငါဟူသောအတ္တ၊ငါ့ဟာဟူသောအတ္တနိယအနေနှင့်မတည်၊ မခိုင်မမြဲသောအနတ္တ၊ အနတ္တနိယအနေနှင့်သာ တည်လေတော့သတည်း။ ငှက်ပျောတုံးသည်၊ များစွာသောအလွှာအပတ်တို့ဖြင့်၊ ယောစပ်လျက်ရှိသကဲ့သို့၊ထိုအတူ၊သင်္ခါရက္ခန္ဓာသည်လည်း၊ များစွာသော၊ ဖဿ၊ စေတနာစသောငါးဆယ်သောတရားတို့ဖြင့်၊ ရောစပ်ပေါင်းဆုံလျက်ရှိ၏၊ ငှက်ပျောတုံးသည်၊အထူးထူးသောလက္ခဏာရှိ၏၊ပြင်ဆုံးကျသောအပတ်အလွှာ၏အဆင်းသည်တမျိုး၊ အတွင်းကျသောအပတ်အလွှာတို့၏အဆင်းတို့သည်တမျိုးတမျိုးစီးသာဖြစ်ကြကုန်လေကုန်သကဲ့သို့

ထိုအတူ၊သင်္ခါရက္ခန္ဓာစေတသိက် (ငါးဆယ်) တို့တွင်၊ဖဿစေ တသိက်၏လက္ခဏာကားတမျိုး စေတနာစေတသိက်၏ လက္ခ ဏာကားတမျိုး၊လောဘ၊ဒေါသ၊မောဟ၊ မာန၊ဒိဋ္ဌိ၊သဒ္ဓါ၊သတိ၊ ဟိရိ ဩတ္တပ္ပစသောစေတသိက် ၅၀ ၏လက္ခဏာတို့သည်လည်း တမျိုးတမျိုးစီသာ ဖြစ်ကြကုန်လျက်၊ ၎င်းစေတသိက်ငါးဆယ် တို့ကိုပေါင်းစပ်ယောနှော၍ သင်္ခါရက္ခန္ဓာဟုခေါ်ရကား၊ ငှက် ပျောတုံးနှင့် တူလေသတည်း ဟူ၍၊ ၎င်းအဋ္ဌကထာ ဋီကာတို့ တွင်ဘွင့်ဆိုသည်။

---

၆၇။ ။ဝိညာဏက္ခန္ဓာ၏မျက်လှည့်နှင့်တူပုံကိုပြခြင်း။

စိတ်ဟူသော ဝိညာဏက္ခန္ဓာ၏ မျက်လှည့်နှင့်တူဟန်ကား၊ စိတ်ဝိညာဏ်ဆိုတာသည်၊ ခိုင်မြဲစွာမတည်သောကြောင့်၎င်း၊ အခိုင်အမြဲအားဖြင့်၊ငါဟူ၍၊ ငါ့ဟာဟူ၍၊သိမ်းယူခြင်းငါမထိုက် သော ကြောင့်၎င်း၊ မျက်လှည့်နှင့် တူ၏။ မျက်လှည့်သည်၊ နိုး သော တိုသောကာလ၊ လျင်မြန်သော အားဖြင့် လူအများ၌ပင် ထင်ရှားသကဲ့သို့၊ စိတ်ဝိညာဏ် ဆိုတာသည်၊ ထိုမျက်လှည့် ထက်အထူးသဖြင့်နိုးသော တိုသောကာလရှိ၏၊ အလွန်လျင်မြန် သောဖြစ်ခြင်းရှိ၏ဟုဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်တွင် ထင်ရှား၏၊ လျင်မြန်ပုံကား၊ တခု တည်းသော ထိုစိတ်ဖြင့်သာ လျှင်လာသကဲ့သို့၊ ထိုစိတ်ဖြင့် သာလျှင် သွားသကဲ့သို့၊ထိုစိတ် ဖြင့်သာလျှင်ရပ်သကဲ့သို့၊ ထိုစိတ်ဖြင့်သာလျှင်ထိုင်သကဲ့သို့၊ထို စိတ်ဖြင့်သာလျှင်အိပ်သကဲ့သို့စသည်ဖြင့်ထင်မှတ်ရအောင်ပင်၊ လျင်မြန်လှ၏၊ သို့သော်လည်း၊ လာစဉ်ကာလက ဖြစ်သောစိတ် သည်တမျိုးတည်း၊ သွားစဉ် ကာလက ဖြစ်သောစိတ်သည်တ မျိုးတည်း၊ ရပ်စဉ် ကာလ၊ ထိုင်စဉ်ကာလ၊ အိပ်စဉ် ကာလက ဖြစ်ကြသော စိတ်တို့သည် တမျိုးစီတို့သာဖြစ်လေရကား၊စိတ် ဝိညာဏ်ဆိုတာသည်၊ လွန်စွာမျက်လှည့်နှင့်တူပေသတည်း၊မျက် လှည့်သွားသည်လူအများတို့အား၊ ရွှေမဟုတ်သည့်ဝတ္ထုကိုရွှေ၊

ငွေမဟုတ်သည့်ဝတ္ထုကို ငွေ။ ပုလဲမဟုတ်သည့်ဝတ္ထုကိုပုလဲစ
သည်ဖြင့်မှတ်စေ။ထင်စေ။ အမြင်မှားစေသကဲ့သို့။စိတ်ဝိညာဏ်
သည်လည်း၊ လောကီ အန္ဓဗာလပုထုဇန်များကို။ ထိုစိတ်တခု
တည်းဖြင့်သာလျှင်။ လာသကဲ့သို့။ ထိုစိတ်တခုတည်းဖြင့်သာ
လျှင်သွားသကဲ့သို့။ ထိုစိတ်ဖြင့် သာလျှင်။ ရပ်သကဲ့သို့၊ထိုစိတ်
ဖြင့်သာလျှင် ထိုင်သကဲ့သို့။ ထိုစိတ်ဖြင့်သာလျှင် အိပ်သကဲ့သို့
မှတ်စေ။ ထင်စေ။ အမြင်မှားစေတတ်၏၊ သို့သော်လည်း။ လာ
စဉ်အခါကဖြစ်သောစိတ်သည်။ သွားသော အခါတိုင်အောင်မ
ပါဘဲချုပ်ပျောက် လေပြီ။ သွားစဉ်ကဖြစ်သောစိတ်သည်။ ရပ်
သော အခါတိုင်အောင် မပါဘဲချုပ် ပျောက်လေပြီ။ ရပ်စဉ်က
ဖြစ်သောစိတ်သည်၊ ထိုင်သော အခါတိုင်အောင်မပါဘဲ။ ချုပ်
ပျောက်လေပြီ။ထိုင်စဉ်ကဖြစ်သောစိတ်သည်။ အိပ်သော အခါ
တိုင်အောင်မပါဘဲ။ ချုပ်ပျောက် လေပြီ။ ဤသို့စိတ်ဝိညာဏ်ဆို
တာသည်။ မျက်တောင်တယှက်။လျှပ်တပျက်လောက်မှာ။ အခါ
အကြိမ်ပေါင်းများစွာအဟောင်းတွေ ချုပ်ပျောက်လျက်အသစ်
အသစ်ဖြစ်ပေါ်မှုရှိကြ၍။ ဣရိယာပုထ်လေးပါး။ သွားစဉ်။ လာ
စဉ်။ရပ်စဉ်။ ထိုင်စဉ်။ အိပ်စဉ်အခါတို့မှာ။ တမျိုးတမျိုးစီသာ
ဖြစ်ကြပါကုန်လျက်။ အသစ်အဟောင်းချုပ်ပျောက်။ ပြောင်းလဲ
မှုတွေကို။မသိမမြင်စေဘဲ။တခုတည်းကဲ့သို့ထင်စေမြင်စေတတ်
ရကား။ ပရမတ်စိတ်ဝိညာဏ်ဆိုတာသည်။လွန်စွာမျက်လှည့်နှင့်
တူလေ သတည်းဟု ယခင် အဋ္ဌ ကထာ ဋီကာတို့မှာ ဖွင့်ဆို
သည်။ ။သည်ကိုရည်မှတ်၍ မြတ်စွာဘုရားသခင်သည်လည်း။

ဖေဏပိဏ္ဍူပမံ ရူပံ။ဝေဒနာ ဗုဗ္ဗုဠူပမာ။
မရီစိကူပမာ သညာ။သင်္ခါရာ ကဒလူပမာ။
မာယူပမဉ္စ ဝိညာဏံ။ဒေသိတာဒိစ္စဗန္ဓုနာ။

ဟုသံယုတ်ပါဠိ၌ ဟောတော်မူပြီ။ ။အနက်ကား။ ၊ရူပံ၊
ရုပ် ၂၈ ပါးတရားအစုသည်။ဖေဏပိဏ္ဍူပမံ၊ခိုင်မြဲစရာ၊ဘာမျှ
မရှိပေါင်းငြိစုတွဲ။ ရေမြုပ်ခဲကြီးနှင့်သာ ဥပမာတူချေ၏။ ဝေဒနာ၊

ဝိညာဏ်ခြော်သွယ်ဖြင့်၊ချယ်လှယ်သည့် သုံးဆယ်ဓါသဝေဒနာတို့သည်၊ ဗုဗ္ဗုဠူပမာ၊ ခိုင်မြဲစရာ ဘာမျှမဖက်။ ရေကြည်ပွက်ကလေးတွေနှင့်သာပမာတူကုန်၏။သညာ၊ဝိညာဏ်ခြောက်ပါး၌ပါရှိသောခြောက်ပါးသောသညာတရားအစုသည်။ မရီစိကူပမာ၊ခိုင်မြဲစရာဘာတခုမျှ၊ မယောမစပ်သည့်တံလျှပ်နှင့်သာပမာတူချေ၏ သင်္ခါရာ။ဖဿ၊စေတနာအစဖြာသော သင်္ခါရတရားငါးဆယ်တို့သည်။ ကဒလူပမာ။ခိုင်မြဲစရာဘာတခုမျှမှီ၁်မရသောသဘောကြောင့်၊ငှက်ပျောတိုးနှင့်သာ ပမာတူကုန်၏၊ဝိညာဏံ၊ခြောက်ပါးသောဝိညာဏ်အစုသည် ။မာယူပမံ၊မဟုတ်မတရားလူအများကို။ထင်မှားမြင်မှားစေတတ်သည့် အတွက်။မျက်လှည့်နှင့်သာပမာတူချေ၏။ ဣတိ၊ဤသို့။ အာဒိစ္စဗန္ဓုနာ၊ နေမင်းနွယ်ဘွား။ ဘုရားမြတ်စွာသည်၊ ဒေသိတံ၊ သံသာပြွက်အိန်နှိုင်း၊နှိုင်းဆိုဟောကြားတော်မူလေပြီ၊ ။ဤကားအနက်။

ဤခန္ဓာငါးပါး၊ တရားအစုတို့မှာ ငါငါထင်ချက် သက္ကာယဒိဋ္ဌိတရားသည်အားကြီးစွာစိုက်ကပ်ငြိ၍နေသောအရာကိုနောက်မှာပြဆိုလိမ့်မည်။

---

## ၄၈။ ။အနတ္တလက္ခဏာသည်လွန်စွာအသိခက်သည်ကိုပြခြင်း။

အနိစ္စဒုက္ခလက္ခဏာနိဥပ္ပါဒါဝါ၊ တထာဂတာနံအနုပ္ပါဒါဝါ ပညာယန္တိ။ အနတ္တလက္ခဏံပိနာဗုဒ္ဓုပ္ပါဒါနေဝပညာယတိ၊ ။ဝိဘင်းအဋ္ဌကထာစသည်။ ။အနိစ္စဒုက္ခလက္ခဏာနိ၊အနိစ္စလက္ခဏာ။ ဒုက္ခလက္ခဏာတို့သည်။ တထာဂတာနံ၊ မြတ်စွာဘုရားသခင်တို့၏။ ဥပ္ပါဒါဝါ၊ဖြစ်ကုန်သော်လည်း၊ အနုပ္ပါဒါဝါ၊မဖြစ်ကုန်သော်လည်း။ပညာယန္တိ၊ထင်ရှားကုန်၏။ အနတ္တလက္ခဏံ၊ ခိုင်မြဲလှစွာ။ ငါငါထင်ချက်အသက်ဝိညာဉ်ဆိုဘာသည်၊မှန်စွာစင်စစ်အားဖြင့်မရှိကြောင်းကိုဟောပြရသော။အနတ္တလက္ခဏာသည်။

ဗုဒ္ဓုပ္ပါဒ်၊ မြတ်စွာဘုရားတို့ ထင်ရှားပွင့်တော်မူရာ၊ သာသနာ တော်ရှိသောကာလကို၊ ဝိနာ၊ကြဉ်၍၊ နေဝပညာယတိ၊ မထင် ရှားနိုင်။ဝ။ါ ဥာဏ်ဖြင့်ကပ်၍ မသိမမှတ်နိုင်။ ။ဟုဘွင့်ဆိုပြီးမှ။ ငါမဟုတ်။ငါမရှိကြောင်းကို ရှုကြည့်ရသော။ အနတ္တလက္ခဏာ ဆိုတာသည်၊ သိမ်မွေ့နူးညံ့။ ခက်ခဲနက်နဲလှသော၊ ပရမတ်တ ရားတို့နှင့်တသားတည်းကပ်၍ တည်နေသကဲ့သို့ရင်း။ ပရမတ် တရားနှင့် အလားသဘောတူ သကဲ့သို့ရင်း။ ဖြစ်နေ၍ ရုပ်နာမ် ခန္ဓာတို့ကို။ ဥာဏ်မှာခွဲစိတ်၍၊ စေ့စေ့စပ်စပ် မပြတ်မလပ်ထပ် တလဲလဲကဲ့သို့၊ ဆင်ခြင် စဉ်းစား နှလုံးထားနိုင်ပါမှ၊ တော်ရုံ သဖြင့်သာသိမြင်နိုင်သေး၍။မထင်ရှား၊ ရုပ်နာမ်နှစ်ရပ်ပရမတ် သဘောကို။ နားမလည်သူတို့အား။ ထင်ရှားမသိနိုင်။ မိမိသိပြီး၊ သဘောကြပြီးပင်ဖြစ်ငြား သော်လည်း။ သူတပါးတို့အား၊ နား လည်အောင်။ ဟောပြောခြင်းငှါ။ လွန်စွာခက်၏။ သဗ္ဗညုဘုရား ရှင်တို့မှတပါး။ အရှင်ပစ္စေကဗုဒ္ဓါတို့နှင့်တကွ။ သရဘင်၊အရက အစရှိသော။ဈာန်အဘိညာဉ်တံခိုးဖြင့်မြေလျှိုးမိုးပျံ၍နေကြသေါ ဘုရားအလောင်းတော် ရသေ့ကြီးတို့မှ သော်လည်း။ တရားဓမ္မ ဟောပြောကြသောအခါ။ အနိစ္စဒုက္ခတို့ကိုမူကားဟောကြားနိုင် ကြလေကုန်၏။ ငါမရှိ။ ငါမဟုတ်ကြောင်းကို ဟောပြရသော အနတ္တလက္ခဏာကိုမူကား။ ဘိတ်ဘိတ် သားအားဖြင့်မဟော ကြားနိုင်ကြလေကုန်၊ အကယ်၍ အနတ္တ လက္ခဏာကို ကောင်း စွာဟောနိုင်သည်ဖြစ်ငြားအံ့။မိမိထံမှောက်သို့။ရောက်လာသော သူ၊ မိမိတို့တရားကိုကြားနာသော သူတို့သည်။မဂ်ဖိုလ်ကိုရကြ ကုန်ရာ၏၊ ဤသို့အားဖြင့် အနတ္တလက္ခဏာကိုကောင်းစွာသိမြင် ထင်ရှားသည့်ဘုရားကိုယ်တော်မြတ်မှသော်လည်း။ အနိစ္စလက္ခ ဏာဒုက္ခလက္ခဏာများကိုကဲ့သို့၊တိုက်ရိုက်အားဖြင့်ဟောတော် မမူဘဲ။ထင်ရှားသိသာလှသော။အနိစ္စအားဖြင့်ရင်း။ဒုက္ခအားဖြင့် ရင်း။ အနိစ္စဒုက္ခနှစ်ပါးတို့ဖြင့်ရင်း။ အနတ္တလက္ခဏာကို။ သိသာ ထင်ရှားအောင်ဟောကြားပြဆိုတော်မူရသည်ဟု။ အဋ္ဌကထာ

တိုင်၌။ ။တဏှာသတ္တာ၊ အနတ္တလက္ခဏံဒဿနေန္တာ၊အနိစ္စေန ဝါဒဿေတိ၊ဒုက္ခေနဝါ၊အနိစ္စဒုက္ခေဟိဝါ။ ။ဟုမိန့်၏။ ။တဏှာ။ ထိုသို့အနတ္တလက္ခဏာသည်။ ကောင်းစွာမထင်ရှားခြင်းကြောင့်။ သတ္တာ၊မြတ်စွာဘုရားသည်။အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာကို။ ဒဿနေန္တာ ဟောပြတော်မူသည်ရှိသော်။ အနိစ္စေနဝါ၊ အနိစ္စအားဖြင့်လည်း။ ဒဿေတိ၊ဟောပြတော်မူ၏။ ဒုက္ခေနဝါ၊ ဒုက္ခအားဖြင့်မူလည်း။ ဒဿေတိ၊ဟောပြတော်မူ၏၊အနိစ္စဒုက္ခေဟိဝါ၊အနိစ္စဒုက္ခနှစ်ပါးတို့ဖြင့်မူလည်း၊ ဒဿေတိ၊ဟောပြတော်မူ၏။ ။၏အဓိပ္ပါယ်ကား။ ။သီလနှင့်သမာဓိသည်။ဝိပဿနာဟူသောပညာ၏။ အခြေအရံသာဖြစ်သကဲ့သို့။အနိစ္စနှင့် ဒုက္ခကိုလည်း၊ အလွန်အသိခက်လှသော။ အနတ္တလက္ခဏာကို။ကောင်းစွာပြရအောင်သာ။ ဟောတော်မူရသည်။ မြတ်စွာဘုရားသခင်၏ အလိုတော်ရှိအပ်သော။ သိစေတော်မူလိုရင်းမှာ။ အနတ္တလက္ခဏာတခုသာဖြစ်သည်၊ ထို့ကြောင့် အနတ္တလက္ခဏာကို ကောင်းစွာသိမြင်ကြအောင်။ အနိစ္စအားဖြင့်၎င်း။ ဒုက္ခအားဖြင့်၎င်း၊အနိစ္စဒုက္ခအားဖြင့်၎င်း၊ နည်းသုံးမျိုးအားဖြင့်ဟောတော်မူရသည်ဆိုလိုသည်။

---

## ၄၉။ ။အနိစ္စ၊ဒုက္ခကြောင့်အနတ္တဖြစ်ပုံကိုပြခြင်း။

၅ခန္ဓာဒါးပါး။ နာမ်ရုပ်တရားတို့၌။ဇာတိဟူသောဥပါဒ်။ဇရာဟူသောဌီ။အနိစ္စတာဟူသော ဘင်ခဏရှိကြသဖြင့်။ ဥပါဒ်ခဏမှသည် ဌီခဏသို့။ ဌီခဏမှသည် ဘင်ခဏသို့အရောက်တွင်။ ချုပ်ပျောက်၍သွားကြကုန်သဖြင့်။ အမြဲမတည် သောကြောင့်၅ရုပ်နာမ်နှစ်ဖြာခန္ဓာငါးပါး။ တရားအစုတို့သည်။အနိစ္စသဘောစင်စစ်ဖြစ်ကြလေကုန်၏။

ယဒနိစ္စံတံဒုက္ခံ။ ။ယံ၊ အကြင်ခန္ဓာငါးပါး၊နာမ်ရုပ်တရားအစုသည်။အနိစ္စံ၊ ဖြစ်ပေါ်လာပြီးနောက်။ချက်ချင်းပင်ချုပ်ပျော်

သည့်အတွက် အမြဲမရှိချေ။ တံ၊ထိုမခိုင်မြဲသောခန္ဓာငါးပါး၊နာမ်ရုပ်တရားသည်၊ဒုက္ခ၊ဆင်းရဲအတိသာဖြစ်ချေ၏။ ၊ဟူ၍ဟောတော်မူသောကြောင့်ဥပါဒါ၊ငြီ၊ဘင်တို့ဖြင့် အစဥ်မပျက်၊နှိပ်စက်အပ်သည်ဖြစ်၍။ ရပ်တည်ခွင့်မရဘဲ၊ ဘောက်လဲဘောက်ပြန်၊ဖြစ်နေရသော၊ခန္ဓငါးပါး၊နာမ်ရုပ်တရားဟာသည်၊ အဘယ်မှာသုခချမ်းသာဟူ၍ရှိပါတော့အံ့နည်း။ ဆင်းရဲအတိသာဖြစ်ခြင်းကြောင့်။ အနိစ္စပင်စစ်ဖြစ်သောခန္ဓာငါးပါးနာမ်ရုပ်တရားသည်ပင်လျှင်၊စင်စစ်ဒုက္ခဖြစ်ရလေတော့၏။

ယံဒုက္ခံ၊တဒနတ္တာ။ ၊ယံ၊အကြင်ခန္ဓာငါးပါးနာမ်ရုပ်နှစ်ပါးသည်၊ဒုက္ခံ၊ဖြစ်ချုပ်ကြိမ်ဖန်၊ အတန်တန်တို့ကြောင့်။ ဘောက်ပြန်ဘောက်လဲ။ ဆင်းရဲအတိသာဖြစ်၏။ တံ၊ ထိုဘောက်ပြန်ဘောက်လဲ.ဆင်းရဲအတိသာမှန်သော ရုပ်နာမ်ခန္ဓာတရားအစုသည်၊အနတ္တာ၊ဖြစ်ချုပ်ကြိမ်ဖန်၊ အတန်တန်တို့ကြောင့်။ ဧကန်ဆင်းရဲ၊မခိုင်မြဲသည့်အတွက်။ ခိုင်မြဲ၏ထင်စရာ၊ငါဆိုတာသည်။ ဘာတခုမျှမိတ်မရအပ်သည့်အနတ္တစင်စစ်ဖြစ်လေတော့၏၊ ။ ဟူ၍ဟောတော်မူသောကြောင့်။ ဥပါဒ်၊ငြီ၊ ဘင်တို့ဖြင့်၊အစဥ်မပြတ်မရပ်မနား။ တဘွားဘွားအသစ် အသစ်ဖြစ်ချုပ်ကြိမ်ဖန်။ အတန်တန်တို့ကြောင့် ဧကန်ဆင်းရဲမခိုင်မြဲကြသောရုပ်နာမ်နှစ်ဖြာခန္ဓာငါးပါးတရားအစုတို့ဟာ၊ အခြားအမှုကိစ္စများကိုအစိုးတရပြုပြင်စီမံခြင်း၊ အစိုးတရပြီးစေနိုင်ခြင်း။ အစိုးတရမိမိအလိုသို့လိုက်စေနိုင်ခြင်းအစွမ်းသတ္တိရှိသည်ဟု ထင်မှတ်ကြသည့်အတ္တဇီဝဟူသော ငါငါထင်ချက်အသက်ပိညာဥ်ဆိုတာသည်။ အဘယ်မှာရှိပါတော့အံ့နည်း။ မရှိသည်သာလျှင်ဖြစ်လေတော့သတည်း။ထိုကြောင့်အနိစ္စဖြစ်သောရုပ်နာမ်ခန္ဓာသည်ပင်ဒုက္ခ။ ဒုက္ခဖြစ်သောရုပ်နာမ်ခန္ဓာသည်ပင်အနတ္တ၊ စင်စစ်ဖြစ်လေတော့သတည်း။ ။ဤသို့အနိစ္စ၊ဒုက္ခ၊ အနတ္တတရားဟူသည်တချားမရပြီ၊ တချားကိုဆိုသည်မဟုတ်ပြီ။ ဤရုပ်နာမ် ခန္ဓာကိုပင်ဆိုသတည်းဟု၊တခါဘဥ်းအသဲစွဲအောင်မှဲမဲခဲခဲမှတ်သားထားရမည်၊

၇၀။ ။ရုပ်နာမ်ခန္ဓာတို့၏သဘောကိုပြလျက်မပ်ရအောင်
ဥပဿနာရှုနည်းကို၊ကဗျာဖြင့်ပြခြင်း။

၁။ ဖြစ်၊တည်၊ချုပ်ပြတ်၊ဤသုံးရပ်၊စိတ်ဓါတ်အသက်မှာ။
၂။ ဆဲ့ခုနှစ်ချက်။စိတ်ခေတ်သက်။ရုပ်သက်တခုသာ။
၃။ လျှပ်တပျက်တွင်။ချုပ်ပျက်ကုန်လေ။စိတ်ခေတ်တွေ။
ကုဋေတသိန်းသာ။
၄။ ဖြစ်ပျက်နှစ်ဝ။မြင်နိုင်က။အနိစ္စအစစ်သာ။
၅။ ဥဒယဗ္ဗယ။ခေါ်ဆိုကြ။ရအပ်သူ့သညာ။
၆။ ဒိဋ္ဌိသက္ကာ၊ရန်သူဟာ၊ကွာခါနိုး၍လာ။
၇။ ထင်လာတုံက။အနိစ္စနှင့်။အနတ္တတိုင်၊ကပ်ရှုနိုင်မှ၊
သက္ကာယ။မချကွာမည်သာ။
၈။ ခေတ်ကိုလှလှ၊ရှုနိုင်မှ။အနတ္တအစစ်သာ။
အနတ္တစစ်။ထင်တုံလစ်။စင်စင်ဒိဋ္ဌိကွာ။

ဤကဗျာကိုးပိုဒ်ဖြင့်၊ ရုပ်နာမ်ခန္ဓာတို့၏၊ မခိုင်မြဲသော၊အနိစ္စအချက်များကို၊အမြင်မသန်ကြသည့်၊အန္ဓပုထုဇန်တို့သည်၊ တကမ္ဘာလုံးမှါ၊တဘဝလုံးမှါ၊တသံသရာလုံးမှါ၊စိတ်စေတသိက်ဟူသောနာမ်တရားတို့၌၎င်း၊အချမ်းအပူစသည့်တို့နှင့်တွေ့ကြုံမိက၊ခဏချင်းဖောက်ပြန်ပျက်စီးလျက်၊ အနိစ္စရောက်ကြရသော၊ရုပ်တရားတို့၌၎င်း၊ အမြဲအနိစ္စ၊ဓုဝ၊သဿတဖြစ်နေသည့်ဟု၊ယုံကြည်အားထားပြီးခါ၊ ငါငါဟုအထင်အမြင်မှားနေကြသည့်အတွက်၊ထိုခိုင်မြဲလှစွာ၊ငါငါဟုထင်မြင်စရာအချက်၊အသက်ဝိညာဉ်ရှိ၏ဟူသော၊ အယူမှားကြီးကိုပယ်ရှားပစ်ထုတ်နိုင်ရန်၊ ရုပ်နာမ်တို့၏၊သဘောသတ္တိကို၊သိမြင်ထင်ရှားစေလို၍၊ဤကဗျာကိုးပိုဒ်ကိုဆိုသတည်း။

---

၇၁။ ။ရုပ်နာမ်တို့၏အနိစ္စအချက်ကိုပြခြင်း။

ရုပ်နာမ်ဟူသောပရမတ်တရားတို့၏၊အကြောင်းတိုက်ဆိုက်၍

ဖြုံးကနဲ ဖြစ်ပေါ်လာမှုကို၊ ဥပါဒ်ဟူ၍ရင်း။ ဇာတိဟူ၍ရင်း ဆိုသည်။ ။ဖြုံးကနဲဖြစ်ပေါ်လာပြီးနောက်၊မပြောပလောက်ရာ လွန်စွာတိုသောအခိုက်အတန့်၊ခဏကာလကလေးမျှဖြင့်၊ပျက်ဆဲဖြစ်၍တည်နေမှုကို ဌီယူ၍ရင်း။ဇရာဟူ၍ဆိုသည်။ ။ဖြုံးကနဲပေါ်လာပြီးနောက်၊ဖြတ်ခနဲချုပ်ပျောက်သွားမှုကိုဘင်ဟူ၍ရင်း။အနိစ္စဟူ၍ရင်းဆိုသည်။ ။ရင်းနာမ်ရုပ်တရားတို့၏၊ ဥပါဒ်အားဖြင့်ဖြစ်ပေါ်လာမှု၊ ဘင်အားဖြင့်ချုပ်ပျက်မှုလျှင်မြန်ပုံကိုလည်း။ ရေအပြင်နိုက်။ တခုသောတုတ်လှံတံဖြင့်ရေးချစ်လိုက်ရာတွင်။ တုတ်လှံတံသည်၊ ရေအပြင်နိုက်စိုက်နေဆဲခဏကာလနိုက်သာ၊ ရေအပြင်နိုက်။ အရေးအကြောင်းလိုလိုဖြစ်ပေါ်လာပြီး၍။ တုတ်လှံတံကို နုတ်သိမ်းလိုက်သည်နှင့်။တပြိုင်နက်။ တချက်တည်းပင်။ ရေအပြင်၌။ အရေးအကြောင်းဟာသည်။ တခါတည်းပျောက်ကွယ်ချုပ်ပျောက် လေသကဲ့သို့ရင်း။ အပ်နဖါး ထွင်းသောစူးများပေါ်နိုက်။ အလွန်သေးငယ်လှသော။ မုံညင်းစေ့ကို တင်လိုက်ရာတွင်။ စူးများပေါ်နိုက်တည့်တည့်မတ်မတ်။ ကျခိုက်အခါတွင်သာ။ဘင်နေသည်ဟုဆိုရ၍၊တခဏချင်းရွှေ့လျော။လိမ့်ကျသွားသကဲ့သို့ရင်း၊ ပထဝီခေတ်။ ဝါယောခေတ်နှစ်ပါး။ ကဲလွန်အားရှိသော။ တိမ်လွှာတိမ်ထပ်နှစ်ခုတို့။ ဆပ်မိတိုက်မိကြသည်နှင့်တပြိုင်နက်။ လျှပ်စစ်ခေတ်သည်၊ ဖြတ်ခနဲ ပေါ်လာပြီးနောက်။ ချက်ချင်းပင်ကွယ်ပျောက်လျက် အနိစ္စရောက်ရသကဲ့သို့ရင်း။ ထိုအတူ။ယခုပစ္စုပ္ပန်ကာလတွင် ထင်ရှားလက်ငင်းရှိနေကြသည့်။ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံဟူသောအကြောင်းတရားတို့ကြောင့်၊ မြင်မှု။ ကြားမှု၊နံမှု၊လျက်မှု၊တွေ့ထိမှု၊ကြံသိမှုဟူသော နာမ်တရားတို့သည်လည်း၊ လျှပ်စစ်ပျက်လိုက်သလောက် ကာလအချိန်မှာ။ အခါအကြိမ်ပေါင်းကုဋေဘသိန်းမျှလောက်။အဟောင်းတွေချုပ်ပျော်လျက်အသစ်အသစ်ဖြစ်ပေါ်ခါနေကြသောကြောင့်၊ ရေ၌ရေးသောအရေးအကြောင်းသည့် မမြဲသကဲ့တို့ရင်း၊ စူးဖျား၌တင်ထားသော မုံ

ညွှန်းစေ့သည့် မမြဲသကဲ့သို့ရှင်း။ တိမ်နှစ်ခုဆပ်မိ၍ ပေါ်လာသော လျှင်ရောင်သည်မမြဲသကဲ့သို့ရှင်း။ တနေ့တနာရီ တဗိဇနာ၊တမိနစ်။ တစက္ကန့်လောက်မျှ ခိုင်မြဲခြင်းမရှိသော။ အနိစ္စတရား သင်္ခတတရား ပဋိစ္စသမုပ္ပန္နတရား။ ခယတရား။ ဝယတရား။ ဝိရာဂတရား။ နိရောဓ တရားတို့သာလျှင်တည်း။ ။

ရုပ်တရား တို့သည်လည်း။ ယခုပစ္စုပ္ပန် ကာလတွင် ထင်ရှား။ လက်ငင်း တွေ့ကြုံပေါ်ပေါက်လာတတ်သော။ အချမ်းသဘော အပူသဘော။ ဆာလောင်ခြင်းသဘော။ မွတ်သိပ်ခြင်းသဘော လေ။ နေပူ။ ခြင်။ မှက်။ ယင်ရဲစသည့်တို့၏ တွေ့ထိကိုက်ခဲခြင်း သဘောစသော အကြောင်းတရားတို့ကြောင့်။ ပဋိစ္စသမုပ္ပါဒ် ဓာတ်သဘောအားဖြင့်သာ ဖြစ်လာပေါ်လာကြသော၊ ခက်မာမှုသဘော နူးညံ့မှုသဘော။ ဖွဲ့စေးတွယ်ကပ်မှုသဘော။ လျှောသက်ယိုစီး မှုသဘော ပူခြင်းသဘော၊ ဧခြင်းသဘော။ ထောက်ကန်ဘိညှပ်မှုသဘော။လှုပ်ရှားမှုသဘောစသော ပရမတ်ဓာတ်စစ်ဖြစ်သော ရုပ်တရားတို့သည်လည်း။ လျှပ်တပျက်အခါ၌ပင် ကုဋေ တသိန်းလောက် ချုပ်ပျောက်ပျက်စီးတတ်တော့။ နာမ်တရားတို့၏အဖြစ်အကြိမ် ကုဋေတသိန်းကိုတဆဲ ခုနစ်ပုံ ပုံ၍။ တပုံတစုမျှလောက်သောအခါမှာ။ အဟောင်းများစွာချုပ်ပျောံလျက်။အသစ်အသစ် ဖြစ်ပေါ်ခါ နေကြသောကြောင့်။ တနေ့။ တနာရီ။ ဘဗိဇနာ။ တမိနစ်။ ဘစက္ကန့်လောက်မျှသာ၊ အစဉ်ထာဝရ ခိုင်မြဲဘည့်တန့်စွာမနေနိုင်ကြဘဲ။ဘချုပ်ထဲချုပ်။တဖြစ်ထဲဖြစ်၍နေကြသော။ ဖြစ်ပြီးသည့်နောက်။ ချက်ခြင်းချုပ်ပျောက်ကြသည့်အတွက်။ ခိုင်မြဲခြင်းမရှိသော အနိစ္စတရား။ကံ။ စိတ်။ ဥတု။ အာဟာရဟူသောအကြောင်းလေးခု ပြုပြင်မှုရှိကြသော သင်္ခတတရား။ ယင်းသင်္ခ ဟူသောအကြောင်းလေးခုကို အစွဲအမှီခုမှဖြစ်ပေါ်လာ တတ်သော ပဋိစ္စသမုပ္ပန္နတရား။ ဖြစ်ပေါ်ပြီးသည့်နောက်ချက်ခြင်းပင်ကုန်ပျောက်တတ်ကြသောခယတရား။ ဖြစ်ပေါ်လာပြီးနောက် ချက်ခြင်းပင် ကုန်ပျောက်ပျက်စီး

တဘ်သောဝယတရားဖြစ်ပေါ် ပြီးနောက်ချက်ခြင်းပင်ပျောက်
ကင်းငြိမ်းဟူသော ဝိရာဂတရား၊ဖြစ်ပေါ်ပြီးနောက်၊ ချက်ခြင်း
ပင်ချုပ်ပျောက်တတ်ကြသောနိရောဓတရား၊ဖြစ်ပေါ်ပြီးနောက်
ခဏခြင်းပင် ပျက်စီးကွဲပျံခြင်း ဟူသော ဘင်္ဂတရား၊ ဖြစ်ပေါ်
ပြီးနောက် ချက်ခြင်းပင်၊ ပျက်စီး ချုပ်ပျောက်သည့် အတွက်၊
ကွယ်ပျောက်ခြင်းဟူသော အတ္ထဂတရား၊ဖြစ်ပေါ်ပြီးနောက်ချက်
ခြင်းပင်ချုပ်ပျောက်လေ၍၊သေခြင်းဟူသော၊မရဏတရားတို့သါ
လျှင်တည်းဟု အရပ်ရပ်သော ကျမ်းဂန်တို့နှိုက်အနိစ္စသဘော
ကိုပင်လျှင် အမျိုးမျိုးသောပရိယာယ်ဖြင့် လဲလှယ်ပြဆိုဟော
ကြားတော်မူသည်၊ထိုကြောင့်အဘိဓမ္မာအဋ္ဌကထာတို့၌၊

ဥဒကေဒဏ္ဍရာဇိဝ၊အာရဂ္ဂေရိသာသပေါ၊

ဝိဇ္ဇုပ္ပါဒေါဝမှာတော၊ပရိတ္တဋ္ဌာယိနောသံယံ၊

ဟူ၍နှင့်ကြပြီ၊ ။အနက်ကား၊ ။တောခမှာ၊ထိုနာမ်ရုပ်
နှစ်ဖြာ၊ သင်္ခါရထရားဟူသမျှတို့သည်၊ဥဒကေ၊ ရေအပြင်နှိုက်၊
ဒဏ္ဍရာဇိဝ၊ဘုတ်လှံတံဖြင့် ရေးသော အရေးအကြောင်းကဲ့သို့
၎င်း၊ဝါ၊တုတ်လှံတံဖြင့်ရေးသော အရေးအကြောင်းသည်၊ ဖြူး
ကနဲပေါ်လာပြီးနောက်၊ချက်ခြင်းပျောက်သကဲ့သို့၎င်း၊အာရဂ္ဂေ၊
မူးဖျားနှိုက်၊ သာသပေါဣဝ၊ တင်လိုက်သည့်ခဏနှိုက်၊ ချက်
ခြင်းပင်ကျသော၊ မုံညင်းစေ့ကဲ့သို့၎င်း၊ ဝိဇ္ဇုပ္ပါဒေါဝ၊ တိမ်လွှာ
တိမ်ထပ်နှစ်ခုဆပ်ရာတွင်၊လျှပ်ခနဲပေါ်လာပြီးနောက် ချက်ခြင်း
ပင်ချုပ်ပျောက်တတ်သည့်၊ လျှပ်စစ်ခောင်တို့ကဲ့သို့၎င်း၊ ပရိတ္တ
ဋ္ဌာယိနော လွန်စွာတိုလှ၍မပြောပြနိုင်အောင်၊ဘခဏသာတည်
နေရပ်တန့်နိုင်ကုန်သည့်၊သံယံ၊ဖြစ်ကုန်၏၊ ။ဤကားအနက်။

---

## ၇၂၊ ။အကြောင်းအကျိုးနှစ်ပါးလုံးမမြဲသည်ကိုပြခြင်း

ဤနာမ်ရုပ်နှစ်ပါးတို့သည်၊အကြောင်းအခွင့်သင့်လျှင်တိုက်
ဆိုင်မိကြ၍၊ ခဏခြင်း ဖြစ်ပေါ်လာကြသော၊ အာဂန္တုကာ၊ တ

ဒဂ်။ တခဏာတရားတို့သာ ဖြစ်ကြကြောင်းကို ပြဆို ရေးသား ခဲ့ရာနှိက်။ သမုဒ္ဒရာ။ ပင်လယ်မြစ်တို့မှာ။ လှေနစ်ကြသူတို့ပမာ။ ငါကလည်း သူ့ကို ကယ်ဆယ် စောင့်ရှောက် ခွင့်မသာ။ သူက လည်း ငါ့ကို ကယ်ဆယ်ခွင့်မသာကြဘဲနှစ်ယောက်တွဲ သုံးယောက် တွဲအတိုင်းသာ။ သမုဒ္ဒရာပင်လယ်မြစ်မှာ၊ ရေနစ်၍ပုံးစုံး။ သေဆုံး ၍ကုန်ကြသော သူတို့အတူ၊ နာမ်တရားတို့ကို ဖြစ်ပေါ်ထကြွ အောင်။ ဆွဲ၍ပြ၍ပေးတတ်သောရုပ်ဟူသော အကြောင်းတရား ရုပ်တရားတို့ကိုဖြစ်ပေါ်ထကြွအောင် ဆွဲ၍နှိုး၍ ပေးတတ်သော နာမ်ဟူသောအကြောင်းတရား။ ဤနာမ်ရုပ်နှစ်ပါးတို့ကပင်လျှင်။ သင်္ခါရဟူသော ပြုပြင်စီရင်မှု ရှိပါမှ။ ဖြစ်လာပေါ်လာ နိုင်ကြ သော အာဂန္တုကာ။ တဒင်္ဂ။ တခဏာတရားတို့သာ ဖြစ်ကြလေ သည့်အတွက်။ ကံ။ စိတ်။ ဥတု။ အာဟာရဟူသောအနိစ္စတရား။ အာဂန္တုကတရား။ တဒင်္ဂတရား။ တခဏာတရားတို့ကြောင့်သာ ဖြစ်ပေါ်လာရသော၊ ဤနာမ်ရုပ်ဟူသော သင်္ခါရတရားတို့ပါ။ အဘယ်မှာခိုင်နိုင်။ မြဲနိုင်။ အရှည်သာဝရ၊ တည်တန့်နိုင်စရာရှိ ပါတော့အံ့နည်းဟု ဆိုလိုသည်။ ထိုကြောင့် သံယုတ်ပါဠိတော် အနိစ္စသုတ်၌။ ။ရူပံ ဘိက္ခဝေ အနိစ္စံ။ ယောပိဟေတု။ ယောပိ ပစ္စယော ရူပဿ ဥပ္ပါဒါယ။ သောပိ အနိစ္စော။ အနိစ္စ သမ္ဘူတံ ဘိက္ခဝေ ရူပံ ကုတော နိစ္စံ ဘဝိဿတိ။ ။ဟူ၍ ဟောတော်မူ သည်။ ။ဘိက္ခဝေ။ သံသာရာရေး။ အပါယ်ဘေးတို့ကို။ မြင် တွေးတတ်သူ။ ရှင်လူအပေါင်း။ သူတော်ကောင်းတို့၊ ရူပံ။ ပရမတ် အစစ်ဖြစ်သောရုပ်နှစ်ဆဲ့ရှစ်ပါးတရားအစုတို့သည်။ အနိစ္စံ၊ ဖြစ် ချုပ်ကြိမ်ဖန်။ အတန်တန်ကြောင့်။ ဧကန်စင်စစ်မမြဲပြီ။ ဘိက္ခဝေ။ တို့၊ ရူပဿ။ ဖြစ်ချုပ်ကြိမ်ဖန်။ အတန်တန်ကြောင့်။ ဧကန်မမြဲ တတ်သော။ ပရမတ်ရုပ်တရား၏၊ ဝါ။ ရုပ်တရားကို။ ဥပ္ပါဒါယ။ ဖြစ်ပေါ်လာရခြင်းနှိက်၊ ဝ ။ ဖြစ်ပေါ်လာရခြင်းငှာ။ ယောပိဟေ တု။ အကြောင်းဖြစ်စေတတ်သော ကံ။ စိတ်။ ဥတု။ အာဟာရဟူသော ဇနက အကြောင်း သည့်လည်းကောင်း။ ယောပိပစ္စယော။ အ

ကြွင်ထောက်ပန့်တဘ်သော ကံ။ စိတ်။ ဥတု။ အာဟာရ ဟူသော ဥပထမ္ဘကအကြောင်းသည်လည်းကောင်း။ အဇ္ဈတ္တိ။ ဥပါဒ်။ ဌီ ဘင် တို့ဖြင့်။ သင်္ခါရဟူသော အကြောင်း မချုပ် သမျှ။ တလှုပ်လှုပ် တရွရွရှိနေကြ၏။ သောဝ်။ ထိုဥပါဒ်။ ဌီ။ ဘင်တို့ဖြင့်။ အစဉ်မပြတ် သမျှ။ ရှိနေကြသည့်။ သင်္ခါရဟူသောနာမ်ရုပ်နှစ်ပါးသည်လည်း။ အနိစ္စာ။ ဖြစ်ချုပ်ကြိမ်ဖန်။ အတန်တန်ကြောင့်။ ဧကန်စင်စစ် မမြဲပြီ။ ဘိက္ခဝေ။ တို့။ အနိစ္စသန္တကံ။ ဖြစ်ချုပ်ကြိမ်ဖန်အတန် တန်တို့ကြောင့်။ ဧကန်မမြဲသော။ သင်္ခါရဟူသော။ နာမ်ရုပ်နှစ် ပါးကြောင့် ဖြစ်ပေါ်လာရသော။ ရုပ်။ ရုပ်နှစ်ဆဲ့ ရှစ်ပါး တရား အစုသည်။ ကုတောနိစ္စံ ဘဝိဿတိ။ အဘယ်မှာ ခိုင်မြဲတည်တန့် စွာဖြစ်နိုင်ပါတော့အံ့နည်း။ ။ဤကားအနက်။ ။ဝေဒနာ။ သညာ။ သင်္ခါရ။ ဝိညာဏဟူသောနာမ်တရားတို့၏ မမြဲမှုကို လည်းယခုပါဠိတော်မှာပင်ရှိသည်။ ဝေဒနာ ဘိက္ခဝေ အနိစ္စာ။ သညာဘိက္ခဝေလနိစ္စာ။ စသည်ဖြင့်သာပြောင်းလဲ၍ ရွတ်လေ။ ဤပါဠိတော်ဖြင့်လည်း။ ရုပ်နာမ်တရားတို့၏ ခိုင်မြဲတည်တန့်စွာ မနေနိုင်ကြဘဲ။ ဖေါက်လဲဖေါက်ပြန်ရှိတတ်သော သဘောကိုပြ သတည်း။

---

## ၇၃။ ။နာမ်ရုပ်နှစ်ပါးတို့၏သဘောကိုမှတ်ရန် ပြခြင်း။

အနုပ္ပန္နာဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာစနိရုဇ္ဈရေ။
အဘိနဝါဝသင်္ခါရာ နဒီသောတသမူပမာ။

အနက်ကား။ ။အနုပ္ပန္နာ။ တရံတဆစ်မျှ။ မဖြစ်မပေါ်ကြ ဘူးသေးသော နာမ်တရားရုပ်တရားတို့သည်။ ဥပ္ပဇ္ဇန္တိ။ ဖြစ်ခွင့် ဆိုက်က ဥပါဒ်သို့အကျတွင်။ ခဏခြင်း ဖြစ်ပေါ်လာကြကုန်၏။ ဥပ္ပန္နာစ။ ဥပါဒ်ခဏတွင်ဖြစ်လာပေါ်လာကြသော။ နာမ်ရုပ်နှစ်

ပါးတို့သည်လည်း၊ နိရုဇ္ဈာရေ။ဘင်ခဏာသို့အရောက်တွင်။ ချုပ်ပျောက်ပျက်စီးကြလေကုန်၏။ သင်္ခါရာ။ အကြောင်းသင်္ခါရတို့၊ မချုပ်နိုင်မှုကြောင့်။ယခုတိုင်ရှိနေကြကုန်သောသင်္ခါရဟူသော နာမ်တရားရုပ်တရားဘို့သည်။နဒီသောတသမူပမာ။စီးနေသော မြစ်ရေနှင့်။ပမာတူကုန်သည်ဖြစ်၍။အဘိနဝါဝ။ အဟောင်းနာမ်ရုပ်တွေနှင့်။မယောမရှက်ကြသည်။ သက်သက်အသစ်တို့သည် သာလျှင်တည်း။ ။ဤဂါထာပါဌ်အနက်ဖြင့် ဥဒဗ္ဗယဉာဏ်ကိုပြသည်၊ ဤဂါထာနိုက်။ ။အနုပ္ပန္နာဥပ္ပဇ္ဇန္တိ။ ။ဟူသော ပထမပိုဒ်ဖြင့်။ ရူပါရုံစသော အာရုံခြောက်ပါးကိုစွဲ၍ ဖြစ်ပေါ်လာတတ်သော စက္ခုဝိညာဏ်။ သောတဝိညာဏ် စသော။ ဝိညာဏ်ခြောက်ပါး။ နာမ်တရားတို့နှင့်တကွ။ ဝေဒနာ သညာ။ သင်္ခါရဟူသောနာမ်ခန္ဓာလေးပါးတို့သည်။ဖြစ်ခွင့်ဆိုက်က။ဖြစ်ပေါ်လာရအောင်ဟု။ဘယ်နေရာ။ဘယ်အရပ်မှာမှ။ ညီညာတိုင်ပင်၍ရှိနေနှင့်ကြသည့်တရားမျိုးမဟုတ်ကြောင်းကိုပြသည်။ ထိုအတူ။ရုပ်တို့ကိုဖြစ်ပေါ်ထကြွအောင်။ ဆွ၍နှိုး၍ပေးတတ်သော၊ နာမ်တရားတို့ကိုအစွဲပြု၍ ဖြစ်ပေါ်လာတတ်ကြသော၊ ခက်မာမှု။ နူးညံ့မှု။ဘွဲ့စေးတွယ်ကပ်မှု။လျှောသက်ယိုစီးမှု။ပူမှု ဧမှု။ဟူသော ရုပ်တရားတို့သည်လည်း။ ဖြစ်ခွင့်ဆိုက်လျှင်။ အဆင်သင့် ဖြစ်ပေါ်ကြမည်ဟု၊ ညီညာတိုင်ပင်ရှိနေနှင့်ကြသည့် တရားမျိုးမဟုတ်ကြောင်းကိုပြသည်။ ။ဥပ္ပန္နာစနိရုဇ္ဈရေ။ ဟူသော ဒုတိယပိုဒ်ဖြင့်၊ ရုပ်ကိုစွဲ၍ဖြစ်ပေါ်လာကြသောနာမ်တရား။နာမ်ကိုစွဲ၍ဖြစ်ပေါ်လာကြသောရုပ်တရား။ဤနာမ်တရား ရုပ်တရားနှစ်ပါးတို့သည်၊ ဥပါဒ်ခဏမှာ၊ ဖြစ်ပေါ်လာကြပြီးနောက်ဘင်ခဏာသို့အရောက်တွင်။ချုပ်ပျောက်၍သွားကြသောတရားတို့သာ ဖြစ်ကြောင်းကိုပြသည်။

အဘိနဝါဝသင်္ခါရာ။နဒီသောတသမူပမာ။ ။ဟူသောနှစ်ပိုဒ်ဖြင့်။ယင်းသို့နာမ်ရုပ်နှစ်ပါးတို့သည်။ ဥပါဒ်ခဏမှာဖြစ်ပေါ်လာပြီးနောက်၊ ဘင်ခဏာသို့အရောက်တွင်၊ ချုပ်ပျောက်၍သွား

ကြပါလျှင်။ မြင်မှု။ ကြားမှု။နံမှု။ လျက်မှု။တွေ့သိမှု။ ကြံသိမှု။ဟူသောနာမ်တရား။ ခက်မာမှု။နူးညံ့မှု။ဘွဲ့စေးတွယ်ကပ်မှု။ လျှောသက်ယိုစီးမှု။ပူမှု။ငွေ့မှု။ စသောရုပ်တရားသဘောတို့သည်။ ကျလျော့ကုန်ပျက်၍ သွားကြကုန်သော်လည်း။ စီးနေသောမြစ်ရေအသွင်ကဲ့သို့။ အရင်ရေ။ရှေးရေ။အဟောင်းရေတွေသည်။ သမုဒြါပင်လယ်ထဲသို့။ကျအောင်စီးသွားကြသော်လည်း။မြစ်ညာအရပ်က။ မိုးမပြတ်ရွာမှုကိုစွဲ၍။ အစဉ်မပြတ်ကြားမလတ်အောင်ထပ်ခါထပ်ခါစီးနေမှုကြောင့်။ဉာဏ်နုသောသူတို့သည်။ အရင်ရေ။ရှေးရေ။အဟောင်းရေပင်ဖြစ်သည်ဟု၊ ထင်နေသကဲ့သို့သာဖြစ်သည်။အရင်ရေမဟုတ်။နောက်ရေအသစ်သာ ဖြစ်သကဲ့သို့။ယခု ရှိနေကြသည့် သင်္ခါရဟူသော နာမ်ရုပ်နှစ်ပါး တို့သည်လည်း။ အကြောင်းသင်္ခါရ မချုပ်နိုင်၍၊ တလှုပ်လှုပ် တလှက်လှက်။ အဟောင်းတွေပျောက်ပျက်ကင်းချုပ်လျက်။ အသစ်အသစ်တို့သာတည်းဟုပြသတည်း၊ ကောင်းကင်ကျမိုးရေနှင့်အတိတ်ဘဝတို့ကပြုခဲ့သော ကံသင်္ခါရတွေတို့၏။ သမုဒြာသို့စီးသွားသောရေတွေနှင့်ချုပ်ပျက်ကုန်ကြသော နာမ်ရုပ်နှင့်တို့၏။စီးလာသောအသစ်ရေတွေနှင့်။ ဥပါဒ်သို့အကျတွင်။ အသစ်အသစ်ဖြစ်ပေါ်လာကြသောနာမ်တရားတွေတို့၏မှတ်ရမည်။ဆိုလိုသည်။ထိုကြောင့်။ ။

အဒဿနတောအာယန္တိ၊ဘင်္ဂါဂစ္ဆန္တျဒဿနံ။
ဝိဇ္ဇုပ္ပါဒေါဝအာကာသေ၊ဥပ္ပဇ္ဇန္တိဝယန္တိစ။ ။ဟူ၍၎င်း။
အနိဓာနဂတာဘဂ္ဂါ၊ပုဉ္စောနတ္ထိအနာဂတေ။ ။ဟူ၍၎င်း။
မဟာနိဒ္ဒေသပါဠိတော် စသည်ညွှန်ရှုက်မိန့်ပြီ။ ။အနက်

ကား။ ။ဓမ္မာ။သင်္ခါရဟူ၍။သမုတ်ကြသောနာမ်တရားရုပ်တရားတို့သည်။အဒဿနတော။ဘယ်လူဘယ်နတ်။ သတ္တဝါတစုံတယောက်မှ။ မမြင်ရရာအနာဂတဟူသော။ အဘာဝအဖြစ်မှ။အာယန္တိ။ ဖြစ်ခွင့်သင့်ခါလာ၍ အသစ်။ ဖြစ်ပေါ်လာရကုန်၏။ဘင်္ဂါ။ ဖြစ်ပေါ်လာပြီးနောက်၊ ချုပ်ပျောက်ကြ သေကုန်သော

နာမ်တရား ရုပ်တရားတို့သည်။ အဒဿနံ။ ဘယ်လူဘယ်နတ်။ ဘယ်သတ္တဝါတစုံတယောက်မျှ။မမြင်ရ။ အဘာဝအစစ်။အဘိုဘ်အဖြစ်သို့။ ဂန္တွာ တို့။ ရောက်ကြလေကုန်၏၊ အာကာသေ။ ပဇ္ဇန်ရိုက်ချုံ။ ချိန်အုံးထက်ခွင် မိုးကောင်းကင်နှိုက်။ ဝိဇ္ဇုပ္ပါဒေါ ဝ။ဘိမ်လွှာတိမ်ထပ်နှစ်ခုဆပ်ရာ၌ တွင်။ လျှပ်ရောင်၏ဖြစ်ပေါ်လာခြင်းကဲ့သို့။ ဥပ္ပဇ္ဇိတွာ။ ဖြာ၍ခွင့်ဆိုက်က။ ဖြုံးကနဲဖြစ်ပေါ်လာကြလေကုန်၏။ ဝယန္တိ။ ဖြစ်ပေါ်လာပြီးနောက်၊ ဖြတ်ကနဲချုပ်ပျောက်ကြလေကုန်၏။ ။ဘဂ္ဂ၊။ဖြစ်ပြီးသည့်နောက် ချက်ခြင်းပျောက်ချုပ်သည်။ နာမ်ရုပ်တရားတို့သည်။ အနိဓာနဂတာ၊ ချုပ်ပျောက်ပြီးသည့်။ မိုးရောင်လျှပ်စစ်တို့ပမာ။ ဘယ်သတ္တဝါတစုံတယောက်မျှ။ စောင့်ရှောက် သိမ်းဆည်း။ သိုမှီးယူထား၍ မဖြစ်ကြလေကုန်။ အနာဂတေ။ဖြစ်ခွင့်သင့်က။ နောင်ကာလ၌။ ပုဉ္ဇော။ဖြစ်ခွင့်သင့်ခါ။လာ၍ဖြစ်ရန်။ စိမံတိုင်ပင်၍ ထားကြကုန်သော ရုပ်နာမ်တရားတို့၏အစုအပုံသည်။နိစ္စ။ရှိနှင့်သည်လည်း မဟုတ်ချေ။ ။၍ကားအနက်။

---

၁၄။ သေသူ။ရှင်သူနှစ်ဦးတို့၏ရုပ်နာမ်ချင်း မထူးပုံကိုပြခြင်း။

အနန္တရာစ ယေဘဂ္ဂါ။ ယေစဘဂ္ဂါအနာဂတော။
တဒန္တရာနိရုဒ္ဓါနံ၊ဝေသမံနတ္ထိလက္ခဏော။ ။

အနက်ကား။ ။အနန္တရ။ဘင်ခဏာသို့အရောက်တွင်။ချုပ်ပျောက်သောအားဖြင့်။အခြားမဲ့ဖြစ်ကုန်သော။ယေစ။ အကြင်အပေါင်းဖြစ်သောနာမ်ရုပ်တရားတို့ သည့်လည်း။ ဘဂ္ဂါ။ဘင်ခဏာသို့အရောက်တွင်။ ချုပ်ပျောက်ပေ ဆုံးကြလေကုန်ပြီ။ အနာဂတော။မဖြစ်သေးရာ။ အနာဂတ်ဖြစ်သော စိတ္တက္ခဏာ၌။ ယေစ။ အကြင် နာမ်ရုပ်တရားတို့သည့်လည်း။ ဘဂ္ဂါ။ ဘင်ခဏာသို့ အ

ဆင်းတွင်။ချက်ခြင်းပင်။ချုပ်ပျောက်သေဆုံးကြကုန်လတ္တံ့။တေ ပတိ။ထိုသေပြီး။သေလတ္တံ့ဖြစ်ကြသော။ရုပ်နာမ်တရားတို့နှင့်။တ ဒန္တရာနိရုဒ္ဓါနံ၊ထိုသေပြီးသေလတ္တံ့ဖြစ်ကြသော်ရုပ်နာမ်နှစ်ခုတို့ အကြားထဲ၌ ချုပ်ဆဲသေဆဲဖြစ်ကုန်သော။ ရုပ်နာမ်နှစ်ပါးတို့၏။ လက္ခဏော။ ဘင်ခဏသို့ရောက်တိုင်း ချုပ်ပျောက်သေဆုံးမှုလ က္ခဏာ၌။ဝေသမံ၊ အသေခြင်းအတူတူမထားနိုင်ကြဘဲ။ ကွဲလွဲ ထူးခြားသောအရာသည်။ နတ္ထိ။တဦးတစ်မျှမရှိချေ။ သမမေဝ။ သေခြင်းအတူတူသာဖြစ်ကြ၍။ ဘာတခုမျှ၊ အထူးဘူ၍မရှိကြ ဘဲ။ အတူအမျှ ဖြစ်ကြတော့သည်သာတည်း။ ။ဤကား အနက်။

ဤစကားရပ်ဖြင့်။ ဧကစိတ္တက္ခဏိကံသတ္တာနံဇီဝိတံ။ တသ္မိံ စိတ္တေ နိရုဒ္ဓမတ္တေ သတ္တောနိရုဒ္ဓေါတိ ဝုစ္စတိ၊ ။သတ္တာနံ၊ရုပ် နာမ်နှစ်ဖြာ။ခန္ဓာငါးရပ်တို့ကို၊ပညတ်ဖြင့်တင်သမုတ်ကြသည့်။ နာမ်ရုပ်အစုသတ္တဝါတို့၏ ဇီဝိတံ။ မသေမပျက်၊အသက်ရှည်မှု သည်၊ဧကစိတ္တက္ခဏံ။ဥပါဒ်ခဏဟူသော စိတ်၏ခဏတခုသာ ကြာ၏။တသ္မိံ စိတ္တေ။ထိုဥပါဒ်ခဏဟူသော်စိတ်သည်၊နိရုဒ္ဓမတ္တေ။ ဘင်သို့အရောက်တွင်။ချုပ်ပျောက်ကါမျှ၌၊သတ္တော။ပညတ်ဖြင့် တင်အမုတ်အပ်သည့်၊နာမ်ရုပ်အစုသာဖြစ်သောသတ္တဝါကို။နိ ရုဒ္ဓေါတိ။ ချုပ်ပျက်သေဆုံ ပြီဟူ၍။ဝုစ္စတိ။ခေါ်ဆိုအပ်၏။ ။ဟူ သောဝိသုဒ္ဓိမဂ်။ သံယုတ်။မဟာနိဒ္ဒေသအဋ္ဌကထာတို့နှင့်အညီ၊ သတ္တဝါဟူ၍။သမုတ်ကြသည်နာမ်ရုပ်နှစ်ပါးတို့သဘောသည်။ ဥပါဒ်အားဖြင့်သာ။အသစ်အသစ်သောနာမ်ရုပ်တို့ဖြစ်ပေါ်မှု။ထို ဖြစ်ပေါ်လာသော်။နာမ်ရုပ်တို့၏ဘင်သို့အရောက်တွင်။ချုပ်ပျော် သေဆုံးမှုဟူသောဖြစ်မှု။ သေမှုနှစ်ပါးဘို့သည်သာလျှင်ရှိသည်။ သဘောလမ်းတွင်ငိုက်ထားသည့်ဘောတိုင်ကို၊ တိုးဇော့တိုက် ခိုက်၍ နေကြသည့် ရေနှင့်တူ၏ ဆိုလိုသည်၊ ဤကိုယ်ကြီးနှင့် သဘောလမ်းဘောတိုင်ကြီးနှင့်တူသည်။တူပုံကား။စီးလာသော ရေသည်။တိုင်ကြီးကိုတိုးဇော့တိုက်ခိုက်လိုက်သည့် အခါမှာသာ

တိုင်ကြီးသည်။အသက်ဝိညာဉ်အရှင်သကဲ့သို့ဖြစ်၍၊လှုပ်ရှားနိုင်သည်။ထိုရေသည်လည်း။ တခါသာဝင်တိုးပြီးနေ၍၊အောက်သို့စုံဆင်း၍သွားလေတော့သည်။ နေ၍တဖန်ပြန်၍တိုးဝှေ့တိုက်ခိုက်တော့သည်မဟုတ်။ သို့သော်လည်းအဟောင်းဖြစ်သောရေတွေအောက်သို့စုံဆင်းသွားသည့်နောက်။ အသစ်အသစ်ရေတွေက။ တခါစီလာ၍ တိုးကြသဖြင့် တလှုပ်ထဲ လှုပ်နေမှု ကြောင့်သာ။ ဘော့တိုင်ကြီးကိုအရှင်ထင်နေရသကဲ့သို့။ ထိုအတူ၍ကိုယ်ခန္ဓာကြီးကိုဘော့တိုင်ကြီးနှင့်တူ၏မှတ်။ တခါတိုးပြီးနေ၍၊ ချက်ခြင်းအော၍သို့။ စီးဆင်းသောရေနှင့်။ ဖြစ်ပေါ်လာပြီးနောက်ချုပ်ပျော်သေဆုံးကြသောနာမ်တရားရုပ်တရားတို့ကိုမှတ်။ ။အသစ်အသစ်စီးလာ၍။ တခါဘကြိမ်စီတိုးဝှေ့တိုက်ခိုက်ကြသော၊ရေတို့နှင့်။အသစ်အသစ်ထပ်၍ထပ်၍ဖြစ်လာပေါ်လာကြသောနာမ်တရားရုပ်တရားတို့ကိုမှတ်။ ။တခါတိုးရေ၊ တခဏရေ၊တဒင်္ဂရေ၊အာဂန္တုရေတွေကြောင့်။ဘော့တိုင်ကြီး၏လှုပ်နေမှုကဲ့သို့။တခါဖြစ်။တခါသေနာမ်ရုပ်တရားတို့သည် မပြတ်မလပ်။ထပ်ခါထပ်ခါဖြစ်နေကြခြင်းကြောင့်၊ငါငါသင်စရာအချက်။အသက်ဝိညာဉ်အရှင်ပင်ဖြစ်သည်ဟုထင်ရအောင်။မိုးရေနှင့်တူသည်။အကြောင်းသင်္ခါရတို့မချုပ်သမျှ၊ တလှုပ်လှုပ်နေရသော။ ၍ကိုယ်ခန္ဓာကြီးကိုမှတ်။ဆိုလိုရင်းကား။ ။မိုးမပြတ်ရွာနေ၍။ ရေမပြတ် စီးနေသောမြစ်ထဲချောင်းထဲမှာ။ တစီးထဲစီး။တဆင်းထဲဆင်း၍နေကြသော ရေတွေနှင့်။ မိုးပြတ်စဲသွားသည့်နောက်။ စီးစရာရေအားနည်း၍တချက်တည်းဘော့တိုင်ကိုတိုးဝှေ့တိုက်ခိုက်သွားသည်။ နောက်ဆုံးဗိတ်ရေသည်။ အထက်က စီးလာပုံ။ ဘော့တိုင်ကြီးကိုတိုးဝှေ့ တိုက်ခိုက်ပုံ။ တိုးဝှေ့ပြီးနောက်။ တခါတည်းစီးဆင်းသွားပုံသည်။အတူတူသာဖြစ်ကြလေသကဲ့သို့။ထိုအတူ၊အတိတ်ဘဝကသင်္ခါရဟူသောကုသိုလ်အကုသိုလ်ကံကြောင့်။ပစ္စုပ္ပန်ဟူသောယခုဘဝမှာ။ ဥပါဒ်ခဏမှာအသစ်အသစ်ဖြစ်၍ဘင်ခဏတိုင်း။ဘင်ခဏတိုင်း။ တချုပ်ထဲတပျက်ထဲ။ ချုပ်ပျက်သေဆုံး

လျက်နေကြသော နာမ်ရုပ်တရားတို့နှင့်။ သင်္ခါရအစွမ်းကုန်၍ နောက်ဆုံးစိတ်ဖြစ်သော ဥပါဒ်ခဏမှာ။ အသစ်ဖြစ်ပေါ်လာပြီး နောက်။ဘင်ခဏသို့အရောက်တွင်။ချုပ်ပျောက်သေဆုံးခြင်းသို့။ ရောက်သောနာမ်ရုပ်တရားတို့သည်။သင်္ခါရကြောင့်ဥပါဒ်ခဏ မှာဖြစ်ပေါ်ပုံ၊ ခန္ဓာကိုယ်ကြီးကို။ တိုက်ခိုက် လှုပ်ရှားပုံ။ တိုက် ခိုက်ပြီးနောက်။တခါတည်းချုပ်ပျောက်သေဆုံးပုံမှာ။ ဘာတခုမျှ။ အထူးမရှိကြလေ၍။ မျက်တောင်တခတ်။ လျှပ်တပျက်လောက် မှာ။ အခါအကြိမ်များစွာ။ သေ၍သေ၍နေပုံနှင့်။ နောက်ဆုံးစိတ် ဘင်ခဏသို့ရောက်၍။ ချုပ်ပျောက် သေဆုံးသော အရာသည်။ အသေချင်းအတူတူသာဖြစ်ကြလေကုန်၏ဆိုလိုသည်။ ဤဝိသတ် ခဏ်းခေတ်ကမ္ဘာနန်း။ နိဗ္ဗာန်ပေါက်လမ်း ခေတ်ကမ္ဘာနန်းကျမ်း တို့နှိုက်။ ထုတ်ပြလျက်ရှိသည့် ဂါထာတို့၏အဓိပ္ပါယ်ကိုလည်း၍ နည်းအတိုင်းပင်မှတ်။

---

## ၇၅။ ။ရွတ်ဘတ်ဆင်ခြင်နိုင်မှဉာဏ်အ မြင်တင်ရှားသည်ကိုပြခြင်း။

ဤ၍ယခုထုတ်ပြသော ဥဒယဗ္ဗယ။ အနိစ္စလက္ခဏာပြ။ဂါထာ ပါဠ်အနက်တို့တွင်။ဉာဏ်မြင်မြန်ရာ။ ဂါထာတခုခုကိုဖြစ်စေ။ဂါ ထာအားလုံးကိုဖြစ်စေ။အရနှုတ်တက်။ဆောင်ရွက်သင်ကြားပြီး လျှင်။အခါတရာ။အခါတထောင်၊အခါတသောင်း။အခါတသိန်း တိုင်အောင်လည်း ဖြည်းညှင်းသာယာစွာနှုတ်ဖြင့် လေ့လာရွတ် ဖတ်ခြင်းကိုပြုရမည်။အဘယ်ကြောင့်နည်းဆိုသော်။ နှုတ်ဖြင့်လေ့ လာရွတ်ဖတ်မှုသည်။ သိမှတ်လိုသော အနက်အဓိပ္ပါယ်ကမ္မဋ္ဌာန်း အစဉ်တို့ကိုလည်း နှုတ်တွင်ရွရွတက်စေတတ်သည်။ တောင် မြောက်လေးပါး စိတ်မသွားနိုင်ခြင်းဟူသော သမာဓိကိုလည်းရ စေနိုင်သောကြောင့်တည်း။ ၊နှုတ်ဖြင့် ဖြည်းညှင်းသာယာစွာ ရွတ်ဘတ်ဆင်ခြင်မှုကဲ့သို့၊ထိုအတူ။ စိတ်ဖြင့်ရွတ်ဖတ်၊ကြံစီခြင်း

ကိုလည်း ပြုရမည်။ ထိုစကား မှန်၏။ နှုတ်ဖြင့် ရွတ်ဘတ်သရဇ္ဈာယ်မှုသည်။ စိတ်ဖြင့်။ ဆင်ခြင် ကြံစီမှုကို၊ အားရှိအောင်။ ထောက်ပန့်ကူညီနိုင်၏၊ ။စိတ်ဖြင့်ဆင်ခြင်ကြံစီမှုသည်။သိမြင်လိုသော အနိစ္စလက္ခဏာ စသည်ကို၊ ဘောက်ထွင်းမြင် သိနိုင်သော။ ပဋိဝေဓဉာဏ်အား၊ ထောက်ပန့်ကူညီနိုင်၏။ ။အနိစ္စလက္ခဏာစသည် များကို၊ ဘောက်ထွင်း သိမြင်မှုသည်။ မဂ်ဖိုလ်ကိုထိုးထွင်းနိုင်သော ဉာဏ်အား။ အားပေးထောက်ပန့်ကူညီနိုင်၏။ ။အဘယ်ကြောင့်နည်းဟု ဆိုသော်။ ကမ္မဋ္ဌာန်းကိုနှလုံးသွင်းလိုသောသူသည်၊ ပိဋကတ်သုံးပုံဆောင်သော၊ ပုဂ္ဂိုလ်ပင်ဖြစ်သော်လည်း၊ နှလုံးသွင်းသော အခါ။ ရှေးဦးစွာနှုတ်ဖြင့်ရွတ်အံသရဇ္ဈာယ်ခြင်းကိုပြုရမည်။(မလယ)အရပ်၌သတင်းသုံးသောမဟာဒေဝထေရ်၏ အထံမှာ။ ကမ္မဋ္ဌာန်း ယူကြသော ၆ ထေရ်နှစ်ပါးတို့သည်။ နိကာယ်နှစ်ခု။ သုံးခုကို အရနှုတ်တက်။ ဆောင်ရွက်လေ့လာ၍နေကြသော၊ကျမ်းဂန်တတ်ဖြစ်ကြသော်လည်း။ဆရာက၍ကမ္မဋ္ဌာန်းကိုလေးလပတ်လုံး။ရွတ်အံသရဇ္ဈာယ်ရမည်ဆိုသော အမိန့် အာဏာကို။ ကောင်းစွာ လိုက်နာလျက်။ လေးလပတ်လုံး ကမ္မဋ္ဌာန်းကို၊ ရွတ်အံ နေကြစဉ် အခါမှာပင်။ ဉာဏ်အမြင်ထင်ရှားလာ၍သော တာပန်ဖြစ်သွားဘူးကြသောကြောင့်တည်း၊ ထိုကြောင့်ဝိသုဒ္ဓိမဂ်။သမောစသောအဋ္ဌကထာတို့၌၊ ။ဝစသာသဇ္ဈာယောဟိမနသာ သဇ္ဈာယဿပစ္စယောဟောတိ။ မနသာသဇ္ဈာယော လက္ခဏာ ပဋိဝေဓဿပစ္စယောဟောတိ၊လက္ခဏာပဋိဝေဓောမဂ္ဂဖလပဋိဝေဓဿပစ္စယောဟောတိ။ ။ဟုမိန့်တော် မူကြပြီ။ ။အနက်ကား။ ။ဟိသစ္စံ၊ ကမ္မဋ္ဌာန်းကိုသင်ယူစနိုက်။ အရနှုတ်တက်။ ဆောင်ရွက်ရွတ်အံနိုင်မှု၊ ဉာဏ်မြင်မြန်သည်ဆိုသော စကားသည်မှန်၏။ ဝစသာ။ နှုတ်ဖြင့်။သဇ္ဈာယော၊ဖြည်းညှင်းသာယာစွာ။ရွတ်အံသရဇ္ဈာယ်မှုသည်။ မနသာသဇ္ဈာယဿ၊စိတ်ဖြင့်ကပ်၍၊ အထပ်ထပ်ရွတ်ဘတ်ကြံစည်မှုအား။ပစ္စယော၊အားပေးကူညီနိုင်သည်။ဟောတိ၊

ဖြစ်၏၊ မနသာသဏ္ဌာယော၊ စိတ်ဖြင့်ကပ်၍ အထပ်ထပ်အဘန်ဘန်ရွတ်အံကြိစည်မှုသည်၊ လက္ခဏာပဋိဝေဓသော၊အနိစ္စစသောလက္ခဏာကို ကောင်းစွာ ထိုးထွင်း၍သိနိုင်သော ဉာဏ်အား။ ပစ္စယော၊ အားပေးကူညီနိုင်သည်။ ဟောတိ၊ဖြစ်၏။လက္ခဏာပဋိဝေဓော၊ အနိစ္စစသော လက္ခဏာကို။ ကောင်းစွာ ထိုးထွင်း၍သိမှုသည်။ မဂ္ဂဖလပဋိဝေဓသော၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို။ ထိုးထွင်းသိမြင်မှုအား။ ပစ္စယော၊အားပေးကူညီနိုင်သည်။ဟောတိ၊ဖြစ်၏။ ။ဤကားအနက်။

---

၇၆။ ။အနိစ္စလက္ခဏာအစစ်ကိုသိမြင်ခြင်း၌အကျိုးကိုပြခြင်း၊

ဤအဋ္ဌကထာကြီးတို့နှိုက်။ လာရှိသောသာဓကကို။ထောက်ဆမြော်ရှု၍။ ယခုပြခဲ့သော ဂါထာပါဠိအနက်တို့တွင်။ဉာဏ်မြင်မြန်သည့်ဂါထာတခုခုကိုဖြစ်စေ၊ ဂါထာအားလုံးကိုဖြစ်စေ၊ စွမ်းနိုင်သမျှ အရနှုတ်တက်ရစေ၍၊ နောက်ကပြအပ်သည့်၊ချုပ်စစ်တပျက်။ လက်ပစ်တတွက်၊ မျက်စိ တမှိတ်လောက် ကာလမှာ၊ အခါအကြိမ်ပေါင်း များစွာ။ ဖြစ်ချုပ်လျက် နေကြသည့်။ ရုပ်နာမ်တို့တွင်။ ဉာဏ်မြင် မြန်သည့်၊ နာမ်တရားတခုခုကို ဖြစ်စေ။ ရုပ်တရားတခုခုကိုဖြစ်စေ၊ ဖြုံးကနဲအကြောင်းတိုက်ဆိုက်ဖြစ်ပေါ်လာပြီးနောက်၊ဖြတ်ခနဲချုပ်ပျောက်သေဆုံးခြင်းသဘောကို။နှစ်နှစ်နေ့နေ့၊ ဗူးဗူးစိုက်စိုက်။ နှလုံးပိုက်နိုင်က၊ဥဒယဗ္ဗယဉာဏ်ကိုရ၍ အနိစ္စအစစ်ကို သိမြင်လိမ့်မည်။ ယင်းဥဒယဗ္ဗယဉာဏ်ဖြင့်၊ ရုပ်နာမ်နှစ်ပါးတို့၏၊ အကြောင်းတိုက်ဆိုက်က၊ အသစ်အသစ်ဖြစ်လာပေါ်လာမှု ဟူသော ဥဒယစွမ်း။ဥပါဒ်စွမ်းနှင့်။ အသစ်အသစ်ဖြစ်လာပေါ်လာပြီးနောက်။ ဖြုံးကနဲချုပ်ပျောက်သေဆုံး၍ သွားမှုဟူသော။ ဝယစွမ်း။ ဘင်စွမ်းတို့ကို တကြိမ်တခါ သေသေချာချာ မြင်လိုက်က။ လူ့ဘဝ၊ လူ့ခန္ဓာနှင့်ဖြစ်လာကျိုးနပ်လှပြီဟုမှတ်၊ထိုကြောင့်ဓမ္မပဒပါဠိတော်၌၊

ယောဇ ဝဿသတံဇီဝေ၊အပဿံဥဒယဗ္ဗယံ၊
ဧကာဟံ ဇီဝိတံ သေယျော၊ပဿတော ဥဒယဗ္ဗယံ။

ဟူ၍။ဟောတော်မူပြီ။ ။အနက်ကား။ ။ယောဇ၊ရဟန်းရှင်လူ။မည်သူမဆို။ အကြင်ပုဂ္ဂိုလ်သည်ကား။ဥဒယဗ္ဗယံ၊ ရုပ်နာမ်နှစ်ဖြာ။ခန္ဓာငါးရပ်တို့၏။ဥပါဒ်ဋ္ဌီဘင်တို့ဖြင့်။ အစဉ်မပြတ်။ ဖြစ်ပျက်လျက်နေမှုဟူသော။ ဥဒယဗ္ဗယ၊ အနိစ္စလက္ခဏာအစစ်ကို။အပဿံ၊ တကြိမ်တခါမျှ။ သေသေချာချာမထင်မမြင်လိုက်ဘူးဘဲ။ဝဿသတံ၊အနှစ်တရာကာလပတ်လုံး။ ဇီဝေ အသက်ရှည်၍နေငြားအံ့။ ယဒ္ဒေသေယျော၊ လူဖြစ်ကျိုးမနပ်၍၊ မမြတ်သေးသည်သာလျှင်တည်း။ ဥဒယဗ္ဗယံ၊ ခန္ဓာငါးတန်ရုပ်နာမ်နှစ်ရပ်တို့၏။ ဥပါဒ်၊ ဋ္ဌီ၊ ဘင်တို့ဖြင့်အစဉ်မပြတ်။ ဖြစ်ချုပ်လျက်နေမှုဟူသော။ ဥဒယဗ္ဗယ၊အနိစ္စလက္ခဏာအစစ်ကို။ ပဿတော၊ တကြိမ်တခါ။ သေသေချာချာ သိမြင်လိုက်ရဘူးသော သူ၏၊ ဧကာဟံ၊တနေ့တရက်တမနက်မျှ။ဇီဝိတံ အသက်မသေ။တည်နေရခြင်းသည်၊ သေယျော၊ဝိပဿနာဉာဏ်။ အမြင်သန်သူတို့နှင့်တွေ့ကာ။ မဂ်ရရန်အလွန်နီးကပ်၍။ မြတ်လှတော့သည် သာတည်း။ ။ဤကားအနက်။ ။ဤပါဠိတော်သာဓကကို။ ထောက်ဆကြည့်ပါ၊ မြော်မြင်ကြသည့်၊ ပဏ္ဍိတကဝိန်။ သုခမိန်ပညာရှိတို့သည်၊ဝိပဿနာဉာဏ်ပညာဖြင့်။ဤခန္ဓာနာမ်ရုပ်၏ဖြစ်ချုပ်ကြိမ်ဖန်။အတန်တန်တို့ကြောင့်၊ ဧကန်မခိုင်မမြဲမှုဟူသော။ဥဒယဗ္ဗယ အနိစ္စပညာအစစ်ကို။သိမြင်ရအောင်၊နေ့ညဥ့်မချ၊အခါမပြတ်၊ ပွါးများကြိုးစားအားထုတ်အပ်လှပေသတည်း။

---

## ၇၇။ ။သတ္တာယဒိဋ္ဌိ ၂၀ ကိုအကျဉ်းချုံးပြခြင်း။

ဥဒယဗ္ဗယ၊အနိစ္စလက္ခဏာအစစ်ကို။သိမြင်ရုံမျှနှင့်။မြတ်စွာဘုရားသည်။ အဘယ်ကြောင့်။ ဤမျှလောက် ချီးမြှောက်ဟောကြားတော်မူပါသနည်းဟုဆိုသော်၊ ။ရှုပ်အတ္တတောသမ

နုပဿတိ၊ ဝေဒနံ သညံ သင်္ခါရေ ဝိညာဏံ အတ္တတော သ
နုပဿတီတိ ပဋ္ဌသု ဌာနေသု ဥဇွေဒဖိင့္ကိ ကံထိတာ၊ အဝသေ
သေသုသဿတဒိဋ္ဌိ။ဝေမေတ္တ ပန္နရသဘာဝဒိဋ္ဌိယောပဋ္ဌဝိဘာဝ
ဒိဋ္ဌိယော ဟောန္တိ၊ တာသဗ္ဗာပိ မဂ္ဂါဝရဏာ၊န သဂ္ဂါဝရဏာ၊
ပထမ မဂ္ဂဝဇ္ဈာတိ ဝေဒိတဗ္ဗာ။ ။အဋ္ဌသာလိနီစသည်၊ ။

(၁) ရူပံ၊ အချမ်းအပူစသည်တို့ကြောင့်။ ခဏခြင်းချုပ်
ပျောက်။ဘောက်ပြန်တတ်သော။ ခက်မာမှု၊ ဖွဲ့စေးမှု။ပူမှု ဖေးမှုစ
သောပရမတ်အစစ်ရုပ်တရားကို၊ အတ္တတော၊ငါခက်မာသည်။
ငါဖွဲ့စေးသည်။ငါပူသည်။ငါဖေသည်ဟူ၍။ဝါ၊ ခက်မာမှု။ဖွဲ့စေးမှု။
ပူမှု ဖေမှုစသည်တို့ကိုငါဟူ၍၊သမနုပဿတိ၊ မဟုတ်ဘဲနှင့်အလွဲ
ရှုမြင်တတ်၏။

(၂) ဝေဒနံ၊ သာယာခံစားမှု ဟူသောပရမတ်ဓါတ်ရှက်
ဝေဒနာတရားကို၊ အတ္တတော၊ ငါကောင်းသည်။ငါနာသည်
၍။သမနုပဿတိ၊မဟုတ်ဘဲနှင့်အလွဲကိုရှုမြင်တတ်၏။

(၃) သညံ၊ အာရုံ အရပ်ရပ်ကို မှတ်သား တတ်သော
ပရမတ်ဓါတ်စစ်သညာတရားကို။ အတ္တတော၊ငါမှတ်မိသည်။
ငါအမှတ်ရပြီဟူ၍။ သမနုပဿတိ၊ မဟုတ်ဘဲနှင့်။ အလွဲကိုရှု
တတ်မြင်တတ်၏။

(၄) သင်္ခါရေ၊ ကောင်းဆိုး နှစ်ရပ် ဖြစ်အောင်၊ ရွက်
ဆောင် ပြုပြင်တတ်ကြကုန်သော ပရမတ်ဓါတ်စစ် သင်္ခါရ
တရားငါးဆယ်တို့ကို။ အတ္တတော၊ငါကုသိုလ်ကိုပြုသည်။ငါအ
ကုသိုလ်ကိုပြုသည်ဟူ၍၊သမနုပဿတိ၊ မဟုတ်ဘဲနှင့်အလွဲကို
ရှုတတ်မြင်တတ်၏။

(၅) ဝိညာဏံ၊ သိမှုကိုရွက်ဆောင် တတ်သော်လည်း၊
ဥပါဒ်ဌီ၊ဘင်တို့ဖြင့်။ အစဉ်မစဲ၊ တဖြစ်ထဲ။ တချုပ်ထဲ။ဖြစ်ချုပ်
၍နေတတ်သည့်။ပရမတ်ဓါတ်စစ်စိတ်ဝိညာဉ်ကို။ အတ္တဂ
ခိုင်မြဲလှစွာ ငါထင်စရာအချက်။ အသက်ဝိညာဉ်ဟူ၍။ သမနု
ပဿတိ၊မဟုတ်ဘဲနှင့်အလွဲကိုရှုဘတ်မြင်တတ်၏၊ ဣတိပဋ္ဌသု

ဋ္ဌာနေသု၊ဤငါးပါးသောအရာတို့နှင့်၊ဥစ္ဆေဒဒိဋ္ဌိ ချုပ်ပျက်သည့်နောက်။ ပြတ်တောက်ပျက်စီးပြီဟု၍ယူကြသော။ ဥစ္ဆေဒဒိဋ္ဌိအယူကို။ကာသိတာ၊ဟောကြားတော်မူအပ်၏၊ ။

အဝသေသေသု၊ ရုပ်ရှိသောငါ၊ငါနှင့်ရုပ်ရှိ။ ရုပ်ထဲနှင့်ငါရှိ၏ယူသောဒိဋ္ဌိသုံးမျိုး။

ဝေဒနာရှိသောငါ။ငါနှင့်ဝေဒနာရှိ။ ဝေဒနာထဲနှင့်ငါရှိ၏ယူသောဒိဋ္ဌိသုံးမျိုး။

သညာရှိသောငါ။ငါနှင့်သညာရှိ။ သညာထဲနှင့်ငါရှိ၏ယူသောဒိဋ္ဌိသုံးမျိုး။

သင်္ခါရရှိသောငါ။ ငါနှင့်သင်္ခါရရှိ။ သင်္ခါရထဲနှင့်ငါရှိ၏ယူသောဒိဋ္ဌိသုံးမျိုး။

ဝိညာဉ်ရှိသောငါ၊ ငါနှင့်ဝိညာဉ်ရှိ၊ ဝိညာဉ်ထဲနှင့်ငါရှိ၏ယူသောဒိဋ္ဌိသုံးမျိုး။

ဟူသောကျန်ဒိဋ္ဌိ တဆဲ့ငါးပါးတို့နှင့်၊ သဿတဒိဋ္ဌိနှင့်မြဲလှစွာ။ငါဆိုဘာတကယ်ရှိ၏ဟုယူကြသော။သဿတဒိဋ္ဌိအယူကို။ကာသိတာ ဟောကြားတော်မူအပ်၏၊

ဖော်ပြခဲ့သို့။ ဧကူ၊ ဤခန္ဓာငါးပါးနှင့်။ ပဉ္စရသဘာဝဒိဋ္ဌိသော၊ သဿတဒိဋ္ဌိ တဆဲ့ငါးမျိုးတို့သည်။ ဟောအပ်ပြဖြစ်ကုန်၏၊ ပဉ္စဝိဘဝဒိဋ္ဌိသော၊ ဥစ္ဆေဒဒိဋ္ဌိငါးမျိုးတို့သည်။ ဟောအပ်ဖြစ်ကုန်၏၊ တသဘောဝှာပါ၊ ထိုသက္ကာယဒိဋ္ဌိနှစ်ဆယ်လုံးတို့သည်လည်း။ မဂ္ဂါဝရဏာ၊ မဂ်ကိုတားမြစ်နိုင်ကုန်၏။ နသဂ္ဂါဝရဏာ၊ နတ်ပြည်ကိုမတား။ လုံးလုံးမတားနိုင်။ပထမ မဂ္ဂဝဇ္ဈာတိ၊သောတာပတ္တိမဂ်ဥာဏ်ဖြင့်၊ဘုန်းလှသဘင်ပြအပ်သောတရားတို့ဟူ၍။ ဝေဒိကာဠှာ၊ သိအပ်ကုန်၏၊ ။ဤကားအနက်၊ ။ဤသက္ကာယဒိဋ္ဌိအယူ

ည်။ နာမ်ရုပ်နှစ်ပါးကိုအစွဲပြု၍ရှစ်ပါး၊ ခဲဘော်လေးပါးကိုအစွဲပြု၍တဆဲ့ခြောက်ပါး။ ခန္ဓာငါးပါးကိုအစွဲပြု၍နှစ်ဆယ်၊ ဓာတ်ခြောက်ပါးကိုစွဲ၍နှစ်ဆဲ့လေးပါး။ အာယတနတဆဲ့နှစ်ပါးကိုစွဲ၍လေးဆဲ့ရှစ်ပါး။ ဓာတ်တဆဲ့ရှစ်ပါးကိုစွဲ၍ခုနစ်ဆဲ့နှစ်ပါးပသည်ဖြင့် ရုပ်

နာမ်တရားတို့ကိုအကျယ်ဖြန့်ကြည့်လျှင်။သက္ကာယဒိဋ္ဌိအာသန္နေ ဖြစ်သင့်၏၊ ဤသက္ကာယဒိဋ္ဌိနှစ်ဆယ်ကို အရပ်ရပ်ကျမ်းဂန်တို့၌ ပင်။ထင်ရှားစွာပြဆိုလျက်ရှိကြပြီးဖြစ်၍။ဤကျမ်း၌စကားစပ်မိရုံ မျှ အကျဉ်းအားဖြင့်သာ ထုတ်ပြလိုက်သည်၊ မကျဉ်းမကျယ် အဓိပ္ပာယ်ကိုသွင်းလျက်။ လယ်တီဆရာတော်စီရင်သည့် ပဋိစ္စ သမုပ္ပါဒ်ဒီပနီ ၂ က ၁၃ ထိကြည့်။

---

## ၇၈။ ။သက္ကာယဒိဋ္ဌိနိုက်ပါသည့်အတ္တသဒ္ဒါများကို ကိုယ်ဟုအနက်မပြန်ထိုက်သည်ကို ပြခြင်း။

အထူးသတိပြုရန်မှာ၊ ။ဤသက္ကာယဒိဋ္ဌိနှစ်ဆယ်ကိုပြ သော ပါဠိတော် အရပ်ရပ်တို့မှာပါရှိသည့်။အတ္တ သဒ္ဒါများကို၊ (ကိုယ်ဟူ၍)အနက်မပြန်ထိုက်။ အဘယ့်ကြောင့်နည်းဆိုသော်၊ သဘာဝယုတ္တိ။ကာရဏယုတ္တိ။အာဂမယုတ္တိလည်းမရှိ။ မိမိတို့ စွဲချက်သက္ကာယဒိဋ္ဌိအယူနှင့်လည်းမညီညွတ်သောကြောင့်တည်း မညီပုံကား။ ။ရူပသ္မိံ ဝါအတ္တာနံသမနုပဿတိ။ ။ဟူသောသက္ကာ ယဒိဋ္ဌိအယူကို။ ။ရူပသ္မိံ ဝါ။ ရုပ်အစုဟူသောကိုယ်ကြီးထဲနိုက် လည်း။အတ္တာနံ။ ကိုယ်ရှိ၏ဟူ၍။ သမနုပဿတိ။မှားသောအား ဖြင့်ရှု၏။ ။ဟု အနက်ပေးက၊ ယသာတ်အပေါင်းအစုဖြစ်သော ကိုယ်ကြီးထဲ၌။ ကိုယ်ရှိသေး၏ဟု ဆိုရာရောက်သောကြောင့်ရင်း။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဟူသောနာမက္ခန္ဓာလေးပါး သည်။အထည်သဏ္ဌာန်ဒြပ်အားဖြင့်မရှိသောပရမတ်တရားစုဖြစ် ၍အပေါင်းအစုကိုဟောသော(ကာယ)သဒ္ဒါ၏ နာမသတ်ကိုယ် နှင့်၊ အနက်ပြန်ဆိုပါမူ၊ ဝေဒနာကိုကိုယ်၊ သညာကိုကိုယ်၊သင်္ခါ ရက္ခန္ဓာစေတသိက် ငါးဆယ်ကိုကိုယ်၊ ဝိဉာဏ်ကိုကိုယ် ဟုဆိုရာရောက်သောကြောင့်ရင်း။(အတ္တ)သဒ္ဒါကို(ကိုယ်)ဟုအ နက်ပြန်က၊ကေန်သဘာဝယုတ္တိ။ ကာရဏယုတ္တိ မရှိကြောင်း

ကိုနောက်က ပြခဲ့ပြီ။ အာဂမယုတ္တိ မရှိကြောင်းကိုမူကား။ ဒိဋ္ဌိ သတ်ခေါက်းဓာတ် ကမ္မဋ္ဌာန်း၊ နိဗ္ဗာန်ပေါက်လမ်းဓာတ်ကမ္မဋ္ဌာန်း တို့မှာအကျယ်ကြည့်။ သိစေလိုရင်းကား။သဏ္ဍာယဒိဋ္ဌိနှစ်ဆယ် မှာရှိသောအဋ္ဌ။ အနတ္တပုဒ်မှာရှိသောအဋ္ဌ။သုညတကမ္မဋ္ဌာန်း တို့မှာ ပါရှိသော အဋ္ဌသဒ္ဒါတို့သည်၊ အပေါင်းအစုကို ဟော သောယသတ် ကိုယ်ဟောမဟုတ်။ (စိတ္တေကာယေသဘာဝေစ သောအဋ္ဌာပရမတ္ထနို) ဟူသောအဘိဓာန်အရ(ပရမတ္ထနိအဋ္ဌ ခေါ်သော အသက်ဝိညာဉ်ဟောဖြစ်သည်။ ဤ(ပရမတ္ထနိအဋ္ဌ) ခေါ်အသက်ဝိညာဉ်ကိုပင် မြန်မာတို့က (ငါ) ပါဠိဘာသာက (အဟံ) ဟူ၍ပြောဆိုကြသည်။ ဇိဝေါတိစအဋ္ဌာ၉၀။ ၊ဟူ၍ ၎င်း။ ၊ဇိဝေါတိ အဋ္ဌာ။ ။ဟူ၍၎င်း။ ။ဇိဝေါတုပုရိ သောဏ္ဍာထ။ ။ဟူ၍၎င်း၊ ။တိကံသရိရာမိပတိဒေဝေ။ ။ ဟူ၍၎င်း။ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ။ မဟာဋီကာ။ အဘိဓာန် စာကိုယ်။ ၎င်းဋီကာတို့နှိုက်လာသည်။ ယင်းအဋ္ဌဇိဝအယူကို ပင်ပယ်တော်မူလို၍။ အနတ္တဒေသနာကို ဟောတော်မူသည်ဟု ကထာဝတ္ထု အဋ္ဌကထာနှိုက်။ ၊အနတ္တာတိ အဋ္ဌနာ ဇိဝေန ပုဂ္ဂလေန ရဟိတော၊ ။ဟူ၍ အနတ္တပုဒ်ကအဋ္ဌသဒ္ဒါကို။ဇိဝ ဟုတိုက်ရိုက်ပင်ဘွင့်ပြတော်မူသည်။ ယင်းအဋ္ဌဇိဝကိုပင် အ ဟံဆိုသည်ဟု ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ စသည်တို့နှိုက်။ ၊ အဟန္တိအဋ္ဌာနမေဝ သန္တာယဂဏှတိ။ ။ဟူ၍ ဘွင့်ဆိုသည် ကိုထောက်ဆ၍။ နောက်ကပြခဲ့သည့်။ သဏ္ဍာယဒိဋ္ဌိ နှစ်ဆယ် တွင်။ ။ရူပံ၊ ရုပ်ကို။ အဋ္ဌတော၊ ငါဟူ၍။ သမနုပဿတိ၊ မ ဟုတ်ဘဲနှင့် အလွဲကိုရှု၏။ ပ။ ရူပဝန္တံ ဝါ၊ ရုပ်ဟုခေါ်ဆိုကြသည့် ကိုယ်ထဲနှိုက်မူလည်း။ အဋ္ဌာနံ၊ ငါငါထင်စရာအချက်။အသက် ဝိညာဉ်ရှိ၏ဟူ၍၊ သမနုပဿတိ၊ မဟုတ်ဘဲနှင့် အလွဲကိုရှုမြင် တတ်၏။ ၊စသည်ဖြင့် အနက်ပြန်မှ သင့်မည်ကိုသာ။ သတိ ကြပ်ကြပ်ပြုကြကုန်ရာသတည်း။

---

## ၇၉။ ၊၊ရုပ်နှစ်ဆဲ့ရှစ်ပါးနှိုက်သတ္တာယမိဋ္ဌိ ငြိပုံကိုပြခြင်း။

၁။ ပထဝီဓာတ်၏နူးညံ့မှု။ ခက်မာမှုကို။ ငါပြော့ပြောင်းသည်။ ငါတောင့်တင်းခိုင်မာသည်။ ငါညောင်းညာသည်ဟုစွဲသည်။

၂။ အာပေါဓာတ်၏ ဖွဲ့စေးမှု။ ယိုစီးမှုကို။ ငါခေါင်းချုပ်သည်။ ငါခေါင်းသက်သည်၊ ငါနှာစေးသည်၊ငါနှာရေယိုသည်စသည်ဖြင့်စွဲသည်။

၃။ တေဇောဓာတ်၏ဒွမ့်ပူမှုကို။ ငါအေးသည်ငါချမ်းသည်။ ငါပူသည်။ငါအိုက်သည်ဟုစွဲသည်။

၄။ ဝါယောဓာတ်၏ ထောက်ကန်မှု၊ ငြိမ်းရှားမှုကို၊ ငါရပ်သည်။ငါထိုင်နေသည်။ ငါလှုပ်ရှားသည်။ ငါသွားလာသည်ဟုစွဲသည်။

၅။ စက္ခုပသာဒကို ငါကြည့်သည်။ ငါမြင်သည်ဟုစွဲသည်။

၆။ သောတပသာဒကို။ ငါနားထောင်သည်။ ငါကြားသည်ဟုစွဲသည်။

၇။ ဃာနပသာဒကို၊ ငါနမ်းရှုသည်။ငါမွှေးသည်။ ငါနံသည်ဟုစွဲသည်။

၈။ ဇိဝှါပသာဒကို။ ငါစားသည်။ ငါလျက်သည်။ အချိုအချဉ်စသောအရသာကိုငါသိသည်ဟုစွဲသည်။

၉။ ကာယပသာဒကို။ ငါတွေ့သည်။ ငါကိုင်သည်။ ငါထွေးယ်သည်ဟုစွဲသည်။

၁၀။ ရူပါရုံကို။ ငါအဆင်းလှသည်။ ငါအဆင်းမလှဘူးစသည်ဖြင့်စွဲသည်။

၁၁။ သဒ္ဒါရုံကို၊ ငါအသံကောင်းသည်။ ငါအသံမကောင်းဘူးစသည်ဖြင့်စွဲသည်။

၁၂။ ဂန္ဓာရုံကို၊ ငါအနံ့ကောင်းသည်၊အနံ့မကောင်းဘူးစသည်ဖြင့်စွဲသည်။

၁၃။ ရသာရုံကို၊ ငါ့အရသာရှိသည်၊ငါ့အရသာမရှိစသည်ဖြင့်စွဲသည်။

ဖောဋ္ဌဗ္ဗာရုံကို၊ ငါ့အတွေ့ ကောင်းသည်၊ ငါ့အတွေ့မကောင်းစသည်ဖြင့်စွဲသည်။

၁၄။ ဣတ္ထိဘာဝရုပ်ကို၊ငါမိန်းမဟု၍စွဲသည်။

၁၅။ ပုရိသဘာဝရုပ်ကို၊ငါယောကျ်ားဟု၍စွဲသည်။

၁၆။ ဟဒယဝတ္ထုကို၊ ငါ့နှလုံး နာသည်၊ ငါ့နှလုံး ကောင်းသည်၊ငါ့နှလုံးမကောင်း၊ ငါ့နှလုံးငြိမ်သည်၊ငါ့နှလုံးတုံလှုပ်သည်စသည်ဖြင့်စွဲသည်။

၁၇။ ဇီဝိတရုပ်ကို၊ ငါ့အသက် ရှည်သည်၊ ငါ့အသက် တိုသည်စသည်ဖြင့်စွဲသည်။

၁၈။ အာဟာရရုပ်ကို၊ ငါ့အစာကျေသည်၊ ငါ့အစာမကျေစသည်ဖြင့်စွဲသည်။

၁၉။ အာကာသခေတ်ကို၊ငါ့နားပေါက်၊ငါ့နှာခေါင်းပေါက်စသည်ဖြင့်စွဲသည်။

၂၀။ ကာယဝိညတ်ကို၊ ငါကိုယ် လှုပ်သည်၊ ငါဦးခေါင်းလှုပ်သည်၊ ငါလက်ရပ်၍ခေါ်သည်၊ ငါလည်ကိုညိတ်သည်၊ ငါမျက်စိကိုမှိတ်သည်စသည်ဖြင့်စွဲသည်။

၂၁။ ဝစီဝိညတ်ကို၊ ငါပြောသည်၊ ငါဆိုသည်၊ ငါခေါ်သည်စသည်ဖြင့်စွဲသည်။

၂၂။ ရူပဿလဟုတာကို၊ ငါကိုယ် လက်ပေါ့ပါးသည်ဟုစွဲသည်။

၂၃။ ရူပဿ မုဒုတာကို၊ ငါနူးညံ့သည်၊ ငါပြေ့ပြောင်းသည်ဟုစွဲသည်။

၂၄။ ရူပဿ ကမ္မညတာကို၊ ငါကိုယ်လက်ကျန်းမာသည်၊ ငါနေထိုင်ကောင်းသည်ဟုစွဲသည်။

(၂၅-၂၆) ဥပစယ၊သန္တတိကို။ငါကြီးပွါးလာပြီဟုစွဲသည်။
၂၇။ ဇရတာကို။ ငါအိုပြီ။ ငါရင့်ပြီ၊ ငါအိုရဦးမည်စသည် ဖြင့်စွဲသည်။
၂၈ အနိစ္စတာကို၊ငါသေရတော့ပြီ။သေရလိမ့်ဦးမည်စသည် ဖြင့်စွဲသည်။

သတိပြုရန်။ ။ဤသက္ကာယဒိဋ္ဌိ ဟူသော တရားယုတ်။ တရားဆိုးသည်။ စင်စစ်ကြေနံ အမှန်မူချ။ အနိဋ္ဌဖြစ်သောဇရတာ ရုပ်။အနိစ္စတာရုပ်တို့၌ပင်သော်လည်း။ငါအိုရမည်။ငါသေရမည် စသည်ဖြင့်။ ပိုးနှံကောင်သည်။ မီးရောင်ကို ရွှေတောင်ထင်မှား သကဲ့သို့။ အများသတ္တဝါဟူသမျှတို့ကို။ ဝဋ်ဒုက္ခသံသရာ၌ တချောချောမလွှတ်ကင်း နိုင်အောင်။ ဖွတ်အတင်း နှိပ်စက်မှုကြောင့်။ ယခုတိုင်သံသရာနိုက်။ ရှည်ကြာ၍နေကြသောအရာကို။လွန်စွာ ရိပ်မိစရာ ကောင်းလှလေပြီ။ ။ဤကား အဇ္ဈတ္တ သန္တာန်ဟူ သောမိမိကိုယ်နိုက်ဒိဋ္ဌိဖြင့်ကပ်ငြိပုံဘည်း။

ဤသို့ပြဆိုခဲ့တိုင်း၊ မိမိကိုယ်၌ ကပ်ငြိစွဲလန်းမှုသာ။သက္ကာယ ဒိဋ္ဌိ ဆိုသည် မဟုတ်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ မိန်းမ ယောကျ်ားစ သော ထင်မြင်စွဲလန်းချက်နှင့်။ မည်သူ တောင့်တင်းသည်။မည် သူညှောင်းညာသည်။ မည်သူ ခေါင်ချပ်သည်၊ မည်သူခေါင် သက်သည်။ မည်သူ ဝေသည်။ မည်သူ ချမ်းသည်။ မည်သူ ပူ သည်။ မည်သူဆိုက်သည်။ မည်သူရပ်သည်။ မည်သူထိုင်သည်၊ မည်သူလှုပ်ရှားသည်၊ မည်သူသွားသည်၊ မည်သူကြည့်သည်။ မည်သူမြင်သည်။မည်သူနားထောင်သည်၊ မည်သူကြားသည်။ မည်သူ နမ်းရှုသည်။ မည်သူနံသည်၊ မည်သူ မွှေးသည်။မည်သူ စားသည်။ မည်သူလျက်သည်။ မည်သူတွေ့သည်၊ မည်သူကိုင် တွယ်သည်၊ မည်သူလှသည်။ မည်သူ အရုပ်ဆိုးသည်၊ မည်သူ အသံ ကောင်းသည်။ မည်သူ အသံ မကောင်း စသည်ဖြင့်မှတ် ထင်စွဲလန်း ပြောဆိုရာ၌ လည်း၊သူတပါးဟူသောဗဟိဒ္ဓသန္တာန် ကို၊ အမှီပြု၍ ပြောဆို စွဲလန်း မှတ်ထင်သူမှာ၊ သက္ကာယဒိဋ္ဌိဖြစ်

ပြန်၏။ ။နှုးညှံ့မှု၊ခက်မာမှု၊ ဖွဲ့စီးမှု၊ယိုစီးမှု၊အေးမှု၊ပူမှု၊ထောက်ကန်မှု၊လှုပ်ရှားမှု၊ကြည့်တတ်သောအမှု၊ နားထောင်တတ်သောအမှုစသည်ဖြင့်ပရမတ်ရုပ်တရားတို့၏လက္ခဏာများကိုတချားစီတခုစီ၊ အသီးအသီးဝေဘန်ခွဲစိတ်ခြင်းကိုမပြုနိုင်၍၊ ရုပ်အစုဟူသော၄ကိုယ်ကြီးတခုလုံးကို၊ ငါဘဲ၊ သူဘဲ၊ ပုဂ္ဂိုလ်ဘဲ၊သတ္တဝါဘဲစသည်ဖြင့်တပေါင်းတည်း၊ တခုတည်းပင်ဖြစ်စေ၊ ပူမှု၊အေးမှုစသော၊ ပရမတ်ရုပ်တခုတည်းကိုပင်၊ ငါဘဲ၊သူဘဲ၊ပုဂ္ဂိုလ်ဘဲ၊သတ္တဝါဘဲဟုမှတ်ထင်စွဲလန်းကပ်ငြိ၍၊ ငါပူသည်၊ သူပူသည်၊ မည်သူပူသည်၊ ငါအေးသည်၊သူအေးသည်၊ မည်သူအေးသည်၊ မည်ဝါအေးသည်စသည်ဖြင့်၊ မှတ်ထင်စွဲလန်းကပ်ငြိမှုသည်လည်းသက္ကာယဒိဋ္ဌိပင်ဖြစ်သည်ဟုမှတ်ရမည်။ ။

---

## ၁၀။ ။ဝေဒနက္ခန္ဓာ၌သက္ကာယဒိဋ္ဌိငြိပုံကိုပြခြင်း။

(၁) သုခဝေဒနာ၏ ချမ်းသာမှုကို၊ ငါချမ်းသာသည်ဟုဒိဋ္ဌိကစွဲသည်။

(၂) ဒုက္ခဝေဒနာ၏ဆင်းရဲမှုကို၊ငါဆင်းရဲသည်ဟုစွဲသည်။

(၃) သောမနဿဝေဒနာ၏ ဝမ်းမြောက်ရွှင်လန်းမှုကို၊ ငါဝမ်းမြောက်သည်၊ ငါဝမ်းသာသည်၊ငါအားရသည်၊ ငါရွှင်လန်းသည်ဟုစွဲသည်။

(၄) ဒေါမနဿဝေဒနာ၏နှလုံးမသာမှုကို၊ ငါနှလုံးမသာယာ၊ငါမကြည့်လိုပါ၊မမြင်လိုပါစသည်ဖြင့်စွဲသည်။

(၅) ဥပေက္ခာဝေဒနာ၏ ဝမ်းမြောက်ဝမ်းသာမရှိ၊ ဆင်းရဲဒုက္ခမရှိ၊ ပကတိအနေနှင့်၊ လျစ်လျူရှုမှုကို၊ ငါဝမ်းလည်းမမြောက်၊ ဆင်းရဲလည်းမဆင်းရဲ၊ မြင်ရရုံ၊ ကြားရရုံသာရှိသည်စသည်ဖြင့်စွဲသည်။

၅ါဝေဒနာငါးပါးတို့အနက်၊ တပါးတပါးကိုအာရုံခြောက်ပါးနှင့်စပ်ဟပ်၍၊ ။

(၁) မျက်စိနှင့်အဆင်သင့်သော။ မျက်စိကြိုက်ရူပါရုံကို မြင်ရ၍။သာယာခံစားတတ်သော၊စက္ခုသမ္ဖဿဇာသုခဝေဒနာ အမှုကို။ ငါကြည့်ကောင်းသည်။ ငါမျက်စိအရသာရှိသည်ဟုစွဲ သည်။ ။

(၂) နားနှင့်အဆင်သင့်သော။နားကြိုက်သဒ္ဒါရုံကို။ကြား ရ၍။သာယာခံစားတတ်သော။သောတသမ္ဖဿဇာသုခဝေဒနာ အမှုကို။ ငါနားထောင်ကောင်းသည်။ ငါနားအရသာရှိသည်ဟု စွဲသည်။ ။

(၃) နှာခေါင်းနှင့်အဆင်သင့်သော။နှာခေါင်းကြိုက်ဂန္ဓာ ရုံကို နမ်းရှူရ၍။သာယာခံစားတတ်သော။ ဃာနသမ္ဖဿဇာသု ခဝေဒနာအမှုကို။ငါမွှေးသည်ငါကြိုက်သည်။ ငါနှာခေါင်းအရ သာရှိသည်ဟုစွဲသည်။ ။

(၄) လျှာနှင့်အဆင်သင့်သော။လျှာကြိုက်ရသာရုံကို၊စား သောက်ရ၍။ သာယာခံစားတတ်သော။ ဇိဝှါ သမ္ဖဿဇာသုခ ဝေဒနာအမှုကို၊ငါစားကောင်းသည်။ငါအရသာရှိသည်စသည် ဖြင့်စွဲသည်။ ။

(၅) ကိုယ်နှင့်အဆင်သင့်သော။ ကိုယ်ကြိုက်ဖောဋ္ဌဗ္ဗာရုံ ကို၊ တွေ့ထိကိုင်တွယ်ရ၍၊ သာယာခံစားတတ်သော။ ကာယ သမ္ဖဿဇာ သုခဝေဒနာအမှုကို။ ငါကိုင်ကောင်းသည်။ ငါထိ ကောင်းသည်။ငါထိရမှအရသာရှိသည်ဟုစွဲသည်။ ။

(၆) စိတ်နှင့်အဆင်သင့်သော။စိတ်ကြိုက်ဓမ္မာရုံကို။ ကြံ စည်စိတ်ကူး၍။စိတ်ထဲမနောထဲမှာ။ သာယာခံစားတတ်သော၊ မနောသမ္ဖဿဇာသုခဝေဒနာအမှုကို၊ငါကြံ၍ ကောင်းသည်၊ ငါစိတ်ထဲမှာအရသာရှိသည်။ငါစိတ်ကူးနှင့်လွမ်းနေသည်စသည် ဖြင့်စွဲသည်၊ ။

၌သုခဝေဒနာ၌ပြသည့်နည်းကိုမှီး၍။ ဒုက္ခ၊ သောမနဿ” ဒေါမနဿ,,ဥပေက္ခာဝေဒနာ”တို့မှာလည်း၊ခြေခံပါးစီရအောင်၊ မြှောက်ပွါးရွေးကောက်လေ။ မခဲပြီ ။၌အားအဖွဲ့ဆွဲသ ဌာန်

ရှိ၊ဝေဒနက္ခန္ဓာ၌သက္ကာယဒိဋ္ဌိဋ္ဌိဖုံဘည်း။ဗဟိဒ္ဓသန္တာန်၌ဋ္ဌိပုံကို
လည်းရူပက္ခန္ဓာကပြခဲ့ဘိုင်းသိလေ။ ။

---

## ၈၁။ ။သညာက္ခန္ဓာ၌သက္ကာယဒိဋ္ဌိဖြစ်ပုံကိုပြခြင်း။

(၁) ထိုထိုဝတ္ထု၊ ထိုထိုသဏ္ဌာန်ကိုမြင်ရာ၌ ဤဟာကို၊ ငါမှတ်မိသည်။ ဤဝတ္ထုကိုငါမှတ်မိသည်။ ဤသူကို ငါမှတ်မိသည်ဟုထင်မြင်စွဲလန်းမှုကား၊ ရူပသညာ၌ဖြစ်သောသက္ကာယဒိဋ္ဌိမည်၏။ ။

(၂) ထိုထိုအသံကိုကြားရာ၌၊ဤအသံကိုငါမှတ်မိသည်။ ဤအသံကားမည်သူ့အသံတည်း။ မည်ကဲ့သို့သောအသံတည်းဟု၊ထင်မြင်စွဲလန်းမှုကား၊ သဒ္ဒသညာ၌ဖြစ်သောသက္ကာယဒိဋ္ဌိမည်၏။ ။

(၃) ထိုထိုအနံ့ကိုနံရာ၌၊ ဤအနံ့ကိုငါမှတ်မိသည်။မည်သူ့အနံ့တည်း၊ မွှေးသောအနံ့တည်း။ ပုပ်သောအနံ့တည်းစသည်ဖြင့်၊ထင်မြင်စွဲလန်းမှုကား။ဂန္ဓသညာ၌ဖြစ်သောသက္ကာယဒိဋ္ဌိမည်၏။ ။

(၄) ထိုထိုအရသာကို စားသောက်ရာ၌၊ ဤအရသာကို၊ ငါမှတ်မိသည်။ဤအရသာကားအချိုတည်း။ အချဉ်တည်း။ အစပ်တည်း။အငံတည်း။ အဖန်တည်း။ အခါးတည်းစသည်ဖြင့်၊ ထင်မြင်စွဲလန်းမှုကား။ ရသသညာ၌ ဖြစ်သော သက္ကာယ ဒိဋ္ဌိမည်၏။ ။

(၅) ထိုထိုဖောဋ္ဌဗ္ဗာရုံကိုတွေ့ထိရာ၌၊ဤအတွေ့ကိုငါမှတ်မိသည်။မည်သူ့အတွေ့တည်း။ဘယ်ဟာအတွေ့တည်း။ အကြမ်းတည်း။ အနုတည်းစသည်ဖြင့် ထင်မြင်စွဲလန်းမှုကား။ ဖောဋ္ဌဗ္ဗသညာ၌ဖြစ်သောသက္ကာယဒိဋ္ဌိမည်၏။ ။

(၆) ထိုထိုဓမ္မာရုံကိုကြံစည်စဉ်းစားရာ၌၊ဤတရား ဤအာရုံတို့ကိုငါမှတ်မိသည်။ ဤအာရုံကားလောဘအာရုံတည်း။ ဤအာ

ရုံကားဒေါသအာရုံဘည်း၊ ဤအာရုံကားမောဟအာရုံတည်း။ ဤတရားကားလောဘတည်း။ ဤတရားကားဒေါသတည်း။ ဤတရားကားမောဟတည်း။ ဤတရားကားအကုသိုလ်တည်း။ ဤတရားကားကုသိုလ်တည်း။ ဤတရားကား ဈာန်တည်း။ ဤတရားကားမဂ်တည်း။ ဤတရားကားဖိုလ်တည်း။ ဤဘရားကားနိဗ္ဗာန်တည်း။ ဤတရားကား ပညတ်တည်းစသည်ဖြင့်၊ ပရမတ်ဖြစ်သောခန္ဓာသညာ၏မှတ်သားမှုအနေနှင့်မထင်မမြင်နိုင်ဘဲ၊ ငါဟူသောဒိဋ္ဌိအနေနှင့် ထင်မြင်စွဲလန်းမှုကားခန္ဓာသညာ၌ ဖြစ်သောသက္ကာယဒိဋ္ဌိမည်၏။

---

## ၈၂။ ။သင်္ခါရက္ခန္ဓာ၌သက္ကာယဒိဋ္ဌိဖြစ်ပုံကိုပြခြင်း။

ဝေဒနာနှင့်သညာကိုခန္ဓာအသီးဖွဲ့ပြီးဖြစ်၍၊ ၎င်းစေတသိက်နှစ်ခုကို ချန်လျှက်၊ ကျန်စေတသိက်ငါးဆယ်ကိုသာ ထုတ်ပြတော့အံ့။ ။

(၁) ဖဿ၏အာရုံကိုတွေ့မှုကို၊ ငါတွေ့သည်ဟုစွဲသည်။

(၄) စေတနာ၏ စေ့ဆော် တိုက်တွန်းမှုကို၊ ငါစေ့ဆော်သည်၊ ငါတိုက်တွန်းသည်ဟုစွဲသည်။ ။

(၅) ဧကဂ္ဂတာ၏အာရုံ၌ တည်ကြည်ငြိမ်သက်မှုကို၊ ငါတည်ကြည်သည်၊ ငါငြိမ်သက်သည်စသည်ဖြင့်စွဲသည်။ ။

(၆) ဇီဝိတိန္ဒြေ၏ ယှဉ်ဘက်တရားတို့၌၊ စောင့်ရှောံမှုကို ငါအသက်ရှည်သည်။ အသက်ရှိ၍သာ၊ သွားလာစားသောက်နိုင်သည်စသည်ဖြင့်စွဲသည်။ ။

(၇) မနသိကာရ၏အာရုံကိုနှလုံး၌သွင်းပေးမှု၊ ထိပေးမှုကို၊ ငါနှလုံးသွင်းသည်ဟုစွဲသည်။ ။

သဗ္ဗစိတ္တသာဓာရဏစေတသိက်ပြီး၏။

(၁) ဝိတက်၏အာရုံ၌တွေတွေလာလာကြံမှုကို၊ ငါတွေတွေလာလာကြံပြီသည်ဟုစွဲသည်။

(၂) ဝိစာရ၏အာရုံထဲ၌၊တရစ်ဝဲဝဲ၊တလှည့်ပတ်ပတ်ကြံ၍စီစီးစိုက်မှုကို၊ ငါတရစ်ဝဲဝဲကြံသည်။ ငါလှည့်လည်ပတ်ပတ်ကြံသည်ဟုစွဲသည်။ ။

(၃) အဓိမောက္ခ၏အာရုံကို၊ဆုံးဖြတ်ပိုင်းခြားနိုင်မှုကို၊ ငါဆုံးဖြတ်နိုင်သည်၊ငါပိုင်းခြားနိုင်သည်ဟုစွဲသည်။ ။

(၄) ဝီရိယ၏သိုထိုအမှု၌၊အားထုတ်မှုကို၊ ငါအားထုတ်သည်၊ငါဂရုစိုက်သည်ဟုစွဲသည်။ ။

(၅) ပီတိ၏အာရုံ၌နှစ်သက်မှုကို၊ ငါနှစ်သက်ဟုစွဲသည်။

(၆) ဆန္ဒ၏ အာရုံကို၊ အလိုရှိမှုကို၊ ဘယ်ဟာကို ငါလိုချင်သည်၊ငါရချင်သည်။ ငါပြုချင်သည်။ ငါသွားချင်သည်၊ငါလာချင်သည်။ ငါပြောချင်သည်၊ငါဆိုချင်သည်။ ငါကြည့်ချင်သည်။ငါနားထောင်ချင်သည်စသည်ဖြင့်စွဲသည်။

ပကိဏ်းစေတသိက်ပြီး၏။

---

(၁) မောဟ၏တရားသဘောအတိုင်း၊ မသိမမြင်၊မထင်ဖုံးကွယ်မှု၊တွေဝေမိုက်မဲမှုကို၊ ငါတရားကိုမသိ။ ငါတရားကိုမမြင်။ ငါတရားကိုနားမလည်။ ငါတွေဝေသည်။ ငါမိုက်သည်စသည်ဖြင့်စွဲသည်။ ။

(၂) အဟိရိက၏ မကောင်းမှုနှင့်တွေ့လျှင်၊ မရှက်မှုကို၊ ငါမရှက်ဟုစွဲသည်။ ။

(၃) အနောတ္တပ္ပ၏ မကောင်းမှုနှင့်တွေ့လျှင်၊ မကြောက်လန့်မှုကို၊ငါမကြောက်၊ငါမလန့်ဟုစွဲသည်။ ။

(၄) ဥဒ္ဓစ္စ၏ပျံ့လွင့်တုံလှုပ်မှုကို၊ ငါပျံ့လွင့်သည်၊ ငါတုံလှုပ်သည်ဟုစွဲသည်။ ။

(၅) လောဘ၏ သားမယားပစ္စည်းဥစ္စာတို့၌၊ တွယ်တာ

ရုံမက်၊နှစ်သက်ခုံမင်၊ချစ်ခင်သာယာမှုကို၊ ငါတွယ်တာသည်၊
ငါရုံမက်သည်၊ငါနှစ်သက်သည်၊ငါခုံမင်သည်၊ငါချစ်ခင်သည်
ငါသာယာသည်၊ငါကပ်ငြိသည်ဟုစွဲသည်။ ။
(၆) ဗိဋ္ဌ၏အယူများမှု၊အထင်အမြင်များမှု၊ အထင်အမြင်
လွဲမှုကို၊ငါအယူများသည်၊ငါအထင်အမြင်များသည်၊ငါအထင်
အမြင်လွဲသည်ဟုစွဲသည်။

(၇) မာန၏အညွှံ့စားမခံလိုမှု၊မနှိမ့်ချလိုမှု၊ အောက်မကျ
လိုမှု၊တက်ကြွထောင်လွှား၊မော်ကြွား၊မောက်မိုမှုကို၊ ငါအညွှံ့မ
ခံနိုင်၊ငါမနှိမ့်ချနိုင်၊ငါအောက်ကျမခံနိုင်၊ ငါတက်ကြွသည်၊ငါ
ထောင်လွှားသည်၊ငါမော်သည်၊ငါကြွားသည်၊ငါမောက်သည်
ဟုစွဲသည်။
(၈) ဒေါသ၏အမျက်ထွက်မှု၊ စိတ်ဆိုးမှု၊ စိတ်ပျက်မှု၊မုန်း
မှု၊အမြင်ကပ်မှုကို၊ ငါအမျက်ထွက်သည်၊ ငါစိတ်ဆိုးသည်၊ငါ
စိတ်ပျက်သည်၊ငါရှုံ့သည်၊ငါမုန်းသည်၊ငါအမြင်ကပ်သည်ဟုစွဲ
သည်။ ။
(၉) ဣဿာ၏သူ့ဘပါး၊ဘုံစားရ၊သောက်ရ၊ဝတ်ရ၊ဆီးရ
အလိုရှိတိုင်းရမှုနှင့်၊ငြူစူမှု၊မနာလိုမှု၊အမြင်ကပ်မှု၊ သည်းမခံနိုင်မှု
ကို၊ငါငြူစူသည်၊ငါစောင်းမြောင်းသည်၊ငါမနာလိုသည်၊ငါအ
မြင်ကပ်သည်၊ငါသည်းမခံနိုင်ဟုစွဲသည်။ ။
(၁၀) မစ္ဆရိယ၏မိမိစီးစိမ်၊လာဘ်လာဘနှင့်၊ သူတပါးနှင့်
မဆက်ဆံလို၊ဝန်တိုစဉ်းလဲ၊စေးနဲချုပ်ချယ်၊ ငြိတွယ်နှမြောမှုကို၊
ငါဝန်တိုသည်၊ ငါစဉ်းလဲသည်၊ငါချုပ်ချယ်သည်၊ ငါနှမြော
သည်ဟုစွဲသည်။

(၁၁) ကုက္ကုစ္စ၏ပြုဘူးသော၊ ဒုစရိုက်မကောင်းမှုအတွက်၊
စိတ်စက်မလုံ၊ညှိုးကျုံ့ပူပန်မှုကို၊ငါနှလုံးပူသည်၊ငါစိတ်မနေနိုင်ရှိ
သည်၊ငါစိတ်ညစ်သည်၊ငါစိတ်ရှုပ်သည်ဟုစွဲသည်။
(၁၂-၁၃) ထိနမိဒ္ဓ၏တရားသဘောနှင့်စပ်လျဉ်း၍၊ပျင်းရိ

မှု။ငြိုးငွေ့မှုကို၊ငါပျင်းရိသည်။ ငါမှုံးညိုးသည်။ငါငြိုးငွေ့သည် ဟုစွဲသည်။

(၁၄) ဝိစိကိစ္ဆာ၏။ ရတနာသုံးပါးဂုဏ်စသည်တို့၌။ မယုံကြည်နိုင်ဘဲ။ဖောက်လဲဖောက်ပြား။ယုံမှားတွေးတော။ သဘောနှစ်ခွမှုကို။ငါမယုံကြည်နိုင်။ငါယုံမှားသည်။ငါတွေးတောသည်၊ ငါသဘောမကျရှိသည်ဟုစွဲသည်။

## အကုသိုလ်စေတသိက်ပြီး၏။

---

(၁) သဒ္ဓါ၏ကောင်းမြတ်သောဘုရားစသောအာရုံ၌ ယုံကြည်မြတ်နိုးမှု။ကြည်ညိုမှု၊ကြည်ဖြူမှုကို။ ငါယုံကြည်သည်။ငါမြတ်နိုးသည်။ငါကြည်ညိုသည်။ငါကြည်ဖြူသည်ဟုစွဲ သည်။

(၂) သတိ၏။ဘုရားစသောကောင်းသောအာရုံကိုသရွေ့တို့၌။မမေ့မလျော့မှု။ အမှတ်ရမှုကို။ ငါမမေ့ပါ။ ငါအမှတ်ရပါသည်။ငါသတိရပါသည်ဟုစွဲသည်။

(၃) ဟိရီ၏။မကောင်းနှင့်တွေ့၍။ရှက်မှုကို။ ငါရှက်သည် ဟုစွဲသည်။

(၄) ဩတ္တပ္ပ၏၊ မကောင်းမှုနှင့် တွေ့၍၊ ကြောက်လန့်ထိပ်မှုကို။ ငါကြောက်သည်။ငါရွံ့သည်။ ငါလန့်သည် ငါထိပ်သည်ဟုစွဲသည်။

(၅) အလောဘ၏။အာရုံ၌။ မငြိကပ်မတွယ်တာမှုကို။ငါမငြိ၊ငါမကပ်။ငါမတွယ်။ငါမခုံမင်။ငါမလိုချင်ဟုစွဲသည်။

(၆) အဒေါသ၏။စိတ်မဆိုးမှု။ အမျက်မထွက်မှု၊မရှုံးမှု။ချစ်မှုကို။ငါစိတ်မဆိုး။ငါအမျက်မထွက်၊ငါမရှုံးပ။ငါချစ်သည် ဟုစွဲသည်။

(၇) တတြမဇ္ဈတ္တတာ၏။ထိုထိုအာရုံ၌။အရေးမယူမှု။ ဂရုမစိုက်မှု။လျစ်လျူမှုကို။ငါအရေးမယူ။ငါဂရုမစိုက်၊ငါလျစ်လျူရှုသည်ဟုစွဲသည်။ ။

(၈-၉) ကာယပဿဒ္ဓိ။စိတ္တပဿဒ္ဓိတို့၏ ကိုယ်စိတ်နှစ်ပါး။ငြိမ်း။ချမ်းသာမှုကို၊ငါငြိမ်းသည်။ငါချမ်းသာသည် ဟုစွဲသည်။ ။

(၁၀-၁၁) ကာယလဟုတာ။စိတ္တလဟုတာတို့၏၊ကိုယ်စိတ် နှစ်ပါး။ပေါ့ပါးလျှင်မြန်မှုကို။ငါပေါ့ပါးသည်။ ငါလျှင်မြန်သည်ဟု စွဲသည်၊

(၁၂-၁၃) ကာယမုဒုတာ။စိတ္တမုဒုတာတို့၏။ ကိုယ်စိတ်နှစ် ပါး၊ကုသိုလ်တရားတို့၌နူးညံ့ပြေပြောင်းမှုကို။ ငါနူးညံ့သည်။ ငါပြေပြောင်းသည်ဟုစွဲသည်။

(၁၄-၁၅) ကာယ ကမ္မညတာ။ စိတ္တ ကမ္မညတာ တို့၏ ကုသိုလ်တရား၌။ထားတိုင်းနေမှု။ ခိုင်းတိုင်းရမှုဟူသော။ အမှု၌။ ခန့်ကျမ်းမှုကို။ငါကုသိုလ်တရား၌ထားရာကနေသည် ခိုင်းတိုင်း လုပ်သည်ဟုစွဲသည်၊ ။

(၁၆-၁၇) ကာယ ပါဂုညတာ။ စိတ္တ ပါဂုညတာ တို့၏ ကုသိုလ်မှု၌။ လည့်ပတ်မှု။ကျင်လည်မှု၊ ပါးမှု။နပ်မှုကို။ ငါကု သိုလ်တရား၌နားလည်သည်။ ကျင်လည်သည်၊ ပါးသည်။ နပ် သည်ဟုစွဲသည်။ ။

(၁၈-၁၉)ကာယုဇုကတာစိတ္တုဇုကတာတို့၏။ ကုသိုလ်တ ရားတို့၌၊ ကိုယ်စိတ်နှစ်ပါးတို့၏။ ဖြောင့်မတ်၊ မှန်ကန်မှုကို။ငါ ဖြောင့်မတ်သည်။ငါမှန်ကန်သည်ဟုစွဲသည်။ ။

သောဘဏသာဓာရဏစေတသိက်ဆဲ့ကိုးပြီး၏။

---

(၁) သမ္မာဝါစာ၏။ မုသာဝါဒ။ပိသုဏာဝါစာ။ ဖရုသဝါ စာ။သမ္ဖပ္ပလာပလေးပါးတို့မှ၊ရှောင်ကြဉ်မှုကို။ ငါမုသားမပြော၊ ငါဂုံးမတိုက်။ငါမဆဲးရေး၊ငါအကျိုးမရှိသောစကားကိုမပြောမ ဆိုဟုစွဲသည်။ ။

(၂) သမ္မာကမ္မန္တ၏ပါဏာတိပါတ။အဒိန္နာဒါန၊ ကာမေ

သုမိဿဇ္ဈာစေ့ရသုံးပါးတို့မှ။ရှောင်ကြဉ်မှုကို။ ငါသူ့အသက်ကိုမ
သတ်။ငါသူ့ဥစ္စာကိုမခိုး။ငါသူ့သားမယားကိုမပြစ်မှားတတ်ဟု
စွဲသည်။ ။

(၃) သမ္မာအာဇီဝ၏။ ၄င်းဒုစရိုက် ခုနစ်ပါးတို့မှ ရှောင်
ကြဉ်၍။ကောင်းမွန်စွာ။အသက်မွေးမှုကို။ ငါမတရားမပြု။ ငါဘ
သဖြင့်သာ။ကောင်းစွာအသက်မွေးသည်ဟုစွဲသည်။ ။

ဝိရတီစေတသိက်သုံးပြီး၏။

(၁) ကရုဏာ၏ ဒုက္ခိတသတ္တဝါတို့၌။ သနားကျင်နာမှု
ကို။ငါသနားသည်။ငါကျင်နာသည်ဟုစွဲသည်။ ။
(၂) မုဒိတာ၏သုခိတသတ္တဝါတို့၌ ဝမ်းမြောက်အားရမှု
ကို။ငါဝမ်းမြောက်သည်။ငါအားရသည်ဟုစွဲသည်။ ။

အပ္ပမညာစေတသိက်နှစ်ပြီး၏။

ပညိန္ဒြေ၏ရုပ်နာမ်တရားတို့၌။ဟုတ်မှန်တိုင်းသိမြင်နားလည်
မှုကို။ငါဟုတ်မှန်တိုင်းသိသည်။ ငါဟုတ်မှန်တိုင်းမြင်သည်။ငါ
ဟုတ်မှန်တိုင်းနားလည်သည်ဟုစွဲသည်။ ။ဗဟိဒ္ဓသန္တာန်၌စွဲ
ပုံကိုရှုပကျွန္တာကပြခဲ့တိုင်းမှတ်။

၇၃။ ။ဝိညာဏက္ခန္ဓာ၌သက္ကာယဒိဋ္ဌိငြိပုံကိုပြခြင်း။

(၁) စက္ခုဝိညာဏ်၏ ရူပါရုံကိုကြည့်မှု။ ရှုမှုသိမြင်မှုကို။
ဘယ်သူ့ဝတ္ထုကို၊ဘယ်သူ့ကို။ဘာကို ငါကြည့်ရှုသည်။ငါမြင်
သည်ဟုစွဲသည်။ ။
(၂) သောတဝိညာဏ်၏၊သဒ္ဒါရုံကိုနားထောင်မှု။ ကြား

မှုကို၊ငါဘယ်အသံကိုနားထောင်သည်၊ မည်သူ့အသံကိုကြားသည်ဟုခွဲသည်။ ။

(၃) ဃာနဝိညာဏ်၏ဂန္ဓာရုံကိုနမ်းရှုမှု၊ အနံ့နံ့မှုကို၊ငါနံသည်၊ငါမွှေးသည်ဟုခွဲသည်။ ။

(၄) ဇိဝှါဝိညာဏ်၏ ရသာရုံကိုစားမှု၊ သောက်မှု၊အရသာကိုသိမှုကို၊ ငါစားသည်၊ငါသောက်သည်၊ ငါချိုသည်၊ငါချဉ်သည်စသည်ဖြင့်ခွဲသည်။

(၅) ကာယဝိညာဏ်၏ဖောဋ္ဌဗ္ဗာရုံကိုတွေ့သိ၍၊ အပူအချမ်း၊အကြမ်းအနု၊သိမှုကို၊ငါပူသည်၊ငါချမ်းသည်၊ အကြမ်းအနုကိုငါသိသည်ဟုခွဲသည်၊

(၆) မနောဝိညာဏ်၏ ဓမ္မာရုံကို ကြံမှုသိမှုကို၊ ငါကြံသည်၊ငါစိတ်ကူးသည်၊ငါသိသည်ဟုခွဲသည်၊

ဤကားခန္ဓာငါးပါးတို့၌ သက္ကာယဒိဋ္ဌိဖြစ်ပွားမှုကို ပြခြင်းတည်း။

---

## ၇၄၊ ၊သက္ကာယဒိဋ္ဌိနှစ်ဆယ်နှိုက်ဥစ္ဆေဒဒိဋ္ဌိသဿတ နှစ်မျိုးကိုအကျဉ်းချုပ်၍ပြခြင်း။

ဧတ္ထစ ခန္ဓပဋိမုတ္တော အတ္တာတိ ဂဏှတော သဿတဒိဋ္ဌိ။ ခန္ဓံ ပန အတ္တာတိ ဂဏှတော ဥစ္ဆေဒဒိဋ္ဌိ။ မူလပဏ္ဏာသဋီကာ။ ၊အနက်ကား၊ ၊စ၊ရုပ်နာမ်နှစ်ဖြာ၊ ခန္ဓာငါးရပ်တို့နှိုက်သဿတဥစ္ဆေဒဒိဋ္ဌိအယူများကို ခွဲခြား၍ပြအံ့၊ ဧတ္ထ၊ ဤသက္ကာယဒိဋ္ဌိကိုဆိုရာနှိုက်၊အတ္တာ၊ငါငါဟုထင်မြင်စရာအချက်အသက်ဟုထင်မှတ်ကြသည့် (ပရမတ္တနိ) အတ္တသည်၊ ခန္ဓပဋိမုတ္တော၊ရုပ်နာမ်နှစ်ဖြာခန္ဓာငါးပါးမှ၊အလွတ်သက်သက် တခြားတမျိုးတည်း၊ ဣတိ၊ဤသို့၊ဂဏှတော၊ ယူသောသူအပေါင်း၏၊ ဒိဋ္ဌိအယူသည်၊ သဿတဒိဋ္ဌိ၊သံသရာတလျှောက်လုံးမှာ၊ခန္ဓာကိုယ်တွေဟာ၊မရေသာအောင်၊သေခါလာသော်သည်။ ဘယ်

ခါမှမသေမပျောက်နိုင်ဘဲနိုင်မြဲစွာ။ဘဝတခုမှာဖြစ်တတ်သည့် (အတ္တဒိဋ္ဌိ)ဟူသောအသက်ဝိညာဉ်ဆိုတာသည်။ မှန်စွာစင်စစ် ရှိသည်ဟုအတည်ကြကြမှတ်ယူတတ်သည့် (သဿတဒိဋ္ဌိ)အယူသည်။ ဟောတိ။ဖြစ်၏။ခန္ဓပန်း။ရုပ်နာမ်နှစ်ဖြာ။ခန္ဓာငါးပါးကို သာ်လျှင်။အတ္တာတိ။ ငါငါထင်စရာအချက်အသက်ဝိညာဉ်ပင် ဖြစ်သည်ဟု၊ဂဏှာတော၊ယူသောသူအပေါင်းတို့။ဒိဋ္ဌိ။အယူသည် ဥစ္ဆေဒဒိဋ္ဌိ။သေပြီးသည်နောက်။ ချုပ်ပျောက်တော့သည်ဖြစ်၍။ အသစ်တခါ။ ဘဝတခုမျှ။မဖြစ်ပြီဟု ယုံကြည်မှတ်ယူကြသည့် ဥစ္ဆေဒဒိဋ္ဌိအယူသည်။ဟောတိ။ဖြစ်၏။ ။ဤကားအနက်၊

အဓိပ္ပါယ်အချုပ်ကား။ ရူပက္ခန္ဓာ။ဝေဒနက္ခန္ဓာ။ သညက္ခန္ဓာ။ သင်္ခါရက္ခန္ဓာ၊ဝိညာဏက္ခန္ဓာ ဟူသောခန္ဓာငါးပါးတို့တွင်။ ရုပ်သည်ပင်ငါ။ငါသည်ပင်ရုပ်။ ဝေဒနာသည်ပင်ငါ၊ ငါသည်ပင် ဝေဒနာ။သညာသည်ပင်ငါ။ငါသည်ပင်သညာ။ သင်္ခါရသည် ပင်ငါ။ငါသည်ပင်သင်္ခါရ။ဝိညာဏသည်ပင်ငါ။ ငါသည်ပင်ဝိ ညာဏဟုယူ၍။ ရုပ်ပေါ်လျှင်ငါပါ၏။ငါပေါ်လျှင်ရုပ်ပါ၏။ ရုပ် ချုပ်လျှင်လည်းငါငါချုပ်၏။ငါချုပ်လျှင်လည်းရုပ်ချုပ်၏။

ဝေဒနာပေါ်လျှင်ငါပေါ်၏။ငါပေါ်လျှင်ဝေဒနာပေါ်၏။ဝေဒနာ ချုပ်လျှင်လည်း ငါချုပ်၏။ ငါချုပ်လျှင်လည်း ဝေဒနာ ချုပ် ၏။ ။စသည်ဖြင့်ခန္ဓာငါးပါးနှင့်။ ငါငါထင်ချက်။ အသက် ဝိညာဉ်ကိုတခုတည်းပြု၍ မီးရောင်နှင့်မီးတောက်ကိုကဲ့သို့။နှစ်ခု မခွဲမူ၍ တခုထဲသာဟု စွဲယူသော ဒိဋ္ဌိဖြစ်၍။ မီးတောက်လျှင် မီးရောင်ပျောက်။မီးရောင်ပျောက်လျှင်။မီးတောက်သေသကဲ့သို့ ယူခြင်းကြောင့်။ ဤခန္ဓာသေဆုံးချုပ်ပျောက်လျှင်။ နောက်ထပ် တခါ။ ဘဝတခုမျှ မဖြစ်ပြီဟု ယူသောဒိဋ္ဌိကို ဥစ္ဆေဒဒိဋ္ဌိ ခေါ် သည်။ ။ဤကဲ့သို့သေလျှင်ပျောက်ပျက်လေတော့သည်။ သေ လျှင်ဆုံးတော့သည်၊သေပြီးသည်နောက်အဖြစ်မရှိပြီဟူသော။ဤ နိယတမိစ္ဆာဒိဋ္ဌိကြီးတို့နှင့်နီးကပ်လှသော ဥစ္ဆေဒဒိဋ္ဌိအယူကို၊ အချို့ကုလားလူမျိုးတို့ယူကြကုန်၏။ ါတို့တလိုင်းမြန်မာလူမျိုးတို့

ကား။ ဤဥစ္ဆေဒဒိဋ္ဌိအယူကို ယူသူ အလွန်နည်းပါး ကုန်၏။ ။ ဤဥစ္ဆေဒဒိဋ္ဌိငါးမျိုးမှ ကြွင်းကျန်သော၊ ရုပ်ရှိသောငါ၊ ငါနှိုက် ရုပ်ရှိ၏။ရုပ်ထဲနှိုက်ငါရှိ၏စသည်ဖြင့်။ရုပ်တခြား၊ ငါငါထင်မှတ် သည့်အတ္တဇီဝဟူသောအသက်ဝိညာဉ်ကိုတချားယူ၍။ ဤခန္ဓာ ငါးပါးသည်ကား။တဘဝမှာတခါသာသေကြသည်။ငါဟုထင် မှတ်သည့်။ အတ္တ၊ဇီဝ၊သတ္တ၊ ပုဂ္ဂလဟူသော။ အသက်ဝိညာဉ် သည်မူကား။အစဉ်မပြတ်။ငြိမြဲခိုင်ခန့်လှ၍။ တဘဝနှင့်တဘဝ ကူးပြောင်းသွားလာ၍နေတတ်၏ဟု ယုံကြည်ယူမှတ်ကြသည် ကိုသဿတဒိဋ္ဌိခေါ်သည်။ ဤသဿတဒိဋ္ဌိအယူကိုမူကား။ ငါ တို့တလိုင်းမြန်မာလူမျိုးတို့နှင့်တကွ အိန္ဒိယတိုင်းက ဗြဟ္မဏလူ မျိုးတို့သည် သန်သန်ကြီးယူထားကြကုန်၏။ အိန္ဒိယတိုင်းဗြဟ္မ ဏလူမျိုးတို့က အတ္တဟုယူကြသည်။ ငါတို့မြန်မာလူမျိုးတို့က။ ဇီဝသတ္တပုဂ္ဂလဟုယူကြသည်။ အတ္တဇီဝသတ္တပုဂ္ဂလ လေးမျိုး တို့သည်။သဒ္ဒါသာထူးခြားသည်။အနက်သဘောကား အတူတူ ပင်ဖြစ်သည်။

ပုဂ္ဂလောတိအတ္တာသတ္တောဇီဝေါ။ ။ဟုကထာဝတ္ထုအဋ္ဌ ကထာကိုထောက်။ နောက်ကလည်း အကျယ်ပြခဲ့ပြီ။ ။ဤ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးတို့၏ ဖြစ်ရင်း မူလအစ အ ကြောင်းရင်းသည်ကား။ဤအတ္တ “ဇီဝ” ဟူသောသက္ကာယဒိဋ္ဌိ က။အကြောင်းရင်းရှေ့သွားရှိ၏။ထိုကြောင့်သမ္မော။ ဝိသုဒ္ဓိမဂ်စ သည်တို့နှိုက်။ ။ကေသ္မိံဘဝေ အတ္တဂ္ဂါဟပုဗ္ဗင်္ဂမော သဿ တုစ္ဆေဒါဘိနိဝေသော။ ။ဟုမိန့်ကြပြီ။ ။ကေသ္မိံဘဝေ။တခု သောဘဝ၌။ သဿတုစ္ဆေဒါဘိနိဝေသော။ သဿတဒိဋ္ဌိဥစ္ဆေ ဒဒိဋ္ဌိအယူဘက်သို့။ သက်ဝင်ယူမှားသောသူသည်၊ အတ္တဂ္ဂါဟ ပုဗ္ဗင်္ဂမော၊ ငါငါမှတ်ထင်သည့်ဝိညာဉ်အသက်ရှိ၏ဟူသော အ ယူမှားလျှင်။ ရှေ့သွားခေါင်းဆောင်ရှိ၏။ ။ဤအဋ္ဌကထာ သာဓကတို့ကိုထောက်ဆမြော်ရှု၍။ယခုပြခဲ့သည့်။ သက္ကာယ ဒိဋ္ဌိအယူဆိုတာသည်။ခန္ဓာငါးပါးလုံးကိုပင်သိမ်းကျုံးပြီးလျှင်ငါ

ငါထင်မှတ်သည့်။ အတ္တ ဇီဝ သတ္တ ပုဂ္ဂလအနေနှင့်စွဲလမ်းမှတ်ထင်ပြီးခါငါတရုတည်းပြု၍။ ငါသွားသည်။ ငါလာသည်။ ငါပြောသည်။ငါဆိုသည်။ ငါမြင်သည်။ ငါကြားသည်ဟုမှတ်ထင်စွဲလမ်းမိကြလည်းဥစ္စာဒဗ်ဗြနှင့်ယောဂရက်သည့်၊ သက္ကာယဒိဋ္ဌိအယူပင်ဖြစ်သည်ဟုမှတ်၊

ခန္ဓာငါးပါးကိုတချား။ ၎င်းခန္ဓာငါးပါးဆုပြင်၊ ၎င်းခန္ဓာငါးပါးကိုအုပ်ချုပ်လျက်ဖြစ်စေ။ သို့မဟုတ်။ခန္ဓာငါးပါးနှင့်ယောစပ်၍ဖြစ်စေ။ ဘော်ပြန်တတ်၊ ခံစားတတ်။မှတ်သားတတ်။အရာရာတို့မှာ။စီရင်ပြုပြင်တတ်။ ကြံတတ်။ သိတတ်သောငါငါဟုထင်မှတ်သည့် အတ္တ၊ဇီဝ၊သတ္တ၊ပုဂ္ဂလဟူသော။ ဝိညာဉ်အသက်ဆိုတာသည့် ကေန်စင်စစ်ရှိ၏။သတ္တဝါဆိုဘာသည်။ ကေန်စင်စစ်ရှိ၏။ ပုဂ္ဂိုလ်ဆိုတာသည်ကေန်စင်စစ်ရှိ၏ဟု၊ မှတ်ထင်စွဲလမ်းမိကလည်း၊သသတဒိဋ္ဌိနှင့်ယောဂရက်သည့်သက္ကာယဒိဋ္ဌိအယူပင်ဖြစ်သည်ဟုမှတ်ရမည်။

---

## ၇၅။ ။ငါနှစ်မျိုးထူးခြားပုံကိုပြခြင်း။

အထူးသတိပြုရန် အရေးကြီးသောအချက်မှာ။၍သက္ကာယဒိဋ္ဌိအယူရှိကြသော။အန္ဓပုထုဇန်သတ္တဝါတို့သည်။ ငါဟူသောစကား။မိမိဟူသောစကားကို။ တလောကလုံး။ ဂရုံးဂရင်း။ ရှုံးရင်းဆန်ခတ်၊ မပြတ်မစဲ၊ အမြဲလုံးလုံး။တအုံးအုံးတသောသောပြောဆို၍နေကြကုန်၏။ ပြောဆိုတိုင်း ပြောဆိုတိုင်းလည်းငါဟူသောထင်မြင်ချက်သည်။သက်ဝင်ပူးကပ်လျက်ပါကြလေကုန်၏၊

သက္ကာယ ဒိဋ္ဌိကို ခွါလျက် ပြောဆိုကြသော ကလျာဏပုထုဇန်တို့နှင့်။ ဒိဋ္ဌိကွာပြီးအရိယာဘို့သည်လည်း။ အပြောအဆို။ အပြုအမူမှ။ အများသတ္တဝါတို့နှင့်။ အတူဘူပင် ပြောဆိုကြကုန်၏။စိတ်အထင်မှာမူကား။ ငါငါဟုပြောဆိုကြကုန်သော်လည်း။ ငါငါထင်မှတ်သည့် အတ္တ၊ ဇီဝ၊ သတ္တ၊ ပုဂ္ဂလအယူ

သည်မရှိသဖြင့်။ ငါဟုတ်သည်။ ငါရှိသည်ဟု မထင်ကြငြိ။ငါ၊ သူတပါး။ ယောကျ်ား။ မိန်းမ။ ပုဂ္ဂိုလ်သတ္တဝါ။ ဗြဟ္မာ။ နတ်၊ လူ စသည်ဖြင့် ပြောဆိုခေါ်ဝေါ်ကြသော်လည်း ဝေါဟာရ ပညတ်ဖြင့်၊ မှတ်သား ပိုင်းခြား၍။ တယောက် စကားကို။ တယောက်နားလည်ရုံမျှသာ။ ပြောဆိုခေါ်ဝေါ်ကြရသည်သာ ဖြစ်သည်။ စင်စစ်မူကား။ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး စသော ပရမတ်တရားတို့၏ အစုအပုံမျှသာတည်းဟူသော နှလုံးသွင်း နှင့်။ခေါ်ဝေါ်ပြောဆိုငြိမူသမ္မုတိသစ္စာဖြစ်၍သက္ကာယဒိဋ္ဌိဟု မဆိုကောင်း။ ငါ။ သူတပါး။ ယောကျ်ားမိန်းမ။လူ၊နတ် ဗြဟ္မာဟူ၍မျှ။မပြောမဆိုရ။မခေါ်ဝေါ်ရဟုမဆိုလိုသည်။ခေါ်ဝေါ်ပြောဆို ရုံမျှနှင့်လည်း။သက္ကာယဒိဋ္ဌိဟုမဆိုလို။ငါသူတပါးဆိုတာသည်၊တ ကယ်ရှိသည်။ အဟုတ်ရှိသည်။ စင်စစ်ဧကန်ရှိသည်ဟူသော။ စွဲလမ်းထင်မြင်ချက်နှင့်သာ။ မပြောမဆို၊မခေါ်ဝေါ်ရ။ ပြောဆို ခေါ်ဝေါ်ငြိက။ ဒိဋ္ဌိဖြစ်လိမ့်မည်ဟူ၍သာဆိုလိုသည်။ ။အန္တပု ဇန်တို့ငါနှင့်။ကလျာဏ။သေက္ခ။အရိယာတို့ငါသည်။ ထူးချားပုံ များကို၊ ဒိဋ္ဌိသတ်ခဏ်း ခေတ်ကမ္ဘာဗျာန်း။ နိဗ္ဗာန် ပေါက်လမ်း ခေတ်ကမ္ဘာဗျာန်းတို့မှာ၊ဥပမာနှင့်တကွရေးသားအပ်လေပြီ။

---

## ၇၆။ ။သက္ကာယဒိဋ္ဌိအယူရှိက။ဝဋ်မှမထွက်မြောက် နိုင်သည်ကိုပြခြင်း။

ဤမင်္ဂလဝရဏဖြစ်သော သက္ကာယဒိဋ္ဌိအယူကို၊လက်ခံသိမ်း ပိုက်။ကိုယ်၌မွေးမြူအယူရှိကြကုန်သူ၊ လူရှင်ရဟန်းတို့သည်။ထို ငါငါထင်ချက်၊သက္ကာယဒိဋ္ဌိအယူများကို။ မပယ်ရှား၊ မစွန့်ခွါ နိုင်သမျှ၊ဘဝသုံးပါး၊ ယောနိလေးပါး၊ ဂတိငါးပါး၊ ဝိညာဏ ဋ္ဌိတိခုနစ်ပါး။ သတ္တာဝါသကိုးပါးတို့၌၊ ဤဘဝမှထိုဘဝ။ထိုဘ ဝမှဤဘဝသို့။အဘန်ဘန်အထပ်ထပ်။ မရပ်မနား။ပြေးသွားကျင် လည်လျက်။စက်ယန္တရားတွင်၊ ဖွဲ့ယှဉ်သည့်နွား ဖွဲ့ချည်ထား

သောကြက်။ ဂရက်လှိုင်းခုံ၊ ခလေဟုန်ကြောင့်ပျက်လွင့်သောလှေ
နှင့်တူစွာ။သံသရာဝဋ်ထဲ၌။ တဝဲလည်လည်။ ရှည်ကြာနစ်မြုပ်
လျက်။ ဝဋ်ဒုက္ခအပေါင်းမှ၊ ဦးခေါင်းချီကြွခြင်းငှါမတတ်နိုင်ကြ
လေကုန်ဟုမှတ်ရမည်။ ထို့ကြောင့်။ ။ဧတေဒိဋ္ဌိဂတိကာ
ဣဒံ ဒဿနံ ဂဟေတွာ တိသုဘဝေသု စတူသုယောနီသု ပဉ္စသု
ဂတီသု သတ္တသု ဝိညာဏဋ္ဌိတီသု နဝသု သတ္တာဝါသေသု
ဣတော ဧတ္ထ။ ဧတ္တော ဣဓာတိ သန္ဓာဝန္တာ သံသရန္တာ ယန္တေ
ယုတ္တဂေါဏောဝိယ၊ထမ္ဘေ ဥပနိဗဒ္ဓကုက္ကုရောဝိယ၊ ဝါတေန
ဝိပ္ပန္နဋ္ဌာ နာဝါဝိယ၊ဝဋ္ဋဒုက္ခမေဝ အနုပရိဝတ္တန္တိ၊ ဝဋ္ဋဒုက္ခတော
သီသံ ဥက္ခိပိတုံ နသက္ကောန္တိတိ။ ။ဖြဉ့်ဖွာလသုတ်အဋ္ဌ
ကထာ၌မိန့်၏။ ။အနက်ကား။ ။ဒိဋ္ဌိဂတိကာ၊သက္ကာယ
ဒိဋ္ဌိအယူရှိကြကုန်သော။ဧတေ၊ထိုသူတို့သည်။ ဣဒံဒဿနံ၊ ဤ
ဒိဋ္ဌိအယူကို။ ဂဟေတွာ၊ လက်ခံသိမ်းယူမိ၍။ ဝါ၊ သိမ်းယူမိ
သည်ရှိသော်။တိသုဘဝေသု၊ဘုံသုံးပါးတို့၌၎င်း။စတူသုယော
နီသု၊ယောနိလေးပါးတို့၌၎င်း။ ပဉ္စသုဂတီသု၊ဂတိငါးပါးတို့၌
၎င်း။သတ္တသုဝိညာဏဋ္ဌိတီသု၊ဝိညာဏဋ္ဌိတိခုနစ်ပါးတို့၌၎င်း။
နဝသုသတ္တာဝါသေသု၊ သတ္တာဝါသကိုးပါးတို့၌၎င်း။ ဣတော၊
ဤဘဝမှ။ဧတ္ထ၊ထိုဘဝသို့။ဧတ္တော၊ ထိုဘဝမှ၊ ဣဓ၊ ဤဘဝသို့။
ဣတိ၊ဤသို့၊သန္ဓာဝန္တာ၊မြင့်ကြာရှည်လျား။ ပြေးသွားကုန်လျက်။
သံသရန္တာ၊တပြောင်းပြန်ပြန်။အဘန်ဘန်ကျင်လည်ရကုန်သည်
ဖြစ်၍၊ယန္တေ၊ယန္တရားစက်၌။ယုတ္တဂေါဏောဝိယ၊ဖွဲ့ချည်ယှဉ်
ထားအပ်သောနွားကဲ့သို့၎င်း၊ထမ္ဘေ၊မြဲစွာစိုက်အပ်သောတိုင်၌
ဥပနိဗဒ္ဓ ကုက္ကုရောဝိယ၊မြဲစွာဖွဲ့ချည်ထားအပ်သော ကြွက်
ကဲ့သို့၎င်း။ဝါတေန၊လေကြောင့်။ ဝိပ္ပန္နဋ္ဌာ၊ ပျက်စီးလျက်တည်
သော။နာဝါဝိယ၊ လှေသင်္ဘောကဲ့သို့၎င်း။ ဝဋ္ဋဒုက္ခမေဝ၊ သံသ
ရာဝဋ်ဆင်းရဲ၌သာလျှင်၊ အနုပရိဝတ္တန္တိ၊ချာချာပတ်ရစ်၊ အဘန်
တလဲလဲဖြစ်ရ။ကျင်လည်ရကုန်၏၊ ဝဋ္ဋဒုက္ခတော၊ သံသရာဝဋ်
ဆင်းရဲမှ။ သီသံ၊ ဦးခေါင်းကို။ ဥက္ခိပိတုံ၊ ချီကြွခြင်းငှါ။

နသက္ကောန္တိ၊မတတ်နိုင်ကြလေကုန်။ဇာတိ၊ဤသို့မှတ်ရမည်။ ။ ဤကားအနက်။ ။

---

## ၇၇။ ။ဥဒယဗ္ဗယအနိစ္စမှသက္ကာယဒိဋ္ဌိကိုဖျက်နိုင်သည်ကိုပြခြင်း။

နောက်ကပြခဲ့သည့်တာသဗ္ဗာပိမဂ္ဂါဝရထာ။ ဟူသောအဋ္ဌသာလိနီ။သံယုတ်စသောအဋ္ဌကထာတို့နှင့်။ဝဋ္ဋဒုက္ခတော သီသံဥက္ခိပိတုံ နသက္ကောန္တိ၊ဟူသောဤဗြဟ္မဇာလသုတ်အဋ္ဌကထာစကားတို့ကိုထောက်ရှုလိုက်သော်။ ယခုပြခဲ့သည့်သက္ကာယဒိဋ္ဌိရှိနေသမျှကာလပတ်လုံး။ သံသရာဝဋ်ထဲ၌။ တဝဲလည်လည်၊ကျင်လည်နေရ၍။ သံသရာဝဋ်ဒုက္ခမှ။ မလွတ်နိုင်။ ဤသဿတဒိဋ္ဌိ။ ဥစ္ဆေဒဒိဋ္ဌိဟူသော။ သက္ကာယဒိဋ္ဌိဘေးရန်ကို တွန်းလှန် ပယ်ဖျက်နိုင်မှ။ မဂ်ဖိုလ်နိဗ္ဗာန်ကိုရ၍။ သံသရာဝဋ်တွင်းမှ။ ကင်းလွတ်နိုင်မည်ကိုမျှော်ရှု၍။ဥဒယဗ္ဗယဗ္ဗ၊အနိစ္စလက္ခဏာအစစ်ကိုတကြိမ်တခါ၊ သေသေချာချာ။ ထင်မြင်ဘူးပ မှု။ ဤသင်္ခါရဟူသောနာမ်ရုပ်နှစ်ပါးတို့၏အကြောင်း တိုက်ဆိုက်က။ အသစ်အသစ်ဖြစ်လာပေါ်လာမှုဟူသောဥဒယစွန်း။ ဥပါဒ်စွန်း။ ဇာတိစွန်းကိုရင်း။အသစ်အသစ်ဖြစ်လာပေါ်လာပြီးနောက်၊ချက်ချင်းချက်ချင်းပင်။ တဖြုတ်ဖြုတ်ချုပ်ပျောက်သေဆုံး၍။ သွားကြမှု ဟူသောဝယစွန်း။ ဘင်စွန်း။ အနိစ္စစွန်းကိုရင်း။ ကောင်းကောင်းကြီးမြင်သိက။ သင်္ခါရဟူသော ဤနာမ်ရုပ်တရားတို့သည်၊ ဖြစ်လာပေါ်လာပြီးနောက်၊ သေဆုံးခြင်းသို့ရောက်လျှင်။ ချုပ်ပျောက်ပြတ်တောက်ခြင်းသို့သာ ရောက်ကြလေကုန်၏၊ နောင်ကိုတခါ။ ဘာတခုမျှမဖြစ်လေပြီဟု၊ အကြောင်းအကျိုးနှစ်ပါးကိုပင်၊ပယ်ရှား ပစ်ထုတ်တတ်သည့်။ ဥစ္ဆေဒဒိဋ္ဌိ အယူ ဆိုတာသည်၊ အဘယ်မှာဖြစ်နိုင်ပါတော့အံ့နည်း။ ။သင်္ခါရဟူသောနာမ်ရုပ်တရားတို့၏၊ချုပ်ပျောက်ပျက်စီး၍နေမှုကို၊ မြင်ခြင်းကြောင့်၊ စီးနေ

သောခြစ်ရေအသွင်။ ၎င်းသင်္ခါရတရားတို့သည်။ မပြတ်မလပ်။ တ
ရစပ်ပင်၊ စပ်ခါစပ်ခါဖြစ်နေကြကုန်သောသ်လည်း။ ဖြစ်ပြီးသည့်နော်
ချုပ်ပျောက်သော သင်္ခါရတရားတို့သည်။ တဘန်ပြန်ခါစေ့စပ်
လာခြင်းမရှိကြကုန်မူ၍၊ သူတို့ဘာဝ။ တဖြစ်ထဲဖြစ်၍။ တချုပ်ထဲ
ချုပ်နေမှုဟူသော ဝယစွန်း။ ဘင်စွန်း။ အနိစ္စစွန်းတို့ကိုမြင်သိပါ
မူ။ ၎င်းဘာဝမှထိုဘာဝ။ ထိုဘာဝမှ၎င်းဘာဝသို့၊ လှည့်လည်ပြီးခါ သံ
သရာတလျှောက်၌။ မဖေါက်ပြန်ဘဲခိုင်မြဲလှစွာ။ ချမ်းသာဆင်းရဲ
တို့ကိုအမြဲခံစားတတ်သည့် (အတ္တဇီဝ) ဟူသော။ ငါငါထင်စရာ
အချက်။ အသက်ပိညာဥ်ဆိုတာသည်။ အဘယ်မှာတကယ်ရှိပါ
တော့အံ့နည်းဟု။ မြင်ရာသိရာရောက်တော့သည်ဖြစ်၍။ ။ဥဒယ
ဒဿနေနဥဒ္ဓေနဒိဋ္ဌိယာပဟာနံ၊ ဝယဒဿနေန သဿတဒိဋ္ဌိ
ယာပဟာနံ။ ။ဟူသောသံယုတ်။ မွသက်ထာ။ ပဋိသမ္ဘိဒါမဂ်
ပိသုဒ္ဓိမဂ်စသောအဋ္ဌကထာတို့နှင့်ညီစွာ မဂ္ဂါဝရဏဖြစ်၍၊ နေ့
ညဥ့်မပြတ်။ တောင့်တရည်သန်လျက်ရှိကြသည့်။ မဂ်တရား
ဖိုလ်တရားနိဗ္ဗာန်တရားတို့ကို။ တားဆီးဒိတ်ပင်၍ထားကြသည့်
အနမတဂ္ဂသံသရာက၊ သူ့ခါကစ။ နိစ္စ၊ ထာဝရ၊ ဓုဝ၊ သဿတအ
နေနှင့်ထင်မြင်စွဲလမ်း၍ လာကြသည့်။ ငါငါထင်စရာအချက်အ
သက်ပိညာဥ်ရှိ၏ဟူသောအတ္တဒိဋ္ဌိ၊ သဿတဒိဋ္ဌိ။ သက္ကာယဒိဋ္ဌိ
အက္ကာနုဒိဋ္ဌိ။ အတ္တဝါဒဒိဋ္ဌိ။ အတ္တဝါဒုပါဒါန်အယူဟူသော။ မဂ်
ဖိုလ်လမ်းပိတ်။ အယုတ်တရားကို ပျက်ပြားလွင့်စင်အောင်။ ဖြို
နှင်ပယ်ထုတ်နိုင်ရန်လမ်းခရီးသို့၊ အပုံကြီးနီးကပ်ရောက်လာသူ
ဖြစ်၍။ ရှင်ချစ်ဘုရားသည်များစွာ ခြီးမြှောက်တော်မူသည်ဟု
မှတ်ရမည်ဆိုလိုသည်။ ။

---

၁၈။ ။အနိစ္စထင်ရုံမျှနှင့်မဂ်မရသေးသည့်ကိုပြခြင်း။

သည့်အရာတွင်။ အနိစ္စထင်ရုံမျှနှင့် မဂ်မရသေးသည့်ကိုပြ
ဆိုရေးသားဦးအံ့၊ ။အနိစ္စသညိနော မေဃိယအနတ္တသညာ

သဏ္ဌာတိ၊ အနတ္တသညီ နော အသ္မိမာနသမုဂ္ဃာတံ ပါပုဏာတိ ဒိဋ္ဌေဝဓမ္မေနိဗ္ဗာနံ။ ။မေဃိယ၊ ချစ်သားမေဃိယ။ အနိစ္စသညိနော။ ရုပ်နာမ်တရားတို့၏ မမြဲကြောင်းကို ကောင်းစွာသိမြင်မှတ်သားနိုင်သောသူအား။ အနတ္တသညာ၊ ရုပ်နာမ်နှစ်ပြားတို့၌။ ငါဆိုဘာတကယ်မရှိပါကလားဟု။ မှတ်သားသိမြင်တတ်သော အနတ္တသညာသည်။ သဏ္ဌာတိ၊ ကောင်းစွာတည်လာရတော့၏၊ မေဃိယ၊ ချစ်သားမေဃိယ၊ အနတ္တသညီ၊ အနတ္တသညာထင်သောသူသည်၊ အသ္မိမာနသမုဂ္ဃာတံ၊ ငါတကားဟုထောင်လွှားမာန်မူတတ်သောမာနတရား၏ ကင်းပြတ်ခြင်းသို့။ ပါပုဏာတိ၊ ရောက်လေတော့၏၊ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်ဘဝ၌ပင်လျှင်။ နိဗ္ဗာနံ၊ သဉပါဒိသေသနိဗ္ဗာန်သို့။ ပါပုဏာတိ၊ ရောက်ရလေတော့၏။ ။ဤကားအနက်။ ။ဤအင်္ဂုတ္တရပါဠိတော်စသည်တို့နှင့်။ ။အနိစ္စ သညံရာဟုလဘာဝနံ ဘာဝေဟိ၊ အနိစ္စသညံ့ ဟိ တေ ရာဟုလ ဘာဝနံ ဘာဝယတော ယောအသ္မိမာနော သော ပဟီယိဿတိ။ ။ရာဟုလ၊ ချစ်သားရာဟုလာ။ အနိစ္စသညံ၊ ဥပါဒ်ကစ၊ ဘင်သို့ကျလျှင်။ ချုပ်ရစမြဲ၊ ဘောက်ပြန်လဲ၍။ ပျက်ခွဲတတ်စွာ။ အနိစ္စသညာဟူသော။ ဘာဝနံ၊ ဘာဝနာကို။ ဘာဝေဟိ၊ မနေမနား။ ပွါးများအားထုတ်သေလေ့။ ဟိ၊ ရုပ်နာမ်နှစ်ပြား။ သင်္ခါရကို။ အနိစ္စရှုသူတို့အကျိုးကိုပြအံ့၊ ရာဟုလ၊ ချစ်သားသည်းချာ။ ရာဟုလာ။ အနိစ္စသညံ့၊ ရုပ်နာမ်နှစ်ပြားသင်္ခါရတို့၏ ခိုင်မြဲခြင်းမရှိကြသည်။ အနိစ္စသညာဟူသော။ ဘာဝနံ၊ ဝိပဿနာဘာဝနာကို။ ဘာဝယတော၊ မနေမနား၊ ပွါးများအားထုတ်ရသော။ တေ၊ ချစ်သားသည်းချာ။ သင်ရာဟုလာအား။ ယော အသ္မိမာနော၊ အကြင်ငါတကားဟု။ ထောင်လွှား မာန်မူခြင်းသဘောသည်။ အတ္ထိ၊ ရှိ၏၊ သော၊ ထိုမာန်မာနတရားသည်။ ပဟီယိဿတိ၊ ပယ်စွန့်နိုင်လေလတ္တံ့။ ။ဤကားအနက်။ ။ဤမဟာရာဟုလောဝါဒသုတ်ပါဠိတော်စသည်တို့မှာ။ အနိစ္စသညာထင်မြင်ခဲ့က၊ အနတ္တသညာသည် အလိုလို ထင်လာရလေ၏ဟူ၍

၎င်း၊အနတ္တသညာထင်မြင်ခဲ့က၊ငါတကားဟုထောင်လွှားတက်ကြွတတ်သော။ မာနတရားသည်ကင်းပြတ်လေတော့သည်ဟု၍၎င်း၊အနိစ္စသညာထင်မြင်ခဲ့က မာနတရားကို ပယ်ရှားစွန့်ခွါနိုင်လိမ့်မည်ဟူ၍၎င်း၊ဟောတော်မူသောပါဠိတော်တို့ အနက်။ အနိစ္စထင်ရုံမျှနှင့် အနတ္တသညာသည်တခါတည်း၊ထင်လာရ၏ဟုဟောတော်မူရာမှာ၊အတ္တဒိဋ္ဌိအယူ၏သဘောလက္ခဏာကို။ ကောင်းမွန်သေချာစွာ။ သပိတ်ခါဒိပ်ခါသိကြသူတို့မှာထင်ပေလိမ့်မည်၊ငါငါဟုထင်မှတ်ကြသည့်အတ္တဒိဋ္ဌိအယူ၏ သဘောလက္ခဏာဆိုတာကို။ ဘာမှန်းမှမသိသူတို့မှာ အနိစ္စလက္ခဏာထင်ရုံမျှနှင့်၊အနတ္တလက္ခဏာကို ကောင်းစွာမထင်နိုင်မမြင်နိုင်ကြသေး၍၊မဂ်ကိုပင်မရနိုင်သေးရကား၊ဥဒယဗ္ဗယအနိစ္စသညာဖြင့်။ ကောင်းမွန်သေချာစွာ။ သိမြင်ထင်ရှားသော အနိစ္စကို။ အနတ္တလက္ခဏာနှင့် ကောင်းစွာတပ်တပ်။ ပူးကပ်ယှဉ်တွဲ၍ရှုနိုင်ပါမှသက္ကာယ ဒိဋ္ဌိတရားသည်။ ပျက်ပြားလွင့်ကွာနိုင်မည်ကိုမှတ်ရမည်။ ။

---

## ၇၉။ ။သောတာပန်တို့ပယ်နိုင်သောမာန၊မပယ်နိုင်သောမာနကိုပြခြင်း။

ယခုထုတ်ပြသည့်။ မေဃိယသုတ်ပါဠိတော်။ရာဟုလောဝါဒသုတ်ပါဠိတော်တို့မှာ အနိစ္စထင်က အနတ္တထင်ခြင်း၊ အနတ္တထင်က။ မာနကင်းပြတ်ခြင်းကို ဟောတော်မူရာမှာ။ မုချတ္တ၊နီတတ္တအားဖြင့်ယူရသော။ သမုစ္ဆေဒသတ္တိဖြင့်ကိလေသာကိုဖြတ်မှုကိစ္စ။ သတ်မှုကိစ္စကို ဟောတော်မူသည်မထင်။ တဖက်သတ္တိဝိက္ခမ္ဘနသတ္တိမျှကိုသာဟောတော်မူသည်ဟုထင်သည်အဘယ့်ကြောင့် နည်းဆိုသော် နို့ ဒိဋ္ဌိ အတ္တဒိဋ္ဌိကင်းပြီးသောသောတာပန်။သကဒါဂါမ်။ အနာဂါမ်အရိယာတို့မှာသော်လည်း

ဒိဋ္ဌိပတိ ရူပကာ၊ အယာထာဝမာန်ခြောက်ပါးကိုသာပယ်သတ် နိုင်ကြသေး၍။ဟုတ်မှန်တိုင်းမာန်မူကြသော ယာထာဝမာန်သုံး ပါးကို အရဟတ္တမဂ်သို့ကျမှ ပယ်ချသတ်ဖြတ် နိုင်ကြသော ကြောင့်တည်း။ ။

ထိုကြောင့်။ ။ဧတ္ထစ သေယျဿ သေယျောဟမသ္မီတိစ၊ သဒိသဿသဒိသောဟမသ္မီတိစ၊ဟီနဿ ဟီနောဟမသ္မီတိစ ဣမေတယော မာနာယာထာဝမာနာနာမ၊ အရဟတ္တမဂ္ဂဝဇ္ဈာ၊ သေသာ ဆ မာနာ အယာထာဝ မာနာ နာမ၊ ပဌမမဂ္ဂ ဝဇ္ဈာ။ ။ဟုသံဂီတိသုတ်အဋ္ဌကထာစသည်တို့၌မိန့်ပြီ။ ။ အနက်ကား။ ။စ၊ဆက်၍ဆိုဦးအံ့။ ဧတ္ထ၊ ဤမာန်ကိုးပါးတို့တွင်။ သေယျဿ၊မြတ်သောသူအား။အဟံ၊ငါသည်။ သေယျော၊ သူ မြတ်သည်။ အသ္မိ၊ ဖြစ်၏ ဣတိစ၊ဤသို့ရင်း။သဒိသဿ၊တပါးသူ တို့နှင့်။ ရည်တူသောသူအား။ အဟံ၊ငါသည်။သဒိသော၊တပါး သူတို့နှင့်ရည်တူသောသူသည်။ အသ္မိ၊ဖြစ်၏။ ဣတိစ၊ဤသို့ရင်း။ ဟီနဿ၊သူယုတ်အား။အဟံ၊ ငါသည်၊ဟီနော၊ သူယုတ်သည်။ အသ္မိ၊ဖြစ်၏။ဣတိစ၊ဤသို့ရင်း။ တယော၊သုံးပါးကုန်သော။ဣမေ။ ဤမာန်တို့သည်။ ယာထာဝမာနာနာမ၊ ဟုတ်တိုင်းမူသောမာန် တို့မည်ကုန်၏။ အရဟတ္တမဂ္ဂဝဇ္ဈာ။ အရဟတ္တမဂ်သို့ကျမှသေ ကုန်၏။ သေသာ၊ ကြွင်းကုန်သော။ ဆမာနာ၊ မာန်ခြောက်ခုတို့ သည်။ အယာထာဝမာနာနာမ၊ မဟုတ်ဘဲလျက်နှင့်။အလွဲထင် မှတ်ကြသောမာန်တို့မည်ကုန်၏။ပဌမမဂ္ဂဝဇ္ဈာ၊ သောတာပတ္တိ မဂ်ဉာဏ်ဖြင့်။ တွန်းလှန်ပယ်သတ် အပ်ကုန်၏။ ။ဤကား အနက်။

ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာနိုက်လည်း။ ။အသ္မိမာနောတိ ပဉ္စသု ဥပါဒါနက္ခန္ဓေသု အဟမသ္မီတိမာနော၊ တသ္မိံ ပဟီနေ အရဟတ္တံ ပတ္တံ ဟောတိ။ ။ဟုမိန့်၏။ ။အသ္မိမာနောတိ၊ အသ္မိမာနောဆိုသည်ကား။ ပဉ္စသု၊ ငါးပါးကုန်သော။ ဥပါဒါ နက္ခန္ဓေသု၊ ဥပါဒါန်လေးပါးတို့၏စွဲမှီရာခန္ဓာတို့နိုက်။ အဟံ၊ ငါ

သည်။အသ္မိ။ဟုတ်၍။ ဇာတိမာနေ၊။ဤသို့မာန်မူခြင်းတည်း။ ဟိ။ ထိုစကားမှန်၏။ တသ္မိ။သို့မာနကို။ ပဟီနေ။ အကျွန်မထားဘဲ ပယ်ရှားစွန့်ပစ်နိုင်သည့်ရှိသော်။အရဟတ္တပ္ပတ္တံ။ အာသဝေါကုန်ခန်းသော။ရဟန္တာအဖြစ်သို့ရောက်လေတော့သည်၊ ဟောတိ။ ဖြစ်၏။ ။ဤအဋ္ဌကထာတွင်နိုက်။ မမှန်ခြောက်ခု။ မှန်သုံးခုအားဖြင့်။ကိုးပါးသောမာနတရားတို့တွင်။ အနတ္တလက္ခဏာကောင်းစွာပေါက်ရောက်လျက်။သောတာပန်။သကဒါဂါမ်။ အနာဂါမ်အဖြစ်သို့ရောက်ကြသော။ အောက်အရိယာသုံးယောက်တို့သည်။ မမှန်မဟုတ်သောအယာထာဝ။ မာန်ခြောက်ပါးတို့ကိုသာပယ်နိုင်ကြ၍။ယာထာဝမာန်သုံးပါးကို။ အရဟတ္တမဂ်သို့ကျမှပယ်နိုင်ကြောင်းကိုပြဆိုသည်၊

အဋ္ဌသာလိနီအဋ္ဌကထာနိုက်လည်း။ ။မာနသံယောဇနံ အရဟတ္တမဂ္ဂေနပဟီယတိ။ ။ဟူ၍မာနသံယောဇဉ်ကို။ အရဟတ္တမဂ်သို့ကျမှ။ပယ်နိုင်ကြောင်းကိုပင်။ ဘွင့်ပြတော် မူသေးသည်၊ ဤအဋ္ဌကထာစကားများကို ထောက်ထားနိုင်းချိန်လိုက်သည်ရှိသော်။ယခင်မေဃိယသုတ် ပါဠိတော်ကိုဘွင့်ပြရာဖြစ်သော။ ။အနတ္တလက္ခဏေဒိဋ္ဌေအသ္မိတိဥပ္ပဇ္ဇနကမာနော သမုဂ္ဃာတော ဟောတီတိအာဟ။ အနတ္တသညီအသ္မိမာန သမုဂ္ဃာတံပါပုဏာတီတိ။ ။ဟူသောနဝင်္ဂုတ္တရနိကာ။

အနိစ္စသညာဘာဝေတဗ္ဗာ။ အသ္မိမာနသမုဂ္ဃာတာယ၊ ။ဟူသောဝိသုဒ္ဓိမဂ်။ ။အနိစ္စသညာတိသဗ္ဗေသင်္ခါရာ အနိစ္စာတိ၊ ဧဝံပဝတ္တာအနိစ္စာနုပဿနာ။အသ္မိမာနသမုဂ္ဃာတာယာတိအသ္မိတိဥပ္ပဇ္ဇနကဿနဝဝိဓမာနဿ။သမုစ္ဆိန္နနာယ။ ။ဟူသောဝိသုဒ္ဓိမဂ်မဟာဋီကာတို့မှာ။အနတ္တထင်ရှားမှုနှင့်၊မာနကို အကြွင်းမဲ့ပယ်သတ်နိုင်သကဲ့သို့ရှင်း။အနိစ္စအာရုံမှုနှင့်။ မာနကိုးပါးကင်းပြတ်ချုပ်ပျောက်နိုင်သကဲ့သို့ရှင်း။ ဘွင့်ဆိုကြသောအရာတို့ကိုလည်း။ သမုစ္ဆေဒသတ္တိဖြင့်။ အကြွင်းမဲ့ပယ်သတ်နိုင်သည်ကိုမယူနှင့်။တဒင်္ဂသတ္တိ။ဝိက္ခမ္ဘနသတ္တိဖြင့်ပယ်ခွါစွန့်လွှတ်

နိုင်ရုံမျှကိုသာယူရမည်။ အဘယ်ကြောင့်နည်းဆိုသော်။ အနိစ္စ၊ အနတ္တ ထင်ရုံမျှနှင့်၊ မာနကိုးပါး အကုန်ကင်းပြတ် လေတော့သည်ဟု ယူချေက။ နောက်က ပြခဲ့သည့်။ အဋ္ဌကထာ တို့နှင့်ငြင်း။ ။လောဘ မောဟ မာန ဥဒ္ဓစ္စ အဟိရိကနောတ္တပ္ပာနိ စတုဗ္ဗုဒ္ဓါကာဝစ္ဆာနိ၊ ။ဟူသောဝိသုဒ္ဓိမဂ်နှင့်ငြင်း။ ။ယသ္မာ ပုဂ္ဂလဿ။ရူပရာဂေါ၊ အရူပရာဂေါ၊ မာနော၊ဥဒ္ဓစ္စံ၊ အဝိဇ္ဇာ၊အနဝသေသာ၊ ပဟီနာ၊ အယံဝုစ္စတိ ပုဂ္ဂလော အရဟာ။ ။ဟူသောပုဂ္ဂလပညတ် ပါဠိတော်နှင့်ငြင်း။ ဆန့်ကျင်၍ကုန်ချိမ့်မည်။ ဆန့်ကျင်ခြင်းမရှိရအောင်သတိပညာနှင့်။ အခါခါအထပ်ထပ်။ သုံးသပ်နှိုင်းချိမ် ခြင်းကိုပြုလျက်။ ဖြောင့်မတ်စွာ ယူနိုင်ကြပါစေကုန်သတည်း။

## ၈၀။ ။အနိစ္စထင်ရုံမျှနှင့်၊ကျေးဇူးများလှသည်ကို ပြခြင်း။

ဤစကားကိုသွင်းထည့်၍ ဝိနိစ္ဆယ ပြုလုပ်ရေးသားလိုက်သည်ကား။တကယ့်စခန်းတကယ် လမ်းဟူသော မဂ်လမ်းဖိုလ်လမ်း ပေါက်ရောက်အောင် ကျင့်ဆောင်အားထုတ် ကြသူတို့သည်။ တကယ့် အချက်ကို သိစေ လို၍သာ ရေးပြလိုက် ပါသည်။ ။စိတ္တုပ္ပါဒ မဟဂ္ဂတကုသလေသု ဓမ္မေသု ဗဟုပကာရံ ဝဒါမိ။ ။ကုသလေသု ဓမ္မေသု။ ဒါန သီလ ဘာဝနာစသော ကောင်းမှု ကုသိုလ်တရားဆိုသမျှတို့နှိုက်။ စိတ္တုပ္ပါဒမဟဂ္ဂတ္တိ။ တကယ်ပြုလုပ်ကျင့်ကြံသည်ကိုဆိုစရာမရှိပြီ။ဒါနလုပ်မည်။ သီလစောင့်မည်။ဘာဝနာလုပ်မည်ဟု စိတ်အကြံဖြစ်ရုံမျှကိုလည်း။ဗဟုပကာရံ။ ကျေးဇူးဥပကာရ များပြားလှလေပြီဟူ၍။ ဝဒါမိ။ ငါဘုရားဟောကြားတော်မူပေသတည်း။ ။ဟူသောမဇ္ဈိမ နိကာယ်ပါဠိတော်နှင့်အညီ။ဒါနလုပ်ခြင်း။သီလဆောက်တည်ခြင်း ဘာဝနာလုပ်ခြင်းတို့၏။အကျိုးကိုဆိုစရာမရှိပြီ။ ဒါနပြုမည်၊သီ

လာသောက်တည်မည်။ဘာဝနာလုပ်မည်ဟု။ စိတ်ထဲကကြံစီရုံမျှနှင့်။ကျေးဇူးဥပကာရများလှလေပြီဟု ဟောကြားတော်မူသောဝကားမျိုးကဲ့သို့။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာကလည်း။ ဘယ်စရိုက်နှင့် ဘယ်ကမ္မဋ္ဌာန်း။ သယ် ကမ္မဋ္ဌာန်းနှင့် ဘယ်စရိုက်ဟု သိုက်သိုက်မြိုက်မြိုက် ဘွင့်ဆိုရေးသားပြီးမှ၊ ဤစရိုက်နှင့် ကမ္မဋ္ဌာန်းကိုစပ်ဟပ်ရှုကြည့်၍၊ခယားစေ့တွင်းချ။အပ်ချမတ်ချရေးသားပြဆိုလိုက်သည်ကါ။မီးနှင့်ရေစက်၊ကြွက်နှင့်ကြောင်တို့ကဲ့သို့ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဖြစ်လေ၍။ သည့်တရားသေမှ၊ သည့်အနေရောက်ကြမည်ဟုဘည့်တည့်ကြကြ။ ရချင်ကေန်။တရားမှန်တရားစစ်ကိုသာ၊ဘွင့်လှစ်ရေးသားခြင်းဖြစ်ပါသည်။ သို့ရာတွင်ကုသိုလ်တရားကိုပွါးများအါးထုတ်မှုဆိုက။ရာဂစသောတရားကိုမပယ်ခွါနိုင်ဘဲ၊ သဒ္ဒါစသောတရားဘို့အား ကျေးဇူးမပြုသော ဘာဝနာမည်သည်မရှိဟုပြလို၍။ ။ရာဂါဒိနံ ပန အဝိဃာတ္တကာသဒ္ဒါဒိနံဝါအနုပကာရာ ကုသလဘာဝနာ နာမ နတ္ထိ။ ။ဟုမိန့်ပြီ။ ။ပန။ ဘယ်ဘရားကို ဘယ်လိုရှုမှ၊ဘယ်မဂ်ကိုရမည်ဟု ဆိုသော်လည်း။ ရာဂဒိနံ။ ရာဂကိုလေသာစသည့်တို့ကို။အဝိဃာတ္တကာ။ ပွားများအားထုတ်ခိုက်နိုက် မပယ်ခွါနိုင်သော။ သဒ္ဒါဒိနံဝါ။ သဒ္ဒါသတိ စသော တရားတို့အားလည်း။အနုပကာရာ။ ကျေးဇူးဥပကာရမပြုတတ်သော။ ကုသလဘာဝနာနာမ၊ ကုသိုလ်တရားကို ပွားများအားထုတ်မှုမည်သည်၊နတ္ထိ။မရှိချေဟု။ ။ဆိုပြီးမှ ယခင်မေဃီသသုတ်နှင့်။ ရာဟုလောဝါဒသုတ်ကိုထုတ်ပြသည်။သူ ကမ္မဋ္ဌာန်းနှင့်။သူ့စရိုက်။ သူ့ဘာဝနာနှင့်။ သူ အကျိုးဆိုဘာသည်။ လုံးလုံးကြီးမပြီးကြသော်လည်း။ ရှုခိုက်ပွားများခိုက်အခါမှာ။ ကုသိုလ်ဖြင့်ချပါ၏ဆိုလိုသည်။

ဤမဇ္ဈိမနိကာယ်ပါဠိနှင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာတို့ မိန့်ဆိုချက်အရ၊ ကုသိုလ်ဖြစ်ရုံမျှနှင့်၊ အားရဘင်းတိမ်မရှိသေးက။ အနိစ္စထင်ရုံမျှနှင့်အနတ္တသညာသည်အလိုလိုထင်လာ၍၊သောတါ

ပန်ဖြစ်လိမ့်မည်ဟုယုံကြည်စိတ်ချမနေကြနှင့်ဦး။ထင်လာသော
အနိစ္စကို၊အနတ္တလက္ခဏာနှင့်ကောင်းစွာတပ်ဘပ်။ ပုးကပ်ယှဉ်
တွဲ၍ရှုနိုင်ပါမှ။သက္ကာယဒိဋ္ဌိအယုတ်တရားသည်ပျက်ပြားကင်း
ကွာနိုင်မည်ကိုသာအတည်ကြကြမှတ်။ ထိုကြောင့် ဝိသုဒ္ဓိမဂ်
အဋ္ဌကထာ၌။ ။ယသ္မာပနနအနိစ္စတော သမ္မသန မတ္တေနေဝ
ဝုဋ္ဌာနံ ဟောတိ။ ဒုက္ခတောပိ။ အနတ္တတောပိ။ သမ္မသိ တဗ္ဗ
မေဝ။ ။ဟုမိန့်၏။ ။အနက်ကား။ ။ပန။မဂ်ရအောင်
ဝိပဿနာရှုနည်းကိုပြအံ့။ အနိစ္စတော။ရုပ်နာမ်ဓမ္မ။ သင်္ခါရဆို
တာသည်။ခိုင်မြဲစွာမတည်တန့်နိုင်ကြသောအနိစ္စအားဖြင့်၊သမ္မ
သနမတ္တေနေဝ။ သုံးသပ်ဆင်ခြင်ရုံမျှဖြင့်သာလျှင်။ ဝုဋ္ဌာနံ။မဂ်
၏ထခြင်းသည်။ယသ္မာ။အကြင်ကြောင့်၊နဟောတိ။ မဖြစ်သေး
ဘူး၊ တသ္မာ။ ထိုသို့အနိစ္စထင်ရုံမျှနှင့် မဂ်မထနိုင် သေးသော
ကြောင့်။ဒုက္ခတောပိ၊ဖြစ်ချုပ်ကြိမ်ဖန်အတန်တန်တို့ကြောင့် ဇ
ကန်ဆင်းရဲလှသောဒုက္ခအားဖြင့်၎င်း၊ ဝါ။ဇကန်ဆင်းရဲလှသော
ဒုက္ခအတိသာဟူ၍၎င်း။အနတ္တတောပိ၊ဖြစ်ချုပ်ကြိမ်ဖန်။အတန်
တန်တို့ကြောင့်၊ဇကန်ဆင်းရဲ။မခိုင်မြဲသည့်အတွက်။ခိုင်မြဲ၏ထင်
စရာ။ငါဆိုတာသည်၊ဘာတခုမျှ။မိတ်မရသည့် အနတ္တအားဖြင့်
၎င်း။ဝါ။ခိုင်မြဲ၏ထင်စရာ။ ငါဆိုတာသည်၊ဘာတခုမျှ မိတ်မရ
အပ်သည့်အနတ္တသာဟူ၍၎င်း၊ သမ္မသိတဗ္ဗမေဝ။ ဆင်ခြင်သုံး
သပ်ရသေးသည်သာလျှင်တည်း။ ။၍ကားအနက်။ ။အနိစ္စ
ထင်ရုံမျှနှင့်။မဂ်မရနိုင်သောအထောက်သာကေများကို။အကျယ်
သိလိုမူ ဒိဋ္ဌိသုတ်ခဏ်းဓာတ်ကမ္မဋ္ဌာန်း။ နိဗ္ဗာန်ပေါက်လမ်းဓာတ်
ကမ္မဋ္ဌာန်းတို့မှာကြည့်။ ၊ထိုကြောင့်။

ဖြစ်ပျက်နှစ်ဝ။မြင်နိုင်က။အနိစ္စအစစ်သာ။
ဥဒယဗ္ဗယ။ခေါ်ဆိုကြ၊ရအပ်သူ့သညာ။
ဒိဋ္ဌိသက္ကာ။ရန်သူဟာ၊ကွာခါနီး၍လာ။
ထင်လာတုံက။ အနိစ္စနှင့်။အနတ္တတိုင်၊ ကပ်ရှုနိုင်မှ။ သက္ကာ
ယ။မချကွာမည်သာ။ ။ဟုဆိုခဲ့ပေသည်။

## ၈၁။ ။ထင်လာသောအနိစ္စကိုအနတ္တနှင့်ယှဉ်တွဲ၍ ရှုပုံကိုပြခြင်း။

ထိုသို့နောက်ကပြဆိုခဲ့သော၊ ဥဒယဗ္ဗယ၊ အနိစ္စလက္ခဏာ အစိအခရင်၌၊တည့်ထွင်ညွှန်ပြခဲ့သည့်အတိုင်း။ ရုပ်တခုခုကိုဖြစ် စေ၊ ရုပ်နာမ်နှစ်ခုလုံးကိုဖြစ်စေ၊ အကြောင်း တိုက်ဆိုက်တွေ့ ကြုံမိ၍တိမ်နှစ်ခုဆပ်ရာတွင်၊ဖြတ်ခနဲပေါ်လာသော၊လျှပ်ရောင် ကိုကဲ့သို့ရင်း။ တုတ်တံနှင့်ရေကို၊ ရေးချစ်လိုက်ရာ၊ ဖြတ်ခနဲ ပေါ်လာပြီးနောက်၊ချက်ချင်းပျောက်သွားသော အရေးအကြောင်း ကိုကဲ့သို့ရင်း။ အချမ်းကြောင့်ဖြစ်စေ၊ အပူကြောင့်ဖြစ်စေ၊ ဆာ လောင်ခြင်းကြောင့်ဖြစ်စေ၊ မွတ်သိပ်ခြင်းကြောင့်ဖြစ်စေ၊ အ ဟောင်း ချုပ်ပျောက်လျက်၊ အသစ်အသစ် ဖြစ်ပေါ်လာတတ် သော ပူခြင်းသဘော၊ ခြင်း သဘော စသောပရမတ် ရုပ်၏ သဘောလက္ခဏာ ပြောင်းလဲချုပ်ပျောက်မှုကိုရင်း။ ။ဖဿ ပစ္စယာဝေဒနာဟူသည်နှင့်အညီ၊ ဖဿ ခေတ်ကြောင့်၊ဝေဒနာ ဆိုသောတရား၏၊ အဟောင်းတွေချုပ်ပျောက်လျက်၊ အသစ်အ သစ်ဖြစ်ပေါ်လာတတ်သောခံသာသောသဘော၊ မခံသာသော သဘောဟူသော ပရမတ်ဝေဒနာခေတ်၏ သဘောလက္ခဏာ ပြောင်းလဲချုပ်ပျောက်မှုကိုရင်း။ ဥဒယဗ္ဗယ အနိစ္စပညာဖြင့်၊ ဉာဏ်မျှာမြင်နိုင်သလောက်၊ မမြဲခြင်းကိုသိအောင်ရှုရမည်၊ မ မြဲကြောင်းကိုရှုကြည့်သိမြင်လာလျှင်၊ငါသည်ခိုင်မြဲသော၊ အတ္တ ဇီဝဟူသောဝိညာဉ်အသက်ဆိုတာသည်မှန်စွာပင် ရှိသကဲ့သို့၊ သိမှတ်ယုံကြည်၍နေသည်၊ ယခုမူကား၊မှေ့၊ပူမှု ဟူသောရုပ်၊ ဝေသောဝေဒနာ၊ပူသောဝေဒနာကိုသာယာခံစားမှုဟူသောနာမ် ၌၊ရုပ်နာမ်ခန္ဓာသည်၊ခိုင်မြဲစွာတည်သည်မဟုတ်ဘဲ၊ ယုတ်တ ရက်ဖြစ်လာပေါ်လာပြီးနောက်၊ ချက်ချင်းပင်ချုပ်ပျောက် လေ တော့ရကား၊ခိုင်မြဲလှစွာ၊ ငါငါအထင်ကပ်နေကြသည့်၊ အတ္တ ဇီဝဆိုတာသည်၊ဘာမျှမရှိ၊ဘာမျှမဟုတ်ရကား၊ အနတ္တ၊ခိုင်

မြဲစွာတည်သောဝါဆိုတာမဟုတ်၊အနတ္တာ။ခိုင်မြဲစွာတည်သော ဝါဆိုတာသည်သက်သက်မရှိဟု။ ထပ်တလဲလဲ ရှုရမည်ဆိုလို သည်။

---

## ၈၂။ ။ရုပ်နိုက်ဥဒယဗ္ဗယအနိစ္စဘမ်းပုံကို ပြခြင်း။

ငါမိတ္တိကိုယ်တွင်း၊ ကိုယ်ပမှ၊ ပူလှအိုက်လှ၍ ယပ်လေကို ပေးသောအခါ၌ဒုင်း။ ရေဖြင့်ချိုးသောအခါနိုက်ဒုင်း။ လေပြေ လေညှင်းခံသောအခါ စသည်တို့၌ဒုင်း။ တကိုယ်လုံးမှာ ပွက် ပွက်ဆူကြွထ၍နေနှင့်ကြသော။ ပူမှုအိုက်မှုဟူသော ဥဏှတေ ဇောဓါတ်တွေသည်။တဖြည်းဖြည်းချုပ်ပျောက်၍သွားကြလေ ကုန်၏ အေးချမ်းမှုဟူသောသီတတေဇောဓါတ်တွေသည်။အသစ် အသစ်ဖြစ်ပေါ်လာကြလေကုန်၏။ ထိုအတူ။ ကိုယ်တွင်းကိုယ် ပ။ချမ်းလှအေးလှ၍။မီးလှုံမှု။နေစာလှုံမှုစသည်တို့ကို ပြုသောအခါ။ တကိုယ်လုံးမှာပွက်ပွက်ဆူကြွ၍။ထ၍နေနှင့်ကြသော။အေးချမ်းမှု ဟူသောသီတတေဇောဓါတ်တွေသည်။တဖြည်းဖြည်း။တဖြုတ် ဖြုတ်ချုပ်ပျောက်သေဆုံး၍ကုန်လေ၏ ပူမှု။နွေးမှုဟူသော ဥဏှ တေဇောဓာတ်တွေသည်၊အသစ်သစ်တဖြစ်ဖြစ်။ဖြစ်ပေါ်လာကြ ကုန်၏။ဤသို့အကြောင်းအားလျော်စွာ။ ချမ်းမှုအေးမှုတွေ။ အသစ် အသစ်ဖြစ်၍ လာသည်ကိုလည်းသိကြ၏။ ပူမှုနွေးမှုတွေ။ချုပ် ပျောက်၍သွားကြသည်ကိုလည်းသိကြ၏ ပူမှုနွေးမှုတွေအသစ် အသစ်ဖြစ်ပေါ်၍လာကြသည်ကိုလည်းသိကြ၏၊ အေးချမ်းမှုတွေ ချုပ်ပျောက်၍ သွားကြသည်ကိုလည်းသိကြ၏၊ ဤသို့ပြုပြင်မှု သင်္ခါရဟူသောအကြောင်းတိုက်ဆိုက်က။ အခိုင်းအလှည့်အား ဖြင့်ချမ်းမှု။အေးမှု။ပူမှု။နွေးမှုတို့၏၊ အသစ်အသစ်ဖြစ်ပေါ်တည်ရှိမှု။ အဟောင်းတွေချုပ်ပျောက်သေဆုံးမှုကို၊ကိုယ်တွေ့ဒိဋ္ဌ။ သိမြင် ကြသဖြင့်။ချမ်းအေးဟူသည်။သီတတေဇောဟူသော။မခိုင်မြဲသော

တဒင်္ဂခေါတ်။တခဏခေါတ်။အာဂန္တုခေါတ်။ အကြောင်းသင်္ခါရကိုစွဲ၍ အလေ့ပေါက်။ ကောင်းကင်ကျ ကဲ့သို့သော ပဋိစ္စသမုပ္ပါဒ်ခေါတ်တမျိုးသာတည်း။ ။ပုမ္မ။ဠေွးမ္မ၊ ဒိုက်မ္မဟူသည်၊ ဥဏှတေဇောဟူသော၊မခိုင်မြဲသောတဒင်္ဂခေါတ်။တခဏခေါတ်။ အာဂန္တုခေါတ်။အကြောင်းသင်္ခါရကိုစွဲ၍အလေ့ပေါက်။ကောင်းကင်ကျကဲ့သို့သောပဋိစ္စသမုပ္ပါဒ်ခေါတ်တမျိုးသာတည်းဟု။အဟောင်းတွေချုပ်ပျောက်လျက်။ အသစ်အသစ်ဖြစ်ပေါ်နေကြမှုဟူသောဥဒယဗ္ဗယ၊အနိစ္စသဘောအစစ်ကိုပင်လျှင် သိမြင်စေလို၍။ ။

အနုပ္ပန္နာဥပ္ပဇ္ဇန္တိ။ဥပ္ပန္နာစနိရုဇ္ဈရေ။
အဘိနဝါဝသင်္ခါရာ။နဒိသောတသမူပမာ။ ။

ဟူသော ဥဒယဗ္ဗယ အနိစ္စအစီအရင်ကို ပြဆိုခဲ့ပေသည်။ နောက်ကအနက်ပေးခဲ့ပြီ။ ။၍သင်္ခါရဟူသော ရုပ်တရားတို့၏၊မခိုင်မြဲမှု အဟောင်းအသစ်ချုပ်ပျောက် ပြောင်းလဲနေမှုကိုပင်လျှင်။ ။သင်္ခါရာ။ကံ၊စိတ်၊ဥ၊ဟာ။ ကြောင်းလေးဖြာတို့၏။ ကောင်းစွာပြုပြင်စီရင်ခြင်းကို ခံနေကြရကုန်သော။ သင်္ခါရဟူသောရုပ်တရားနာမ်တရားတို့သည်၊ ဝတ၊ စင်စစ်ဧကန်။အမှန်မချအားဖြင့်။အနိစ္စာ။အကျိပ်အခဲခိုင်မြဲခြင်းမရှိကြလေကုန်။ဥပ္ပါဒါဝယဓမ္မိနော။ ဖြင်းကနဲဖြစ်ပေါ်လာပြီးနောက်။ ချက်ချင်းပင်ချုပ်ပျောက်ပျက်စီးကြလေကုန်၏။ဥပ္ပဇ္ဇိတွာ။ အကြောင်းတိုက်ဆိုက်က။ ဖြင်းကနဲဖြစ်ပေါ်လာကြင်း၍။နိရုဇ္ဈန္တိ။ ဖြတ်ကနဲချုပ်ပျောက်ကြလေကုန်၏။ ။ဟုဟောတော်မူသည်။

၍သို့ယပ်နှင့်ခပ်လျှင်၊ ရေချိုးလျှင်၊လေပြေလေညှင်း။ အတိုက်ခံလျှင်။ ကိုယ်တွင်းကိုယ်ပမှာ။ တခဏချင်း၊ ဧမ္မ၊ချမ်းမှုပေါ်လာ၏ဟူ၍လည်းသိကြ၏။မီးလှုံလျှင်။နေစာလှုံလျှင်။ ထိုဧမ္မချမ်းမှုတွေအကုန်ပျောက်၍။ ပုမ္မဠေွးမှုတွေ အသစ်အသစ်ဖြစ်ပေါ်လာမှုကိုလည်း သိကြ၏။ ဝေါကနိုက် ဖြစ်ဆိုသော အ

လုံး။ပေါ်ဆိုသော စကားလုံးတို့ကို တရားကျမ်းဂန်တို့က။ ဥဒယဟူ၍၎င်း။ ဇာတိဟူ၍၎င်း။ အသုံးပြုကြသည်။ ချုပ် ပျက်သေဆုံးသည် ဆိုသော စကားလုံးကို။ ဝယဟူ၍၎င်း။ အနိစ္စဟူ၍၎င်း။ မရဏ ဟူ၍၎င်း။ နိရောဓ ဟူ၍၎င်း။ အသုံး ပြုကြသည်။ ။နောက်က လည်းပြခဲ့ပြီ။ ။ဤသို့ဘနာဒိမှ ကာလအတွင်း မှာပင်။ ကိုယ်တွင်း ကိုယ်ပမှာ။ အရာအထောင်မကသော။အပူပျောက်၍။အေးဖြစ်ပေါ်လာရခြင်း။ အေးပျောက်၍အပူဖြစ်ပေါ်လာရခြင်းဟူသော။ အကြိမ်အရာ အထောင်မကအောင်များလှသော ဥဒယမှု။ဇာတိမှုတို့ကို၎င်း။ အကြိမ်အရာအထောင်မကအောင်များလှသော ဝယမှု။အနိစ္စမှု။ မရဏမှု။နိရောဓမှုတို့ကို၎င်း။မျက်မှောက်ဒိဋ္ဌ။ တွေ့ကြုံထင်ရှားသိရှိ၍နေကြကုန်၏။ထိုသို့မျက်မှောက်ဒိဋ္ဌ။ တွေ့ကြုံထင်ရှားသိရှိ၍ နေကြပါကုန်လျက်။ အချက်ကျကျ ဟုတ်မှန်သောအရာဌာနတို့ကို။ အချက်ကျကျ။ဟုတ်မှန်တိုင်းမသိရအောင်။မောဟအဝိဇ္ဇာ။ မှောင်ရောသည်၊ လွန်စွာဖုံးလွှမ်းပိတ်ပင်၍ ထားခြင်းကြောင့်။ ကိုယ်တွင်းကိုယ်ပနှစ်ဌာနတို့မှာ၊ ခဏချင်းခဏချင်းဖြစ်ချုပ်ပျောက်၍နေကြသော ပူမှုအိုက်မှုတို့ကို။ပရမတ်ဖြစ်သော တေဇောဓာတ်။ တခဏဓာတ်။အာဂန္တုဓာတ်အသီးအခြားဖြစ်ကြောင်းကိုမသိကြ။ခဏချင်းခဏချင်း။ဖြစ်ပေါ်ချုပ်ပျောက်၍နေကြသော။ချမ်းမှုအေးမှုတို့ကို။ပရမတ်ဖြစ်သော၊တေဇောဓာတ်။တခဏဓာတ်။ အာဂန္တုဓာတ်အသီးအခြားဖြစ်ကြောင်းကို မသိကြသည့်အတွက်ကြောင့်။အကြောင်းတိုက်ဆိုက်၍ ပူမှုအိုက်မှုဖြစ်ပေါ်လာလျှင်။ငါပူသည်။ငါအိုက်သည်။အကြောင်းတိုက်ဆိုက်၍၊အေးမှုချမ်းမှုဖြစ်ပေါ်လာလျှင်။ငါအေးသည်။ ငါချမ်းသည်ဟူ၍သာ။ သက္ကာယဒိဋ္ဌိဘေးရန်ကြီးဘက်သို့။ သက်ဝင်ကျရောက်၍ သွားကြရလေကုန်တော့သတည်း။ ။ဤကားအနိစ္စစစ်ကိုမသိသူတို့ဒိဋ္ဌိဖြင့် ငြိပုံတည်း။ ။

## ၈၃။ ။ဥဒယဗ္ဗယအနိစ္စကိုသိခြင်းနှင့် အကျိုးကိုပြခြင်း။

ဤဥဒယဗ္ဗယ၊အနိစ္စလက္ခဏာတို့သည်ကား။အနမတဂ္ဂ။ အစမထင်သောသံသရာနှင့် သတ္တဝါတယောက် တယောက်၏။ ခန္ဓာအစဉ်မှာ။ မျက်တောင်တခတ်၊လျှပ်တပြက်မျှ။ ကင်းကွာ၍နေကြသည်မရှိ။အဟုတ်ဧကန် အမှန်စင်စစ်မရှိသော။ ပုဂ္ဂိုလ်သတ္တဝါ၏ သေခြင်းကိုသာ။ သိမြင်နေကြ၍'အဟုတ်ဧကန်အမှန်စင်စစ်ရှိနေကြသော။ ပရမတ္ထအစစ်။ရုပ်နာမ်တရားတို့၏။ ခဏမစဲ။အသစ်အဟောင်း။ ပြောင်းလဲချုပ်ပျောက်၍။ နေကြခြင်းဟူသောဥဒယဗ္ဗယ အနိစ္စလက္ခဏာတို့ကို။ ကောင်းစွာ မထင်နိုင်မမြင်နိုင်ကြကုန်သော။အန္ဓပုထုဇန် သတ္တဝါအပေါင်းတို့သည်၊ ၎င်းအနိစ္စလက္ခဏာကို၊ ဘဝအဆုံးအဆုံးကျခါမှ။ တဘဝလျှင်တခါသာတွေ့ဆုံကြုံကြိုက်ကြရသည်ဟူ၍။အမှတ်အထင်အမြင်များ၍နေကြကုန်သည်အတွက်။ငါငါထင်ချတ်၊ သက္ကာယဒိဋ္ဌိဟူသောဘေးရန်၏ လက်သို့သာ။သက်ဝင်ကျရောက်၍ နေကြခြင်းကြောင့်။ လိုရင်းဆုံးဖြစ်သော၊ မဂ်လမ်းဖိုလ်လမ်း။ နိဗ္ဗာန်လမ်းတို့သည်။ပိတ်လျက်နေကြသည်။ထိုကြောင့်။ ဘဝတခုဆုံးခါမှ၊ တခါသာသေသည်ဟု မှတ်ထင်၍ နေကြကုန်သော။ ဤအနိစ္စလက္ခဏာတို့သည်မူကား။အနမတဂ္ဂသံသရာကစ၍၊ သင်္ခါရဟူသော အကြောင်းမချုပ်နိုင်ကြ၍။ တလှုပ်လှုပ်တရွရွဖြစ်နေကြရသော၊ သတ္တဝါတို့၏။ ရုပ်နာမ်နှစ်ဖြာ။ခန္ဓာငါးပါး။ တရားအစုတို့နှင့်။ခတင်ခဘဲ။ မစဲမပြတ်။လျှပ်စစ်တပြက်။ မျက်စိတမှိတ်လောက်မျှ၊ ရပ်တန့်တည်နေခြင်းမရှိဘဲ၊ တချုပ်ထဲချုပ်၍။ တဖြစ်ထဲ ဖြစ်နေကြကုန်သည်သာတည်းဟု ထင်မှုမြင်မှု၊ အသိဉာဏ်ပေါက်ရောက်မှုကိုပင် ဥဒယဗ္ဗယအနိစ္စာနုပဿနာဉာဏ်ဆိုသည်။ ။

ဤဥဒယဗ္ဗယ အနိစ္စလက္ခဏာကို။ ကောင်းစွာ ထင်မြင်

အောင်၊ ရှုကြည့်ရသော၊ ဝိပဿနာအမှုဆိုသည်ကား၊ အနမတဂ္ဂသံသရာက တခါတည်းအသဲစွဲကပ်၍ပါလာကြသော၊ နိစ္စဒိဋ္ဌိ အတ္တဒိဋ္ဌိအယူများတို့ကို ပယ်ရှား ထွန်းလှန်မှုပေတည်း၊ အနမတဂ္ဂသံသရာက၊ တခါတည်းအစဉ်ထာဝရအမြဲအစွဲကပ်ငြိထူထောင်၍လာခဲ့ကြသော၊ ထိုအနိစ္စဒိဋ္ဌိ၊ အတ္တဒိဋ္ဌိတို့ကိုမူကား၊ ယခုရှိနေကြသောနေယျပဒပရမပုဂ္ဂိုလ်နှစ်မျိုးတို့မှာ၊ အနုံ့အဓာန်၊ သဘာ ယုတ္တိ၊ အသိအမြင် လောက်များနှင့်၊ ပျက်ပြား လွင့်စင်အောင်ဖြိုနှင်၊ ပယ်ထုတ်ရုံမျှဖြင့်၊ မုချ မကျွတ်မလွတ်နိုင်သေး။ ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့၏၊ အနိစ္စအချက်ကို၊ ကွက်ကွက်ကွင်းကွင်းထင်လင်းဘိတိ၊ ဉာဏ်မျက်စိဖြင့်၊ သဲမြင်သကဲ့သို့သော မျက်မှောက်ဒိဋ္ဌ၊ ပစ္စက္ခဉာဏ်အမြင်မျိုးဖြင့်၊ ထင်ရှားမြင်သိပါမှ၊ ထိုဒိဋ္ဌိအမှားတို့ကိုလှုပ်ရှားစေခြင်းငှာ အခြေအနေပျက်စေခြင်းငှာ၊ ယုတ်တရက်ရှောင်တခင်၊ မဝင်မဖုံးလွှမ်းနိုင်စေခြင်းငှာတတ်နိုင်စွမ်းနိုင်သည်။

ဘဝတခုဆုံးခါမှ၊ တခါသာသတ္တဝါသေသည်၊ မည်သူသေရှာသည်၊ မည့်ဝါသေရှာသည် ဟူ၍၊ သိမြင်ကြမှုကို၊ အနိစ္စာနုပဿနာဉာဏ်လည်းမဆိုရ၊ ဝိပဿနာလည်းမဆိုရချေ၊ အကြောင်းမူကား၊ ထိုမည်သူသေသည်၊ မည့်ဝါသေသည်ဟု၊ သိမြင်မှုအလုပ်တို့သည်၊ ရုပ်တရားနာမ်တရားတို့ကို၊ ထင်ထင်လင်းလင်း၊ ကွင်းကွင်းကွက်ကွက်၊ အချက်ကျကျ၊ ထုတ်ဘော်၍သိမြင်ကြသည်မဟုတ်၊ ဗာဟိရက၊ သာသနပြင်ဘက်ကြသူ၊ တရုပ်ကုလားတို့နှင့်တရားမရှိသော ချင်းကရင်အရိုင်းအစိုင်းဖြစ်သူတို့ပင်သော်လည်း၊ ထိုသမ္မုတိမရဏကိုမူကား သိကြမြင်ကြသောကြောင့်တည်း၊ ထိုသို့သောဥဒယဗ္ဗယအနိစ္စလက္ခဏာကို ကောင်းစွာမသိကြကုန်မူ၍၊ သမ္မုတိမရဏဟူသော အနိစ္စအကြမ်းကိုသာ၊ သာသနာပလူတို့သိကြမြင်နိုင်ကြသောကြောင့် သာသနာပ၌ မဂ်ဖိုလ်ကိုမရနိုင်ကြလေသည်ကိုလည်း မှတ်ရမည်။

## ၈၄။ ။သုတမယဉာဏ်သိ။စိန္တာမယဉာဏ်သိနှစ်ပါးကို ခွဲခြား၍ပြခြင်း။

ဤရုပ်နာမ်တရားတို့၏ လက္ခဏာကို ပညာရှိသူတို့ သိခြင်းသည်လည်း၊သုတမယဉာဏ်သိ၊ စိန္တာမယဉာဏ်သိဟူ၍နှစ်မျိုးရှိပြန်၏။ ၊ပရတောအသုတွာအတ္တနောစိန္တာဝသေနနိပ္ဖန္နတ္တာ စိန္တာမယာ။ ပရတော သုတွာ ပဋိလဒ္ဓပညာ သုတဝသေန နိပ္ဖန္နတ္တာသုတမယာ။ ။ဟူသောဝိသုဒ္ဓိမဂ်ကိုရှု။ ။ထိုနှစ်မျိုးတို့တွင်။ အဘိဓမ္မာကျမ်းဂန်တို့ကို သင်အံလေ့လာ၊ များစွာ တတ်သိ၊ ကြေပြွန်မှုဟူသော၊သုတမယဉာဏ်ဖြင့်။ ဝေဘန်ခြေဆလျက်။ အနိစ္စလက္ခဏာစသော၊ အစီအရင်ကို ဆင်ခြင်ပြောဟောမှု၊သဘောသကန်၊ကြေလည်ချောမောအောင်ပြောဟောသင်ပြ၊နှီးချဆုံးဖြတ်ရေးသားတတ်သိမှုကား။ သုတမယဉာဏ်သာတည်း၊ ပရိယတ္တိဉာဏ်သာတည်း၊ ဝိပဿနာဉာဏ်မျိုးမဟုတ်။ ။ထိုသုတမယပညာဟူသောပရိယတ္တိဉာဏ်ပညာဖြင့်ကောင်းစွာ သိသည့်အတိုင်း။ ဝိပဿနာဉာဏ်ပညာ အမှုဖြင့်ရှုကြည့်ပွားများအားထုတ်လေ့လာဘန်များ၍။ ထိုပုမှု၊ မှုဟူသောတေဇောဓာတ်တို့၌။အဟောင်းတွေချုပ်ပျောက်လျက်။ အသစ်အသစ်ဖြစ်ပေါ်နေမှုဟူသော။ ဥဒယဗ္ဗယ သဘောများကို၊ကွဲကွဲပြားပြား၊ သိမြင်ထင်ရှားမှုသည်ကား။ စိန္တာမယပညာ။ဝိပဿနာဉာဏ်သိ၊ ဉာဏ်မြင်မျိုးမည်၏။ ။ထိုနှစ်မျိုးတို့တွင်။ဤဝိပဿနာအရာ၌။ထိုကဲ့သို့သောစိန္တာမယဉာဏ်သိ။ ဉာဏ်မြင်မျိုးမှသာလျှင်၊ယခင်ဒိဋ္ဌိကိုတွန်းလှန်နိုင်မည်။ ။သုတမယပညာကိုမူကား၊ဉာတပရိညာ၊တီရဏပရိညာ၊ပဟာနပရိညာသုံးမျိုးတို့တွင်။ ဉာတပရိညာစခန်းလောက်သာ ရောက်လေ၍၊နေယျ ပဒပရမပုဂ္ဂိုလ်နှစ်မျိုးတို့သန္တာန်မှာ၊ သက္ကာယဒိဋ္ဌိဘေးရန်ကို၊တွန်းလှန်နိုင်လောက်အောင်အားမရှိသေး။ ။သုတမယပညာဟူသောဉာတပရိညာစခန်းသို့ ရောက်ရုံမျှနှင့်၊အားရတင်း

တိမ်နေသူတို့သည်။ မဂ်ဖိုလ်သို့ရရန်စခန်း၌။ ကောင်းကင်ဝယ် ပျံသွားသော။ကြီးမားလှစွာသောလင်းတငှက်ကို။ စရိုတ်နှင့်ပစ်ခတ်နေသကဲ့သို့ရှိ၏။ ။ဝိပဿနာမယ ပညာဝိပဿနာဉာဏ်ဟူသော။ တိရဏာပရိညာစခန်းသို့ရောက်အောင်။ ကြိုးဆောင်အားထုတ်နေသူတို့သည်။ ယခင်လင်းတငှက်ကို။ ကျည်စေ့ကျည်ဆံကိုထည့်၍။ တည့်တည့်မတ်မတ်။ချိန်ပစ်သူတို့နှင့်တူ၏၊ လင်းတငှက်သည်သက္ကာယဒိဋ္ဌိနှင့်တူ၏။ ။ဤကားဥဒယဗ္ဗယအရနိစ္စကို သိမြင်သူတို့၏အကျိုးတည်း။

---

၁၅။ ။ဒိဋ္ဌိကိုထွင်နုတ်နိုင်အောင်ငါ၏သဘောသရုပ်ကိုပြခြင်း။

ငါပုသည်၊ငါဓိုက်သည် ငါသေသည်၊ငါချမ်းသည်စသည်ဖြင့် ထင်မှတ်စွဲလမ်းမှုတို့မှာပါသော။ငါဆိုသည်ကား။ တနေ့လုံးမှာ တလလုံးမှာ။တနှစ်လုံးမှာ။တဘဝလုံးမှာ။တကမ္ဘာလုံးမှာ။တသံသရာလုံးမှာ။ငါတခုသာတည်း။မသေမီကာလ။တဘဝလုံး။ တနှစ်လုံး။တနေ့လုံးမှာလည်းငါတခုတည်းသာတည်း။ ထိုငါသည် မသေမီကာလ။ တဘဝလုံးမှာ။ တနှစ်လုံးမှာ။ တနေ့လုံးမှာအဟောင်းတွေချုပ်ပျောက်လျက်။ အသစ်အသစ်ဖြစ်ပေါ်လာသည်ဟူ၍မယူကြ။ချုပ်သည်။ပျက်သည်။ ကွယ်ပျောက်သေဆုံးသည်ဟူ၍မယူကြ။ ကိုယ်သန္တာန်အတွင်းအပမှာ။ ပုမှု ဖျော့တို့သည် ခဏခဏချင်း အသစ်အသစ်ဖြစ်ပေါ်လျက်ရှိနေသည်ကိုလည်း သိကြ၏၊အဟောင်းတွေသည်၊ ချုပ်ကွယ်ပျောက်ပျက်၍မရှိပြန်မှုကိုလည်းသိကြ၏၊ ထိုသို့သိလျက်ပင်လျှင်။ မခိုင်မြဲဘဲ။ မစဲမပြတ်ချုပ်ပျောက်၍ နေကြသော။ အာဂန္တုဓာတ်။ ပရမတ်ဖြစ်သောပုမှုဖျော့တို့ကို၊ တဘဝလုံးမှာ။ အခိုင်အမြဲစွဲလမ်း၍ယူလာကြသော ငါလုံးနှင့်စပ်လျက်ယူထားကြခြင်းကြောင့်။ ငါဆိုတာကို၊တကယ်သိမှ။ ဒိဋ္ဌိရန်ကြီးကို တားဆီးတွန်းလှန်နိုင်ကြမည်

ကြောင့်။ငါဟူသောအလုံး၏သရုပ်သဘောကိုပြဦးအံ့။ ။ငါတို့
မြန်မာလူမျိုးများသည်ဘုရားသခင်ဟောတော်မူချက်သက္ကာယ
ဒိဋ္ဌိနှစ်ဆယ်တို့တွင်။(ရူပံ အတ္တတော သမနုပဿတိ)ဟူသော
ဒိဋ္ဌိအယူသာ၍သန်သည်၊ သန်ပုံကား၊ လောကီပမာ အားဖြင့်
ကြုပ်ထည်း၌ပတ္တမြားရှိသည်။သေတ္တာထဲ၌ ငွေရှိသည်၊အိမ်
ထဲ၌ လူရှိသည်ဆိုသကဲ့သို့။ ရုပ်ဟူသော၍ကိုယ်ကြီးထဲ၌။ အ
သက်ဝိညာဉ်ရှိသည်။ ထိုအသက်ဝိညာဉ်သည် နောက်ကပြခဲ့
သည့်အတိုင်း။သစ်တပင်သေလျှင်။သစ်တပင်သို့ ပြောင်းသော
ငှက်ကဲ့သို့ရင်း။အိမ်တခုပျက်လျှင်။အိမ်တခုသို့ ပြောင်းသောလူ
ကဲ့သို့ရင်း။ ထိုဝိညာဉ်သည်ပင်လျှင်။ရှေးဘဝတို့က။ ကုသိုလ်ကံ
အကုသိုလ်ကံကိုပြု၏။သူပင်နောက်ဘဝမိမိကံချရာ၌။ကျရောက်
လာ၍။ ချမ်းသာဆင်းရဲကိုခံ၍ခံစား၏။ သူကျရောက်ရာ၌ သူ
နေဘို့၊သူခံစားလို့။ ခန္ဓာအိမ်လည်းအသစ်ဖြစ်ပေါ်လာရ၏။ ၎
ခန္ဓာအိမ်၌တည်နေပြန်၍။တဖန်ဘဝအသစ်အတွက်။ကုသိုလ်အ
ကုသိုလ်ကံကိုပြုပြန်၍။တဖန်ဘဝအသစ်၌၊ ရှေးနည်းအတိုင်းပင်
ဖြစ်ပြန်၏ဟူ၍ဘဝတခုနှင့်ဘဝတခုကူးပြောင်းနေနိုင်အောင် ခိုင်
မြဲ၏ဟူ၍လည်းယူကြသည်။ ။သည့်ဘဝမှာလည်း၎င်းဝိညာဉ်
မျိုးသည်၊သတ္တဝါတယောက်မှာတခုသာရှိ၏။ရင်တွင်းမှာအမြဲ
တည်နေ၏။မျက်စိ၌ရူပါရုံထင်လာသောအခါ။ ထိုဝိညာဉ်သည်
ပင်လျှင်။ ရင်တွင်းနှလုံးအိမ်ထဲမှမျက်စိပေါက်သို့လာ၍ရူပါရုံကို
ကြည့်လည်းကြည့်၏။ မြင်လည်းမြင်၏။ နား၌သဒ္ဒါရုံထင်လာ
ပြန်လျှင်။ယခင်နည်းဖြင့်နားပေါက်သို့လာ၍ အသံကိုနားထောင်
၏။ကြားလည်းကြား၏။နှာခေါင်းမှာ။လျှာမှာ။ ကိုယ်မှာ။စိတ်မှာ။
ဂန္ဓာရုံ။ရသာရုံ။ဖောဋ္ဌဗ္ဗာရုံတို့သည်၊ထင်လာပြန်လျှင်လည်း ၎င်း
နည်းအတိုင်း၊ပြောင်းရွှေ့၍။ခြောက်ဒွါရ၌။ တိုက်ဆိုက်လာသော
အာရုံများကိုယူတတ်၏။ခံစားတတ်၏။တဘဝလုံးမှာတခုတည်း
ဖြစ်၍အမြဲတည်၏။ဘဝပြောင်းပြန်လျှင်၊ထိုဝိညာဉ်တခုတည်း
သည်ပင်လျှင်။ ထိုထိုဘဝသို့ ပြောင်းသွားလေ၏။ ချုပ်သည်

ပျက်သည့်သေသည်ဟူ၍မရှိ။ရုပ်ခန္ဓာသာသေသည်။ အသက်ဝိညာဉ်သည်။ကမ္ဘာ့အဆက်ဆက်အမြဲတည်နေ၏ဟူ၍အယူရှိကြသည်။ထိုအယူမျိုးသည်မြတ်စွာဘုရားလက်ထက်တော် အခါကပင်။အထင်အရှားရှိကြကြောင်းကိုမူလပဏ္ဏာသပါဠိတော်စသည့်တို့မှာဟောတော်မူသည်။ ။

ထိုအယူဖြစ်ပုံကား။ ရုပ်နာမ်ခန္ဓာ၌ အမြင်မသန်ကြသည့်အတွက်စိတ်ဟူသောနာမ်ခေတ်၏၊ဥပါဒ်၊ဋ္ဌီ၊ဘင်ကို နားမလည်ကြ၍။ထိုစိတ်ဝိညာဉ်ကိုပင်လျှင်၊မိမိတို့။ သံသရာအဆက်ဆက်က။စွဲလမ်းလျက်လာကြသော။အသက်ဝိညာဉ်ဖြစ်သည်ဟု ယုံကြည်စွာအထင်အမြင်များနေကြကြောင်းကို။ ။သဗ္ဗံ ဟိ သဏ္ဌာဝိဇါနနသဘာဝေဝိညာဏေ ဇီဝသညိနော။ ။စသည်။ဖြင့်၊သမ္မောဝိသုဒ္ဓိမဂ်အဋ္ဌကထာစသည်တို့၌ဘွင့်ဆိုသည်။

ထိုဇီဝဟူသောဝိညာဉ်အသက်ကိုပင်အတ္တဆိုသည်ဟု။ ။ဇီဝေါစအတ္တာဇေဝ။ ။ဟူ၍၎င်း။ ။ဇီဝေါတိအတ္တာ။ ။ဟူ၍၎င်း။ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ။ မဟာဋီကာစသည်တို့မှာဆိုသည်။ ။ထိုဇီဝဟူသောအတ္တကိုပင်။ငါငါဟုမှတ်ထင်စွဲလမ်း၍နေကြကြောင်းကို။ ။ယံရူပံသောအဟံ။ ယောအဟံတံရူပံ။ ။ဟူသောပဋိသမ္ဘိဒါမဂ်ပါဠိတော်ကိုဘွင့်ပြရာ ၎င်းအဋ္ဌကထာနှိုက်။ ။အဟန္တိ အတ္တာနမေဝ။ သန္တာယ ဂဏှာတိ။ ။ဟူ၍ဘွင့်ဆိုသည်။(ဇီဝကိုအတ္တ။ ၎င်းအတ္တကိုပင်။ငါငါထင်နေကြသည်ကို။ဝိဇ္ဇာရသိလိုမူ။ဒိဋ္ဌိသတ်ခဏ်းခေတ်ကမ္ဘာ့ဗျာန်း။ နိဗ္ဗာန်ပေါက်လမ်း ခေတ်ကမ္ဘာ့ဗျာန်းတို့မှာကြည့်။ ဤကျမ်းနှိုက်ကား။စကားစပ်မိရုံမျှသာပြသည်။)ဤပါဠိတော်။အဋ္ဌကထာဋီကာသါကေကိုထောက်ဆ နှိုင်းစာလိုက်သော်။ ငါငါဟုအထင်အမြင်မှတ်များ နေကြသည့်။ အစဆုံး မူလအခြေကား။ အတ္တဇီဝဟူသော အသက်ဝိညာဉ်တည်း။ ထိုအတ္တဇီဝဟူသော အသက်ဝိညာဉ်ကိုပင်လျှင်။ ငါငါဟုမှတ်ထင်စွဲလမ်းနေကြသည်။ ဤစွဲလမ်းမှုအတိုင်းပင်။ငါဘယ်ဘဝလာခဲ့သည်။ငါဘယ်ဘဝသို့သွါး

ရမည်ဟု အသက်ပိဉာဉ်ကိုပင်။ ရည်၍ပြောဆိုကြသည်။ အပေါင်းအစုကို ဟောသောကာယသဒ္ဒါကို နာမသတ်ပြု၍ပြန်ထားသောကိုယ်ကြီးကိုငါငါဟုပြောဆိုနေကြသည့် မထင်နှင့်။ သည့်ကိုယ်ကြီးပင်။ ဟိုဘဝကလာခဲ့သည်။ သည့်ကိုယ်ကြီးပင်နောက်ဘဝသို့သွားရဦးမည်။ ကျူးရဦးမည်ဆိုရာ ခေါက်၍။ ကတောက်ကတက်။ အနက်အဓိပ္ပါယ်မရှိ။ ယုတ္တိမရဘဲ။ အလွဲလွဲအချော်ချော်တွေဖြစ်ကုန်ကြလိမ့်မည်။ ထိုကြောင့်။ ငါငါဟုအထင်အမြင် မှားနေကြသည်မှာ အတ္တဇီဝဟူသော အသက်ပိဉာဉ်ကိုစွဲ၍မှားနေကြသည်ဟုအတည်ကြကြမှတ်။ ထိုအတ္တဇီဝဟူသောငါငါထင်စရာ အချက်အသက်ပိဉာဉ်ရှိ၏ ဟူသောအယူမှားကိုပယ်ရှားပစ်ထုတ်တော်မူလို၍။ သဗ္ဗေဓမ္မာအနတ္တာဟူ၍၎င်း။ ဓမ္မာနိသတ္တာနိဇီဝသဘာဝါဟူ၍၎င်း။ ဟောကြားဘွင့်ဆိုတော်မူကြလေပြီ။ ။ဤကားငါ၏သရုပ်ကို အကျဉ်းထုတ်ပြခြင်းတည်း။ ။အကျယ်သိလိုက ညွှန်ပြခဲ့သည့်ခေတ်ကမ္ဘာဦးဌာန်းတို့မှာကြည့်။ ။

---

## ၁၆။ ။ထင်လာသောအနိစ္စနှင့်အနတ္တကိုပူးကပ် ယှဉ်တွဲ၍ရုပ်ပုံကိုပြခြင်း။

ဤကိုယ်ခန္ဓာကြီးမှာ ပူအိုက်လှသောအခါ။ ယပ်လေဖြင့်၎င်း။ လေပြေလေညှင်းဖြင့်၎င်း။ ဖျော့စွာသော ရေဖြင့်၎င်း။ ခပ်ပေးခြင်း စသည့်တို့ကိုမိမိကိုယ်တိုင်ဖြစ်စေ။ သူတပါးကဖြစ်စေ။ ပေးနေသောအခါ။ လေထိရာအရပ်။ ရေထိရာအရပ်တို့ကို။ ကြပ်ကြပ်ဉာဏ်နှင့်စိုက်၍ကြည့်။ တကိုယ်လုံးနိုက် ပိုးကောင်တွေသွားသကဲ့သို့။ တဘွားဘွား ဖြစ်ပေါ်၍နေသော။ ပူမှုဟူသောဥဏှတေဇောဓာတ်တွေသည်။ ယပ်လေ။ ရေတို့နှင့်မတွေ့မီရှေးအဘို့နိုက်။ တရှိန်ရှိန်ပူနေကြသည်၊ ယပ်လေ။ ရေတို့နှင့်တွေ့ကြုံမှကား၊ တရှိန်ရှိန်နေကြသော၊ ထိုပူမှုဟူသော တေဇော

ခံတတ်ရုပ်ကလာပ်တို့သည်။တဖြုတ်ဖြုတ် ချုပ်ပျောက်သေဆုံးကြ၍၊သီတတေဇောခံတတ်။ရုပ်ကလာပ်ဟူသောမှုန့်တွေသည်။ရိပ်ရိပ်ရိပ်ရိပ်တက်၍ပျံ့နှံ့၍ဖြစ်ပေါ်လာမှုကိုအတတ်ဒိဗ္ဗကဲ့သို့သိမြင်အောင်ရှု။မှုန့်ဟူသောသီတတေဇောခံတတ် ရုပ်ကလာပ်တို့သည်။ယပ်လေ။ ရေဇော်နှင့်မတွေ့မီအခါက။ ဘယ်မှာမှရှိ၍နေနှင့်သောခံတတ်မဟုတ်။ ယပ်လေရေဇော်နှင့် ထိခိုက်မှုဒါဏ်ချက်ကြောင်းသာ။ မိုးပေါ်ကျကဲ့သို့ဖြစ်၍။ ခဏချင်း ဖြစ်ပေါ်လာသောဘာရေးစုပေတည်း။အပူအဒိုက်ပျောက်ပြီဟု သိသောအခါနိုက်လည်း၊ထိုပူအိုက်မှုဟူသော ဥဏှတေဇောခံတတ် ရုပ်ကလာပ်တို့ ပျောက်မှု သာတည်း။ ချုပ်ကွယ် သေဆုံးမှုသာ။တည်း။ ကုန်ခန်းပျောက်ပျက်မှုသာတည်း။ ဘယ်ကိုမှပြောင်းရွှေ့သွားသည်မဟုတ်။ "အဒဿနတော အာယန္တိ" ဂါထာကိုနာနာနှလုံးပြုနိုင်မှယခုအချက်ကိုဉာဏ်ဖြင့် သက်ဝင်နိုင်ချိမ့်မည်။

ဤကဲ့သို့ ပူအိုက်၍နေရာ။ ယပ်လေရေဇော်ဖြင့် ပေးလိုက်သောအခါ။ချက်ချင်းရိပ်ရိပ်ရိပ်ရိပ်နှင့်။ဖိန့်၍တက်လာသော မှုန့်ချမ်းမှုဟူသောသီတတေဇောခံတတ်။ ရုပ်ကလာပ် ဝါရေးစု၏။အာဂန္တုက။တဒင်္ဂ။တခဏ။ ပဋိစ္စသမုပ္ပန္နတရားအဖြစ်ကိုဂင်း။အပူအဒိုက်ပျောက်ပြီဟုသိသောအခါ။ဘယ်ကိုမှ ပြောင်းရွှေ့သွားသည်မဟုတ်။ ထိုနေရာတွင်ပင်။ အပြီးပျောက်ကွယ်သေဆုံး၍သွားမှုကိုဂင်း။ဇပိုးဇဝါး။ ယုံမှားသံသယမရှိအသိဉာဏ်တွင်။လင်းလင်းချင်းချင်းထင်မြင်သောအခါ။ ။ရူပံအနိစ္စံ ခယဋ္ဌေန၊ ။ရူပံ။ပူအိုက်မှုဟူသောဥဏှတေဇောခံတတ်ပရမတ်ရုပ်သည်။ ခယဋ္ဌေန။အဖြေနှင့် တွေ့သည့်နောက်။ ချက်ချင်းကုန်တတ်ပျောက်တတ်သော အနက်သဘောကြောင့်။ အနိစ္စံ။နိုင်မြဲခြင်းမရှိချေ၊ ။ဟုဝိပဿနာတင်အပ်၏။ ။ထိုပူမှုအိုက်မှုသည်ချုပ်ပျောက်သွားသည်ကိုလည်းသိကြ၏။ မှုန့်ချမ်းမှု တွေအသစ်အသစ်ဖြစ်ပေါ်လာသည်ကိုလည်းသိကြ၏။အာဂန္တုက။

တဒင်္ဂ၊ တခဏ၊ အလေ့ပေါက်၊ မိုးပေါ်ကျကဲ့သို့သော၊ ပဋမဏ္ဍ ခတ်အသီးအခြားတွေဖြစ်သည်ကိုကား မသိကြမမြင်ကြလေ၍၊ ငါပူသည်၊ ငါအိုက်သည်၊ ငါဖြသည်၊ ငါချမ်းသည် ဟူသော အနေနှင့်သော၊ မမြဲသောပူအိုက်မှု၊ ချမ်းမှုတို့ကို၊ မြဲသည်ဟုအထင်ရှိသောငါလုံးနှင့်တပေါင်းတည်း တခုတည်းပြု၍ မြင်ကြထင်ကြစွဲလမ်း၍နေကြကုန်၏။ ငါကိုသိမှုတလမ်း၊ ထိုခေါ်တို့ကိုသိမှုတလမ်းဖြစ်၍ နေကြသည်။ နေပုံကား၊ အကယ်၍ပူအိုက်မှု၊ ချမ်းမှုတို့သည် (ငါ) ဖြစ်ခဲ့ကုန်ငြားအံ့။ တဘဝလုံးမသုံးမခြင်းငါအမြဲတည်နေ ကဲ့သို့၊ ထိုပူအိုက်မှုချမ်းမှုတို့သည်လည်း၊ အမြဲတည်နေကြရလိမ့်မည်။ အကယ်၍၊ ငါသည်ပူအိုက်မှုချမ်းမှုတို့နှင့် တခုတည်းတပေါင်းတည်း ဖြစ်ငြားအံ့။ ထိုပူအိုက်မှု ချမ်းမှုတို့ကို၊ ယခုကိုယ်မှာ ဖြစ်ပေါ်ရှိနေပြန်ပြီ၊ ယခုချုပ်ပျောက်သေဆုံး၍ကုန်ပြန်ပြီဟု သိကြသောအခါ၊ ငါလည်းဖြစ်ပေါ်လာပြန်ပြီ၊ ယခုငါပျောက်ကွယ်သေဆုံး၍သွားပြန်ပြီ၊ ငါမရှိပြန်ပြီဟုအတည်ကြကြသိကြကုန်ရာသည်။ ။

ဆိုလိုခြင်းကား၊ မြဲသည်ထင်သော ငါဆိုတာကေနရှိလျှင်၊ ပူအိုက်မှု ချမ်းမှုတို့သည်လည်း၊ အခိုင်အမြဲတပူသဲ၊ တအိုက်သဲ ပူအိုက်၍သာနေရမည်။ ပူအိုက်မှု ချမ်းမှုတို့သည်၊ မြဲပါလျှင်လည်းငါဆိုတာသည်၊ အမှန်စင်စစ်ရှိရမည်။ ယခုမှာ ၍ ကဲ့သို့မဟုတ်၊ ပူအိုက်မှုချမ်းမှုတို့သည် ဖြစ်ပြီးသည်နောက် ချက်ချင်းချုပ်ပျောက်ကြသောအာဂန္တုက၊ တဒင်္ဂ၊ တခဏ တရားတို့သာဖြစ်ကြလေသည်အတွက်၊ ခိုင်မြဲ၏အထင်ရှိသောငါ ဆိုတာသည်၊ ကေနစင်စစ်မရှိကြောင်းကိုအတတ်သိနိုင်ရန်။ ။

ရုပ်အနတ္တာ အသာရကဌေန။ ။ရုပ်၊ ပူအိုက်မှုဟူသောဥဇ္ဇာ တေဇောခေါ်၊ ပရမတ်ရုပ်သည်၊ အသာရကဌေန၊ ဖြစ်ပြီးသည် နောက်၊ ချက်ချင်းပင် ချုပ်ပျောက်သည့်အတွက်၊ ခိုင်ခြင်းမရှိသောအနက်ကြောင့်၊ အနတ္တာ၊ အခိုင်အမြဲရှိသည်ထင်သော ငါ ဆိုတာမဟုတ်၊ ဝါခိုင်မြဲလှစွာ၊ ငါဆိုတာဟူ၍မရှိ။ ။ဟုမိုသသနာ

ထပ်၍ရှုပါမှ။ သက္ကာယဒိဋ္ဌိတရားသည် ပျက်ပြားလွင့်စင်နိုင်မည်။အနိစ္စကိုသိရုံမျှနှင့်။ ငါပူသည်။ငါအိုက်သည်။ ငါဧသည်။ ငါချမ်းသည်ဟူသောအနေနှင့်သာရပ်နေတတ်သည်။ရပ်နေကြသည်၊ကြပ်ကြပ်သတိမူကုန်ရာသတည်း။ ။ဤတောဓောခေါတ်တခုကိုရှုပုံအချက်ကျကျဉာဏ်မျက်စိပေါက်၍သွားလျှင်။ ကျန် ၃၁ ရုပ်တို့၌လည်း။ လွယ်ကူ၍သွားလေတော့ သတည်း။ ။ ဤဝိပဿနာရှုနည်းသည်။အကြီးသမား။ဉာဏ်သမားတို့မှာ၊ထင်ရှားစွာထင်လွယ်မြင်လွယ်၍။ အကြီးသေးသူ။ ဉာဏ်မှေးသူတို့မှာ၊လွယ်ကူစွာဖြစ်နိုင်မည်မထင်။ အကြီးသေးသူ။ ဉာဏ်မှေးသူတို့အတွက်။အထက်ညွှန်ပြခဲ့သော ခေါတ်ကမ္မဋ္ဌာန်းမှာ များစွာပါရှိလေပြီ။ ။

## ဤကားရုပ်၌ဥဒယဗ္ဗယအနိစ္စကိုအနတ္တနှင့်ပူးကပ်ယှဉ်တွဲ၍ရှုပုံတည်း။

### ၈၇။ ။အကြီးသမား၊ဉာဏ်သမားနှင့်။အကြီးသေးသူ။ ဉာဏ်မှေးသူတို့ဝိပဿနာရှုနည်း၌ရှင်းပြခြင်း။

ဤစကားရပ်၌။ရုပ်နာမ်တရားတို့ကိုဝိပဿနာရှုခြင်းမှာ၊ အနိစ္စနှင့်အနတ္တနှစ်ခုရောစပ်၍ရှုမှုသည်၊အကြီးသမား။ဉာဏ်သမါးဟူသောပညိန္ဒြေထက်သန်သူတို့နှင့်လျော်ကပ်၍။အနိစ္စမဘက်။ သက်သက် ငါမဟုတ်ကြောင်းကိုသာ။ ကောင်းစွာရှုကြည့်ရသော။အနတ္တလက္ခဏာတခုတည်းကိုသာ။ အားကြီးဂရုစိုက်၍ရှုမှုသည်။သဒ္ဓိန္ဒြေထက်သန်လွန်ကဲလျက်၊အကြီးသေးသူ။ ဉာဏ်မှေးသူတို့နှင့်။ သာလွန်၍လျော်ကပ်သည်ဟု၊ ပြဆိုခဲ့ရာတွင်။ စောဒနာရန်ရှိသည်ကား။လက္ခဏာယဉ်သုံးပါးတို့တွင်။ အနတ္တလက္ခဏာသည်။ သာလွန်၍။ လျှို့ဝှက်နက်နဲအသိအမြင်ခက်၏။ ထိုသို့အသိအမြင်ခက်လှသောအနတ္တလက္ခဏာကို။အတင်းဝင်

၍ရှုမှတ်သည်။ အကြီးသေးသူ။ ဉာဏ်မှေးသူတို့နှင့်သင့်လျော်၍။ ထို အနတ္တလက္ခဏာကိုသိသာရုံမျှထင်ရှားရုံမျှ ဟောတော်မူသော အနိစ္စ နှင့်။ အနတ္တနှစ်ခုရောနှောပေါင်းစပ်၍ရှုမှတ်သည်။ အကြီးသ မားဉာဏ်သမားတို့နှင့်သင့်လျော်၏ဟုဆိုခဲ့ရာ။ အဘယ်မှာသင့် လျော်ပါအံ့နည်းဟု မေးရန်ရှိ၏။ အချုပ်ကား။ အလွန်ခဲခက်လှသော အနတ္တရှုမှတ်သည်။ ဉာဏ်မှေးသူတို့နှင့်သင့်၍။ ထိုခက်ခဲလှသော အနတ္တကိုထင်ရှားသိလွယ်အောင် ဟောပြသော အနိစ္စလက္ခ ဏာပါထည့်စွက်၍။ အခက်ကိုလွယ်အောင်လုပ်နည်းပါနေသည့် အတွက်။ ၎င်းလက္ခဏာနှစ်ခုရောနှော၍ရှုမှတ်သည်။ ဉာဏ်မှေးသူတို့ နှင့်သာလွန်၍ သင့်လျော်ရာသည်မဟုတ်ပါလောဟု စောဒနာ ရန်ရှိ၍ဆိုလိုသည်။ ။အဖြေကား။ ဝိပဿနာဉာဏ်အတွက် မဂ် ဖိုလ်ကိုရကြသောသူတို့သည်။ ဉာဏ်စွမ်းကိုအခြေပြုလျှင်။ ပညာ ဓိကရင့်သန်။ ဉာဏ်ပညာထက်မြက်သည့်အတွက်။ ထိုပညာဓိက ပြဋ္ဌာန်းလျှင်။ မဂ်ဖိုလ်ကိုရသောမေဓာနုသာရီပုဂ္ဂိုလ်။ ပညာဓိကမ ရင့်သန်ဉာဏ်မထက်မျက်။ သက်သက်သဒ္ဓါစွမ်းထက်သန်လွန် ကဲသည့်အတွက်။ မဂ်ဖိုလ်ကိုရသော သဒ္ဓါနုသာရီပုဂ္ဂိုလ်ဟူ၍ လည်း။ ကျမ်းဂန်တို့မှာရှိသည်။ ထိုပုဂ္ဂိုလ်နှစ်မျိုးတို့တွင်။ ပညာ သိက္ခါတေနမေဓာနုသရတိအနုသရတီတိမေဓာနုသာရီ။ ။ဟူ သောပုဂ္ဂလပညတ် အဋ္ဌကထာစသည်တို့နှင့် အညီ။ အကြင် ပုဂ္ဂိုလ်သည်။ ရုပ်နာမ်ခန္ဓာတရားတို့၌။ အနိစ္စ စသောသဘော လက္ခဏာတို့ကို။ ကျမ်းဂန်လာတိုင်း ကောင်းစွာခွဲစိတ်ဝေဘန် ၍မြင်သိနိုင်သောပညာဖြင့်။ ကောင်းစွာထင်မြင်အောင် ရှုစွမ်း နိုင်၏။ ထိုပုဂ္ဂိုလ်မျိုးသည်။ သောတာပတ္တိမဂ်ခဏ၌ မေဓာနုသာရီ ပုဂ္ဂိုလ်မည်၏။ ဖိုလ်သို့ရောက်သည်ရှိသော်။ ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်မည် ၏။ ။

သဒ္ဓါယသရတိအနုသရတီတိ သဒ္ဓါနုသာရီ၊ ။ဟူသော ၎င်းအဋ္ဌကထာစသည်တို့နှင့်အညီ။ အကြင်ပုဂ္ဂိုလ်သည်ကား။ တရား၏နက်နဲခြင်းကြောင့်၎င်း။ ပညာ၏ နုံ့ခြင်းကြောင့်၎င်း။

ကောင်းစွာခွဲစိတ်။ထုကြိတ်ဝေဘန်၍။ ဉာဏ်ပညာ ကဲလွန်သူ
များကဲ့သို့။ထင်ရှားအောင် မရှုနိုင်။ စင်စစ်သေးကား။ ဘုရား
ကိုယ်တော်မြတ်သည်။ဟောကြားတော်မူအပ်သော။ တရားဒေ
သနာတော်ကိုသာ။ကောင်းစွာယုံကြည်အားထားသော အား
ဖြင့်။ဘုရားသခင်၌ ယုံကြည်သောသဒ္ဓါကိုသာ။ ကောင်းစွာမှီ
တင်းလျက်။ (ရုပ်ဟာရုပ်။ငါမဟုတ်။နာမ်ဟာနာမ်။ ငါမဟုတ်။
နာမ်ရုပ်ဟာ။နာမ်ရုပ်။ ငါမဟုတ်)။ ဟုယုံကြည်ခြင်း သဒ္ဓါကို
သာ။ အမှူးထားလျက်။ တရားကိုအားထုတ်၏။ ထိုပုဂ္ဂိုလ်မျိုး
သည်။သောတာပတ္တိမဂ်ခဏ၌သဒ္ဓါနုသာရီပုဂ္ဂိုလ်မည်၏။ဖိုလ်
သို့ရောက်သည့်ရှိသော်သဒ္ဓါယဝိမုတ္တပုဂ္ဂိုလ်မည်၏။ ဓမ္မာနုသာ
ရီဟူသောပညိန္ဒြေ ထက်သန်သူများသည်။ အလွန်ထက်မြက်
သေးသံလျက်နှင့်။ ဇှက်ပျောတုံးများများကို ဖြတ်တောက်ခုတ်
စင်းနိုင်သူတို့နှင့်တူသောကြောင့်။ အကြီးသမား။ ဉာဏ်သမား
တို့သည်။သန်လျက်ထက်ထက်။ လက်ကိုင်ထားသူသည်။ ဇှက်
ပျောတုံးများများ ခုတ်စင်းဖြတ်တောက် နိုင်သကဲ့သို့။ အနိစ္စ။
အနတ္တအလုပ်နှစ်ခုတို့နှင့်သင့်လျော်၏။ ။သဒ္ဓါနုသာရီဟူသော
ဉာဏ်မထက်။သက်သက်သဒ္ဓါထက်သန်သူများသည်။ဓါးမတုံး
တုံးဖြင့်။ဇှက်ပျောတုံးကိုဖြတ်တောက်ခုတ်စင်းသူနှင့် တူသော
ကြောင့်။ အကြီးသေးသူဉာဏ်မှေးသူများသည်။ ဓါးတုံးသည့်
အတွက်။ဟိုတချက်။သည်တချက်ရွှေ့ပြောင်း၍မခုတ်နိုင်ဘဲ။တ
နေရာထဲ၌သာ။နာနာကြီးနှက်၍နေရလေသကဲ့သို့။ အနိစ္စမဘက်
သက်သက်အနတ္တအလုပ်တခုကိုသာနာနာလုပ်ရန်။ သင့်လျော်
၏ဆိုလိုသည်။ ။

---

၈၈။ ။ဝေဒနာ၌ဥဒယဗ္ဗယအနိစ္စဘမ်းပုံကိုပြခြင်း။

ဤခန္ဓာကိုယ်ကြီးမှာ။ပူအိုက်လှသောအခါ။ယပ်လေဖြင့်ဇှင်း။
လေပြေလေညှင်းဖြင့်ဇှင်း။ဖျော့စွာသောရေဖြင့်ဇှင်း။ ခပ်ပေးခြင်း။

အငေါ်ကိုက်အခံခြင်း။သွန်းလောင်းခြင်းစသည့်တို့ကို။မိမိကိုယ်တိုင်
ဖြစ်စေ။သူတပါးကဖြစ်စေ။ပေးနေသောအခါ။ ။ဖဿပစ္စယာ
ဝေဒနာ။ ၊ဖဿပစ္စယာ။ယပ်လေရေဖြစသည့်တို့နှင့်။ တွေ့ထိ
မှုဟူသော။ဖဿခေါင်းကြောင့်။ဝေဒနာ။ ကောင်းလေစွကောင်း
ပေစွဟုနှုတ်ကမြွက်ဆိုရအောင်။အလိုလိုပေါ်လာသော။ဝေဒနာ
ခေါ်သည်။သဥ္စဝတီ။တိမ်နှစ်ခုဆပ်လိုက်သကဲ့သို့။ဖြတ်ခနဲဖြစ်
ပေါ်လာတတ်၏။ ။ဤပဋိစ္စသမုပ္ပါဒ်နှင့်အညီ။ လေထိရာအရပ်၊
ရေထိရာအရပ်တို့ကိုကြင်ကြပ်ဥာဏ်နှင့်စိုက်၍ကြည့်။ တကိုယ်
လုံး၌တဘွားဘွားဖြစ်ပေါ်၍နေကြသော ဥဏှတေဇောဓာတ်ဟု
သော။ပူမှုဒိုက်မှုတွေသည်။ယပ်လေ။ ရေဖြင့်နှင့်မတွေ့မီရှေးအ
ဘို့၌တရှိန်ရှိန်ပူနေကြသည်၊ယပ်လေရေဖြတို့နှင့်တွေ့ကြပြီမ်္ဘ။တ
ရှိန်ရှိန်နေကြသော။ထိုပူမှုဒိုက်မှု။မခံသာမှုဟုသောဒုက္ခဝေဒနာ
တို့သည်။ တဖြုတ်ဖြုတ်ချုပ်ပျောက် သေဆုံးကြ၍၊ချမ်းမှု။
ခံသာမှုဟုသော။ သုခဝေဒနာတွေသည်၊ရိပ်ရိပ်ရိပ်ရိပ်နှင့်။ တ
စိမ့်စိမ့်တက်၍ပျံ့နှံ့၍ဖြစ်ပေါ်လာမှုကို အတတ်ဒိဋ္ဌကဲ့သို့ သိမြင်
ထင်ရှားအောင်ရှုလျှင်။ ။ဥပ္ပဇ္ဇိတွာနိရုဇ္ဈန္တိ။ ။သင်္ခါရ။ကံ။
စိတ်၊ဥ၊ဟာ၊ကြောင်းလေးဖြာတို့၏၊ ကောင်းစွာပြုပြင်စီရင်ခြင်း
ကိုခံနေကြရကုန်သောသင်္ခါရဟူသော။နာမ်တရားရုပ်တရားတို့
သည်။ဥပ္ပဇ္ဇိတွာ။ အကြောင်းတိုက်ဆိုက်က။ ခဏချင်းဖြစ်ပေါ်
, ၁ပြီး၍။နိရုဇ္ဈန္တိ။ ဖြတ်ခနဲချုပ်ပျောက်ကြလေကုန်၏။ ။ဟူ
သည်နှင့်အညီ။ ပူမှု။ချမ်းမှု။ခံသာမှုဟူသော သုခဝေဒနာတွေ
သည်ယပ်လေ။ရေဖြတို့နှင့်မတွေ့မီအခါက။ ဘယ်မှာမှရှိ၍နေနှင့်
သေါခါတ်မဟုတ်။ယပ်လေရေဖြတို့နှင့်။ ထိခိုက်မှုတွေ့ထိမှုဒါဏ်
ချက်ကြောင့်သါ။မိုးပေါ်ကျကဲ့သို့ဖြစ်၍။ ခဏချင်းအသစ်အသစ်
ဖြစ်ပေါ်လာသော။ အာဂန္တုခေါင်။တဒင်္ဂခေါက်၊ တခဏခေါက်
တရားတို့သာတည်း။အပူ။အဒိုက်ပျောက်ပြီဟုသိသော အခါ၌
လည်း။ ထိုပူမှု။ ဒိုက်မှု၊ မခံသာမှုဟူသော ဒုက္ခဝေဒနာတို့၏
ပျောက်မှုသာတည်း။ ချုပ်ကွယ်သေဆုံးမှုသာတည်း။ ကျန်းခန်း

ပျောက်ပျက်မှုသာ ဘည်း။ ဘယ်ကိုမှပြောင်းရွှေ့၍ သွားသည်မ
ဟုတ်။(အဒဿနတောအာယန္တိ။ ဂါထာကိုနာနာနယလုံးပြုနိုင်မှ။
ယခုအချက်ကို။ ဉာဏ်သက်ဝင်နိုင်ချိန့်မည်)။ ဤသို့ပူအိုက်၍နေ
ရာ။ ယပ်လေရေဇော့ဖြင့်။ ပေးမှုဟူသော သင်္ခါရခေတ်ကြောင့်။
လတ်တလောချင်း။ ရိပ်ရိပ်ရိပ်ရိပ်နှင့်။ တစိမ့်စိမ့်တက်လာသော
ငြိမ့်။ချမ်းမှု။ခံသာမှုဟူသော သုခဝေဒနာခေတ်စု၏အာဂန္တုက
တရား။တဒင်္ဂတရား။တာခဏတရား။ပြုပြင်မှုရှိမှသာ။ဖြစ်ပေါ်လာ
တတ်သော။ ပဋိစ္စသမုပ္ပါဒ်ခေတ်တရားအဖြစ်ကိုရင်း။ အပူအ
အိုက်ပျောက်ပြီဟုသိသောအခါ ပူအိုက်မှုဟူသော ဒုက္ခဝေဒနါ
သည်။ ဘယ်ကိုမှပြောင်းရွှေ့သွားသည်မဟုတ်။ ထိုနေရာတွင်
ပင်။အပြီးပျောက်ကွယ်သေဆုံး၍ သွားမှုကိုရင်း။ ဇဝိုးဇဝါး။ယုံ
မှား သံသယမရှိ။အသိဉာဏ်တွင်။လင်းလင်းချင်းချင်း။ ထင်မြင်
သောအခါ။ ။ဝေဒနာအနိစ္စာခယဓမ္မ။ ။ဝေဒနာ။ပူမှုအိုက်
မှု။မခံသာမှု မချမ်းသာမှုဟူသောဒုက္ခဝေဒနာသည်။ ခယဓမ္မ။
ယပ်လေရေဇေ ပေးမှုဟူသောသင်္ခါရနှင့်တွေ့သည့်နောက်။ ချက်
ချင်းပင်ကုန်ပျောက်တတ်သောအနက်သဘောကြောင့်။အနိစ္စာ
ခိုင်မြဲခြင်းမရှိချေ၊ ။ဟုဝိပဿနာတင်အပ်၏။ ။ထိုပူမှု၊အိုက်
မှု မခံသာမှု။ ဆင်းရဲမှုဟူသောဒုက္ခဝေဒနာတွေသည်။ ခဏမ
စဲ။အမြဲချုပ်ပျောက်။အနိစ္စရောက်နေသည်ကိုလည်းသိကြ၏။ ငြိ
ချမ်းမှု။ခံသာမှု၊ချမ်းမှုဟူသော။သုခဝေဒနာတွေသည်။ ခဏမစဲ
အမြဲမပြတ် တဖြတ်ဖြတ် အသစ်အသစ်ဖြစ်လာပေါ်လာမှုကို
လည်းသိကြ၏။အာဂန္တုခေတ်။တဒင်္ဂခေတ်။တာခဏခေတ်။ပဋိစ္စ
သမုပ္ပါဒ်ခေတ်၊ အလေ့ပေါက်။မိုးပေါ် ကျကဲ့သို့သောပရမတ္ထ
ခေတ်။ အသီးအခြားတွေဖြစ်သည်ကိုကား မသိကြ။ မမြင်ကြ
လေ၍။ငါပူသည်။ငါအိုက်သည်။ ငါမခံသာရှိသည်။ ငါဆင်းရဲ
သည်။ ငါငြိမ်းချမ်းလည်း။ငါခံသာသည်။ငါကောင်းသည်။ ငါချမ်း
သာသည်၊ဟူသောအတ္တအနေနှင့်သာ။မခိုင်မြဲသောပူမှုအိုက်မှုမ
ခံသာမှု၊ ဆင်းရဲမှုဟူသော ဒုက္ခဝေဒနာခေတ်ကိုရင်း။ ထိုအတူ

မခိုင်မြဲသော။ချမ်းမှု။ခံသာမှု၊ချမ်းသာမှုဟူသော သုခဝေဒနာ ခေတ်ကိုရင်း။ ခိုင်သည်မြဲသည်ဟု။ အထင်အမြင် မှားလျက်ရှိ သော(ငါ)လုံးနှင့်တပေါင်းတည်းတခုတည်းပြု၍ထင်ကြ။မြင်ကြ စွဲလမ်းမှတ်မှားကြသည့်ဒိဋ္ဌိအနေသို့သော သက်ဝင် လိုက်လျော ပြောပါးနစ်မြုပ်၍နေကြရလေကုန်၏။ ။ငါကိုသိမှု။ ထင်မြင်မှု ကတလမ်း။ထိုအာဂန္တုခေတ်။တဒင်္ဂခေတ်။တခဏခေတ်တို့ကို သိမြင်မှုကတလမ်းဖြစ်၍ နေကြသည်။နေပုံကား။ အကယ်၍ငါ ပူသည်၊ငါဒိုက်သည်။ ငါမခံသာသည်၊ ငါဆင်းရဲသည်ဟု။ငါ နှင့်ပူမှု။ ငါနှင့်ဒိုက်မှု။ ငါနှင့်မခံသာမှု။ ငါနှင့်ဆင်းရဲမှုဟူသော ဒုက္ခဝေဒနာခေတ်သည်။ တခုတည်းတပေါင်းတည်း။ စပ်ဟပ် ရောနှော။သဘောတမျိုးတည်းဖြစ်ခဲ့ငြားအံ့။ တဘဝလုံးမဆုံးမ ချင်း။တခုသောဘဝထဲမှာ။ ငါအမြဲရှိနေတည်နေသကဲ့သို့။ ထို ပူမှု။ ဒိုက်မှု။မခံသာမှုဆင်းရဲမှုဟူသော ဒုက္ခဝေဒနာခေတ်တို့ သည်လည်းမချုပ်ပျောက်ကြဘဲ။အမြဲတည်နေကြရလိမ့်မည်။ ။ ငါချမ်းသည်၊ငါခံသာသည်၊ငါချမ်းသာသည်။ဟု၊ငါနှင့်ချမ်း မှု။ငါနှင့်ခံသာမှု။ ငါနှင့်ချမ်းသာမှုဟူသော သုခဝေဒနာခေတ် သည်။တခုတည်းတပေါင်းတည်းစပ်ဟပ်ရောနှော။ သဘောတ မျိုးတည်းဖြစ်ခဲ့ငြားအံ့။တဘဝလုံးမဆုံးမခြင်းတခုသောဘဝထဲ မှာ။ငါအမြဲရှိနေ။တည်နေသကဲ့သို့၊ထိုမှု၊ချမ်းမှု။ခံသာမှု။ ချမ်း သာမှုဟူသောသုခဝေဒနာခေတ်တို့သည်လည်းမချုပ်ပျောက် ကြဘဲ။အမြဲတည်နေကြရလိမ့်မည်။ ။

အကယ်၍။ ထိုပူမှု။ ဒိုက်မှု။မခံသာမှု၊ ဆင်းရဲမှုတို့နှင့်စပ် ဟပ်နှီးနှောသဘောတမျိုးတည်းဖြစ်ခဲ့ငြားအံ့။ထိုပူမှု။ ဒိုက်မှု။ မခံသာမှုဆင်းရဲမှုဟူသော ဒုက္ခဝေဒနာခေတ်တို့ကိုယခုကိုယ် မှာအသစ်ဖြစ်လာပေါ်လာပြန်ပြီ။ ယခုပင်ချုပ်ပျောက် သေဆုံး ၍ကုန်ပြန်ပြီဟုသိကြသောအခါ။ ငါလည်းတခါအသစ်ဖြစ်လာ။ ပေါ်လာပြန်ပြီ။ယခုငါပျောက်ကွယ်သေဆုံး၍ သွားပြန်ပြီ။ ငါမရှိ ပြန်ပြီဟုအတည်ကြကြသိကြကုန်ရာသည်။ ။

## ၇၉။ ။ဝေဒနာ၏အနိစ္စကိုအနုဿတိဖြစ်အောင် ရှုပုံကိုပြခြင်း။

ဆိုလိုရင်းကား၊တဘဝထဲမှာအခိုင်အမြဲရှိနေသည်သာထင် ကြသောငါဆိုတာသည်ဇကန်စင်စစ်ရှိလျှင်။ ပူမှု။ အိုက်မှု။ မခံ သာမှု၊ဆင်းရဲမှုဟု သော ဒုက္ခဝေဒနာဓာတ်တို့သည်လည်း။ အ ခိုင်အမြဲ။ တပူထဲပူ၍။တအိုက်ထဲအိုက်၍။ တဆင်းရဲထဲဆင်းရဲ၍ သာနေရလိမ့်မည်။

ဇမှု။ချမ်းမှု၊ခံသာမှု၊ချမ်းသာမှုဟူသော သုခဝေဒနာဓာတ် တို့သည်လည်းအခိုင်အမြဲ။ တဇထဲဇ၍။ တချမ်းထဲချမ်း၍။ တ ချမ်းသာထဲချမ်းသာ၍သာနေရလိမ့်မည်။ ။(၅ကားတဘက် ကနေလျက်ဥာဏ်နှင့်ကြည့်ပုံတည်း)။ ပူမှု၊အိုက်မှု၊ မခံသာမှု၊ ဆင်းရဲမှုဟူသောဒုက္ခဝေဒနာဓာတ်တို့သည်လည်းကောင်း။ ဇမှု အိုက်မှု၊မခံသာမှု၊ချမ်းသာမှုဟူသောသုခဝေဒနာဓာတ်တို့သည် လည်းကောင်း အကြောင်းသင့်ရာတို့ကြောင့်။ဖြစ်လာပေါ်လာ ပြီးနောက်။မချုပ်ပျောက်ကြဘဲခိုင်မြဲကြပါလျှင်လည်း။ငါဆိုတာ အနှန်စင်စစ်ရှိရမည်။ယခုမူကား။၅ကဲ့သို့မဟုတ်။ ပူမှု၊ အိုက်မှု။ မခံသာမှု။ဆင်းရဲမှုဟူသောဒုက္ခဝေဒနာတို့နှင့်။ဇမှု၊ချမ်းမှု၊ခံသာ မှု၊ချမ်းသာမှုဟူသောသုခဝေဒနာတို့သည် အကြောင်းသင့်ရာ တို့နှင့်။တွေ့ဆုံကြုံတွေ့မှုကြောင့်၊တခုပြီးတခု။ တခုချုပ်လျှင်တ ခု။တခုပျောက်လျှင်တခု၊တခုသေလျှင်တခု။ ခုတင်ခုမစဲ၊အမြဲ ချုပ်ပျောက်သေဆုံး၍နေကြသော။ အာဂန္တုကတရား။ တဒင်္ဂ တရား။တခဏတရားတို့သာဖြစ်ကြလေသည့်အတွက်။ တဘဝ လုံးမှာ။တခုတည်းသာပဟု။ ခိုင်မြဲစွာအထင်မှားနေကြသည့်အတ္တ ဇီဝဟူသောငါဆိုတာသည်ဇကန်စင်စစ်မရှိကြောင်းကို အထင် သိမြင်နိုင်ရန်။ ။ဝေဒနာအနုဿာအာသာရကာ ဓွေနှ။ ။ဝေဒနာ၊ သင့်ရာဟူသောအကြောင်းတိုက်ဆိုင်က။ခဏချင်းဖြစ်ပေါ်လာ ပြီးနောက်။ချက်ချင်းပင် ချုပ်ပျောက်တတ်သော ဝေဒနာဓာတ်

သည်။ ဇသောရက်မ္မေန။ ဖြစ်ပေါ်လာပြီးနောက်။ ချက်ချင်းချုပ်ပျောက်သည်အတွက်။ခိုင်မြဲခြင်းမရှိသောအနက်သဘောကြောင့်။ အနတ္တာ။ခိုင်မြဲလှစွာ။ငါငါထင်ချက်၊ အသက်ဝိညာဉ်ဟူ၍မရှိ။ ဝါ။ ခိုင်မြဲလှစွာ။ ငါငါထင်ချက်. အသက် ဝိညာဉ်ဆိုတာ မဟုတ်။ ။ဟုဝိပဿနာထပ်၍ရှုပါမှသက္ကာယဒိဋ္ဌိတရားသည်။ ပျက်ပြားလွင့်စင်နိုင်မည်။ အနိစ္စကိုသိရုံမျှနှင့်။ ငါပူသည်၊ ငါအိုက်သည်၊ငါမခံသာရှိသည် ငါဆင်းရဲသည်။ ငါ ဧချမ်းသည်။ ငါခံသာသည်။ငါချမ်းသာသည်ဟူသောသက္ကာယဒိဋ္ဌိ၊ အတ္တဝါဒုပါဒါန်အနေနှင့်သာ။ ရပ်နေတတ်သည်။ရပ်နေကြသည်။ ကြပ်ကြပ်သတိမူကုန်ရာသတည်း။ ။ဤဝေဒနာတခုကို၊ရှုပုံအချက်ကျကျ၊ ဉာဏ်မျက်စိအလင်းရ၍။ ဉာဏ်မျက်စိ ပေါက်၍ သွားလျှင်ပင်။ ကြွင်းကျန်သော နာမ်တရားတို့၌လည်း။ လွယ်ကူ၍သွားလေတော့သတည်း။ ။ဤဝေဒနာခေတ်ကို။ အနိစ္စနှင့် အနတ္တပူးကပ် ယှဉ်တွဲ၍ ရှုနည်းသည်လည်း။ အကြီးသမား၊ ဉာဏ်သမားတို့နှင့်။ သာလွန်၍သင့်သည်။အကြီးသေးသူ၊ ဉာဏ်မှေးသူတို့မှာ ယှဉ်တွဲရက်လွယ်ကူစွာဖြစ်နိုင်မည်မထင်၊ အကြီးသေးသူ၊ ဉာဏ်မှေးသူတို့အတွက်အထက်ညွှန်ပြခဲ့သည် ခေတ်ကမ္မဋ္ဌာန်းကျမ်းတို့မှာ။ အနတ္တာနုပဿနာ၊ သုညတကမ္မဋ္ဌာန်းများကိုသာ။ များစွာပြဆိုလျက်ရှိပြီ။ ။ဤကား ဝေဒနာ၏ အနိစ္စကိုအနတ္တနှင့်ပူးကပ်ယှဉ်တွဲ၍ရှုပုံတည်း။

---

## ၉၀။ ။ငါနာသည်ထင်ရာမှာခန္ဓာငါးပါးလုံးပေါ်သည်ကိုပြခြင်း။

အရူပကမ္မဋ္ဌာန် ကထေန္တော၊ယော၊ဘုပေါ့န ဝေဒနာဝသေန ကထေတိ။ တဲ၀ိဓော ဟိ အရူပ ကမ္မဋ္ဌာနေအဘိနိ ဝေသော ဖဿဝသေန ဝေဒနာဝသေနစိတ္တဝသေနာ ဘိ။ ။ဟူသော သတိပဋ္ဌာန်အဋ္ဌကထာတို့နှင့်အညီ။ နာမ်ကမ္မဋ္ဌာန်းကို ဟောပြ

တော်မူရာတွင်၊ဝေဒနာကမ္မဋ္ဌာန်းသည် အထင်အရှားလွယ်ဆုံး အသိဉာဏ်အရှင်းဆုံးဖြစ်၍။ ဝေဒနာကမ္မဋ္ဌာန်းကိုပင်၊ ခေါင်းဆောင် ရွေးသွားထား၍။ ခန္ဓာငါးပါးပေါ်ပုံကိုပြအံ့။ ။"ဖဿပစ္စယာ ဝေဒနာ"ဟူသည်နှင့်အညီ၊ခန္ဓာကိုယ်တွင်၊ တခုခုသောနေရာ၌ တစုံတခုသောအရုပ်ကျောက်ခြေမာစသည်တို့နှင့်၊ ထိခိုက်မိရာ မှာ၊ နာမက္ခန္ဓာလေးပါးအကုန်ပေါ်လာရ၏။ ထိုဒါဏ်ချက်ပျော် ကွယ်သောအခါ၊ နာမက္ခန္ဓာလေးပါးတို့လည်း။ အကုန်လုံးချုပ် ပျက်သေဆုံးရကုန်၏။နာမက္ခန္ဓာလေးပါးတို့မည်သည်ကား။ တ ခုခုသော နေရာမှာဖြစ်ပေါ်၍နေခိုက်၊ကြွင်းကျန်သော တကိုယ် လုံးမှာ၊နာမက္ခန္ဓာဟူ၍မရှိ၊ ရုပ်ခန္ဓာသက်သက်သာရှိလေတော့ သည်။ထိုကြောင့်ထိုထိခိုက်ရာ၌ဖြစ်ပေါ်ခိုက်၊ ထိုနေရာမှတပါး တခြားတကိုယ်လုံးမှာ၊ ရုပက္ခန္ဓာသာရှိ၏၊ နာမက္ခန္ဓာလေးပါးမ ရှိ၊သို့ရာတွင်၊ အဖြစ်အပျက်အလွန်လျင်မြန်လှသောကြောင့်သာ ထိခိုက်၍ အလွန်နာကျင်စွာဖြစ်၍နေဆဲမှာပင်၊ မျက်စိကလည်း မြင်လျက်၊ နားကလည်းကြားလျက်၊ နှလုံးကလည်းသိလျက်ပင်၊ ဖြစ်သကဲ့သို့၊ ထင်မှတ်ကြရ သည်ကား။ အသစ်အဟောင်း ပြောင်းလဲ ချုပ်ပျောက်မှု မြန်လှသောကြောင့်သာဟု မှတ်ရ မည်။ ။

ခန္ဓာငါးပါးဘွဲ့ပုံကား၊ အခံဓာတ်ဖြစ်သောပသာဒရုပ်နှင့်အ တိုက်ဓာတ်ဖြစ်သောဖောဋ္ဌဗ္ဗာရုံတို့၏ထိခိုက်မှုကား ဖဿတည်း။ နာကျင်မှုကားဝေဒနာတည်း။ထိခိုက်သောဒါဏ်ချက်ကိုအမှတ် သညာထားမှုကားသညာတည်း။ ထိခိုက်မှန်း၊ နာကျင်မှန်းကို သိမှုကားဝိညာဏက္ခန္ဓာတည်း။နာကျင်မှုအပေါင်း၏တထောင်း ထောင်း၊ တရွရွ၊ ထ၍နေမှုကားစေတနာတည်း။ ထိုနေရာ၌ရှိ သောရုပ်စုကားရုပက္ခန္ဓာတည်း။ ခန္ဓာငါးပါးဖြစ်၏၊ ။ထိခိုက် မှန်းသိမှုကဝိညာဏက္ခန္ဓာ၊ နာမှုကဝေဒနာက္ခန္ဓာ ဒါဏ်ချက်ကို မှတ်သားမှုကသညာက္ခန္ဓာ။ ထိမှုဖဿနှင့် နာကျင်မှုတရွရွထ၍ နေမှုစေတနာတို့ကသင်္ခါရက္ခန္ဓာ၊ကာယပသာဒရုပ်နှင့်ဖောဋ္ဌဗ္ဗာ

ရုံကရူပက္ခန္ဓာဟူ၍ ခန္ဓာငါးပါးထင်ရှားပေါ်လာသည်ကို မှတ်ရမည်။ထိုကြောင့်ဝိဘင်းအဋ္ဌကထာစသည်တို့၌။ ။ယသ္မာ ဖဿော ပါကဋော ဟောတိ။ သောပနကေဝလံဖဿောဝ ဥပ္ပဇ္ဇတိ။ တေန သဒ္ဓိံ တဒေဝါရမ္မဏံ အနုဘဝမာနာ ဝေဒနာပိ ဥပ္ပဇ္ဇတိ။ သဉ္ဇာနနမာနာသညာပိ။ စေတယမာနာ စေတနာပိ ဝိဇာနနမာနံ ဝိညာဏမ္ပိဥပ္ပဇ္ဇတိ။ ။ဟုမိန့်၏။ ။ယသ္မာ။အကြင်သို့အားဖြင့်။ဖဿော။ ဖဿတရားသည်။ပါကဋော။ ထင်ရှားသည်။ဟောတိ။ဖြစ်၏။ကေဝလံ။သက်သက်။ဖဿောဝ။ ဖဿသည်သာလျှင်။ နဥပ္ပဇ္ဇတိ။ ဖြစ်သည်မဟုတ်သေး။ တေနသဒ္ဓိံ၊ ထိုဖဿနှင့်တကွ။ တဒေဝါရမ္မဏံ။ ထိုအာရုံကိုပင်လျှင်။ အနုဘဝမာနာ။ ခံစားတတ်သော။ဝေဒနာပိ။ ဝေဒနာသည်လည်း။ ဥပ္ပဇ္ဇတိ။ဖြစ်ပေါ်လာရ၏။သဉ္ဇာနနမာနာ။အမှတ်ထား၍ သိတတ်သော။သညာပိ။သညာသည်လည်း။ ဥပ္ပဇ္ဇတိ။ ဖြစ်ပေါ်လာရ၏။ စေတယမာနာ။စေ့ဆော်တိုက်တွန်းတတ်သော။စေတနာပိ။ စေတနာသည်လည်း။ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာရ၏၊ ဝိဇာနနမာနံ။အာရုံကိုသိတတ်သော။ ဝိညာဏမ္ပိ။ စိတ် ဝိညာဏ် သည်လည်း၊ ဥပ္ပဇ္ဇတိ။ဖြစ်ပေါ်လာရ၏၊ ။ဤကားအနက်။ ။

## ၄၁။ ။ခန္ဓာငါးပါးတို့ကိုအနိစ္စထင်နိုင်ကာရထိုက်သော အကျိုးကိုပြခြင်း။

ဤအဋ္ဌကထာလာသည်ကို ထောက်ရှု၍။ ယခုပြခဲ့သောနာကျင်မှု၌ဖဿ။ဝေဒနာသညာ၊ဝိညာဏ်ဟူသောနာမ်ခန္ဓာလေးပါးတို့၏။ ထိခိုက်မှုဒါဏ်ချက်ကိုအစွဲပြု၍၊ ယခုမှအသစ်ဖြစ်လာပေါ်လာမှုဟူသော ဥပါဒ်ဇာတိစွန်းကို။ ထင်လင်းဒိဋ္ဌကဲ့သို့၊ သိမြင်ရသဖြင့်။ ထိုဝေဒနာစသောနာမက္ခန္ဓာလေးပါးတို့သည်။ မပေါ်လာမီရှေးအဘို့က။ ကောင်းစွာဖြစ်ဘို့ရန်အသင့်စုပုံ၍ ရှိနေနှင့်သော တရားမျိုးမဟုတ်ကြောင်းကိုသိမြင်ရသည် အတွက်။

ပဋိသန္ဓေတည် နေသည့်အခါကစ၍ ဤနာမက္ခန္ဓာ လေးပါးတို့သည်၊အစဉ်အမြဲတည်ကာပါရှိ၍နေသည်ဟုထင်ရသော၊ နိစ္စသညာ၊သဿတသညာ၊ဓုဝသညာတို့ သည်၊ကင်းကွာပျောက်လွင့်ရခြင်းအကျိုးရှိနိုင်သည်။ ။

ထိုနာမက္ခန္ဓာလေးပါးတို့သည်၊ ယခုပင်ဖြစ်ပေါ်လာပြီးနေခံ့ချက်ချင်းပင်ချုပ်ကွယ်ပျောက်ဆုံးကြမှုကို၊ အတတ် ဒိဋ္ဌကဲ့သို့သိမြင်ရသဖြင့်၊ထိုဝေဒနာစသောနာမက္ခန္ဓာ လေးပါးတို့သည်၊မျက်တောင်တခတ်၊လျှပ်တပြက်လောက်မျှ၊ အခိုင်အမြဲအားဖြင့်အစဉ်တည်ကာပါရှိ၍ နေနိုင်သောတရားမျိုး မဟုတ်သည့်အတွက်၊ ဤယခုရှိနေသော စိတ်နှင့်ပင်၊ ရှေ့ဘဝသို့သွား၍၊ ပဋိသန္ဓေ တည်နေဆက်စပ်ရဦးမည်ဟုထင်မှတ်၍ နေကြသော၊နိစ္စသညာ၊ဓုဝသညာ၊သဿတသညာ၊ အတ္တသညာတို့ကိုလည်း၊ကောင်းစွာပျောက်ကင်းစေနိုင်သည်။ ။

ဤနာမက္ခန္ဓာလေးပါးတို့၏၊ ဥပါဒ်ဌီတိစွန်း၊ ဘင်စွန်း၊ အနိစ္စစွန်းနှစ်ချက်ကို၊ ကွက်ကွက် ကွင်းကွင်း၊ထင်လင်းဒိဋ္ဌ၊ ကိုယ်တိုင်ပင်တွေ့မြင်ထိုးထွင်း၍ သိရသဖြင့်၊ ဤကိုယ်ခန္ဓာကြီးတခုလုံး မှာ၊ ရှေး ရှေး အခါ၊ အနမတဂ္ဂသံသရာ က၊ သဝိါ ရဟုသော အကြောင်း မချုပ်၍ တလှုပ်လှုပ် တရွရွ၊ ခဏမစဲ၊တသဲသဲ ဖြစ်ဘူးခဲ့ သမျှသော၊ စိတ် စေတနာ စသော နာမက္ခန္ဓာတရားလေးပါးတို့ သည်လည်း၊ အာရုံထိခိုက်လာ၊ ထိခိုက်လာသော အခါမှသာလျှင်၊ ထိုထိုထိခိုက်သောနေရာတို့မှာဖြတ်ခနဲဖြတ်ခနဲဖြစ်ပေါ်လာကြသော၊အာဂန္တုတရား၊ တခဏတရား၊ တဒင်္ဂတရား အစုတ်ရှသာတည်း၊ ထိုထိခိုက်သောဒါဏ်ချက်တွေပျောက်ပြေကွယ်ဆုံးပြန်လျှင်လည်း၊ ၊တတ္ထတတ္ထေဝ၊ ထိုထိုထိခိုက်လာသော ဒါဏ်ချက်ကိုစွဲ၍၊ ဖြစ်ပေါ်လာသောနေရာ၌ပင်လျှင်၊ ပဗ္ဗံပဗ္ဗံ၊ အဆစ်အဆစ် သန္ဓိသန္ဓိ၊ အစပ်အစပ်၊ ဩဓိဩဓိ၊ အပိုင်းအပိုင်း၊ ဟုတွာ၊ ဖြစ်ကြကုန်၍၊တတ္တကပါလေ၊လောလောပုသေါဒယ်အိုးကင်း၌၊ ပက္ခိတ္တတိလံ

ဝိယ။ ပစ်ထည့်အပ်သောနှမ်းကဲ့သို့။ တရှာတရှာယန္တာ။ ဖြစ်ဖြစ်ဖြစ်ဖြစ်မည့်ကုန်လျက်၊ဘိဇ္ဇန္တိ။ ချုပ်ပျောက်ပျက်စီးကြလေကုန်၏။ ။ဟူသောသီလက္ခန်အဋ္ဌကထာ။သံယုတ်အဋ္ဌကထာဝိသုဒ္ဓိမဂ်အဋ္ဌကထာစသည်တို့နှင့်အညီ ထိုထိုဒါဏ်ချက်ကိုစွဲ၍ ဖြစ်ပေါ်လာသောနေရာနိုက်ပင်လျှင် အကုန်လုံး ချုပ်ဆုံးကွယ်ပျောက်၍သွားကြသော အနိစ္စတရား။ ခယတရား။ ဝယတရား ဘင်္ဂတရားစင်စစ်တို့သာတည်းဟု။ အစုအစု။ အပိုင်းအပိုင်း။အခြပ်ပြတ်တွေသာ။ဉာဏ်အစဉ်မှာထင်မြင်၍ နေကြကုန်လတ္တံ့။

ထိုသို့ပစ္စုပ္ပန်တရားတို့ဖြစ်ဟန်ကို။ ဉာဏ်အစဉ်မှာ။ ပိုင်ပိုင်နိုင်နိုင်မိပါမူ။ နောင်အနာဂါတ်ဖြစ်ကြသော ခဏ။ရက် လ။နှစ်ကမ္ဘာတို့မှာလည်း။၎င်းနည်းတူပင်။ အာရုံဘို့ထိခိုက်လာ။ ထိခိုက်လာမှု။ထိုထိုထိခိုက်သောနေရာတွင်၊ တခါအသစ် အသစ် ဖြစ်ပေါ်၍ဖြစ်ပေါ်၍။ နေကြသည်ကိုလည်းယုံကြည်စွာသိမြင်ကြရကုန်လတ္တံ့။ ။

ထိုထိုဖြစ်ပေါ်သောနေရာတို့မှာ။ဖြစ်လာပေါ်လာကြသမျှ။ရုပ်နာမ်ခန္ဓာတရားတို့သည်လည်း ထိုထိုနေရာမှာပင်ပျောက်ကွယ်၍ပျောက်ကွယ်၍။သေဆုံး၍သေဆုံး၍သာကုန်ကြလတ္တံ့ဟုဉာဏ်အစဉ်မှာ။တခါတည်း။ အဆစ်အဆစ်။ အစုအစု။ အပိုင်းအပိုင်းတွေပြတ်တောက်ကုန်ဆုံး၍ နေမှုများကိုထင်ရှားမိမှတွေ့ကြုံသိမြင်ရပါမူ၊ ။သင်္ခါရ။ခန္ဓာငါးတန်၊ရုပ်နာမ်နှစ်ဖြာသင်္ခါရ တရားတို့သည်။အပိစ္ဆိန္နာ။ သင်္ခါရဟူသော အကြောင်းမချုပ်သမျှ တလှုပ်လှုပ်တရွရွ။ တခဏမျှမရပ်ဘဲမပြတ်မစဲကြကုန်သည့် ဖြစ်၍။ ယဒိဒံဝတ္တန္တိ။ အကယ်၍ကား ထင်ရှား ဖြစ်နေကြလေကုန်၏။ ပန။ ထိုသို့မပြတ် မလတ် ဖြစ်နေကြကုန်သော်လည်း။ ဥပ္ပန္နုပ္ပန္နာ။ ဖြစ်ပြီးဖြစ်ပြီးကုန်သော ရုပ်နာမ်ခန္ဓာ၊ သင်္ခါရတရားတို့သည်။အပ္ပဋိသန္ဓိကာ။တခါပြန်ခါ၊ ဆက်စပ်လာခြင်းမရှိကြကုန်မူ၍။ နိရုဇ္ဈန္တေဝ။ ဘင်ခဏသို့ အဆင်းတွင်။ ချက်ချင်းချုပ်ပျောက်ကြကုန်တော့သည်သာတည်း။ ဇုတိ။ ၍

သို့။ ပဿတော။ ဥဒယဗ္ဗယ။အနိစ္စလက္ခဏာ။ ဉာဏ်ပညာဖြင့် ကောင်းစွာမြင်သိသော။ဝိပဿနာယောဂီပုဂ္ဂိုလ်အား သဿ တဂါဟော။သံသရာတလျှောက်နိုက်။မဘောက်ပြန်ဘဲ ခိုင်မြဲလှ စွာငါငါဟုအထင်ကပ်ကြသည့်။ အတ္တဒိဋ္ဌိဟုသော အသက်ဝိ ညာဏ်ရှိ၏ဟူသောအယူသည်။ ကုတော။ အဘယ်မှာဖြစ်လာ ပေါ်လာနိုင်ပါတော့အံ့နည်း။ ဟူသောသံယုတ်ဒိုကာ။မဟာ ဋီကာတို့နှင့်အညီ။ရုပ်နာမ်နှစ်ဖြာ။ခန္ဓာငါးပါးတို့၏။ခဏချင်းဖြစ် လာပေါ်လာပြီးနောက်။ ချက်ချင်းပင် ချုပ်ပျောက်ကြသောဥဒ ယဗ္ဗယ အနိစ္စလက္ခဏာကို ကောင်းစွာသိမြင်ရအောင် လုံ့လ ကြိုးကုတ်အားထုတ်ထိုက်လှပေသတည်း။

၄၂။ ။မြင်မှုတခုမှာခန္ဓာငါးပါးပေါ်သည်ကို
ပြခြင်း။

မြင်မှုစသည်တို့မှာလည်း။ ခန္ဓာငါးပါး စုံညီကြ၍မှ မြင်နိုင် သည်ကို အကျဉ်းချုပ်၍ပြအံ့။ ။စက္ခုဉ္စ။ စက္ခုခေါ်တ်မှန်ဟူ သောအခံခေါ်တ်ကိုရင်း။ရူပေစ၊ အဆင်းရူပါရုံဟူသော အတိုက် အခိုက်ခေါ်တ်တို့ကိုရင်း။ ပဋိစ္စ။ ပေါင်းဆုံသမှုအစွဲပြု၍ စက္ခုဝိ ညာဏံ။စက္ခုဝိညာဏ်အမြင်ခေါ်တ်သည်၊ဥပ္ပဇ္ဇတိ။ တိမ်နှစ်ခုကို ဆပ်လိုက်သကဲ့သို့၊ ဖြတ်ခနဲဖြစ်ပေါ်လာတော်၏။ တိဏ္ဏံ။ စက္ခု ခေါ်တ်မှန်။အခံခေါ်တ်။ အတိုက်အခိုက်ရူပါရုံ၊ စက္ခုဝိညာဏ်စိတ် ဟူသောတရားသုံးမျိုးတို့၏။သင်္ဂတိ။ ပေါင်းဆုံရောနှောမှုသည်။ ဖဿော ဖဿမည်၏။ဖဿ ပစ္စယာ။ ဖဿဟူသောအကြောင်း ကြောင့်။ ဝေဒနာ။ဝေဒနာခေါ်တ်သည်။ သမ္ဘဝတိ၊ တထောင်း ထောင်းတရွရွ။ ခဏမပြတ်။ ဝုဖြတ်ဖြတ် ဖြစ်ပေါ်လာတတ် ၏။ ဟူသောသံယုတ်ပါဠိ။ပိဘင်းပါဠိတော် စသည်တို့နှင့်အ ညီ။ စက္ခုပသာဒခေါ်တ်မှန်နှင့် အတိုက်အခိုက်ရူပါရုံတို့။ ရှေးရှု တည့်တည့်။ပြိုင်ဆိုင်မိကြသောအခါ၊ တိမ်လွှာတိမ်တပ်။ နှစ်ခု

ဆင်မိရာတွင်။ လျှပ်ရောင်၏ပေါ်လာမှုကဲ့သို့၊ စက္ခုဝိညာဏ်အ
မြင်ခံတတ်သည်။ ဖြတ်ခနဲပေါ်လာမှုကို၊ စက္ခုဝိညာဏ် အမြင်
ခံတတ်ဟူ၍ ဆိုသည်။ ။ထိုစက္ခုဝိညာဏ်အမြင်ခံတတ်သည်။
ဖြတ်ခနဲပေါ်လာသည်နှင့် တပြိုင်နက်တချက်တည်းအားဖြင့်၊ မ
နေသာဖြစ်ပေါ်လာရသော ဣဋ္ဌာရုံဖြစ်လျှင်ခံသာမှု၊ ကောင်းမှု
အရသာရှိမှု၊ မျက်စိဆိမ့်အိမ့်မှုကို။သုခဝေဒနာဆိုသည်။ ။
အနိဋ္ဌာရုံဖြစ်လျှင်။ မခံသာမှု၊မကောင်းမှု။ မျက်စိအရသာမရှိမှု။
မြင်ပြင်းမှုကို၊ ဒုက္ခဝေဒနာဆိုသည်။ ။အမြူအနီ၊ အကြောင်
အကြား။ အားဖြင့် မှတ်သားမှုကို သညာဆိုသည်။ ။
မျက်စိအရသာရှိမှု၊ မကြည့်ချင်အောင် အမြင်ပြင်းကပ်မှုတို့၏။
တထောင်းထောင်း၊တရှုရှု ဖြစ်ပေါ်နေမှုကိုစေတနာဆိုသည်။ ။
ဤသို့စသောအားဖြင့်နာမက္ခန္ဓာအများတို့သည်။ အလိုက်အထိုက်
အာရုံအားလျော်စွာ။ဖြစ်လာပေါ်လာကြလေကုန်သတည်း။ ။
ခန္ဓာဘွဲ့ကြည့်မှု၊ စက္ခုနှင့်ရူပါရုံတို့သည်၊ ရူပက္ခန္ဓာ။မြင်မှုသည်၊
ဝိညာဏက္ခန္ဓာ။ထိုမြင်မှုနှင့်တဆက်တည်း ပေါ်လာသောဝေဒ
နာသည်ဝေဒနက္ခန္ဓာ။မှတ်သားထားမှုသည်သညာက္ခန္ဓာ။ ဖဿ
စေတနာစသည်တို့သည်။ သင်္ခါရက္ခန္ဓာတရားတို့ သာတည်း၊
ခန္ဓာငါးပါးဖြစ်၏။ ဤခန္ဓာငါးပါးတို့ ထင်ရှား ပေါင်းဆုံမိကြ
လျှင် မြင်မှုဟူ၍။ အံလိုအလျောက်ပရမတ်တရားတို့၏ သဘော
အားလျော်စွာသာ။ဖြစ်လာပေါ်လာကြလေရကား။ အဘယ်မှာ။
ကြည့်တတ်ရှုတတ်သော။ငါသူတပါးယောကျ်ား၊မိန်းမစသောအ
ကောင်သတ္တဝါဟူ၍ ရှိပါတော့အံ့နည်း။ ဤခန္ဓာငါးပါးအပြင်။
မြင်တတ်သောငါသူတပါး။ယောကျ်ား၊ မိန်းမစသောအကောင်
သတ္တဝါသည်၊ မှန်စွာ စင်စစ် မရှိလေပြီဟု ဆိုလိုသည်။ ထို
ကြောင့်။ ဝိဘင်းအဋ္ဌကထာစသည်တို့နိုက်။ ။ဧတ္ထဟိ စက္ခု
စေဝ ရူပါနိစ ရူပက္ခန္ဓော၊ ဒဿနံ ဝိညာဏက္ခန္ဓော တံသမ္ပ
ယုတ္တော ဝေဒနက္ခန္ဓော။ သညာသညက္ခန္ဓော ဖဿာဒိကော
သင်္ခါရက္ခန္ဓော။ ဧဝမေတေသံပဉ္စန္နံ ခန္ဓာနံ သမဝါယေ အာ

လောကနဝိလောကနံ ပညာယတိ။ တတ္ထကော ဝေကောအာ
လောကေတိ ကောဝိလောကေတိ။ ။ဟုမိန့်ကြလေပြီ။ ။
အနက်ကား။ ။ဟိသစ္စံ မြင်တတ်သော ငါဟုထင်မှတ်သည့်
သတ္တဝါမရှိဟူသော စကားသည်မှန်၏။ထွေ။ ဤမြင်မှုတရန်ကိုက်။
စက္ခုစေဝ။စက္ခုရုပ်သည်၎င်း။ ရူပါနိစ။ ရူပါရုံသည်၎င်း။ ရူ
ပက္ခန္ဓော။ ရူပက္ခန္ဓာတည်း။ဒဿနံ။မြင်တတ်သောစက္ခုဝိညာဏ်
စိတ်သည်၎င်း။ဝိညာဏက္ခန္ဓော၊ဝိညာဏက္ခန္ဓာတည်း။တံသမ္ပယုတ္တာ
ထိုစိတ်နှင့်ယှဉ်သော။ဝေဒနာ။ဝေဒနာသည်။ဝေဒနက္ခန္ဓော။ ဝေ
နက္ခန္ဓာတည်း၊ သညာ။သညာသည်။သညက္ခန္ဓော။ သညက္ခန္ဓာ
တည်း။ဖဿာဒိကော။ဖဿစေတနာစသောတရားသည်။ သင်္ခါ
ရက္ခန္ဓော။ သင်္ခါရက္ခန္ဓာတည်း။ ဝေ။ ဤသို့။ တေသံ ပဉ္စန္နံ
ခန္ဓာနံ။ ဤခန္ဓာငါးပါးတို့၏။ သမဝါယေ။ ပေါင်းဆုံညီညွတ်ကြ
သောအခါနိုက်။ ဝါ။ ပေါင်းဆုံညီညွတ်ကြသောအခါမှ။ အာ
လောကန ဝိလောကနံ။ တည့်တည့်ကြည့်မှု။ စောင်း၍ကြည့်မှု
သည်။ပညာယတိ။ ထင်ရှားလေတော့သတည်း။တတ္ထ။ ထိုခန္ဓာ
ငါးပါးထဲနိုက်၊ ကော ဝေကော။ အဘယ် သတ္တဝါ တယောက်
သည်၊ အာလောကေတိ။ တည့်တည့် ကြည့်လာသေးသနည်း။
ကော။အဘယ်သတ္တဝါသည်။ ဝိလောကေတိ၊ စောင်း၍ကြည့်
လာသေးသနည်း။နတ္ထေဝ။ကြည့်တတ်သော အကောင်သတ္တဝါ
သည်မှန်စွာစင်စစ်မရှိသည်သာတည်း။

ကြားမှုမှာခန္ဓာငါးပါး။ ပေါ်ပုံကိုလည်း၊ဤနည်းကိုမှီ၍ ဉာဏ်
ကြီးသင့်သူလေပြီ။အထူးမှတ်ချန်ကား။ သောတနှင့်သဒ္ဒါရုံသည်။
ရူပက္ခန္ဓာ။ ကြားတတ်သော။ သောတဝိညာဏ်စိတ်သည်။ ဝိ
ညာဏက္ခန္ဓာ။ နံမှုမှာလည်း။ဃာနနှင့်ဂန္ဓာရုံသည်။ရူပက္ခန္ဓာ။ နံ
တတ်သောဃာနဝိညာဏ်စိတ်သည်။ ဝိညာဏက္ခန္ဓာ။ လျက်မှု
မှာလည်း။ဇိဝှါနှင့်ရသာရုံသည်ရူပက္ခန္ဓာ။ လျက်တတ်သောဇိဝှါ
ဝိညာဏ်စိတ်သည်။ဝိညာဏက္ခန္ဓာ။ ။တွေ့ထိမှုမှာလည်း။ ကာ
ယနှင့်ဖောဋ္ဌဗ္ဗာရုံသည်။ ရူပက္ခန္ဓာ။ တွေ့ထိတတ်သော ကာယ

ဝိညာဏ်စိတ်သည်ဝိညာဏက္ခန္ဓာ။ ။ကြံသိမှုမှာလည်း။ဓမ္မာရုံထိုက်သော ပသာဒရုပ်ငါးခု၊ သုခုမရုပ်တဆဲ့ခြောက်ခုကို။ ရူပက္ခန္ဓာ။ဘဝင်စိတ်နှင့်သိတတ်သော မနောဝိညာဉ်စိတ်သည်။ ဝိညာဏက္ခန္ဓာမည်၏ဟုဆိုရတော့သည်သာတည်း၏။ ။

## ဤခန္ဓာငါးပါးတို့၏အနိစ္စလက္ခဏာကိုနာမှုမှာပြခဲ့တိုင်းမှတ်။မြင်မှုစသည်တို့မှာခန္ဓာဘွဲ့စည်းပုံပြီး၏။

## ၉၃။ ။မြင်မှုစသည်တို့မှာအာယတနဘွဲ့စည်းပုံကိုပြခြင်း။

စက္ခုဉ္စ ပဋိစ္စရူပေစဉပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော။ဖဿပစ္စယာဝေဒနာ။ ။စသောသံယုတ်ပါဠိတော်စသည်တို့နှင့်အညီ။ မြင်မှုတခုမှာအာယတန ဘွဲ့စည်းပုံကိုပြဆိုအံ့။ ။စက္ခုခေါ်မှန်ဟူသောအာခံခေါ်သည်။စက္ခာယတန။ရူပါရုံဟူသောအတိုက်အခိုက်ခေါ်သည်။ ရူပါယတန။ စက္ခုနှင့်ရူပါရုံနှစ်ခုတို့။ ချေးရှုတည့်တည့် ပြိုင်မိဆိုင်မိကြသောအခါမှ။ ပေါ်လာတတ်သောမြင်မှုဟူသော စက္ခုဝိညာဏ်စိတ်သည်။မနာယတန။ ၎င်းသုံးခုတို့၏သိခိုက်မှုပေါင်းဆုံမှုဟူသော ဖဿ။ အာရုံအရသာကို ခံစားစံစားမှုဟူသော ဝေဒနာ။ မှတ်သားမှုဟူသော သညာ။တထောင်းထောင်းတရွရွ။ ထကြွပေါ်နေမှုဟူသောစေတနာစသည်ဖြင့်အလိုက်အသိုက် အာရုံအားလျော်စွာဖြစ်လာပေါ်လာကြသောစေတသိက်ဟူသမျှတို့ကို။ဓမ္မာယတနချည်းဟူ၍မှတ်ရမည်။ ။ဤမြင်မှုတခုမှာ။ စက္ခာယတန၊ ရူပါယတန။မနာယတန။ဓမ္မာယတနလေးခုတို့သည်။ ပေါင်းစုမိကြလျှင်။မြင်မှုဟူ၍ ဇလိုအလျောက်ပရမတ်တရားတို့၏ သဘောအားလျော်စွာသာလျှင်။ဖြစ်လာပေါ်လာကြရလေတော့ရကား။ အဘယ်မှာကြည့်တတ်။ ရှုတတ်။မြင်တတ်သော ငါသူတပါး။

ယောက်ျားမိန်းမစသော အကောင်သတ္တဝါဟူ၍ ရှိပါတော့အံ့နည်း။ ဤအာယတနလေးပါးအပြင်။မြင်တတ်သောဒါ သူတပါးယောက်ျားမိန်းမစသော အကောင်သတ္တဝါသည်။ မှန်စွာစင်စစ်မရှိလေပြီဆိုလိုသည်။ ထိုကြောင့်ဗျာန ဝိဘင်းအဋ္ဌကထာစသည်တို့၌။ ။စက္ခုစက္ခာယတနံ။ရူပံရူပါယတနံ။ဒဿနံ မနာယတနံ။ဝေဒနာဒယောတံသမ္ပယုတ္တာဓမ္မာဓမ္မာယတနံ၊ဧဝမေတေသံစတုန္နံ အာယတနာနံသမဝါယေ အာလောကနဝိလောကနံပညာယတိ။ တတ္ထကော ဧကော အာလောကေတိ၊ကောဝိလောကေတိ။ ။ဟုမိန့်ကြလေပြီ။ ၊အနက်ကား။ စက္ခုစက္ခုရုပ်သည်။ စက္ခာယတနံ စက္ခာယတနတည်း။ ရူပံ။ ရူပါရုံသည်။ ရူပါယတနံ။ ရူပါယတနမည်၏။ဒဿနံ။မြင်တတ်သောစက္ခုဝိညာဏ်စိတ်သည်။မနာယတနံ၊မနာယတနမည်၏။ ဝေဒနာဒယော။ ဝေဒနာ အစရှိကုန်သော။ တံသမ္ပယုတ္တာ ဓမ္မာ။ ထိုစက္ခုဝိညာဏ်နှင့် ယှဉ်ဘက်ဖြစ်ကြကုန်သော စေတသိက်ခုနစ်ခုတို့သည်။ ဓမ္မာယတနံ။ ဓမ္မာယတနမည်၏။ ဧဝံ။ ဤသို့ဧတေသံစတုန္နံ အာယတနာနံ။ ဤအာယတနလေးပါးတို့၏။ သမဝါယေ။ ပေါင်းဆုံညီညွတ်ကြသောအခါနိုက်။ ဝါ။ပေါင်းဆုံညီညွတ်ကြမှု။ အာလောကန ဝိလောကနံ၊တည့်တည့်ကြည့်မှု စောင်း၍ကြည့်မှုသည်။ပညာယတိ။ထင်ရှားလေတော့သတည်း။ တတ္ထ။ထိုအာယတနလေးပါးထဲ၌၊ကော ဧကော။ အဘယ်သတ္တဝါတယောက်သည်။ အာလောကေတိ။ တည့်တည့်ကြည့်လာသေးသနည်း။ကော။အဘယ်သတ္တဝါသည်။ဝိလောကေတိ။စောင်း၍ကြည့်လာသေးသနည်း။နတ္ထေဝ။ ကြည့်တတ်သောအကောင်သတ္တဝါသည်။ မှန်စွာစင်စစ် မရှိသည်သာတည်း။ ။ဤကား အနက်။

ကြားမှုမှာအာယတန လေးပါးဘက်တွဲပုံကိုလည်း။ ဤနည်းကိုမှီး၍ဥာဏ်ကြီးသင့်လှလေပြီ။ ။အထူးမှတ်ရန်ကား။

သောဘသည်သောတာယတန၊ သဒ္ဒါရုံသည်၊ သဒ္ဒါယတန၊ ကြားတတ်သော၊သောတဝိညာဏ်စိတ်သည်မနာယတန။ ။နံမှုမှာ။ဃာနသည်ဃာနာယတန။ ဂန္ဓာရုံသည်။ ဂန္ဓာယတန။နံတတ်သောဃာနဝိညာဏ်စိတ်သည်မနာယတန။လျက်မှုမှာဇိဝှါသည်ဇိဝှါယတန။ရသာရုံသည်ရသာယတန။လျက်တတ်သောဇိဝှါဝိညာဏ်စိတ်သည်မနာယတန။တွေ့သိမှုမှာ။ ကာယသည်ကာယာယတန။ဖေါဋ္ဌဗ္ဗာရုံသည်ဖေါဋ္ဌဗ္ဗာယတန။တွေ့သိတတ်သောကာယဝိညာဏ်စိတ်သည်မနာယတန။ ကြံမှုသိမှုမှာ။ဓမ္မာရုံထိုက်သောရုပ်။စေတသိက်။နိဗ္ဗာန်တရားတို့သည်။ ဓမ္မာယတန။ကြံသိတတ်သောမနောဝိညာဏ်သည်မနာယတနမည်၏ဟုဆိုရသည်သာထူး၏။ ။ဤအာယတန ၁၂ ပါးတို့၏ အနိစ္စလက္ခဏာကိုနှာမှုမှာပြခဲ့တိုင်းမှတ်။

မြင်မှုစသည်တို့မှာအာယတနဘွဲ့စည်းပုံပြီး၏။

---

## ၆၄။ ။မြင်မှုစသည်တို့မှာဓါတ်ဘွဲ့စည်းပုံကိုပြခြင်း။

စက္ခုဉ္စ ပဋိစ္စရူပေစဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ တိဏ္ဏံသင်္ဂတိဖဿော။ဖဿပစ္စယာဝေဒနာ။ ။စသောသံယုတ်ပါဠိတော်စသည်တို့နှင့်အညီ။မြင်မှုတခုမှာဓါတ်ဘွဲ့စည်းပုံကိုပြဆိုဦးအံ့။ ။စက္ခုဓါတ်မှန် အခံဓါတ်သည် စက္ခုဓါတ်။ ရူပါရုံဟူသောအာတိုက်အခိုက်ဓါတ်သည် ရူပဓါတ်။ စက္ခုနှင့်ရူပါရုံ နှစ်ခုတို့၏ရှေးရှုတည့်တည့်မြင်မိဆိုင်မိကြသော်အခါမှာသာ။ပေါ်လာတတ်သောမြင်မှုသည် စက္ခုဝိညာဏဓါတ်။ ၎င်းသုံးခုတို့၏ထိခိုက်ပေါင်းဆုံမှုဟူသောဖဿ။ ဖဿဓါတ်ကြောင့် ပေါ်လာသောအာရုံအရသာကိုသာယာခံစားစံစားမှုဟူသောဝေဒနာ။ အာရုံကိုမှတ်သားမှုဟူသောသညာ။ တထောင်းထောင်းတရှရှ။ ထကြွပေါ်နေမှုဟူသော စေတနာစသည်တို့၏ အလိုက်အထိုက်

အာရုံအားလျော်စွာ ဖြစ်လာပေါ်လာကြသော စေတသိက်ဟူ
သမျှတို့ကိုဓမ္မဓာတ်ဟူ၍ချည်းမှတ်ရမည်။ ။ဤမြင်မှုတခုမှာ
စက္ခုဓာတ်။ ရူပဓာတ်။ စက္ခုဝိညာဏဓာတ်၊ ဓမ္မဓာတ်။ လေးခုတို့
သည်ပေါင်းစုမိကြလျှင်။ မြင်မှုဟူ၍အလိုအလျောက်၊ ပရမတ်
တရားတို့၏ သဘောအားလျော်စွာသာလျှင်။ ဖြစ်လာပေါ်လာ
ကြရလေရကားအဘယ်မှာကြည့်တတ်။ ရှုတတ်မြင်တတ်သော
ငါသူတပါးယောက်ျားမိန်းမစသော အကောင်သတ္တဝါဟူ၍ရှိ
ပါတော့အံ့နည်း။ ဤဓာတ်လေးပါးအပြင်၊ မြင်တတ်သော ငါ။ သူ
တပါး။ ယောက်ျားမိန်းမစသောအကောင်သတ္တဝါသည်။ မှန်စွာ
စင်စစ်မရှိလေပြီဟုမှတ်။ ထိုကြောင့်ချာနုဝိဘင်း အဋ္ဌကထာစ
သည်တို့၌။ ။စက္ခုစက္ခုဓါတု။ ရူပံရူပဓာတု။ ဒဿနံစက္ခုဝိညာ
ဏဓာတု။ တံသမ္ပယုတ္တာဝေဒနာဒယောဓမ္မာဓမ္မဓာတု။ ဧဝမေ
တာသံ စတုန္နံ ဓာတူနံ သမဝါယေ အာလောကန ဝိလော
ကနံပညာယတိ။ တတ္ထကောဧကောအာလောကေတိ။ ကောဝိ
လောကေတိ။ ။ဟုမိန့်ကြလေပြီ။ ။အနက်ကား။ ။စက္ခု။ စက္ခု
ရုပ်ဓါတ်သည်၊ စက္ခုဓာတု။ စက္ခုဓာတ်တည်း။ ရူပံ။ ရူပါရုံသည်။
ရူပဓာတု။ ရူပဓာတ်တည်း။ ဒဿနံ။ မြင်တတ်သောစိတ်သည်။
စက္ခုဝိညာဏဓာတု။ စက္ခုဝိညာဏဓာတ်တည်း။ တံသမ္ပယုတ္တာ
ထိုစက္ခုဝိညာဏဓာတ်နှင့်ယှဉ်ဘက်ဖြစ်ကုန်သော။ ဝေဒနာဒ
ယောဓမ္မာ။ ဝေဒနာစသောစေတသိက်၊ ခုနစ်ခုတို့သည်။ ဓမ္မဓာတု
ဓမ္မဓာတ်တို့တည်း။ ဧဝံ။ ဤသို့။ ဧတာသံစတုန္နံ။ ဓာတူနံ။ ဤဓာတ်
လေးပါးတို့၏။ သမဝါယေ။ ပေါင်းဆုံညီညွတ်ကြသောအခါ၌၊
ဝါ။ ပေါင်းဆုံညီညွတ်ကြသောအခါမှ။ အာလောကနဝိလောကနံ။
တည့်တည့်ကြည့်မှု။ စောင်းကြည့်မှုသည်။ ပညာယတိ။ ထင်
ရှားလေတော့သတည်း။ တတ္ထ။ ထိုဓာတ်လေးပါးထဲ၌၊ ကောဧ
ကော။ အဘယ်သတ္တဝါ တယောက်သည်။ အာလောကေတိ။
တည့်တည့် ကြည့်လာသေးသနည်း။ ကော။ အဘယ်သတ္တဝါ
သည်။ ဝိလောကေတိ။ စောင်း၍ကြည့်လာသေးသနည်း။ နဋ္ဌေ

ဝ။ ကြည့်တတ်မြင်တတ်သော အကောင်သ ... ငါသည်မှန် စွာ စင်စစ် မရှိသည်သာတည်း။ ။ဤကားအနက်။ ။

ကြားမှုစသည်တို့မှာခါတ်လေးပါးတွဲပုံကိုလည်း။ဤနည်းကိုမှီး၍ဉာဏ်ကြီးသင့်လှလေပြီ။ အထူးမှတ်ရန်ကား။ ကြားမှုမှာ သောတခါတ်။သဒ္ဒခါတ်။သောတဝိညာဏခါတ်။စေတသိက် ဟူသောဓမ္မခါတ်။ နံမှုမှာ။ဃာနခါတ်။ ဂန္ဓခါတ်။ဃာနဝိညာ ဏခါတ်စေတသိက်ဟူသောဓမ္မခါတ်။ ။လျက်မှုမှာဇိဝှါ ခါတ်။ရသခါတ်။ဇိဝှါဝိညာဏခါတ်။ စေတသိက်ဟူသောဓမ္မ ခါတ်။ ။တွေ့သိမှုမှာ။ ကာယခါတ်။ဖောဋ္ဌဗ္ဗခါတ်။ ကာယ ဝိညာဏခါတ်။စေတသိက်ဟူသောဓမ္မခါတ်။ ။ကြံသိမှုမှာတ ဘဝင်စိတ်ဟူသော မနောခါတ်။ ဓမ္မာရုံ သိုက်သော စိတ် စေတ သိက်ရုပ်နိဗ္ဗာန်ပညတ်ဟူသောဓမ္မခါတ်။မနောဝိညာဏခါတ်။ စေတသိက်ဟူသော ဓမ္မခါတ်လေးခုတို့၏ ပေါင်းဆုံမိကြသော အခါမှ။ကြားမှု၊ နံမှု၊လျက်မှု။ တွေ့ထိမှု။ကြံသိမှုတို့သည်။အလိုအ လျောက်ပရမတ်ခါတ်ဘရားတို့၏ သဘောအားလျော်စွာသာ လျှင် ဖြစ်လာပေါ်လာ ကြရလေရကား၊ ငါကြားသည်။ ငါနံ သည်။ ငါလျက်သည် ။ငါတွေ့ထိသည်။ ငါသိသည်ဟူ၍ထင်စ ရာသည်။ဘာတခုမျှမရမရှိလေပြီဆိုလိုသည်။ ။ဤခါတ်တဆဲ့ ရှစ်ပါးတို့၏အနိဋ္ဌလက္ခဏာကိုနာမှုမှာပြခဲ့တိုင်းမှတ် အာ ယတနတဆဲ့နှစ်ပါးတို့နှိုက်။ မှတ်ဘွယ်စကားရပ်များသည် ဤ ကျမ်းမှာပင်လာလိမ့်မည်၊ ခါတ်တဆဲ့ရှစ်ပါးတို့၏ အကျယ်ကို ဒိဋ္ဌိသတ်ခဏ်းခါတ်ကမ္မဋ္ဌာန်းကျမ်းမှာပြခဲ့ပြီ။

မြင်မှုစသည်တို့မှာခါတ်တွဲပုံပြီး၏၊

## ၉၅။ ။အတ္တဇ်ရသဘောလက္ခဏာကိုအကျဉ်း ထပ်မံ၍ပြခြင်း။

သက္ကါယဒိဋ္ဌိအယူရှိကြသူ။အန္ဓပုထုဇန်ဟူသမျှတို့က။အတ္တ ဇီဝဟူသောအသက်ဝိညာဉ်သည်။၅ါကိုယ်ထဲမှာအမြဲတည်နေ၍မျက်စိမှာအာရုံထင်လာလျှင်။ရင်ထဲနှလုံးထဲမှ ဖြဲ့းကနဲမျက်စိသို့လာ၍ရူပါရုံကိုကြည့်ပြီးမှ။မိမိနေရာဖြစ်သော ရင်တွင်းနှလုံးတွင်းသို့ပြန်နေသည်။ ။ယင်းနည်းတူစွာ။ နားမှာသဒ္ဒါရုံထင်လာလျှင် နားသို့လာ၍။ နှာခေါင်းမှာ အနံ့ရောက်လာလျှင်နှာခေါင်းသို့လာ၍။လျှာမှာအရသာရောက်လာလျှင်၊လျှာသို့ရောက်လာ၍ ကိုယ်မှာဖေါဋ္ဌဗ္ဗာရုံတို့နှင့်တွေ့ထိလျှင်ထိရာအရပ်သို့လာ၍။သဒ္ဒါရုံကိုနားထောင်။ဂန္ဓာရုံကိုနမ်းရှူ။ရသာရုံကိုစားသောက်သုံးဆောင်။ဖေါဋ္ဌဗ္ဗာရုံကိုတွေ့ထိခံစားပြီးမှ။ မိမိနေရာဖြစ်သော ရင်တွင်းနှလုံးတွင်းသို့ပြန်နေသည်ဟုအယူရှိနေကြ၍။ ၎င်းအတ္တ ဇီဝဟူသောအသက်ဝိညာဉ်သည်။ ရင်တွင်းနှလုံးတွင်းထဲမှာအမြဲတည်နေလျက်။မြင်ခြင်း။ ကြားခြင်း။နမ်းရှူခြင်း။ စားသောက်ခြင်း။တွေ့ထိကိုင်တွယ်ခြင်းဟူသော ကာရကသတ္တိ ရှိ၏ဟူ၍လည်းစွဲလမ်းထင်မှတ်ကြသည်။ ။ဆိုအတ္တဇီဝဟူသောဝိညာဉ်အသက်သည်ပင်လျှင်။ မြင်ရ။ကြားရ။နမ်းရှူရ။ စားသောက်ရ။တွေ့ထိကိုင်တွယ်ရသော အာရုံအမျိုးမျိုးကိုလည်း။ ခံစားစံစားတတ်သည်။သိလည်းသိတတ်။ မှတ်လည်းမှတ်တတ်သည်ဟူ၍လည်းစွဲလမ်းထင်မှတ်ကြသည်။ ။ဆိုအတ္တ ဇီဝဟူသောအသက်ဝိညာဉ်ရှိ၍သာ။ခန္ဓာငါးခုတို့၏အပေါင်းအစုဖြစ်သော။ ၅ါကိုယ်ခန္ဓာကြီးသည်။လှုပ်လှုပ်ရွရွမြင်သမျှထင်သမျှသော ကိစ္စအမှုကြီးငယ်တို့ကို။သည့်ပိုးနိုင်။ ရွက်ဆောင်နိုင်။ ပြုလုပ်နိုင်ကြသည်။၅ါအသက်ဝိညာဉ်မရှိပါလျှင်။ ဘယ်ဟာတခုကိုမျှ။ မပြုလုပ်နိုင်။ မရွက်ဆောင်နိုင်။ အားမထုတ်နိုင်ဟူ၍ စွဲလမ်းထင်မှတ်ကြ၍။ထိုခန္ဓာငါးပါးအစုဖြစ်သော ကိုယ်ခန္ဓာကောင်ကြီး

သည်။ ၎င်းအတ္တဇီဝဟူသော အသက်ဝိညာဉ်၏ အလိုရှိတိုင်း
နေသောအမှုကိုပြုလုပ်ရသဖြင့်။ အိမ်တခုလုံးနှိုက်။ အိမ်ရှင်သာ အ
စိုးရသကဲ့သို့။ အိမ်နှိုက်ပြုဘွယ်ကိစ္စတို့ကို။ အိမ်ရှင်သာအလိုရှိ
တိုင်းပြုလုပ်။ ခံစားနိုင်၊ စံစားပိုင်သကဲ့သို့။ ဤခန္ဓာငါးပါးအစုဖြစ်
သောကိုယ်ကြီးတခုလုံးကိုလည်း။ အတ္တဇီဝဟူသော အသက်ဝိ
ညာဉ်သာလျှင်အုပ်စိုးရ၏၊ ဤကိုယ်ကြီးတခုလုံးသည်၊ အတ္တဇီဝ
ဟူသောအသက်ဝိညာဉ်၏အလိုကိုသာ လိုက်နေရသည်ဟူ၍
လည်း။ မှတ်ထင်စွဲလမ်း၍နေကြသည်။ ၎င်းအတ္တဇီဝဟူသောအ
သက်ဝိညာဉ်၏တည်နေရာ။ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်
သာလျှင်သေကြေပျက်စီးတတ်သည်။ ထိုသေကြေပျက်စီးတတ်
သောရုပ်နာမ်ခန္ဓာတရားတို့သည် သေကြေ၍။ ဤခန္ဓာပျက်စီး
သော်လည်း။ အတ္တဇီဝဟူသော အသက်ဝိညာဉ်သည် မူကား
မသေ။ အိမ်တခုပျက်လျှင် အိမ်တခုပြောင်းနေသော သူကဲ့သို့
၎င်း။ သစ်တပင်သေလျှင်သစ်တပင်သို့ပြောင်းသော ငှက်ကဲ့သို့
၎င်း။ အတ္တဇီဝဟူသောဝိညာဉ်အသက်သည်လည်း။ နောင်ဘဝ
ခန္ဓာသစ်တခုပြုလုပ်တည်ထောင်၍နေပြန်သည်။ ၎င်းအတ္တဇီဝ
ဟူသောအသက်ဝိညာဉ်သည်ဖောက်ပြန်ပျက်စီးခြင်းမရှိဘဲ။ ပ
ကတိခိုင်မြဲသောသဘောတခုဖြစ်သည်ဟူ၍လည်း။ မှတ်ထင်စွဲ
လမ်းကြကြောင်းကို။ ဝိသုဒ္ဓိမဂ်၊ ပဋိသမ္ဘိဒါမဂ်စသော အဋ္ဌက
ထာဋီကာတို့နှိုက်၊ ။အတ္တာနိဝါသီကာရကောဝေဒကောသယံ
ဝသီ။ ။ဟူ၍မိန့်သည်။ ။အတ္တာနိစ္စော ဓုဝေါ သဿတော
အဝိပရိဏာမဓမ္မော။ ။ဟူ၍လည်းဝိဘင်းပါဠိတော်၊ မူလ
ပဏ္ဏာသပါဠိတော်စသည်တို့မှာလည်းဟောတော်မူသည်။ ။
အနက်ကား။ ။အတ္တာ။ ငါ ထင်စရာအချက် အသက်ဝိညာဉ်
သည်။ နိဝါသီ။ ဤကိုယ်ထဲမှာအမြဲမှီနေ၍။ ကာရကော။ မြင်ခြင်း
ကြားခြင်း။ နမ်းရှူခြင်း၊ စားသောက်ခြင်း။ တွေ့ထိကိုင်တွယ်ခြင်း။
ပြောခြင်း။ ဆိုခြင်း။ သွားခြင်းလာခြင်းစသောကိစ္စကိုလည်း ပြု
တတ်၏။ ဝေဒကော။ တွေ့ကြုံလာသောအာရုံအရသာကိုခံလည်း

ခံစားတတ်။ သိလည်းသိတတ်၏။ သယံဝသီ၊ ဤကိုယ်ကြီးတခု
လုံးသည်လည်း။ မိမိဟူသော အတ္တအလိုသို့ လိုက်နေရ၏။ ။
ဝိဘင်းပါဠိတော်ကိုနောက်ကအနက်ပြန်ခဲ့ပြီ။

ယခုထုတ်ပြခဲ့သည့် "အတ္တ" သဒ္ဒါတို့ကို (ကိုယ်) ဟူ၍အနက်
မပြန်နှင့်။ ကိုယ်ဟောအတ္တသဒ္ဒါမဟုတ်။ အရမတ္တနိအတ္တခေါ်
သော အသက်ဝိညာဉ်ဟောအတ္တဖြစ်သည်။ အဘယ့်ကြောင့်
နည်းဆိုသော်။ အတ္တသည်။ ကိုယ်ထဲမှာအမြဲတည်နေသောဘရား
ဖြစ်သည်ဟူ၍လည်း အဋ္ဌကထာဋီကာဘို့ကဆိုသည်။ အတ္တာ
ကိုယ်သည်။ နိဝါသီ။ ဤကိုယ်ထဲမှါအမြဲမှီနေ၏ဟူသော်အနက်ကို
ပေးမိက. ကိုယ်ထဲမှါကိုယ်ရှိသည်ဟုဆိုရာရောက်နေ၍။ ကတော့
ကတက်အနက်ဖြစ်နေသောကြောင့်တည်း။ ထိုကြောင့်ယခင်ဝါ
ကျကိုဘွင့်ပြရာပဋိသမ္ဘိဒါမဂ်ဂဏ္ဌိပုဒ်၌။ ။သွေ့ဝဒေဟတ္တန္တရေ
နိဝါသနတောနိဝါသီ။ ကာယကမ္မာဒိကရဏတောကာရကော။
ပါကဝိန္ဒနတောဝေဒကော။ ကမ္မဖလံသကဝသံဝတ္တာပနတော
သယံဝသီတိဝုစ္စတိ။ ။ဟုဘွင့်ဆိုပြီ။ ။အနက်ကား။ သွေ့ဝ။
ထိုအတ္တသည်ပင်လျှင်။ ဒေဟတ္တန္တရေ၊ ကိုယ်အတွင်း၌။ နိဝါ
သနတော။ အမြဲမှီနေတတ်သောကြောင့်။ နိဝါသီ၊ နိဝါသီသတ္တိ
လည်းရှိ၏။ ကာယကမ္မာဒိကရဏတော။ ကာယကံ။ ဝစီကံအမှု
တို့ကိုပြုတတ်သောကြောင့်။ ကာရကော၊ ကာရကသတ္တိလည်း
ရှိ၏။ ပါကဝိန္ဒနတော။ တွေ့ကြုံရရှိသောအကျိုးတရားကို ရတတ်
သိတတ် ခံစားတတ်သောကြောင့်။ ဝေဒကော၊ ဝေဒကသတ္တိ
လည်းရှိ၏။ ကမ္မဖလံ။ ကံ၏အကျိုးကို။ သကဝသံ၊ မိမိအလိုသို့။
ဝတ္တာပနတော။ လိုက်စေတတ်သောကြောင့်။ သယံဝသီတိ။
သယံဝသီသတ္တိလည်းရှိ၏ဟူ၍။ ဝုစ္စတိ။ ဆိုအပ်၏။ ။ဤကားအ
နက်။ ။ဤပါဠိတော်အဋ္ဌကထာဋီကာသာဓကတို့ကိုထောက်ဆ
မြော်ရှု၍။ ယခုပြခဲ့သောအနက်များကိုအားပေးကူညီသော အ
လားဖြင့်သံယုတ်ဋီကာ၌လည်း။ ။အတ္တန္တရေ အတ္တာနာမ
အတ္ထိတိဒိဋ္ဌိအတ္တာနုဒိဋ္ဌိ။ ။ဟုမိန့်ပြန်၏။ ။အတ္တန္တရေ၊ သူ

သူငါငါ၊သတ္တဝါတို့၏၊ကိုယ်တွင်း၌၊ အတ္တာနာမ၊ နိဝါသီသတ္တိ၊ ကာရကသတ္တိ၊ဝေဒကသတ္တိ၊ သယံဝသီသတ္တိရှိ၏ဟု ထင်ကြသော၊ဝိညာဉ်အသက်ဆိုတာသည်၊အတ္တိတိ၊ ရှိ၏ဟု၍၊ဒိဋ္ဌိ၊ အမြင်မှားခြင်းသည်၊အတ္တာနုဒိဋ္ဌိ၊အတ္တာနုဒိဋ္ဌိမည်၏။ ။၎င်းအတ္တာနုဒိဋ္ဌိ၊ အတ္တဝါဒဒိဋ္ဌိ၊သက္ကာယဒိဋ္ဌိ၊အတ္တဝါဒုပါဒါန်ဆိုသော အမည်တို့သည်၊သဒ္ဒါအသံသာကွဲပြား၍ သဘောအနက်အားဖြင့် တသားတည်းပင်ဖြစ်၏၊၎င်းအတ္တဇီဝဟူသောအသက်ဝိညာဉ်ကိုပင်၊ငါငါဟုထင်နေကြကြောင်းကိုနောက်မှာပြခဲ့ပြီ၊ ။၎င်းအတ္တဇီဝနှင့်သတ္တပုဂ္ဂလသဒ္ဒါတို့လည်း၊ အနက်သဘောအားဖြင့် တူကြောင်းကို၊ ။ပုဂ္ဂလောတိအတ္တာသတ္တောဇီဝေါ၊ ။ဟုကထာဝတ္ထုအဋ္ဌကထာနှင့်အဋ္ဌသာလိနီမူလဋီကာတို့မှာဆိုသည်၊ ၎င်းအတ္တ၊ဇီဝ၊ သတ္တ၊ ပုဂ္ဂလအယူများတို့ကိုတားမြစ်ပယ်ထုတ်တော်မူလို၍၊အနတ္တ၊နိသတ္တ၊ နိဇ္ဇီဝတရားတို့ကို ဟောတော်မူသည်ဟုမြဲမြဲစွဲစွဲ၊မဲမဲခဲခဲမှတ်ယူရမည်၊ ။နောက်ကလည်း အကျယ်ပြခဲ့ပြီ၊ ။

---

၄၆။ ။ခန္ဓာငါးပါးကိုသိရ၍အနတ္တလက္ခဏာပေါ်ပုံကိုပြခြင်း။

၎င်းအတ္တ၊ဇီဝ၊သတ္တပုဂ္ဂလဟူသောအသက်ဝိညာဉ်သည် မြင်ခြင်း ကြားခြင်းနမ်းရှူခြင်းစသော ကာရကသတ္တိရှိသည် ဟူသော သက္ကာယဒိဋ္ဌိအယူများကို တားမြစ်ပယ်ထုတ်တော်မူလို၍၊ ။ရုပ္ပတီတိရူပံ၊ ။ဟူသောဝိဂြိုဟ်နှင့်အညီ၊ အချမ်းအပူစသောဆန့်ကျင်ဘက်အကြောင်းတို့နှင့်တွေ့ကြုံရက၊ ခဏချင်းချုပ်ပျောက်ပျက်စီးခြင်းလက္ခဏာရှိသောရုပ်နှစ်ဆဲ့ရှစ်ပါး တရားအစုဟူသောရူပက္ခန္ဓာကိုဟောတော်မူသည်၊ ၎င်းစက္ခု၊သောတ၊ဃာန၊ဇိဝှါ၊ ကာယစသောရုပ်တရားတို့၏ဥပါဒ်၊ ဌီ၊ ဘင်တို့ဖြင့်အစဉ်မပြတ်၊ချုပ်ပျက်သေဆုံးမှုကို သိမြင်ရသဖြင့်ခိုင်မြဲလှစွာသောအတ္တဇီဝအချက်၏သက်သက်မရှိကြောင်းသိရသည်။

အတ္တ၊ ဇီဝ သတ္တ၊ ပုဂ္ဂလဟူသော ဝိညာဉ်အသက်၏၊ အာရုံအရသာကိုသာယာခံစားမှု။ မှတ်သားမှု။ သိမှုဟူသော ဝေဒနာသတ္တိရှိသည်။ ဝေဒနာသတ္တိရှိသော အတ္တ၊ ဇီဝ၊ သတ္တ ပုဂ္ဂလရှိ၏ဟူသော သက္ကာယဒိဋ္ဌိအယူများကိုဟန့်တားပယ်ဖျက်တော်မူလို၍ ။ ဝေဒယတိ။ အာရုံ၏အရသာကိုခံစားစံစားတတ်၏။ ဣတိ၊ ထိုသို့အာရုံ၏အရသာကိုခံစားမှုရှိသောသတ္တိကြောင့်။ ဝေဒနာ။ ဝေဒနာမည်၏။ ။ သဉ္ဇာနာတိ။ အမှတ်ထား၍သိတတ်၏။ ဣတိတသ္မာ။ ထိုသို့အမှတ်ထား၍သိမှုရှိသောသတ္တိကြောင့်။ သညာ၊ သညာမည်၏။ ။ ပဇာနာတိ။ သညာထက်ပို၍သိတတ်၏။ ဣတိတသ္မာ။ ထိုသို့ သညာထက်ပို၍သိမှုရှိသော သတ္တိကြောင့်။ ပညာ။ ပညာမည်၏။ ။ဟူ၍အာရုံအရသာကိုသာသာယာခံစားမှုဟူသည်။ ဤပရမတ်ဖြစ်သောဝေဒနာတရားတည်း။ အာရုံကိုမှတ်သားမှုဟူသည်လည်း။ ဤပရမတ်ဖြစ်သောသညာတရားသာတည်း။ အာရုံအရပ်ရပ်ကိုသိမှုဟူသည်လည်း။ ဤပရမတ်ဖြစ်သောပညာတရားသာတည်း ဤဥပါဒ်။ ဌီ။ ဘင်တို့ဖြင့်အစဉ်မပြတ်။ ချုပ်ပျောက်၍နေတတ်သည့်ပရမတ်တရားတို့၏ခံစားမှု။ မှတ်သားမှု။ သိမှုတို့သာဖြစ်ကြသည်။ ဤခံစားမှု မှတ်သားမှု၊ သိမှုလက္ခဏာရှိကြသော ပရမတ်တရားတို့သည်လည်း၊ အတည်မမြဲ၊ ဖေါက်လဲဖေါက်ပြန်။ ချုပ်ပျောက်သေဆုံးကြ၍။ ခဏမစဲ။ အသစ်အဟောင်းပြောင်းလဲ၍နေမှုများကိုထင်ရှားဒိဋ္ဌသိမြင်ရသဖြင့်လည်း။ အတ္တ။ ဇီဝ။ ပုဂ္ဂလ။ သတ္တဟူသော ခိုင်မြဲလှစွာ။ သံသရာတလျှောက်၌။ မဖေါက်မပြန်တည်နေတတ်သည့်။ အသက်ဝိညာဉ်ဆိုတာသည်လည်း။ စင်စစ်ဒြဗ္ဗမရှိကြောင်းကိုကောင်းစွာသိရသည်။ ။အတ္တ၊ ဇီဝ။ သတ္တ ပုဂ္ဂလဟူသောဝိညာဏ်အသက်ကြောင့်သာ၊ ဝိညာဉ်အသက်ရှိ၍သာလျှင်။ တလေကလုံး။ ဂရုံးဂရင်း။ အတင်းအကြပ်၊ ပြုလုပ်အပ်သမျှအမှုတို့ကို။ တခုမကျန်။ အားထုတ်ရွက်ဆောင်နိုင်ကြသည်။ ဆိုအမှုကိစ္စ။ ရှိသမျှတို့ကို တစမကျန် အားထုတ် ရွက်ဆောင်တတ်သောသယံဝသီသတ္တိရှိသော အတ္တ၊ ဇီဝ၊ သတ္တ၊ ပုဂ္ဂ

လဆိုတာသည့်ရှိ၏။ ထိုအတ္တဇိဝ။ သတ္တ။ ပုဂ္ဂလတို့မှာလည်း။
ထိုအလိုရှိတိုင်းစေခိုင်းပြုကျင့်နိုင်မှုဟူသော:သယံဝသီ သတ္တိရှိ
သည့်ဟူသော သက္ကာယဒိဋ္ဌိ အယူမှားကို ပယ်ရှား တားမြစ်
တော်မူလို၍။ ။သင်္ခတမဘိသင်္ခရောန္တိတိ သင်္ခါရ။ ။
ယေဝမွာအကြောင်းဖသ။ စေတနာစသောသင်္ခါရဟူသော ငါးဆယ်
ဟူသောပရမတ်တရားတို့သည်။ သင်္ခတံ။ ပြုပြင်စီမံစရာရှိသမျှ
ကို။အဘိသင်္ခရောန္တိ။တခုမကျန်အောင်။ စီမံပြုပြင်တတ်ကုန်၏။
ဣတိဘသ္မာ။ ထိုသို့ပြုပြင်မှုကို။တခုမကျန် စီမံပြုပြင်မှုသတ္တိရှိ
သောကြောင့်။ တေဝမွာ။ ထိုဖသာစေတနာစသောသင်္ခါရငါး
ဆယ်တို့သည်။ သင်္ခါရာသင်္ခါရ မည်ကုန်၏။ ။ဟူ၍လော
က သုံးပါးတို့နှိုက်။ စီမံ ပြုပြင်မှု တို့ကို။ တခုမကျန် စီမံအား
ထုတ် ပြုလုပ်ရွက်ဆောင်မှုဟူသည်လည်း။ ၍ပရမတ်ဖြစ်သော
သင်္ခါရငါးဆယ်တို့၏ ပြုပြင်မှုသာတည်း။ ၍အမှုကိစ္စရှိသမျှတို့
ကိုတစမကျန်စီမံအားထုတ် ပြုလုပ်ရွက်ဆောင် တတ်ကြသော
သင်္ခါရငါးဆယ်တို့သည်လည်း။အခတည့်အမြဲဖောက်လဲဖေါက်
ပြန်ချုပ်ပျောက်သေဆုံးကြလျက်။ ခဏမစဲ အသစ်အဟောင်း
ပြောင်းလဲ၍နေမှုများကိုထင်ရှားဒိဋ္ဌသိမြင်ရသဖြင့်လည်း။ အနိ
မတဂ္ဂသံသရာတလျှောက်နှိုက် မဖောက်ပြန်ဘဲ ခိုင်မြဲစွာတည်
နေတတ်သည့်။အတ္တ၊ဇိဝ၊သ ၂၇၊ပုဂ္ဂလဟူသော အသက်ဝိညာဉ်
ဆိုတာ သည်လည်း။ ဘာမျှ မရှိ ဘာမျှ မဟုတ် ကြောင်းကို။
ကောင်းစွာသိရသည်။ ၍ပရမတ်တရားတို့တွင်လည်း၊ အကြီး
အမှူးဦးစီးဥက္ကဋ္ဌ ကိစ္စအလုံးစုံကိုအကုန်ပြီးစေနိုင်သော သာမီ၊
သယံဝသီသတ္တိရှိသောအစိုးရ အအုပ်အချုပ်ဟူ၍ တခုတည်း
မံရှိချေ။ အမြဲတည်နေမှု ဟူသောနိစ္စ ဓုဝသဿတသတ္တိဟူ၍
လည်းမြှုလောက်မျှ မရသော အနိစ္စဘရေး ဒုက္ခတရေး အနတ္တ
တရားဘို့သာဖြစ်ချေသည်။ထိုကြောင့်မဟာနိဒ္ဒေသ။ပဋိသမ္ဘိဒါ
မဂ်။ ဝိသုဒ္ဓိမဂ် စသောအဋ္ဌကထာတို့နှိုက်။ ။သာမိနိဝါသီ
ကာရက ဝေဒကာဓိဋ္ဌာယကဝိရဟိတတာယ သုညတောအ

နဗ္ဗုဇ္ဇာ။ ။ဟူ၍ခိုန်ကြပြီ။ ။ယင်းအဘွင့်ပဋိသန္တိဒါမင်ဂဏ္ဍိ ပုန်နိုက်လည်း။ ။တေနေဋ္ဌအညော အဏ္ဏာပဋိသိဋ္ဌေါဟော တိ။ ။ဟု ဘွင့်ဆိုအပ်ပြီ။ ။အနက်ကား ။ဝဋ္ဋာ။ခန္ဓာ ငါးပါး ပရမတ် တရားတို့သည်၊ သာမိနိ ဝါသီကာရကဝေဒ ကာဓိဋ္ဌာယကာ ဝိရ ဟိတာ တာယ။ အကြီး အဦး အရှင်သ ခင်၏ အဖြစ်ဖြင့်။ ၍ကိုယ် ထဲမှာ အမြဲ မှီနေ၍။ မြင်တာဘ် ကြားတတ် နမ်းရှုစားသောက်တတ် တွေ့ထိကိုင်တွယ်တတ် သောကာရကသတ္တဝါ။ အာရုံအရပ်ရပ်ကိုသိတာဘ် ခံစားတတ် သောဝေဒကသတ္တဝါ၊ တောင်သွားရမည်။ မြောက်သွားရမည်။ ဘယ်အမှုကို ပြုရမည်ဟု။ စီမံဘာဘ်သော အဓိဋ္ဌာယကသတ္တဝါ တို့မှမရှိအလျှင်းကင်းသည် အဖြစ်ကြောင့်၊ သုညတောနိဝါသီ သတ္တဝါကာရကသတ္တဝါ ဝေဒကသတ္တဝါ သယံဝသိသတ္တဝါရှိသည်ဟု ထင်ကြသောအတ္တ၊ဇီဝ၊သတ္တ၊ပုဂ္ဂလတို့မှ ကင်းသောအားဖြင့်။ သဠ္ဌသိတမ္ဗာ။ ဝိပဿနာဉာဏ်ပညာဖြင့်။ ကောင်းစွာဆင်ခြင် သုံးသပ်အပ်ကုန်၏။ ။အဋ္ဌကထာနက်။ ။တေန။ ထိုစကား ရပ်ဖြင့်။ ဋ္ဌေ၍ခန္ဓာငါးပါး ပရမတ်တရားထဲနိုက်။ အညော။ တပါးသော။ အတ္တာ။ နိဝါသီစသော သတ္တဝါလေးပါးရှိသည်ဟု ထင်ကြသောအတ္တကို။ ပဋိသိဋ္ဌေါ။တကယ်မရှိဟု မိမိရပယ် ချတားမြစ်တော်မူလိုက်သည်။ ဟောတိ။ဖြစ်၏။ ။ဂဏ္ဍိပုန် အနက်။ ။၍အဋ္ဌကထာဋီကာသာဓကတို့ကိုထောက်ဆ၍။ ပရမတ္ထတရားတို့၏ သဘောမည်သည်ကား။ တခုနှင့်တခုတိုင် ပင်၍ဖြစ်ခြင်းလည်းမရှိ။ ငါဖြစ်ပြီးမှနင်ဖြစ်ရမည်ဟု အလှည့် ကျစေခိုင်းတိုက်တွန်း အားထုတ်မှုဟူသော ဗျာပါရလည်းမရှိ။ မိမိတို့ဘာဝ။မိမိတို့တာဘ်တိုင်းအားဖြင့်၊ တီးခတ်သော ဝတ္ထု နှင့်ခံသော ဝတ္ထုထိခိုက်ကြလျှင် အသံဖြစ်သကဲ့သို့။ ခါဘ်သ ဘောချင်းခပ်မိကြလျှင်။လျှပ်စစ်ဖြင်သကဲ့သို့သာလျှင်။ ဖြစ်ချင် သလိုသူ့ဘာဝဖြစ်နေကြသော။ ပဋိစ္စသမုပ္ပါဒ်တရားတို့သာ တည်းဟုသိမြင်ပိုင်နိုင်ကားအတ္တဇီဝဟူသော အသက်ဝိညာဉ်

ကြောင့်သာ။ သွားလာလုပ်ဆောင်နိုင်ကြသည်ဟူသော အယူများကိုတားမြစ်နိုင်၏ဟုမှတ်ယူရမည်။ ။

အဏ္ဏာနုမိဒ္ဓိ၊အဏ္ဏဝါဒ ဒိဋ္ဌိ၊သဏ္ဌာယဒိဋ္ဌိအယူရှိသူပုထုဇန်တို့၏ အဏ္ဏဗီဇဝဟုသောအသက်ဝိညာဉ်သည်။ အစဉ်ထာဝရခိုင်မြဲလှ၏ဟူသော အယူ များကိုပယ်ရှားတော်မူခြင်းငှာ၊ခိုင်မြဲခြင်းမရှိမှုကို သိစေတော်မူလို၍၊ ရူပက္ခန္ဓာသည် ရေမြှုပ်နှင့်တူကြောင်း။ဝေဒနက္ခန္ဓာသည်ရေပွက်နှင့်တူကြောင်း။သညာက္ခန္ဓာသည် တံလျှပ်နှင့်တူကြောင်း။သင်္ခါရက္ခန္ဓာသည်ငှက်ပျောတုံးနှင့်တူကြောင်း။ ဝိညာဏက္ခန္ဓါသည်မျက်လှည့်ပြမှုနှင့်တူကြောင်းများကို။ ဘုရားသခင်ဟောကြားတော်မူသည်။ဤ ခန္ဓာငါးပါးတို့၏၊ ခိုင်မြဲမှု မရှိကြောင်းကို။ ကောင်းစွာသိရ သဖြင့်လည်း။ သံသရာတလျှောက်နိုက်။ မပျောက်ပြန်ဘဲ၊အခိုင်အမြဲတည်နေတတ်သော၊ အဏ္ဏဗီဇဝဟူသော အသက်ဝိညာဉ်ဆိုဘာသည်။ မှန်စွာစင်စစ်မရှိကြောင်းကိုသိရပြန်သည်။ ။

ဤအဏ္ဏဗီဇဝဟူသော ဝိညာဉ်အသက်သည်။ သာမိနိဝါသီသဏ္ဌိရှိ၍။ ဤခန္ဓါအိမ်ထဲ၌အမြဲထာဝရ။အရှင်သခင်၏အဖြစ်ဖြင့်ရှိနေ၏ဟူသောအယူများကို တားမြစ်တော်မူခြင်းငှါ၊ အိမ်ရှင်လူဟူ၍မရှိဘဲ၊ တောကြီးမျက်မဲထဲ၌၊ အိမ်သက်သက်ရှိနေသော ဆိတ်ငြိမ်သောရွာဆိုးကုန်းကြီးနှင့် စဏ္ဍုံသောတစသောအာယတနတို့တူကြောင်းကို။ ။အဇ္ဈတ္တိကါနိသုညေါဂါမေါဝိယဒဋ္ဌဗ္ဗါနိ။ ။အဇ္ဈတ္တိကာနိ။စက်၊သော၊ဃာ၊ဇိ၊ကာ၊မနိ ဟူသောအတွင်းအာယတနခြောက်ပါးတို့ကို။ သုညော။လူတို့ဖြင့်သက်သက်မရှိသုံးသော။ ဂါမောဝိယ။ ရွာကိုကဲ့သို့။ ဒဋ္ဌဗ္ဗာနိ။ မှတ်အပ်ရှုအပ်ကုန်၏။ ။ဟူ၍ဝိသုဒ္ဓိမဂ်စသည်တို့၌ဆိုသည်။ ဤဝိသုဒ္ဓိမဂ်စသောကျမ်းဂန်တို့ကို ထောက်ရှု၍လည်း။ ဤခန္ဓာကိုယ်ကြီး၌ အရှင်သခင်ပြုလုပ်၊ အုပ်စိုး၍နေသော အဏ္ဏဗီဇ ဟူသောအသက်ဝိညာဉ်ဆိုဘာသည် မှန်စွာစင်စစ်မရှိကြောင်း ကိုသိရပြန်သည်။ ဤကားခန္ဓာငါးပါးကိုသိရ၍ အနတ္တလက္ခဏာပေါ်လာပုံတည်း။

## ၄၇။ ။အနတ္တလက္ခဏာပေါ်လာရုံမျှနှင့်စိတ်ချမနေ သင့်သေးသည်ကိုပြခြင်း။

ဤသို့ရေးသားပြဆိုခဲ့သည့်၊ ခန္ဓငါးပါး နာမ်ရုပ်တရားတို့၏၊ သဘောလက္ခဏာကို ကောင်းမွန်သေချာစွာ။ လည်လည်ပတ်ပတ်၊စေ့စေ့စပ်စပ်သိက။အနတ္တလက္ခဏာသည်ထင်လာပေါ်လာတတ်သည်။ဤသို့ထင်လာပေါ်လာတတ်သော အနတ္တလက္ခဏာကို၊ကောင်းစွာသိရုံမျှနှင့်လည်း။ ငါငါဟုထင်မှတ်သည့်။ အတ္တ။ ဇီဝ။သတ္တ။ ပုဂ္ဂလအယူမှားတို့သည်။ ပျက်ပြားကင်းပျောက်ပြီ ဟုမဆိုနိုင်သေး။အဘယ်ကြောင့်နည်းဟုဆိုသော်။ ဤငါငါထင်မှတ်သည့်၊အတ္တဇီဝသတ္တပုဂ္ဂလရှိ၏ဟူသောအယူသည်။အနမတဂ္ဂသံသရာက။တခါတည်းစွဲကပ်၍ပါလာသည်။ လွန်စွာကြီး ကျယ်ခိုင်မြဲလှသောအတ္တဒိဋ္ဌိအယူဖြစ်၍။ လွန်စွာစွဲလမ်းကပ်ငြိ ခြင်းအားကြီးလှသည့်အတွက်၊အနတ္တလက္ခဏာသည်။ တကြိမ် တခါထင်မြင်ရုံမျှနှင့်၊သဘောမကျနိုင်။ဉာဏ်မပိုင်နိုင်။တကယ် ထိထိမိမိမထိုးထွင်း။ မသိမြင်နိုင်သေးသော၊ ကြောင့်ဟုမှတ် ယူရမည်။ ။

ထိုကြောင့်မီးကိုအလိုရှိ၍မီးပွတ်သောသူသည်။ မီးပွတ်စချ ထင်းချောင်းနှစ်ခုကိုရရုံမျှနှင့်လည်း။စိတ်မချရသေး။ထင်းချောင်း နှစ်ခုကိုပွတ်တိုက်၍ထင်းချောင်း၌၊ မီးအနည်းငယ် ထွက်ရုံမျှနှင့် လည်း။ မီးရပြီဟုစိတ်မချရသေးဘဲ၊အားခဲကြိုးကုတ်၊ နောက်မ ဆုတ်ဘဲ။မြဲမြဲစွဲစွဲ၊ ဖဲဖဲခဲခဲပွတ်တိုက်နိုင်မှ၊အလိုရှိတိုင်း။ မီးကိုရ၍ စိတ်ချလက်ချထိုင်နေသုံးစွဲရသကဲ့သို့။ ထို့အတူ။ မည်သူမဆိုရ၊ အနမတဂ္ဂသံသရာက၊စွဲကပ်လျက်ပါလာသော။ ငါငါထင်ချက် သက္ကာယဒိဋ္ဌိအယူမှားကြီးကို တားမြစ်ဘို့ရည်သန်လျက်။ ရုပ် နာမ်ခန္ဓာတရားတို့၏သဘောလက္ခဏာကို။ ကောင်းစွာသိမြင် နိုင်စေခြင်းငှါ။ ကသျာဏ မိတ္တအစစ် ဖြစ်ကြပေသူ၊ သူတော် ကောင်းတို့ထံမှ၊နာခံသင်ကြားနှလုံးထားခြင်းဟူသော သုတမ

ယဉာဏ် ပညာကို ကောင်းစွာ အားထုတ်ခြင်း။ ထိုသုတမယ
ဉာဏ်ပညာကိုကောင်းစွာရရှိပြီးနောက်။ မပျောက်မပျက်ရစေ
ဘဲ အမြဲမပြတ်။အထင်ထပ်အခါခါ။ လေ့လာပွားများအားထုတ်
ကြံစီမှုဟူသော။ စိန္တာမယပညာကို။ ကောင်းစွာဖြစ်စေလျက်။
အဆက်ဆက်သံသရာက။ စွဲကပ်၍ပါလာသော။ သက္ကာယဒိဋ္ဌိ
တရားယုတ်ကိုပစ်ထုတ်ပယ်ခွာနိုင်သေး။ ဘာဝနာမယဉာဏ်
ပညာကိုသာ၊လွန်စွာလိုလားပွားများအားထုတ်ရမည်။ အဘယ်
ကြောင့်နည်းဟုဆိုသော်။ ပညာရှိသူတော်ကောင်းတို့ထံ၌။ နာ
ခံမှတ်သားရမှုဟူသော။သုတမယဉာဏ်ပညာသည်၊ အကြမ်းမျ
သာဖြစ်သေး၍နူးညံ့သိမ်မွေ့ခက်ခဲနက်နဲလှသော အချက်အရာ
တို့ကိုကောင်းစွာမသိမြင်နိုင်။ မထိုးထွင်းနိုင်သေး။ သုတမယ
ဉာဏ်ပညာဖြင့်။ ကောင်းစွာသိပြီးသော အရာတို့ကိုမကြာမ
ကြာ။စိတ်မှာကြံစီစဉ်းစားနိုင်ပါမှ။ စိန္တာမယဉာဏ်ပညာသည်
ကောင်းစွာထက်သန်အားရှိသည်။သို့စိန္တာမယဉာဏ်ပညာဖြင့်
ကောင်းစွာကြံစီစဉ်းစား နှလုံးထားပြီး တရားဘို့ကို၊ ပွားများ
လေ့လာမှုဟူသောဘာဝနာမယဉာဏ်ပညာသည်သာလျှင်။ယ
ထာဘူတဉာဏ်ဖြင့်။အမှန်မြင်သိရ၍။ထိထိမိမိ။ သိနိုင်မြင်နိုင်။
ထိုးထွင်းနိုင်သောကြောင့်တည်းဟုမှတ်ရမည်။ထိုကြောင့် ထေရ
ဂါထာပါဠိတော်၌။ ။

သုဿုသာသုတဝဍ္ဎနီ သုတံပညာယဝဍ္ဎနံ။
ပညာယအတ္ထံဇာနာတိ။ဉာတောအတ္ထောသုခါဝဟော၊

ဟူ၍မဟာစုန္ဒထေရ်မြတ် ဟောကြားတော်မူအပ်ပြီ။ ။အနက်
ကား။ ။သုဿုသာ၊ပညာရှိသူတော်ကောင်းတို့၏တရားကိုမှတ်
သားနာခံခြင်းသည်။သုတဝဍ္ဎနီ၊သုတမယဉာဏ်ပညာမျိုးကိုတိုး
ပွါးစေတတ်၏။သုတံ၊သုတမယဉာဏ်ပညာမျိုးသည်။ပညာယ။
စိန္တာမယဉာဏ်ပညာမျိုးကို။ဝဍ္ဎနံ၊တိုးပွါးစေတတ်၏။ပညာယ။
စိန္တာမယဉာဏ် ပညာမျိုးဖြင့်။ အတ္ထံ။ ယထာဘူတ အမှန်ကျ

သောအနက်သဘောကို၊ဇာနာတိ ဟူသော်မှန်တိုင်းသိတတ်၏။ဉာဏော။ယထာဘူတ၊ဘာဝနာမယဉာဏ်ပညာမျိုးဖြင့် ထိုးထွင်း၍သိအပ်သော။အတ္ထော။အနက်အဓိပ္ပါယ်သည်။ သုခါဝဟော။ တောင့်တရည်သန်အပ်သော။ လူနတ်နိဗ္ဗာန်သုံးတန်သော ချမ်းသာကိုရွက်ဆောင်တတ်၏။ ။ဤကားအနက်။ ။

## ၄၈။ ။ခန္ဓာငါးပါး၌အနတ္တ။အနတ္တနိယလက္ခဏာခိုင်မြဲအောင်။ဒွိကောဋိကသုညတဝိပဿနာရှုနည်းတို့ကိုပြခြင်း။

ဤခန္ဓာငါးပါးတို့၌။ နောက်ကပြခဲ့သည့်အတိုင်း။ ငါငါ့ထင်ချက်။သက္ကာယဒိဋ္ဌိအယူသည် လွန်စွာရှုးစိုက်လျက်ရှိခြင်းကြောင့် ရုပ်နာမ်တရားတို့၏လက္ခဏာကို။ အသီးအသီးတခုတခုစီ သိအောင်အားထုတ်၍။သူ့လက္ခဏာနှင့်သူ့ကိုသိပြီးမှ။ ငါမဟုတ်ကြောင်း၊ငါ့ဟာမဟုတ်ကြောင်းကို။အတတ်သိရအောင်။ဒွိကောဋိကသုညတနည်းအားဖြင့်။အစဉ်အတိုင်းဝိပဿနာရှုနိုင်လျှင်သာ၍ကောင်းသည်တခုတခုစီခွဲ၍ဝိပဿနာရှုပုံကား။ ရုပ်တို့၏မခိုင်မြဲမှုကိုအတတ်ဒိဋ္ဌကဲ့သို့မြင်အောင်ရှုပြီးမှ။ ။

ပထဝီဓာတုသုညာအတ္တေနဝါအတ္တနိယေနဝါ။ ။အာပေါဓာတုသုညာအတ္တေနဝါအတ္တနိယေနဝါ။ ။တေဇောဓာတုသုညာအတ္တေနဝါ အတ္တနိယေနဝါ၊ ။ဝါယောဓာတု သုညာအတ္တေနဝါအတ္တနိယေနဝါ။ ။စက္ခုသုညံအတ္တေနဝါအတ္တနိယေနဝါ။ ။သောတံသုညံအတ္တေနဝါအတ္တနိယေနဝါ။ ။ဃာနံသုညံအတ္တေနဝါအတ္တနိယေနဝါ၊ ။ဇိဝှါသုညာ အတ္တေနဝါအတ္တနိယေနဝါ။ ။ကာယော သုညောအတ္တေနဝါအတ္တနိယေနဝါ။ ။စသည်ဖြင့်အနိစ္စတာ ရုပ်ထိအောင်ရုပ်နှစ်ဆဲ့ရှစ်ပါးလုံးတကျော့ကိုခွာ၍ဝိပဿနာရှုလေ။ ။

ဒိဋ္ဌိသက်သက်ကိုသာခွာလိုမူ။ ။ပထဝီဓာတုအနတ္တာ၊ အာ

ပေါခေတုအနတ္တာ။ တေဇောခေတုအနတ္တာ။ ဝါယောခေတုအနတ္တာ။စက္ခုအနတ္တာ၊ သောတံအနတ္တာ။ဃာနံအနတ္တာ။ဇိဝှါအနတ္တာ။ကာယောအနတ္တာ။ ။စသည်ဖြင့် အနိစ္စတာ ရုပ်ထိအောင်ရုပ်နှစ်ဆဲ့ရှစ်ပါးဘို့ဒ္ဓဒိဋ္ဌိကိုခွာ၍ ဝိပဿနာရှုလေ။ ။ ပထဝီခေတု။နူးညံ့ခက်မာလက္ခဏာနှစ်ပါးရှိသော ပထဝီခေတ်သည်။အတ္တေနဝါ။ ငါမှုဂင်း၊ အတ္တနိယေနဝါ။ ငါပိုင်ငါ့ဟာငါ့ဥစ္စာမှုဂင်း။သညာ။သက်သက်မရှိသုံး၍။ ။စသည်ဖြင့်ရှုလေ။ ဤနည်းကိုမှီး၍။ ရုပ်နှစ်ဆဲ့ရှစ်ပါး။ ဝေဒနာသုံးဆယ်။ သညာခြောက်ပါး။ သင်္ခါရက္ခန္ဓာငါးဆယ်။ ဝိညာဏက္ခန္ဓာခြောက်ပါးတို့နှိုက်လည်း။ ဤနည်းအတိုင်းရှုလေ။ ဒိဋ္ဌိသတ်ခဏ်း။ နိဗ္ဗာန်ပေါက်လမ်း။ သံဘာရဖြတ်ခဏ်း၊ခေတ်ကမ္မဋ္ဌာန်းတို့နှိုက်။ ဤဒွိကောဋိကသုညတနည်းတို့ကိုအါးကြီးပြဆိုခဲ့ပြီဖြစ်၍။ဤဝိပဿနာကျမ်းနှိုက်။ ငါသူတပါးယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါအသက်ဝိညာဉ်ဟူ၍မရှိကြောင်း။ ငါပိုင်ငါ့ဟာငါ့ဥစ္စာဟူ၍ မရှိကြောင်းများကို။ထင်ရှားစွာသိနိုင်လောက်သော။ဒွါဒသကောဋိကသုညတနည်းကိုသာပြအံ့။

---

## ၉၄။ ။ရူပက္ခန္ဓာ၏ငါမဟုတ်ကြောင်း။ငါ့ဟာမဟုတ်ကြောင်းကိုဝိပဿနာရှုပုံ။

ရူပက္ခန္ဓော န သတ္တော။န ဇီဝေါ။န နရော။နမာဏဝေါ။ နဣတ္ထီ။နပုရိသော။နအတ္တာ။နာဟံ။နအတ္တနိယံ။နမမ။ နအညဿ။နကဿစိ။ ။အနက်ကား။ ။ရူပက္ခန္ဓော။ရုပ်နှစ်ဆဲ့ရှစ်ပါးတရားအစုသည်။နသတ္တော။ငါငါဟုထင်မှတ်သည့် သတ္တဝါမဟုတ်။နဇီဝေါ။ငါငါဟုမှတ်ထင်သည့်ဝိညာဉ်အသက်မဟုတ်။နနရော။ အမှုကိစ္စ ဟူသမျှတို့ကို တစမကျန် စီမံရွက်ဆောင်တတ်သည့်သတ္တဝါဟူသောလူမဟုတ်။ နမာဏဝေါ။ မာန်မာန

တရား၏တည်ရာသတ္တဝါမဟုတ်။နအတ္တ။နှတ်ထဲမှာအခေါ်ရှိကြ
သည့်မိန်းမဆိုတာမဟုတ်။ နပုရိသော။ နှတ်ထဲမှာခေါ်ဆိုထား
ကြသည့်ယောကျ်ားဆိုတာမဟုတ်။ နအတ္တာ။ငါငါဟု ခေါ်ဆို
သည့်ပုဂ္ဂိုလ်မဟုတ်။နာဟံ။ငါမဟုတ်။နအတ္တနိယံ၊ငါဆိုတာမရှိ
သဖြင့်ငါ၏ဥစ္စာလည်းမဟုတ်။နမမ။မိမိဆိုတာမရှိသဖြင့် မိမိ၏
ဥစ္စာလည်းမဟုတ်။ နအညဿ၊သူတပါးဟူ၍မရှိသဖြင့် သူတ
ပါး၏ဥစ္စာလည်းမဟုတ်။ နကဿစိ။ ဘယ်သူဆိုတာမှ မရှိသ
ဖြင့်။ဘယ်သူတစုံတယောက်၏ဥစ္စာမှလည်းမဟုတ်။

ဤတဆယ့်နှစ်ပုဒ်တို့တွင်၊နသတ္တောကစ၍ နာဟံအထိ ရှစ်
ပုဒ်တို့ဖြင့်။ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောကျ်ားမိန်းမအ
သက်ဝိညာဉ်ရှိ၏ဟုယူထားကြသောကြောင့် ငါဆိုတာမရှိဟု
ဒိဋ္ဌိခွါပုံကိုပြ၏။

နအတ္တနိယံစသော လေးပုဒ်တို့ဖြင့် ငါဆိုတာမရှိသဖြင့်ငါ
ပိုင်ငါ့ဟာငါ့ဥစ္စာမရှိကြောင်းနှင့်တဏှာခွါပုံကိုပြ၏။ ။

အဇ္ဈတ္တိကံ ပဒေဟိ ရူပသာအတ္တသုညတာဝဒဿိတာ။ဣတ
ရေဟိစတူဟိ တဿကိဉ္စနတာဘာဝေါ။ပ။ နအတ္တနိယန္တိ ပဒေ
နပကာသိတော ဝေဿော ပရိယာယန္တရေဟိ တီဟိဝိပဒေဟိ
ပကာသိတော။ ။ဟူသောမဟာဋီကာကိုထောက်ရှု၍ ယခု
ပြဆိုတိုင်းမှတ်။ အထူးမှတ်ရန်ကား။ ရူပံနသတ္တောအစ။နာဟံ
အထိပြအပ်သော။ရှစ်ပုဒ်လုံးပယ်ချက်နှင့်၊ ရူပံအနတ္တာဟူသော
တပုဒ်ထည်း၏ပယ်ချက်သည်။ အနက်အဓိပ္ပါယ် ထင်တူထပ်မျှ
ပင်ဖြစ်၏၊အဘယ့်ကြောင့်နည်းဟုဆိုသော်။ ။ပုဂ္ဂလောတိအတ္တာ
သတ္တောဇီဝေါ။ ။ဟူသောကထာဝတ္ထုအဋ္ဌကထာ။ ။ပု
ရိသပုဂ္ဂလောတိသတ္တော၊ ။ဝိဘင်းအဋ္ဌကထာ။ ။နဇီဝေါတိ
သတ္တော။ ။ဝိသုဒ္ဓိမဂ်။ ။သတ္တောမာဏဝေါတိဝုတ္တော။ ။
သီလက္ခန်အဋ္ဌကထာ။ ။ဇီဝေါတိပုရိသောအတ္တာထ၊ ။မာဂဓ
အဘိဓာန်စသည်တို့၌ပုဂ္ဂလ အတ္တ သတ္တ နရဇီဝပုရိသသဒ္ဒါတို့
၏အနက်တူကြောင်းနှင့်။ ၎င်းအတ္တကိုပင်ရည်၍ အဟံဆိုသည်

ဟု။ ။အဟန္တိ အတ္တာန မေဝ သန္တာယဂဏှာတိ။ ။ဟုပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ စသည့်တို့နှိုက် ပြဆိုလျက် ရှိသောကြောင့်တည်း။ ။ဤကား ဒိဋ္ဌိခွါနည်းရှစ်ပုဒ်နှိုက် မှတ်ဘွယ်တည်း။ ။

တဏှာခွါလေးပုဒ်နှိုက်ကား။နအတ္တနိယံ။ နမမ ဟူသောနှစ်ပုဒ်ဖြင့်။ ဤရုပ်နှစ်ဆဲ့ရှစ်ပါးတရားအစုသည်။ ငါပိုင်ငါ့ဟာငါ့ဥစ္စာဟူသောမိမိ၏ဥစ္စာမဟုတ်ကြောင်းကိုပြသည်။ ။

နအညဿပုဒ်ဖြင့် မိမိဥစ္စာမဟုတ်လျှင် သူတပါးဥစ္စာဖြစ်လေသလောဟု တွေးတောယုံမှားစရာရှိပြန်သောကြောင့်။ မိမိဥစ္စာလည်းမဟုတ်။ သူတပါးဥစ္စာလည်း မဟုတ်ကြောင်းကိုပြသည်။ ။

နကဿစိပုဒ်ဖြင့်၊ ငါ့ဥစ္စာလည်းမဟုတ်။ မင့်ဥစ္စာလည်းမဟုတ်ခဲ့မူ။ဘယ်သူ့ဥစ္စာလဲဟုမေးရန်တွေးတော ယုံမှားရန်ရှိနေပြန်၍။ ငါ့ဥစ္စာလည်းမဟုတ်။ မင့်ဥစ္စာလည်းမဟုတ်။ ဘယ်သူဥစ္စာမျှလည်းမဟုတ်။ လူသူမနီးသည့် တောကြီးမျိုင် ဂန္ဓဝိတ်ပေါင်းမှာရှိကြသည့် သစ်ရွက်စိမ်းသစ်ရွက်ခြောက် မျက်မှိုက်ကျောက်ခဲတွေသည့်မိမိတို့နှင့်။ အစပ်အနွယ်အနည်းငယ်ကလေးမျှ မရှိသကဲ့သို့ရင်း။ ပိုင်သူဆိုင်သူ အရှင်သခင် ဟူ၍မြူလောက်မျှ မရှိသကဲ့သို့ရင်း။ ဝါ။ မရှိကြောင်းကို ကောင်းကောင်းကြီးသိကြမြင်ကြ သဘောကျကြသကဲ့သို့ရင်း။ ထိုအတူဤရုပ်နှစ်ဆဲ့ရှစ်ပါးတရားအစုသည်လည်း ဆိုင်သူပိုင်သူ အရှင်ဟူ၍မြူလောက်မျှမရှိချေ၍။ငါ့ဟာ သူ့ဟာဘယ်သူ့ဟာဟူ၍။ထင်မှုမြင်မှုစွဲလမ်းပြောဆိုမှုတို့သည်။ သက်သက်မိစ္ဆာသာတည်းဟုမြင်ရမည်ဆိုလိုသည်။ ။နောက်ခန္ဓာ လေးပါးတို့နှိုက်လည်းဤနည်းအတိုင်းပင်မှတ်လေ။ ။

## ၁၀၀။ ။ဝေဒနက္ခန္ဓာ၏ငါမဟုတ်၊ငါ့ဟာမဟုတ် ကြောင်းကိုဝိပဿနာရှုပုံ။

ဝေဒနက္ခန္ဓော န သတ္တော။န ဇီဝေါ။န နရော။န မာဏဝေါ။ နဣတ္ထီ။ န ပုရိသော။ န အတ္တာ။ နအဟံ။န အတ္တနိယံ။န မမ။ နအညဿ။နကဿစိ။ ။အနက်ကား။ ။ဝေဒနက္ခန္ဓော။အာရုံအရသာကိုသာယာခံစားတတ်သောဝေဒနာငါးပါးတရားအစုသည်။နသတ္တော။ ငါငါထင်မှတ်သည့် သတ္တဝါမဟုတ်။နဇီဝေါ။ငါငါဟုမှတ်ထင်သည့် ဝိညာဉ်အသက်မဟုတ်။ နနရော။ အမှုကိစ္စဟူသမျှတို့ကို၊ တစမကျန် စီမံရွက်ဆောင်တတ်သည့် သတ္တဝါဆိုသော လူမဟုတ်။ နမာဏဝေါ။ မာန်မာနတရား၏ တည်ရာသတ္တဝါမဟုတ်။ နဣတ္ထီ။ နှုတ်ထဲမှာသာအခေါ် ရှိကြသည့် မိန်းမဆိုတာမဟုတ်၊နပုရိသော။ နှုတ်ထဲမှာသာ။ခေါ်ဆိုထားကြသည့်ယောက်ျားဆိုတာမဟုတ်။နအတ္တာ။ ငါငါဟုခေါ်ဆိုသည့်ပုဂ္ဂိုလ်မဟုတ်။နအဟံ၊ငါမဟုတ်။နအတ္တနိယံ။ငါဆိုတာမရှိသဖြင့်။ငါ၏ဥစ္စာလည်းမဟုတ်။ နမမ။ မိမိဆိုတာမရှိသဖြင့် မိမိ၏ဥစ္စာလည်းမဟုတ်။ နအညဿ။ သူတပါးဟူ၍မရှိသဖြင့် သူတပါး၏ဥစ္စာလည်းမဟုတ်။နကဿစိ။ ဘယ်သူဆိုတာမှမရှိသဖြင့်ဘယ်သူတစုံတယောက်၏ဥစ္စာမျှလည်းမဟုတ်။

ဝေဒနက္ခန္ဓာပြီး၏။

## ၁၀၁။ ။သညာက္ခန္ဓာ၏ငါမဟုတ်ငါ့ဟာမဟုတ်ကြောင်းကို ဝိပဿနာရှုပုံ။

သညာက္ခန္ဓော န သတ္တော။ န ဇီဝေါ။န နရော။န မာဏဝေါ။ န ဣတ္ထီ။န ပုရိသော။န အတ္တာ။ န အဟံ။န အတ္တနိယံ။န မမ။န အညဿ။နကဿစိ။ ။အနက်ကား။ ။သညာက္ခန္ဓော။ မှတ်ကြို

လာသောအာရုံများကိုမှတ်သားတတ်သည့် သညာခေါ်ယ်ပါး တရားအစုသည်၊နသတ္တော၊ ငါငါဟင်မှတ်သည့်သတ္တဝါမဟုတ်။ နဇီဝေါ၊ ငါငါဟုမှတ်ထင်သည့်၊ ဝိညာဉ်အသက်မဟုတ်။ နနရော၊ အမှုကိစ္စဟူသမျှတို့ကို တစမကျန် စီမံရွက်ဆောင်တတ်သည့်သတ္တဝါဟူသောလူမဟုတ်။နမာဏဝေါ၊ မာန်မာနတရား၏တည်ရာသတ္တဝါမဟုတ်။ နဇန္တု၊ နှုတ်ထဲမှာသာခေါ်ဆိုလျက်ရှိကြသည့် မိန်းမဆိုတာမဟုတ်။ နပုရိသော၊ နှုတ်ထဲမှာသာခေါ်ဆိုထားကြသည့်ယောကျ်ားဆိုတာမဟုတ်။ နအတ္တာ၊ ငါငါဟုခေါ်ဆိုသည့်ပုဂ္ဂိုလ်မဟုတ်’နအဟံ၊ ငါမဟုတ်။နအတ္တနိယံ၊ ငါဆိုတာမရှိသဖြင့်၊ ငါ၏ဥစ္စာလည်းမဟုတ်။ နမမ၊ မိမိဆိုတာမရှိသဖြင့်မိမိ၏ဥစ္စာလည်းမဟုတ်။ နအညဿ၊ သူတပါးဆိုတာမရှိသဖြင့် သူတပါး၏ ဥစ္စာလည်းမဟုတ်။ နကဿစိ၊ သယ်သူဆိုတာမှ မရှိသဖြင့် ဘယ်သူ တစုံတ ယောက်၏ဥစ္စာမျှလည်းမဟုတ်။

## သညာက္ခန္ဓာပြီး၏။

### ၁၀၂။ ။သင်္ခါရက္ခန္ဓာ၏ငါမဟုတ်ငါ့ဟာမဟုတ်ကြောင်းကိုဝိပဿနာရှုပုံ။

သင်္ခါရက္ခန္ဓော နသတ္တော၊ နဇီဝေါ၊န နရော၊န မာဏဝေါ နဇန္တု၊ နပုရိသော၊ န အတ္တာ၊နအဟံ၊ နအတ္တနိယံ ၊နမမ၊ နအညဿ၊ န ကဿစိ၊ ။အနက်ကား၊ သင်္ခါရက္ခန္ဓော၊ ကောင်းမကောင်းဖြစ်ရန်ကို စီမံပြုပြင်တတ်သော၊သင်္ခါရက္ခန္ဓာဟူသောစေတသိက်ငါးဆယ်သည်၊နသတ္တော၊ ငါငါဟုထင်မှတ်သည့်သတ္တဝါမဟုတ်။နဇီဝေါ၊ ငါငါဟုမှတ်ထင်သည့် ဝိညာဉ်အသက်မဟုတ်။နနရော၊ အမှုကိစ္စဟူသမျှတို့ကို တစမကျန် စီမံရွက်ဆောင်တတ်သည့် သတ္တဝါဟူသောလူမဟုတ်။နမာဏ

ဝေါ။မာန်မာနတရား၏တည်ရာ သတ္တဝါမဟုတ်။ နဣတ္ထီ။နှုတ်ထဲမှာသာအခေါ်ရှိကြသည့်မိန်းမဆိုတာမဟုတ်။နပုရိသော။နှုတ်ထဲမှာသာ၊ ခေါ်ဆိုထားကြသည့်။ ယောကျ်ားဆိုတာမဟုတ်။ နအတ္တာ။ ငါငါဟုခေါ်ဆိုကြသည့်။ပုဂ္ဂိုလ်မဟုတ်။ နာဟံ။ငါမဟုတ်၊နအတ္တနိယံ။ငါ့ဆိုတာမရှိသဖြင့် ငါ၏ဥစ္စာလည်းမဟုတ်။ နမမ။မိမိဆိုတာမရှိသဖြင့် မိမိဥစ္စာလည်းမဟုတ်။ နအညဿ၊ သူတပါး ဆိုတာမရှိသဖြင့်၊ သူတပါး ဥစ္စာလည်းမဟုတ်။ နကဿစိ။ ဘယ်သူဆိုတာမှမရှိသဖြင့် ဘယ်သူတစုံတယောက်၏ဥစ္စာမျှလည်းမဟုတ်။ ။

## သင်္ခါရက္ခန္ဓာပြီး၏။

---

## ၁၀၃။ ။ဝိညာဏက္ခန္ဓာ၏ငါမဟုတ်၊ငါ့ဟာ မဟုတ်ကြောင်းကိုဝိပဿနာရှုပုံ။

ဝိညာဏက္ခန္ဓော နသတ္တော။ နဇီဝေါ။နနရော။ နမာဏဝေါ။ နဣတ္ထီ။နပုရိသော။နအတ္တာ။နာဟံ။နအတ္တနိယံ။နမမ။ နအညဿ။ နကဿစိ၊ ။အနက်ကား။ ၊ဝိညာဏက္ခန္ဓော။ အာရုံခြောက်ပါးကိုသိတတ်သော ဝိညာဏ်ခြောက်ပါး တရားအစုသည်။နသတ္တော။ငါငါဟုထင်မှတ်သည့်သတ္တဝါမဟုတ်။နဇီဝေါ။ငါငါဟုမှတ်ထင်သည့်။ ဝိညာဉ်အသက်မဟုတ်။နနရော။ အမှုကိစ္စ။ ဟူသမျှတို့ကို၊ တစမကျန်။ စီမံပြုပြင်တတ်သည့် သတ္တဝါဟူသောလူမဟုတ်၊နမာဏဝေါ။မာန်မာနတရား၏တည်ရာသတ္တဝါမဟုတ်။နဣတ္ထီ။နှုတ်ထဲမှာသာအခေါ်ရှိကြသည့် မိန်းမဆိုတာမဟုတ်။နပုရိသော။ နှုတ်ထဲမှာသာခေါ်ဆိုထားကြသည့်ယောကျ်ားဆိုတာမဟုတ်။နအတ္တာ။ ငါငါဟုခေါ်ဆိုကြသည့် ပုဂ္ဂိုလ်မဟုတ်။နာဟံ။ငါမဟုတ်။နအတ္တနိယံ။ငါ့ဆိုတာမရှိသဖြင့်ငါ၏ဥစ္စာလည်းမဟုတ်။နမမ၊မိမိဆိုတာမရှိသဖြင့် မိမိ၏ဥစ္စာလည်းမဟုတ်။

နအညသသာ၊သူတပါးဆိုတာမရှိသဖြင့်။ သူတပါး၏ဥစ္စာလည်းမဟုတ်။နကာသသစ်။ ဘယ်သူဆိုတာမှမရှိသဖြင့် ဘယ်သူတရုံတယောက်၏ဥစ္စာမျှလည်းမဟုတ်။ ။

ဝိညာဏက္ခန္ဓာပြီး၏။

ဤသို့အားဖြင့်ခန္ဓာငါးပါးတို့၌ အသီးအသီးတခုတခုစီငါငါထင်ချက်သက္ကာယဒိဋ္ဌိနှင့်၊ ငါ၏ဥစ္စာဟု။ သာယာကပ်ငြိတတ်သော။တဏှာကိုနာနာကြဉ်ကြဉ်။အထပ်ထပ်အခါခါ။ နှနာနိုင်နင်းအောင်၊ဖြိုခွင်းသတ်ဖြတ်ပြီးခါ။မျက်နှာရိပ်သည်။ကြည်ကြည်လင်လင်။ ထင်မြင်စေခြင်းငှာ။ ကြေးမုံမှန်ပြားကို။ ပွတ်တိုက်သောယောကျ်ား။ရေနောက်ကိုကြည်စေလို၍။ ရေကြည်စေ့ကိုသွေးခါသွေးခါရေအိုး၌ ခတ်သောယောကျ်ား။ ရေနွေးတ္တဖြင့်ဆွတ်ခါဖြန်းခါ ဆီပွတ်သော ယောကျ်ား။မီးကိုအလိုရှိ၍။ မီးပွတ်သော ယောကျ်ားစသည့်တို့ကဲ့သို့။ အထပ်ထပ် အဖန်ဖန်။လေ့လာပွားများလျက်။ကြက်ပြီးသည့်ကိုထပ်၍ကြိ။ မြဲပြီးသည့်ကိုထပ်၍တွန်းသကဲ့သို့။ထုံထုံဘင။အနေမတာဂ္ဂသံသရာက၊ တခါတည်းစွဲကပ်၍ပါလာသောသက္ကာယဒိဋ္ဌိအယုတ်တရားကို၊မဆိုထားဘိ။လောကသမုတိပညတ်ဖြစ်ကြသော သတ္တ။ပုဂ္ဂလ။အတ္တ။ဇီဝ။အုတ္တိ။ပုရိသ၊စသောသညာကိုပင်သော်လည်း။ နည်းသည်ထက်နည်းစေရန်။ ခန္ဓာငါးပါး လုံးကို။ ပေါင်းရုံး ဖွဲ့စည်းလျက်တခါတည်းဝိပဿနထပ်ရှုရမည်။ ။

---

၁၀၄။ ။ခန္ဓာငါးပါးလုံး၏ငါမဟုတ်။ငါ့ဟာမဟုတ်ကြောင်းကိုဝိပဿနာရှုပုံ။

ပဥ္စခန္ဓာ န သတ္တော။ န ဇီဝေါ။န နရော။န မာဏဝေါ။နဇုတ္တိ။ န ပုရိသော။န အတ္တာ။နာဟံ။န အတ္တနိယံ။န မမ။န အညဿ။ န

ကဿစိ။ ။အနက်ကား။ ။ပဉ္စက္ခန္ဓာ။ခန္ဓာငါးပါး။ ရုပ်နာမ်
တရားတို့သည်။ နသတ္တော။ ငါငါထင်မှတ်အပ်သည့်သတ္တဝါမ
ဟုတ်။နဇီဝေါ။ငါငါဟုထင်ကြသည့်။ ဇီဝဉ်အသက်မဟုတ်။
နနရော။လူမဟုတ်။နမာဏဝေါ။သတ္တဝါမဟုတ်။နဣတ္ထီ။ မိန်းမမ
ဟုတ်။နပုရိသော။ယောကျ်ားမဟုတ်၊ နအတ္တာ။ပုဂ္ဂိုလ်မဟုတ်။
နအဟံ။ငါမဟုတ်။နအတ္တနိယံ။ငါ၏ဥစ္စာလည်းမဟုတ်။ နမမ။မိမိ
ဥစ္စာလည်းမဟုတ်။ နအညဿ။ သူတပါး၏ဥစ္စာလည်း မဟုတ်
နကဿစိ။ဘယ်သူ့ဥစ္စာမှမဟုတ်။ ။

---

## ၁၀၅။ ။ခန္ဓာငါးပါးလုံး၌လက္ခဏာယဉ်တင်၍ ဒိဋ္ဌိတဏှာကိုခွါပုံ။

ခန္ဓာနိစ္စာ ခယဋ္ဌေန၊ ဘယဋ္ဌေနစ ဒုက္ခာတေ။
အနတ္တာသာရကဋ္ဌေန၊ နတ္တနိယာစ တေဓမ္မာ။ ။

ခန္ဓာ။ခန္ဓာငါးပါး။ရုပ်တရားနာမ်တရားတို့သည်။ ခယဋ္ဌေန။ ဖြစ်ပြီးသည့်နောက်။ချက်ချင်းပင် ကုန်တတ်ပျောက်တတ်သော အနက်သဘောကြောင့်။အနိစ္စာ။ ခိုင်မြဲခြင်းမရှိကြလေကုန်။တေစ။ထိုခန္ဓာငါးပါးရုပ်တရားနာမ်တရားတို့သည်လည်း။ ဘယဋ္ဌေန။ဖြစ်ပြီးသည့်နောက်။ချက်ချင်းပျောက်ကြသည့်အတွက်။ကြောက်မက်ဘွယ်ကောင်းသောအနက်သဘောကြောင့်။ ဒုက္ခာ။ဆင်းရဲအတိသာဖြစ်ကြလေကုန်၏။ တေ။ထိုခန္ဓာငါးပါးရုပ်တရားနာမ်တရားတို့သည်။အသာရကဋ္ဌေန။ဖြစ်ပြီးသည့်နောက်။ ချက်ချင်းပင်ချုပ်ပျောက်ကြသည်ဖြစ်၍။အနှစ်ပမာ။ခိုင်မြဲတာရှည်။ ဘါတခုမျှ ဗိဘ်မရသောအနက်သဘောကြောင့်။ အနတ္တာ။ခိုင်မြဲ၏ထင်စရာ။ ငါဆိုဘွယ်သည်။ဘာတခုမျှမရမရှိလေကုန်။တေဓမ္မာ။ ထိုခန္ဓာငါးပါးရုပ်တရားနာမ်တရားတို့သည်။ နအတ္တနိယာစ။ငါမရှိသဖြင့်။ငါ၏ဥစ္စာလည်းမဟုတ်ကြလေကုန်။ ။

၅ါဂါထာပါဠိ အနက်ကား။ ယဒနိဋ္ဌံတံ ဒုက္ခံ။ ယံဒုက္ခံတာဒ နတ္တာ။ဟူသောပါဠိတော်။ ။အတ္တနိဘိကြွေဝေသတိအတ္တနိယံတိ အသာတိ။ဝေဝံဘင်္ဂေ၊ စသောပါဠိတော်နှင့်အညီ။ အနတ္တယော ဇနာပြုသည့်အတွက်။ အရနုတ်တက် ဆောင်ရွက်လေ့လာ။ထပ် ခါမနာ။ပွါးများအားထုတ်ရန်အလွန်ကောင်းသည်။

---

## ၁၀၆။ ။သခ်ါရက္ခန္ဓာငါးဆယ်၌ဝိပဿနာရှုပုံကိုပြခြင်း။

၅ါခန္ဓာငါးပါးတို့တွင်သခ်ါ ရက္ခန္ဓာဟူသော စေတသိက်ငါး ဆယ်တို့မှာ ငါငါဟုထင်ချက် သက္ကာယဒိဋ္ဌိ အယူသည်။လွန် စွာစူးစိုက်၍ နေခြင်းကြောင့်။ ၅ါစေတသိက်ငါးဆယ်တို့ကိုနား လည်းအောင်ဆောင်ရွက် နုတ်တက်လေ့လာ၍။သူ့နေရာနှင့်သူ့ ကို။အချက်ကျအောင်။ ဝိပဿနာရှုတတ်ပါမူဆူးစူးသောနေရာ ကိုသေချာစွာသိအောင်လုပ်၍ထွင်နုတ်သည်နှင့်တူခြင်းကြောင့်၊ မြန်မြန်ကြီးဒိဋ္ဌိကွာရန်။ ဒိဋ္ဌိကိုခွါနိုင်ရန် ခရီးနီးသည် အတွက်အ ဖြွက်မျှပြလိုက်ဦးအံ့။

(၁) ငါတွေ့သည်ထင်သောအခါ။ ။ဖဿောအနတ္တာ။ ။ဖဿော။အာရုံကိုတွေ့တတ်သော ဖဿတရားသည်။အနတ္တာ။ ငါမဟုတ်ငါမတွေ့၊ဖဿတရားသာတွေ့သည်။တွေ့တတ်သော ငါဟူ၍မရှိ။

(၄) ငါတိုက်တွန်းသည်ထင်သောအခါ။ ။စေတနာအနတ္တာ။ ။ စေတနာ။အတူဖြစ်ဖေါ်တရားတို့၌ တိုက်တွန်းတတ်သောစေတ နာတရားသည်။အနတ္တာ၊ငါမဟုတ်။ ။ငါမတိုက်တွန်း။ငါမနှိုး ဆော်။ စေတနာတရား သာတိုက်တွန်း နှိုးဆော် တတ်သည်။ တိုက်တွန်းတတ်။နှိုးဆော်တတ်သောငါဟူ၍မရှိ။

(၅) ငါတည်ကြည်သည်။ငါငြိမ်သက်သည်ထင်သောအခါ၊ ။ ဧကဂ္ဂတာအနတ္တာ၊ ။ဧကဂ္ဂတာ၊ တည်ကြည်ငြိမ်သက်တတ် သောဧကဂ္ဂတာတရားသည်။အနတ္တာ၊ငါမဟုတ်။ ။ငါမတည်

ကြည်။ ငါမငြိမ်သက်၊ ဧကဂ္ဂတာဘာရေးသာ တည်ကြည်ငြိမ်သက်တတ်သည်။ တည်ကြည်၊ ငြိမ်သက် တတ်သော ငါဟူ၍ မရှိ။

(၄) ငါအသက်ရှင်သည်ထင်သောအခါ။ ။ဇီဝိတ်န္ဒြိယံ အနတ္တာ။ ။ဇီဝိတ်န္ဒြိယံ၊နာမ်တရားတို့ကို ရှင်စေတတ်သောဇီဝိတိန္ဒြေတရားသည်၊ အနတ္တာ၊ငါမဟုတ်။ ။ငါအသက်မရှင်။ဇီဝိတိန္ဒြေတရားသာ အသက် ရှင်တတ်သည်။ အသက် ရှင်တတ်သောငါဟူ၍မရှိ။

ဤစေတသိက်၌သတ်ပြုရန်မှာ။ အနတ္တပုဒ်မှာရှိသည်အတ္တဇီဝဟူသောအသက်ဝိညာဉ်နှင့်ရုပ်ဇီဝိတိန္ဒြေ၊ နာမ်ဇီဝိတိန္ဒြေနှစ်ပါးတို့ကို အသက်ခြင်း တူရုံမျှနှင့် မယောင်မှားအပ်။ အဘယ်ကြောင့်နည်းဟူဆိုသော်သက္ကာယဒိဋ္ဌိအယူရှိကြသောသူတို့၏ ငါငါဟု ထင်မှတ်သည့် အတ္တဇီဝဟူသော ဝိညာဉ်အသက်မှာ မြင်ခြင်း ကြားခြင်း နမ်းရှူစားသောက် တွေ့ထိကိုင်တွယ်ခြင်း သွားလာခြင်း စသော ကာရကသတ္တိ၊ အာရုံကိုသိခြင်း ခံစားခြင်းဟူသော ဝေဒကသတ္တိ၊ ဤကိုယ်ကြီး တခုလုံးမှာဥပါဒ်ဋ္ဌီဘင်မရှိဘဲ အမြဲ ႏုပ်စိုးလျက် အမှုကိစ္စရှိသမျှတို့ကို တစမကျန်စီမံပြုပြင်၍နေနိုင်မှုဟူသောသ ယံဝသီသတ္တိ၊အဓိဋ္ဌါယကသတ္တိ ကာမကာရိယသတ္တိရှိသည်။ဤရုပ်ဇီဝိတိန္ဒြေ၊နာမ်ဇီဝိတိန္ဒြေဟူသောအသက်တို့သည်မှုကား ကြာကိုစောင့်၊ဇီဝိတိန္ဒြေဟူသည်နှင့်အညီ၊ ကြာရိုးထဲ၌ တည်နေသော ရေသည်။မိမိရှိခိုက်အခါမှာကြာပင်ကိုမပုပ်မသိုး၊မညှိုး မ နွမ်းရုံသာစောင့်ရှောက်နိုင်သည်။ ကြာပင်ကိုလှုပ်ရှားခြင်းစသည် ဖြစ်အောင်မတတ်နိုင်သကဲ့သို့။ ထိုအတူ၊ ဤဇီဝိတိန္ဒြေ တရားတို့သည်လည်း။ ဤခန္ဓာကိုယ်ကို မိမိတို့ဥပါဒ်၊ဋ္ဌီ၊ဘင်စေ့၍။ မချုပ်မီအခါ။တည်ရှိဆဲအခါမှာသာ လျှင်။မပုပ်မသိုး၊ မညှိုးမနွမ်းရုံသာ စောင့်ရှောက်နိုင်သည်။မြင်ခြင်း။ကြားခြင်း၊ သွားခြင်း၊လာခြင်း၊ သိခြင်း၊ခံစားခြင်း၊စေခိုင်းတိုက်တွန်းခြင်းစသော သတ္တိဟူ၍ မရှိသည်လည်းတကြောင်း။

ဌင်းပရမတ်ဇီဝိတိန္ဒြေတို့မှာ။ ဥပါဒ်၊ဌီဘင်ဟူ၍ရှိသည်လည်းတကြောင်း။ ထိုအကြောင်းများကို ထောက်ဆ၍ အဏ္ဏဇီဝနှင့်မယောင်မှားအံပ်ဟုလိုသည်။ ၊ဤကားအမှာစကားချပ်တည်း။

(၇) ငါနှလုံးသွင်းသည် ထင်သောအခါ၊ ။မနသိကာရောအနတ္တာ။ ။မနသိကာရော၊ အာရုံကို နှလုံး၌ထည့်သွင်းတတ်သောမနသိကာရတရားသည်။အနတ္တာ၊ငါမဟုတ်၊ ။ငါနှလုံးမသွင်း။မနသိကာရတရားသာ နှလုံးသွင်းတတ်သည်။နှလုံးသွင်းတတ်သောငါဟူ၍မရှိ။

သဗ္ဗစိတ္တသာဓာရဏစေတသိက်ပြီး၏။

---

(၁) ငါထူးထူးထွေထွေကြံသည် ထင်သောအခါ။ ။

ဝိတက္ကောအနတ္တာ။ ။ဝိတက္ကော။ ထူးလည်ထွေလာ၊အာရုံကိုကြံတတ်သော ဝိတက်တရားသည်။ အနတ္တာ။ငါမဟုတ်။ ။

ဇမိပ္ပါယ်ကိုမဆိုပြီ၊နောက်ကိုလည်းရှေ့အတိုင်းပင်ဆိုလေ။

(၂) ငါအာရုံ၌ တရစ်ဝဲဝဲနေသည် ထင်သောအခါ။ ။ဝိစာရောအနတ္တာ။ ။ဝိစာရော၊အာရုံထဲ၌တရစ်ဝဲဝဲကြံနေတတ်သောဝိစာရတရားသည်။အနတ္တာ၊ငါမဟုတ်။

(၃) ငါဆုံးဖြတ်နိုင်သည် ထင်သောအခါ၊ ။အဓိမောက္ခောအနတ္တာ။ ။အဓိမောက္ခော၊အာရုံကိုဆုံးဖြတ်တတ်သောအဓိမောက္ခတရားသည်။အနတ္တာ၊ငါမဟုတ်။

(၄) ငါအားထုတ်သည် ထင်သော အခါ။ ။ဝီရိယံအနတ္တာ။ ။ဝီရိယံ၊ အာရုံ၌အားထုတ်တတ်သောဝီရိယတရားသည်။အနတ္တာ၊ငါမဟုတ်။

(၅) ငါနှစ်သက်သည် ထင်သောအခါ။ ။ပီတိအနတ္တာ။ ပီတိ။ အာရုံကိုနှစ်သက်တတ်သော ပီတိတရားသည်၊အနတ္တာ။ ငါမဟုတ်၊

(၆) ငါအလိုရှိသည်။ ငါသွားချင်သည်စသည်ဖြင့် ထင်

သောအခါ။ ။ဆန္ဒောအနုတ္တာ၊ ။ဆန္ဒော။အာရုံကိုအလိုရှိတတ်သောဆန္ဒတရားသည်။အနုတ္တာ၊ငါမဟုတ်။

## ပကိဏ်းစေတသိက်ခြောက်ချင်း၏။

(၁) ငါမိုက်သည်ထင်သောအခါ။ ။မောဟောအနုတ္တာ။ ။မောဟော၊ မိုက်မဲ တွေဝေ တတ်သော မောဟ တရားသည်၊ အနုတ္တာ-ငါမဟုတ်။

(၂) ငါ မရှက်ဘူး ထင် သော အခါ။ ။အဟိရိကံ အနုတ္တာ။ ။အဟိရိကံ၊အပါယ်လားကြောင်း၊မကောင်းမှု၌၊မရှက်တတ်သည့်အဟိရိကတရားသည်။အနုတ္တာ။ငါမဟုတ်၊

(၃) ငါမကြောက်ဘူး၊မလန့်မထိပ်ဘူးထင်သောအခါ။ ။အနောတ္တပ္ပံအနုတ္တာ။ ။အနောတ္တပ္ပံ။ အပါယ်လားကြောင်းမကောင်းမှု၌ မထိပ်မလန့်တတ်သည့်။ အနောတ္တပ္ပတရားသည်။ အနုတ္တာ။ငါမဟုတ်၊

(၄) ငါစိတ်ပျံ့လွင့်တုံလှုပ်သည်။ဂရောက်ဂရက်ရှိသည် ထင်သော အခါ၊ ။ဥဒ္ဓစ္စံ အနုတ္တာ။ ။ဥဒ္ဓစ္စံ၊ ပျံ့လွင့် တုံလှုပ်တတ်သောဥဒ္ဓစ္စတရားသည်။အနုတ္တာ။ငါမဟုတ်။

(၅) ငါချစ်ခင် စုံမက်။ နှစ်သက် တွယ်တာသည် ထင်သောအခါ။ ။လောဘော အနုတ္တာ။ ။လောဘော။အာရုံ၌တွယ်တာစုံမက်။နှစ်သက်မက်မောတတ်သော လောဘတရားသည်။အနုတ္တာ။ငါမဟုတ်။

(၆) ငါမှားသည် ထင်သောအခါ။ ။ဒိဋ္ဌိအနုတ္တာ။ ။ဒိဋ္ဌိ၊ အာရုံကို အမြင်မှားတတ်သော ဒိဋ္ဌိတရားသည်။ အနုတ္တာ။ ငါမဟုတ်။

(၇) ငါမော်သည်၊ ငါကြွားသည်၊ ငါမောက် သည်ထင်သောအခါ၊ ။မာနောအနုတ္တာ။ ။မာနော။တက်ကြွထောင်လွှား

မော်ကြွားမောက်မိတတ်သောမာနတရားသည်။ အနုဿာ။ ငါ
မဟုတ်။

(၈) ငါစိတ်ဆိုးသည့်ထင်သောအခါ။ ။ဒေါသော
အနုဿာ။ ။ဒေါသော၊အာရုံ၌ပြစ်မှားတတ်သောဒေါသတရား
သည်။အနုဿာ၊ငါမဟုတ်။

(၉) ငါငြူစူးစောင်းမြောင်းသည်။ ငါမနာလိုဘူး ထင်
သောအခါ။ ။ဣဿာအနုဿာ၊ ။ဣဿာ၊မနာလိုတတ်၊ငြူစူ
စောင်းမြောင်း တတ်သော ဣဿာတရားသည်။ အနုဿာ။ ငါ
မဟုတ်။

(၁၀) ငါနှမြောသည်။စစ်စီသည်ထင်သောအခါ။ ။
မစ္ဆရိယံအနုဿာ။ ။မစ္ဆရိယံ။ နှမြောတတ်။ စစ်စီတတ်။စေးနဲ
တတ်သောမစ္ဆရိယတရားသည်။အနုဿာ။ငါမဟုတ်။

(၁၁) ငါစိတ်ပူသည်၊ ငါဒိတ်ငြစ်သည်။ငါနှလုံးမသာဖြစ်
သည်ထင်သောအခါ၊ ။ကုက္ကုစ္စံအနုဿာ၊ ။ကုက္ကုစ္စံ၊နောင်
တတဖန်။ပူပန်စိတ်ငြစ်တတ်သောကုက္ကုစ္စတရားသည်၊အနုဿာ
ငါမဟုတ်။

(၁၂-၁၃) ငါအိပ်ခြင်သည်။ ငိုက်မြည်းသည်။ ငါပျင်း
ရိသည့်ထင်သောအခါ။ ။ထိနမိဒ္ဓံအနုဿာ။ ။ထိနမိဒ္ဓံ၊ထိုင်း
မှိုင်းငိုက်မြည်းတတ်သော ထိနမိဒ္ဓတရားသည်။ အနုဿာ။ ငါ
မဟုတ်၊

(၁၄) ငါတွေးတောသည်။ ငါယုံမှားသည်။ ငါအသေအ
ချာမသိထင်သောအခါ။ ။ဝိစိကိစ္ဆာအနုဿာ။ ။ဝိစိကိစ္ဆာ၊သို့
လေးသို့လော။တွေးတောယုံမှားတတ်သော ဝိစိကိစ္ဆာတရား
သည်၊အနုဿာ၊ငါမဟုတ်၊

အကုသိုလ်စေတသိက်တဆဲ့လေးချပြီး၏။

(၁) ရတနာသုံးပါးတို့၌ ငါကြည်ညိုသည်ထင်သော အခါ၊ ။သဒ္ဓါအနုဿာ။ ။သဒ္ဓါ၊ရတနာသုံးတန်။ကံ၊ကံ၏အကျိုးတို့၌မြဲဘ်နိုးယုံကြည်တတ်သောသဒ္ဓါတရားသည်။ အနုဿာ။ ငါမဟုတ်။ ။ငါမကြည်ညို။သဒ္ဓါတရားကသာကြည်ညိုသည်။ကြည်ညိုတတ်သောငါဟူ၍မရှိ။ ။နောက်ကိုလည်း ဤအတိုင်းဆိုလေ။ ။

(၂) ကုသိုလ်ကောင်းမှုတို့၌။ ငါမမေ့ပါ၊ ငါသတိရပါသည်ထင်သောအခါ။ ။သတိအနုဿာ။ ။သတိ။ကောင်းမြတ်သောအာရုံတို့၌မမေ့တတ်။ အမှတ်ရတတ်သော သတိတရားသည်။အနုဿာ။ငါမဟုတ်။

(၃) ငါမကောင်းမှုကိုရှက်တတ်သည်ထင်သောအခါ။ ။ဟိရိအနုဿာ။ ။ဟိရိ။မကောင်းမှုတို့၌ရှက်တတ်သောဟိရိ တရားသည်။အနုဿာ ငါမဟုတ်။

(၄) ငါမကောင်းမှုကို ကြောက်လန့်သည်ထင်သော အခါ။ ။ဩတ္တပ္ပအနုဿာ။ ။ဩတ္တပ္ပ၊ မကောင်းမှုကိုပြုခြင်း၌အပါယ်ဘေးကို ထိပ်လန့် တတ်သော ဩတ္တပ္ပ တရားသည်။ အနုဿာ။ငါမဟုတ်။

(၅) ငါမလိုချင်။ငါမမက်မော။ ငါမကပ်ငြိပါထင်သောအခါ။ ။အလောဘအနုဿာ။ ။အလောဘ။အာရုံ၌မကပ်ငြိတတ်။မမက်မောတတ်သောအလောဘတရားသည်။အနုဿာ ငါမဟုတ်။

(၆) ငါမမုန်းပါ၊ ငါမိတ်မဆိုးပါ၊ ငါချစ်ခင်ပါသည်ထင်သောအခါ။ ။အဒေါသအနုဿာ၊ ။အဒေါသ။မပြစ်မှားတတ်။ ချစ်ခင်တတ်သော အဒေါသတရားသည်။ အနုဿာ။ငါမဟုတ်။

(၇) ငါထိုထိုအမှုတို့၌ဂရုမစိုက်ပါ။အမှတ်တမဲ့သါနေပါသည်ထင်သောအခါ၊ ။တတြမဇ္ဈတ္တတာအနုဿာ။ ။တတြမဇ္ဈတ္တတာ။ထိုထိုအမှုကိစ္စတို့၌ကြောင့်ကြမပြု။ဂရုမစိုက်တတ်

ဘဲ။အမှတ်တမဲ့သါနေတတ်သေါ်တကြမ္မဌ္ဌာတာတရားသည်။ အနုတ္တာ ငါမဟုတ်။

(၈-၉) ငါကိုယ်စိတ်နှစ်ပါးငြိမ်းဧပါသည် ထင်သောအခါ။ ။ကာယပဿဒ္ဓိစိတ္တပဿဒ္ဓိယောအနုတ္တာ။ ။ကာယပဿဒ္ဓိစိတ္တပဿဒ္ဓိယော။ ကိုယ်စိတ် နှစ်ပါးတို့၏ ငြိမ်းခြင်း လက္ခဏာရှိသောကာယပဿဒ္ဓိစိတ္တပဿဒ္ဓိတရားတို့သည်။အနုတ္တာ။ငါမဟုတ်။ ။

(၁၀-၁၁) ငါကိုယ် စိတ်နှစ်ပါး ပေါ့ပါးလျင်မြန် နေသည် ထင်သောအခါ။ ။ကာယလဟုတာစိတ္တလဟုတာအနုတ္တာ။ ကာယလဟုတာစိတ္တလဟုတာ။ ကိုယ်စိတ်နှစ်ပါးတို့၏ ပေါ့ပါးခြင်းလက္ခဏာရှိသော ကာယလဟုတာ စိတ္တလဟုတာ တရားတို့သည်။အနုတ္တာ။ငါမဟုတ်။ ။

(၁၂-၁၃) ငါ၏ကိုယ်စိတ် နှစ်ပါးတို့သည်၊ ကုသိုလ်မှုနိုက် နူးညံ့ပြေပြောင်းသည်။စိတ်နှလုံးနူးညံ့သည်ထင်သောအခါ။ ။ကာယမုဒုတာ စိတ္တမုဒုတာအနုတ္တာ။ ။ကာယမုဒုတာ။ စိတ္တမုဒုတာ။ကိုယ်စိတ်နှစ်ပါးတို့၏နူးညံ့ပြေပြောင်းခြင်းလက္ခဏာရှိသော ကာယမုဒုတာ စိတ္တမုဒုတာ။တရားတို့သည်။အနုတ္တာ။ ငါမဟုတ်။ ။

(၁၄-၁၅) ငါသည်ကုသိုလ်တရားနိုက် ထားတိုင်းနေသည်။ ခိုင်းတိုင်းလုပ်သည်ထင်သောအခါ။ ။ကာယ ကမ္မညတာ စိတ္တကမ္မညတာအနုတ္တာ။ ။ကာယကမ္မညတာ စိတ္တကမ္မညတာ။ ကုသိုလ်တရားတို့နိုက် ထားရာကနေ၍ ခိုင်းတိုင်းရခြင်း လက္ခဏာရှိသော ကာယကမ္မညတာစိတ္တကမ္မညတာတရားတို့သည်။အနုတ္တာ။ငါမဟုတ်။ ။

(၁၆-၁၇) ငါကုသိုလ်တရားနိုက် ပါးသည်။ နတ်သည်။နားလည်သည်ထင်သောအခါ။ ။ကာယပါဂုညတာစိတ္တပါဂုညတာ အနုတ္တာ။ ။ကာယ ပါဂုညတာစိတ္တပါဂုညတာ။ ကိုယ်စိတ်နှစ်ပါးတို့၏ ကုသိုလ်တရားတို့နိုက် ပါးမှု၊ နတ်မှု၊နားလည်

မှုဟူသောလက္ခဏာရှိသောကာယပါဂုညတာစိတ္တ ပါဂုညတာ တရားတို့သည်။အနတ္တာ၊ငါမဟုတ်။ ။
(၁၈-၁၉) ငါ၏ ကိုယ်စိတ်နှစ်ပါးတို့သည်။ ရိုးသားဖြောင့်မတ်သည်ထင်သောအခါ။ ။ကာယုဇုကတာစိတ္တုဇုကတာ အနတ္တာ။ ။ကာယုဇုကတာစိတ္တုဇုကတာ။ကိုယ်စိတ်နှစ်ပါး တို့၏ရိုးသား ဖြောင့်မတ်ခြင်း လက္ခဏာရှိသော ကာယုဇုကတာ။စိတ္တုဇုကတာတရားတို့သည်။အနတ္တာ။ငါမဟုတ်။ ။

သောဘဏစေတသိက် ၁၉ ပြီး၏။

---

(၁) ငါမုသားမပြော။ငါကုန်းမတိုက်။ငါမဆဲရေး၊ငါအကျိုး မရှိသောစကားတို့ကို မပြောမဆိုဘတ်ပါထင်သောအခါ။ ။ သမ္မာဝါစာအနတ္တာ၊ ။သမ္မာဝါစာ။ မုသားမပြောခြင်း။ကုန်း မချောခြင်း။ မဆဲရေးခြင်း။ အပြိန်အဖျင်း မပြောဆိုခြင်း လက္ခ ဏာရှိသောသမ္မာဝါစာတရားသည်။အနတ္တာ။ငါမဟုတ်။ ။
(၂) ငါသူ့အသက်ကိုမသတ်၊ငါသူ့ဥစ္စာကိုမခိုး။ငါသူ့ သားမယားကို မပြစ်မှားတတ်ဟု ထင်မှတ်သောအခါ။ ။ သမ္မာကမ္မန္တာအနတ္တာ။ ။သမ္မာကမ္မန္တာ၊သူ့အသက်ကိုမ သတ်ခြင်း။ သူ့ဥစ္စာကိုမခိုးခြင်း။ သူ့သားမယားတို့ကို မပြစ် မှားခြင်းလက္ခဏာရှိသောသမ္မာကမ္မန္တတရားသည်။ အနတ္တာ။ ငါမဟုတ်။ ။
(၃) ငါဒုစရိုက် မကောင်းမှုကို ကြဉ်၍ ကောင်းမွန်စွာ အသက်မွေးသည်ထင်သောအခါ။ ။သမ္မာအာဇီဝေါ အ နတ္တာ။ ။သမ္မာအာဇီဝေါ။ ၎င်းဒုစရိုက်ခုနစ်ပါးကိုပယ်ခွါ၍ ကောင်းစွာ အသက်မွေးခြင်းလက္ခဏာရှိသော သမ္မာအာဇီဝ တရားသည်၊အနတ္တာ။ငါမဟုတ်၊ ။
ဤဝိရတိစေတသိက်တို့၏အနတ္တဝိပဿနာကို။မနာမကြားမ မှတ်သားမိသတိမရရှိချေမူ။ငါသီလစောင့်သည်၊ငါဥပုသ်စောင့်

သည့်ငါသူအသက်သတ်ခြင်းမှကြဉ်ရှောင်သည့်စသဖြင့်ထင်မှတ်၍နေက။ ။ကုသလောခမ္မောအကုသလဿဓမ္မဿအာရမ္မဏပစ္စယေနပစ္စယော။ဒါနံဒတွာသီလံသမာဒိယိတွာဥပေါသထကမ္မံကတွာတံအာရဗ္ဘ ရဇ္ဇတိ၊ ဥပ္ပဇ္ဇတိ။ ဟာနေ့ဥပ္ပဇ္ဇတိ။ ဒိဋ္ဌိဥပ္ပဇ္ဇတိ။ ။ကုသလောဓမ္မော၊ ကုသိုလ်ဖြစ်သောတရားသည်၊ အကုသလဿဓမ္မဿ၊ အကုသိုလ်ဖြစ်သောတရားအား။ အာရမ္မဏပစ္စယေန။ အာရမ္မဏပစ္စည်းအားဖြင့်။ဝါ။ အာရုံပြုပုံနေရာမကျမှုဟူသောအာရမ္မဏသတ္တိအားဖြင့်။ပစ္စယော။ ကျေးဇူးပြုတတ်၏။ ဒါနံဒတွာ။အလှူပေးပြီး၍။သီလံသမာဒိယိတွာ၊ ငါးပါးသီလ။ ဆယ်ပါးသီလကိုစောင့်ရှောက်သည်ပြီး၍။ဥပေါသထကမ္မံကတွာ။ဥပုသ်စောင့်ခြင်းအမှုကိုပြုပြီး၍။တံ။ ထိုပေးလှူသောဒါနစောင့်သောသီလကို။ အာရဗ္ဘ။ အာရုံပြု၍၊ရဇ္ဇတိ။ငါ့ဒါန ငါ့သီလဟုသာယာတပ်ငြိခြင်းရာဂသည်။ဥပ္ပဇ္ဇတိ။ဖြစ်တတ်၏။မာနော။ငါသာလျှင်အလှူပေးနိုင်သည်ငါအါလျှင်သီလစောင့်နိုင်သည်ဟုတက်ကြွ ထောင်လွှား။ မော်ကြွားမောက်မိုခြင်းဟူသော မာနသည်။ ဥပ္ပဇ္ဇတိ။ ဖြစ်တတ်၏။ ဒိဋ္ဌိ။ ငါအလှူပေးသည်၊ ငါသီလစောင့်သည်။ငါဥပုသ်စောင့်သည်ဟုအမြင်မှားတတ်သော ဒိဋ္ဌိသည်။ဥပ္ပဇ္ဇတိ။ဖြစ်တတ်၏၊ ။အဓိပ္ပါယ် အကျဉ်းချုပ်ကား။ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါးစသောပရမတ်တရားတို့၏ သဘောလက္ခဏာကို ကောင်းစွာ နားမလည်ကြသော အန္ဓပုထုဇဉ်သတ္တဝါတို့သည်။ဒါနသီလစသောကုသိုလ်ကိုပြုရာနှိက်လည်း။ မဂ္ဂါဝရဏဖြစ်၍မဂ်တရားကိုတားမြစ်ပိတ်ပင်တတ်သော တဏှာမာနဒိဋ္ဌိဟူသောအကုသိုလ်တရားတို့သည် ဖြစ်ပွားတတ်သေး၏။အကုသိုလ်မှမှာအဘယ်ဆိုဘွယ်ရာရှိပါတော့အံ့နည်း။

ဒါနသီလစသော ကောင်းမှုကုသိုလ်နှိက်။ တဏှာမာနဒိဋ္ဌိဟူသော ပပဉ္စသုံးပါးဖြစ်ပွားပုံကား၊ ငါ၏ဒါန၊ငါ၏သီလဟူ၍ငှင်း။ ငါ၏ဒါနသည် အလွန်ကြီးကျယ် ကောင်းမွန်၏ဟူ၍ငှင်း၊ ငါ၏သီလသည် အလွန်ဖြူစင်သန့်ရှင်းသည်ဟူ၍ငှင်း။ ဤဒါနဤ

သီလတို့အတွက်၊ နောင်သံသရာ၌ချမ်းသာများကို စံစားခံစား ရပေတော့မည်ဟူ၍ရင်း။ သာယာ ကင်ပြီသော အခါတဏှာ ဖြစ်၏။ ။

ငါသာလှူနိုင်သည်။ငါသာပေးနိုင်သည်။ငါသာသီလစောင့် နိုင်သည်။ ဥပုသ်ဆောက်တည်နိုင်သည် စသည် ဖြင့်တတ်ကြွ ထောင်လွှား။မော်ကြွားမောက်မိမှုသည်မာနဖြစ်၏။

ငါအလှူပေးသည်။ ငါဒါနလုပ်သည်။ ငါသီလ စောင့်သည်။ ငါဥပုသ်ဆောက်တည်သည်။ ငါသူ့အသက်၊သတ်မှုကိုရှောင် ကြဉ်သည်။ငါသူ့ဥစ္စာခိုးမှုကိုရှောင်ကြဉ်သည်စသည်ဖြင့်၊ ထင် မြင်မှုသည် ဒိဋ္ဌိဖြစ်၏၊ ။ဤဒါန သီလ အမှုတို့သည်ကား။ ကောန်ကုသိုလ် တရား အစစ်တို့ဖြစ်၍ (ကုသလောဓမ္မော) ဟူ ၍ဟောတော်မူသည်။ ဤဒါနသီလတို့ကိုအကြောင်းပြု၍။ အာရုံ ပြုပုံမလိမ္မာမှုကြောင့် ဖြစ်လာ ပေါ်လာသော တဏှာ မာနဒိဋ္ဌိ တို့ကား။ အကုသိုလ်အစစ်တို့ ဖြစ်ကြ၍ (အကုသလဿ ဓမ္မဿ အာရမ္မဏပစ္စယေန ပစ္စယော)ဟုဟောတော်မူသည်။ဒါနံဒတွာ ကစ၍။ ဒိဋ္ဌိဥပ္ပန္နတိုင်အောင် သောပါဠိတော်ဖြင့်ကုသိုလ်နှင့် အကုသိုလ်ယောစပ်ဘက်တွဲကြပုံကို ပြတော်မူ၏။ ဤဒါနသီလ အမှတ်နှိုက်ဖြစ်သောဒိဋ္ဌိတရားသည်။ ။တဿသန္တာပိ မဂ္ဂ၊ ဝရဏော။ နသဂ္ဂါဝရဏော။ ပဌမမဂ္ဂဝဇ္ဈောတိ ဒေသိတဗ္ဗာ။ ။ ဟူသောအဋ္ဌသာလိနီသံယုတ်စသော အဋ္ဌကထာတို့နှင့်အညီ။ မဂ်တရားကိုတားဆီးပိတ်ပင်တတ်၏။နတ်ပြည်ကိုမူကားမတား နိုင်။ ဤဒိဋ္ဌိကင်းပြတ်မှ ပဌမမဂ်ဟူသော သောတာပန် ဖြစ်နိုင် သည်။သောတာပန်ဖြစ်လိုက။ ဤဒိဋ္ဌိကိုသတ်ရမည်ဆိုလိုသည်။

အလှူပေးသူ။ ဒါနကုသိုလ် ပြုသူလက်သည်တို့ကား သဒ္ဓါပ ညာစေတနာစသောတရားတို့တည်း။ ။သီလစောင့်သူဥပုသ် စောင့်သူလက်သည်တို့ကား၊ သဒ္ဓါပညာစေတနာတို့နှင့် တကွ

ဝိရတီစေတသိက်တရားတို့တည်း။ ။ပညာရှိတို့သတိမူကြလေကုန်၊ ။

ဝိရတီစေတသိက်သုံးပါးပြီး၏။

---

(၁) ဆင်းရဲသောသူများကိုမြင်လျှင် တွေ့လျှင်ငါသနားတတ်သည်ထင်သောအခါ၊ ။ကရုဏာအနတ္တာ။ ။ကရုဏာ။ ဒုက္ခိတသတ္တဝါများကို သနားခြင်းလက္ခဏာရှိသော ကရုဏာတရားသည်၊အနတ္တာ၊ငါမဟုတ်၊ငါမသနား၊ ကရုဏာတရားကသာသနားတတ်သည်၊သနားတတ်သောငါဟူ၍မရှိ။

(၂) ချမ်းသာသောသူများ၊စားရသောက်ရသူများကိုငါဝမ်းမြောက်သည်၊ငါဝမ်းသာသည်ထင်သောအခါ၊ ။မုဒိတာအနတ္တာ။ ။မုဒိတာ၊သုခိတသတ္တဝါများကိုတွေ့ရလျှင်ဝမ်းမြောက်ခြင်း လက္ခဏာ ရှိသော မုဒိတာတရားသည်၊ အနတ္တာ၊ ငါမဟုတ်၊ ၊ငါဝမ်းမမြောက်၊မုဒိတာတရားသာဝမ်းမြောက်တတ်သည်၊ဝမ်းမြောက်တတ်သောငါဟူ၍မရှိ၊

ဤကရုဏာ၊မုဒိတာနှင့်၊မေတ္တာဟူသောဗြဟ္မဝိဟာရတရားသုံးပါးတို့ကို၊ဝိပဿနာယောဂီပုဂ္ဂိုလ်များသည်မပွားများအပ်၊အဘယ့်ကြောင့်နည်းဟုဆိုသော်၊ ဤမေတ္တာ၊ကရုဏာ၊ မုဒိတာတရားတို့သည်၊ငါသူတပါးယောကျ်ား မိန်းမပုဂ္ဂိုလ်သတ္တဝါဟူသောပညတ်ကိုအာရုံပြုကြသည်၊ဝိပဿနာရှုမှုက၊ဤငါ၊ သူတပါး၊ယောကျ်ား၊မိန်းမ၊ပုဂ္ဂိုလ်၊ သတ္တဝါဟူသော ထင်မြင်ချက်အမှားတို့ကိုပယ်ရှားခြင်း အကျိုးငှါ၊ အနတ္တ၊ နိဿတ္တ၊ နိဇ္ဇီဝ လက္ခဏာပေါက်အောင်ရှုကြည့်ရသောအလုပ်ဖြစ်သည်၊ ထို့အတွက်၊ယခုဘဝ၌ သော်၎င်း၊ ဒုတိယဘဝ၌သော်၎င်း၊ မဂ်ဖိုလ်နိဗ္ဗာန်ကိုမြန်မြန်ကြီး အလိုရှိကြသော ဝိပဿနာယောဂီပုဂ္ဂိုလ်တို့မှာ မေတ္တာ၊ကရုဏာ၊မုဒိတာ၊ ဟူသောတရားဘို့ကိုအမှုတခုဂရုမစိုက်ရာ၊ အပ္ပမညာ စေတသိက်ဘို့သည်လောကုတ္တရာစိတ်မှာမယှဉ်နိုင်သောအရာကိုနားနါသတိပြုကြကုန်၊သို့မဟုတ်၊

ယခုဘဝ။ နေဲဘဝ၌မဂ်ဖိုလ်တရားကို။ ငါတို့လိုလူများမရနိုင်။ ဘုရားသခင်တို့ဟောထားခဲ့သောမဂ်တရားဖိုလ်တရားတို့နှင့်ငါတို့လိုလူများမထိုက်တန်သေးသလောက်ဇထင်ရှိ၍၊ ပါရမီရင့်၍အလိုလို့နှစ်ခါမှယူရတော့မည်ဟု ယုံကြည်စိတ်ချ။ ရရန်ကျွေပပြုလုပ်ထားကြသည့် အန္တနယ်တွင်းကမလွတ်သေးသူ။ ကမ္ဘာသကတာသမ္ဘာဝမ္ဗိလောက်မျှနှင့် အားရတင်းတိမ် နေသူတို့သည်လည်းကောင်း။ ၎င်းမဂ်ဖိုလ်တရားကိုအလိုရှိ၍ အားထုတ်ပါမူ။ ဖိတ်ဆုံးအဖျင်းဆုံးစ္စဋ္ဌသောတာပန်စခန်းလေဲမျှကိုမှချရနိုင်၏။ ဟုသိမြင်ယုံကြည်ပြားသော်လည်း။ ဘုရားဆု။ ပစ္စေကဗုဒ္ဓါဆုကြီးများကိုပန်ဆင်ထား၍။ ယခုဘုရားလယ်ထက်။ ယခုဘုရားသာသနာတော်မှာမဂ်ဖိုလ်ကို အလိုမရှိ ကြသေးသည့် သဗ္ဗညုဘုရားလောင်း။ ပစ္စေကဗုဒ္ဓါ လောင်းကြီးတို့မှာ။ ကုသိုလ်ရင်းမှုပင်ဖြစ်စေ။ချာန်အပွနာကို တတ်နိုင်ရနိုင်လောက်အောင်ပင်ဖြစ်စေ။ပွားများအားထုတ်ကြကုန်ရာသည်။

အပွမည့္ပာစေတသိက်နှစ်ပြီး၏။

---

(၁) ငါပည္ပာရှိသည်။ ငါအမှန်ကို သိသည်။ ငါအမှန်သိလျက်မဂ်ဖိုလ်ရအောင်ဝိပဿနာရှုသည် ထင်သောအခါ ။ ။ ပည္ပာအနုဿာ။ ။ပည္ပာ၊ ယထာဘူတဉာဏ်ဖြင့် ဟုတ်တိုင်းမှန်စွာသိခြင်းလက္ခဏာရှိသော ပည္ပာတရားသည်။အနုဿာ၊ ငါမဟုတ်။ ၊ငါအမှန်ကိုမသိ။ ပည္ပာတရားသာအမှန်ကိုသိသည်။ အမှန်ကိုသိတတ်သောငါဟူ၍မရှိ။

၅ပည္ပာစေတသိက်သည်လည်း။ ။ပည္ပဉ္စပနိဿာယမာနံ ဇပ္ပေတိ ဒိမ္ဗိ ဂဏ္ဍာတိပည္ပာ ရာဂဿ ဒေါသဿ မောဟဿ မာနဿ ဒိဋ္ဌိယာ ပဋ္ဌနာယဉပနိဿာယ ပစ္စယေနပစ္စယော။ ၊ ပည္ပံ၊သိမြင်လိမ္မာဉာဏ်ပည္ပာကို။ ဥပနိဿာယ၊အမှီပြု၍။ မာနံ၊ ငါသာတတ်သည်။ ငါသာသိသည်။ ငါသာမြင်သည်။ ငါသာ

လိမ္မာသည်ဟုတက်ကြွထောင်လွှားတတ်သောမာနတရားသည်ဇပ္ပေတိ။ဂါထါမန္တရား စုပ်သောလားသို့။နှုတ်ဖျားတွက်တွက်ပြောဆိုတတ်၏။ဒိဋ္ဌိ ။ငါတတ်သည်ငါသိသည်ငါလိမ္မာသည်ဟုအထင်ရှိသောဒိဋ္ဌိတရားကိုဂဏှာတိ စွဲယူတတ်၏။ပညာ။အသိအလိမ္မာ။ ဉာဏ်ပညာတရားသည်။ ရာဂဿ။ ရာဂအား။ ဒေါသဿ။ဒေါသအား။မောဟဿ။မောဟအား။မာနဿ၊မာနအား။ဒိဋ္ဌိယာ။ဒိဋ္ဌိအား။ပတ္ထနာယ။ တောင့်တခြင်းအား။ ဥပနိဿယပစ္စယေန။ ဥပနိဿယပစ္စည်း အားဖြင့်။ ပစ္စယော၊ ကျေးဇူးပြုတတ်၏။ ။ဤပဋ္ဌာန်းပါဠိတော်မြတ်နှင့်အညီ။ ဤပညာစေတသိက်သည်လည်း။ တဏှာ၊မာန၊ ဒိဋ္ဌိတို့အားကျေးဇူးပြုတတ်၏။ပြုပုံကား။ ငါ၏ပညာ။ ငါ၏ဉာဏ်ဟူ၍၎င်း။ ငါ၏ ပညာဉာဏ်သည်အလွန်ထက်မြက်သည်။ အလွန်လျင်မြန်သည်စသည်ဖြင့်နှစ်သက်တပ်မက်မှုသည်တဏှာဖြစ်၏။ ။ငါသာတတ်သည်။ငါသာလိမ္မာသည်။ငါသာသိသည်။ငါသာအမှန်ကိုမြင်သည်ဟုတက်ကြွထောင်လွှား။မော်ကြွားမောက်မို့မှုသည်မာနဖြစ်၏။ငါတတ်သည်၊ငါလိမ္မာသည်။ ငါသိသည်။ ငါမြင်သည်။ ငါ့အဟုတ်အမှန်ကိုနားလည်သည်ဟု ထင်မြင်မှတ်မှားမှုသည် ဒိဋ္ဌိဖြစ်၏။ ။ဤပညာကိုမှီ၍မာန်မာနတက်ကြွထောင်လွှားမှုမှာသက္ကာယဒိဋ္ဌိကင်းကွာပြီးအရိယာတို့မှာရှိကြသေးသည်။ ယာထာဝမာနကိုချန်ထား၍။ ပုထုဇန်တို့သန္တာန်မှာဖြစ်ကြသောအလဂဒ္ဒူပမာ၊ဥပါရမ္ဘစိတ်မျိုးနှင့် ယှဉ်သောမာန် သည်။ မဂ်ဖိုလ်နိဗ္ဗာန်နှင့်တကွသောနတ်ပြည်ကိုပင်တားနိုင်၏။

---

၁၀၇ ဝိပဿနာရှုသူဘို့၊သတိပြုရန်အချက်ကြီးကိုပြခြင်း။

အလဂဒ္ဒူပမာ၊ဥပါရမ္ဘစိတ်မျိုးနှင့်မယှဉ်သောဒိဋ္ဌိသည်၊နတ်ပြည် သုဂတိလောကကိုမူကား။ မတားမြစ်နိုင်။ မဂ်ဖိုလ်နိဗ္ဗာန်ကိုမူကား။ဤဒိဋ္ဌိရှိသမျှကာလပတ်လုံးမရနိုင်။ အဘယ့်ကြောင့်နည်းဟုဆိုသော်။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ဒိဋ္ဌိဆွဲပုံ။ မာန်ဆွဲပုံ။ တ

ဘွာခွါပုံကိုပြပြီး၍၊ ဗိဋ္ဌခွါရင်း၊ ဗိဋ္ဌပြန်၍ကပ်နေပုံများကို။ ။ အဟံဝိပဿာမိ။ မမဝိပဿနာတိဂဏှတောဟိ ဗိမ္ဗသမုဍ္ဍါရနံ နာမနပဟောတိ။ ။ဟုမိန့်၏။ ။အနက်ကား။ ။ဟိ။ ဗိဋ္ဌကို အခွါမတတ်လျှင်။ ပြန်၍ကပ်တတ်သည်ဆိုသော စကားမှန်၏။ အဟံ။ ငါ သည်။ ဝိပဿာမိ။ ဝိပဿနာရှု၏၊ မမ။ ငါ၏၊ ဝိပဿနာ။ ဝိပဿနာတည်း၊ ဇုတိ။ ဤသို့၊ ဂဏှတော။ မှတ်ထင်စွဲလမ်း သောသူအား။ ဗိမ္ဗသမုဍ္ဍါရနံနာမ။ ဗိဋ္ဌခွါမည်သည်။ နပဟောတိ။ မဖြစ်ပြီ။ ။ဗိမ္ဗကပ်သာဖြစ်မြဲအတိုင်းဖြစ်နေသေးသည်ဟူ လို။ ။ဗိဋ္ဌခွါရင်း၊ ဗိမ္ဗကပ်ဖြစ်ပုံများကိုပြပြီးမှ တကယ်ဗိဋ္ဌ ခွါပုံအစစ်ကိုပြလို၍။ ။သင်္ခါရာဝသင်္ခါရေဝိပဿန္တိ။ ဝဋ္ဋ ပေက္ခန္တိ။ ပရိဂ္ဂဏှန္တိ။ ပရိစ္ဆိန္ဒန္တိတိဂဏှတောပနဗိဋ္ဌဉဍ္ဍါရနံနာမ ဟောတိ။ ။ဟုမိန့်၏။ ။ပန။ တကယ်ဗိဋ္ဌကိုတကယ်ခွါပုံကား။ သင်္ခါရာဝ။ ခန္ဓာငါးတန်ရုပ်နာမ်နှစ်ဖြာ။ သင်္ခါရတရားတို့သည် သာလျှင်။ သင်္ခါရေ။ ခန္ဓာငါးတန်၊ ရုပ်နာမ်နှစ်ဖြာ။ သင်္ခါရတရား တို့ကို။ ဝိပဿန္တိ။ ငါဆိုတာမရှိကြောင်းသိရအောင်။ ဝိပဿနာ ရှုကြကုန်၏။ ဝဋ္ဋပေက္ခန္တိ။ ငါဆိုတာအကြား မညှပ်ရအောင်။ မှတ်သားကြကုန်၏။ ပရိဂ္ဂဏှန္တိ။ ငါဆိုတာ ဝင်မရှုပ်ရအောင် ရုပ်နာမ်နှစ်ပါးကိုသိမ်းဆည်းကြကုန်၏။ ပရိစ္ဆိန္ဒန္တိ၊ ငါဆိုတာ ဝပ်မညှပ်ရအောင်၊ ပိုင်းဖြတ်ကြကုန်၏။ ဇုတိ။ ဤသို့၊ ဂဏှတော၊ စွဲလမ်းမှတ်ယူသော သူအား။ ဗိမ္ဗဉဍ္ဍါရနံနာမ။ တကယ်ဗိဋ္ဌကို တကယ်ခွါရာရောက်တော့သည်။ ဟောတိ။ ဖြစ်၏။ ။ဤအခွ ကထာလာသည်ကို ထောက်ရှု၍။ ဝိပဿနာရှုတတ်သော ပရ မတ်လက်သည်ကား။ ။ခန္ဓာဒိသင်္ခတ ဓမ္မေအနိစ္စာဒိဝိပိဓာ ကာရေနပဿတီတိဝိပဿနာ။ ။ဟူသော မဟာဋီကာစ သည်တို့နှင့်အညီ။ ဤပညာစေတသိက်ပင်တည်း၊ ဤပညာစေတ သိက်သည်သာလျှင်ဝိပဿနာရှုတတ်သည်။ ဝိပဿနာရှုတတ် သောငါဟူ၍မရှိဆိုလိုသည်။

ပညိန္ဒြေစေတသိက်ပြီး၏။

## ၁၀၈။ ၊သတိပဋ္ဌာန်နှင့်ခန္ဓာကိုစပ်လျက်ဝိပဿနာ ရုပ်ကဗျာဆောင်ပုဒ်ကိုပြခြင်း။

(၁) လေးသတိပဋ္ဌာန်။ ငါးရပ်ခန်။ စပ်ဟန်ဤသို့ပြ။
(၂) ကာယာနုမှာ၊ ရုပ်ခန္ဓာ၊ ရှုပါအသုဘ။
(၃) ဝေနှစ်ခုမှာ။ အနိစ္စာ။ ရှုပါအနတ္တ။
(၄) ဆုံးတိုင်ဒုက္ခ။ ရှုနိုင်က။ မှတ်ကြအရဟတ္တ။
(၅) သင်။ သည့်နှစ်ခု။ ဓမ္မာနု။ ရှုလေ့အနတ္တ။
(၆) စိတ်နှင့်ဝိညာ။ နှစ်ခုမှာ။ ရှုပါအနိစ္စ။
(၇) တဏှာဒိဋ္ဌိ။ ကွာလိုဘိ၊ ကြည့်၍ရှုကုန်ကြ။
(၈) ကျမ်းကိုမချင့်။ ယမ်း၍ကျင့်။ အခွင့်မရောက်လှ။
(၉) ကျမ်းနှင့်တပြေး၊ ထုတ်၍ပေး။ စိတ်တွေးမလုပ်ရ။
(၁၀) ဤနည်းကိုမှု။ သုံးသည့်သူ၊ လွယ်ကူရမည်ပ။
(၁၁) သမ္မေဝိသုဒ်၊ ကျမ်းကိုထုတ်။ အဟုတ်ကြည့်လေကြ။

ဤကဗျာဆယ်ပိုဒ်ကား။ ။ပဉ္စန္နံ ခန္ဓာနံ ပရိညာဘာဂဝတာ ဒေသိတာ။ ဘတ္ထ အသုဘသညာ ရူပက္ခန္ဓဿ ပရိညတ္ထံ။ ဒုက္ခသညာ ဝေဒနာက္ခန္ဓဿ ပရိညတ္ထံ။ အနတ္တသညာ သညက္ခန္ဓဿသင်္ခါရက္ခန္ဓဿ စ ပရိညတ္ထံ။ အနိစ္စသညာ ဝိညာဏက္ခန္ဓဿ ပရိညတ္ထံ၊ ။ပဉ္စန္နံခန္ဓာနံ၊ ခန္ဓာငါးပါးတို့၏၊ ပရိညာ၊ ဝိပဿနာ ညာဏ်ဖြင့် ဝေဘန်ပိုင်းခြား၍ သိခြင်းကို။ ဘဂဝတာ။ မြတ်စွာ ဘုရားသည်။ ဒေသိတာ။ ဟောတော်မူအပ်ပြီ။ တတ္ထ၊ ထိုသညာ လေးဖြာ ခန္ဓာငါးပါးတို့တွင်။ အသုဘ သညာ။ တဏှာကွာ၍ ရဟန္တာဖြစ်အောင် မတွယ်နူမှု ရွံ့တွယ်ရာမှုကိုရှုရသော အသုဘသညာကို။ ရူပက္ခန္ဓဿ။ ရူပက္ခန္ဓာကို။ ပရိညတ္ထံ။ ပိုင်းခြား၍ သိခြင်းငှါ၊ ဒေသိတာ။ ဟောတော်မူအပ်ပြီ။ ဒုက္ခသညာ၊ သာယာ ခံစားမှုဝေဒနာမှ ဲ။ တဏှာကင်းပြတ်၍အရဟတ္တမဂ်သို့တက်ဘို့ ရာ။ ဘယ်ခါမလစ် ဖြစ်ချုပ်ကြိမ်ဖန်အတန်တန်ကြောင့်။ ဇာကန် ဆင်းရဲဖွယ်သောဒုက္ခသညာကို၊ ဝေဒနာက္ခန္ဓဿ။ ဝေဒနာက္ခန္ဓာကို။

ပရိညတ္ထံ။ပိုင်းခြား၍သိခြင်းငှါ။ ဒေသိတာ။ဟောတော်မူအပ်ပြီ။ အန ;- သညာ၊ဒိဋ္ဌိကင်းကွာလျက်သောတာ၊ပန်ဖြစ်ဘို့ရာငါပျော် အောင်ရှုကြည့်ရသောအနတ္တသညာကို။သညာက္ခန္ဓာသား။ သညာက္ခန္ဓာကိုဂုင်း။သင်္ခါရက္ခန္ဓာသား။သင်္ခါရက္ခန္ဓာကိုဂုင်း။ပရိညတ္ထံ။ ပိုင်းခြား၍သိခြင်းငှါ ဒေသိတာ။ဟောတော်မူအပ်ပြီ။ အနိစ္စသညာ၊ဒိဋ္ဌိကင်းကွာလျက်၊သောတာပတ္တိမဂ်သို့ဆိုက်ကပ်အောင် စိတ်ဓာတ်၏မမြဲကြောင်းကိုသိအောင်ရှုရသောအနိစ္စသညာကို ဝိညာဏက္ခန္ဓာသား။ ဝိညာဏက္ခန္ဓာကို။ပရိညတ္ထံ။ ပိုင်းခြား၍သိခြင်းငှါ။ဒေသိတာ။ဟောတော်မူအပ်ပြီ၊ ။ဤပေဋကောပဒေသ ပါဠိတော်နှင့်အညီ။ စိမ်ညွှန်ပြအပ်သော နည်းတည်း။ ဤနည်းကား။ပုထုဇန်ကသောတာပန်ဖြစ်အောင်။သောတာပန်ကသကဒါဂါမ်ဖြစ်အောင်။ သကဒါဂါမ်ကအနာဂါမ်ဖြစ်အောင်။ အနာဂါမ်ကရဟန္တာဖြစ်အောင် ခန္ဓာငါးပါးသတိပဋ္ဌာန် ၄ ပါး၌ ဝိပဿနာရှုပုံကို ပြသတည်း။အကျဉ်းချုပ်မှတ်ရန်မှာ။ ဤခန္ဓာငါးပါးနှင့်။လက္ခဏာယဉ်ခေါ်ကြသောဝိပဿနာသုံးပါးသည်။ မဂ်လေးပါး ဖိုလ်လေးပါးအလို့ငှါ ဟောတော်မူ၏။ မဂ်တခုဖိုလ်တခုအတွက်။ သာဟောတော်မူသည်မဟုတ်။အကယ်၍ မဂ်တခုဖိုလ်လခုအတွက်။ အောက်ဆုံး ဖြစ်သော။ သောတာပတ္တိမဂ်သို့တက်နိုင်ရန်။ ခန္ဓာငါးပါးဝိပဿနာသုံးပါးလုံးကို။ အကုန်လုပ်ရလျှင်၊သကဒါဂါမ်ဖြစ်အောင် ဘယ်ခန္ဓာ ဘယ်ဝိပဿနာကိုရှု၍တက်ရမည်နည်း။ အနာဂါမ် ဖြစ်အောင်။ ရဟန္တာဖြစ်အောင်၊ ဘယ်ခန္ဓာဘယ်ဝိပဿနာကို ရှု၍တက်ရမည်နည်းစသည်ဖြင့်။ ဆင်ခြင်နှစ်နော။ သဘောပိုက်မိကြစေလို၍။ ဤကဗျာဆယ်ပုဒ်ကိုဆိုသတည်း။ဥပမာကား။ခန္ဓာငါးပါး ဝိပဿနာသုံးပါးသည် ရန်ကုန်မြို့မှာ။မီးယပ်ဆေးဒူလာဆေးမျက်စိနာဆေး ခေါင်းကိုက်ဆေးစသောဆေးအမျိုးမျိုးတို့ကို။အဘိုးတသိန်းမက။ ထိုက်တန်အောင်စိမ့်ခင်းကျင်း၍ထားကြသော ဘယ ဆေးတိုက်ကြီးများနှင့်တူ၏။ ဆိုလိုရင်းကား။ မီးယပ်ရောဂါ။ ဒူလာရောဂါရှိနေသူ

သည်၊ တသိန်း မကသိုက် တန်အောင်။ စိမံခင်းကျင်း၍ ထား
သောဆေးတို့ကို တခါတည်းဝယ်ယူသုံးဆောင်ရမည်မဟုတ်။
စွဲကပ်လျက်ရှိသည့်။ ရောဂါတခုကိုသာ။ မြန်စွာ ပျောက်ငြိမ်း
စေတတ်သည့်သင့်လျော်သောဆေးတခုခုကို မြန်မြန်ရှာဖွေ၍။
မနေမနား၊ စားသောက်ကုစားရာသကဲ့သို့ရင်း။ ပညာမရှိသူသူ
ငြိမ်းသက်သက်ကား၊ပုလိပ်အမှုကိုဝင်ထမ်းသောသူသည်၊ပုလိပ်
ကား၊စာဇင်၊စာဇင်ကဒိုလ်၊ ဗိုလ်ကအင်စပိတ်။ အင်စပိတ်ကဝန်
ထောက်စသည်ဖြင့်တဆင့်တဆင့်တက်၍ သွားအောင်လုပ်ကာ၊အ
ခွင့်ခါကိုချပါမူ၊မြန်စွါဖြစ်နိုင်သကဲ့သို့ရင်း။ထိုအဘူ၊ပုထုဇန်က
သောဘာပန်ဖြစ်ရန်နည်းလမ်းကိုသာ။ ရှာဖွေအားထုတ်ပါဦးဆို
လိုသည်၊ရောဂါတခု၌ရှိမျှနှင့်တသိန်းမကသိုက်တန်သောဆေးအ
မျိုးမျိုးတို့ကို တခါတည်းဝယ်သူ စားသောက်လိုသူကဲ့သို့ရင်း။
ပုလိပ်ကတခါတည်း။ မင်းကြီးတက်ဖြစ်ချင်သကဲ့သို့ရင်း။ ပုထု
ဇန်ကအနာဂါမ် ရဟန္တာဖြစ်အောင်လုပ်နည်းကို။ တခါတည်း
တက်မကျယ်နှင့် ဦးဆိုလိုသည်။ဤစကားရပ်ဖြင့်၊ ဒိဋ္ဌိဘဏ္ဍာကို
ပယ်ခွါလျက်ရှိကြသည့်ဝိပဿနာယောဂီပုဂ္ဂိုလ်တို့၏လိုရင်းအ
စစ်။အရေးအကြီးဆုံးဖြစ်ပေသောဒိဋ္ဌိတဏှာကွါရန်၊လမ်းအစဉ်
ကို၊ ကွေ့ကောက်ပွေလိမ်အပိုဖြစ်သော အချိန်ကာလကို။အနည်း
ငယ်ကလေးမျှ မကုန်ကြစေဘဲ။ တခါတည်း လိုရင်း ဖြစ်သော။
လမ်းစခန်းသို့ တန်းတန်းမတ်မတ်နှင့်၊ လျင်မြန်စွာရောက်စေရန်
ပြညွှန်သော နည်းလမ်းဖြစ်၍။ ဒိဋ္ဌိတဏှာကွာရန်ကို ရည်သန်
မြော်လင့်လျက်။အသင့်အားထုတ်ရှိကြသည့်။ဝိပဿနာယောဂီ
ပညာရှိများသည်။ များများကြီး သတိမူနိုင်ရန်။ ခန္ဓာ ငါးပါးနှင့်၊
သတိပဋ္ဌာန် လေးပါး တို့ကို။ စပ်ဟပ် နှိုးနှောပြီးခါ။ လက္ခဏာ
ယဉ်သုံးရပ်ဖြင့်။သုံးသပ်ဆင်ခြင်လျက်။ အချက်ကျကျ၊လိုရင်း
ဖြစ်သောမဂ်ကို၊ မငြိုမငြင် မောင်မပန်းစေမူ၍။ လွယ်လွယ်ကူ
ကူနှင့်ရနိုင်ရန်။အစီအရင်ကို။တဉ့်ထွင်ညွှန်ပြလေသတည်း။

---

၁၀၉။ ။သတိပဋ္ဌာန်လေးပါး၊ခန္ဓာငါးပါး။
ဝိပဿနာရှုပုံကိုပြခြင်း။

သတိပဋ္ဌာန်လေးပါးဟူသည်ကား။

(၁) ကာယာ နုပဿနာ သတိပဋ္ဌာန်။ ၅၍ခန္ဓာကိုယ်ဟူသောရုပက္ခန္ဓာကြီး၌တပ်နှစ်သက်ခြင်းဟူသေ၁တဏှာကိုကင်းစင်စေရန်ပဋိကူလအသုဘာသညာထင်အောင်အဖန်ဖန်ရှုခြင်း။

(၂) ဝေဒနာနုပဿနာ သတိပဋ္ဌာန်။ သာယာ ခံစားမှုဟူသောဝေဒနက္ခန္ဓာ၌၊တပ်နှစ်သက်ခြင်းဟူသောတဏှာကိုကင်းစင်စေရန်၊ ဒုက္ခဒုက္ခ၊သင်္ခါရဒုက္ခ၊ဝိပရိဏာမဒုက္ခဟူသောဒုက္ခကြီးသုံးမျိုးထင်အောင်အဖန်ဖန်ရှုခြင်း၊

(၃) စိတ္တာနုပဿနာသတိပဋ္ဌာန်၊စိတ်ဟူသောဝိညာဏက္ခန္ဓာ၌၊နိစ္စ၊ရုဝ၊သဿတဖြစ်သော အတ္တဒိဋ္ဌိ၊သက္ကာယဒိဋ္ဌိတို့၏အခြေအခြားကြီးလှ၍၊၎င်းဒိဋ္ဌိကိုကင်းစင်စေရန်၊အနိစ္စသညာထင်အောင်အဖန်ဖန်ရှုခြင်း။

(၄) ဓမ္မာနုပဿနာသတိပဋ္ဌာန်၊ဓမ္မဟူသောသညက္ခန္ဓာသင်္ခါရက္ခန္ဓာတို့၌ငါငါဟူသောအတ္တဒိဋ္ဌိ၊သက္ကာယဒိဋ္ဌိအားကြီးလှ၍၊၎င်းဒိဋ္ဌိကိုကင်းစင်စေရန်၊ ငါမဟုတ်သောအနတ္တသညာထင်အောင် အဖန်ဖန်ရှုခြင်းကိုဆိုသတည်း။ ။ယင်းသတိပဋ္ဌာန်နှင့်ခန္ဓာကို စပ်ယှဉ်၍၊ အလွယ်ကူဆုံး၊ အထင်ရှားဆုံး၊လိုရင်းခရီးသို့အရောက်လွယ်ဆုံးဖြစ်သော၊ဝိပဿနာရှုနည်းကား၊တဏှာကြွာ၍၊ရဟန္တာဖြစ်သောအထက်ဆုံး အရဟတ္တမဂ်ကိုတက်လိုသူတို့သည်၊၅၍ကိုယ်ကြီးဟူသော ရုပက္ခန္ဓာကို တဏှာ၏ ဆန့်ကျင်ဘက်ဖြစ်သော ပဋိကူလ အသုဘာ ကမ္မဋ္ဌာန်းထင်အောင်ရှု၍တက်ရသည်။ ။ထို့အတူ၊ တဏှာကြွာ၍ရဟန္တာဖြစ်သောအထက်ဆုံးအရဟတ္တမဂ်ကိုတက်လိုသူတို့သည်၊သာယာခံစားမှုဟူသော ဝေဒနက္ခန္ဓာကို၊ဒုက္ခသညာထင်အောင်ရှု၍ တက်ရသည်။ ။(အထူးသတိပြုရန်၊ ။ဒိဋ္ဌိကြွာ၍သောတာပတ္တိမဂ်

ကိုသာအရကျတ်နေကြရသေးသော သူဘို့မှာ၊ဤဝေဒနက္ခန္ဓာ၌ အနိစ္စနှင့်အနတ္တာထင်လျှင်ပင် သောတာပန် ဖြစ်တော့သည်၊ဒုက္ခ မှုဘားဒိဋ္ဌိကွာရန် ဝိပဿနာရှုသူဘို့ကိုမဆိုထားဘိ။ သောတာ ပန်။သကဒါဂါမ်အရိယာတို့ပင်တပ်ခြင်းကင်းလောက်အောင်မ ထင်နိုင်သေး၊အကျယ်ကိုလယ်တီဆရာတော်စီရင်သည့်အနတ္တ ဒီပနီ၊နံပါတ်(၇)နှင့်(၆၇)မှာကြည့်။)

ဒိဋ္ဌိကွာ၍၊သောတာပန်ဖြစ်လိုသူဘို့သည်သညာက္ခန္ဓာ၊သင်္ခါ ရက္ခန္ဓာတို့၌ငါမှတ်ထားသည် ငါမှတ်မိသည်။ငါတွေ့သည်၊ငါ အားထုတ်သည်စသဖြင့်ဒိဋ္ဌိသည် အားကြီးစိုးစိုက်နေလှ၍။၎င်း ဒိဋ္ဌိကွာရန်။ ၎င်းခန္ဓာနှစ်ပါးကို အနတ္တ သညာ ထင်အောင်ရှု၍ တက်ရသည်။ ။ဒိဋ္ဌိကွာ၍သောတာပန်ဖြစ်လိုသူတို့သည်ဝိညာ ဏက္ခန္ဓာဟူသောစိတ်၌။ နိစ္စ ရာ၊သ ဿတအယူအားကြီးလှ၍၊ ၎င်းဝိညာဏက္ခန္ဓာဟူသောစိတ်၌အနိစ္စသညာထင်အောင်ရှု၍။ ထင်လာသောအနိစ္စကို အနတ္တဘိုင်အောင်ရှု၍တက်ရသည်ဆို လိုသည်။အကျဉ်းချုပ်အဓိပ္ပါယ်ကိုကဗျာအတိုင်းမှတ်။

ဤနည်းကို၎င်း။မဂ်စဉ်ကို၎င်း။ မဆင်ခြင် မနစ်နော ကြဘဲ။ သဘောရှိပြုကျင့်မိချ။ မျက်ပိလည်း။ခရီးသွားသကဲ့သို့ မှန်းထား ရည်ရွယ်ရင်း။ ခရီးလမ်းကို၊ ဖြောင့် တန်းစွာ ယုတ် တချက်မ ရောက်နိုင်ဘဲသော်၎င်း။ လုံးလုံးမရောက်ဘဲ သော်၎င်း၊ ရှိတတ် သည်ကိုသတိကြပ်ကြပ် ပြုကြ စေလိုသော သဘောဖြင့်။ပေရ ကောပဒေသပါဠိတော်နှင့် သင့်လျော်လျောက်ပတ်လှသောသ မော။ ဝိသုဒ္ဓိမဂ်စသော အဋ္ဌကထာတို့နှ။ ။ဝိသေသတော စ သုဘာရမ္မဏာဓိ ဩဠာရိကမှိ အဇ္ဈတ္တိကရူပံ အသုဘာနိ ဒဋ္ဌဗ္ဗံ။ ဝေဒနာ တီဟိ ဒုက္ခတာဟိ အဝိနိမုတ္တာတော ဒုက္ခာတိ။ သညာ သင်္ခါရာ အဝိဓေယျတော အနတ္တာတိ။ဝိညာဏံ ဥဒယဗ္ဗယဓမ္မ တော အနိစ္စန္တိ ဒဋ္ဌဗ္ဗံ၊ ဝေပံပသာ နံ သာဿတ သိဒ္ဓိ ဟောတိ။ ၊ဟု မိန့်ကြ၏။ ။အနက်ကား။ ။စ၊ဝိပဿနာယောဂီပုဂ္ဂိုလ်မြတ် တို့မှတ်သားဘို့အရာကို။ သေချာစွာပြလိုက်အံ့၊ဝိသေသတော။

မဂ်ရရန်အလွန်နီးကပ်သည့်။ ဝိပဿနာရှုနည်းအထူးအားဖြင့်။ သုဘာရဒ္ဓကောဋ္ဌ၊ တဏှာ၏အခွင့်။ တင့်တယ်ပေစွ။ လှပေစွဟု။ သုဘ၏အာရုံလည်းဖြစ်သော။ ဩဠာရိကဗွိုနာမက္ခန္ဓာလေးပါးလို။ မနှလျှင်းဘဲ။ ရုံ့ရင်း ကြမ်းထမ်း သည်လည်း ဖြစ်သော။ အဇ္ဈတ္တိကရုပ်။အထွင်းသန္တာန်ဟုသမုတ်ရသည့်။ ရုပ်ဟူသောဤကိုယ်ကြီးကို။ အသုဘန္တိ။နှပ်။သလိပ်။ချွေး။ ပေါင်းထွေးရောစပ်သဖြင့်၊ မကောင်းမြဲမတင့်တယ်။ မဘွယ်ရာမထွပသောအသုဘကောင်ကြီးသာ ဟူ၍၊ ဒဠှဖွံ့။ ဆန့်ကျင်ဘက် တဏှာကွာ၍။ရဟန္တာအဖြစ်သို့ရောက်အောင်ရှုရမည်၊

ဝေဒနာ။ သာယာခံစားမှု ဟူသော ဝေဒနက္ခန္ဓာကို။ တိဟိဒုက္ခတာယ်။ ဒုက္ခဒုက္ခ၊ သင်္ခါရဒုက္ခ။ဝိပရိဏာမဒုက္ခဟူသော။ သုံးမျိုးသောဒုက္ခဘို့မှု။အဝိနိမုတ္တတော။ မကင်းမလွတ်နိုင်ခြင်းကြောင့်၊ဒုက္ခာတိ။ဒုက္ခဟူ၏။ဒဠှဖွံ့။ ဆန့်ကျင်ဘက်တဏှာကွာ၍ရဟန္တာဖြစ်အောင်ရှုရမည်။

သညာသင်္ခါရာ။ မှတ်သားမှုလက္ခဏာရှိသောသညာက္ခန္ဓာနှင့် ကောင်းကျိုးမကောင်းကျိုး ဖြစ်အောင်။ရွက်ဆောင်ပြုပြင်တတ်သည့် သင်္ခါရက္ခန္ဓာတို့ကို။ အဝိဓေယျတော။ တောင့်တတိုင်းမဖြစ်နိုင် အာဏာထား၍မစီရင်နိုင်သောကြောင့်။အနတ္တာတိ၊ ငါဆိုစရာ ဘာတခုမျှ ဘိတ်မရသည့်။ အနတ္တသာဟူ၍။ဒဠှဖွံ့။ ဆန့်ကျင်ဘက် ဒိဋ္ဌိကွာအောင် နာနာကြပ်ကြပ်ရှုရမည်။ ဝိညာဏံ။စိတ်ဟူသောဝိညာဏက္ခန္ဓာကို။ဥဒယဗ္ဗယဓမ္မတော၊ လျှပ်စစ်တပြက်မျက်စိတမှိတ်ခန့်မျှပင် အခါအကြိမ်ကုဋေတသိန်းမကအောင် အနိစ္စရောက်လျက် ဖြစ်ပျက်ခြင်း ဟူသောဥဒယသဘောဝယ သဘောရှိခြင်းကြောင့်။ အနိစ္စန္တိ။ဘာလောက်ကမှမမြဲလှသော အနိစ္စသာဟူ၍။ ဒဠှဖွံ့။ရှုးစိုက်လျက်ရှိသောဒိဋ္ဌိကွာအောင်နာနာ ကြပ်ကြပ် ရှုရမည်။ ၆ဝံ။ ဤသို့ပြဆို ခဲ့တိုင်း၊ ပဿန္တဿ။ နာနာကြပ်ကြပ်သာတိချပ်လျက် မပြတ်ရှုသောသူအား၊အဋ္ဌသိဒ္ဓိ။ ရည်သန်တောင့်တလျက်ရှိသည့်။ဒိဋ္ဌိကွာခြင်း

အကျိုးတရားကောင်းပြတ်သဖြင့်၊ အရဟတ္တမဂ်တိုင်ရောက်ခြင်း ဟူသောအကျိုး၏ပြီးခြင်းသည်၊ ဟောဘိ၊ ဖြစ်၏။ ။ဤကား အနက်။ ။ဤအဋ္ဌကထာကြီးတို့ဖွင့်ဆိုချက်ကိုရင်း။မဂ်စဉ် ကိုရင်း။ ကာလဒေသစသည်တို့ကိုရင်း။ မထောက်ချင့်မနစ်နော မိ၍။ဒိဋ္ဌိကိုပဌမ မခွါဘဲ။တရားကိုသာခွါမိမှု (ဆင်ကိုနေပါဦး ညှဲ့ပေါ်ကိုတက်စမ်းပါဦး)ဆိုသော စကားကဲ့သို့ရင်း။(ဖွတ်မရ ဘဲ။ဓားမ ဆုံးပါမည်) ဆိုသော စကားကဲ့သို့ရင်း။ မှန်းထား ရည်ရွယ်ရင်းခရီးသို့ မရောက်ပါမူ။ လွန်စွာနစ်နာ ဆုံးရှုံးမည် ကိုသတိကြပ်ကြပ်မူကုန်ရာသတည်း။ ။ပိဋကင်းအဋ္ဌကထာသုတ် မဟာဝါ အဋ္ဌကထာ။ ပပဉ္စသူဒနီ အဋ္ဌကထာ စသည်တို့နှိုက် လည်း။သတိပဋ္ဌာန်လေးပါးနှင့် ခန္ဓါငါးပါးကိုယှဉ်စပ်လျက်။ ။ ဧတ္တာဝတာ ယသ္မာ ကာယာနုပဿနာယ ရူပက္ခန္ဓပရိဂ္ဂဟော ဝ ကထိတော။ဝေဒနာနုပဿနာယ ဝေဒနက္ခန္ဓပရိဂ္ဂဟော ဝ။စိတ္တာ နုပဿနာယ ဝိညာဏက္ခန္ဓပရိဂ္ဂဟော ဝ။တသ္မာ သမ္ပယုတ္တခန္ဓ သီသေန သညာသင်္ခါရက္ခန္ဓပရိဂ္ဂဟာပိ ကထေတုံ့ဓမ္မာနုပဿနံ ဒေသေန္တော ကထဉ္စဘိက္ခဝေတိအာဒိမာဟ။ ။ဟုမိန့်ကြလေပြီ။ အနက်လည်းလွယ်ပြီ။ ။ဤအဋ္ဌကထာကြီးတို့ကိုထောက် ဆ၍နောက်ကပြခဲ့သော သတိပဋ္ဌာန်နှင့် ခန္ဓါယှဉ်စပ်လျက် ဝိပဿနာရှုဟန်ကိုကြေနပ်ကြည့်ထိုက်သတည်း။

## ၁၁၀။ သတိပဋ္ဌာန်လေးပါးကိုဒိဋ္ဌိတရားသမထ ဝိပဿနာနှင့်စပ်၍ပြခြင်း။

သတိပဋ္ဌာန်လေးပါးကို ဒိဋ္ဌိတရားနှစ်ပါးနှင့်ရင်း။သမထ ဝိပဿနာနှစ်ပါးနှင့်ရင်း။ ခွဲခြား၍အဋ္ဌကထာကြီးတို့၌ လာတိုင်း ထုတ်ပြလိုက်ဦးအံ့။ ။ကသ္မာ ပနဘဂဝါ စတ္တာရောဝ သတိပဋ္ဌာနာ ဝုတ္တာ အနူနာ အနဓိကာတိ၊ဝေနေယျဟိတတ္တာ၊တဏှာစရိတ ဒိဋ္ဌိစရိတ သမထယာနိက ဝိပဿနာယာနိကေသု

ဟိ မန္ဒတိက္ခဝသေန ဒွိဓာပဝတ္တေသု မန္ဒဿ တဏှာစရိတဿ ဩဠာရိကံ ကာယာနုပဿနာ သတိပဋ္ဌာနံ ဝိသုဒ္ဓိ မဂ္ဂေါ၊ တိက္ခဿ သုခုမံ ဝေဒနာနုပဿနာ သတိပဋ္ဌာနံ၊ဒိဋ္ဌိစရိတဿ ပိ မန္ဒဿ နာတိပ္ပဘေဒဂတံ စိတ္တာနုပဿနာသတိပဋ္ဌာနံဝိသုဒ္ဓိ မဂ္ဂေါ၊တိက္ခဿ အတိပ္ပဘေဒဂတံ ဓမ္မာနုပဿနာသတိပဋ္ဌာနံ၊ သမထယာနိကဿစ မန္ဒဿ အကိစ္ဆေန အဓိဂန္တဗ္ဗနိမိတ္တံ ပ ဌမံ သတိပဋ္ဌာနံ ဝိသုဒ္ဓိမဂ္ဂေါ၊တိက္ခဿ ဩဠာရိကာရမ္မဏေ အသဏ္ဌဟနတော ဒုတိယံ၊ ဝိပဿနာယာနိကဿပိ မန္ဒဿ နာတိပ္ပဘေဒဂတာရမ္မဏံ တတိယံ၊တိက္ခဿ အတိပ္ပဘေဒဂ တာရမ္မဏံ စတုတ္ထံ၊ဣတိစတ္တာရောဝ ဝုတ္တာ အနူနာ အနဓိကာ တိ။ ။သမောအဋ္ဌကထာ။ သုတ်မဟာဝါအဋ္ဌကထာ။ပဋိ သမ္ဘိဒါမဂ်အဋ္ဌကထာ။ ။ပန၊အမေးအဖြေထုတ်လိုက်ဦးအံ့၊ ကသ္မာ၊အဘယ့်ကြောင့်၊ဘဂဝတာ၊မြတ်စွာဘုရားသည်။အနူနာ၊ လေးပါးအောက်မယုတ်ကုန်သော။ အနဓိကာ၊လေးပါးထက်ပို လွန်ကုန်သော။စတ္တာရောဝ သတိပဋ္ဌာနာ၊ သတိပဋ္ဌာန်းလေးပါး တို့ကိုသာလျှင်။ဝုတ္တာ၊ဟောတော်မူအပ်ကုန်သနည်း။ဣတိ၊ ဤ ကားအမေးတည်း။ဝေနေယျဟိတတ္တာ၊ ဝေနေယျသတ္တဝါတို့၏ အစီးအပွါးဖြစ်ခြင်းကြောင့်၊ ဝုတ္တာ၊လေးပါးသာ ဟောတော်မူ အပ်ကုန်၏။ဟိ၊ထိုစကားကိုထင်ရှားအောင်ပြဦးအံ့။ မန္ဒတိက္ခဝ သေန၊ ဉာဏ်နုံ့သောသူ ဉာဏ်ထက်သောသူတို့၏အစွမ်းအား ဖြင့်၊ဒွိဓာပဝတ္တေသု၊ နှစ်ပါးအပြားအားဖြင့် ဖြစ်ကုန်သော။ တ ဏှာစရိတဒိဋ္ဌိစရိတ သမထယာနိက ဝိပဿနာယာနိကေသု၊ တဏှာအားကြီးသောသူ ဒိဋ္ဌိအားကြီးသောသူ၊ သမထလမ်းက တက်၍နိဗ္ဗာန်ကိုဝင်သောသူ ဝိပဿနာလမ်းကတက်၍နိဗ္ဗာန်ကို ဝင်သောသူတို့တွင်။မန္ဒဿ တဏှာစရိတဿ၊ ဉာဏ်နုံ့နုံ့နှင့်တ ဏှာအားကြီးသောသူအား။ဩဠာရိကံ၊ကြမ်းတမ်းရုံ့ရင်းသော ကာယာနုပဿနာသတိပဋ္ဌာနံ၊ကိုယ်ကြီးကိုပဋိကူလ အသုဘ သညာထင်အောင်ရှုရသောကာယာနုပဿနာသတိပဋ္ဌာန်သည်၊

ဝိသုဒ္ဓိမဂ္ဂေါ၊နိဗ္ဗာန်၏အကြောင်းတည်း။ ။တိက္ခဿတဏှာစရိတဿ၊ ဉာဏ်ပညာထက်ထက်နှင့် တဏှာအားကြီးသောသူအား။ဝေဒနာ နုပဿနာသတိပဋ္ဌာနံ၊ သာယာခံစားမှုဟူသော ဝေဒနာကို။ တဏှာကင်းပြတ်အောင် ဒုက္ခ ဒုက္ခဟု အဖန်ဖန်ရှုရသော ဝေဒနာနုပဿနာသတိပဋ္ဌာန်သည်၊ ဝိသုဒ္ဓိမဂ္ဂေါ၊နိဗ္ဗာန်၏အကြောင်းတည်း။ ။ဒိဋ္ဌိစရိတဿ မန္ဒဿ၊ဉာဏ်နုံ့နုံ့နှင့် ဒိဋ္ဌိအားကြီးသောသူအား။နာတိပ္ပဘေဒဂတံ၊ရာဂစိတ် ဒေါသစိတ်စသည်ဖြင့် မများလွန်းသော အပြားအားဖြင့် ဖြစ်သော။ စိတ္တာနုပဿနာသတိပဋ္ဌာနံ၊ ဝိညာဏက္ခန္ဓာဟူသော စိတ်နိုက် ဒိဋ္ဌိ၏အခြေခံအနေခံဖြစ်ကြသော နိစ္စဝသညာတ အယူကင်းဆိတ်အောင်။အနိစ္စအနိစ္စဟု။အဖန်ဖန်ရှုရသော။စိတ္တာနုပဿနာသတိပဋ္ဌာန်သည်၊ဝိသုဒ္ဓိမဂ္ဂေါ၊နိဗ္ဗာန်၏အကြောင်းတည်း။ ။တိက္ခဿဒိဋ္ဌိစရိတဿ၊ဉာဏ်ပညာထက်ထက်နှင့်ဒိဋ္ဌိအားကြီးသောသူအား။ အတိပ္ပဘေဒဂတံ၊ ကာမစ္ဆန္ဒ၊ ဗျာပါဒစသည်ဖြင့်။အလွန်များသောအပြားအားဖြင့်ဖြစ်သော။ ဓမ္မာနုပဿနာသတိပဋ္ဌာနံ၊သညာက္ခန္ဓာနှင့်သင်္ခါရက္ခန္ဓာတရားအစုတို့ကို၊ငါငါဟုအစွဲသန်လှ၍ အနတ္တအနတ္တဟု။ အဖန်ဖန်ရှုရသော ဓမ္မာနုပဿနာ သတိပဋ္ဌာန်သည်။ ဝိသုဒ္ဓိမဂ္ဂေါ၊ နိဗ္ဗာန်၏ အကြောင်းတည်း။ ။

---

ဒိဋ္ဌိ-တဏှာနှစ်ပါးဖြင့်ခွဲခြားပုံပြီး၏၊

သမထယာနိကဿ မန္ဒဿ၊ ဉာဏ်နုံ့နုံ့နှင့် သမထလမ်းကစ၍တက်သောသူအားလည်း။ အကိလေသေန၊ မငြိမ်မပင်ပန်းသဖြင့်။အဓိဂန္တဗ္ဗနိမိတ္တံ၊ရအပ်သောနိမိတ်ရှိသော၊ ပထမံသတိပဋ္ဌာနံ၊ကာယာနုပဿနာသတိပဋ္ဌာန်သည်၊ဝိသုဒ္ဓိမဂ္ဂေါ၊နိဗ္ဗာန်၏ အကြောင်းတည်း။ တိက္ခဿ သမထယာနိကဿ၊ ဉာဏ်ပညာထက်ထက်နှင့်၊ သမထလမ်းဘက်ကစ၍။ တက်သောသူ

အား၊ဩဠာရိကာရမ္မဏော၊ ကြမ်းထမ်းရုံ့ရင်းလှသောရုပ်အာရုံ၌၊ အသညဿဟာနတော၊ ကောင်းစွာ မတည်နိုင်သောကြောင့်။ ဒုတိယံ၊ဝေဒနာနုပဿနာသတိပဋ္ဌာန်သည်။ ဝိသုဒ္ဓိမဂ္ဂေါ၊နိဗ္ဗာန်၏အကြောင်းတည်း၊ဝိပဿနာယာနိကဿ မန္ဒဿ၊ ဉာဏ်နုံ့နုံ့နှင့်ဝိပဿနာလမ်းဘက်ကတက်သောသူအား။ နာတိပ္ပဘေဒဂတာရမ္မဏံ၊မများလွန်းသောအပြားအားဖြင့်ဖြစ်သောအာရုံရှိသော၊တတိယံ၊စိတ္တာနုပဿနာသတိပဋ္ဌာန်သည်။ဝိသုဒ္ဓိမဂ္ဂေါ၊နိဗ္ဗာန်၏အကြောင်းတည်း။ ။တိက္ခဿဝိပဿနာယာနိကဿ။ ဉာဏ်ပညာထက်ထက်နှင့်။ဝိပဿနာဘက်ကတက်သောသူအား။ အတိပ္ပဘေဒဂတာရမ္မဏံ၊အလွန်များသော အပြားအားဖြင့်ဖြစ်သောအာရုံရှိသော။ စတုတ္ထံ၊ သညာသင်္ခါရဘ်ကိုအနုတ္တထင်အောင်ရှုရသောဓမ္မာနုပဿနာသတိပဋ္ဌာန်သည်။ဝိသုဒ္ဓိမဂ္ဂေါ၊နိဗ္ဗာန်၏အကြောင်းတည်း။ ။အဓိပ္ပါယ်လွယ်ပြီ။ ။

## သမထဝိပဿနာနှစ်ပါးနှင့်ခွဲခြားပုံပြီး၏၊

### ၁၁၁။ ။သတိပဋ္ဌာန်လေးပါး၌ဝိပလ္လာသလေးပါးဖြင့်ကပ်ငြိဖေါက်ပြန်ပုံကိုပြခြင်း၊

သုဘသုခ နိစ္စ အတ္တဘာဝဝိပလ္လာသပ္ပဟာနတ္ထံဝါ၊ ကာယော ဟိ အသုဘော၊ တတ္ထသုဘဝိပလ္လာသဝိပလ္လတ္ထာ သတ္တာ၊ တေသံ တဿ အသုဘဘာဝဒဿနေန၊တဿ ဝိပလ္လာသဿ ပဟာနတ္ထံပထမံ သတိပဋ္ဌာနံ ဝုတ္တံ၊ သုခံ နိစ္စံအတ္တာတိ ဂဟိတေသုပိစ ဝေဒနာဒီသု ဝေဒနာ ဒုက္ခာ၊ စိတ္တံ အနိစ္စံ ဓမ္မာ အနတ္တာ၊ တေသုစသုခနိစ္စ အတ္တဘာဝ ဝိပလ္လာသ ဝိပလ္လတ္ထာ သတ္တာ၊တေသံ တတ္ထ ဒုက္ခာဒိဘာဝဒဿနေန၊ တေသံ ဝိပလ္လာသာနံပဟာနတ္ထံသေသာနိတီဏိဝုတ္တာနိ။ ငင်းအဋ္ဌကထာ၊ ။ ဝါ၊သတိပဋ္ဌာန်လေးပါးကို ဟောခြင်း၌ အကျိုးဘာနည်းကား။ သုဘသုခ နိစ္စအတ္တဘာဝ ဝိပလ္လာသပ္ပဟာနတ္ထံ၊ ရုပ်ဟူသော

ကိုယ်ကြီးကို။တင့်တယ်ပေစွ။လှပေစွဟု။သုဘအဖြစ်ဖြင့်။ ဖော်
ပြန်ခြင်း။သာယာခံစားမှုဝေဒနာကို။ ချမ်းသာပေစွ။ကောင်းပေ
စွဟု။သုခအဖြစ်ဖြင့် ဖောက်ပြန်ခြင်း။ သိတတ် ကြံတတ်သော
ဝိညာဏ်စိတ်ကို။ဘဝအဆက်ဆက်။ကမ္ဘာအဆက်ဆက်။သံသ
ရာအဆက်ဆက်တို့၌။မပျက်မစီးဘဲ။ ခိုင်မြဲလှပေစွဟု။ နိစ္စအဖြစ်
ဖြင့်ဖောက်ပြန်ခြင်း။မှတ်သားတတ်သော သညာအစု။ ပြုပြင်စီ
ရင်တတ်သည့်သင်္ခါရတရားအစုတို့၌ ခိုင်မြဲသောငါပင်ဖြစ်ပေစွ
ဟု။ အတ္တအဖြစ်ဖြင့်ဖော်ပြန်ခြင်းတို့ကိုပယ်ရှားတော်မူခြင်းအ
ကျိုးငှါ။စတ္တာရောဝသတိပဋ္ဌာနာ၊အယုတ်အလွန်မရှိသည့်၊သတိ
ပဋ္ဌါန်၄ပါးတို့ကိုသါသျှင်၊ဝုတ္တာ၊မြတ်စွာဘုရားဟောကြားတော်
မူအပ်ကုန်၏။ဟီ၊သိုစကားကိုတင်ရှားအောင်ပြအံ့။ကာယော၊ရူ
ပက္ခန္ဓာဟုဆိုရသောကိုယ်ကြီးသည်။အသုဘော၊မတင့်တယ်။မ
ဘွယ်ရာ။မလှပသော အသုဘကောင်းကြီးတည်း တတ္ထ၊ထိုကိုယ်
ဟူသောအသုဘကောင်ကြီး၌။သတ္တာ၊ သတ္တဝါတို့သည်။သုဘ
ဝိပ္လာသဝိပ္လာဿ၊တင့်တယ်ပေစွ လှပေစွဟုသုဘဟူသော
ဖောက်ပြန်ခြင်းဖြင့်ဖောက်ပြန်၍တည်ကုန်၏။တေသံ ထိုသတ္တ
ဝါတို့အား။ တတ္ထ၊ ထိုကိုယ်ကောင်ကြီးနိုက်။ အသုဘဘာဝ
ဒဿနေန။ မဘွယ်အရာမလှပသော သုဘအဖြစ်ကို ပြသဖြင့်။
တဿဝိပ္လာသဿ၊ထိုမတင့်တယ်မလှပသော။ အသုဘဖြစ်
သော ကိုယ်ကောင်ကြီးနိုက်။ တင့်တယ်လှပသော အသုဘ
ကောင်ဖြစ်သည်ဟုဖောက်ပြန်သော သုဘဝိပ္လာသကို။ပဟာ
နတ္ထံ၊ပယ်ခြင်းအကျိုးငှါ။ ပဌမံသတိပဋ္ဌာနံ၊ကာယာနုပဿနာ
သတိပဋ္ဌာန်ကို၊ဝုတ္တံ၊ ဟောတော်မူအပ်၏။ (ရုပ်ဟူသောကိုယ်
ကြီးမှာသုဘသညာဖြင့်ဖောက်ပြန်၍ တဏှာငြိကပ်နေသည်ကို
ပယ်လို၍ ကာယာနုပဿနာသတိပဋ္ဌာန်ကိုဟောတော်မူသည်
ဆိုလိုသည်။သုခံ၊သာယာခံစားမှုဟူသောသုခဝေဒနာသည်ချမ်း
သာ၏။ နိစ္စံ၊ ကြံတတ်သိတတ်သောစိတ်ဝိညာဏ်သည်ခိုင်မြဲ၏။
အတ္တာ၊ မှတ်သားမှုသညာနှင့် ပြုပြင်မှုသင်္ခါရတို့ကို နိစ္စ ဓဝ

သသ်တာလက္ခဏာရှိသောငါတည်း။ ဇာတိ၊ ဤသို့။ ဂဟိတော သု
ပိ၊ ဖောက်ပြန်သောအားဖြင့်ယူအပ်သည်လည်းဖြစ်ကုန်သော။
ဝေဒနာဒိသုစ၊ဝေဒနက္ခန္ဓာ၊ဝိညာဏက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါ
ရက္ခန္ဓာတို့နှိုက်လည်း။ဝေဒနာ၊ဝေဒနာသည်။ဒုက္ခံ၊ဒုက္ခတည်း။
စိတ္တံ၊စိတ်သည်။အနိစ္စံ၊ ခိုင်မြဲခြင်းမရှိ။ ဓမ္မာ၊ သညာသင်္ခါရတို့
သည်။ အနတ္တာ၊ ခိုင်မြဲသော သတ္တိရှိသောငါဟုထင်သည့် ဝိ
ညာဏ်အသက်မဟုတ်ကုန်။ ဧတေသုစ၊ ထိုဒုက္ခဖြစ်သောဝေဒ
နာ။မမြဲသောစိတ်။မြဲသောငါမဟုတ်သည့် သညာ သင်္ခါရတို့
၌လည်း။သတ္တာ၊သတ္တဝါတို့သည်။သုခနိစ္စအတ္တဘာဝဝိပ္ပလ္လာသ
ဝိပ္ပလ္လတ္ထာ၊ ချမ်းသာသောသုခခိုင်မြဲသော နိစ္စ၊ခိုင်မြဲလှစွာငါဟု
သောအတ္တ၏အဖြစ်ဟူသောဖောက်ပြန်ခြင်းဖြင့်ဖောက်ပြန်၍တည်
ကြကုန်၏။ တေသံ၊ ထိုသတ္တဝါတို့အား။ တတ္တ၊ ထိုနာမက္ခန္ဓာ
လေးပါးနှိုက်။ဒုက္ခဘာဝဒဿနေန၊ ဝေဒနာကိုဒုက္ခ၊ စိတ်ကို
အနိစ္စ။ သညာသင်္ခါရတို့၏ အနတ္တအဖြစ်ကိုပြသဖြင့်၊ တေသံ
ဝိပ္ပလ္လာသာနံ၊ထိုသုခဝိပ္ပလ္လာသ နိစ္စဝိပ္ပလ္လာသ အတ္တဝိပ္ပလ္လာသ
တို့ကို၊ပဟာနတ္ထံ၊ ပယ်ခြင်းအကျိုးငှါ။ သေသာနီတိကာ၊ ကြွင်း
ကုန်သောဝေဒနာနုပဿနာ၊စိတ္တာနုပဿနာ၊ဓမ္မာနုပဿနာသတိ
ပဋ္ဌာန်တို့ကို၊ဝုတ္တာ၊ဟောတော်မူအပ်ကုန်၏။ ။ဤကားအနက်။ ။
အဓိပ္ပါယ်လွယ်ပြီ။ ။ဤအဋ္ဌကထာကြီးတို့ကိုအကျယ်ထုတ်ပြ
သည်ကား။ နောက်ကပြခဲ့သောစကားကိုခိုင်မြဲစေလို၍ ပြသ
တည်း။ဤအဋ္ဌကထာစကားရပ်တို့ကိုသတိပြုလျက်။ ဝိပဿနာ
ယောဂီ ပုဂ္ဂိုလ်မြတ်တို့သည်၊ရုပ်နာမ်နှစ်ပါးတို့တွင် ဘယ်ခန္ဓာ
ဘယ်အာယတန ဘယ်ဓာတ်နှိုက်၊တဏှာ၊စွဲမူးစိုက်သည်။ ဘယ်
ခန္ဓာ၊ဘယ်အာယတန။ဘယ်ဓာတ်နှိုက်ဒိဋ္ဌိစွဲမူးစိုက်သည်ဟု။ နာ
နာကြပ်ကြပ်သတိချပ်လျက်။ မပြတ်မလပ်နှိုင်းချိန်နစ်နော၍
ဒိဋ္ဌိတဏှာကိုခွါရမည်ဟုကြံစီစဉ်းစား နှလုံးထားထိုက်လှလေ
သတည်း။ ။ဝိပဿနာရှုရန်ထင်မြင်ရန်လွယ်ကူသည့်နည်း
ကိုပြသော်အဋ္ဌကထာတို့အထိုင်းမလုပ်ဘဲ၊ရုပ်မှာဒိဋ္ဌိကိုခွါခြင်း။

နာမ်မှာတဏှာကိုခွါခြင်းစသည့်ဖြင့်။ ဝိပဿနာရှုသော်လည်း။ ငရဲကြီးသည်ဟူ၍အပါးမရှိ။ မျက်စိလည် လမ်းသွား သကဲ့သို့။ မှန်းထားရည်ရွယ်ရင်း နိဗ္ဗာန်ဘဏ္ဍာကွာရန် ခရီးလမ်းကို။ ဖြောင့်တန်းစွာယုတ်တရက်ရှောင်တခင်အလျင်အမြန် မရောက်ထည့်နိုင်ဘဲသော်ငြား။ လုံးလုံးမရောက် ဘဲသော်ငြား။ ဖြစ်ရုံမျှရှိချိမ့်မည်။ သတိကြပ်ကြပ်မှုကုန်ရာသတည်း။ ။အချုပ်ကား။ ပုထုဇန်ကသောတာပန်ဖြစ်လိုသူဘို့သည်။ ဝေဒနာကိုအနိစ္စနှင့် အနတ္တ။ သညာနှင့်သင်္ခါရကိုအနတ္တ။ စိတ်ဝိညာဏ်ကိုအနိစ္စရှုနိုင်ကကိစ္စပြီးလောက်ပြီ။ အထက်မဂ်အလို့ငှါဟောတော်မူသည့်။ ရူပက္ခန္ဓာကိုအသုဘ။ ဝေဒနက္ခန္ဓာကိုဒုက္ခရှုမှုသည် မလိုလှသေးဆိုလိုသည်။ ။

---

## ၁၀၂။ ။ရူပက္ခန္ဓာနိုက်သမထဝိပဿနာနှစ်ချပ် မှားတတ်သည်ကိုပြခြင်း။

ဤခန္ဓာငါးပါး။ သတိပဋ္ဌာန်လေးပါးတို့တွင်။ ကာယာနုပဿနာနှင့်ရူပက္ခန္ဓာသည်အတူတူပင်ဖြစ်၍ ကိုယ်ကြီးသည်ပင်လျှင်ရုပ်။ ရုပ်သည်ပင်လျှင်ကိုယ်ဖြစ်သည်ဟု ယုံကြည်စွာမှတ်ထားကြသဖြင့်။ အနိစ္စဒုက္ခအနတ္တရှုမှုတို့မှာ လွန်စွာထွေးရှက် အသိအမှတ် ခက်လှသောကြောင့်။ ကာယာ နုပဿနာဟူသော ရူပက္ခန္ဓာကမ္မဋ္ဌာန်းကို။ ဟောပြောရေးသားသူ နေရာမကျလျှင်သမထသည် ဝိပဿနာ ရောင်ရောင်၊ ဝိပဿနာသည် သမထရောင်ရောင်ဖြစ်နေတတ်၍။ ကြပ်ကြပ်သတိပြုရမည်၊ ပြုပုံကား။ မြတ်စွာဘုရားသည်ဘယ်သုတ်ဘယ်ပါဠိတော်နိုက် ပညတ်ဖြစ်သော ပဋိကူလအသုဘကိုရှုရန်။ သမထအားဖြင့်ဟောတော်မူသည်။ ဘယ်သုတ်ဘယ်ပါဠိတော်နိုက် ပရမတ်ဖြစ်သောဓာတ်ကို။ အတ္တ သတ္တ အယူပျောက်အောင် ဝိပဿနာအားဖြင့်ဟောတော်မူသည်ကိုသိရန် အလွန်လိုလှလေသည်ဟူ။ ။အခါ

ဝိကရောန္တေန ပန ဣဒံ ကမ္မဋ္ဌာနံ ဣမသ္မိံ သုတ္တေ ပဋိက္ကူလဝသေန ကထိတံ၊အသုကသ္မိံ ဓာတုဝသေနာတိ ဉတွာဝ အာဝိကာတဗ္ဗံ၊ ဣဒဉှိ မဟာသတိပဋ္ဌာနေ ပဋိက္ကူလဝသေန ကထိတံ၊မဟာ ဟတ္ထိပဒေါပမ မဟာရာဟုလောဝါဒ ဓာတုဝိဘင်္ဂေသု ဓာတုဝ သေန ကထိတံ၊ ကာယဂတာ သတိသုတ္တေ ပန ယဿ ဝဏ္ဏော ဥပဋ္ဌာတိ၊တံသန္ဓာယ စတ္တာရိ ဈာနာနိ ဝိဘတ္တာနိ၊တတ္ထ ဓာတုဝသေန ကထိတံ ဝိပဿနာကမ္မဋ္ဌာနံ ဟောတိ၊ပဋိက္ကူလ ဝသေန ကထိတံ သမထကမ္မဋ္ဌာနံ။ ၊ဟူ၍သမောဝိသုဒ္ဓိမဂ် အဋ္ဌကထာကြီးတို့နှိုက်မိန့်ဆို၏။ ။အနက်ကား။ ။ပန၊ ကမ္မဋ္ဌာန်းဆရာနေရာမကျလျှင် သမထနှင့် ဝိပဿနာနှစ်ရပ်တို့ မှားတတ်သည်ကိုပြအံ့။ ဣဒံကမ္မဋ္ဌာနံ၊ ဤကောဋ္ဌာသကမ္မဋ္ဌာန်း ကို။ အာဝိကရောန္တေန၊ ရေးသားဟောပြောသော ကမ္မဋ္ဌာန်းဆရာ သည်။ ဣမသ္မိံသုတ္တေ၊ ဤသုတ်နှိုက်။ ပဋိက္ကူလဝသေန၊ လက္ခ ဏာရေးသုံးပါးတင်၍မရအပ်သည့်ပညတ်ကို ရွံ့ရှာဘွယ်ဟုရှု ရသော အသုဘအစွမ်းအားဖြင့်။ ကထိတံ၊ ဟောအပ်၏။ အသု ကသ္မိံ၊ ဤမည်သောသုတ်နှိုက်၊ ဓာတုဝသေန၊ လက္ခဏာရေး သုံးပါးတင်၍ရအပ်သည့်ပရမတ်ဓာတ်၏အစွမ်းအားဖြင့်။ကထိ တံ၊ဟောတော်မူအပ်၏။ ဉတွာဝ၊ဤသို့ပိုင်ပိုင်နိုင်နိုင်သိပြီးမှ။ ဝ၊ ပိုင်ပိုင်နိုင်နိုင်သိအောင်လုပ်ပြီးမှ၊ အာဝိကာတဗ္ဗံ၊ ရေးသား ဟောပြောအပ်၏။ဟိ၊ မသိသူများကို သိသွားအောင်ပြလိုက်အံ့။ ဣဒံ၊ဤကောဋ္ဌာသကမ္မဋ္ဌာန်းကို။မဟာသတိပဋ္ဌာနေ၊ မဟာသ တိပဋ္ဌာန်သုတ်ပါဠိတော်နှိုက်။ပဋိက္ကူလဝသေန၊ ရွံ့ဘွယ်ရာ ဟုရှုရသော အသုဘအစွမ်းအားဖြင့်သာလျှင်။ကထိတံ၊ ဟော အပ်၏။မဟာဟတ္ထိပဒေါပမမဟာရာဟုလောဝါဒဓာတုဝိဘင်္ဂေ သု၊မဟာဟတ္ထိပဒေါပမသုတ်မဟာရာဟုလောဝါဒသုတ်။ဓာတု ဝိဘင်္ဂသုတ်တို့၌၊ ဓာတုဝသေန၊ လက္ခဏာရေးတင်၍ရအပ်သည့် ပရမတ်ဓာတ်၏အစွမ်းဖြင့်။ကထိတံ၊ ဟောတော်မူအပ်၏။ ကာ ယဂတာသတိသုတ္တေပန၊ ကာယဂတာသတိသုတ်နှိုက်ကား။

ယသသ။အကြင်သူအား။ဝဏ္ဏတော။အဆင်းအားဖြင့်။ ဥပဋ္ဌာတိ။ ထင်၏။တံ။ထိုအဆင်းအါးဖြင့်ထင်သူကို။သန္ဓာယ။ရည််၍။စတ္တာ ရိဈာနာနိ။လေးပါးသောဈာန်တို့ကို။ဝိဘဇ္ဇာနိ။ ဟောကြားဝေ ဘန်တော်မူအပ်ကုန်၏။တတ္တ။ထိုကောဋ္ဌာသကမ္မဋ္ဌာန်းကိုဟော ပြရာ၊ပါဠိတော်တို့တွင်။ ဓာတုဝသေန။ လက္ခဏာရေးတင်၍ရ အပ်သည့် ပရမတ်ဓာတ်အစွမ်းအားဖြင့်၊ကထိတံ။ ဟောအပ် သောပါဠိတော်သည်၊ဝိပဿနာကမ္မဋ္ဌာန်း၊ငါငါဟုအထင်ရှိနေ သည့် ဒိဋ္ဌိကိုပျောက်အောင်ကြည့်ရသောဝိပဿနာကမ္မဋ္ဌာန်း သည်။ဟောတိ။ဖြစ်။ပဋိကူလဝသေန၊ဒိဋ္ဌိကွာ၍။ သောတာပန် ဖြစ်ပြီးသူတို့မှာအနာဂါမ်။ရဟန္တာအဖြစ်သို့တက်အောင်လက္ခ ဏာရေးတင်၍မရအပ်သည့်၊ဆံပင်စသောကောဋ္ဌာသပညတ်စု ကို။အသုဘရှုရသော။ပဋိကူလအစွမ်းအားဖြင့်။ ကထိတံ၊ဟော တော်မူအပ်သောပါဠိတော်သည်၊သမထကမ္မဋ္ဌာန်း၊ဈာန်ကိုသာ ရနိုင်သည်။သမထကမ္မဋ္ဌာန်းသည်။ဟောတိ။ဖြစ်၏။ ။ဤကား အနက်။ ။

## ၁၁၃။ ။အရိုးစုထင်ရာတွင်၊ရဟန္တာဖြစ်သွား သောဝတ္ထုကိုပြခြင်း။

ဤအဋ္ဌကထာကြီးတို့၏ အဓိပ္ပါယ် အချုပ်ကား။ ဒွတ္တိံသ ကောဋ္ဌာသကမ္မဋ္ဌာန်းကိုဟောပြတော်မူရာသတိပဋ္ဌာနသုတ်အ မျိုးမျိုးတို့တွင်၊အချို့သုတ်။အချို့ပါဠိတော်တို့မှာ။ပုထုဇန်တွေကို ဒိဋ္ဌိကွာ၍ သောတာပန်ဖြစ်အောင် ရှုကြည့်ရသော ဝိပဿနာ ဓာတ်ကမ္မဋ္ဌာန်းလုပ်၍ဟောတော်မူသည်၊ ။

အချို့သုတ်။အချို့ပါဠိတော်တို့မှာ၊သောတာပန်ဖြစ်ပြီးအရိ ယာတို့ကိုတဏှာကွာ၍အနာဂါမ်ရဟန္တာဖြစ်အောင် ရှုကြည့် ရသောပဋိကူလ။အသုဘကမ္မဋ္ဌာန်းလုပ်၍ဟောတော်မူသည်။ **အချို့သုတ်။** အချို့ပါဠိတော်တို့မှာ သမာဓိရရုံမျှ၊ဈာန်ကိုရရုံမျှ ကာယဂတာသတိကမ္မဋ္ဌာန်း။ အသုဘ သမထကမ္မဋ္ဌာန်းလုပ်

၍ဟောတော်မူသည့်၊ ထိုစကားသည့်မှန်၏။ စေတိယတောင်မှ အနုရာဓမြို့တွင်းသို့ဆွမ်းခံလာသော မဟာတိဿမထေရ်ကို၊ လင်နှင့်ရန်ဖြစ်ကြ၍မိဘအိမ်ပြန်လာရန်၊ တန်ဆာတို့ဖြင့် ဝတ်ဆင်ပြီးသော နတ်သမီးနှင့်တူစွာသော မိန်းမတယောက်သည် အနုရာဓမြို့အထွက်တွင်မထေရ်ကိုမြင်ရာ၊ လွန်စွာကြိုက်ချစ်၊ အော်ဟစ်ပြုံးရယ်သော မိန်းမအသံကိုကြားရာ၊ ဘာသံဖြစ်သနည်းဟု စုံစမ်းလိုသည့်အတွက်စက္ခုန္ဒြေကိုလွှတ်၍ကြည့်လိုက်ရာတွင်။ မိန်းမ၏သွားရိုးတို့ကိုမြင်ရ၊ အသုဘသညာကိုရ၍၊ အာသဝလေးဖြာကင်းစင်ကွာသော ရဟန္တာအဖြစ်သို့ရောက်ကြောင်းကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ မဟာနိဒ္ဒေသအဋ္ဌကထာတို့၌။

တဿာ ဒန္တဋ္ဌိကံ ဒိသွာ၊ ပုဗ္ဗသညံ အနုဿရိ။
တတ္ထေဝ ဌိတော ထေရော၊ အရဟတ္တံ အပါပုဏိ။ ။

ဟုမိန့်ပြီ။ ။အနက်ကား။ ။တဿာ၊ ထိုလင်နှင့်ရန်မင်း၊ တန်ဆာဆင်လျက်၊ မိခင်ထံသာ၊ လမ်းမှာထေရ်ကို၊ နှစ်လိုကြိုက်ချစ် အော်ဟစ်ရယ်ထ ထိုမိန်းမ၏၊ ဒန္တဋ္ဌိကံ၊ သွားရိုးကို၊ ဒိသွာ၊ မြင်ရ၍၊ ပုဗ္ဗသညံ၊ ရှေးအခါကပင်၊ လေ့လာရင်းရှိပေသော၊ အဋ္ဌိကသညာကို၊ အနုဿရိ၊ ဉာဏ်နှင့်လျှောက်၍ အောက်မေ့ဆင်ခြင်လေပြီ။ သော၊ ထိုမဟာတိဿထေရ်သည်၊ တတ္ထေဝ၊ ထိုမြင်ရာအရပ်၌ပင်လျှင်၊ အရဟတ္တံ၊ အာသဝေါကုန်ခမ်းသော ရဟန္တာအဖြစ်သို့၊ အပါပုဏိ၊ ရောက်လေပြီ။ ။ဤသို့လာရှိသည့်အတိုင်း စေတိယတောင်မှအနုရာဓမြို့တွင်းသို့ဆွမ်းခံလာရာ၊ လမ်းခရီးအကြားတွင်မိန်းမအရိုးစုကိုအသုဘထင်မြင်၍ ရဟန္တာဖြစ်ပြီးမှ။ ထိုမိန်းမလမ်းခရီးကိုနောက်ထပ်လိုက်လာသောလင်ယောကျာ်းက၊ မထေရ်ကိုမြင်၍၊ အရှင်ဘုရား၊ မိန်းမတယောက်ကို မမြင်လိုက်ပါဘူးလားဟုမေးလျှောက်ရာတွင်၊ မဟာတိဿထေရ်မြတ်က၊

နာဘိဇာနာမိ ဣတ္ထီ ဝါ၊ ပုရိသော ဝါ ဣတော ဂတော။
အပိစ အဋ္ဌိသင်္ဃာတော၊ ဂစ္ဆတေသ မဟာပထေ။ ။

ဟုဖြေဆို၏။ ။အနက်ကား။ ။ဣတော၊ ဤခရီးလမ်းဖြင့်။

ဂတော။ သွားလေသောသူသည်။ ဣတ္ထိဝါ၊မိန်းမဟူ၍၎င်း။ပုရိသောဝါ၊ယောကျ်ားဟူ၍၎င်း။အဟံ။ငါတိဿသည်၊နာဘိဇာနာမိ။မသိလိုက်ပေ။အပိစ၊ ငါတိဿသည်သိလိုက်သည်မှာမူကား။ မဟာပထေ၊ လူသူလေးဖြာ သွားရာခရီး။ လမ်းမကြီး၌၊ဂစ္ဆတိ။သွားသော၊ဇေသဇေ၊သော၊၍သူသည်ကား။ အဋ္ဌိသင်္ဃာဋော။ အရိုးစုသာတည်း။ ဝါ၊ အရိုးစုသာ ဖြစ်သော။ ဇေဇေသော။ ထိုသင်္ဃာဝါသည်။ဂစ္ဆတိ၊သွားလေ၏။ ။

## ၁၁၄၊ ။၎င်းဝတ္ထုတွင်။အဓိပ္ပါယ်အယူတိမ်းတတ်သည့်ကိုပြခြင်း။

ဤအဋ္ဌကထာ၌ပြသောမဟာတိဿထေရ်၏ ရဟန္တာဖြစ်ပုံမှာ။သာမညအနုပညာဝါတို့သည် လွန်စွာယောင်ယမ်းစရာ။ အထင်အမြင်မှားစရာတွေများပုံကား။ ။တဿ။ထိုမိန်းမ၏။ဒန္တဋ္ဌိကေ၊သွားရိုး၌။အသုဘသညံ၊အသုဘသညာကို။ပဋိလဘိတွာ။ရ၍၊အရဟတ္တံ၊ရဟန္တာအဖြစ်သို့။ပါပုဏိ။ရောက်လေ၏။ ၊ဟူ၍ မိန်းမသွားရိုး၌အသုဘသညာထင်ရုံမျှနှင့်ရဟန္တာဖြစ်၏ဟု ဆိုရာရောက်နေသောကြောင့်၊ သမထနှင့် မဂ်ရတော့သလိုဖြစ်၍နေ၏။ ဤအဋ္ဌကထာသညာကား။ ဝိပဿနာမဟုတ်။ သမထလေးဆယ်တို့တွင်အသုဘဆယ်ပါးမှာပါသော(အဋ္ဌိကံ)ဟူသော သမထကမ္မဋ္ဌာန်းတည်း။အနုဿတိဆယ်ပါးမှာ ကာယဂတာသတိကမ္မဋ္ဌာန်းမှာလည်းအဋ္ဌိကံကမ္မဋ္ဌာန်းပါသေး၏၊ထိုကြောင့်သမထသက်သက်သာဖြစ်နေကြသော၊ဒွတ္တိံသကောဋ္ဌာသ။ ကာယဂတာသတိကမ္မဋ္ဌာန်း။ အဋ္ဌိကကမ္မဋ္ဌာန်းတို့နှင့်ပင်။ မဂ်ရသကဲ့သို့ပြဆိုထားသောကြောင့်။ များစွာ ယောင်ယမ်းစရာ။ အထင်အမြင်မှားစရာတွေ များလှပေသတည်း။ ယောင်ယမ်းသူတွေထင်မြင်မှားနေသူတွေလည်း အသင်္ချေ။အနန္တ များပြားလှလေကုန်၏၊ယောင်လည်းယောင်ယမ်းစရာ။အထင်အမြင်လည်း

မှားစရာလွန်စွာကောင်းသော အချက်ပင်ဖြစ်သည်။ သို့ပင်အ
ထင်အမြင်မှားစရာကောင်းသော်လည်း။ကောဋ္ဌာသ ကမ္မဋ္ဌာန်း
ကိုရှုရုံ။ အသုဘ ၊ ဉာဏ်ထင်ရုံမျှ၊ သမထ သက်သက်နှင့်ဖြင့်၊
မဂ်မရနိုင်သေးဘူးဆိုတာကိုသာ။နာနာကြပ်ကြပ်မှတ်ရမည်။

အဘယ်ကြောင့်နည်းဟုဆိုလျှင်ယခင်မဟာတိဿထေရ်ရ
ဟန္တာဖြစ်သွားပုံကိုပြရာ။အဋ္ဌကထာတို့ကိုဘွင့်ပြရာ မဟာဋီ
ကာ၌။မဟာတိဿထေရ်သည်။ထိုရယ် ရွှင်လိုက်သောမိန်းမ၏
သွားရိုးကိုမြင်ရခြင်းကြောင့်သာလျှင်။ ရှေ့အခါက။လေ့လာ၍။
ထားဘူးသော။အဋ္ဌိကကမ္မဋ္ဌာန်း၏ ပဋိဘာဂနိမိတ်သည်။ လွန်
ကဲစွာထင်လာ၍။ဥပစာရ ဈာန်ကိုရပြီးမှ။ထိုနေရာ၌ရပ်လျက်ပင်
လျှင်။ပထမဈာန်ကိုရ၍။ထိုပထမဈာန်ကိုအခြေပြု၍၊ဝိပဿနါရှု
ရာတွင်မှ။မဂ်စဉ်အတိုင်းဒိဋ္ဌိကွာ၍သောတာပန်။ကာမရာဂ။ဗျာ
ပါဒတရားတို့ခေါင်းပါး၍ သကဒါဂါမ်။ ၎င်းကာမရာဂ။ဗျာပါဒ
တရားတို့ကိုအကြွင်းမရှိပယ်သတ်၍အနာဂါမ်။ရူပရာဂ။ အရူပ
ရာဂ။မာနဥဒ္ဓစ္စ။အဝိဇ္ဇာတို့အကုန်ပြတ်ရာတွင်မှအရဟတ္တမဂ်သို့
ရောက်၍။အာသဝေါလေးတန်ကုန်ခမ်းသောရဟန္တာ ဖြစ်သွား
သည်ဟု။သမထအတွက်ကဈာန်ကိုသာရ၍။ ဝိပဿနာတက်မှ။
မဂ်ရကြောင်းကိုသေသေချာချာဘွင့်ပြတော်မူသည်။ ထိုကြောင့်
မဟာဋီကာ၌။ ။အရဟတ္တံပါပုဏိတိထေရောတဿာဟသန္တိ
ယာဒန္တဋ္ဌိဒဿနေနေဝ။ပုဗ္ဗဘာဂဘာဝနာယ၊သုဘာဝိတတ္တာ
ပဋိဘာဂနိမိတ္တံ။သာတိသယံ ဥပ္ပဇ္ဇ။ဥပစာရဈာနံ လဘိတွာ၊ယထာ
ဌိတောဝ တတ္ထပဌမဈာနံအဓိဂန္တွာတံ ပါဒကံကတွာဝိပဿနံ
ဝဍ္ဎေတွာမဂ္ဂပရမ္ပရာယအာသဝက္ခယံပါပုဏိ။ ။ဟုမိန့်အပ်ပြီ။

အနက်ကား။ ။အရဟတ္တံပါပုဏိတိ အရိုးစုကိုမြင်ရ၍ အာ
ရဟတ္တမဂ်သို့ရောက်၏ဆိုသည်ကား။ ထေရော။ မဟာတိဿ
ထေရ်သည်။ဟသန္တိယာ။အော်ဟစ်၍ရယ်လိုက်သော။တဿာ
ထိုမိန်းမ၏။ဒန္တဋ္ဌိဒဿနေနေဝ။သွားရိုးကိုမြင်ရသဖြင့်သာလျှင်။
ပုဗ္ဗဘာဂဘာဝနာယ။ ရှေးအခါက။ လေ့လာလျက် ရှိသော။

အဋ္ဌိကဘာဝနာကို၊ သုဘာဝိတတ္တာ၊ လွန်စွာပွားအပ်သည့် အ
ဖြစ်ကြောင့်၊ ပဋိဘာဂနိမိတ္တဉ္စ၊ ပဋိဘာဂနိမိတ်ကိုလည်း၊ သါတိသ
ယံ၊ လွန်ကဲသော၊ ဥပစာရဈာနဉ္စ၊ ဥပစာရသမာဓိကိုလည်း၊ လ
ဘိတွာ၊ ရ၍၊ ယထာဌိတောဝ၊ ရပ်လျက်ပင်လျှင်၊ တတ္ထ၊ ထိုအ
ရပ်၌၊ ပထမဈာနံ၊ ပထမဈာန်ကို၊ အဓိဂတွာ၊ ရ၍၊ တံ၊ ထိုပထမ
ဈာန်ကို၊ ပါဒကံ ကတွာ၊ အခြေပြု၍၊ ဝိပဿနံ၊ အဋ္ဌိကသညာနှင့်
ရလာသောဈာန်တရား၏မခိုင်မြဲမှု၊ ဆင်းရဲမှု၊ ငါမဟုတ်မှုတို့ကို
ရှုကြည့်ရသောဝိပဿနာကို၊ ဝဍ္ဎေတွာ ပွါးများသည်ရှိသော်၊
မဂ္ဂပဋိပါဋိယာ၊ မဂ်အဆက်ဆက်အားဖြင့်၊ အာသဝက္ခယံ၊ သော
တာပတ္တိမဂ်တွင်၊ ဒိဋ္ဌာသဝကုန်ခြင်း၊ သကဒါဂါမိမဂ်တွင်၊ ကာ
မါသဝခေါင်းပါးခြင်း၊ အနာဂါမိမဂ်တွင်၊ ကာမာသဝအကြွင်းမဲ့
ပြတ်ခြင်း အရဟတ္တမဂ်တွင်၊ ဘဝါသဝ၊ အဝိဇ္ဇာသဝ နှစ်ပါးတို့
၏ကုန်ခမ်းသောရဟန္တာအဖြစ်သို့၊ ပါပုဏာတိ၊ ရောက်လေ၏။ ။ ဤ
ကားအနက်၊ ။

ဤအဋ္ဌကထာဋီကာတို့ကိုထောက်ဆ၍၊ အဋ္ဌိကကမ္မဋ္ဌာန်း၊
ကောဋ္ဌာသကမ္မဋ္ဌာန်းတို့သည်၊ သမထကမ္မဋ္ဌာန်း သက်သက်ဖြစ်
၍၊ မဂ်မရနိုင်သောအရာကိုကောင်းစွာဉာဏ်ဖြင့်သက်ဝင်၊ ဆင်
ခြင်နှစ်နော၊ သဘောကြီးကြီးထားလျက်၊ ရေးသားပြောဟော
နိုင်ပါမှ၊ သမထမှန်း၊ ဝိပဿနာမှန်း၊ ဒိဋ္ဌိခွါမှန်း၊ တဏှာခွါမှန်းကို၊
တန်းတန်းမတ်မတ်၊ ပိုင်းပိုင်းခြားခြားသိကြ၍၊ မိမိတို့ အလိုရှိ
တိုင်း၊ ရည်သန်တောင့်တလျက်ရှိကြသောမဂ်တရားဖိုလ်တရား
များကို၊ မဆိုင်းမတွ၊ ကာလမကြာ၊ မြန်စွာ ပေါက်ရောက်နိုင်ရန်
ရှိသည်။ ။

သမထနှင့်ဝိပဿနာ၊ ဒိဋ္ဌိခွါနှင့်တဏှာခွါကို သေချာစွာမသိ
ကြဘဲ၊ ထင်မိထင်ရာကိုသာ၊ ယမ်းနေဦးက၊ လမ်းမသိသူခရီး
သွားသကဲ့သို့၊ အလကားအချိန်ကိုဖြုန်းလျက်၊ အရေးအကြီးဆုံး
ဖြစ်သောဒိဋ္ဌိခွါရန်အချက်ကို၊ သက်သက်နားမလည်၍၊ ဒိဋ္ဌိခွါရန်
အကြံအစီကို၊ ကြံစီအားထားခြင်းမရှိသူတို့သည်၊ မြတ်စွာဘုရား

သခင်ကိုးပင်တွေမြင်သူမဆိုရအောင်၊လွန်စွာနစ်နာဆုံးရှုံးရန် ရှိသည့်လည်းတကြောင်း။

ဒိဋ္ဌိကိုရှေးဦးစွာမခွါဘဲ။ တဏှာကိုတက်ခွါ၍။ ယင်းတဏှာလည်းမကွာမပြတ်နိုင်က။သာသနာ့ဥပရသေ့တို့လောက်မှ။ ခရီးမရောက်ဘဲ။ပေါက်လွှတ်ဒလကြမ်း။ဘယမ်းဘတာ။ဂတ်ရှိသောပုထုဇန်အဖြစ်နှင့်သာ။ သေတတ်သည်။ ဒိဋ္ဌိကိုခွါ၍ နေသူများသည်။အဖျင်းဆုံးမိဘ်ဆုံးအားဖြင့်၊ဂတိအလားမြဲသူ။ စူဠသောတာပန်လမ်းစခန်းသို့။ တန်းတန်းမတ်မတ် ဆိုက်စေ ရောက်စေတတ်သည်ဖြစ်၍ သာသနာ့တော်ရောင်ဖြင့်။တပြောင်ပြောင်တဝင်းဝင်း။ ထွန်းလင်းတောက်ပသိုက် အခါနှင့်။ ကောင်းစွာ ကြိုကြိုက်ကြရသောပညာရှိသူ၊ ရှင်လူရဟန်းတို့သည်။သာသနာပသုညကမ္ဘာတို့၌လည်း။ လောကီပညာရှိတို့ပင်။ မိမိတို့ဇာတိဉာဏ်ဖြင့်ဝေဘန်ပေးပြတတ်ကြသည့်။ ကမ္မဿကတာသမ္မာဒိဋ္ဌိ။ဈာနသမ္မာဒိဋ္ဌိဟူသောဒါန။သီလ သမထလောက်မျှနှင့်။အားရဟန်းတိမ်မနေကြသေးမူ၍ သဗ္ဗညုမြတ်စွာဘုရားတို့မှ။ ဟောကြားပညတ်တော်မူနိုင်ကြသော၊သစ္စာနုလောမိက။ ဝိပဿနာသမ္မာဒိဋ္ဌိဟူသော ယထာဘူတဉာဏ်သို့ ရောက်ရှိမျှလောက်ကို။ နောက်မဆုတ် ကြံစီပွားများ အားထုတ်သင့်သည်ကို ယုံကြည်စွာမှတ်ယူကြကုန်ရာသတည်း။ ။

ဒိဋ္ဌိခွါနှင့်တဏှာခွါထူးချားပုံကိုနောက် (ဃ)အမှတ်အခန်းကပြခဲ့ပြီ။ သမထနှင့် ဝိပဿနာ ထူးချားပုံကိုလည်း။ ၄၆သတ်ခဏ်းခေတ်ကမ္မဋ္ဌာန်း။ နိဗ္ဗာန်ပေါက်လမ်း ခေတ်ကမ္မဋ္ဌာန်းတို့မှာမကျဉ်းမကျယ်ပြအပ်ပြီဖြစ်၍။ ဤကမ္မဋ္ဌာန်းကျမ်း၌မပြပြီ။ ။ အကျယ်ကိုသိလိုမူ။ သံသရာ ဖြတ်ခဏ်း ခေတ်မှဋ္ဌာန်းကျမ်းကြီးမှာကြည့်၍အကျယ်သာလိမ့်မည်။ ။

## ၁၁၅။ ။ရူပက္ခန္ဓာကိုအသုဘဟုရှုခြင်း၏အကျိုးကိုပြခြင်း။

ဝိသေသတော စ အဇ္ဈတ္တိကရူပံ အသုဘတော ပဿန္တော ကဗဠီကာရာဟာရံ ပရိဇာနာတိ၊ အသုဘေ သုဘန္တိ ဝိပလ္လာသံ ပဇဟတိ၊ ကာမောဃံ ဥတ္တရတိ၊ ကာမယောဂေန ဝိသံယုဇ္ဇတိ၊ ကာမာသဝေန အနာသဝေါ ဟောတိ၊ အဘိဇ္ဈာ ကာယဂန္ထံ ဘိန္ဒတိ၊ ကာမုပါဒါနံ န ဥပါဒိယတိ။ ။သမော၊ ဝိသုဒ္ဓိမဂ်။ ။ ဝိသေသတော စ၊ မဂ်ရရန်အလွန်နီးကပ်သည့်၊ ဝိပဿနာ ရှုနည်း အထူးအားဖြင့်လည်း။ အဇ္ဈတ္တိကရူပံ။ အတွင်းသန္တာန်ဟု သမုတ်ရသည့်၊ ရုပ်ဟူသော၊ ကိုယ်ကြီးကို။ အသုဘတော၊ တဏှာကွာအောင် ရှုရသော အသုဘအားဖြင့်၊ ဝါ၊ အသုဘကောင်ကြီးဟူ၍၊ ပဿန္တော၊ ရှုမြင်သော ယောဂီပုဂ္ဂိုလ်သည်၊ ကဗဠီကာရာဟာရံ၊ ကဗဠီကာရအာဟာရကို၊ ပရိဇာနာတိ။ ပိုင်းခြား၍သိ၏၊ အသုဘေ၊ မတင့်တယ်မလှပသည့်၊ အသုဘဖြစ်သော ကိုယ်ကောင်ကြီး၌၊ သုဘန္တိ ဝိပလ္လာသံ၊ တင့်တယ်လှပသည်၊ သုဘဟု ဖောက်ပြန်ခြင်းကို၊ ပဇဟတိ၊ ပယ်စွန့်နိုင်၏၊ ကာမောဃံ၊ တဏှာဟူသော ဝဲဩဃကို၊ ဥတ္တရတိ၊ ကူးမြောက်နိုင်၏ ကာမယောဂေန၊ တဏှာဟူသော စပ်ယှဉ်ခြင်းဖြင့်၊ ဝိသံယုဇ္ဇတိ၊ မစပ်ယှဉ်၊ ကာမာသဝေန၊ တဏှာတည်းဟူသော ယိုစီးခြင်းဖြင့်၊ အနာသဝေါ၊ ယိုစီးခြင်းမရှိသည်၊ ဟောတိ၊ ဖြစ်၏၊ အဘိဇ္ဈာကာယဂန္ထံ၊ လောဘတဏှာဟူသော ကိုယ်ကို ငြိပတ်တတ်သော တရားကို၊ ဘိန္ဒတိ၊ ဖောက်ခွဲဖျက်ဆီးနိုင်၏၊ ကာမုပါဒါနံ၊ လောဘတဏှာဖြင့်ပြင်းစွာ စွဲလမ်းခြင်းကို၊ န ဥပါဒိယတိ၊ မစွဲလမ်း၊ ဝါ၊ မဖြစ်စေတော်။ ။ဤကားအနက်။ ။ရုပ်ကိုအသုဘဟု ရှုသူသည်၊ အဘယ်သို့ကဗဠီကာရအာဟာရကိုပိုင်းခြား၍သိသနည်းဟူမူ၊ အာဟာရသမုဒယာ ရူပသမုဒယောဟူ၍၊ အာဟာရကြောင့်ရုပ်ဖြစ်ခြင်းကိုဟောတော်မူသောကြောင့်၊ အတွင်းသန္တာန်ဟုသမုတ်အပ်သော၊ ရုပ်၌တပ်ခြင်းဆန္ဒရာဂကိုစွန့်နိုင်သော ယော

ဂိသည်။ ထိုရုပ်၏အကြောင်းဖြစ်သော၊ ကဗဠီကာရအာဟာရ၌ လည်းတပ်ခြင်း ဆန္ဒရာဂကို ပယ်စွန့်နိုင်သည်ကား ပဟာနပရိညာဉ်တည်း၊ ထိုမှတပါး ရုပ်ကိုသိမ်းဆည်းသော ယောဂီသည်။ ထိုရုပ်၏အကြောင်းဖြစ်သောကဗဠီကာရအာဟာရ ကိုလည်း။ သိမ်းဆည်းနိုင်သည်ကား။ ဉာတပရိညာဉ်တည်း။ ထိုရုပ်၏ဖြစ်ခြင်းပျက်ခြင်းကိုရှုသောယောဂီသည်။ ထိုရုပ်၏အကြောင်းဖြစ်သောကဗဠီကာရအာဟာရ၏လည်း ဖြစ်ခြင်းပျက်ခြင်းကို အဖန်တလဲလဲ ရှုနိုင်သည်ကား တီရဏပရိညာဉ်တည်း။ ဤပရိညာဉ်သုံးပါးဖြင့် ပိုင်းခြား၍သိ၏ ဆိုလိုသည်။ အဘိဇ္ဈာကာယဂန္ထကို ဖောက်ခွဲနိုင်၏ဆိုသည်ကား။ ကာမရာဂဖြစ်သော အဘိဇ္ဈာကိုရည်၍ဆိုသတည်း။ ထိုစကားမှန်၏။ အသုဘဟုအဖန်တလဲလဲရှုခြင်းငြင့်ကာမရာဂကိုပယ်နိုင်လေသတည်း တနည်း ကာမရာဂကိုအဦးပြုသဖြင့်။ အလုံးစုံသော လောဘကိုပယ်နိုင်ခြင်းကိုပင်ဆိုသတည်းဟု။ မူလဋီကာ။ မဟာဋီကာတို့၌ဆိုသည်။

## ၁၁၆။ ။ ဝေဒက္ခန္ဓာကိုဒုက္ခဟုရှုခြင်း၏အကျိုး ကိုပြခြင်း။

ဝေဒနံ ဒုက္ခတော ပဿန္တော ဖဿာဟာရံ ပရိဇာနာတိ။ ဒုက္ခေ သုခန္တိ ဝိပ္ပလ္လာသံ ပဇဟာတိ။ ဘဝေါဃံ ဥတ္တရတိ။ ဘဝယောဂေန ဝိသံယုဇ္ဇတိ။ ဘဝါသဝေန အနာသဝေါ ဟောတိ။ ဗျာပါဒကာယဂန္ထံ ဘိန္ဒတိ။ သီလဗ္ဗတုပါဒါနံ နုပါဒိယတိ။ ။

၎င်းအဋ္ဌကထာ။ ဝေဒနံ။ ဝေဒနက္ခန္ဓာကို။ ဒုက္ခတော။ ဒုက္ခအားဖြင့်။ ဝါ။ ဒုက္ခဟူ၍။ ပဿန္တော။ ရှုမြင်သောယောဂီသည်။ ဖဿာဟာရံ။ ဖဿအာဟာရကို။ ပရိဇာနာတိ။ ပိုင်းခြား၍သိ၏။ ဒုက္ခေ။ ဒုက္ခဖြစ်သောသာယာခံစားမှု၌။ သုခန္တိ ဝိပလ္လာသံ။ ခံစားမှုကို သုခဟုဖောက်ပြန်ခြင်းကို။ ပဇဟာတိ၊ ပယ်စွန့်နိုင်၏၊ ဘဝေါဃံ၊ အသစ်အသစ်ဘဝကို။ တောင့်တသောဘဝတဏှာဟူသော ဝဲဩဃ

ကို။ဉဋ္ဌရတိ။ကူးမြောက်နိုင်၏။ဘဝယောဂေန။ ဘဝတဏှာဟူ
သောစပ်ယှဉ်ခြင်းဖြင့်။ ဝိသံယုတ္တတိ။မစပ်ယှဉ်။ ဘဝါသဝေန။
ဘဝ တဏှာဟူသော့ယိုစီးခြင်းဖြင့်။ အနာသဝေါ။ ယိုစီးခြင်း
ကင်းသည်။ဟောတိ၊ဖြစ်၏။ဗျာပါဒကာယဂန္ထံ။သေကြေပျက်
စီးအောင်တောင့်တတတ်သော၊ ဗျာပါဒဟူသော ကိုယ်ကိုချစ်
ပတ်တတ်သော တရားကို၊ဘိန္ဒတိ။ ဖျက်ဆီးဖေါက်ခွဲတတ်၏။
သီလဗ္ဗတုပါဒါနံ။ နွား၊ ခွေးတို့၏အကျင့်ဖြင့်၊ သံသရာဝဋ်မှ၊
ကင်းလွတ် စင်ကြယ် စေနိုင်၏ဟု ပြင်းစွာစွဲလမ်း၍ ယူတတ်
သော၊ သီလဗ္ဗတုပါဒါနံကို။ နုဉပါဒိယတိ။ မစွဲလမ်းစေတတ်။
ဝါ။ မဖြစ်စေတတ်။ ။ဤကားအနက်။ ။ဇဿပစ္စယာဝေ
ဒနာဟု ဟောတော်မူခြင်းကြောင့်၊ ဖဿာဟာရကို ပရိညာ
သုံးပါးဖြ၍ ပိုင်းခြား၍သိပုံကို၊ ကဗဠီကာရအာဟာရ အတိုင်း
မှတ်။ ဘဝတဏှာဟူသောဝဲဩဃကိုလွန်မြောက်နိုင်၏ဆိုသည်
ကား။ သုခဝေဒနာဖြင့်သာယာခံစားမှုအတွက်၊ ဘဝကိုတောင့်
တမြဲဖြစ်သောကြောင့်။ ဝေဒနာ၌တဏှာကိုပယ်စွန့်နိုင်မှု၊ ဘဝ
တဏှာဟူသော ဝဲဩဃကို လွန်မြောက်နိုင်၏ဆိုလိုသည်။ ။
ဗျာပါဒကာသဂန္ထ ကိုဖေါက်ခွဲ ဖျက်ဆီးနိုင်၏ဆိုသည်ကား၊
အလုံးစုံသော သာယာခံစားမှုဆိုသမျှကို၊ ဒုက္ခဟုရှုသောယော
ဂီသည်၊ မိမိအားသူတပါးသည်ဖြစ်စေအပ်သော အသစ်ဖြစ်
သောဒုက္ခကိုငင်း၊ သူတပါးသည်ဖျက်ဆီးအပ်သောအသစ်ဖြစ်
သောသုခကိုငင်း။ မမြင်ခြင်းကြောင့်၊ ဤသူသည်ငါ၏အကျိုးမဲ့
ကိုရှေးကလည်းပြုကျင့်လေပြီ၊ ယခုလည်းပြုကျင့်ဆဲ၊ နောင်ကို
လည်းပြုကျင့်လတ္တံ့ စသောရန်ငြိုးဖွဲ့ခြင်း၏ အကြောင်းကိုးပါး
ကိုပယ်ရှားပြီးဖြစ်သောကြောင့် ဆိုသတည်းဟု၊ ငင်းဋီကာတို့၌
ဆိုသည်၊ ။နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာ၌လည်း၊ ။ယံ
ကိဉ္စိဝေဒယိတံ။ တံဒုက္ခသ္မိံဉာတမဏ္ဍေပိဟိဝေဒနာသုတဏှာန
တိဋ္ဌတိ၊ ။ဟုမိန့်၏။ ၊ဟိသစ္စံ။ ဝေဒနာကိုဒုက္ခထင်ပါမူ။
တဏှာကင်းပြက်သည့်ဆိုသောစကားမှန်၏။ ယံကိဉ္စိ၊ အလုံးစုံ

သော၊ ဝေဒယိတံ၊ သာယာခံစားမှုသည်။အတ္ထိ၊ရှိ၏။တံ ထိုသာယာခံစားမှုဆိုသမျှသည်။ဒုက္ခံ၊ဆင်းရဲလှချေ၏။ဣတိ၊ဤသို့၊ ဉာတွာ၊ ဒွေပိ၊ သိ၍ခါမျှ၍လည်း။ ဝေဒနာသု၊ဝေဒနာတို့၌၊တဏှာ၊တဏှာသည်။နတိဋ္ဌတိ၊မတည်နိုင်လေ။ ၊ဤကားအနက်။ ၊

---

## ၁၁၇။ ၊သညာက္ခန္ဓာ၊သင်္ခါရက္ခန္ဓာတို့ကိုအနတ္တဟုရှုခြင်း အကျိုးကိုပြခြင်း။

သညဉ္စသင်္ခါရေစအနတ္တတောပဿန္တော မနောသဉ္စေတနာဟာရံ ပရိဇာနာတိ။ အနတ္တနိအတ္တာတိဝိပလ္လာသံပဇဟတိ။ ဒိဋ္ဌာသဝံဥက္ကရတိ။ ဒိဋ္ဌိယောဂေနဝိသံယုဇ္ဇတိ။ဒိဋ္ဌာသဝေနအနာသဝေါ ဣဒံ သစ္စာဘိနိဝေသကာယဂန္ထံ ဘိန္ဒတိ။ အတ္တဝါဒုပါဒါနံနဥပါဒိယတိ။ ၊ငင်းအဋ္ဌကထာ၊ ၊သညဉ္စ။ သညာက္ခန္ဓာကိုလည်း။ သင်္ခါရေစ၊သင်္ခါရက္ခန္ဓာတို့ကိုလည်း။ အနတ္တတော၊ ငါဆိုစရာ။ဘာတခုမျှဘိတ်မရသည့်။အနတ္တအားဖြင့်။ပဿန္တော၊ ရှုမြင်သောယောဂီသည်။မနောသဉ္စေတနာဟာရံ။ မနောသဉ္စေတနာအာဟာရကို။ပရိဇာနာတိ၊ ပရိညာသုံးပါးဖြင့်ပိုင်းခြား၍သိ၏။ အနတ္တနိ၊ ငါမဟုတ်သည့်သညာသင်္ခါရ၌။ အတ္တာတိဝိပလ္လာသံ။ ငါပင်ဖြစ်သည်ဟုဖောက်ပြန်ခြင်းကို၊ ပဇဟတိ။ ပယ်စွန့်နိုင်၏။ ဒိဋ္ဌာသဝံ၊ ငါဟုတ်ဘဲလျက်။ ငါဟုတ်သည်အထင်ရှိသည့်ဒိဋ္ဌိဟူသောဝဲညြဃကို၊ ဥက္ကရတိ။ဘူးမြှောက်နိုင်၏။ ဒိဋ္ဌိယောဂေန၊ ဒိဋ္ဌိဟူသောစပ်ယှဉ်ခြင်းဖြင့်၊ ဝိသံယုဇ္ဇတိ၊ မစပ်ယှဉ်။ဒိဋ္ဌာသဝေန။ဒိဋ္ဌိဟူသောယိုစီးခြင်းဖြင့်။ အနာသဝေါ၊ ယိုစီးခြင်းမရှိသည်၊ ဟောတိ၊ဖြစ်၏။ ဣဒံသစ္စာဘိနိဝေသကာယဂန္ထံ၊ ဤခန္ဓာငါးပါးဟူသော လောကသည် မြဲ၏ဟူသောငါ၏အယူသာမှန်၏၊ ခန္ဓာငါးပါးဟူသော လောကသည် မမြဲဟုယူသောသူတပါး အယူသည်မှား၏ ဟုယူသောကိုယ်ကို ရစ်ပတ်တတ်သောဣဒံသစ္စာဘိနိဝေသကာယဂန္ထကို။ ဘိန္ဒတိ၊ ဖေါက်

ခွဲနိုင်၏။အတ္တဝါဒုပါဒါနံ။ငါငါဟုအထင်ကပ်ကြသည့်(အတ္တဒိဋ္ဌိ) ဟူသောဝိညာဉ် အသက်ရှိ၏ဟုပြင်းစွာစွဲလမ်း၍ ယူတတ်သောအတ္တဝါဒုပါဒါန်ကို။ နဉပါဒိယတိ၊ မစွဲလမ်းတော့။ ဝါ။ မဖြစ်တော့။ ဤကားအနက်။ ။

မနောသဉ္စေတနာဟာရဟူသော စေတနာစေတသိက်သည်။ သင်္ခါရက္ခန္ဓာသာတည်း။ သညာ စေတသိက် သည်လည်း ထိုစေတနာစေတသိက်၏သဘောယုတ်တရားသာ ဖြစ်သောကြောင့်။ သညာသင်္ခါရတို့ကိုအနတ္တဟုရှုသောယောဂီသည်။မနောသဉ္စေတနာဟာရကို။ ပဟာနပရိညာဉ်ဖြင့် ပယ်စွန့်နိုင်လေတော့သတည်း။ဉာတပရိညာ၊ တီရဏပရိညာနှစ်ပါးနှင့်စပ်ပုံကားလွယ်ပြီ။ မူလဋီကာ၊မဟာဋီကာ၊ ။သင်္ခါရေအနတ္တာတိပဿန္တော အတ္တဒိဋ္ဌိမူလကတ္တာသဗ္ဗဒိဋ္ဌီနံ့အတ္တဒိဋ္ဌိဝိယသဗ္ဗဒိဋ္ဌိယောပိဝိဓမတီတိဒဿေန္တော၊ဒိဋ္ဌောဃံဥဒ္ဒရတိ ပ။ အတ္တဝါဒုပါဒါနံနဉပါဒိယတီတိအာဟ။ ။မဟာဋီကာ။ ။အနက်ကား။ ။သင်္ခါရေ၊သင်္ခါရက္ခန္ဓာဟူသောစေတသိက်(၅၀)တို့ကို။အနတ္တာတိ၊ ငါဆိုဖွယ်ဝတ်မရသည့်အနတ္တတို့သာတည်းဟူ၍။ ပဿန္တော၊ ရှုသောယောဂီသူမြတ်သည်။သဗ္ဗဒိဋ္ဌီနံ၊ ၆၂-ဖြာမိစ္ဆာဒိဋ္ဌိဆိုသမျှတို့၏။အတ္တဒိဋ္ဌိမူလကတ္တာ၊ငါငါဟုအထင်ကပ်ကြသည့်(အတ္တဒိဋ္ဌိ)လျှင်အရင်းအမြစ်ရှိသည်အဖြစ်ကြောင့်။ အတ္တဒိဋ္ဌိဝိယ။ ငါငါဟုအထင်ကပ်ကြသည့် (အတ္တဒိဋ္ဌိ)ကိုမှုတ်သွင့်ပျက်ဆီးနိုင်သကဲ့သို့၊သဗ္ဗဒိဋ္ဌိယောပိ၊ ၆၂-ဖြာမိစ္ဆာဒိဋ္ဌိတို့နှင့်တကွ။နိယတမိစ္ဆာဒိဋ္ဌိကြီးတို့ပါသိမ်းချုံ၍ အလုံးစုံသော ဒိဋ္ဌိဆိုသမျှတို့ကိုလည်း။ ဝိဓမတိ။ မှုတ်သွင့်ဖယ်ရှားလျက် တားမြစ်ဖျက်ဆီးနိုင်တော့၏။ ဣတိ ဧဝံအတ္ထံ။ ဤသို့သောအနက်အဓိပ္ပာယ်ကို။ ဒဿေန္တော။ ပြလိုသောအဋ္ဌကထာဆရာသည်။ ဒိဋ္ဌောဃံဥဒ္ဒရတိ။ပ။ အတ္တဝါဒုပါဒါနံနဉပါဒိယတီတိ။ နဉပါဒိယတိ ဟူ၍။ အာဟ။မိန့်ဆိုလေပြီ။ ။ဤကားအနက်။ ။

## ၁၁၈။ ။ဝိညာဏာဟာရကိုအနိစ္စရှုခြင်း၏ အကျိုးကိုပြခြင်း။

ဝိညာဏံ။ အနိစ္စတောပဿန္တော ဝိညာဏာဟာရံ ပရိဇာနာတိ၊ အနိစ္စေ နိစ္စန္တိ ဝိပလ္လာသံ ပဇဟာတိ။ အဝိဇ္ဇောဃံ ဥတ္တရတိ။ အဝိဇ္ဇာယောဂေန ဝိသံယုဇ္ဇတိ၊ အဝိဇ္ဇာသဝေန အနာသဝေါ ဟောတိ။ သီလဗ္ဗတပရာမာသကာယဂန္ထံ ဘိန္ဒတိ။ ဒိဋ္ဌုပါဒါနံ န ဥပါဒိယတိ၊ ။၎င်းအဋ္ဌကထာ၊ ။ဝိညာဏံ၊ စိတ်ဝိညာဏ်ကို။ အနိစ္စတော။ မမြဲသော အားဖြင့်။ ဝါ၊ မမြဲသော တရားဟူ၍။ ပဿန္တော။ ရှုမြင်သောယောဂီသည်၊ ဝိညာဏာဟာရံ။ ဝိညာဏာဟာရကို။ ပရိဇာနာတိ။ ပရိညာဉ်သုံးပါးဖြင့်ပိုင်းခြား၍သိ၏။ အနိစ္စေ။ မမြဲသောစိတ်ဝိညာဏ်၌။ နိစ္စန္တိ ဝိပလ္လာသံ၊ မြဲ၏ဟူသော ဖေါက်ပြန်ခြင်းကို။ ပဇဟာတိ၊ ပယ်စွန့်နိုင်၏။ အဝိဇ္ဇောဃံ။ မောဟဟူသော ဝဲဩဃကို။ ဥတ္တရတိ။ ကူးမြောက်နိုင်၏။ အဝိဇ္ဇာယောဂေန။ မောဟဟူသော စပ်ယှဉ်ခြင်းဖြင့်။ ဝိသံယုဇ္ဇတိ။ မစပ်ယှဉ်။ အဝိဇ္ဇာသဝေန၊ မောဟဟူသော ယိုစီးခြင်းဖြင့်။ အနာသဝေါ။ ယိုစီးခြင်းကင်းသည်။ ဟောတိ၊ ဖြစ်၏။ သီလဗ္ဗတပရာမာသကာယဂန္ထံ။ နွား၊ ခွေးတို့၏ အလေ့အကျင့်ဖြင့် သံသရာဝဋ်ကင်းလွတ်မှု စင်ကြယ်၏ဟု ယူမှားသောကိုယ်ကို ချစ်ပတ်တတ်သော သီလဗ္ဗတပရာမာသကာယဂန္ထကို။ ဘိန္ဒတိ။ ဖေါက်ခွဲချက်ဆီးနိုင်၏၊ ဒိဋ္ဌုပါဒါနံ။ ပေးလှူခြင်းသည် အကျိုးမရှိသည်ဖြင့် ယူသော (ဒသဝတ္ထုကမိစ္ဆာဒိဋ္ဌိ) အယူဖြင့်စွဲလမ်းခြင်းကို။ န ဥပါဒိယတိ။ မစွဲလမ်းစေတတ်။ ဝါ၊ မဖြစ်စေတတ်။ ။ဤကားအနက်။ ။

ဝိညာဏံ အနိစ္စတောပဿန္တော အနိစ္စာနုပဿနာမုခေန တိသော ဝိပဿနာ ဥဿုက္ကန္တော တီဟိ ပရိညာဟိ ဝိညာဏာဟာရံ ပရိဇာနာတိ။ ဝိသေသတော ပနေတ္ထ အနိစ္စေ နိစ္စန္တိ ဝိပလ္လာသံ ပဇဟာတိ၊ တတ္ထ နိစ္စဂ္ဂါဟဗာဟုလ္လတော အဝိဇ္ဇာယ ဝိညာ

ဉာဏေန နဂ္ဂဟိတံပဟောတီတိ ယနုဝိနိဗ္ဘောဂံကာတဗ္ဗာ တံအနိစ္စ
တောပဿနေ္တာ အဝိဇ္ဇောယံ ဥဂ္ဃာဋေတိ။ ။မဟာဋီကာ။ ။
အနက်ကား။ ။ဝိညာဏံ၊ ဝိပဿနာဉာဏ်ကို။အနိစ္စတော၊အနိစ္စ
အားဖြင့်။ပဿန္တော၊ရှုသောယောဂီသည်။အနိစ္စာနုပဿနာမုခေ
နံ၊အနိစ္စဟုအဖန်ဖန်ရှုခြင်းကို အဦးအစပြုသဖြင့်၊တိဿောပိအ
နုပဿနာ၊ အနိစ္စ၊ဒုက္ခ၊ အနတ္တဟူသောသုံးပါးကုန်သောအနုပ
ဿနာတို့ကို။ဥဿုက္ကန္တော၊ ကြိုးကြိုးကုတ်ကုတ်။နေ်မဆုတ်
တဲ၊အားထုတ်သည့်ရှိသော်။တီဏိပိ ဝိညာဏာနိ၊သုံးပါးကုန်သော
ပရိညာဏတို့ဖြင့်လည်း။ဝိညာဏာဟာရံ၊ ဝိညာဏာဟာရကို။ပရိ
ဇာနာတိ၊ပိုင်းခြား၍သိ၏။ ဝိသေသတောပန၊ အထူးအားဖြင့်မူ
ကား၊ဧတ္ထ၊ဤဝိပဿနာဉာဏ်ကိုအနိစ္စ ရှုရမည့်ဆိုရာ၌။အနိစ္စေ၊မ
မြဲသော ဝိပဿနာဉာဏ်၌၊ နိစ္စန္တိ ဝိပလ္လာသံ၊ မြဲ၏ဟူသောဖေါက်
ပြန်ခြင်းကို၊ ပဇဟာတိ၊ ပယ်စွန့်နိုင်၏။ကသ္မာ၊ အဘယ်ကြောင့်
နည်းဟုဆိုသော်။တဿ၊ ထိုဝိပဿနာဉာဏ်၌။ နိစ္စဂါဟဗာဟုလ္လ
တော၊ ခိုင်မြဲ၏ဟူသောအယူ၏ များလှသောကြောင့်တည်း။အ
ဝိဇ္ဇာယ၊ မောဟကြောင့်။ ဝိညာဏေ၊ ဝိပဿနာဉာဏ်၌။ယနုဂ္ဂဟ
ဏံ၊မီးလျှံရေယဉ်တို့၏အသွင်၊အစဉ်မပြတ်။ကြားမလပ်အောင်။
ထပ်ခါ ထပ်ခါဖြစ် လျက်ရှိသည့် (သန္တတိဃန) အယူသည်၊
ဟောတိ၊ဖြစ်၏ ဇာတိ၊ထိုကြောင့်။ယနုဝိနိဗ္ဘောဂံ၊သန္တတိဃနကို
ဖေ်ခွဲခြင်းကို။ကာတဗ္ဗာ၊ပြု၍၊တံ ထိုဝိပဿနာဉာဏ်ကို။အနိစ္စတော။
မမြဲသောအားဖြင့်။ ပဿန္တော၊ ရှုသောယောဂီသည်။အဝိဇ္ဇော
ယံ၊မောဟဟူသောဝဲညွှယံကို။ဥဂ္ဃာဋေတိ။လှန်ဖြောက်နိုင်၏။ ။
ဤကားအနက်။ ။ဤအဋ္ဌကထာဋီကာ စကားရပ်တို့ဖြင့်။ အ
နိစ္စသင်ရုံမျှနှင့် ဒိဋ္ဌိမကွာသေးဘူးဆိုတာကို သေချာစွာသိရသ
တည်း။ ထိုကြောင့်နောက်ကပြခဲ့သည့်အတိုင်း။ ရုပ်နာမ်တရား
တို့၏မမြဲကြောင်းကို ထင်သိအောင် ရှုပြီးမှ။ထင်လာသောအ
နိစ္စကိုအနတ္တဘုင်အောင်ကပ်၍ ထပ်လျက်ရှုပါမှ။သက္ကာယဒိဋ္ဌိ
ကွာမည်ဟုအတည်ကြကြမှတ်အပ်လှတော့သတည်း။

သတိပဋ္ဌာန်နှင့်၊ ခန္ဓာကိုစပ်လျက်ဝိပဿနာရှုနည်းကိုပြသော (ဈ) အမှတ်အခဏ်းတခုလုံး၏ အကျယ်ကိုသိလိုက၊နေတ္တိ၊ပါဠိ တော်၊အဋ္ဌကထာ၊ဋီကာတို့မှာရှုကြလေကုန်၊

---

## ၁၀၉။ ၊အာယတနတဆဲ့နှစ်ပါးနှင့်ဝိပဿနာရှုနည်း ဆောင်ပုဒ်ကိုပြခြင်း။

၁။ သံသရာရဟာဘ်၊ချဲ့ထွင်တတ်၊မှတ်ကြအာယတန၊

၂။ စက်၊သော၊ဃာ၊ဇိ၊ကာ၊မနော၊ခြောက်လီအဇ္ဈတ္တ၊

၃။ ရူ၊သဒ်၊ဂန်၊ရုံ၊ဖောဋ္ဌ၊ဓမ္မံ၊ခြောက်တန်ဗာဟိရ၊

၄။ ရွှာပျက်ပုံထား၊တွင်းခြော်ပါး၊ပြင်ကားတင်ခါးမြ၊

၅။ ဝိဇ္ဇာ၊တဏှာဟု၊ခွါနည်းမူ၊ခေတ်တူမှတ်လေကြ၊

ဤကဗျာငါးပိုဒ်ဖြင့်။ ၊နန္ဒ၀ခန္ဓာဒိသု ဧကကေနာ၁ိအတ္တ သိန္ဒြိယောတိတိ။ နတိဝိခသတ္တာနံ့ဂဟဏံ ခန္ဓာဒိတ္တယဂ္ဂဟဏံ ကတ္တဗ္ဗံ။ အညတာ သဗ္ဗသာခေရလောအနုဂ္ဂဟော နကတော သိယာ၊တိဝိဓာဟိသတ္တာ ရူပသံမုဋ္ဌာအရူပသံမုဋ္ဌာဥဘယသံ မုဋ္ဌာတိ။တေသုယေအရူပသံမုဋ္ဌာ၊တာဒတ္တံ ခန္ဓာနံ ဂဟဏံ၊အ ရူပဓမ္မာနံ စတုခေ၁ဝိဘတ္တတ္တာ၊ ယေရူပသံမုဋ္ဌာ၊တေဒတ္တံအာယ တနာနံ ရူပဓမ္မာနံ အဋ္ဌေကာဒသခေ ဝိဘတ္တတ္တာ။ယေပနဥဘ ယသံမုဋ္ဌာတေဒတ္တံ ဓာတူနံ၊ ဥဘယေသမ္ပိဝိဘတ္တတ္တာ။တထာ ဣန္ဒြိယဘေဒေန တိက္ခိန္ဒြိယ မဇ္ဈိမိန္ဒြိယ မုဒိန္ဒြိယာ သံခိတ္တ ရုစိ မဇ္ဈိမရုစိ ဝိတ္ထာရ ရုစိတိ၁ တိဝိဓာသတ္တာ၊ တေသံအတ္တာယ ယထာက္ကမံခန္ဓာဒိဂ္ဂဟဏံကတန္တိ ယောဇေတဗ္ဗံ။ ၊ဟုသော မဟာဋီကာ၊ ယင်းအဋ္ဌကထာယ်တူသာသော အာဘိဓမ္မတ္ထ ဝိဘာဝ နီဋီကာစသည်တို့နှင့်အညီ၊ နာမ်ရုပ်နှစ်ပါး၌ပင် တွေဝေသော၊ ဥာဏ်လည်းနုသော၊ အကျယ်ကြိုက်ပုဂ္ဂိုလ်တို့အတွက်၊ခေတ် ကမ္မဋ္ဌာန်းကိုရင်း။ နာမ်တရား၌သာ တွေ့ဝေသောဥာဏ်ပညာ

လဉ်းထက်သောအကျဉ်းကြိုက်ပုဂ္ဂိုလ်တို့အတွက်။ခန္ဓငါးပါး ကမ္မဋ္ဌာန်းကိုရှင်း ပြခဲ့ပြီး ဖြစ်၍။ ရုပ်တရား၌ တွေဝေကြသော ဥဂ္ဃဋိတဉ္ဉုပညာအလယ်စားရှိကြသူ၊ မကျဉ်းမကျယ်ကြိုက်ပုဂ္ဂိုလ် တို့အကျိုးငှါရှင်း။ နောက်က ပြခဲ့သည့် ဇလျှာဏာအင် ါတွင် (အာယတန) တဆဲ့နှစ်ပါးကိုဒိဋ္ဌိဒွါနိုင်လောက်အောင်။တတ်သိ လိမ္မာစေရမည်။ အဆို ရှိသောကြောင့်၊ ၎င်း (အာယတနကမ္မ ဋ္ဌာန်း)ကိုပြလို၍ဆိုသတည်း။

---

၁၉၀။ ။အတွင်းအာယတနခြောက်ပါးကိုပြခြင်း။

အတွင်း အာယတန ခြောက်ပါးဆိုသည်ကား။ ။ဆအဇ္ဈတ္တိကာနိအာယတနာနိ။စက္ခာယတနံသောတာယတနံဃာနာယတနံ ဇိဝှါယတနံ ကာယာယတနံမနာယတနံ။ ။ဟူသော အဘိဓမ္မာပါဠိတော်၊သုတ္တန်ပါဠိတော်တို့နှင့်အညီ။ စက္ခုပသာဒရုပ်ကြည့်ကို။စက္ခာယတနဆိုသည်။ သောတပသာဒရုပ်ကြည့် ကို၊သောတာယတန ဃာနပသာဒရုပ်ကြည့်ကို။ဃာနာယတန။ ဇိဝှါပသာဒရုပ်ကြည့်ကို။ ဇိဝှါယတန။ကာယပသာဒရုပ်ကြည့် ကို၊ ကာယာယတန။ဘဝင်စိတ်ဟူသော မနောအကြည့်ကို။မ နာယတနဆိုသည်၊

၎င်းခြောက်ပါးသည်။ဘုန်းရှိသူတို့၏၊ တိုက်အိမ်စသည်တို့၌။ အပကအာရုံကိုမြင်နိုင်သိနိုင်ရန်တံခါးလျက်စီရင်ပြုပြင်၍ထား အပ်သော တံခါး ခြောက်ပေါက်တို့ ကဲ့သို့။ သတ္တဝါဟူသမုတ် အပ်သည့်၊နာမ်ရုပ်ဟူသောအစိုင်အခဲကြီး၌သည်း။ ၎င်းနည်းတူ။ အပြဖြစ်သော။ အဆင်း-အသံ-အနံ့စသည့် တို့နှင့်တွေ့လာ ကြို လာထိခိုက်သောလျှင်။ မြင်သိနိုင်ရန် သခါရဟူသောကသိုလ်ကံ အကုသိုလ်ကံ တို့က။ စီမံပြုပြင် ထားကြသည့်။ ၎င်းရုပ်ကြည် နာမ်ကြည့်ဟုဆိုအပ်သော။ ငါဆိုစရာဘာတခုမျှဘိုတ်မရသည့် ရွှာပျက်ကြီးရွာဆိုးကုန်းကြီးနှင့် တူသည်။ တံခါးခြောက်ပေါက်

ကို။လုံးချုံအောင်မဆိုနိုင်။မဝိတ်နိုင်ပါမူ။ ဤခန္ဓာနာမ်ရုပ်ကို၊ဝဲ ဇလုပ် သံသရာ၌ ရှည်ကြာစွာ ဆောင်ယူ ထားတတ် သော ကြောင့်။အတွင်းအာယတနခြောက်ပါးဟူ၍ဆိုသည်။

---

၁၉၁။ ။အပအာယတနခြောက်ပါးကိုပြခြင်း။

အပအာယတနခြောက်ပါးဆိုသည်ကား။ ။ဆဗ္ဗာဘိရာနို အာယတနာနိ။ ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံရသာယ တနံ ဖေါဋ္ဌဗ္ဗာယတနံ ဓမ္မာယတနံ။ ။ဟူသောဒေသနာတော်နှင့်အညီ။ ။အဆင်းရူပါရုံကို။ ရူပါယတနဆိုသည်၊ အသံ သဒ္ဒါရုံကို။ သဒ္ဒါယတန။အနံ့ဂန္ဓာရုံကို။ ဂန္ဓာယတန။အရသာ ရသာရုံကို။ ရသာယတန။ အတွေ့ ဖေါဋ္ဌဗ္ဗာရုံကို၊ ဖေါဋ္ဌဗ္ဗာယ တန။ အာရုံငါးပါးမှကျန်သောပညတ်နာမ်ရုပ်တို့အာရုံကိုဓမ္မာ ယတနဆိုသည်။

ဤခြောက်ပါးသည်။တိုက်အိမ်စသည်တို့၌။တင်ထားသော တံခါးခြောက်ပေါက်တို့တွင်။ အာဂန္တုကအဖြစ်ဖြင့်။ ထင်လာ သောအာရုံများကဲ့သို့။ နာမ်ရုပ်အစုဟူသော။ ဤကိုယ်ကောင် ကြီးတွင် တင်ထားသည့် အတွင်း အာယတန ခြောက်ပါးဟူ သောတံခါး ခြောက်ပေါက်တို့၌၊ အာဂန္တုက အဖြစ်ဖြင့်။ထင် လာပေါ်လာသော၊ အဆင်း။ အသံ၊ အနံ့စသော အာရုံခြောက် ပါးတို့သည်လည်း၊ လူမရှိသည့် ရွာပျက်ကြီး ရွာဆိုးကုန်းကြီး သို့၊ဝင်လျက်လုယက်ဖျက်ဆီးကြသောခိုးမြားဓားပြတို့ပမာ ငါ့ဆိုစရာဘာတခုမျှ၊ဘတ်မရသည့်၊ အပြင်အာယတနခြောက် ပါးတို့ကိုလည်းမတားမြစ်နိုင်မကွယ်ကာနိုင်ပါမူ။ ဤခန္ဓာနာမ် ရုပ်ကို။ ဝဲဇလုပ်သံသရာ၌။ ရှည်ကြာစွာ ဆောင်ယူ ထားတတ် သောကြောင့်၊အပြင်အာယတနခြောက်ပါးဟူ၍ဆိုသည်၊

## ၁၉၂။ ။အတွင်းအာယတနခြောက်ပါး၏ရွာဆိုးကုန်းနှင့်တူသည်ကိုပြခြင်း။

အတွင်း အာယတနခြောက်ပါးတို့ကို လူမရှိသော ရွာဆိုးကုန်းနှင့်တူ၏ဟုဆိုခဲ့သည်ကား။ ။သုညော ဂါမောတိ ခေါ ဘိက္ခဝေ ဆန္နေတံ အဇ္ဈတ္တိကာနံအာယတနာနံ အဓိဝစနံ။ ။ဟူသောသံယုတ်ပါဠိတော်။ ။အဇ္ဈတ္တိကာနိ သုညဂါမော ဝိယ ဒဋ္ဌဗ္ဗာနိ၊ဓုဝ သုဘ သုခတ္တဘာဝရဟိတတ္တာ။ ။ဟူသော သမ္မောဟဝိနောဒနီအဋ္ဌကထာနှင့်အညီတည်း။ ။အနက်ကား။ ။ဘိက္ခဝေ၊ ရဟန်းတို့။ သုညောဂါမောတိဧတံ၊ လူတို့ဖြင့်မရှိသုံးသော။ ရွာဆိုးကုန်းကြီးဟူသောအမည်သည်၊ ဆန္နံ၊ခြောက်ပါးကုန်သော၊ အဇ္ဈတ္တိကာနံ၊အတွင်းသန္တာန်၌ဖြစ်ကုန်သော၊ အာယတနာနံ၊ အာယတနတို့၏ အဓိဝစနံ၊အမည်တည်း။ ။အဇ္ဈတ္တိကာနိ၊ စက္ခု၊သော၊ဃာ၊ဇိ၊ကာ၊မနိဟူသောအတွင်းအာယတနခြောက်ပါးတို့ကို၊ဓုဝ သုဘ သုခ အတ္တဘာဝရဟိတတ္တာ၊မြဲသောသဘော၊တင့်တယ်သောသဘော၊ ချမ်းသာသောသဘော၊ မြဲလှစွာ။ငါငါဟူ၍ထင်ကပ်ကြသည့်(အတ္တဇီဝ)သဘောတို့ဖြင့်၊ မရှိအလျှင်းကင်းသည့်အဖြစ်ကြောင့်။သုညောဂါမောဝိယ၊ လူတို့ဖြင့်မရှိသုံးသော ရွာဆိုးကုန်းကြီးကဲ့သို့။ ဝါ၊ရွာဆိုးကုန်းကြီးနှင့်တူ၏ဟူ၍။ဒဋ္ဌဗ္ဗာနိ၊ရှုအပ်ကုန်၏၊ ။ဤကားအနက်။ ။

ရွာဆိုးကုန်းကြီးနှင့်တူပုံကား။ ရွာဆိုးကုန်းကြီး အတွင်းသို့၊ ဝင်ရောက်ကြသူတို့သည်။ထမင်းအဖျော်နှင့်ပြည့်စုံသောနေရာကိုငါတို့ရောက်ပြီဟူ၍၊ မှတ်ထင်ကြကုန်လျက်။ အကြွင်အိုးခွက်ကိုကိုင်ယူသုံးသပ်ကြကုန်ရာ၌၊ ကိုင်ယူတိုင်းသော အိုးခွက်တို့သည်၊ထမင်းအဖျော်ဘာတခုမျှမရှိဘဲ။အချည်းနှီးသက်သက်တို့သာဖြစ်ကြကုန်သကဲ့သို့။ ထိုအတူ။ မြဲသောစကျွ၊ တင့်တယ်သော စက္ခုစသည်ဖြင့်။ ဝိပလ္လာသတရားတို့၏။ အာရွက်။သက်သက် အမှားကိုသာယူအပ်ကုန်သော၊ ထိုအတွင်း

အာယတန ခြောက်ပါးတို့ကို။ တရားဖြင့် ဆင်ခြင်သုံးသပ်အပ်ကုန်သည်ရှိသော်။ခိုင်မြဲသောသဘော။တင့်တယ်သောသဘော ချမ်းသာသောသဘောငါငါဟုအထင်ကပ်ကြသည့်(အတ္တဇီဝ) သဘောတို့မှ မရှိအလျှင်း။ ကင်းကြလေကုန်ရကား။ ထိုအတွင်း အာယတန ခြောက်ပါးတို့သည်။ ရွာဆိုးကုန်းကြီးနှင့် တူလေ သတည်းဟူ၍။မူလဋီကာ။မဟာဋီကာတို့၌ဖွင့်ဆိုလေသည်။

---

## ၁၉၃။ ။အပအာယတနခြောက်ပါး၏ခါးမြသူခိုးတို့နှင့် တူပုံကိုပြခြင်း။

အပြင်အာယတနခြောက်ပါးကိုခါးမြသူခိုးတို့နှင့်တူ၏ဟုဆိုခဲ့သည်ကား။ ။ဂါမဃာတကာစောရာတိ ခေါ ဘိက္ခဝေ ဆဠန္နံ ဗာဟိရာနံ အာယတနာနံ ဧတံ အဓိဝစနံ။ ။ဟူသောသံယုတ်ပါဠိတော်။ ။ဗာဟိရာနိ ဂါမဃာတကစောရာ ဝိယ ဒဋ္ဌဗ္ဗာနိ၊ အဇ္ဈတ္တိကာနံ အဘိဃာတကတ္တာ၊ ဝုတ္တဉှေတံ စက္ခုံ ဘိက္ခဝေ ဟညတိ မနာပါမနာပေသု ရူပေသုတိ ဝိတ္ထာရော။ ဟူသောသမ္မောဝိသုဒ္ဓိမဂ်။ ။စက္ခာဒီဒွါရေသု အဘိဇ္ဈာဒေါမနဿုပ္ပါဒကဘာဝေန ရူပါဒီနိ စက္ခာဒီနံ အဘိဃာတကာနီတိ ဝုတ္တာနိ။ ။ဟူသောမူလဋီကာ။မဟာဋီကာတို့နှင့်အညီတည်း။ ။ အနက်ကား။ ။ဘိက္ခဝေ၊ ရဟန်းတို့၊ ဂါမဃာတကာစောရာတိဘော၊ ရွာကိုလုယက် ဖျက်ဆီးတတ်သော။ ခါးမြသူခိုးတို့ဟူသည်။ ဆဠန္နံ၊ ခြောက်ပါးကုန်သော။ ဗာဟိရာနံအာယတနာနံ၊ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မဟူသောပြင်အာယတနတို့၏။ အဓိဝစနံ၊ အမည်တည်း။ ။ပါဠိတော်နက်။ ။ဗာဟိရာနိ၊ အပအာယတနခြောက်ပါးတို့ကို၊ ဂါမဃာတကစောရာဝိယ၊ ရွာကိုလုယက် ဖျက်ဆီးတတ်သော၊ ခါးမြခိုးသူကြီးတို့နှင့်တူ၏ဟူ၍၊ ဒဋ္ဌဗ္ဗာနိ၊ မှတ်အပ်ရှုအပ်ကုန်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟုဆိုသော်၊ အဇ္ဈတ္တိကာနံ၊ စက်၊ သော၊ ဃာ၊ ဇိ၊ ကာ၊ မနိုဟူသော အတွင်းအာ

ယတန ခြောက်ပါးတို့ကို။ အဘိဇ္ဈာတဏှာ၊ နှိပ်စက်ညှဉ်းဆဲ တတ်သောကြောင့်တည်း။ ဟိသမ္ဘံ၊ ထိုစကားမှန်၏ မနာပါမနာ ပေဟိ၊ နှစ်သက်ဘွယ်ရှိကုန်။ နှစ်သက်ဘွယ်မရှိကုန်သော။ ရူပေ ဟိ၊ ရူပါရုံတို့သည်၊ စက္ခုံ၊ မျက်စိကို။ ဟညတိ။ ညှဉ်းဆဲနှိပ်စက် အပ်၏၊ ဇာတိတော်ဝစနံ၊ ဤစကားကို၊ ဝုတ္တံ၊ သံယုတ်ပါဠိတော်၌ ဟောတော်မူပြီ။ ဝိဇ္ဇာ ဓော၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနော တို့အား။ ပြင်အာယတနငါးပါး၊ တို့ညှဉ်းဆဲနှိပ်စက်ပုံကိုအကျယ် ချဲ့လေ။ ။အဋ္ဌကထာနက်။ ။စက္ခာဒိဥ္စါရေသု၊ စက္ခုဒ္ဓါရစ သည်တို့၌။ အဘိဇ္ဈာ ဒေါမနဿပ္ပါပကာဘာဝေန၊ နှစ်သက် ဘွယ်အာရုံနှင့်တွေ့မှု။ မိမိဟာဖြစ်ချင်ရှေးရှုကြံခြင်း၊ မနှစ်သက် ဘွယ်အာရုံနှင့် တွေ့မှုနှုံး မသာသာခြင်းတို့ကို ဖြစ်စေတတ် သောကြောင့်။ ရူပံ ဒိနို၊ ရူပါရုံစသောပြင်အာယတနခြောက်ပါး တို့သည်။ စက္ခာဒိနံ၊ မျက်စိစသော အတွင်းအာယတနခြောက် ပါးတို့ကို။ အဘိဇ္ဈာတကာနိတိ၊ ညှဉ်းဆဲနှိပ်စက်တတ်ကုန်၏ ဟူ၍ ဥတ္တာ နိ၊ ဆိုအပ်ကုန်၏။ ။ဤကားအနက်။ ။အဓိပ္ပါယ် လွယ်ပြီ၊

---

၁၉၄။ ။အာယတနတဆယ့်နှစ်ပါး၌ဝိပဿနာရှုပုံကိုပြခြင်း။

ဤအာယတနတဆယ့်နှစ်ပါးတို့တွင်။ ။စက္ခုနှင့်ရူပါရုံ သော တနှင့်သဒ္ဒါရုံ ဃာနနှင့်ဂန္ဓာရုံ၊ ဇိဝှါနှင့်ရသာရုံ၊ ကာယနှင့်ဖော ဋ္ဌဗ္ဗာရုံ၊ မနောနှင့်ဓမ္မာရုံဟူ၍အခံအာယတန၊ အတိုက်အခိုက်အာ ယတနတို့ကိုစုံတွဲ၍၊ ခွဲခြားလျှင် ဒိဋ္ဌိတဏှာကွာရန်ဉာဏ်မြင်မြန် သည့်အတွက်။ စုံတွဲ၍ခွဲနည်းကိုသာရေးလိုက်ပေသည်။

---

၁၉၅။ ။မျက်စိ၌ဒိဋ္ဌိတဏှာကိုခွဲ၍ဝိပဿနာရှုပုံ။

စက္ခုသည့်အတွေ့နဝါအတ္တနိယနဝါ၊ ရူပါသည့်အတွေ့ နဝါအတ္တနိယနဝါ။ ။စက္ခု၊ မျက်စိသည်၊ အတွေ့နဝါ၊ မြင်တတ်

သောငါမှဝင်း၊ အထွက္ကနိဿယနဝါ၊ မြင်တတ်သော ငါ့ဥဖ္ဖာမှဝင်း၊ သုညာ၊သက်သက်မရှိသုံး၏။ ။ရူပါ၊ အဆင်းရူပါရုံဟိုသည်။ အထွက္ကနဝါ၊မြင်တတ်သောငါ့မှဝင်း၊ အထွက္ကနိဿယနဝါ၊ မြင်တတ်သောငါ့ဥဖ္ဖာမှဝင်း။ သုညာ၊သက်သက်မရှိသုံးကုန်၏။ ။မျက်စိနှင့်ငါမရှိ၊အဆင်း၌ငါမရှိ၊ ငါမရှိခြင်းကြောင့် မျက်စိနှင့်အဆင်းတို့သည်ငါ့ဟာမဟုတ်ကုန်။ ။

၍အာယတနတဆဲ့နှစ်ပါးတို့၌ ဩဗ္ဗတထျာကိုခွါ၍ ဝိပဿနာရှုပုံများသည်(ဒိဋ္ဌိသက်ခတ်းခေတ်ကမ္ဘာ့ဗ္ဗာန်း)၌ပြခဲ့သောခေတ်တဆဲ့ရှစ်ပါးရှုနည်း၌အတွင်းဝင်ပြီးဖြစ်၍ အကုန်မရေးပြလိုက်ပြီ။ ရှေးနည်းကိုမှီး၍ရှုလေ။ မခက်ပြီ၊ ထိုကြောင့်။ဒိဋ္ဌိတထျာဟူ၊ ခွါနည်းမှု။ခေတ်တူသလေကြ။ ။ဟုဆိုခဲ့ပြီ။ ။

အာယတနာတဆဲ့နှစ်ပါးနှင့်ဝိပဿနာရှုခတ်းပြီး၏။

---

၁၉၆။ ။ဝိပဿနာရှုက၊မဂ်မရနိုင်ဟုမဆိုသင့်သည်ကိုပြခြင်း။

ယင်းဝိပဿနာ ဥာဏ်ဆိုတာသည်။ လွယ်ကူစွာဖြစ်နိုင်ရုံသာမကသေး၊ ၎င်းဝိပဿနာ ဥာဏ်ကိုယုံယုံကြည်ကြည်နှင့်အားသွက်က ဇာရီယာပုထ်၄ပါး၊စားရင်း၊သောက်ရင်း၊ကြည့်ရှုနားထောင်ရင်းမှာပင် ဖြစ်သော်လည်း။ ဥာဏ်အမြင်ထင်ရှားလှသောဝိဘူဘအာရုံနှင့်။ ကြိုက်ကြို၍ခိလိုက်လျှင်။ မဂ်ဝိထိပေါ်လာ၍၊သောဘာပန်ဝသည့်တခါတည်းဖြစ်သွားနိုင်ခြင်းကြောင့်။ မဂ်ဥာဏ် ဖိုလ်ဥာဏ်ဆိုတာ လွန်စွာခဲခက်လှသည်၊ သာမညသတ္တဝါတို့သည်ဖြစ်နိုင်ရနိုင်တာချီးမဟုတ်ဟု။အနုပ်အဖွဲ့စကားကိုပြောဒိက၊ပရိဝေဓသော သနာတော်မြတ်ကိုပုတ်ခတ်တားဆီးရာရောက်တတ်ကြောင်းများကို။ ထင်ရှားစွာ သိစေလိုသည့်အဋ္ဌကထာဆရာဋီကာဆရာမြတ်တို့က၊

ယသ္မာသဒ္ဓါစဗလဝတီဝိပဿနာစအာရဒ္ဓါ။တဿဂစ္ဆန္တဿ တိဋ္ဌန္တဿ နိသီဒန္တဿ နိပဇ္ဇန္တဿခါဒန္တဿဘုဉ္ဇန္တဿမဂ္ဂ ဖလပ္ပဋိဝေဓောနာမနဟောတီတိနတ္ထိ။ ။ဟုပုဂ္ဂလပညတ်အဋ္ဌ ကထာ၌မိန့်၏။ ။မူလပဏ္ဏာသဋီကာကြီး၌ကား။ မဂ္ဂဖလပ္ပဋိ ဝေဓောနာမနတ္ထီတိနဝတ္တဗ္ဗော။ ။မျှသာထူး၍အဋ္ဌကထာကြီး နှင့်တူကုန်၏။

အနက်ကား။ ။ယသ္မာ၊ရဟန်းရှင်လူ။ မည်သူမဆို၊အကြင် ပုဂ္ဂိုလ်အား။ သဒ္ဓါစ။ ဝိပဿနာ ဉာဏ်ကို။ ကြန် ယုံကြည် သောသဒ္ဓါတရားသည်လည်း။ ဗလဝတီ၊အားရှိ၏၊ဝိပဿနာစ၊ နာမ်၌ငါမရှိ၊ရုပ်၌ငါမရှိ။ နာမ်ရုပ်၌ငါမရှိဟုဝိပဿနာရှုခြင်းကို လည်း၊အာရဒ္ဓါ။ ဣရိယာပုထ် ၄ ပါးစားသောက်သောအခါများ မှာလည်းအားထုတ်၏။ တဿ၊ လူချင်းသာတူ၍၊အသက်ရှုကဲ့ သည့်ဆိုသောစကားမှာရ၊ အန္ဓပုထုဇန်တို့နှင့်၊အပေါ်ရန်အပြုအ မူသါ၊အတူတူထင်ရ၍၊အတွင်းကနာမ်ရုပ်ကို၊အဟုတ်အဟုတ် အတပ်သိအောင်၊ရှုကြည့်အားထုတ်သောထိုသူအား။ ဝါ၊ထိုသူ ၏၊ဂစ္ဆန္တဿ၊သွားနေစဉ်ရင်း။ တိဋ္ဌန္တဿ၊ရပ်နေစဉ်ရင်း။နိသီ ဒန္တဿ၊ ထိုင်နေစဉ်ရင်း။နိပဇ္ဇန္တဿ၊ လျောင်းနေစဉ်ရင်း။ခါ ဒန္တဿ၊ ခဲနေစဉ်ရင်း။ ဘုဉ္ဇန္တဿ၊ စားနေစဉ်ရင်း။ မဂ္ဂဖလပ္ပဋိ ဝေဓောနာမ၊မဂ်ဖိုလ်ကိုထိုးထွင်း၍သိခြင်းမည်သည်၊ နဟော တီတိ၊မဖြစ်နိုင်ဟူ၍၊နတ္ထိ၊မရှိချေ။ ။အဋ္ဌကထာအနက်။

မဂ္ဂဖလပ္ပဋိဝေဓောနာမ၊ သောတာပန်စသည်ဖြစ်လျက်၊မဂ် ဖိုလ်ကို ထိုးထွင်း၍ သိခြင်းမည်သည်။ နတ္ထီတိ၊မရှိနိုင်ဟူ၍။ န ဝတ္တဗ္ဗော၊မဆိုသင့်၊မဆိုထိုက်၊မဆိုကောင်းဘူး၊မဆိုကြလေနှင့် ဓမ္မန္တ၏ ယင်ပြီး၍၊ပဋိဝေဓသာသနာတော်မြတ်ကို၊ပုတ်ခတ်ပယ် ပစ်။ တားမြစ်ပိတ်ပင်ရာရောက်တတ်သည်။ ကြပ်ကြပ်သတိပြု ကြလေဟုလိုသည်။ ။ဤကားမူလပဏ္ဏာသဋီကာအနက်။

ဤအဋ္ဌကထာ။ ဋီကာသာဓကတို့ကို။ ကောင်းစွာလှလှ၊သ ဘောကျအောင်၊နှိုင်းဆရှုကြည့်နိုင်ပါမူ။ ဝိပဿနာလမ်းဆိုတာ

သည်။ လွန်စွာလွယ်ကူ၍၊ မည်သူမဆို လေ့လာအားထုတ်နိုင်ကြောင်းနှင့်။ လေ့လာပွါးများ။ အားထုတ်ကြ၍၊ အာသေဝနပဗ္ဗည်းခေါ်သမ္မသနဉာဏ်၊ ရင့်သန် လောက်လုံလျက်။ ဝိဘူတအာရုံနှင့်ကြုံကြိုက်ကြ၍မိလိုက်လျှင်။မဂ်ဝိထိပေါ် လာ၍သောတာပန်စသည်ဖြစ်နိုင်ကြောင်းကိုကောင်းစွာအတည်ကျကျ။ မှတ်အပ်လှတော့သတည်း။ ။ဟင်းချက်ရင်းမဂ်ဖိုလ်ကိုရသွါးသော"ထေရိကာ"မည်သောမာတုဂါမဝတ္ထု၊ ဆွမ်းခံသွားရင်းရဟန္တာဖြစ်သွားသော"နာဂသမာလ"မထေရ်ဝတ္ထု၊ ။ဂျမ်းသဘင်အတတ်ကိုပြနေစဉ်း သဘင်အလယ်တွင် ရဟန္တာဖြစ်သွားသော"ဥဂ္ဂသေန" သူဌေးသားဝတ္ထု၊ ဂျမ်းပွဲသဘင်ကို ကြည့်ရှု နေရင်းသောတာပန်စသည်ဖြစ်ကြသောရှစ်သောင်းလေးထောင်သောပရိသာတ်တို့၏ဝတ္ထုစသည်တို့ကိုအကျန်မြော်၍ကြည့်လေ။

---

၁၉၇။ ။စူဠသောတာပန်ဖြစ်သူတို့အကျိုး ကိုပြခြင်း။

ဤအဋ္ဌကထာတို့၌စူဠသောတာပန်ဆိုသည်ကါး။သောတာပန်ငယ်။သောတာပန်ကလေးဖြစ်၍။သောတာပန်အစစ်ဖြစ်ခါနီးပြီဆိုလိုသည်။ထိုသူသည်စူဠသောတာပန်အဖြစ်နှင့်သေလွန်ပြီးနောက်။ဧကန်နတ်ပြည်သို့ရောက်က။ ထိုနတ်ပြည်၌နိက်ပင်လျှင်။ သောတာပန်အစစ်။ သောတာပန်ကြီးဖြစ်တော့မည်ဟုမှတ်။ထိုကြောင့်အဂ်ုတ္တရပါဠိတော်၌နိက်။

တသ္မာတတ္ထုသုခိနော ဓမ္မပဒါနိ ပိလဝန္တိ၊ ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ။ အထ ခေါ သော သတ္တော ခိပ္ပမေဝ ဝိသေသဘာဂိ ဟောတိ။ ။ဟုမြတ်စွာဘုရား ဟောကြား တော်မူ၏။ ။အနက်ကား။

တသ္မာ။ ထိုလူ့ပြည်က၊ ဝိပဿနာတရားကိုရှုကြည့်၍။ဓမ္မပြတ်လှူ နီးနီးနှင့် ဗုတေသဖြင့်။ နတ်ပြည်သို့ ရောက်လေသော

ထိုသူအား။ တဏှာ။ ထိုနတ်ပြည်၌၊ သုခိနော။ မပင်မပန်း။ ချမ်းချမ်းသာသာ။ ဓမ္မပဒါန်။ လူ့ဘဝက။ အားထုတ်ကြည့် ရှုခဲ့ဘူးသော တရားအစုတို့သည်။ ပိလဝန္တိ။ ခဏခြင်းပေါ်လာရကုန်၏။ ဘိက္ခဝေ။ သံသရာရေး။ အပါယ်ဘေး တွေကို၊ မြော်တွေးတတ်သူ၊ ရှင်လူအပေါင်း သူတော်ကောင်းတို့၊ သတုပ္ပါဒေါ။ ငါသည်နတ်ပြည်သို့ရောက်၍ လာချေပြီတကားဟုသတိရမှု ဥပ္ပါဒ။ နှေးသော်လည်း။ နှေး၍နေရာသေး၏၊ အထခေါ။ စင်စစ်သော်ကား။ သောသာတွေ့ှာ။ ထိုသူသည်။ခိပ္ပမေဝ။လျင်မြန်စွာသာလျှင်။ ဝိသေသဘာဂီ။ မဂ်ဖိုလ်နိဗ္ဗာန်။တရားမွန်တရားထူးကို။ရခြင်းအဘို့ရှိသည်၊ ဟောတို၊ဖြစ်လေတော့၏၊ ။၍ကား အနက်။

လူ့ပြည်ကစုဋ္ဌသောတာပန်အဖြစ်နှင့်စုတေ၍။ နတ်ပြည်၌သောတာပန်အစစ်ဖြစ်ပုံကား၊သူသူငါငါသတ္တဝါတို့သည်။ညဉ့်အခါကျက်မှတ်၍ မကျေတကျေနေသောစာပေအတော်များကို လင်းအားကြီးတရေးနိုးလောက်မှာ။ အောက်မေ့ စဉ်းစားလိုက်သော်။ ဘွားကနဲအကုန်ပေါ်လာသကဲ့သို့။ လူ့ပြည်မှာ။နိဗ္ဗာန်ဉာဏ်နှင့်ဖြစ်စေ၊တိဟိတ်ဩမကဉာဏ်နှင့်ဖြစ်စေအားထုတ်၍။ အဟုတ်အဟုတ်။ မဂ်ဉာဏ်ဖိုလ်ဉာဏ် ကိုမရောက်ဘဲ။ပြောက်ထီးပြောက်ကြားနှင့် နေရာက စုတေ၍။ နတ်ပြည့်ကျလျှင်၊တိဟိတ်စစ် ဖြစ်သည့်အတွက်။ တချက်တည်း ဖြုန်းကနဲ ပေါက်လျက်။ မဂ်ဉာဏ်ကို ရလေ၏ ဟုဆိုလိုသည်။ထို့ကြောင့်၍ဝိပဿနာအလုပ်ကို။အားထုတ်ရှုကြည့်မှုမည်သည်။သည်ဘဝကမှာပင် သောတာပန်ဖြစ်နိုင်သည်။ သည်ဘဝမဖြစ်က။ ဒုတိယဘဝနတ်ပြည်မှာ ဖြစ်၍။ ထိုနတ်ပြည်၌ပင်။ သောတာပန်ဖြစ်တော့မည်ဟု ယုံကြည်အားထား၍။ ကြိုးစားကြည့်ရှုသိုက်လှပေသတည်း။ကြိုးစား၍လည်းကြည့်ရှုကြလေကုန်၊

## ၁၂၈။ ။ပုဋ္ဌသောတာပန်ဖြစ်သူတို့အကျိုးကိုတမျိုးပြခြင်း။

အဘယ်ကြောင့်နည်းဟုဆိုသော်။ လောကထွဋ်ထားဘုရား မြတ်စွာသည်၊ သာဝတ္ထိပြည့်မွန်ဇေတဝန်သူဌေး ကျောင်းတွင် ကိန်းအောင်းစံနေတော်မူစဉ်အခါ။ နတ်သားတယောက်က။ ။

အပ္ပတိဋ္ဌေအနာလမ္ဗေ၊ ကောဂမ္ဘီရေနသီဒတိ။ ဟုမေးလျှောက် လေ၏။ ။သံယုတ်ပါဠိတော်။

ဘန္တေ၊ ဘုန်းတော်ခြောက်ပါး။ တန်ခိုးကျက်တို့နှင့် ပြည့်စုံ တော်မူသောအရှင်ဘုရား။ အပ္ပတိဋ္ဌေ၊ တကယ့်သေရေးသေရာ သို့ရောက်လျှင်။ တကယ်ထောက်ရာ တည်ရာလည်းမရှိသော အနာလမ္ဗေ။ တကယ့်ရေလဲ။ တကယ့်ဝဲကြီး နှင့်တူပါသည့် တကယ်သေပွဲကြီးဝယ်၊ တကယ်ဆွဲရာကိုင်ရာ။ မှီတွယ်ရာ လည်းမရှိသော၊ ဂမ္ဘီရေ။ အထက်ဘဝဂ်မှအောက်အဝီစိသို့ကျအောင် နက်ချင်သမျှ နက်လှစွာသောသံသရာသမုဒ္ဒရာ ကြီးထဲ၌။ ကော။ အဘယ်မည်သူ နတ်နှင့်လူသည်။ နသီဒတိ၊ မနစ်မြုပ်နိုင်ပါသ နည်း။အရှင်ဘုရား။

ထိုအခါ မြတ်စွာဘုရားက။ ။အပ္ပတိဋ္ဌေ အနာလမ္ဗေ သော ခေါ ဂမ္ဘီရေ နသီဒတိ။ ဟုဖြေဆိုဟောကြားတော် မူပေ၏။ ။ အနက်ကား။

ဒေဝပုတ္တ၊ တကယ့်တရား။ တကယ့်စကားတို့ကို လျှောက် ထားမေးမြန်းလာသောအို ဒါယကာနတ်သား။ အပ္ပတိဋ္ဌေ၊ တကယ့် သေရေးသေရာသို့ ရောက်လျှင်၊ တကယ်ထောက်ရာတည် ရာလည်းမရှိပေသော။ အနာလမ္ဗေ၊ တကယ့်ရေလဲ၊ တကယ့် ဝဲကြီးနှင့်တူပေသည့် တကယ့်သေပွဲကြီးဝယ်။ တကယ်ဆွဲရာ၊ ကိုင်ရာ၊ မှီတွယ်ရာလည်းမရှိသော။ ဂမ္ဘီရေ၊ အဝီစိနရက်နှင့် အ ထက်ဘဝဂ်သို့ကျအောင်၊ နက်ချင်သမျှနက်လှစွာသောသံသရာ သမုဒ္ဒါရာကြီးထဲ၌က်။ သောခေါ၊ ပုဋ္ဌသောတာပန်စခန်းသို့ တန်း တန်းမတ်မတ်၊ ဆိုက်ကပ်ကြသည့်ကျောက်အစစ်နှင့် သော္တ

ပုဂ္ဂိုလ်ရှနစ်ယောက်သည်၊ နသီဒတိ၊ ဗူးတောင်းနှင့်သံဘော့ကြီးတွေကိုရေမှာပစ်သကဲ့သို့၊ မနစ်မမြုပ်နိုင်ကြလေတော့ပြီ၊

ဤသံယုတ်ပါဠိတော်လာ၊ ဒေသနာသာဓကကို ထောက်ဆမြော်ကြည့်မူ ဗိမ္ဗိနှင့်မကင်းကွာ၍၊ သောတာပန်ဟူသောသောတ္တနယ်တွင်းသို့မရောက်ကြသေးသမျှ၊ စာရင်းမဝင်သေးသမျှ၊ ကာလပတ်လုံး၊ မည်သူတစုံ တယောက်မျှ ထောက်ရာ၊ ကိုင်ရာ၊ မှီတွယ်ရာကို၊ ကောင်းစွာမရောက်ကြ၊ မရကြသေး၍၊ ဒါန၊ သီလ၊ သမထဟူသော မဂ္ဂင်တပိုင်းကြောင်း၊ မဂ္ဂင်တပိုင်း ပြတ်၊ မဂ္ဂင်ခါးကျိုးမျှနှင့်၊ အားရတင်းတိမ်နေကြသူတို့သည်၊ နေ့ံကပြခဲ့သည့်သီလဝန္တ၊ ဈာန်မန္တ ပုဂ္ဂိုလ်ကြီးများပင်၊ နဂါးဖြစ်လိုဖြစ်၊ သန်းတိရစ္ဆာန်ဖြစ်လိုဖြစ်၊ တောင်သူယောကျ်ား ဖြစ်လိုဖြစ်၊ ယက်ကန်းသမားဖြစ်လိုဖြစ်၊ သုနက္ခတ္တရဟန်းများကဲ့သို့၊ ဘာသာတပါးပြောင်း၍၊ မိစ္ဆာဒိဋ္ဌိဖြစ်လိုဖြစ်၊ ဒေဝဒတ်တို့ကဲ့သို့၊ အပါယ်နရက်သို့၊ ကျလိုကျနေခြင်းစသည်ဖြင့်၊ နှမ်းထုပ်ခွေးယမ်းဆင်ကာဏ်းတောတိုး၊ တမျိုးတမျိုး၊ အသစ်အသစ်ဖြစ်ချင်သလိုဖြစ်၊ နစ်ချင်သလိုနစ်၊ မိုက်ချင်သလိုမိုက်၊ ရိုင်းချင်သလိုရိုင်းနေကြသေးသည်ကိုရင်း၊ ဒိဋ္ဌိကွာ၍ သောတာပန်ဟူသော သောက္ခနယ်တွင်းသို့စာရင်းဝင်မလို့ရှိခဲ့လျှင်၊ သာဝတ္ထိပြည်၌၊ မိစ္ဆာဒိဋ္ဌိအယူရှိ၍ဂိတ္ထိတက္ကတွန်းတို့ကို ကိုးကွယ်နေသော "သူရဇန္တ" အမည်ရှိသောသူဌေးသားကိုမြတ်စွာဘုရားက တရားဟော၍၊ သောတာပန်တည်ပြီးနောက်၊ မာရ်နတ်လာ၍၊ ဘုရားအသွင်အပြင်နှင့်ကိုက်ညီအောင် လက္ခဏာတော်ကြီး ၃၂၊ လက္ခဏာတော်ငယ် ၈၀ တို့ကိုပြလျက်၊ အယူမှားအောင်ဘုရားယောင်ဆောင်၍၊ လိန်လည်ဖျားယောင်းသော်လည်း၊ နာမယောင်ဘဲ မာရ်နတ်ကိုသာ ခြိမ်းမောင်း နှင်ပစ်လိုက်သောဝတ္ထု၊ အလွန်ဆင်းရဲခြင်းသို့ ရောက်သွားသော ဘုရား ကျောင်းဒါယကာ၊ သောတာပန် အနာထပိဏ် သူဌေးကြီးကို စတုတ္ထတံခါးမှုတ်၌ ခစားနေသောနတ်တယော်၊ ကိုယ်ရောင်ကိုယ်ဝါတွေပြလျက်

ညဉ့်အခါ၌လာ၍။ နောက်ကိုမလှူဘဲနေလျှင်။ ဇေကန်သူဌေးကြီးကိုချမ်းသာပါစေမည်ဟုပြောဆိုလာသော်လည်း။ နတ်ကိုသာဆဲရေးခြိမ်းချောက်နှင်ပစ်၍။ဒါနဝတ်ကိုမပျက်သောဝတ္ထု။ ကိုယ်မှာကုဋ္ဌနူနာ စွဲကပ်လျက်။ စရပ်ကြီး စရပ်ကြား။ အိမ်ကြီးအိမ်ကြားများမှာ သွားလာတောင်းယမ်းစားသောက်ခါ နေရသော "သုပ္ပဗုဒ္ဓ"ဟူသောအထီးကျန်လူဆင်းရဲ တယောက်သည်။ အစားအသောက်အရှာအဖွေလာရာတွင်။ အဆင်သင့်၍တရားနာနေရာက။ ဥမ္မိကွာ၍ သောတာပန်ဖြစ်ပြီးနောက်။ သိကြားမင်းကြီးကလာ၍။ ဘုရားကို ဘုရားမဟုတ်ဘူးလို့ပြောလျှင်။ ငွေ ၂၀၀၀-ပေးမည်ဟုဆို၍။ စုံစမ်းရာတွင်။ နှင်လိုသိကြားမိုက်မျိုး ရာထောင်။ သောင်းသိန်းလာ၍ ပြောသော်လည်း။ ဘုရားကိုဘုရားမဟုတ်ဟု ငါမပြောဆို၊ နှင့်ငွေကိုဘာလုပ်ရမည်လဲဟု ဆိုလျက်။ဆဲရေးခြိမ်းမောင်း၍ပစ်သောဝတ္ထုစသည်တို့ကိုထောက်ရှုလိုက်ပါမူ။ အပါယ်ဘေးမှ ကင်းငြိမ်းလိုသူ။ အပါယ်စခရင်းပိတ်လိုသူ။သည်ဘုရား၊ သည်တရား၊သည်သံဃာနှင့်သာသဒ္ဓါခိုင်မြဲလျက်။ ကစဉ့်ကရဲ မဖြစ်လိုသူ။ ဒါနပြုလျှင် သံသရာရှည်သည်။ပုညာဘိသင်္ခါရဖြစ်သည်စသဖြင့်သဒ္ဓါနွေ့ပညာနွေ့ဟူသော သဒ္ဓါပညာ ၂ ပါးချိန်မကျ၍။ ကျွဲတဘက်၊ နွားတဘက်။ တပ်မောင်းသောလှည်းကဲ့သို့။ တည့်တည့် မတ်မတ် ဖြောင့်ဖြောင့်တန်းတန်းအယူကိုမယူနိုင်ကြသေးသူ။ ကတိမ်းကစောင်းရှိကြသေးသူ။ ပုထုဇန်ဟူသမျှတို့သည်။ ၎င်းအယူ။၎င်းအမှားမျိုးတို့ပျက်ပြားလွင့်စင်အောင်။ဖြိုနှင်ပယ်ထုတ်၍ပစ်ဘတ်သည့်ခန္ဓာ၊ အာယတန။ဓါတ် ပဋိစ္စသမုပ္ပါဒ်စသော သက္ကာယဒိဋ္ဌိရောဂါကို ကောင်းစွာပယ်သတ်နိုင်သည့်ဆေးအမျိုးမျိုးတို့တွင်။ ဗိဘ်ဆုံး အဖျင်းဆုံးအားဖြင့်။နာမ်ရုပ် ၂ ခန္ဓာသိမြင်မှုပိုင်နိုင်အောင်။ ရွက်ဆောင်သင်ကြားနှလုံးထားလျက်။ အမှားဆိုသမျှဘို့ဖို့ခေါင်ကချုပ်ပေသည့်။ တရားယုတ်ဗိမ္မိရန်ကို။ တွန်းလှန်ပယ်ဖျက်ကြရန်။ လွန်စွာအရေးကြီးကြောင်းကိုပြလို၍။

၁၇။ ရင်မှာလှံစူး။ မီးရှူးဥဩဈောင်။ ဟူးဟူးလော်။ ဘုန်ခေါင်မိနွံ့ခဲ့မှာ။

၁၈။ ဒိဋ္ဌိဘေားကြီး။ဇရေးကြီး။စေ၁ထိုးဥပမာ။

၁၉။ စေ့စေ့သေချာ၊တွေးကြည့်ပါကား၊သူငါကာစ။ ဆိုသမျှ၊

လှုံလပြုထိုက်စွာ။ ။ဟုဆိုခဲ့ပေသည်။

---

၁၉၉။ ။ကျမ်းပြီးနိဂုံးကိုပြခြင်း။

၁။ တစ်,နှစ်,သုံး,၅စ်။သက္ကရာဇ်၊ဘွားလစ်ကျမ်းဆရာ။

၂။ မြတ်နွယ်အဆွ။ပါဠိအရ။မှတ်ကြဘွဲ့မည်မှာ။

၃။ ရွာထောင့်ဇာတိ။ဘွားရာ-ရှိ။ပဝတ္တိအာလန်မှာ။

၄။ ကျောင်းမြဝတီ၊ဘွဲ့ထူးချီ။ရှင်ဦးပညာတ်သာ။

၅။ အာလန်,မြဝတီ။ကျောင်းကိုမှီ။ရေးစီ၍ကဗျာ။

၆။ ၉,ခွဲ,သတ်,သည်။လနယုန်။ပြီးတုံ၍ကျမ်းစာ။

၇။ ဝဋ်မှ ထွက်လမ်း။ ခဲဘ်ကမ္မဋ္ဌာန်း။ ထူးဆန်းမည်သညာ။

၈။ မဟာ၁၃၄၁။သောတနှစ်တွေ့၊ဖြစ်ကြစေ။ကျေနပ်အားထုတ်ပါ။

၉။ ကောင်း,ဆိုး၂တန်။သိလိုပြန်။ဖန်ဖန်ကြည့်ရှုပါ။

၁၀။ ကောင်း,ဆိုး၂ဖြာ၊ဆိုသည်မှာ။သာမာန်မသိပါ။

၁၁။ ကြမ့်ဖန်မလပ်။အထပ်ထပ်။ကြည့်တတ်သူမှာသာ။

၁၂။ နားမလည်ဘိ။ဖန်ဖန်ကြည့်။သိလိမ့်အမှန်သား။

၂၀၀။ ။ကျမ်းဆရာ၏အာသီသကိုပြခြင်း။

၁။ ဝိပဿနာ၊ ၍စာရေးရ။ ကုသလကြောင့်။ မမနာမ်ရုပ်၊ အမြန်ချုပ်။ပြတ်စေသံသရာ။

၂။ မယာကာတ၊ ကုသလကို၊ များလှဝေနေ၊ ရကြစေ။ပေးဝေအမျှသာ။

၃။ မျှားသတ္တဝါ။ ဝေနေယျသည်း၊ ရောဂါပေါင်း။ လွတ်လွတ်ရှင်း။ချမ်းခြင်းရောက်စေပါ။

၄။ စိုးရိမ်ကြောင့်ကြ။ ဗျာပါရလည်း။ ကင်းကြစေလို ဆုပန်ဆို၊လူမိုသ်သတ္တဝါ။

၅။ ကောင်းကြီးဟုသမျှ၊ ပြည့်စုံကြလျှက်။ သတ္တာယရန်။ ပယ်သတ်ဟန်။ဥာဏ်မြင်လင်းစေပါ။

၆။ ဝန်မှထွက်နည်း။ တရားကြီးလည်း။ ညီးညီးထိန်ဝါ၊ မှောင်ကိုခွါ၊မြန်စွာလင်းစေပါ။

၇။ မြန်စွာထွန်းပ။သဗ္ဗညုတဉာဏ်ကို။ ပေါ်ကြပြီးခါ။ရှိယာအဘော်တွင်း၊ရောက်တိုင်ကျွှင်း။လင်းစေသောသနာ။

ဝဋ်မှထွက်လမ်း။ဓာတ်ကမ္မဋ္ဌာန်းကျမ်းပြီး၏။